မြသန်းတင့်

# မိဂျက်စီ

နှင့်

## စာပေါင်းစု လက်ရာများ



## ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်၊ မေလ၊ ၂၀၁၈။

ထုတ်ဝေသူ
ဦးလပြည့်ဝေး (ဆန်းစသော်တာ - ၀၀၁၀၃)
တိုက်(၁၀)၊အခန်း ၆၇၊ ၇ လွှာ၊ မြေပုံကွက်
ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးလပြည့်ဝေး (လပြည့်လင်းပုံနှိပ်တိုက် - ၀၁၃၆၉)
အမှတ် - ၁၁ (အိပ်ချ်)၊ ၅၅လမ်း အလယ်၊ ပုဇွန်တောင်မြို့နယ်။

မျက်နှာဖုံးပန်းချီ
မှတ်သုံ

ကွန်ပျူတာ စာစီ
Dream City

အုပ်ရေ ၁၀၀၀

တန်ဖိုး ၃၀၀၀

**ဆန်းစသော်တာ စာအုပ်တိုက် ကက်တလောက်အချက်အလက် - CIP**

မြသန်းတင့်
မိဂျက်စီ နှင့် စာပေါင်းစု လက်ရာများ ၊ ပ ကြိမ် ။
– ရန်ကုန်၊ ဆန်းစသော်တာစာအုပ်ထုတ်ဝေရေး ၊ ၂၀၁၈။
၂၈၀ စာ ၊ ၁၃ × ၂၁ စင်တီ

# မာတိကာ

၁။ ကဗျာ
၁။ မန္တလေးမြို့၏ ကံကြမ္မာ ၁

၂။ နိုင်ငံတကာဆောင်း
၁။ ဒိုင်ယာနာအလွမ်းပြေဆောင်း နှစ်ပုဒ် ၅

၃။ ရုရှားကဗျာဆရာများ
၁။ မာယာကော့စကီး ၁၁
၂။ ပွတ်ရှကင် ၁၉

၄။ စကားဝိုင်း
၁။ လေးအိမ်တန်းက ညချမ်းစကားဝိုင်း - ၁ ၂၉
၂။ လေးအိမ်တန်းက ညချမ်းစကားဝိုင်း - ၂ ၃၇

၅။ သမိုင်းနဲ့ ကာတွန်း
၁။ ကာတွန်းဆရာများသည် သမိုင်းကို ရေးနေကြသည် ၄၉

၆။ မြန်မာပြန်ရသစာတမ်း
၁။ အကယ်၍သာ ၆၃
၂။ သေနတ်ယဉ်ကျေးမှုလော ၆၉
၃။ အချစ်၊ အမုန်းနှင့် အမျိုးသားရေးဝါဒ ၇၅
၄။ နိုင်ငံရေးအမြင် မှန်ကန်ရေး ၈၁
၅။ ကလေးများခြင်း
ဆင်းရဲလို့လား၊ ချမ်းသာလို့လား ၈၇

၇။ အင်တာဗျူး
၁။ မဟောသီ ၁၁ နှစ် ပြည့် အမှတ်တရ ၉၃
၂။ မျက်နှာဖုံး စာဆို၏ စကား ၉၇
၃။ 'မေ' ရဲ့ ရွှေရတုပြဇာတ် ၉၉

၈။ စာအုပ်ဝေဖန်ချက်
၁။ စာပေသစ် သံတမန် ၁၀၅

၉။ တက္ကသိုလ်အမှတ်တရ
၁။ ရိုစ်မာရီမှသည် ဦးချစ်ဆိုင်ထိ ၁၁၇

၁၀။ ရသစာတမ်း
၁။ မိဂျက်စီ ၁၂၉
၂။ အမျိုးသမီးအို တစ်ဦးနှင့်
အမျိုးသမီးပျိုတစ်ဦး ၁၅၁

၁၁။ နှစ်ဆယ်ရာစု နိုင်ငံရပ်ခြားကဗျာ
၁။ ဂါစီယာ-လော်ကာ (စပိန်) ၁၅၇

၁၂။ သာစ္စ ပုဂံ
၁။ ဘယ်မြေဟာ စေတီပေါ်မလဲ ၁၇၉

၁၃။ ဝတ္ထုတို
၁။ လက်ကောက် ၁၈၇
၂။ မချိုနှင့် မျောက်သုံးကောင် ၂၀၃
၃။ နောက်ဆုံးတော့ ကိုယ်လည်း သူလို ငါလိုပါပဲ ၂၂၃

၁၆။ ကျန်းမာရေး
၁။ ဘယ်လိုပြေးကြမလဲ ၂၃၉
၂။ နှစ်စဉ် ကျန်းမာရေးစစ်ဆေးခြင်း လိုအပ်သလော ၂၄၅
၃။ သူတို့ အသောက်လျှော့ကြပြီ ၂၅၃

၁၇။ ရာသီဥတု
၁။ မိုးကြိုးကို လေ့လာခြင်း ၂၅၉
၂။ မိုးနဲ့ မုန်တိုင်း ၂၆၇

ရာပြည့် စာအုပ်ဆိုင်
အမှတ်(၂၆၄)၊ပန်းဆိုးတန်းလမ်း(အထက်)
ကျောက်တံတားမြို့နယ်။
Page-Yar Pyae Bookshop,Ph:09-73245289

ကဗျာ

## မန္တလေးမြို့၏ ကံကြမ္မာ

**မြသန်း**

ငွေကြယ်ပွင့်လျှင် ဝင့်၍မလက်
ပြိုးပြက်မထင်၊ ညမိုးပြင်မှ
ထင်ထင်ရေးရေး၊ ပေါ်လာသေးဘဲ
သဲကွဲညရိပ်၊ မှောင်ဝယ်အိပ်၍
သိပ်သိပ်တွဲ့တွဲ့၊ မြူရစ်ဖွဲ့သည်
မတ်လရဲ့ည မှိုင်းမြမြ။ ။

အရင်တုန်းက မြသားလိုလို
ရွှေလိုလိုဖြင့် နုပျိုမှည့်ဝင်း
ဤလယ်ကွင်းကား၊ ရွှေသားပုံ့မော
ရိုးပြတ်တောဖြင့် ရော၍သာလျှင်
ပေါင်းသစ်ပင်တို့ မြင်၍မဆုံး
လယ်ကိုဖုံးသည်
ပန်းချီမှုန်းသည့် ရွှေဝါမြေ။ ။

ရိုးပြတ်တောမှ၊ နောက်ကျောဆိုတော့
ကုန်းအမော့ဝယ်၊ အောင်ပင်လယ်ရိပ်
ကန်ပေါင်ထိပ်မှာ တိတ်ဆိတ်ငြိမ်သက်
ရပ်လျက်သာပင်၊ စိမ်းရှင်ရွက်ဖုံး
ကိုယ်ကို ကုန်း၍၊ တုံးလုံးမြေမှာ

အသာရွေ့လိမ့်။ လိမ့်-လိမ့်-လိမ့်ပြီး
ငြိမ့်၍ဝင်းလက် ညမီးခွက်ကို
ချက်ပြလှုပ်ငင် စစ်ရေးဆင်သည်
ကရင်သူပုန် ည-ကင်းစောင့်။ ။

အကျီရောင်မွဲ ဘောင်းဘီပြဲနှင့်
တွဲလဲစုတ်ပြတ်၊ စစ်ဖိနပ်ကို
ဝတ်၍ကိုယ်မှာ အသာရပ်ပြီး
မတ်တတ်နောက်ဝယ် သေနတ်လွယ်၍
မှိုင်းဖေ့ညိုမှောင် ခန္တီတောင်မှ
ချက်ပြမီးကျည် စောင့်၍ရည်သည်
တပ်နီကင်းစောင့်-စစ်စခန်း။ ။

"လိုက်ဟေ့" ညာသံ။
သောသောညံ၍၊ အရံပတ်ဝိုင်း
မြို့တံတိုင်းကို မှိုင်းလုံးမီးခိုး
ကျည်ဆန်မိုးဖြင့် သွန်းဖြိုးကျလာ
ထိုအခါမှ ဆူ၍အော်သံ
ထောင်ပြင်လျှံ၍ ပဥ္စမ်တို့
နံရံချိုးဖဲ့ လွတ်မြောက်ခဲ့သည်
တွယ်ရာမဲ့မှ လွတ်မြောက်ခြင်း။ ။

နီကြန့်ရောင်မိုး နန်းမြို့ရိုးတွင်း
မြေသလင်းမှ နှင်းရိပ်မစဲ
ရှက်ဖြူတဲဝယ် တိုက်ပွဲအတွက်
စစ်ရေးထွက်ဟန် သူ့အလံကို
အောက်ခံနီမှတ် ငွေရောင်ဆွတ်ဆွတ်
ကြက်ခြေခတ်၍ မြို့စပ်အလှမ်း
စစ်စခန်းကို ဝိုင်းဝန်းပတ်ရံ
တိုက်မည့်ဟန်နှင့် ထူလွှင့်ဟန်မော်

ထိုရဲဘော်နှင့် အဖော်သင်းပင်း
သူပုန်ချင်းပင် တိုက်ပွဲဆင်သည်
ရေထင်ၡ်လော တံလျှပ်လော။ ။

နှန်းမြို့ရိုးကား မီးခိုးနံ့လှောက်
မိုးမှောင်အောက်ဝယ်၊ တောက်သည့်မီးလျှံ
ဟိုပြန် ဒီကွေ့ မီးလောင်ကြွေ့၍
ဆွေးမြည့်မြေအုတ် ပြုတ်၍ကျကာ
မြေဒ္ဒမှာလျှင် လွင်လွင်သွေးကြောင်း
နီမောင်းမောင်းတို့ ပေါင်း၍စီးဝင်
ကျုံးရေယဉ်သို့ သွင်သွင်သွေးရည်
စီး၍လည်သည်
ရေအနီမှ ငွေကြာပွင့်။ ။

မကြာမီပင်
စိမ်းလွင်သစ်ခက် တလက်လက်ဖြင့်
လက်နက်ကိုင်စွဲ ထိုစစ်ရဲမှု
တိုက်ပွဲမှပြန် ချွေးသွေးသံဖြင့်
ကြွင်းကျန်မီးရိပ် မြို့ရိုးထိပ်ဝယ်
ဆိတ်ဆိတ်သာသာ တက်၍လာပြီး
ခရာသံဝင့် အောင်လံလွှင့်သည်
နီပြာခံမှ ကြယ်ငါးပွင့်။ ။

ငွေကြယ်ပွင့်လျှင် ဝင့်၍မလက်
ပြိုးပြက်မထင် ညမိုးပြင်မှ
ထင်ထင်ရှားရှား ပေါ်လာသေးဘဲ
သဲကွဲညရိပ် မှောင်ဝယ်အိပ်၍
သိပ်သိပ်တွဲ့တွဲ့ မြူရစ်ဖွဲ့သည်
မတ်လရဲ့ည မှိုင်းမြမြ။ ။

တာရာမဂ္ဂဇင်း၊ အတွဲ (၄)၊ အမှတ် (၂၄)၊
ဇန်နဝါရီလ၊ ၁၉၅၀။

# ဒိုင်ယာနာ အလွမ်းပြေ တေးနှစ်ပုဒ်

**မောင်သစ်တည်**

လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုတုန်းက အဆိုတော် အယ်လ်တန်ဂျွန် သည် သွားလေသူ ရုပ်ရှင်မင်းသမီး မာရီလင်မွန်ရိုးကို ဂုဏ်ပြုသောအားဖြင့် သီချင်းတစ်ပုဒ် စပ်ခဲ့သည်။ ထိုသီချင်းမှာ "လေပြင်းထဲက ဖယောင်းတိုင်" ဆိုသည့် သီချင်းဖြစ်သည်။

ယခုမူ သူသည် သူ့မိတ်ဆွေဖြစ်သူ ဒိုင်ယာနာမင်းသမီးအတွက် ထိုသီချင်းကို ပြင်၍ စပ်ဆိုခဲ့သည်။ ပေါ့အဆိုကျော် အယ်လ်တန်ဂျွန်သည် ထိုသီချင်းသစ်ကို သူငယ်ငယ်ကတည်းက ချစ်ခင်ခဲ့သည့် ဒိုင်ယာနာ၏ ဈာပနအခမ်းအနားတွင် ဆိုပြခဲ့သည်။ အယ်လ်တန်ဂျွန်သည် သီချင်းရေးဆရာ ဘာနီတော်ပင်နှင့်အတူ စာသားများကို ပြင်ခဲ့ပြီးနောက် သီချင်းစာသားများ ကို ထုတ်ဝေလိုက်သည်။

အယ်လ်တန်ဂျွန်က ထိုသီချင်းခေတ်ပြားရောင်းရငွေ ပေါင် ဆယ်သန်း ခန့် (ဒေါ်လာ ၁၅.၉ သန်း) ရမည်ထင်ကြောင်း၊ ထိုငွေများကို ဒိုင်ယာနာ မင်းသမီး၏ ပရဟိတလုပ်ငန်းများသို့ ထည့်ဝင်မည်ဖြစ်ကြောင်းဖြင့် ပြော သည်။

ရှေ့ခ်အဆိုတော် အယ်လ်တန်ဂျွန်သည် ဝက်စမင်စတာ ဘုရားရှိခိုး ကျောင်းရှိ ဈာပနမှ စတူဒီယိုသို့ တောက်လျှောက်လာခဲ့သည်။ ဘီတဲလ်အဖွဲ့ သီချင်းထုတ်လုပ်သူ ဂျော့မာတင်နှင့်အတူ သီချင်းသွင်းသည်။ ကုန်ဆုံးသွား

သော နှပ်ဖျိုမှုကို ချီးကျူးဂုဏ်ပြုသည့် သီချင်းအဆုံးတွင် သူကိုယ်တိုင် မဆည်နိုင်တော့ဘဲ မျက်ရည်ကျကြောင်းဖြင့် ပြောသည်။

'နောက်ဆုံးအပိုဒ်ကိုလည်း စဆိုရော ကျွန်တော့်အသံတွေ ကွဲအက်လာပြီး တစ်ဆို့ဆို့ကြီး ဖြစ်လာတယ်ဗျာ၊ ဒါနဲ့ မျက်စိကိုမှိတ်၊ အံကိုကြိတ်ပြီး အတင်းကြိတ်မှိတ်ဆိုရတယ်၊ သီချင်းဆုံးသွားတော့ ပိုပြီးတောင် ခံစားရသေးတယ်၊ ဒီလို အမှားမှားအယွင်းယွင်းမရှိဘဲ စိတ်ရှိလက်ရှိ ဆိုလိုက်ရတော့ တော်တော်ရင်ပေါ့သွားတယ်'ဟု အယ်လ်တန်ဂျွန်က ပြောပြသည်။

အယ်လ်တန်ဂျွန်သည် ထိုသီချင်းကို ၁၉၇၄ ခုနှစ်တုန်းက မာရီလင်မွန်ရိုး၏ ဈာပနတွင် သီဆိုခဲ့သည်။ မွန်ရိုးမှာလည်း ဒိုင်ယာနာကဲ့သို့ပင် အသက် ၃၆ နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့ခြင်း ဖြစ်သည်။

'မင်း ဒဏ္ဍာရီမဆုံးသေးခင်

မင်း ဖယောင်းတိုင်ဟာ ငြိမ်းသွားခဲ့လေတယ်'

အယ်လ်တန်ဂျွန်က ထိုအပိုဒ်ကို ဆိုနေစဉ်တွင် ဒိုင်ယာနာမင်းသမီး၏ သားနှစ်ဦးမှာ မျက်ရည်တွေ စီးကျလာကာ အသက် ၁၂ ရွယ် ဟယ်ရီမှာ ငိုရှိုက်နေသည်။

ထိုသီချင်းကို ကာလီဖိုးနီးယားတွင် စက်တင်ဘာ ၂ ရက်နေ့ညက သီချင်းရေးဆရာ ဘာနီထော်ပင်က ပြန်ပြင်ရေးခဲ့ရာ တစ်နာရီအတွင်း ပြီးသွားခဲ့သည်။

''လေပြင်းထဲက ဖယောင်းတိုင် ၁၉၉၇''ကို ဝက်စမင်စတာ ဘုရားရှိခိုးကျောင်းတွင် သီဆိုပြီးနောက် စတူဒီယိုသို့ပြန်ပြီး ချက်ချင်း အသံသွင်းသည်။

၁၉၇၃ ခုနှစ်က မာရီလင်မွန်ရိုးအတွက် မူလက စပ်ဆိုခဲ့ပြီး ယခုတစ်ဖန် အသစ်ပြန်၍စပ်ဆိုသည့် သီချင်းသည် ဗြိတိန်နှင့်တကွ ကမ္ဘာတွင်ပါ အရောင်းရဆုံးဓာတ်ပြား ဖြစ်ခဲ့သည်။ ထိုသီချင်းအပြင် ဂုဏ်ပြုသီချင်းအများအပြား ပါဝင်သည့် ဓာတ်ပြား အယ်လ်ဘမ်တစ်ခုကိုလည်း ထုတ်ဝေဦးမည်ဟု ဆိုသည်။

ထိုအယ်လ်ဘမ်ထဲတွင် ယခင် ဘီတဲလ်အဆိုတော် ဆာပေါမက်ကာနေ၊ ရိုးလင်းစတုန်းအဖွဲ့၊ အဲရစ်ကလက်ပတန်နှင့် ဘရုခ်စပရင်းစတင်းတို့

အပြင် အခြားရှေ့ခံအဆိုတော် ၁၀ ဦးတို့လည်း ပါဝင်သီဆိုကြမည်ဟု သိရသည်။

အထိမ်းအမှတ် အယ်လ်ဘမ်တွင် သီချင်းတစ်ပုဒ် ဝင်ဆိုပေးရန် အီတလီအော်ပရာ အဆိုတော် လူစီယာနိုပါဗရော့တီးကိုလည်း ဆက်သွယ်ထားသည်ဟု သိရ၏။

''လေပြင်းထဲက ဖယောင်းတိုင် ၁၉၉၇''ကဲ့သို့ပင် အယ်လ်ဘမ်ရောင်းရငွေများကိုလည်း ဝေလမင်းသမီး ဒိုင်ယာနာ၏အထိမ်းအမှတ် ရန်ပုံငွေသို့ လှူဒါန်းမည်ဟု သိရသည်။

ဗြိတိသျှခာတ်ပြား ထုတ်လုပ်သူတစ်ဦးဖြစ်သူ ဘရင်ဆန်က လာမည့်နွေရာသီတွင် အထိမ်းအမှတ် ပဒေသာကပွဲများကို လန်ဒန် ဟိုက်ပတ်ဥယျာဉ်နှင့် နယူးယောက်တို့တွင် တစ်ပြိုင်နက်တည်း ကျင်းပမည်ဟု ထုတ်ဖော်ပြောသည်။

'အဲဒီ ပဒေသာကပွဲတွေမှာ သူ့သားတွေလည်း လာကြမှာပါ၊ သူတို့အမေ ဒိုင်ယာနာမင်းသမီးက ဒီလိုပဒေသာကပွဲတွေကို သိပ်သဘောကျတတ်တာ'ဟု ဆိုသည်။

ဘီဘီစီကလည်း 'ဒိုင်ယာနာ၊ ကျင်းပမှုတစ်ခု ၁၉၆၁-၉၇' ဆိုသည့်အမည်ဖြင့် ဗွီဒီယိုတစ်ခွေကို ထုတ်လွှင့်ခဲ့သည်။

ဗွီဒီယိုတစ်ခွေလျှင် ၁၂.၆၉ ပေါင်ဖြင့် ရောင်းပြီး ရသည့် ငွေကို အထိမ်းအမှတ်ရန်ပုံငွေသို့ ထည့်ဝင်မည်ဟု ဆိုသည်။

ဗြိတိသျှအစိုးရ ရှေ့တိုက်စိုးဝန်ကြီး ဂေါ်ဒွင်ဘရောင်းက မိမိဦးဆောင်သည့် အစိုးရကော်မတီတစ်ခုက ဒိုင်ယာနာမင်းသမီး ရန်ပုံငွေများ သုံးစွဲရေးကို စဉ်းစားမည်ဟု ထုတ်ဖော်ပြောဆိုသည်။

'သူက ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီး၊ ဒီကရတဲ့ ဂုဏ်ပြုမှုကလည်း ကမ္ဘာလုံးဆိုင်ရာဂုဏ်ပြုမှု၊ ဒီတော့ ဒီငွေတွေကို သုံးရာမှာ သူ့ရဲ့ ပရဟိတစေတနာတွေနဲ့ ဆက်စပ်ပြီး သုံးဖို့ လိုတယ်'ဟု ပြောသည်။

''လေပြင်းထဲက ဖယောင်းတိုင်''ကို စက်တင်ဘာလ ၁၃ ရက်နေ့က ဗြိတိန်နိုင်ငံတွင် စတင်ဖြန့်ချိသောအခါ အရင်ဆုံး ဝယ်ယူရရှိနိုင်ရန်အတွက် လူထုကြီးသည် သန်းခေါင်ကတည်းက တန်းစီစောင့်နေခဲ့ကြသည်။

ဗြိတိသျှ တေးဂီတဆိုင်များက ၁.၅ သန်း ကြိုတင်စာရင်းသွင်းခဲ့ကြပြီး ကမ္ဘာ့အရပ်ရပ်မှ ရှစ်သန်း မှာယူခဲ့သည်။ ဝယ်သူများက တစ်ယောက်လျှင် လေဆာ ၁၀၀ စီ ဝယ်ယူလိုကြသော်လည်း သုံးခုစီသာ ရောင်းချပေးခဲ့ပါသည်။ ယင်းသီချင်းကို ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲကလည်း ဝယ်ယူခဲ့သည်။

## လေပြင်းထဲက ဖယောင်းတိုင်

သွားပေတော့ အင်္ဂလန်ရဲ့ နှင်းဆီရေ
ကိုယ်တို့နှလုံးသားထဲမှာ အစဉ်အမြဲ ရှင်သန်စေ
ဘဝတွေ ကွဲပြိုလေတဲ့ နေရာတိုင်းမှာ
မင်းဟာ အလိုလိုရောက်လာတဲ့ သီရိကျက်သရေ
တို့တိုင်းပြည်ကို မင်း ကျယ်လောင်စွာ ခေါ်ခဲ့ပြီး
ဝေဒနာခံရသူတို့ကို တိုးတိတ်စွာ ပြောခဲ့တယ်
မင်း ကောင်းကင်ဘုံကို ရောက်တော့
ကြယ်ပွင့်ကလေးတွေက မင်းအမည်ကို ရေရွတ်ကြတယ်
ကိုယ့်အဖို့တော့ မင်းဟာ
လေပြင်းထဲက ဖယောင်းတိုင် တစ်တိုင်လို
မင့်ဘဝကို မင်း နေသွားခဲ့တယ်။

နေဝင်သွားပြီး မိုးသောက်လာပေမယ့်လည်း
ဘယ်တော့မှ မမှိန်
မင်းခြေလှမ်းတွေဟာ သည်နေရာမှာ အမြဲကျရောက်နေမှာပါ
အင်္ဂလန်ရဲ့ အစိမ်းဆုံးတောင်ကုန်းတွေပေါ်မှာ
မင်း ဒဏ္ဍာရီမဆုံးသေးခင်
မင်း ဖယောင်းတိုင် ငြိမ်းသွားခဲ့လေတယ်
ချစ်စဖွယ်ကို တို့ ဆုံးရှုံးခဲ့ရပြီ
မင်းအပြုံးမရှိတဲ့ သည်ဟာလာဟင်းလင်းနေ့များ
တို့လူမျိုးရဲ့ ရွှေစင်ကလေးငယ်အတွက်
သည်မီးရှူးကို တို့ အမြဲကိုင်ထားမယ်

တို့တစ်တွေ ကြိုးစားသည့်တိုင်
အမှန်တရားဟာ တို့ဆီကို မျက်ရည်တွေယူလာခဲ့တယ်
နှစ်ကာလများမှာ တို့တွေဆီကို မင်းယူလာတဲ့ ပျော်ရွှင်မှုအတွက်
ရှိသမျှစကားလုံးတွေနဲ့ ဖော်ပြလို့မရနိုင်တယ်။

မင်းဝိညာဉ်မရှိလို့ ပျောက်ဆုံးသွားတဲ့ တိုင်းပြည်က
သွားပေတော့ အင်္ဂလန်ရဲ့ နှင်းဆီရေ
မင်း ကရုဏာတောင်ပံတွေကို ဘယ်သူ ဆုံးရှုံးရသလဲ ဆိုတာ
မင်း ပိုသိပါလိမ့်မယ်။

* * *

ဒိုင်ယာနာ၏ ဈာပနတွင် ''လေပြင်းထဲက ဖယောင်းတိုင်''အပြင် အခြားသီချင်းတစ်ပုဒ်ကိုလည်း သီဆိုခဲ့ကြသည်။ ယင်းမှာ ''သင့်ကို သစ္စာဆိုသည် ငါ့တိုင်းပြည်'' ဖြစ်သည်။

ယင်းသီချင်းမှာလည်း ရာဇဝင်နှင့် ဖြစ်သည်။

သူမ၏ မင်္ဂလာဆောင်မတိုင်မီတွင် သူမကို တွေ့ဆုံမေးမြန်းရာတွင် ထိုစဉ်က အသက် ၂၀ သာရှိသေးသည့် လေဒီ ဒိုင်ယာနာ စပင်ဆာက သူတို့ မင်္ဂလာအခမ်းအနားတွင် သီချင်းတစ်ပုဒ်လောက် ဆိုပေးစေချင်ကြောင်း ဖြင့် ပြောသည်။

'ကျွန်မ ဓမ္မသီချင်းတစ်ပုဒ်လောက် တောင်းချင်ပါတယ်၊ (သင့်ကို သစ္စာဆိုသည် ငါ့တိုင်းပြည်) ဆိုတဲ့ သီချင်းပါ၊ ဒီဓမ္မသီချင်းကလေးဟာ ကျွန်မငယ်ငယ် ကျောင်းနေစဉ်ကတည်းက ကျွန်မအကြိုက်ဆုံး သီချင်း ကလေး'ဟု ထိုစဉ်က ပြောခဲ့သည်။

ဒိုင်ယာနာ၏ ဈာပနတွင် ထိုဓမ္မသီချင်းကို သူမ၏သားကြီး ဝီလီယံ ၏ အဆိုပြုချက်အရ ပြန်ဆိုပေးခဲ့ကြသည်။

သင့်ကို သစ္စာဆိုသည် ငါ့တိုင်းပြည်
အခြားသော ကမ္ဘာမြေပေါ်က အခြားအရာတွေရဲ့အထက်က
တစ်ခုလုံး၊ အားလုံး၊ အပြည့်စုံဆုံးသည်
ငါ့မေတ္တာ၏ သည်ပိုးထမ်းရွက်မှု
မေးခွန်းတို့ မမေးသောမေတ္တာ

စမ်းသပ်မှုကို ခံခဲ့သည့်မေတ္တာ
အချစ်ခင်ဆုံးသူနှင့် အကောင်းဆုံးသူတို့ကိုသာ
ပလ္လင်ပေါ်သို့ တင်ခဲ့သည့် မေတ္တာ
ဘယ်တော့မျှ မယိမ်းယိုင်သည့် မေတ္တာ
တန်ရာတန်ဖိုးကိုပေးသော မေတ္တာ
နောက်ဆုံးစွန့်လွှတ်မှုကို လုပ်ရန်
မကြောက်မရွံ့ နောက်မတွန့်သော မေတ္တာ
တိုင်းပြည်တစ်ပြည် ရှိခဲ့ဖူးသည်လို့
တစ်ခါတုန်းက ကြားခဲ့ဖူးသည်။
သူ့ကိုချစ်သော သူတွေအဖို့ ရှားပါးပြီး
သူ့ကိုသိသော သူတွေအဖို့ ကြီးမြတ်သော တိုင်းပြည်
သူ့စစ်တပ်ကို ငါတို့ ရေတွက်မိ ရှိချင်ရှိမည်
သူ့ဘုရင်ကို မမြင်ဖူးမိ ရှိချင်ရှိမည်
သူ့ခံတပ်သည် သစ္စာရှိသော နှလုံးသားတစ်ခု
သူ့ဂုဏ်မာနသည် ဒုက္ခဝေဒနာ
သူ့တောက်ပသော နယ်နိမိတ်များသည်
ဝိညာဉ်တစ်ခုပြီးတစ်ခု တိတ်ဆိတ်စွာ ကျယ်ပြန့်လာ
သူ့နည်းလမ်းသည် နူးညံ့ခြင်းနည်းလမ်း
သူ့လမ်းကြောင်း အားလုံးသည် ငြိမ်းချမ်းရေး။

**ရည်ညွှန်း**
**BKKP 6.9.97**
**Newsweek 15.9.97**

နှယ်နီ မဂ္ဂဇင်း
နိုဝင်ဘာလ၊ ၁၉၉၇။

# မာယာကော့စကီး

## ပြည်သူ့ကဗျာဆရာ

**မြသန်း**

၁၉၁၇ ခု အောက်တိုဘာ တော်လှန်ရေး၏ သည်ဘက်ခေတ် အလုပ်သမား လူတန်းစားများက အာဏာကိုသိမ်းပိုက်လိုက်သော ဆိုဗီယက်ခေတ်တွင် ဆိုဗီယက် ပြည်သူ့စာပေဂန္ထဝင်၌ ကြီးစွာသောအခန်းမှ ပါဝင်ခဲ့သည့် စာရေးဆရာများသည် ပြည်သူတို့၏ဘဝ၊ ပြည်သူတို့၏ တိုက်ပွဲကိုရေးခြယ်၍ ပြည်သူတို့ကို တိုက်ပွဲသို့ ရွေ့ရှားစေခဲ့လေသည်။

ထိုစာရေးဆရာများသည် ပြည်သူတို့၏ဘဝကို ရေးခြယ်ဖော်ပြသည့် တာဝန်ကိုသာမက တိုက်ပွဲအထွေထွေကို ရှေ့ဆောင်သည့် စာပေသမားများအဖြစ် ဆိုဗီယက်ဂန္ထဝင်တွင် ထင်ရှားလျက် ရှိပေသေးသည်။

၎င်းတို့အနက်မှ ဆိုဗီယက်ကဗျာဆရာ မာယာကော့စကီးလည်း ပါဝင်ပေသည်။ မာယာကော့စကီး (Valadimir Mayacovski) သည် ဆိုဗီယက်ခေတ်၏ ပြည်သူတို့၏ အကောင်းဆုံးသော အရည်အချင်းနှင့်ပြည့်စုံသည့် ကဗျာဆရာတစ်ယောက်ပင် ဖြစ်ပေသည်။

ပထမကမ္ဘာစစ်အတွင်းက "နှစ်စဉ် အဖြစ်အပျက်များ" ဆိုသည့် မဂ္ဂဇင်းတွင် မာယာကော့စကီး၏ ပထမဆုံးကဗျာကို တွေ့ရှိရပေသည်။ ဤကဗျာတွင် မာယာကော့စကီးသည် အရှက်မဲ့စွာ နယ်လုကြသော နယ်ချဲ့စစ်ပွဲများကိုလည်းကောင်း၊ စစ်ပွဲများနောက်တွင် ထက်ကြပ်လိုက်ပါလာသည့် စစ်၏အန္တရာယ်များကိုလည်းကောင်း ဖော်ထုတ် ရေးခြယ်ပြခဲ့ပေသည်။

ကုတ်အင်္ကျီ ဝါဖျော့ဖျော့၊ ဦးထုပ်အနီဆောင်းထားသည့် မာယာကော့စကီးသည် ထိုအချိန်က သိပ်မထင်ရှားသေးပေ။ စာပေ ပရိသတ်က မာယာကော့စကီးကို စာပေပြောင်းခုံရေးသမားလေး အဖြစ်သာ သိကြသည်။ သို့သော် သူ၏ ''စစ်နှင့် ငြိမ်းချမ်းရေး'' ဆိုသော ကဗျာတွင် နယ်ချဲ့စနစ်ကို တိုက်ခိုက်ရေးသမား တစ်ယောက်ဖြစ်၍ သူ့ကဗျာမှ ကာရန်များဖြင့် နယ်ချဲ့စစ်မျက်နှာကို ဖြန့်ခဲ့လေသည်။

မာယာကော့စကီးသည် ကြွယ်ဝသည့် စာပေအမွေအနှစ်အဖြစ် ကဗျာများ လင်္ကာရှည်များနှင့် ဆောင်းပါးများကို ရေးသားခဲ့သည်။ သူ့ကဗျာများမှ စာလုံးများသည် လွန်ခဲ့သောအနှစ် ၃၀-၄၀ ခန့်က ဖြစ်ခဲ့သည့် အဖြစ်အပျက်များ ဖြစ်စေကာမူ ယခုဖြစ်နေသကဲ့သို့ ထကြွလှုပ်ရှားသည်။ အသက်ပါသည်။ ဤအချက်သည် အတွေးအခေါ်နက်နဲမှု ပြဿနာတွင် စိတ်ဝင်စားမှုနှင့် မာယာကောစကီး၏ ပင်ကိုကဗျာဆန်သည့် 'ဟန်' ၏ အထိမ်းအမှတ်လက္ခဏာပင် ဖြစ်သည်။ မာယာကော့စကီး၏ ကဗျာဆန်သော အစဉ်အလာများသည် နိုင်ငံတကာ စာပေဝန်းဝင်တွင် ကျယ်ပြန့်စွာလွှမ်းမိုးခဲ့ကာ နက်ရှိုင်းစွာ အမြစ်တွယ်လျက် ရှိပေသည်။

မာယာကော့စကီး၏ ဆိုဗီယက် ကဗျာ အစဉ်အလာများသည် ယခုအချိန်ထိ အမြစ်တွယ်နေကြောင်းကို ယခုခေတ် တိုးတက်စာပေများ၏အသွင်ကို လေ့လာခြင်းအားဖြင့် ထင်ရှားစွာ သိနိုင်ပေသည်။

လက်တင်အမေရိကမှ (Pablo Neruda)နီရူဒါ၊ ပြင်သစ်မှ (Louis Aragon) အာရဂွန်၊ ဇက်ပြည်မှ (Kostka Neuman) နီယူမင်၊ ပိုလန်မှ (Julian Tuwin) တူဝင်န်းနှင့် လွတ်လပ်ရေး တိုးတက်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် အလုပ်သမားလူတန်းစား၏ ရန်သူများကို တိုက်ခိုက်နေသည့် ကဗျာဆရာများ၏ စာပေများသည် မာယာကော့စကီး၏ အမွေအနှစ်များပင် ဖြစ်ပေသည်။ ဆိုဗီယက် ကဗျာဆရာနှင့် နိုင်ငံတကာ တိုးတက်ကဗျာဆရာများသည် မာယာကော့စကီး၏ အနုပညာကို သဘောထားပုံနှင့် အနုပညာ၏ အရေးပါပုံကို မြင်သည့်နေရာတွင် လက်ခံကြပေသည်။

မာယာကော့စကီးက အနုပညာသည် တိုင်းပြည်အတွက် လက်နက်ကောင်းတစ်ခု ဖြစ်ရမည်။ လုပ်သားလူထုများ၏ အကျိုးကို ကာကွယ်ရေး

အတွက် အသုံးချသည့် လက်နက် ဖြစ်ရမည်ဟု မြင်၏။ သူ ဆိုလိုသည့် အနုပညာ၏ ရည်ရွယ်ချက်မှာ ဤအတိုင်းပင် ဖြစ်၏။

ထို့ကြောင့်ပင် သူ၏ကဗျာများထဲတွင် ဆိုဗီယက်ပြည်သူတို့၏ သူရဲကောင်း ပီသစွာ စွန့်စားခန်းများနှင့် ဆိုဗီယက်ပြည်သူတို့ ရင်ဆိုင်နေရသည့် လုပ်ငန်းများကို ပြီးမြောက်ရန် စွမ်းဆောင်သည့် ကြိုးပမ်းမှုများကို စီကုံးခဲ့ပေသည်။

မာယာကော့စကီးသည် လုပ်သားလူထုများ၏ရန်သူများကို ဆန့်ကျင်ကာ ကဗျာများဖြင့် ပြည်သူတို့၏တိုက်ခိုက်ရေး စိတ်ဓာတ်များကို တက်ကြွစေခဲ့လေသည်။ သူ၏ကဗျာများတွင် ထင်ရှားသည့်အသွင်တစ်ရပ်မှာ လေးနက်သည့် 'သရော်ချက်' များပင် ဖြစ်သည်။ သူ့ကဗျာများသည် ကျယ်ပြန့်သည့် လူထုများအား တောက်ပသည့်စကားလုံးများဖြင့် တက်ကြွလာစေ၍ အလွယ်တကူပင် နားလည်စေနိုင်သည်။

မာယာကော့စကီး၏အနုပညာသစ်သည် တကယ့် တိကျသော ပုံသဏ္ဌာန်တစ်ရပ်အဖြစ် ဆောင်ယူပြီးခဲ့သည့် ကာလအတွင်းက မာယာကော့စကီး၏ ထင်ရှားသည့်ကဗျာများအနက် ဆိုဗီယက်ပြည်သူတို့၏ ခေါင်းဆောင်ကြီး သေဆုံးပြီးနောက်တွင် စပ်ဆိုသည့် ''လီနင်'' ကဗျာနှင့် ၁၉၂၇ ခုတွင် စပ်ဆိုသည့် ''လှပသိမ်မွေ့ခြင်း''ဆိုသည့် ကဗျာများမှာ အထူးခြားဆုံးဖြစ်ပေသည်။

'လီနင်' ကဗျာတွင် မာယာကော့စကီးသည် ချမ်းသာသူခနှင့် လွတ်လပ်ရေး တိုက်ပွဲကိုခေါင်းဆောင်ကာ အောင်မြင်မှုသို့ရှေးရှု၍ ရာဇဝင်ကာလကို တိုးချဲ့ထွင်ပေးလိုက်သည့် တော်လှန်ရေးခေါင်းဆောင်ကြီး လီနင်၏ ရုပ်ပုံလွှာကို အသက်ပါပါ ရေးပြထားသည်။ မာယာကော့စကီးသည် လီနင်အား လူထုများ၏ ကျယ်ပြန့်သော အစိတ်အပိုင်းမှ တက်ကြွသောစိတ်ဓာတ်များကို ဖော်ထုတ်သူအဖြစ်ဖြင့် လည်းကောင်း၊ လူ့လောကရာဇဝင်တွင် လွတ်လပ်ရေးစစ်ကို ပထမဆုံး ယူဆောင်လာခဲ့ကာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သည့် ဆိုရှယ်လစ်တော်လှန်ရေးကြီး၏ ခေါင်းဆောင်တစ်ယောက်အနေဖြင့် လည်းကောင်း ရေးခြယ်ပြပေသည်။

မာယာကော့စကီးသည် လီနင်ကို ရာဇဝင်အဖြစ်အပျက် နောက်ခံများဖြင့် ကင်းကွာကာ ရေးခြယ်မပြဘဲ ရာဇဝင်ကို ပြည်သူများနှင့် ပြုပြင်ပြောင်းလဲခဲ့သူ တစ်ယောက်အနေဖြင့် ရေးခြယ်ပြခဲ့သည်။

လီနင် သေဆုံးခြင်းနှင့်ပတ်သက်၍ ကဗျာနောက်ပိုင်းမှာ အင်မတန်ကြေကွဲစရာကောင်းသည့် ထိုအပိုဒ်မှာပင် ဆိုဗီယက်ပြည်သူများ၏ မယိမ်းမယိုင် ခိုင်မြဲသည့်စိတ်ဓာတ်နှင့် ကွန်မြူနစ်ဝါဒသို့ ချီတက်နေသည့် ပြည်သူတို့၏ ပြဋ္ဌာန်းချက်များကိုလည်း ဖော်ပြပေသည်။

မာယာကော့စကီး၏ အနုပညာဆိုင်ရာလုပ်ငန်းများ အားလုံးသည် ကွန်မြူနစ်လူ့အဖွဲ့အစည်းကို ပြုပြင်ချက်များဖြင့် ရေးခြယ်ထားပေသည်။

"ကဗျာဟူသည် ပြည်သူများ၏ရှေ့မှ ကြိုတင်ပြုပြင်ထားချက် ဖြစ်ရမည်။ ရှေ့လာမည့်လုပ်ငန်းတို့အတွက် ပြည်သူတို့အား ခေါင်းဆောင်ညွှန်ပြရမည်" ဟု မာယာကော့စကီး တစ်ခါက ရေးခဲ့ဖူး၏။

"လှပသိမ်မွေ့ခြင်း" ဆိုသော ကဗျာတွင် မာယာကော့စကီးသည် ဤအချက်နှင့်ပတ်သက်၍ ၁၀ ကြိမ်မြောက် အောက်တိုဘာ တော်လှန်ရေးကို ရည်ညွှန်းထားပေသည်။

ဤကဗျာတွင်ပင် ဆိုဗီယက်အမျိုးသား စိတ်ဓာတ်ကိုလည်းကောင်း၊ အမိဆိုရှယ်လစ် တိုင်းပြည်ချစ်စိတ်ကို လည်းကောင်း ရေးခြယ်ပြထား၍ မယုံကြည်နိုင်လောက်သည့် အခက်အခဲများ ပြည်တွင်းစစ်ပွဲများနှင့် စစ်ရေးပိတ်ပင်မှုများကို အပြင်းအထန် ခံနေရသည့်အချိန်တွင်ပင် ဆိုဗီယက်ပြည်သူတို့၏ စိတ်ဓာတ်ကို လှုပ်ရှားထကြွစေခဲ့ပေသည်။

မာယာကော့စကီး၏ ပြည်သူ့အများစုနှင့် ပတ်သက်သည့်ကဗျာများ၊ အလုပ်သမားလူတန်းစား၏ ချီတက်မှုကို လှုပ်ရှားစေသည့် ကဗျာများသည် ပြည်သူများအကြားဝယ် ပျံ့လွင့်နေပေသည်။ ပြည်သူတို့ကိုယ်တိုင်ကပင် ပြည်သူသာလျှင် ကံကြမ္မာ၏အရှင်သခင်ဖြစ်ကြောင်း ပြည်သူတို့၏နှောင်ကြိုးများကို ပြန်ဆက်ရန်ကြိုးစားနေသည့် များစွာသော အလုပ်သမား လူတန်းစား၏ ရန်သူတို့ကို ချေမှုန်းရန် ထိုကဗျာတွင် ဖော်ပြထား၏။ ဤကဗျာတွင် ပြည်သူတို့ကို ဇာတ်ဆောင်အဖြစ် ဖော်ပြထားပေသည်။

မာယာကော့စကီး၏ ကဗျာများတွင် ကွန်မြူနစ်ပါတီသာလျှင် အလုပ်သမား လူတန်းစား၏ ရှေ့ဆောင်ဖြစ်ကြောင်းတို့ကို ရေးခြယ်ပြထား၏။ မာယာကော့စကီးသည် သူ၏အနုပညာဆိုင်ရာ လုပ်ငန်း၏ရည်ရွယ်ချက်ကို ကွန်မြူနစ်ဝါဒ၏တိုးတက်မှုအတွက် အထောက်အကူ တစ်ရပ်အဖြစ် သဘောထားသည်။

ပထမငါးနှစ် စီမံကိန်းအတွင်းက အလုပ်သမားလူတန်းစား၏ ခေါင်းဆောင်မှုအောက်တွင် ဘဝသစ်တစ်ရပ်ကို ရှေးရှူချီတက်နေသည့် ဆိုဗီယက်ပြည်သူတို့၏ သူရဲကောင်းမြောက် လုပ်ငန်းများကို တေးသီခဲ့ပေသည်။ သည့်ထက်သည်ပို၍ ကိုယ်ကျိုးစွန့်မှုများဖြင့် ပြည်သူတို့၏ဘဝသစ်သို့ ချီတက်ရန်ကိုလည်း ရေးခြယ်ပြသည်။

မာယာကော့စကီး၏ ဘဝတွင် ကဗျာဆရာ တစ်ယောက်အနေဖြင့် သူသည် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးတို့အတွက် တိုက်ခိုက်ရာတွင်လည်းကောင်း၊ များပြားလှသည့် စစ်လိုလားရေးသမားများ၏ အန္တရာယ်ကို ဖော်ထုတ် တိုက်ခိုက်ရာတွင်လည်းကောင်း၊ အင်အား အကောင်းဆုံး တိုက်ခိုက်ရေးသမားတစ်ယောက် ဖြစ်ခဲ့ပေသည်။

အောက်တိုဘာ တော်လှန်ရေးပြီးသည့်နောက် ပုံနှိပ်ထုတ်ဝေသည့် "၁၅,၀၀၀,၀၀၀" "သိန်း တစ်ရာ့ငါးဆယ်"ဆိုသည့် ကဗျာသည် တစ်ကမ္ဘာလုံးတွင် တော်လှန်ရေးအနုပညာ၏ အမှတ်အသားရာဇဝင်တွင်သည့် အထိမ်းအမှတ် တစ်ရပ်အနေဖြင့် ရပ်တည်လျက်ရှိပေသည်။ ဤကဗျာတွင် အလုပ်သမား၊ လယ်သမားများ၏သွေးတို့ကို ဖြာစီးစေသည့် နယ်ချဲ့စနစ်၏ အရှက်မဲ့စွာ ချယ်လှယ်ညှဉ်းပန်းမှုကို ဖော်ထုတ်ပြသထား၏။ အရင်းရှင်စနစ်၏ ပြယုဂ်အဖြစ် အမေရိကန်သမ္မတ "ဝီလ်ဆင်"ကို အကြင်နာကင်းမဲ့စွာ ဖွင့်ချထားလေသည်။

၁၉၂၄- ခုနှစ်၊ စပ်ဆိုသည့် "စစ်ရိပ်ကို တိုက်လော့..."ဆိုသော ကဗျာတွင် စစ်လိုလားသူများကို တိုက်ခိုက်ရန် ပြည်သူတို့အား လှုံ့ဆော်ထားပေသည်။ ဤကဗျာတွင်ပင် ဆိုဗီယက်ဆန့်ကျင်ရေးတွင် အင်မတန်စိတ်ဝင်စားနေသည့် ချာချီကို သရော်ရှုတ်ချ၍ ထားပေသည်။ ၁၉၂၄ခုနှစ် အမေရိကန်သို့ သွားစဉ်ကရေးခဲ့သော ကဗျာများသည် ယနေ့ရေးသည်ဟု

ထင်ရလောက်အောင် ခေတ်မီကာ ပြည်သူတို့၏ ထာဝရတိုက်ပွဲနှင့် ဆက်စပ်လျက် ရှိသည်ကို တွေ့ရပေသည်။

အမေရိကန် ပြည်ထောင်စုကို မာယာကော့စကီးသည် ၂ မျိုး ခွဲခြား၍ မြင်သည်တွင် တစ်ဖက်တွင် ကယောင်ချောက်ချားဖြစ်ကာ နောက်ကွယ်တွင် အမြတ်အစွန်းအတွက် နယ်ချဲ့စစ်ကို ရှေးရှုနေသည့် အမေရိကန်ဒေါ်လာ အရင်းရှင်များဖြစ်၍ တစ်ဖက်တွင် သူတို့ထံသို့ ဝမ်းနည်းပူဆွေးမှုနှင့် ကပ်အန္တရာယ်သစ်များကို ဆိုက်ရောက်လာစေမည့် နယ်ချဲ့စစ်ကို စက်ဆုပ်ရွံမုန်းကာ ယိုယွင်းလှသည့် လူနေမှုအဆင့်အတန်းတွင် ရှိသည့်လုပ်သားလူထုများ၏ အမေရိကန်ဖြစ်သည်။

''ဘရွတ်ကလင် တံတား''ခေါ်သည့် ကဗျာတွင် အမေရိကန်ပြည်သူလူထုများ၏ အရင်းရှစ်စနစ်က ဖန်တီးပေးလိုက်သည့် ကပ်အမျိုးမျိုးတို့ကို မခံမရပ်နိုင်သဖြင့် ပြည်သူတို့၏ကံကြမ္မာကို အဆုံးစီရင်ရာအဖြစ် ဖော်ပြထား၏။

''ဤတံတားမှနေ၍ အလုပ်လက်မဲ့ ပစ္စည်းမဲ့များသည် ဟာန်ဆန်မြစ်ထဲသို့ ခုန်ချကြလေပြီတကား''ဟု စိတ်ဆိုးဆိုးနှင့် တစ်ခါက ရေးခဲ့လေသည်။

''လူဖြူနှင့် လူမည်း''ဆိုသည့် ကဗျာတွင် အမေရိကန်ရှိ လူမျိုးရေးအသွေးအရောင် ခွဲခြားထားမှုကို ပြင်းထန်စွာဖော်ထုတ်ထားသည်။ ဤကဗျာမှနေ၍ မြေရှင်အစဉ်အလာကို ဆက်ခံကာ လူမျိုးရေးခွဲခြားသည့် ကျွန်စနစ်ကို ပြင်းထန်စွာ ဆန့်ကျင်ခဲ့ပေသည်။

မာယာကော့စကီးသည် အမေရိကန်မြေရှင် အရင်းရှင်များ၏ ကိုယ်စားလှယ်အဖြစ် စီးကရက်ကုမ္ပဏီ သူဌေးကြီး ဟာင်နရီကလေးကို ဤကဗျာတွင် တင်ပြထားပေသည်။ ဒုတိယကမ္ဘာစစ်ကြီး၏ သည်ဘက် ယခု မျက်မှောက်ခေတ်တွင်ပင် ဟာင်နရီကလေး၏ သားဖြစ်သော ဘုရင်ခံ ဂျင်နရယ်ကလေး အုပ်ချုပ်သည့် ဂျာမနီပြည် အမေရိကန် သိမ်းပိုက်ထားသောနယ်တွင် မာယာကော့စကီး၏ ကဗျာများကို ပုံနှိပ်ထုတ်ဝေခွင့် မပေးဘဲ ပိတ်ပင်ထားခဲ့ပေသည်။

မာယာကော့စကီး၏ စကားပြေများတွင် စစ်လိုလားရေးသမားများကို အထောက်အကူပြုနေသည့် ဖောက်ပြန်သော အရင်းရှင်ဘက်သား အမေရိကန် သတင်းစာများ၏ အကောင်အထည်ကို ထင်ရှားစွာဖော်ထုတ်ခဲ့ပေသည်။

"အမေရိကန် သတင်းစာများသည် အရင်းရှင်ကုမ္ပဏီများက တည်ထောင်ထားသည့် သတင်းစာများဖြစ်၍ ဤအရင်းရှင် ကုမ္ပဏီကြီးများသည် ကြော်ငြာ ထည့်သွင်းသူများ ကုန်လှောင်ရုံပိုင်ရှင်များကို ရောင်းချသည့် သတင်းစာများသာ ဖြစ်ပေသည်။ ဤသတင်းစာများသည် အဖိုးများစွာဖြင့် ရောင်းချ၍ ကုန်သည်လူတန်းစားနှင့် အရင်းရှင်တို့၏ စိတ်အာရုံကို ဖြေဖျော်သည့် သတင်းများဖြင့်သာ ပြွမ်းလျက်ရှိပေသည်"ဟု မာယာကော့စကီးက အမေရိကန်သတင်းစာများနှင့် ပတ်သက်၍ ရေးခဲ့ပေသည်။

သူ၏ကဗျာများသည် တိုးတက်သည့်အသွင်ကို ဆောင်လျက်ရှိသည့် ပြည်သူတို့သို့ ဦးစားပေးကာ ပြည်သူတို့၏ ဘဝကံကြမ္မာကို ပြောင်းလဲစေမည့် အထွေထွေတိုက်ပွဲသို့ လမ်းညွှန်လျက်ရှိပေပြီ။

သူ၏အနုပညာဖြင့် လူမှုစနစ်တစ်ရပ်ကို အစားသွင်းရန် လှုံ့ဆော်ကာ မှောက်မှားသော ပြည်သူလူများစုကို အန္တရာယ်ရှိစေသော "အနုပညာသက်သက်"ကို မြတ်နိုးသည့်ကဗျာ စာပေသမားများကို သရော်ထားပေသည်။

သူ၏ ကဗျာများမှနေ၍ နောက်လာမည့် ပြည်သူများအား သို့မဟုတ် နောင်မျိုးဆက်တစ်ရပ်အား သူ့အသက်ရှင်စဉ်ကကဲ့သို့ပင် ပြောပြခဲ့ပေသည်။ ရှေ့ပေါက်ဖွားလာမည့် ပြည်သူများအတွက် တိုက်ပွဲသစ်ဆီသို့ ချီတက်ရန် ကဗျာဖြင့် သူကိုယ်တိုင်ညွှန်ပြသလို အစိပ္ပာယ်သက်ဝင်ကာ တော်လှန်ရေး အမွေအနှစ်တို့ကို ပေးအပ်ခဲ့ပေသည်။

ယခုမူ သူ၏တော်လှန်ရေး အမွေအနှစ်သည် ဆိုဗီယက်ပြည်သူတို့၏ စိတ်ဓာတ်ဝယ် ကြံ့ခိုင်စွာရစ်ပတ်လျက် ရှိပေပြီ။ ပြည်သူတို့၏ ဒီမိုကရေစီသစ် အမှန်တရား၏ ပြယုဂ်အဖြစ် မာယာကော့စကီး၏ အမွေအနှစ်များသည် ဆိုဗီယက်ပြည်သူတို့အား အလုပ်သမားလူတန်းစား စိတ်ဓာတ်ဖြင့် တက်ကြွစေသည်။

၁၈၉၃ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့မှ ၁၉၃၀ ပြည့်၊ ဧပြီလ ၁၄ရက် အထိ တိုတောင်းလှသည့် ဘဝတာတွင်ပင် မာယာကော့စကီးသည် သူ၏

ကဗျာများဖြင့် ဆိုဗီယက်ပြည်သူတို့အား ကွန်မြူနစ်ဝါဒသို့ ချီတက်ရာတွင် အမျိုးသားစိတ်ဓာတ် အလုပ်သမား လူတန်းစားစိတ်ဓာတ်ဖြင့် ကြွယ်ဝစေကာ သူ၏ကဗျာများသည် စစ်လိုလားရေးသမားများကို တိုက်ခိုက်ရေး အတွက် လည်းကောင်း၊ ဒီမိုကရေစီ ငြိမ်းချမ်းရေးအတွက် တိုက်ခိုက်ရာတွင် လည်းကောင်း၊ နိုင်ငံတကာမှ ပြည်သူလူထုများအား ခေါ်ဆောင်ခဲ့ပေသည်။

အချုပ်ကိုဆိုရလျှင် မာယာကော့စကီး၏ ကဗျာများသည် ပြည်သူတို့အား တောက်ပြောင်သော တော်လှန်ရေးကို လမ်းညွှန်ရာနယ်ချဲ့စစ်၏ နိမိတ်လက္ခဏာကို ရဲရင့်စွာဖော်ထုတ်ရာ ငြိမ်းချမ်းရေးအတွက် တိုက်ခိုက်ရာတွင် တော်လှန်သော အနုပညာ၏အသက်ကို သရုပ်ဆောင်ရာ ပြည်သူတို့၏ ကဗျာများပင် ဖြစ်ပေတော့သည်။

အတွဲ ၃၊ အမှတ် ၂၀၊
တာရာမဂ္ဂဇင်း။

# ပွတ်ရှကင်

## ရုရှားကဗျာဆရာ

မြသန်း

(၁)

မျှော်ကြည့်လိုက်တိုင်း ကောင်းကင်အပြာအောက်မှ မားမားရပ်နေသည့် ဇာဘုရင်နန်းတော်ကို မြင်ရသည်။ ရှေ့အိမ်အနောက် မလှမ်းမကမ်းတွင်မူ ကော့ဆက်မြင်းတပ်များ၊ အိမ်တောင်ဘက်တွင်မူ အလုပ်သမားတို့၏ နီဝါဝါအရောင်ခြယ်ထားသည့် တန်းလျားများကို မြင်ရသည်။

၁၇၉၉ခု၊ မေလ ၂၆ ရက်။

သည်နေ့တွင် ပွတ်ရှင်ကင်ကို ဖွားမြင်လေသည်။

သူ့မိဘများမှာ မြေပိုင်ရှင်အတန်းအစား အနွယ်များဖြစ်ကြ၍ သူတို့၏ အရေးကြီးဆုံးအလုပ်မှာ အကျိုးစီးပွားဖြစ်ထွန်းရန် ဟူသောယူဆချက်ကို လုပ်ရန်မှအပ ဘာမျှမသိကြပေ။ ပွတ်ရှင်ကင်ကို မွေးကတည်းက ရုရှားပြည်သူများနှင့် မိတ်ဆက်ပေးခဲ့သူမှာ သူ့ကိုထိန်းသူ အာရီနာ ဖြစ်သည်။

ဤရိုးသားကြင်နာတတ်သည့် ကျေးတောသူအာရီနာသည် ပွတ်ရှကင်နှင့် ရုရှားပြည်သူများ၏ အကြားတွင် ကွင်းဆက်ဖြစ်ခဲ့သည်။ နောက်တစ်ခုမှာ သူ့အဖေ၏ ပြင်သစ်ဘာသာ စာအုပ်များဖြင့် ပြည့်နှက်နေသည့် စာကြည့်ပိဋကတ်တိုက် ဖြစ်သည်။

အသက် ၁၂ နှစ်တွင် ဓာဘုရင်က ဖွင့်သည့်ကျောင်းသို့ သူ့မိဘများက ကျောင်းအိပ် ကျောင်းစား ပို့သည်။ ပွတ်ရှကင်မွေးပြီး ၂ နှစ်အကြာတွင် ရုရှားရာဇဝင်တွင် ကျန်ရစ်ခဲ့မည့် အဖြစ်အပျက်များ ပေါ်ပေါက်ခဲ့လေသည်။ ရှုးသွပ်နေသည့် အင်ပါယာပေါလ်(၁) သည် နန်းတွင်းပုန်ကန်မှုတွင် အသတ်ခံရ၍ သားတော် အလက်ဇန်းဒါး ပထမက နန်းတက်သည်။

၁၈၁၇ ခုတွင် ပွတ်ရှကင်သည် နိုင်ငံခြားရေးဌာနတွင် အရာရှိတစ်ယောက် ဖြစ်လာလေသည်။ သို့သော်လည်း ပွတ်ရှကင်မှာ အလုပ်နှင့် တာဝန်ကို နည်းနည်းမှ ဂရုမစိုက်ပေ။ သူ့အလုပ်မှာ ကဗျာနှံ့စပ်ခြင်းနှင့် ပျော်မှုပါးမှု နှစ်ခုတည်းသာ ဖြစ်သည်။ နောက် သူသည် ၁၈၁၈ ခုနှစ်တွင် လူငယ်အရာရှိများ တည်ထောင်သည့် ''မီးအိမ်စိမ်း''အဖွဲ့သို့ ဝင်လေသည်။ ''မီးအိမ်စိမ်း''မှာ စာပေကို ဝါသနာပါသည့် လူငယ်များ၊ မျှတသည့် နိုင်ငံရေး အယူအဆကို လက်ခံသူများ၊ နောက် အရက်ချိုမြမြနှင့် မိန်းမချောချောကလေးများကိုကြည့်ကာ ယစ်မူးသူများအတော်ပါ၏။ ပွတ်ရှကင်သည် မျှတသည့် ဓနရှင်နိုင်ငံရေး စိတ်ဓာတ်ဖြင့် ပေါက်ကွဲလာသော ပြင်သစ်တော်လှန်ရေးကို စိတ်ဝင်စားသည်။

ပွတ်ရှကင်၏ပထမဆုံးကဗျာမှာ ''ကျွန်ုပ်၏ ဆွေချစ်ကဗျာဆရာသို့'' ဟူသောအမည်ဖြင့် ၁၈၁၄ ခုတွင် စပ်သည့်ကဗျာနှင့် နာမည်ကျော်မဂ္ဂဇင်းတစ်ခုတွင်ပါလာသည့် ''ဥရောပသံတမန်'' စသောကဗျာတို့ ဖြစ်လေသည်။

ဤအချိန်မှာ နပိုလီယံစစ်ပွဲများတွင် စွန့်စားလိုက်ရသည့် အကျိုးကြောင့် ရုရှားပြည် တစ်ပြည်လုံးမှာ ဘဝသစ်သို့ ရောက်နေရမည့်အစားသက်ဦးဆံပိုင်စနစ်၊ ငါ့မင်းငါ့ချင်းစနစ်၏ အောင်ပွဲတစ်ရပ်ဖြစ်နေကာ ရုရှားပြည်၏ စီးပွားရေးအခြေအနေမှာ အင်မတန် ကျပ်တည်းနေသည့် အချိန်ဖြစ်သည်။ မြေကျွန်အချင်းချင်းပင်လျှင် အဓိကရုဏ်းများ ဖြစ်ပွားလျက်ရှိသည်။

သူ၏ကဗျာများထဲတွင် ဤခေတ်၏အခြေအနေကို အထူးဖော်ပြထားသည်။ မြေရှင်နှင့် မြေကျွန်လူတန်းစားအကြား၌ လူ့ဆက်ဆံရေးကွင်းဆက်များ၊ မျိုးမတ်သေနာပတိ လူတန်းစားနှင့် ဆင်းရဲသားများ၏ ဆက်ဆံရေးများ၊ အရှင်သခင်နှင့် ကျွန်တို့၏သံကြိုးများကို ဖော်ထုတ်ရေးခြယ်ပြခဲ့သည်။ ထို့ပြင် ဓာဘုရင်၏ ကြောက်မက်ဖွယ်အန္တရာယ်များကို ကြိုတင်၍ နိမိတ်ဖတ်ခဲ့ပေ

သည်။ အမှန်မှာ ထိုခေတ်၏လူ့ဆက်ဆံရေး၊ လူ့အဖွဲ့အစည်း၏ ယိုယွင်းနုံချာသည့် စနစ်ဟောင်းတို့က ပွတ်ရှကင်၏တော်လှန်ရေး ကဗျာများကို ပေါက်ဖွားစေခဲ့ပေသည်။

"အချစ်၏ ချိုမြသည်ဟုထင်ရသည့် ကြောက်မက်ဖွယ်ရာများ၊ မျှော်လင့်ချက်နှင့် ကျော်စောထင်ရှားမှုများ၏ ဘေးဝယ် လမ်းမှန်မှ လွဲကာရပ်၍ မီးခိုးများကဲ့သို့ လည်းကောင်း၊ နံနက်ဆည်းဆာ၏ တောင်ထိပ်ပေါ်မှ မြူနှင်းမှုန်တို့ကဲ့သို့ လည်းကောင်း၊ ငါတို့၏ပျိုမျစ်လှသည့် ပျော်ရွှင်မှုများသည် မှေးမှိန်၍သွားချေပြီ။

သို့သော်လည်း ဖိနှိပ်မှု၏ ကံကြမ္မာလက်အောက်ဝယ် ငါတို့၏ သည်းမခံနိုင်သော စိတ်ဓာတ်များသည် လွင့်ပါးတက်ကြွကာ အသည်းနှလုံးမှ ထွက်ပေါ်လာသည့် ဆန္ဒသည် အဖနိုင်ငံ၏ခေါ်သံအကြားဝယ် ဆူပွက်လျက်ရှိချေပြီ။

ငါတို့မူ လွတ်လပ်ရေးကို မျှော်ခေါ်ကာ အသည်းနှလုံးဝယ် မျှော်လင့်ချက်၏ မွန်မြတ်သောမီးလျှံသည် တောက်လောင်လျက်ရှိ၍ ပျိုရွယ်သည့် ချစ်သူကဲ့သို့ ငါတို့ဆန္ဒအရ အောင်နိုင်ရန်ကိုသာ မျှော်ခေါ် တောင့်တကြသည်။

လွတ်လပ်ရေး၏နာမည်ကို ငါတို့ ခံယူစဉ် ဂုဏ်သတင်းသည် အသည်းနှလုံးနှင့် လက်များကြားဝယ် လှုပ်ရှားနေစဉ် ငါတို့၏ အသည်းနှလုံးဝယ် အဖနိုင်ငံအတွက် တောက်လောင်နေသည့် မီးလျှံကို ထွန်းညှိကြပါစို့။

ပျော်ရွှင်စရာနံနက်၏ အရုဏ်ကို မြင်ကြရပေပြီ။ ရုရှားပြည်သည် အိပ်ပျော်ရာမှ ပျက်စီးယိုယွင်းနေပြီဖြစ်သော သက်ဦးဆံပိုင်စနစ်သည် ငါတို့၏အမည်ကို ဝတ်ဆင်လိမ့်ပေမည်တကား"

(၂)

ပွတ်ရှင်ကင်သည် ဒီဇင်ဘာသမားများ (Decemberist) ၏ နိုင်ငံရေး အရေးတော်ပုံအတွင်းက ထိုကဗျာကို ရေးခဲ့သည်။ သက်ဦးဆံပိုင်စနစ်ကို ဆန့်ကျင်သည့်တိုက်ပွဲတွင် လမ်းလွဲနေသူတို့က ကဗျာဖြင့် ရေးခြယ်ပြခဲ့သည်။

ပွတ်ရှကင်သည် ထိုမျှနှင့်မရပ်သေးဘဲ ''တောရွာမှာ''ဆိုသည့်ကဗျာတစ်ပုဒ်ကို ၁၈၁၉ ခုတွင် ရေးသားခဲ့၍ ဇာဘုရင်၏တရားရုံးများ အချည်းနှီးသာဖြစ်သည့် ပျော်ရွှင်မှုများမှ ကင်းဝေးကာ တောသဘာဝအလှ၏ မြင်ကွင်းတွင် ရေးခြယ်ခဲ့သေးသည်။

''ပန်းပွင့် ပန်းဖူးတို့ဖြင့် ဝေဆာလျက်ရှိသော ကွင်းပြင်များနှင့် တောင်ကမူများ အကြားတွင်ကား လှူဒွေချစ်သည် ကြောက်လန့်စွာပင် ခြေရာကို မြင်ပေပြီ။

ရှက်စရာမိုက်မဲမှုသည် လူတိုင်း၏မျက်နှာပေါ်တွင် တံဆိပ်ခပ်ထားသည့် မျက်ရည်တို့ကိုလည်း မမြင်ရ၊ ညည်းတွားသံတို့ကိုလည်း မကြားရ။

ကံတရားကပင် အသက်ပေါင်းများစွာကို ဆုံးရှုံးရန် ရွေးချယ်လိုက်ပေပြီ။ အသဲနှလုံးမရှိသော တရားဥပဒေမဲ့သော အရှင်သခင်တို့သည် ကြီးပွားချမ်းသာသည့် အနွယ်တစ်ရပ်အဖြစ်သို့ ရောက်ပေပြီ။

အကြင်နာမဲ့သည့် ငါးမျှားတံကို ဇွဲ့ယမ်းရင်း သူတို့ကိုယ်ပိုင်အကျိုးစီးပွားကို ပြုလုပ်ကြပေပြီ။

လယ်သမား၏ ထွန်ယက်ချိန် သူ့လှုပ်ရှားမှု ပိုင်ဆိုင်ခြင်းနှင့် သူ၏နေ့များသည် အငှားထွန်ယက်သည့် လယ်ထွန်တုံးနောက်တွင်ပင် ကြာပွတ်၏ အမိန့်ကိုနာခံကာ မြေကျွန်များသည် ငတ်ပြတ်နေကြပေပြီ။

မြေဝသုန္ဓာ ထွန်ယက်ကြောင်းများဖြင့် ပြီးသည်။ သူတို့အပေါ်ဝယ် သနားကြင်နာမှု ဇွဲလည်မလာသည့် မြေရှင်တို့အကျိုးအတွက် သူတို့၏ နောက်ဆုံးနာရီအထိ ထမ်းပိုးကို ထမ်းကြရသည်''

ပွတ်ရှကင်သည် ဤ'တောရွာမှာ' ဆိုသောကဗျာတွင် သက်ဦးဆံပိုင်စနစ်ကို တိုက်ခိုက်၍ ရုရှားတို့၏ ဒုတိယဆိုးသွမ်းလှသည့် ကျွန်ဘဝကို တိုက်ခိုက်သည်။

တစ်ခါက ပွတ်ရှကင်သည် အိုဒက်ဆာမြို့သို့ အပြောင်းတွင် သူ၏ကိုယ်ရေးစာများထဲမှ ''ဘုရားမဲ့''ဝါဒအကြောင်းကို ရေးသားထားသည့်

စာတစ်ပုဒ်ကို ပုလိပ်တို့ တွေ့သွားလေသည်။ ဘုရား၊ တရား ကြည်ညိုသည့် အာဏာပိုင်များသည် အိုဒက်ဆာမှ ဝေးလှသည့် နယ်တစ်နယ်သို့ နယ်နှင်ရန် ဆုံးဖြတ်လိုက်လေသည်။

ပွတ်ရှင်ကင်သည် ရှေးသီချင်းများနှင့် ရှေးဒဏ္ဍာရီပုံပြင်များကို တောရှိ လူများထံမှ လေ့လာသည်။ တချို့ကိုလည်း ရှည်လျားသည့် ဆောင်းရာသီတွင် ပွတ်ရှကင်သည် အထိန်းအရိနာ၏ တဲကုပ်ထဲမှာ နေလေ့ရှိသည်။

နှင်းမုန်းတိုင်းသည် ပြတင်းတံခါးများကို ခေါက်နေစဉ် အရိနာသည် ဗိုင်းငင်ရင်း ပုံပြင်များကို ပြောပြလေ့ရှိသည်။ သည်လို အိမ်လွမ်းနာကျနေသည့် အချိန်များကို ပွတ်ရှကင်သည် သူ၏ ''ဟေမန်ဦးညနေခင်း''တွင် မှတ်တမ်းတင်ထားသည်။

''မုန်တိုင်းသည် အမှောင်ထဲမှ ကောင်းကင်ကို ဖုံးလွှမ်းလိုက်လေပြီ။ နှင်းပွင့်တို့မှာ ခပ်ရိုင်းရိုင်းပင်ကကြ၍ သားကောင်လို ညည်းတွားနေပေပြီ။ လန့်နေသော ကလေးငယ်ကဲ့သို့ နူးညံ့သောအသံကို ပြုပေပြီ။

ဝမ်းနည်းကြေကွဲ၍ ခြောက်သွေ့လှသော ပျို့ရွယ်သည့် ငါ့ဘဝ၏ မိတ်ဟောင်းနှင့် အရက်ကို သောက်ကြပါစို့။ ငါတို့၏ ကြေကွဲဝမ်းနည်းမှုများကို နှစ်မြုပ်ပစ်လိုက်ပါစို့။ အရက်ခွက်သာလျှင် ငါတို့၏ အသည်းနှလုံးကို ရွှင်လန်းမှုဖြင့် ဖြည့်ပေးနိုင်ပေမည်တကား''

ပွတ်ရှကင်သည် နယ်နှင်ခံရစဉ်တွင်ပင် ရှေးဟောင်းဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုကို ဖော်ထုတ်သည်။ ပြည်သူလူထုတစ်ရပ်လုံး အပေါ်တွင် အတုအပ ဩဇာလွှမ်းမိုးမှုကိုယူကာ ကျေးပိုင် ကျွန်ပိုင်စနစ်ကို ဖွံ့ဖြိုးစေခဲ့သည့် ဇာအဆက်အနွယ်နှင့် မြေရှင်မှူးမတ်များ၏ ချုပ်ချယ်မှုကို ကဗျာဖြင့် ရေးခြယ်ပြခဲ့သည်။

အကယ်၍ ပွတ်ရှကင်သာ စိန့်ပီတာစဘတ်တွင် ထိုအချိန်ကရှိခဲ့ပါမူ တော်လှန်ရေးထဲတွင် ပါဝင်ဆင်နွှဲနေပေလိမ့်မည်။

သို့သော်လည်း သူနှင့် သူပုန်များ အဆက်အသွယ်ရှိသည်ကို ပုလိပ်တို့က သိသွားလေသည်။ သူ့လက်ရေးဖြင့် ရေးထားသော ကဗျာစာပိုဒ်များကို ပုလိပ်များဖမ်းမိသော ဒီဇင်ဘာသမားထံမှ တွေ့ရလေသည်။ ပုလိပ်တို့မှာ

လည်း တော်လှန်ရေးထဲတွင် ပါဝင်ကြောင်းကို လက်ဆုပ်လက်ကိုင်မတွေ့၍ ဘာမျှမလုပ်နိုင်ခဲ့ချေ။ ရုရှားတစ်ပြည်လုံးတွင် ကဗျာဆရာတစ်ယောက်အဖြစ် ကျော်ကြားခဲ့ရသော်လည်း ယခုအချိန်အထိ သူ့အဖို့ အနာဂါတ်မှာ သက်ာမကင်း ခံရမှုများနှင့် စိတ်ပျက်စရာ အနှောင့်အယှက်မှလွဲ၍ ဘာကိုမျှ မပိုင်ဆိုင်ခဲ့သေးပေ။

၁၈၂၆ စက်တင်ဘာလတွင် ပထမ ဇာနီကိုလပ်၏ ဘိသိက်ခံပွဲတွင် နီကိုလပ်သည် ပွတ်ရှကင်ကို နယ်ခြားမှ ပြန်ခေါ်လေသည်။ ဇာဘုရင်နှင့် ကဗျာဆရာတို့ တွေ့ကြပေပြီ။ သည်တွေ့ဆုံသည့်အတွက်ပင်လျှင် ပွတ်ရှကင်၏ ဘဝတွင် ကြိုတင်မမြင်နိုင်သည့် အကြောင်းအရာတွေကို တွေ့ရလေသည်။

(၃)

"ပြန်လည်ပေါက်ဖွားရေးအတွက် လွတ်လပ်ရေးမျိုးစေ့သည် ကောနေစဉ်တွင် မိုးသောက်တာရာ တငြိမ့်ငြိမ့် မထွက်မီကတည်းက ငါသည် ထလာခဲ့သည်။ ရိုးသားဖြူစင်၍ အပြစ်မဲ့သည့်လက်များဖြင့် ငါသည် ကျွန်မြေပေါ်ဝယ် စိုက်ပျိုးခဲ့သည်။ ဤမျိုးစေ့မှ ပင်စည်သည် ပေါ်ထွက်လေပြီ"

ပွတ်ရှကင်သည် သူ၏တော်လှန်ရေး ကြိုးပမ်းမှုများမှ ဖူးပွင့်လာသော အသီးအပွင့်တို့ကိုကြည့်၍ ဤကဗျာကို ရေးခဲ့သည်။

ဤကဗျာတွင် သူသည် သစ္စာရှိစွာနှင့် လွတ်လပ်ရေးနှင့် တော်လှန်ရေး၏ သရုပ်ကို ခွဲခြမ်းစိတ်ဖြာ၍ ပြသခဲ့သည်။ ကျပ်တည်းလှသည့် ပြည်သူတို့၏ ဘဝအထွေထွေ၊ မြေကျွန်များ၏ကျောပေါ်သို့ ကျလာသည့် ကြာပွတ်သံများ၊ ဤချယ်လှယ်ခံ အဖိနှိပ်ခံ အတန်းအစားတို့၏ ထိုခေတ်က ရုပ်ပုံလွှာကို ရေးခဲ့သည်။

ပြင်းထန်လှသည့် ဖိနှိပ်ရေးဒဏ်ချက်များအောက်ဝယ် ကြောက်ရွံ့ထိတ်လန့်ကာ ကောနေသည့် ပြည်သူတို့၏စိတ်ဓာတ်ကို တော်လှန်ရေးစိတ် ပြန်လည် ပေါက်ဖွားလာရန်အတွက် ပွတ်ရှကင်သည် ဇာ၏ ငါ့မင်း ငါ့ချင်း စနစ်ကို ရဲဝံ့စွာဆန့်ကျင်ကာ တော်လှန်ရေးအသွယ်သွယ်ကို ဖြတ်သန်းစေ၍

ရုရှားပြည်သူတို့၏ ဘဝကို လွတ်မြောက်ရေးလမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးခဲ့ပေသည်။

ပွတ်ရှကင် အသက် ၂၇ နှစ်အရွယ်တွင် ဇာဘုရင်က သူ့ကို ရှေ့တော်ဆင့်ခေါ်လေသည်။ သူတို့နှစ်ယောက် တွေ့သောအခါမှ ဇာသည် ဟန်ဆောင်ပြုံး ပြုံးကာ–

''ဒီဇင်ဘာလ ၁၄ ရက်နေ့ ပုန်ကန်မှုထဲမှာ ပါသလား၊ မင်းကို စိန့်ပီတာစဘတ်မှာ မြင်မိတယ်''ဟု မေးသည်။

ပွတ်ရှကင်သည် ခပ်တည်တည်ပင် ''ကျုပ်တို့အားလုံး ဒီကိစ္စထဲမှာ ပါတယ်၊ ဒါပေမဲ့ ကျုပ်ဟာ ဒီအချိန်မှာ နယ်နှင်ခံနေရလို့ ဘာမှမတတ်နိုင်ခဲ့ဘူး''ဟု ပွတ်ရှကင်ကပင် ပြောလိုက်သေးသည်။

အမှန်အားဖြင့် ပွတ်ရှကင်အား ဤသို့တွေ့ဆုံခြင်းမှာ ပွတ်ရှကင်၏ ထက်မြက်သည့်ဉာဏ်ကို ဖောက်ပြန်ရေးနည်းအရ သူ့ဘက်က အသုံးချရန်မှ အပ အခြား ဘာအဓိပ္ပာယ်မျှ မရှိချေ။ ပွတ်ရှကင်၌ နိုင်ငံရေးသစ္စာသည် အမြဲတမ်း ကိန်းဝပ်လျက် ရှိသည်။ ဇာဘုရင်ကပင် ပွတ်ရှကင်ကို ရုရှားပြည် ပညာရေးနှင့် ပတ်သက်၍ ထင်မြင်ချက်များပေးရန် တောင်းသေးသည်။ ပွတ်ရှကင်သည် ဇာဘုရင်ထံသို့ သူ့အယူအဆတို့ကို ပွင့်လင်းစွာပေးလိုက်လေသည်။

ပွတ်ရှကင်၌ လွတ်လပ်ရေးကိုမြတ်နိုးသည့် စိတ်ဓာတ်သည် ခိုင်မာစွာပင် ကိန်းဝပ်လျက်ရှိသည်။ မကြာမီပင် ဇာသည် သူတို့ဘက်မှ ပွတ်ရှကင်အပေါ်တွင်ထားသည့် မျှော်လင့်ချက်များသည် ကုန်ဆုံးသွားရတော့သည်။

(၄)

၁၈၂၈ ခု မော်စကိုမှ ကပွဲတစ်ခုတွင် ပွတ်ရှကင်သည် နာတာလီယာခေါ် မိန်းကလေးတစ်ယောက်နှင့် တွေ့လေသည်။

နာတာလီယာ့ အလှအပကြောင့် ပွတ်ရှကင်မှာ အသေအလဲကြိုက်မိ၏။ ပွတ်ရှကင်သည် အကြိမ်ကြိမ်ရရန် ကြိုးစားသော်လည်း နာတာလီယာထံမှ မရေမရာသည့်အဖြေကိုသာ သိရသည်။

ပွတ်ရှကင်သည် နာတာလီယာ၏ အချစ်နှင့်ပတ်သက်၍ ကဗျာတစ်ပုဒ်ကို ရေးခဲ့လေသည်။ သည်တစ်ပုဒ်သာလျှင် ခပ်ဝါးဝါးပေါ်လာသည့် ပွတ်ရှကင်၏ အချစ်ကဗျာတစ်ပုဒ် ဖြစ်သည်။

ပွတ်ရှကင်သည် နောက်ဆုံးတွင် အခြားမိန်းမတစ်ယောက်နှင့် လက်ထပ်လိုက်လေသည်။

ပွတ်ရှကင်သည် ပစ်စာတစ်စောင်နှင့် ပတ်သက်၍ d' anthis နှင့် Baron Heeeberon ဆိုသူ ၂ ဦးကို မသင်္ကာဖြစ်၍ သေနတ်ရင်ဆိုင်ပစ်ရန် ချိန်းလိုက်သည်။ ၁၈၃၇ ခု၊ ဇန်နဝါရီလ ၂၇ ရက်တွင် ပွတ်ရှကင်သည် သေနတ် ရင်ဆိုင်ပစ်ပွဲတွင် ဒဏ်ရာရကာ ၂ ရက်မျှအကြာတွင် ဆုံးရှာလေသည်။

ပညာတတ်များ၊ ကျောင်းသားများ၊ လက်မှုပညာသည်များ၊ မြေကျွန်များ၊ အစေခံများသည် ပွတ်ရှကင်၏ အလောင်းဘေးဝယ် ပြည့်ညပ်လျက်ရှိသည်။ နီကိုလပ်ဇာနှင့် ပုလိပ်များသည် ကဗျာဆရာ သေဆုံးခြင်းနှင့် ပတ်သက်၍ တိုင်းပြည်လှုပ်ရှားလာသဖြင့် ထိတ်လန့်လာကြသည်။

ပွတ်ရှကင်၏အလောင်းကို ဘုရားရှိခိုးကျောင်းတွင် တိတ်တိတ်မြှုပ်ထားရာမှ ဇာဘုရင်ပုလိပ်တို့သည် ညတွင် ခိုးယူကာ ကောက်ရိုးများ၊ ဖျာစုတ်များဖြင့် ကဗျာဆရာ၏ခန္ဓာကိုယ်ကို သာမန်သုသာန်တွင်ပင် မြှုပ်နှံလိုက်ကြလေသည်။

ပွတ်ရှကင်၏ ကဗျာများသည် ရုရှား ရှေးဟောင်းဂန္ထဝင်တွင် ကြီးစွာသော အခန်းတစ်ရပ်မှ ပါဝင်ခဲ့သည်။

တော်လှန်ရေး စိတ်ဓာတ်တို့ဖြင့် အုံကြွနေသည့်အချိန်၊ အချယ်အလှယ်ခံ ပြည်သူလူထုတစ်ရပ်လုံးက ဇာစနစ်ကို မုန်းတီးရွံရှာနေသည့် အချိန် ပြည်သူတို့၏ ရှေ့ဆောင်အဖြစ် ရုရှား ရှေးဟောင်းဂန္ထဝင်သည် ထကြွအုံဆဲဆဲ တော်လှန်ရေးဆီသို့ ရွေ့ရှားနေသည့် စာပေတစ်ရပ်၏ အသွင်ကိုခံယူခဲ့ပေသည်။

ပွတ်ရှကင်သည် ဤတော်လှန်ရေးသို့ ရှေးရှုနေသည့် ရုရှား ရှေးဟောင်းဂန္ထဝင်ဝယ် မားမားမတ်မတ် ရပ်ခဲ့သည်။ သူ့ကဗျာများမှာ သူ့နေရင်း ရုရှားတိုင်းတွင် အထူးသဖြင့် အရေးပါအရာရောက်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ပွတ်ရှကင်၏ကဗျာများမှာ နက်နဲ၍ ဘာသာပြန်ရခက်သည်။

ပွတ်ရှကင်၏ ကဗျာများမှာ သိမ်မွေ့၍ ရိုးသားသည်။ အနုပညာတွင် ရိုးသားမှန်ကန်မှုမှာ အရေးကြီးဆုံးပင်ဖြစ်၍ ပွတ်ရှကင်၏ ကဗျာများကို အနုပညာတစ်ရပ်အနေနှင့် လေ့လာလျှင် ဤအနုပညာ၏ ကြန်အင်လက္ခဏာ အထွေထွေကို တွေ့မြင်ရပေမည်။ ပွတ်ရှကင်၏ ကဗျာများမှာ ရှင်းလင်းစွာ ဖော်ပြထားသည့် အတွင်းစိတ်သန္တာန်မှာ မည်မျှပင်အတွေးအခေါ်တွင် လေးနက် သိမ်မွေ့စေကာမူ စိတ်ကူးမှန်းဆနိုင်သည့် ဟန်ဖြင့်သာ ရေးခြယ်ပြသည်။

(၅)

"အခြား ရုရှားကဗျာဆရာများသည် ပွတ်ရှကင်နှင့် နှိုင်းယှဉ်လျှင် ပင်လယ်နှင့်ယှဉ်ပြိုင်သည့် မြစ်ငယ်နှင့်သာတူသည့် သူ၏ကဗျာများမှာ ရုရှားဂန္ထဝင်တွင် အခန်းသစ်တစ်ရပ်ကို ဖွင့်လှစ်လိုက်ခြင်း ဖြစ်သည်"ဟု ၁၉ ရာစုနှစ်များအတွင်းတွင် ဘီလင်စကီက ဝေဖန်ခဲ့ပေသည်။

ဥရောပ ဂန္ထဝင်တွင် ပွတ်ရှကင်နှင့်တူညီသည့် ကဗျာဆရာမှာ ဂါထေ တစ်ယောက်သာ ရှိသည်။ သို့သော်လည်း ဂါထေမှာ အဘိဓမ္မာဆရာ တစ်ယောက်ဖြစ်ခဲ့၍ ပွတ်ရှကင်မှာ သူ၏အတွေးအခေါ် အယူအဆများကို အနုပညာပီသစွာ ရေးခြယ်ပြခဲ့သည်။ ရုရှားတော်လှန်ရေး မပေါ်ပေါက်မီ ခေတ်က ရုရှား ရှေးဟောင်းဂန္ထဝင်တွင် လက်ာနှင့် စကားပြေ ၂ ရပ်လုံးမှာ တော်လှန်ရေးလှုံ့ဆော်မှုဖြင့် ကြွယ်ဝသည်။ ပြည်သူတို့၏ အချယ်လှယ်ခံဘဝ ကို ဖော်ပြသည့် သရုပ်ပြစာပေဖြင့် ပြည့်လျှမ်းနေပေသည်။

ပွတ်ရှကင်၏ ကဗျာများတွင် အများအားဖြင့် ရုရှားမြေကျွန်စနစ် ကို ဖော်ပြကာ ဓာဘုရင်ကို ဆန့်ကျင်ခဲ့၏။ ပွတ်ရှကင်၏ ကဗျာများကို ဖတ်၍ကြည့်ခြင်းအားဖြင့် ပွတ်ရှကင်သည် ဓာစနစ် ဆန့်ကျင်ရေးသမား ဖြစ်ကြောင်းကို သိသာနိုင်ပေသည်။

ယခုမူ ပြည်သူ၏စာပေ အနုပညာတို့သည် ဟောင်းနွမ်းလှသည့် နေရှင် ဒီမိုကရေစီ စနစ်ဟောင်းအတွင်းဝယ် ဂယက်ရိုက်လျက် ရှိချေပြီ။ ပြည်သူ့စာပေ၏ ရှေ့ပြေးအဖြစ် တိုးတက်ဆန်းသစ်စ ပြုပြီ။

အမှန်အားဖြင့်ဆိုလျှင် ထွန်းကားလာအံ့သော ပြည်သူ့စာပေသည် လူ့ဘောင်အတွင်းမှ စနစ်သစ်တစ်ရပ်ဆီသို့ ရွေ့လျားနေကာ ပြည်သူတို့၏ ကံကြမ္မာကို တိုက်ပွဲဖြင့် ပြောင်းလဲပေးလိုက်သော ရုရှား ရှေးဟောင်းဂန္ထဝင်၏ အမွေအနှစ်ပင် ဖြစ်ချေသည်တကား။

တာရာမဂ္ဂဇင်း
အတွဲ ၃၊ အမှတ် ၂၁။

စကားဝိုင်း

## လေးအိမ်တန်းက ညချမ်းစကားဝိုင်း – ၁

## (ပါမောက်နဲ့ ပါနောက်)

မောက်။ လုံမလေးကိုနော်ဗျာ၊ သူ့အမေရိုက်ပါလို့၊
လာလာလေ လိုက်ခဲ့တော့ မောင်တို့ရွာ၊
လာလေ လာလေ လိုက်ခဲ့တော့ မောင်တို့ရွာ၊
မောင်တို့ရွာမှာ ဘာတွေပေါ်တယ်၊ ပင်ပင်နီ
ချောရယ်နဲ့ ယောထဘီ၊ ပင်နီ ပင်နီချော
ရယ်နဲ့ ယောထဘီ…။

နောက်။ ကိုပါမောက်တို့များ ကြည့်လိုက်ရင် သီချင်းကလေး တအေးအေးနဲ့၊ တယ်လို့လည်း ဇိမ်ရှိပေတာပဲ၊ ခင်ဗျားကို အားကျလှသဗျာ။

မောက်။ ဇိမ်ရှိလို့ မဟုတ်ဘူးဗျို့၊ ရှိအောင်နေရတာ၊ ရှိအောင်နေရတာ၊ ဝန်ကြီး ပဒေသရာဇာ ပြောသလို ရတု၊ ရကန်၊ အဲအန်တေးချင်း၊ စောင်းငြင်း ပတ်သာ၊ တီးမှုတ်လျက်သာ၊ နေကောင်းစွာတဲ့ဗျ၊ လောကကြီးမှာ ပူစရာရှိတာတွေကိုသာ လိုက်ပူနေရရင် ဒီလောက်ဆို တစ်ကိုယ်လုံး တောင် ပြာမှုန့်ဖြစ်လာလောက်ပြီ။ ဒီတော့ ဘာမှ မပူနိုင်ဘူးဗျို့၊ ခု ခင်ဗျားကို မျှော်နေတာ အတော်ပဲဗျ၊ ခင်ဗျားကို တောင်းပန်စရာ လေး တစ်ခုရှိနေလို့။

နောက်။ အလို… ဘာများ တောင်းပန်စရာ ရှိလို့လဲဗျ။

မောက်။ တခြားတော့မဟုတ်ပါဘူးဗျာ၊ အရင်လထဲတုန်းက ခင်ဗျားနဲ့ စကား ပြောခဲ့ကြတယ်လေ။ အဲဒီစကားပြောခန်းကလေးကို အရင်လက နှယ်နီမဂ္ဂဇင်းထဲမှာ ရေးလိုက်မိသဗျ။

**နောက်**။ အဲဒီတော့…။

**မောက်**။ အဲဒီထဲမှာ စကားတစ်ခွန်း မှားသွားသဗျ။

**နောက်**။ အလို… ဘာတွေများ မှားလို့လဲ။

**မောက်**။ ရှင်နာဂသိန်နဲ့ မိလိန္ဒမင်းကြီး အကြောင်းကို ပြောရာမှာ မိလိန္ဒမင်းကြီးဟာ ဂရိဘုရင် အလက်ဇန်ဒရာသည်ဂရိတ်ရဲ့ မြေးတော်စပ်တဲ့ အကြောင်း၊ သူ့အမည်ရင်းက ဂရိလိုမီးနန်ဒါးစ်လို့ ခေါ်ကြောင်း၊ သူဟာ ရှင်နာဂသိန်နဲ့ ဆွေးနွေးလို့အပြီးမှာ ဗုဒ္ဓဘာသာကို ကူးပြောင်းသွားကြောင်း ပြောခဲ့တယ်။

**နောက်**။ အေးလေ မဟုတ်ဘူးလား၊ ဘာများမှားလို့လဲ။

**မောက်**။ အဲဒါကတော့ မမှားဘူးဗျ၊ ဒါပေမဲ့ မိလိန္ဒမင်းကြီးရဲ့ခေတ်ကို ဘီစီ သုံးရာလို့ ပြောခဲ့မိတယ်။ ကျုပ်စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေတာနဲ့ လိုက်ရှာကြည့်တော့ ဘီစီ သုံးရာ မဟုတ်ဘူးဗျ၊ ဘီစီ တစ်ရာ့ ငါးဆယ် ဖြစ်နေတယ်။ အဲဒီအမှားကလေးအတွက် ခင်ဗျားကို တောင်းပန်ချင်လို့ပါ၊ မှားသွားလို့ ဘွာခတ်တဲ့သဘောပါဗျာ။

**နောက်**။ ဖြစ်မှဖြစ်ရလေ ကိုပါမောက်ရယ်၊ ဒီလောက်ကလေးမှားတာ ဘာဖြစ်သလဲ၊ အသာကလေး မြုံနေလိုက်ရင်ပြီးတာပဲ၊ တစ်ခါတလေ ဒီလိုပဲ ခပ်တည်တည်နဲ့ အသာမှိန်းလိုက်ရင်လည်း ပြီးစတမ်းပဲ မဟုတ်လား။

**မောက်**။ နိုးနိုး၊ ဒီလိုလုပ်ရင် ကိုယ့်လိပ်ပြာ ကိုယ်မသန့်ဘူးလေဗျာ၊ အသာမှိန်းနေတယ်ဆိုတာ ခဏသာရတာ၊ ကြာရှည်မှာတော့ အမှန်ဆိုတာ ပေါ်လာမှာပေါ့ဗျ၊ ဒါ့ကြောင့် ခင်ဗျားကို ဝန်ခံချက်ပေးရတာ။

**နောက်**။ ရှိစေဗျား၊ ရှိစေ။ ကဲ… ဆိုစမ်းပါဦး၊ ဒီတစ်ပတ် ဘာတွေများ သတင်းထူးသလဲ။

**မောက်**။ သတင်းထူးတော့ မဟုတ်ပါဘူး၊ သတင်းဆန်းကလေးတစ်ခုတော့ ပြောစရာရှိတယ်ဗျ။

**နောက်**။ ဆိုစမ်းပါဦး၊ ဘယ်လိုများ ဆန်းတာလဲ။

**မောက်**။ ကျွန်တော်တို့မှာ စာနယ်ဇင်းတွေ ဖတ်လိုက်ရင် ပင်လယ်ကွေ့စစ်ပွဲ အကြောင်းကိုပဲ ဖတ်နေကြရတာမဟုတ်လား၊ ဒီအထဲမှာ ပင်လယ်

ကွေ့နဲ့မဆိုင်တဲ့ ရှားရှားပါးပါး သတင်းကလေးတစ်ပုဒ်ပါ တွေ့လိုက်လို့ပါ။

**နောက်**။ ဆိုပါဦး။

**မောက်**။ သတင်းက ကမ္ဘာ့မြို့ကြီးတစ်ရာရဲ့ အကြောင်းဗျ၊ ဒီနေ့ ကမ္ဘာမှာ မီဂါစီတီးလို့ ခေါ်တဲ့ မဟာမြို့တော်ကြီးတွေ အလျှိုလျှိုပေါ်ပေါက်နေတယ်။ မီဂါစီတီးတွေ ပေါ်ပေါက်လာတဲ့အတွက် မြို့ပြတွေမှာ လူဦးရေ ထူထပ်လာတယ်။ ပတ်ဝန်းကျင်လေထု ညစ်ညမ်းလာတယ်။ ဒါကြောင့် နေရေး ထိုင်ရေး ခက်ခဲလာတယ်။ ခုဆိုရင် မီဂါစီတီးလို့ခေါ်တဲ့ မဟာမြို့တော်ကြီးတွေဟာ 'လည်မျိုအညှစ်ခံရသလို' အသက်ရှုကျပ်တဲ့ အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီလို့ ဆိုတယ်ဗျ၊ ဝါရှင်တန်မှာ အခြေစိုက်တဲ့ ကျွမ်းကျင်သူ ၃၅၀ ပါဝင်တဲ့ လူဦးရေအကျပ်အတည်း ကော်မတီက နှစ်နှစ်ကြာလေ့လာပြီး အစီရင်ခံစာတစ်စောင် ထုတ်ပြန်လိုက်တယ်။

**နောက်**။ ဘာဗျ၊ လူဦးရေအကြပ်အတည်း ကော်မတီဟုတ်လား။

**မောက်**။ ဟုတ်သဗျ၊ အမေရိကန်တွေဟာ တော်တော် စကားလုံးတိုတိုကြိုက်တယ်။ စာလုံးပေါင်းတို့ ဘာတို့ဆိုရင်လည်း အေ နှစ်လုံးဆင့်တို့၊ ဘီနှစ်လုံးဆင့်တို့ပါရင် တစ်လုံးကို ဖြုတ်ပစ်လိုက်ပြီး တစ်လုံးပဲသုံးတယ်။ အသင်းအဖွဲ့နာမည်တို့ ဘာတို့ဆိုရင်လည်း အတိုကောက်ပဲ ခေါ်တယ်။ ခုလည်း လူဦးရေ အကျပ်အတည်း ကော်မတီတဲ့။ ကြည့်ရတာကတော့ လူဦးရေနဲ့ပတ်သက်လို့ ပေါ်လာတဲ့ပြဿနာများကို လေ့လာစုံစမ်းတဲ့အဖွဲ့လို့ ထင်ရတာပဲ။ လူဦးရေအကျပ်အတည်း ပြဿနာများကို လေ့လာစုံစမ်းရေး ကော်မတီပေါ့ဗျာ။

**နောက်**။ ဟုတ်မှာပေါ့၊ ခင်ဗျားဖွင့်တဲ့ အဓိပ္ပာယ်ကတောင် တော်တော်ရှည်လျားနေပြီ။ ဒီတွင် အမေရိကန်တွေက လူဦးရေအကျပ်အတည်း ကော်မတီလို့ လွယ်လွယ်ပဲခေါ်လိုက်ကြတာ ဖြစ်မှာပေါ့။ ကျွန်တော်တို့ မြန်မာမှာ ချောင်းဆိုးပျောက်ဆေးကို ချောင်းဆိုးဆေးလို့ လွယ်လွယ် ခေါ်လိုက်သလိုပေါ့ဗျာ။ ဆိုပါဦး၊ အဲ့ဒီလူဦးရေ အကျပ်

အတည်း ကော်မတီက ဘာတွေကို ဘယ်လိုလေ့လာပြီး ဘယ်လို ပြောသလဲ။

မောက်။ အဲဒီကော်မတီက နိုင်ငံ ၄၅ နိုင်ငံက မြို့ကြီးပေါင်း ၁၀၀ ရဲ့ လူ နေမှုအခြေအနေကို လေ့လာပြီး အမှတ်ပေးစနစ်နဲ့ ခွဲခြားပြတယ်ဗျ၊ အမှတ်အများဆုံးက ၁၀၀ အထိ ပေးထားတယ်။

နောက်။ ဘယ်မြို့ကြီးတွေက နေလို့ထိုင်လို့ အကောင်းဆုံးတဲ့လဲ။ အမှတ် ၁၀၀ ပြည့်တဲ့မြို့ ဘယ်နှမြို့တဲ့လဲဗျ။

မောက်။ အမှတ် ၁၀၀ ပြည့်တဲ့မြို့တော့ တစ်မြို့မှ မရှိဘူးဗျ၊ ၈၆ မှတ်ရတဲ့ မြို့ဟာ အမှတ်အများဆုံးပဲ။ ၈၆ မှတ်ရတဲ့မြို့ သုံးမြို့ကို ပြထား တယ်။

နောက်။ ဘယ်မြို့တွေလဲဗျ။

မောက်။ ဩစတြေးလျနိုင်ငံက မဲလ်ဘုန်းမြို့ရယ်၊ ကနေဒါနိုင်ငံက မွန်ထရီ ယယ် မြို့ရယ်၊ အမေရိကန်ပြည်ထောင်စုက ဆီအက်တယ်-တာ ကိုးမားရယ်၊ သူတို့သုံးမြို့က အမှတ်အများဆုံး၊ အမှတ်အနည်းဆုံး ကတော့ အာဖရိကတိုက်က လေးဂေါ့စ်မြို့ပဲဗျ၊ ၁၀ မှတ်ပဲရတယ်။

နောက်။ ကျုပ်တို့ မဟာရန်ကုန်မြို့ကော မပါဘူးလား။

မောက်။ ဘူခါရက်စ်နဲ့ ရန်ကုန်က အချက်အလက်မရလို့ မဖော်ပြနိုင်ဘူးလို့ မှတ်ချက်ရေးထားတယ်ဗျ၊ အဲဒီကော်မတီရဲ့ဥက္ကဋ္ဌဖြစ်တဲ့ ဂျိုးဇက် စပီးဒယ်က အမှတ်အများဆုံးရတဲ့ မြို့ကြီးများမှာ လူတွေရဲ့ အခြေခံ လိုအပ်ချက်များကို လူအားလုံးလောက်က ခံစားနိုင်ကြပြီး အမှတ် အနည်းဆုံးရတဲ့ မြို့များမှာတော့ လူတွေရဲ့အခြေခံ လိုအပ်ချက်များ ကို လူတော်တော်များများ မရရှိဘဲဖြစ်နေကြတယ်လို့ ပြောသဗျ။ ဥရောပမှာဆိုရင် တော်တော်နာမည်ကြီးတဲ့ မြို့တော်ကြီးတွေက အမှတ်အရနည်းပြီး မထင်ရှားတဲ့ အက်ဆင်-ဒါတ်မွန်း-ဒူစဗတ် ဆိုတဲ့ ဂျာမန်ပြည်ထောင်စုထဲက မြို့သစ်တွေက အမှတ်အများဆုံး ရသွားတယ်ဗျ။

နောက်။ နို့ နေစမ်းပါဦး၊ အဲဒီကော်မတီက မြို့ကြီးတွေကို အမှတ်ပေးရာမှာ ဘယ်အချက်တွေကို မူတည်ပြီး အမှတ်ပေးတာတဲ့လဲ။

မောက်။ အချက် ဆယ်ချက်ကိုတည်ပြီး အမှတ်ပေးတာဗျ။ အဲဒါတွေကတော့ အများပြည်သူရဲ့လုံခြုံမှု၊ ကျန်းမာရေး၊ ပညာသင်ကြားရေး၊ အိုးအိမ် (လူတစ်ယောက်အတွက် ပျမ်းမျှ ကြမ်းပြင် စတုရန်းပေ ဘယ် လောက် ရှိတယ် စတဲ့သတ်မှတ်ချက်တော့ ရှိတာပေါ့ဗျာ) ပြီးတော့ စားသောက်မှုစရိတ်၊ တယ်လီဖုန်းဆက်သွယ်မှု ကောင်း မကောင်း၊ ယာဉ်အသွားအလာ အခက်အခဲရှိ မရှိ၊ အသံဗလံဆူညံခြင်း ရှိ မရှိ ဆိုတဲ့အချက်တွေလည်း ပါတယ်ဗျ။ လူမျိုးတစ်မျိုးနဲ့ တစ်မျိုး ယဉ်ကျေးမှု ဖြစ်ပေါ်တိုးတက်မှု မတူကြတဲ့အတွက် ယဉ်ကျေးမှု အဆင့်အတန်း မြင့် မမြင့်ဆိုတာကိုတော့ ထည့်သွင်းတွက်ချက်ခြင်း မပြုဘူးလို့ ဆိုသဗျ။

နောက်။ ဒီတော့ အမှတ်များတဲ့မြို့တွေနဲ့ အမှတ်နည်းတဲ့မြို့တွေမှာ ကွာခြား ချက်တွေ သွားတွေ့နေရတာပေါ့။

မောက်။ ဟုတ်တယ်ဗျ၊ တချို့ကွာခြားချက်တွေဟာ တော်တော်အံ့သြစရာ ကောင်းနေတယ်။ ဥပမာ မော်စကို၊ ဝါဆောနဲ့ အက်ဆင်-ဒါတ်မွန်း မဟာမြို့သစ်တို့မှာ ကလေးတွေအားလုံး မူလတန်းကျောင်း တက် ကြတယ်။ ဂျိုဟန်နစ္စဘတ်၊ လာဟိုးနဲ့ လေးဂေါ့စ်တို့လို မြို့တွေမှာ မူလတန်းကျောင်းသားဟာ ကလေးဦးရေ သုံးပုံတစ်ပုံထက် လျော့ နေတယ်။ အာဖရိကတိုက်က ကိတ်တောင်းမြို့ရဲ့ လူသတ်မှုနှုန်းထား ဟာ လူတစ်သိန်းမှာ ၆၅ မှု ရှိနေပြီး (အင်ဒိုနီးရှား) ဘန်ဒေါင်းနဲ့ မက်ဒရစ်တို့မှာ လူတစ်သိန်းမှာ တစ်မှုသာဖြစ်တယ်။ စားသောက် ကုန်ဈေးနှုန်း အမြင့်ဆုံးမြို့တော်ကတော့ အရင်တုန်းက ဆိုင်ဂုံလို့ ခေါ်တဲ့ ဟိုချီမင်းမြို့တော်ဗျ။ ဝင်ငွေရဲ့ ရှစ်ဆယ်ရာခိုင်နှုန်းဟာ စားသောက်စရိတ်နဲ့ ချောတာပဲ။ ဥရောပမြို့တော်တွေထဲမှာတော့ စားသောက်စရိတ် အနည်းဆုံးမြို့ဟာ လန်ဒန်တဲ့ဗျ။ ဝင်ငွေရဲ့ ၁၆ ရာနှုန်းပဲ ကုန်သတဲ့။ ငြိမ်သက်ပြီး အသံဗလံအနည်းဆုံးနဲ့ နေလို့ ထိုင်လို့ကောင်းတဲ့ မြို့တွေကတော့ ဒါးလတ်စ် (အမေရိကန် ပြည်ထောင်စု) စင်ကာပူနဲ့ မန်ချက်စတာတို့ ဖြစ်သတဲ့ဗျ။ အဆူညံ ဆုံး မြို့တွေကတော့ ကရာချိ၊ နယူးယောက်နဲ့ မက္ကဆီကိုမြို့များ

ဖြစ်သတဲ့ဗျ။ အတ္တလန်တာ (အမေရိကန်ပြည်ထောင်စု) နဲ့ ကာရာ ဗလန်ကာ (အာဖရိက) မြို့တွေမှာ မော်တော်ကား ဒရိုင်ဘာတစ်ယောက်ဟာ ရုံးတက် ရုံးဆင်း ယာဉ်ထူထပ်ချိန်မှာ တစ်နာရီကို ကီလိုမီတာ ၆၅ ကီလိုမီတာအထိ အမြန်မောင်းလို့ရတယ်။ ဒါပေမဲ့ လီမာ (ပီရူး)မှာတော့ ရုံးတက်ရုံးဆင်းချိန်မှာ တစ်နာရီကို ၇ ကီလိုမီတာပဲ မောင်းလို့ရသတဲ့။

**နောက်။** ကားများလွန်းလို့ပေါ့၊ အမယ်လေးဗျ၊ ဒီလိုဆို ကိုယ်ပိုင်ကားနဲ့ သွားတာတောင် ရန်ကုန်နဲ့ အင်းစိန်လောက်ဆိုရင် နှစ်နာရီလောက် သွားနေရမယ့်ပုံ ဖြစ်နေပါကလားဗျ။

**မောက်။** စက်မှုကလည်းထွန်းကား၊ လူဦးရေကလည်း ထူထပ်ဆိုတော့ အဲဒီမြို့တော်ကြီးတွေဟာ တစ်နေ့ထက်တစ်နေ့ အသက်ရှူကျပ်လာတော့တာပေါ့ဗျာ။ အဲဒီအထဲမှာ အဆိုးဆုံးကတော့ မက္ကဆီကိုမြို့တော်ပဲဗျ။ မက္ကဆီကိုမြို့တော်ရဲ့ လူဦးရေဟာ ၁၉၄၀ ပြည့်နဲ့ ၁၉၆၅ ခုနှစ်ကြားမှာ လူဦးရေ ၁ သန်းကနေပြီး ၇ သန်းအထိ တိုးလာတယ်ဗျ၊ ၁၉၉၀ ပြည့်နှစ်မှာတော့ မက္ကဆီကိုမြို့တော်ရဲ့ လူဦးရေဟာ ၁၉သန်းဖြစ်လာတယ်လို့ ဆိုသဗျ။

**နောက်။** အလိုလေးလေး… များ လှချည်ကလားဗျ။ ကမ္ဘာမှာ လူဦးရေအများဆုံးလို့ ဟိုတုန်းကပြောခဲ့ကြတဲ့ တိုကျိုတို့၊ ရှန်ဟဲတို့ထက်တောင် ကျော်သွားပါပကောလား။

**မောက်။** ခုလည်း လူဦးရေတိုးနှုန်းဟာ တစ်နှစ်ကို ၃ ဒသမ ၈၆ ရာခိုင်နှုန်းရှိတယ်လို့ ဆိုတယ်ဗျ။ အဲဒီနှုန်းအတိုင်းသာ တိုးသွားရင် မက္ကဆီကိုမြို့တော်ရဲ့ လူဦးရေဟာ သက္ကရာဇ် ၂၀၀၀ ကျရင် သန်းပေါင်း ၃၀ ရှိမယ်လို့ဆိုတယ်။ တိုကျို-ယိုကိုဟားမား မဟာမြို့တော်ကလည်း သူ့လောက်နီးနီး လူဦးရေများနေပြီတဲ့။ ဒါပေမဲ့ ဂျပန်က ချမ်းသာတဲ့တိုင်းပြည်၊ မက္ကဆီကိုက ဆင်းရဲတဲ့တိုင်းပြည် ဆိုတော့ မက္ကဆီကိုမြို့တော်မှာ ပိုပြီးပြဿနာကြီးမယ်လို့ ကျွမ်းကျင်သူများက ခန့်မှန်းကြတယ်။ ဂျပန်ပြည်ရဲ့ အာဗင်ကွန်ပလက်စ်လို့ ခေါ်တဲ့မြို့ပြရပ်ကွက်ကြီး သုံးခုစလုံးဟာ လူဦးရေထူထပ်သည့်တိုင် ကလေး

အသေအပျောက်နှုန်းဟာ သိပ်နည်းတယ်။ ကမ္ဘာမှာတော့ အနည်းဆုံးပဲ။ ကလေးတစ်ထောင်မှ အသေအပျောက်နှုန်းဟာ ငါးယောက်ပဲ ရှိတယ်။ ကန်ပူ (အိန္ဒိယ)မှာဆိုရင် ကလေးအသေအပျောက်နှုန်းဟာ တစ်ထောင်ကို ၁၅၇ ယောက်ရှိတယ်။ လူဦးရေအကျပ်အတည်း ကော်မတီရဲ့ တွက်ချက်မှုအရ နှစ်ဆယ်ရာစုအစမှာ ကမ္ဘာ့လူဦးရေဟာ သန်း ၁၆၀၀ ရှိပြီး လူဦးရေရဲ့ ဆယ်ရာနှုန်းသာလျှင် မြို့ကြီးတွေမှာ နေထိုင်ခဲ့ကြတယ်။ ဒါပေမဲ့ သက္ကရာဇ် ၂၀၀၀ ကို ရောက်တဲ့အခါမှာ ကမ္ဘာ့လူဦးရေဟာ သန်း ၆၃၀၀ ရှိမယ်လို့ ခန့်မှန်းရတယ်။ အဲဒီအခါမှာ ကမ္ဘာ့လူဦးရေရဲ့ တစ်ဝက်ကျော်ကျော်ဟာ မြို့ကြီးပြကြီးတွေမှာ ရောက်နေကြလိမ့်မယ်လို့ ယူဆရတယ်။ ဒီနှုန်းအတိုင်းသာ လူဦးရေကလည်း တိုးနေပြီး ဒီနှုန်းအတိုင်း မြို့ကြီးပြကြီးနေတဲ့ လူဦးရေနှုန်းဟာလည်း တိုးနေမယ်ဆိုရင် အဲဒီ မြို့ကြီးတွေရဲ့ပြဿနာ၊ အထူးသဖြင့် ဖွံ့ဖြိုးစနိုင်ငံများလို့ခေါ်တဲ့ တတိယနိုင်ငံများက မြို့ကြီးပြကြီးတွေမှာ နေထိုင်ရေးကိစ္စဟာ ကြီးမားတဲ့ ပြဿနာကြီးတစ်ရပ် ဖြစ်လာလိမ့်မယ်လို့ ယူဆရတယ်။ အဲဒီ ကော်မတီရဲ့ အဆိုအရ ဒီနှုန်းအတိုင်းသာ မြို့ပြလူဦးရေတွေ တိုးလာနေရင် မြို့တွေဟာ မီဂါစီးတီးမကတော့ဘဲ ဟိုက်ပါစီးတီးလို့ ခေါ်တဲ့ မဟာ့မဟာမြို့ကြီးတွေ ဖြစ်လာကြတော့မယ်။ အဲဒီမြို့ကြီးတွေမှာ မြို့နေသူဦးရေဟာ ၁၅ သန်းလောက် တစ်ဝိုက်မှာ ရှိနေမယ်လို့ ခန့်မှန်းတယ်လို့ ဆိုတယ်။

**နောက်။** အမယ်လေး၊ ဒီလိုဆို ကျုပ်တို့ နေမှနေနိုင်ပါ့ဦးမလား မသိဘူး။

**မောက်။** လူ့ယဉ်ကျေးမှုရဲ့ နှစ်ပေါင်း ၆၀၀၀ အတွင်းမှာ မြို့ပြဆိုတာ အတွေးအခေါ်တွေနဲ့ အနုပညာ၊ အတတ်ပညာတို့ ရောင်းဝယ်ဖောက်ကားတဲ့နေရာ၊ ကုန်စည် ကူးသန်းရောင်းဝယ်ရေးရဲ့ ဗဟိုချက်မ၊ ယဉ်ကျေးမှုရဲ့ အချက်အချာ၊ အုပ်ချုပ်ရေးအာဏာရဲ့ ဌာနချုပ်၊ ဒီတော့ တစ်စတစ်စ မြို့ပြကြီးတွေမှာ လူဦးရေတွေများလာပြီး မီဂါစီးတီးတွေ၊ ဟိုက်ပါစီးတီးတွေ ပေါ်လာတော့တာပေါ့။ ဒါနဲ့အတူ မြို့ပြနေထိုင်မှုပြဿနာတွေလည်း တက်လာတော့တာပေါ့။ ကျုပ်ကတော့ ခင်ဗျား

တို့လို မြို့မှာ မနေနိုင်ရင်လည်း သိပ်မပူပါဘူးဗျာ။ ကိုယ့်ဇာတိကို ပြန်သွားရုံးပေါ့။ စောစောက ကျူပ်ဆိုနေတဲ့ သီချင်းလေးလိုပေါ့၊ 'လာလာလေ လိုက်ခဲ့တော့ မောင်တို့ရွာ၊ လာလေ လာလေ လိုက်ခဲ့တော့ မောင်တို့ရွာ' ဆိုတဲ့ ရှေးသီချင်းကလေးထဲကလိုပေါ့။

နွယ်နီ မဂ္ဂဇင်း
မတ်လ၊ ၁၉၉၁။

# လေးအိမ်တန်းက ညချမ်းစကားဝိုင်း – ၂

## (ပါမောက်နဲ့ ပါနောက်)

**မောက်။** ရတနာ ခုနစ်ပါး ရယ်နဲ့ မော်တော်ကားလည်း ရှိတယ်… ဆင်းရဲတာ နားမလည်၊ မင်းပွဲကိုသွားမယ်… အပေါင်း သဟာများရယ်၊ ကောင်းတာကိုမှ စားမယ်… နန်းတော်ရှေ့ကို မေးလာကြရင်… သူဌေးဝါဒကို ကျွန်တော် ပြောပြပါ့မယ်… စိန်လိုချင်ရင် စိန်ဖြစ်ရမယ်… အိမ် လိုချင်ရင် အိမ် ဖြစ်ရမယ်… လူ့စိတ်ဓာတ်ဟာ လောကအမြတ်ဆုံး တကယ်…

**နောက်။** အလို… သူဌေးဝါဒ သီချင်းကို ဆိုလို့ပါလားဗျ၊ ဘာတွေများ ပွပေါက်တိုးနေလို့ သူဌေးဝါဒသီချင်းကို ဟဲနေတာလဲ၊ ဆယ်သိန်းထီကြီးပေါက်လို့လား၊ ဟိုဟာ တိုက်လို့လား၊ ကျောက်အောင်လို့လား။

**မောက်။** ထီလည်းမပေါက်ဘူး၊ ကျောက်လည်းမအောင်ဘူး။ ဟိုဟာလည်း မတိုက်ဘူးဗျ။ ကန်ထရိုက်ရမှာမို့လို့၊ ကန်ထရိုက်ရမှာမို့လို့။ အဲဒီဖေကိုတို့ သူဌေးဖြစ်တော့မှာ ဆိုပြီး ပျော်နေတာ။

**နောက်။** အို… ဟုတ်လား၊ ကန်ထရိုက်ဆိုရင် ကျွန်တော်လည်း စိတ်ဝင်စားပါတယ်ဗျာ၊ လုပ်ချင်လိုက်တာ။ သဲသွင်းရမှာလား၊ လိပ်သဲကျောက်လား၊ အုတ်လား၊ ဘယ်မှာလဲ၊ ဘာအဆောက်အအုံ ဆောက်မှာလဲ။ တချို့လူတွေအားကျလို့ ကျွန်တော်လည်း ကန်ထရိုက်ကလေး၊ ကုမ္ပဏီကလေး လုပ်ချင်နေတာ။ မြို့ထဲမှာ တိုက်ခန်းကလေးတစ်ခန်း ငှား၊ ရှေ့ခန်းလောက်ဆိုရင်ရတယ်။ စားပွဲကလေးတစ်လုံးချ၊ အဲဒီ

တိုက်ခန်းမှာ တယ်လီဖုန်းကလေးလည်းရှိတော့ ဟန်ကျလို့။ပြီးတော့ အဲဒီငှားထားတဲ့ တယ်လီဖုန်းနဲ့ ငှားထားတဲ့ တိုက်ခန်းလိပ်စာနဲ့ လိပ်စာကတ်ပြား ကောင်းကောင်းရိုက်၊ မစ္စတာပါနောက်၊ အေဘီစီ ဒီအီးအက်ဖ်ဂျီ ကုမ္ပဏီ၊ ကိုယ်စားလှယ်၊ ရန်ကုန်၊ မြန်မာ ဆိုတဲ့ စာတန်းကို အင်္ဂလိပ်ရိုက်၊ လက်ထဲမှာ အတာက်ချီကေ့စ် တစ်လုံးကိုဆွဲ၊ မြို့ထဲလာ၊ မြို့ထဲရောက်တော့ လက်ဖက်ရည်ဆိုင်ထိုင်၊ ကားပွဲစား တန်းလျှောက်၊ တရုတ်တန်းလျှောက်၊ ကျပန်းအရောင်းအဝယ် ကလေးလုပ်၊ ဘယ်လောက် ဟန်ကျသလဲ၊ ခု ခင်ဗျားလုပ်မယ့် ကန်ထရိုက်နဲ့ဆိုရင် သာတောင် တွဲမိသေးတယ်။ ဒီတော့ ကျုပ်တို့ နှစ်ယောက် အတူလုပ်ကြမယ်။ ဆိုစမ်း၊ ခင်ဗျား ကန်ထရိုက်က ဘာကန်ထရိုက်လဲ။ ဘယ်မှာ လုပ်မှာလဲ။ တစ်ခါလျှောက်လွှာတွေ က ဘယ်မှာ သွားတင်ရမလဲ။ ကျုပ်မှာလည်း အဆက်ကလေးတွေ ရှိပါတယ်။ ကန်ထရိုက်က ဘယ်မှာလုပ်မှာလဲ။

မောက်။ ကူဝိတ်မှာ။

နောက်။ ဗျာ၊ ဟေ့လူ ကျုပ် အတည်ပြောနေတာ။

မောက်။ ကျုပ်ကလည်း အတည်ပြောနေတာပဲ။ ကူဝိတ် ပြန်လည်ထူထောင် ရေးအတွက် ကန်ထရိုက်လုပ်ငန်းတွေ အပြိုင်လျှောက်နေကြတဲ့ သတင်းကိုဖတ်ပြီး ကိုယ်လည်း ပိုက်ဆံရှိရင် ကူဝိတ်မှာ ကန်ထရိုက် လုပ်ရရင် ကောင်းမှာလို့တွေးမိပြီး သူဌေးဝါဒကို ဟဲနေတုန်း ခင်ဗျား ရောက်လာတာ။

နောက်။ ကဲ... ကန်ထရိုက်ရတာ မရတာ အပထားပြီး ကူဝိတ် ပြန်လည် ထူထောင်ရေးအကြောင်းကို ဆိုစမ်းပါဦး။ စစ်ပွဲပြီးသွားတော့ တော် သေးတာပေါ့ဗျာ။

မောက်။ အင်း... တစ်ပွဲတော့ ပြီးသွားပြန်ပြီဆိုပြီး အသက်ရှူချောင်တာက အမှန်ပေါ့လေ။ ဒါပေမဲ့ စိတ်ချလက်ချ သက်ပြင်းမချနိုင်သေးဘူးဗျ။ နောက်ထပ် ဘာပြဿနာတွေ တက်ဦးမလဲလို့ စိုးရိမ်နေရတုန်းပဲ။ ခုဟာက ယာယီ အပစ်အခတ် ရပ်စဲရေးပဲရှိသေးတယ်။ ဘယ်နေ့မှာ ဘာထဖြစ်ဦးမယ်လို့ ပြောလို့မရသေးဘူး။ ဒီအထဲမှာ စစ်ပြီးခေတ်

ကူဝိတ်ကိုကြည့်ရတာကလည်း စိတ်မချမ်းသာစရာကြီး မည်းမှောင်နေတဲ့ ကောင်းကင်အောက်မှာ တဟုန်းဟုန်းတောက်လောင်နေတဲ့ ရေနံတွင်းကြီးတွေကို ကြည့်ရတာ သွေးပျက်စရာလည်း ကောင်းရဲ့။ နှမြောစရာလည်း ကောင်းရဲ့၊ စိတ်မချမ်းသာစရာလည်း ကောင်းရဲ့။ ကူဝိတ်ပြည် ပြည်လည်ထူထောင်ရေး အတွက်လည်း ရင်လေးမိရဲ့။

**နောက်**။ ဆိုစမ်းပါဦး၊ ဘာတွေများတွေ့လို့ ကြားလို့ စိတ်လေးရတာလဲ။

**မောက်**။ ပင်လယ်ကွေ့ စစ်ပွဲပြီးလို့ ကူဝိတ်က အီရတ်တပ်တွေ ဆုတ်ခွာသွားတဲ့နောက်မှာ မြေလှန်စနစ်ကို ကျင့်သုံးခဲ့လို့ ကူဝိတ်ကို ပြန်လည်ထူထောင်ရမယ့် စရိတ်တွေ၊ ပစ္စည်းတန်ဖိုးတွေ၊ လူလုပ်အားတွေဟာ ဘယ်လောက်များ ကုန်ကျမလဲဆိုတာကို တွေးမိလို့ပါ။

**နောက်**။ ဒါကတော့ဗျာ၊ သူတို့က ရေနံဒေါ်တိကတွေပဲ၊ အကုန်ခံနိုင်ပါတယ်။

**မောက်**။ သူတို့ အကုန်ခံနိုင်တာက အရေးမကြီးဘူး။ အဲဒါတွေက ခင်ဗျားတို့ ကျွန်တော်တို့ ကမ္ဘာသားတွေအပေါ်မှာ သွယ်ဝိုက်လို့တစ်ဖုံ၊ တိုက်ရိုက်တစ်နည်းနဲ့ ရောက်လာမှာကို စိုးရိမ်မိသဗျ။ ကူဝိတ်ကနေအီရတ်တွေ ထွက်သွားအောင်တိုက်ခဲ့ရတဲ့ စစ်စရိတ်က ဒေါ်လာသန်း ၅၀,၀၀၀ ကုန်သတဲ့။ နောက်ဆယ်နှစ်အတွင်းမှာ ကူဝိတ်ကိုနဂိုအခြေအနေရောက်အောင် ပြန်ထူထောင်ရမယ့်စရိတ်က ဒေါ်လာသန်း ၂၀၀,၀၀၀ ကုန်မယ်လို့ ခန့်မှန်းသတဲ့။ သေနတ်နဲ့တိုက်ရတဲ့စစ်ပွဲကြီးပြီးလို့ မကြာခင်မှာပဲ ငွေနဲ့တိုက်ရမယ့်စစ်ပွဲကြီး ပေါ်လာတော့မယ်လေ။ ခုပဲ ကမ္ဘာမှာရှိတဲ့ ကုမ္ပဏီကြီးတွေဟာ ကမ္ဘာ့သမိုင်းမှာ အကြီးကျယ်ဆုံးဖြစ်တဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို လုပ်ဖို့ အပြိုင်အဆိုင် ကန်ထရိုက်ဆွဲနေကြပြီ။ အဲဒီထဲမှာဆေးရုံတွေ၊ ပြန်လည် တည်ဆောက်ဖို့ကိစ္စကအစ ရေနံချက်စက်ရုံတွေ ပြန်လည်တည်ဆောက်ဖို့အထိ လုပ်ငန်းအားလုံးနီးပါးလောက်ပါတယ်။ ကူဝိတ်ကိုပြန်သိမ်းပြီး ချက်ချင်းလုပ်ရမယ့် အလုပ်ကရေနံတွင်းတွေမှာ လောင်နေတဲ့မီးတွေကို ငြိမ်းသတ်ဖို့၊ ရေရရှိဖို့၊ လျှပ်စစ်ဓာတ်အားရရှိဖို့၊ အပျက်အစီးတွေကို ရှင်းလင်းဖို့၊ မိုင်းတွေကို ရှင်းလင်းဖို့ စတဲ့လုပ်ငန်းတွေ ပါတယ်။ အဲဒါတွေက ဒေါ်လာသန်း ၅၀၀ လောက် ကုန်မယ်လို့ ခန့်မှန်းရသတဲ့။

နောက်။ အမယ်လေးဗျ၊ မီးသတ်ဖို့နဲ့ အမှိုက်ရှင်းဖို့ကိစ္စတွင် သန်း ၅၀၀ တဲ့၊ ဟုတ်လား။

မောက်။ အပျက်အစီးတွေ ဘယ်လောက်ရှိသလဲ ဆိုတာကို ခန့်မှန်းဖို့ ကူဝိတ်အစိုးရက အမေရိကန်တပ်မတော် အင်ဂျင်နီယာတပ်ဖွဲ့တွေကို ငှားလိုက်သတဲ့။ အဲဒီခန့်မှန်းဖို့ ငှားရမ်းရတဲ့ အခကြေးငွေက ဒေါ်လာ ၄၆ သန်းတဲ့ဗျ။

နောက်။ အပျက်အစီးကို ခန့်မှန်းတဲ့ကြေး ပေးရတာကိုက မနည်းပါလားဗျ။

မောက်။ ဒါက အကင်းပဲရှိသေးတယ်ဗျ၊ တကယ့်အလုံးအရင်းနဲ့ ရမယ့်သူတွေကတော့ ရေနံတွင်းတွေ၊ ရေနံချက်စက်ရုံတွေကို ပြန်ပြင် တည်ဆောက်ပေးရတဲ့ ကုမ္ပဏီကြီးတွေပဲ။ ဆန်ဖရန်စစ္စကိုမှာ အခြေစိုက်တဲ့ ဘက်ချ်တယ်အစုဆိုရင် အဲဒီ ရေနံစက်မှုလုပ်ငန်းကို ပြန်လည်တည်ဆောက်ရာမှာ ကြီးကြပ်ဖို့အတွက်ဆိုပြီး ဒေါ်လာ သန်းပေါင်း ၅၀၀ လောက် တန်တဲ့ ကန်ထရိုက်စာချုပ်တစ်ခုကို လက်မှတ်ရေးထိုးပြီးပြီ။ ဒါက ကြီးကြပ်ခသက်သက်ရယ်၊ သူ့ရဲ့ရင်းနှီးမြှုပ်နှံမှုက ပေါ်ထွက်လာမယ့် အမြတ်အစွန်းက နှစ်အနည်းငယ်အတွင်းမှာ ဒေါ်လာသန်းပေါင်း ၆၀၀,၀၀၀ လောက်ရမယ်လို့ ယူဆသတဲ့။ ရေနံစက်မှုလုပ်ငန်း ပြန်လည်ထူထောင်ရေးမှာ နောက်ထပ် ကန်ထရိုက်ရမယ့် ကုမ္ပဏီကြီးတွေကတော့ ကယ်လီဖိုးနီးယားမှာ အခြေစိုက်တဲ့ ဟာလီဘာတ်တန်အစုတို့ ဖြစ်သတဲ့ဗျ။ အဲဒီကုမ္ပဏီကြီးတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း လေးဆယ်လုံးလုံး ကူဝိတ်ရဲ့ ရေနံစက်မှုလုပ်ငန်းကို ကန်ထရိုက်ယူပြီး တည်ဆောက်ပေးခဲ့ကြတဲ့ ကုမ္ပဏီတွေ ဖြစ်တယ်။ ဒါ့ကြောင့် ကူဝိတ်အစိုးရဟာ ဝယ်နေကျဈေးသည်ဆီကို ဝယ်တဲ့သဘောပဲလို့ ယူဆရတယ်။

နောက်။ ဒီလိုဆို ကူဝိတ်ရေနံတွင်းတွေကို ပြန်ဆယ်၊ ဓာတ်ဆီတွေကို ပြန်ချက်နိုင်ပြီဆိုရင် မကြာခင် ရေနံဈေးနှုန်းတွေ၊ ဓာတ်ဆီဈေးနှုန်းတွေ၊ လောင်စာဆီဈေးနှုန်းတွေ ကျတော့မှာပေါ့။ ဝမ်းသာစရာကြီးပါဗျာ။

မောက်။ နိုး၊ နိုး။ သိပ်လောမကြီးနဲ့ဦးလေ။ ခုလောလောဆယ်မှာ ဘာမှ မလုပ်နိုင်သေးဘူး။ အီရတ်တွေက မီးရှို့ဖျက်ဆီးပစ်ခဲ့လို့ ကူဝိတ်

ရေနံတွင်းတွေဟာ အဝီစိက ပစ်လွှတ်လိုက်တဲ့ မီးရှူးမီးပန်း ဖြစ်နေတယ်။ ခုလောလောဆယ်မှာတော့ ရေနံထုတ်ဖို့ မပြောနဲ့ဦး။ ကူဝိတ်မှာရှိတဲ့ ရေနံတွင်းပေါင်း ၁၀၀၀ လောက်အနက် ရေနံတွင်းပေါင်း ၆၀၀ ကျော်လောက်ကို အီရတ်တွေ မီးရှို့ပစ်ခဲ့ကြလို့ လောင်နေတုန်းပဲ ရှိသေးတယ်။ ဒီမီးတောက်တွေကို ငြိမ်းဖို့အတွက် ရေဂါလန် သန်းပေါင်းများစွာ၊ ဒိုင်းနမိုက် တန်ပေါင်းများစွာနဲ့ ပေါက်ကွဲစေတတ်တဲ့ ယမ်း တန်ပေါင်းများစွာလိုတယ်။ ဟူစတန်မြို့က မီးသတ်ကုမ္ပဏီကြီးတစ်ခုက ကမ္ဘာကျော် မီးသတ်ဗိုလ်တစ်ဦးဖြစ်တဲ့ ရက်အဒဲယားက သူ့တစ်သက်မှာ တောမီးတွေ၊ မြို့မီးတွေကို တွေ့ခဲ့ဖူးပေါင်း များလှပြီ။ ဒီလောက်ကြီးတဲ့မီးကို တစ်ခါမှ မတွေ့ဖူးသေးဘူးတဲ့။ ကျွမ်းကျင်သူတွေရဲ့ အဆိုအရ ကူဝိတ်ရေနံတွင်းက မီးတွေကို ငြိမ်းသတ်ဖို့၊ ရေနံလုပ်ငန်းကို ပြန်လည်ထူထောင်ဖို့အတွက် နောင် လေးငါးနှစ်အတွင်းမှာ ဒေါ်လာ သန်းပေါင်း ၁၃,၀၀၀ လောက် ကုန်ကျလိမ့်မယ်လို့ ခန့်မှန်းနေကြတယ်။

**နောက်**။ ကုမ္ပဏီကြီးတွေကတော့ ပွတာပေါ့။

**မောက်**။ ကူဝိတ်အစိုးရက သူ့တိုင်းပြည် လွတ်မြောက်ရေးမှာ ကူညီကြတဲ့ နိုင်ငံတွေကို အစဉ်အလိုက် ဦးစားပေးမယ်လို့ အဆိုရှိတယ်။ ပထမဆုံး အမေရိကန်ကုမ္ပဏီကြီးတွေ၊ နောက် ဗြိတိသျှကုမ္ပဏီကြီးတွေ၊ နောက် ပြင်သစ်ကုမ္ပဏီကြီးတွေနဲ့ အခြားသောမဟာမိတ် အာရပ်နိုင်ငံက ကုမ္ပဏီကြီးတွေကို ဦးစားပေးမယ်လို့ သိရသဗျ။

**နောက်**။ ဘယ်သူတွေက ဘာကန်ထရိုက်တွေများ ရသတဲ့လဲဗျ။

**မောက်**။ အမေရိကန် ကုမ္ပဏီကြီးတွေဖြစ်တဲ့ ဘက်တယ်အစုတို့၊ ဖလူဝါတို့၊ ဟာလီဘတ်တန်တို့ စတဲ့ ရေနံတူးဖော်ရေး ကုမ္ပဏီကြီးများက ရေနံချက်ရုံတွေ ပြန်လည်ထူထောင်ဖို့ ကန်ထရိုက် ရသွားကြသဗျ။ ဟူစတန်မှာရှိတဲ့ မီးသတ်ကုမ္ပဏီကြီးတွေက ကူဝိတ်ရေနံတွင်းတွေက မီးတွေကိုငြိမ်းသတ်ဖို့ ကန်ထရိုက်ရသွားကြသဗျ။ ဗြိတိသျှကုမ္ပဏီ တစ်ခုဖြစ်တဲ့ အက်တဝုကုမ္ပဏီက ကူဝိတ်မြို့ထဲမှာ ပျက်စီးနေတဲ့ အပျက်အစီးတွေ၊ အမှိုက်တွေကိုရှင်းလင်းဖို့ ဒေါ်လာသန်း

၁၀၀၀ တန် ကန်ထရိုက်တစ်ခု ရသွားတယ်ဗျ။ ပြင်သစ်ကတော့ ဘာကန်ထရိုက်မှ မရသေးဘူး။ ဒါပေမဲ့ ပြင်သစ်လည်း ကန်ထရိုက် ရမှာပါပဲ။ ကူဝိတ်အစိုးရက သူ့တိုင်းပြည်လွတ်မြောက်ရေးမှာ ပါဝင် တိုက်ခိုက်ခဲ့တဲ့ မဟာမိတ်အဖွဲ့ထဲက နိုင်ငံများအားလုံးကို သင့်လျော် တဲ့ ကန်ထရိုက်များ ပေးပါမယ်လို့ ကြေညာထားသဗျ။

**နောက်**။ အေးလေ၊ ကိုယ်က ဆားပေးတော့ ဆေးယူတဲ့သဘောပေါ့။ တခြား အာရပ်နိုင်ငံတွေကကော ဘာကန်ထရိုက်တွေများ ရသေးသတဲ့လဲ။

**မောက်**။ ကူဝိတ်နိုင်ငံက အီရတ်တို့ကို မောင်းထုတ်တဲ့နေရာမှာ ဆော်ဒီအာ ရေးဗီးယားနိုင်ငံဟာ ရှေ့တန်းကပါခဲ့တဲ့ နိုင်ငံပဲဗျ။

**နောက်**။ မပါလို့လည်း မဖြစ်ဘူးလေ၊ ကူဝိတ်ပြီးရင် ဆက်ဒမ်က ဆော်ဒီ အာရေးဗီးယားကို ဝင်တော့မှာကို စိုးရိမ်နေရပြီမဟုတ်လား။ သူက ရှေ့တန်းစစ်မျက်နှာ ဖြစ်နေတာ။

**မောက်**။ ဟုတ်သဗျ၊ စစ်ပွဲကာလတုန်းကလည်း ဆော်ဒီဟာရှေ့တန်းက ပါခဲ့ တယ်။ စစ်ပြီးတော့လည်း ကူဝိတ်ကို အစားအစာဆေးဝါးအတွက် ဒေါ်လာ ၈၆ သန်းဖိုး လှူခဲ့သေးတယ်။ ဒါကြောင့် ကူဝိတ်က သူ့ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဘိလပ်မြေနဲ့ အဆောက်အအုံ ဆောက် လုပ်ရေး ပစ္စည်းတွေတင်သွင်းဖို့ ကန်ထရိုက် ပေးလိုက်သဗျ။

**နောက်**။ ဟန်ကျလိုက်လေဗျာ၊ အဲဒီက မှောင်ခိုထုတ်တဲ့ ဘိလပ်မြေတွေ ရောက်လာရင်တော့ ဓိမ်ပဲ။ နို့ နေစမ်းပါဦး၊ ကူဝိတ်ဘက်က ထောက်ခံခဲ့တဲ့ တခြားအာရပ်နိုင်ငံတွေကကော ဘယ်လိုကျေးဇူး တုံ့ပြန်မှုတွေကိုများ ရကြသတဲ့လဲ။

**မောက်**။ သူတို့လည်း တန်ရာတန်ရာကိုတော့ ရကြတယ်လို့ ဆိုရမှာပေါ့။ အီဂျစ်ကတော့ ကန်ထရိုက်မဆွဲနိုင်ရှာဘူး ထင်ရဲ့။ အရင်တုန်းက ကူဝိတ်မှာ သွားအလုပ်လုပ်ကြတဲ့ အလုပ်သမားတွေထဲမှာ အီဂျစ် တွေ၊ ပါလက်စတိုင်းတွေ၊ ယီမင်လူမျိုးတွေပါသဗျ။

**နောက်**။ စစ်ပွဲကာလတုန်းက ပါလက်စတိုင်းခေါင်းဆောင် အာရာဖတ်နဲ့ ယီမင်တို့က ဆက်ဒမ်ကို ထောက်ခံခဲ့ကြတယ် မဟုတ်လား။

မောက်။ ဟုတ်တယ်ဗျ။ ဒါ့ကြောင့်မို့ ကူဝိတ်ရဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများမှာ သူတို့တစ်တွေကို အလုပ်သမားအဖြစ် မသုံးတော့ဘူးလို့ ကူဝိတ်က လေသံထွက်နေတယ်။ အများအားဖြင့် အီဂျစ်အလုပ်သမားတွေကိုပဲ သုံးတော့မယ်တဲ့။ စစ်မဖြစ်ခင်တုန်းက ကူဝိတ်ကိုသွားပြီး အလုပ်လုပ်နေတဲ့ အီဂျစ်အလုပ်သမားပေါင်းဟာ လေးသိန်းလောက်ရှိတယ်။ ခု ယီမင်နဲ့ ပါလက်စတိုင်း အလုပ်သမားတွေကို လက်မခံဘူးဆိုရင်တော့ သည့်ထက်များလာလိမ့်မယ်လို့ ယူဆရတယ်။ ဒီတော့ အီဂျစ်က အလုပ်သမားကန်ထရိုက် ရမှာပေါ့ဗျာ။

နောက်။ ဒါဖြင့် ပင်လယ်ကွေ့စစ်ပွဲမှာ စစ်တပ်များအနေနဲ့ ပါဝင်တိုက်ခိုက်ခြင်း မရှိပေမယ့် စိတ်ဓာတ်ရေးရာအရ၊ ငွေရေးကြေးရေးအရ ကူညီခဲ့ကြတဲ့ ဂျာမနီတို့လို၊ ဂျပန်တို့လို နိုင်ငံတွေကိုရော ကူဝိတ်က ဘယ်လိုများ ကျေးဇူးဆပ်မှာတဲ့လဲ။

မောက်။ အဲဒါ ပြဿနာပဲဗျ၊ ဂျပန်ဟာ ကမ္ဘာမှာ အင်အားအကောင်းဆုံးသော စီးပွားရေး မဟာအင်အားကြီးနိုင်ငံပဲဗျ။ ဒါပေမဲ့ ခုထိတော့ ကူဝိတ်ပြည်သစ် တည်ဆောက်ရေးမှာ ကန်ထရိုက်ရဖို့ ကြိုးစားတဲ့အရိပ်အရောင်ကို မတွေ့ရသေးဘူး။ ဂျပန်အစိုးရ ခေါင်းဆောင်တွေကလည်း ဒီလိုကန်ထရိုက် အပြိုင်ဆွဲတာမျိုးဟာ 'ခဂျီဘာဒိုးရဘိုး'နဲ့ အတူတူပဲဆိုပြီး ဂျပန်ကုမ္ပဏီကြီးတွေကို သတိပေးထားတယ်။

နောက်။ ဘာလဲဗျ၊ ခဂျီဘာဒိုးရဘိုး ဆိုတာ။

မောက်။ ဟဲ ဟဲ... ဒီနေရာမှာတော့ ပြင်သစ်ကျောင်းတက်နေတဲ့ ခင်ဗျားထက် သာသွားပြီ။ ခဂျီဘာဒိုးရဘိုး ဆိုတာ မီးလောင်နေတုန်းမှာ ခိုးတဲ့ သူခိုးတဲ့။ သူတို့ကုန်သည်တွေဟာ ခဂျီဘာဒိုးရဘိုး မဖြစ်စေရဘူးလို့ ဂျပန်အစိုးရက ကုန်သည်များကို သတိပေးထားသတဲ့ဗျ။ ဂျပန်ကုန်သည်တွေကလည်း ကူဝိတ်ပြည်သစ် တည်ဆောက်ရေးလုပ်ငန်းကို သူတို့ စောင့်ကြည့်ဦးမယ်လို့ ပြောနေကြသဗျ။ ခုထိတော့ ဘာကန်ထရိုက်မှ မဆွဲသေးဘူး။ အကယ်၍ ကူဝိတ်က သူတို့ကို ချဉ်းကပ်လာတယ်ဆိုရင်တော့ စဉ်းစားမယ်လို့ ပြောထားတယ်။

နောက်။ ကမ္ဘာမှာ တစ်ဦးတည်းသော အင်အားအကောင်းဆုံးသော စီးပွားရေး မဟာ အင်အားကြီးနိုင်ငံဆိုတော့ အပေါ်စီးက ပြောနိုင်ပေတာပေါ့ဗျာ။

မောက်။ အဲဒါလည်း ပါတယ်။ နောက်တစ်ပိုင်းက ဂျပန်ကိုယ်တိုင်မှာလည်း ကန်ထရိုက်စာချုပ်တွေကို ကိုယ်က စတင်ကမ်းလှမ်းဖို့ အခက်အခဲရှိတန်သလောက် ရှိနေတယ်ဗျ။

နောက်။ ဘယ်လို အခက်အခဲလဲ။

မောက်။ ပင်လယ်ကွေ့ စစ်ပွဲ စဖြစ်လာတော့ ဂျပန်ခေါင်းဆောင်တွေမှာ ပြဿနာတစ်ခုနဲ့ သွားတိုးနေတယ်။ အဲဒါကတော့ ပင်လယ်ကွေ့ကို စစ်တပ်တွေပို့မလား၊ မပို့ဘူးလားဆိုတဲ့ ပြဿနာ။ စစ်ပြီး ဂျပန်ပြည်ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေအရ ဂျပန်လက်နက်ကိုင်တပ် တိုင်းတစ်ပါးကို စေလွှတ်ခွင့်မရှိဘူး။ ဂျပန်ပြည်သူများကလည်း ပင်လယ်ကွေ့စစ်ပွဲကို ဂျပန်လက်နက်ကိုင်တပ်တွေ မပို့ရဘူးလို့ ကန့်ကွက်ခဲ့ကြတယ်။ ဒီတော့ ဂျပန်ဟာ ပင်လယ်ကွေ့စစ်ပွဲမှာ ကိုယ်ထိလက်ရောက် ဘာမှပါဝင်တိုက်ခိုက်ခဲ့ရတာ မဟုတ်ဘူး။ ခုကိစ္စက သူ့တိုင်းပြည်ကို လွတ်မြောက်အောင် လုပ်ပေးတဲ့ နိုင်ငံတွေကို ဦးစားပေးပြီး ကူဝိတ်အစိုးရက ကန်ထရိုက်လုပ်ငန်းတွေ ချပေးနေတယ်။ ဒါ့ကြောင့်မို့ ဂျပန်အနေနဲ့ ကန်ထရိုက်ကိစ္စကို အပြောရခက်နေတယ်။ ကန်ထရိုက်ရမလားလို့ မျှော်လင့်ရတာကိုလည်း ကိုယ့်ကိုယ်ကိုယ် လိပ်ပြာမလုံ ဖြစ်နေတယ်။ ဒါကြောင့်မို့ ဂျပန်အစိုးရက ကန်ထရိုက်တွေရမလားလို့ မျှော်မနေကြနဲ့၊ ခဂျိဘာဒိုးရဘိုး မလုပ်ကြနဲ့လို့ သတိပေးနေတာပေါ့။ ဒါပေမဲ့ ကုန်သည်တွေကတော့ အနည်းအများ မျှော်တာပေါ့ဗျာ။ ဂျပန်လုပ်ငန်းရှင်တစ်ဦးက အကယ်၍ ကူဝိတ်က ကျွန်တော်တို့ကို ချဉ်းကပ်လာမယ်ဆိုရင် ကျွန်တော်တို့ကလည်း စဉ်းစားဖို့အဆင်သင့် ရှိတယ်လို့ လေသံပစ်ထားတယ်။ ဒါက ပြဿနာရဲ့ ဘက်တစ်ဖက်။

နောက်။ နောက်တစ်ဖက်ကကောဗျ။

မောက်။ သူလည်းလေ လောကီသားပေမို့ ဆိုတဲ့စာလို ဂျပန်လည်း လောကီသားပဲဗျာ၊ ကန်ထရိုက် လိုချင်တာပေါ့။ ပြီးတော့ သူက ကိုယ်တိုင်ကိုယ်ကျသာ ပါဝင်တိုက်ခိုက်ခြင်း မပြုခဲ့ရပေမယ့် ပင်လယ်ကွေ့စစ်စရိတ်အတွက် အများကြီးကူခဲ့တယ် မဟုတ်လား။ ကူအောင်အမေရိကန်ကလည်း ဖိအား တွန်းအားတွေ ပေးခဲ့တယ်မဟုတ်လား။ ဒါ့ကြောင့် ပင်လယ်ကွေ့စစ်ပွဲမှာ ပထမအရစ်အနေနဲ့ ဒေါ်လာသန်း ၂၀၀၀ ကူခဲ့ရတယ်။ ဒုတိယအရစ်အနေနဲ့ ဒေါ်လာသန်း ၉၀၀၀ ကူခဲ့ရတယ်။ စုစုပေါင်း ဒေါ်လာသန်း ၁၁,၀၀၀ ရှိတယ်။ သတင်းတစ်ခု အဆိုအရတော့ ဒေါ်လာသန်း ၁၃,၀၀၀ ရှိတယ်လို့ ဆိုတယ်။

နောက်။ ဟုတ်တာပေါ့လေ၊ သူ့မှာ ကန့်သတ်ချက်တွေကြောင့် လက်နက်ကိုင်တပ်တွေ မပို့နိုင်ခဲ့ပေမယ့် ငွေကြေးအများဆုံး ကူခဲ့ရတာပဲ။ ဒီတော့ သူလည်း ကန်ထရိုက်ရမယ်ဆိုရင်တော့ ရသင့်မှာပေါ့။

မောက်။ ဟုတ်တယ်ဗျ၊ ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့ နိုင်ငံတွေကြောင့် ကိုယ်က ဝင်တန်းစီလို့ မကောင်းတဲ့အတွက် ဘေးကထိုင်ကြည့်နေရပေမယ့် သူလည်း အထိုက်အလျောက်တော့ ရသင့်တယ်လို့ ယူဆမှာပဲ။ တချို့ ဂျပန်ကုမ္ပဏီများကတော့ ကူဝိတ်ဟာသူတို့ဘာသာ တည်ဆောက်တဲ့ အဆောက်အအုံတွေကို ပစ္စည်းကိရိယာတွေတပ်ဆင်ဖို့ ကိစ္စမျိုးကို ဂျပန်တွေကို ကန်ထရိုက်ပေးလိမ့်မယ်လို့ မျှော်လင့်နေကြတယ်။ တိုရှီဘာကုမ္ပဏီက ဒါရိုက်တာကတော့ ပစ္စည်းတွေကို ပြန်လည်တပ်ဆင်ရင် နဂိုမူလက တပ်ဆင်ခဲ့သူများသာလျှင် စေ့စပ်သေချာစွာ တပ်ဆင်နိုင်လိမ့်မယ်လို့ ပြောသဗျ။ တိုရှီဘာကုမ္ပဏီဟာ ပင်လယ်ကွေ့စစ်မဖြစ်မီတုန်းက ကူဝိတ်မှာရှိတဲ့ လျှပ်စစ်ဓာတ်အားပေးရုံ တစ်ဝက်ကျော်ကို ပစ္စည်းတပ်ဆင်ပေးခဲ့တဲ့ ကုမ္ပဏီပဲဗျ။

နောက်။ ဟုတ်တာပေါ့ဗျာ၊ ဒီလောက်တော့ ရဖို့ကောင်းတာပေါ့။ နို့ နေစမ်းပါဦး။ ဂျပန်လိုပဲ လူမစိုက်သော်လည်း ငွေစိုက်ခဲ့တဲ့ တိုင်းပြည်တွေရှိသေးသလား။

မောက်။ အင်း··· အဖော်တော့ရှိလို့ တော်သေးတာပေါ့ဗျာ။

**နောက်**။ ဘယ်သူများလဲဗျ။

**မောက်**။ ဂျာမနီလေဗျာ၊ ဂျပန်လိုပဲ သူကလည်း ပင်လယ်ကွေ့ စစ်ပွဲကို လက်နက်ကိုင်တပ်တွေ မပို့ခဲ့ဘူး။ ဒါက တစ်ချက်၊ နောက်တစ်ချက်က ဂျာမန်ကုမ္ပဏီတွေဟာ ဆက်ဒမ်ဟူစိန်ရဲ့ ဓာတုလက်နက် စက်ရုံတွေ တည်ဆောက်ခဲ့တုန်းက တိတ်တိတ်ပုန်း ကူညီခဲ့ကြတာတွေ ရှိတယ်။ ပစ္စည်းရောင်းခဲ့ကြတာတွေ ရှိတယ်။ ဒါကြောင့်မို့ သူ့အနေနဲ့လည်း ဂျပန်လိုပဲ ကန့်ထရိုက်တောင်းရမှာ နည်းနည်းခက်နေတယ်။

**နောက်**။ ဟုတ်တာပေါ့လေ၊ အမေရိကန်တို့၊ အင်္ဂလိပ်တို့၊ ပြင်သစ်တို့အထဲမှာ ဝင်ပြီးတန်းစီရတာ နည်းနည်းခက်တာပေါ့။

**မောက်**။ ဒါပေမဲ့ သူကလည်း ဂျပန်လိုပဲလေ။ ပင်လယ်ကွေ့ စစ်ပွဲအတွက် အမေရိကန်ရဲ့ ဖိအားပေးမှုကြောင့် တစ်ဖက်မှာ ပင်လယ်ကွေ့စစ်စရိတ်တွေ ထည့်ခဲ့ရတယ် မဟုတ်လား။

**နောက်**။ အလို… သူကလည်း စစ်စရိတ်ထည့်သလား။

**မောက်**။ ဟုတ်သဗျ၊ ဂျပန်လောက် မများသည့်တိုင် သူကလည်း ဒေါ်လာသန်း ၆၀၀၀ ထည့်ခဲ့တယ်။

**နောက်**။ ဒီလိုဆိုပြန်တော့ သူလည်းလေ လောကီသားပေမို့ ဝါးချင်လှပေမယ်ပေါ့။

**မောက်**။ ဟုတ်တာပေါ့၊ ဒါပေမဲ့ စောစောကပြောသလို ကိုယ်ထိလက်ရောက် ပါဝင်တိုက်ခိုက်ခဲ့သူတွေကို ဦးစားပေးနေရတော့ သူတို့က ခပ်လှမ်းလှမ်းက မျှော်ကြည့်နေရုံလောက်ပဲ ရှိသေးတယ်ဗျ။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်ပေါ့လေ။ ကူဝိတ်အစိုးရဟာ ကူဝိတ်ပြည်သစ် ထူထောင်ရေးအတွက် ငွေတွေကို ဘယ်ကရမလဲဆိုတဲ့ ကိစ္စကို ရောက်လာရင်တော့ သူတို့နှစ်ဦးဟာ အရေးပါတဲ့သူတွေ ဖြစ်လာမှာပဲ။

**နောက်**။ လင်းစမ်းပါဦးဗျ။

**မောက်**။ ဒီလိုလေ ကူဝိတ်ပြည်သစ် ပြန်လည်တည်ဆောက်ဖို့အတွက် ကူဝိတ်အစိုးရမှာ ငွေအလုံအလောက်မရှိသေးဘူး။ ဆက်ဒမ်ဆီက စစ်လျော်ကြေး ရဖို့ဆိုတဲ့ကိစ္စကလည်း အများကြီးစကားပြောရဦးမယ်။ သူ့မှာ လောလောဆယ် နိုင်ငံခြားမှာ ရင်းနှီးမြှုပ်နှံထားတဲ့ တန်ဖိုးက

ဒေါ်လာသန်းပေါင်း ၃၀၀,၀၀၀ ရှိတယ်။ အဲဒီသန်းပေါင်း သုံးသိန်းဖိုး ရင်းနှီးမြှုပ်နှံမှုတွေကို ထုခွဲရောင်းချပြီး ပြန်လည်တည်ဆောက်ရေး၊ ပြန်လည်ထူထောင်ရေးအတွက် လုပ်ရမှာပဲ။ မလောက်လို့ရှိရင် ကမ္ဘာ့ဘဏ်တို့လို၊ ဂျပန်တို့လို၊ ဂျာမနီတို့လို နေရာတွေက ချေးရမှာပဲ။ ဒါကြောင့်မို့ ဂျပန်တို့၊ ဂျာမနီတို့ဟာ ကန်ထရိုက်မရပေမယ့်လည်း သိပ်တော့ပူစရာ မရှိလှပါဘူး။ ငွေချေးနိုင်သေးတာပဲ။

နောက်။ အင်း··· ကူဝိတ်ဆိုတဲ့ တိုင်းပြည်ကလေးတော့ မနည်းပြန်ပြီး တည်ဆောက်ယူရဦးမှာပဲနော်။

မောက်။ ဒီလောက် ပိုက်ဆံတွေသုံး၊ ဒီလောက် စက်မှုနည်းပညာတွေကောင်းသည့်တိုင် ကြာတော့ကြာဦးမှာပဲဗျ။ ကူဝိတ်ကို ဆက်ဒမ် ဖျက်ဆီးပစ်လိုက်တာဟာ ဘာမှမကြာလိုက်ဘူး။ ခုနစ်လပဲ ကြာလိုက်တယ်။ အဲ··· နဂိုအခြေကိုရောက်အောင် ပြန်လည်ဆောက်ရမှာကတော့ အနည်းဆုံး ဆယ်နှစ်ကြာမယ်။ နောက် ၂၁ ရာစုနှစ်ထဲ အထိ ရောက်သွားလိမ့်မယ်လို့ ကျွမ်းကျင်သူတွေက ခန့်မှန်းကြတယ်။

နောက်။ ဒါ့ကြောင့်မို့ ကူဝိတ်တည်ဆောက်ရေးမှာ ခင်ဗျားကလည်း တတပ်တအားအနေနဲ့ ကန်ထရိုက်ကလေး ဘာလေးများ ရမလားလို့ မျှော်တယ် ဆိုပါတော့။

မောက်။ သူလည်းလေ လောကီသားပေမို့ ဝါးချင်လှပေလိမ့်မယ်လို့ ခင်ဗျားပဲ ပြောခဲ့တယ်မဟုတ်လား။ ကျုပ်လည်း တကယ်မလုပ်နိုင်တောင် စိတ်ကူးဖဲ ရိုက်ကြည့်ရတာပေါ့ဗျ။ ဘာအရင်းစိုက်ထုတ်ရတာ မှတ်လို့၊ ကန်ထရိုက်လုပ်ငန်း မလုပ်နိုင်တောင် အီဂျစ်အမျိုးသားယောင်ဆောင်ပြီး ရှိုးဂျော့ကလေး ဘာလေး လိုက်ရရင်နည်းသလား။ ဟား··· ဟား···။

နွယ်နီ မဂ္ဂဇင်း

မေ၊ ၁၉၉၁။

# ကာတွန်းဆရာများသည် သမိုင်းကို ရေးနေကြသည်

**မင်းနန္ဒာ**

*(ကမ္ဘာ့အရပ်ရပ်မှ ကမ္ဘာ့ကျော် ကာတွန်းဆရာကြီးများ၏ ခေတ်အဆက်ဆက် သရော်ချက်၊ ကလော်ချက်၊ လှောင်ပြောင်ချက်များအကြောင်း တစေ့တစောင်း)*

စစ်မဖြစ်မီတုန်းက ကာတွန်းဆရာကြီး ဦးဟိန်စွန်းက ဆောင်းပါး တစ်စောင် ရေးဖူးတယ်။ သူ့ဆောင်းပါးရဲ့ခေါင်းစဉ်က 'မြန်မာပြည် သတင်းစာ ဂျာနယ်မဂ္ဂဇင်း ရုပ်ပြောင်ကာတွန်း အတွင်းရေး' ဆိုတဲ့ ဆောင်းပါး။

အဲဒီဆောင်းပါးထဲမှာ ဦးဟိန်စွန်းက အဲဒီခေတ်တုန်းက အနောက်နိုင်ငံ ကာတွန်းဆရာတွေနဲ့ မြန်မာကာတွန်းဆရာတွေကို နှိုင်းယှဉ်ပြသွားတယ်။ ပြောလို့သာ ပြောရတယ်။ အဲဒီတုန်းက မြန်မာနိုင်ငံမှာ ကာတွန်းဆရာဆိုလို့ များများတော့ ရှိတာမဟုတ်ပါဘူး။ လက်ချိုးရေရင်တောင် လက်ငါးချောင်း မပြည့်ပါဘူး။ ဘယ်သူများရှိလို့လဲ။ ဦးဘကလေးလို့ခေါ်တဲ့ ရွှေတာလေးရယ်၊ ဦးဟိန်စွန်းရယ်၊ ဦးဘဂျမ်းရယ်၊ ဒီလောက်ပဲရှိတာ မဟုတ်လား။

ဦးဟိန်စွန်းက သူ့ဆောင်းပါးထဲမှာ အနောက်နိုင်ငံနဲ့ မြန်မာနိုင်ငံက ကာတွန်းဆရာတွေကို နှိုင်းယှဉ်ပြသွားတယ်။

အနောက်နိုင်ငံ သတင်းစာတိုက်တွေမှာ ကာတွန်းဆရာတစ်ယောက်ကို လခနဲ့ အမြဲခန့်ထားတယ်။ မြန်မာနိုင်ငံမှာ ဒီစနစ်မရှိဘူး။

သူတို့ဆီမှာ ကာတွန်းဆရာကို လခကောင်းကောင်းပေးတယ်။ ကိုယ့်သတင်းစာမှာပဲ ရေးရတယ်။ မြန်မာနိုင်ငံမှာတော့ ကာတွန်းဆရာကို လခမပေးဘဲ သူကြိုက်ရာသတင်းစာမှာ ရေးခွင့်ပေးတယ်။

သူတို့ကာတွန်းဆရာဟာ အယ်ဒီတာအဖွဲ့မှာ ပါနေတဲ့အတွက် ကိုယ်ဘာရေးမယ်ဆိုတာကို အယ်ဒီတာကို ပြနေစရာမလိုဘူး။ သူရေးတဲ့ကာတွန်းဟာ အယ်ဒီတာ့အာဘော် ဖြစ်တယ်။ မြန်မာနိုင်ငံမှာတော့ ကိုယ်ရေးတဲ့ကာတွန်းကို အယ်ဒီတာကို ပြရတယ်။ အယ်ဒီတာက ကြိုက်မှထည့်တယ်။ သတင်းစာအာဘော်၊ အယ်ဒီတာအာဘော် မဟုတ်ဘူး။

အနောက်နိုင်ငံတွေမှာ ကာတွန်းကို နေ့စဉ်သတင်းစာထဲမှာ ပါအောင်ထည့်တယ်။ မြန်မာနိုင်ငံမှာတော့ နေ့စဉ် မထည့်နိုင်သေးဘူး။

အနောက်နိုင်ငံ သတင်းစာတွေမှာ အပြင်လူဆွဲတဲ့ကာတွန်းကို လက်မခံဘူး။ အယ်ဒီတယ်အဖွဲ့ဝင် ကာတွန်းဆရာထည့်တာကိုပဲ လက်ခံတယ်။ ကျွန်တော်တို့ဆီမှာတော့ ကြုံရာကို လက်ခံနေတယ်။

ဒါတွေကတော့ ဦးဟိန်စွန်းက အနောက်တိုင်း ကာတွန်းဆရာတွေနဲ့ ကျွန်တော်တို့ မြန်မာကာတွန်းဆရာတွေကို နှိုင်းယှဉ်ပြသွားတာပါ။ ခုဆိုရင် အဲဒီဆောင်းပါးရေးခဲ့တာ အနှစ်ငါးဆယ် ရှိသွားပါပြီ။

ယခုတိုင်လည်း ကျွန်တော်တို့ ကာတွန်းဆရာများနဲ့ အနောက်တိုင်းကာတွန်းဆရာများမှာ ဒီကွာခြားမှုဟာ ရှိနေတုန်းပါပဲ။

ကျွန်တော်တို့ဆီမှာတော့ ကာတွန်းဟာ သတင်းစာနဲ့အတူ မွေးလာတယ်လို့ ဆိုရမယ်ထင်တယ်။ ပထမကမ္ဘာစစ် တစ်ဝိုက်လောက်မှာ သူရိယသတင်းစာရယ်လို့ ပေါ်လာပြီး အဲဒီမှာ ဦးဘကလေးရဲ့ ကာတွန်းတွေပေါ်လာခဲ့တယ်။

သူတို့ဆီမှာတော့ ၁၉ ရာစု အစလောက်မှာ ပေါ်တာပါ။

သတင်းစာအာဘော် ကာတွန်းဟာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ စာရိတ္တရေး စတာတွေနဲ့ပတ်သက်ပြီး ဝေဖန်တာ၊ လှောင်ပြောင်သရော်တာ၊ တည့်မတ်ပေးတာတို့ကို လုပ်လေ့ရှိပါတယ်။ တစ်ခါတစ်ရံမှာ သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့ဝေဖန်တယ်။ တစ်ခါတစ်ရံမှာ ပြင်းပြင်းထန်ထန်ပယ်ပယ်နယ်နယ် ဝေဖန်တာမျိုးတွေလည်း ရှိတယ်။

ဒါ့ကြောင့်မို့ ထင်ပါရဲ့။ အဲဒီတုန်းက စာရေးဆရာ ဟင်နရီဂျိမ်းက ပြင်သစ်ကာတွန်းဆရာကြီး အော်နာရေဒေါမီးယားရဲ့ အကြောင်းကို ပြောရာမှာ 'သူသည် သစ္စာတရားတည်းဟူသော စုတ်တံကိုကိုင်စွဲကာ ပြည်သူတို့၏ ဘဝ၊ အာဏာပိုင် မှူးကြီးမတ်ကြီးတို့၏ဘဝ၊ တရားမျှတမှုလမ်းကြောင်း၊ ခေတ်၏ဂုဏ်ကျက်သရေများနှင့် နာမည်ပျက်မှုများကို ရေးခြယ်ပြသည့် ထိပ်တန်းပုဂ္ဂိုလ် ဖြစ်လာခဲ့ပေသည်' လို့ ရေးခဲ့ဟန်တူပါတယ်။ အဲဒီအချိန်လောက်မှာပဲ အင်္ဂလန်ပြည်မှာလည်း နာမည်ကျော် ကာတွန်းဆရာကြီးတွေဖြစ်ကြတဲ့ ဝီလျံဟိုးဂတ်၊ ဂျိမ်းဂီးလ်ရေး၊ တောမတ်စ် ရိုလင်ဆန် စတဲ့ ကာတွန်းဆရာကြီးတွေဟာ အကျင့်စာရိတ္တရေးရာ၊ နိုင်ငံရေးရာကိစ္စတွေမှာ ရော ကမောက်ကမ ဖြစ်နေတာတွေကို ကာတွန်းတွေဆွဲပြီး ဝေဖန်နေကြပါတယ်။

ဝေလမင်းသားက အရုပ်သူဖြစ်တဲ့ မစ္စက်ဆင်ပဆင်ကို လက်ထပ်မယ်လုပ်တော့ သူ့ကို သူ့မယ်တော်ဖြစ်တဲ့ ဝိတိုရိယ ဘုရင်မကြီးက ဆူပူကြိမ်းမောင်းပါတယ်။ အဲဒီမှာ ဘုရင်ဖြစ်တဲ့ ဝေလမင်းသားဟာ ညှိခန်းက ချောင်ကလေးတစ်ချောင်ထဲမှာ ရပ်နေတယ်။ ဘုရင်မကြီးက တံမြက်စည်းကြီးကိုင်ပြီး သူ့သားကို ဆူပူ မာန်မဲနေတဲ့ပုံပါ။ အဲဒီပုံကို ကာတွန်းဆရာကြီး မက်စ်ဘီယာဗွန်းက ရေးဆွဲထားတာပါ။ နယူးရော့မြို့တော်ဝန် တွိဒ် လာဘ်စားတာ၊ အကျင့်ပျက်တာကို ကာတွန်းဆရာကြီး တောမတ်စ်နတ်က ကာတွန်းတွေနဲ့ လှောင်ခဲ့ပါတယ်။

နှစ်ဆယ်ရာစုနှစ် ရောက်တော့ ကာတွန်းဆရာတွေဟာ ဘုရင်တွေ၊ ဝန်ကြီးတွေ၊ အာဏာရှင်တွေ၊ သမ္မတတွေ၊ စစ်ဗိုလ်ချုပ်တွေရဲ့ ရုပ်ပြောင်ပုံတူတွေကိုရေးပြီး ဝေဖန်ကြ၊ လှောင်ကြ၊ ပြောင်ကြတယ်။

ဂျာမနီက နာမည်ကျော် ကာတွန်းဆရာကြီး ဂျော့ဂရော့ဇ်က စုတ်ချက်ရဲရဲကြီးတွေ၊ မျဉ်းထူထူကြီးတွေနဲ့ နာဇီစစ်ယန္တရားကြီးရဲ့ ပုံကို ကာတွန်းဆွဲလိုက်တယ်။ ဗုံးတွေ၊ အမြောက်တွေ၊ လှံစွပ်ကြီးတွေက စစ်သူရဲကြီးတွေရဲ့ လက်သည်းကြီးတွေလိုပါပဲ။ ဗြိတိန်မှာတော့ နာမည်ကျော် ကာတွန်းဆရာကြီး ဒေးဗစ်လောက နာဇီနဲ့ ဆိုဗီယက်တို့ မဟာမိတ်စာချုပ် ချုပ်တာကို ရည်ရွယ်ပြီး ဟစ်တလာနဲ့ စတာလင်တို့ လူတစ်ကိုယ်တည်းက ခေါင်းနှစ်လုံး

ထွက်ပြီး တစ်ယောက်ကိုတစ်ယောက် ဦးညွှတ်နေကြတဲ့ပုံ။ တစ်ပြိုင်နက်တည်းမှာ တစ်ယောက်ခေါင်းကိုတစ်ယောက် ကုတ်ဖဲ့နေကြတဲ့ပုံကို ရေးထားပါတယ်။

စစ်ပြီးခေတ် အမေရိကန် ကာတွန်းဆရာတွေကလည်း နာမည်ကျော်ပုဂ္ဂိုလ်တွေ၊ ခေါင်းဆောင်တွေအကြောင်းကို ကာတွန်းတွေ ဆွဲခဲ့တယ်။ သမ္မတ နစ်ဆင်လက်ထက်မှာ ဝါးတားဂိတ်အရေးအခင်းပေါ်တော့ နာမည်ကျော် ကာတွန်းဆရာ ဟားဘလောက်က ကာတွန်းဆွဲတယ်။ သူ့ကာတွန်းကြောင့် နစ်ဆင် စိတ်ဆိုးပြီး ဝါရှင်တန်ပို့စ် သတင်းစာကို မယူတော့ဘဲ ဖြုတ်ပစ်လိုက်တယ်။ ဟားဘလောက်ရဲ့ပုံထဲမှာ အိမ်ဖြူတော်က ဝါးတားဂိတ်ဆိုတဲ့ အိမ်သာပိုက်ကြီးပေါက်တော့ အညစ်အကြေးတွေအပေါ်ကို လျှံတက်ပြီး အိမ်ခန်းတွေထဲ ရောက်ကုန်တယ်။ အဲဒါကို မိလ္လာသိမ်းတဲ့ဝတ်စုံကို ဝတ်ထားတဲ့ သမ္မတနစ်ဆင်က လိုက်ပြီးသိမ်းနေတဲ့ ပုံပါ။

သမ္မတ ဂျွန်ဆင်လက်ထက်တုန်းကတော့ နယူးရော့တိုင်း သတင်းစာရဲ့ ကာတွန်းဆရာကြီးဖြစ်တဲ့ ဒေးဗစ်လီဗင်က သမ္မတ ဂျွန်ဆင်ဆီးအိမ်ကို ခွဲချုပ်ပြီး ပြန်ချုပ်ထားတဲ့ ချုပ်ရိုးရာအမာရွတ်ကို ဗီယက်နမ်နိုင်ငံ မြေပုံကလေးအဖြစ် ဆွဲထားပါတယ်။ မကြာခင်ကပဲ ဒေးဗစ်လီဗင်က 'လူမျိုးနွယ်ဆင်းသက်လာပုံ' ဆိုတဲ့ ကာတွန်းတစ်ခု နယူးရော့တိုင်း သတင်းစာမှာ ရေးလိုက်ပါတယ်။ အဲဒီမှာ ပုံလေးပုံ ပါပါတယ်။ ပထမပုံမှာ ရုပ်ရှင်မင်းသား ကလပ်ဂေဘယ်ရဲ့ပုံ၊ ဒုတိယပုံက ချင်ပန်ဇီဆိုတဲ့ မျောက်ဝံကြီးရဲ့ပုံ၊ တတိယပုံမှာ ဂေါ်ရီလာလို့ခေါ်တဲ့ လူဝံပုံနဲ့ နောက်ဆုံးမှာ ဆက်ဒမ်ဟူစိန်တို့ရဲ့ပုံဖြစ်ပါတယ်။ လူပေါ်စခေတ်တုန်းက လူသားဟာ ကလပ်ဂေဘယ်လို မွန်ရည်ယဉ်ကျေးပြီး နောက်မှ ရိုင်းသွားတယ်ဆိုတဲ့ သဘောပေါ့။ မနုဿဗေဒကို ပြောင်းပြန်မြင်တဲ့ ကာတွန်းတစ်ခုပါပဲ။

ကာတွန်းဆရာများဟာ အာရာဖတ်နဲ့ အစ္စရေး၊ ကိုင်ဖူးနဲ့ ကြယ်တာရာစစ်ပွဲ၊ ဘုံဈေးနဲ့ ဘရက်ဇူညက်၊ မီးထရောင်းနဲ့ မာဂရက်သက်ချာ၊ မူးယစ်ဆေး အရောင်းအဝယ်နဲ့ မာဖီးယားဂိုဏ်း စတာတွေကို 'လှောင်ပြောင်သရော်ခြင်းသည် အမှန်တရားကို စမ်းသပ်စစ်ဆေးရာတွင် အကောင်းဆုံးစမ်းသပ်နည်း ဖြစ်သည်' ဆိုတဲ့ ဝါဒကို လက်ကိုင်ထားနေကြတယ်လို့ သူတို့က ဆိုကြပါတယ်။

နယူးရော့တိုင်း သတင်းစာရဲ့ ပုံနှိပ်ထုတ်ဝေသူ အာသာဆာဘားဂျား က 'ကာတွန်းဟာ ဘယ်တော့မှ မျှမျှတတမမြင်ဘူး၊ တစ်ဖက်သတ်ပဲ မြင်တတ်တယ်' လို့ ပြောပါတယ်။

ဟုတ်ပါတယ်။ ကာတွန်းဆရာဟာ တစ်ဖက်သက်ပဲ မြင်ရမှာပါပဲ။ ကာတွန်းဆရာဟာ မတရားတာ၊ မမျှတတာ၊ အမြီးအမောက်မတည့်တာ၊ မတော်တာတွေကိုပဲ ရှာဖွေကြည့်ရမှာပဲ။ ကောင်းတာတွေ၊ တော်တာတွေ၊ အဆင်ပြေနေတာတွေကို ရေးဖို့ မဟုတ်ပါဘူး။ သူ ရွေးချယ် ရှာဖွေနေတဲ့ အကြောင်းအရာကိုက အမြီးအမောက်မတည့်တာ၊ မမျှတတာတွေကို လိုက်လံ ရှာဖွေနေတော့ သူ့ရဲ့ကာတွန်းတွေဟာလည်း မျှတကောင်းမွန် အဆင်ပြေနေတဲ့ အကြောင်းအရာတွေ မဖြစ်နိုင်ပါဘူး။ ဒါ့ကြောင့် ကာတွန်းဆရာဟာ တရားလိုဘက်က ထွက်ချက်ပေးတဲ့ သက်သေဖြစ်ပါတယ်။ အမှန်တရားဘက်က လိုက်တဲ့သက်သေ ဖြစ်ပါတယ်။ အမှုကျူးလွန်တဲ့ တရားခံဘက်က လိုက်တဲ့သက်သေ မဟုတ်ပါဘူး။ အကျူးလွန်ခံရတဲ့ တရားလိုဘက်လိုက်တဲ့ သက်သေပါ။

ကာတွန်းဆရာဟာ အရဲစွန့်တတ်တဲ့သတ္တိနဲ့ မခံချင်စိတ်၊ မကျေနပ်တဲ့စိတ်တို့တော့ ရှိဖို့လိုပါတယ်။ ဒါမှသာ သူ့ကာတွန်းတွေဟာ ကောင်းနိုင်ပါတယ်။ ကာတွန်းတွေ ကောင်းလာပြီဆိုရင်လည်း အန္တရာယ်က များလာပြီလေ။ ကျေနပ်စရာကောင်းနေတဲ့ အရာရှိတစ်ယောက်အကြောင်းကို ကာတွန်းရေးခိုင်းကြည့်ပါ။ ရုပ်ပြောင် ရေးခိုင်းကြည့်ပါ။ သူ့လက်ရာဟာ ဘယ်တော့မှ ပထမတန်းစား ဖြစ်မှာမဟုတ်ဘူး။ ဒါပေမဲ့ မတော်မတရားလုပ်တဲ့ အရာရှိ၊ စီးပွားပျက်ကပ်၊ လက်နက်ကိုင်ပဋိပက္ခတစ်ခု စသည်တို့ ပေါ်လာတယ်ဆိုရင် သူ့အဖို့ ရေးစရာ ကောင်းကောင်းတွေ့ပြီပေါ့။ အခြေအနေတွေက မတရားတာတွေ၊ ကမောက်ကမဖြစ်တာတွေ တွေ့လေလေ သူ့ရဲ့ဂရပ်ဖစ်မျဉ်းတွေဟာ အားကောင်းလာလေလေပါပဲ။

မကြာသေးမီတုန်းက ဂျေရုဆလင် တင်ပယ်မောင့် အရပ်မှာ အစ္စရေး အစိုးရက ညမထွက်ရ အမိန့်ထုတ်လိုက်ပါတယ်။ ဒီတော့ အီတလီကာတွန်းဆရာ ဖိုရက်တီနီက ကာတွန်းတစ်ခု ရေးတယ်။ သူ့ကာတွန်းထဲမှာ ခရစ်

တော်က တင်ပယ်မောင့်အရပ်က ဂျက်ဆီမီးန် ဥယျာဉ်ထဲမှာ ဘုရားဝတ်ပြုနေတယ်။ ဒီတုန်းမှာ အမှောင်ရိပ်ထဲက ယုဒ (ခရစ်တော်ကို သတ်ဖြတ်ခဲ့သူ) ထွက်လာတယ်။ ဒီတော့ ခရစ်တော်က 'လန့်လိုက်တာ၊ ငါက ရှမီးယား (အစ္စရေးဝန်ကြီးချုပ်) များလားလို့' ဆိုပြီး ပြောနေတဲ့ဟန် ဆွဲထားတယ်။ ဒီလိုဆွဲလို့ သူ့ကို အီတလီမှာရှိတဲ့ ရေဝတီတွေက ရန်မူကြတယ်။

အီတလီနားက စစ်စလီကျွန်းဟာ မာဖီးယားဂိုဏ်းတွေကြောင့် နာမည်ကြီးတယ်။ ဒါကို ဖိုရတ်တီနီက အီတလီမြေပုံဆွဲတော့ စစ်စလီကျွန်းကို အီတလီပြည်ရဲ့ ခြေဖျားနားက အသူဘာခေါင်းပုံကလေးဖြစ်အောင် ဆွဲထားတယ်။ ဒီပုံကြောင့် သူ့ကို စစ်စလီကျွန်းက မာဖီးယားဂိုဏ်းတွေက ရန်မူကြတယ်။

အီတလီမှာလိုပဲ ဂျာမနီမှာလည်း နိုင်ငံရေးကာတွန်းဟာ တော်တော်လူကြိုက်များကြတယ်။

ဂျာမနီက ကာတွန်းတစ်ခုထဲမှာတော့ စီးပွားရေးပျက်ကပ် ဆိုတဲ့ လင်းတကြီးတစ်ကောင်က အနောက်ဂျာမနီဝန်ကြီးချုပ် ဟဲလမွတ်ခိုးရဲ့ ခေါင်းပေါ်မှာ နားနေတယ်။ ဝန်ကြီးချုပ်ခိုးက မှန်ပြောင်းကြီးတစ်လက်နဲ့ အဝေးကို လှမ်းမျှော်ကြည့်နေပြီး 'ဘယ်မှာ လင်းတရှိလို့လဲ၊ ငါလည်း ဘာမှမတွေ့ရပါကလား' လို့ ပြောနေပုံကို ရေးထားတယ်။ နောက် ကာတွန်းတစ်ခုမှာတော့ နိုင်ငံခြားရေး ဝန်ကြီး ဂင်ရှာက ခုတင်ကလေးတစ်ခုပေါ်မှာ ထိုင်နေပြီး ကမ္ဘာလုံးပုံသဏ္ဌာန်ရှိတဲ့ ရေခဲချောင်းကလေး တစ်ချောင်းကို စုပ်နေတယ်။ ကမ္ဘာကို စုပ်ယူနေတယ်ပေါ့။ နောက်တစ်ပုံမှာတော့ ဝန်ကြီးချုပ်ဟဲလမွတ်ခိုးက ခွေးခြေကလေး တစ်လုံးပေါ်မှာ မတ်မတ်ထိုင်နေတယ်။ မျက်စိကမှိတ်လို့။ လက်ယာဘက်က ဘောင်းဘီကိုလည်း ဒူးဆစ်အထိ လိပ်တင်ထားတယ်။ အဲဒီမှာ သမ္မတရေဂင်က ဂေါ်ဘာချော့ရဲ့ခေါင်း တပ်ထားတဲ့ တူကလေးကို ကိုင်၊ ဒူးဆစ်ကိုထုပြီး အာရုံကြောတုံ့ပြန်မှု ကောင်း မကောင်း စမ်းနေတဲ့ပုံ ရေးထားတယ်။

ပြင်သစ်ကာတွန်းဆရာ ပလန်ကူရေးကတော့ ကံကောင်းလို့ တရားစွဲမခံရတယ်။ တစ်ခါတော့ အီရန်လူမျိုးတစ်ဦးဖြစ်တဲ့ ဖောက်ခွဲရေးသမား ဝါဟစ်ဟာ ပါရီမှာရှိတဲ့ အီရန်သံရုံးထဲ ပြေးဝင်ခိုလှုံနေတယ်။ ဒီတော့

ပြင်သစ်အစိုးရက လက်ဘနွန်မှာ ပြန်ပေးဆွဲခံထားရတဲ့ ပြင်သစ်နှစ်ဦးနဲ့လဲပြီး သူ့ကို လွှတ်ပေးလိုက်တယ်။ အပြန်အလှန် အလဲအလှယ်လုပ်ကြတာပေါ့။ ဒီတော့ ပလန်တူရေးက ကာတွန်းတစ်ခုဆွဲတယ်။ သူ့ကာတွန်းထဲမှာ ဝါဟာစ်ကို တရားခံအဖြစ် ပြင်သစ်တရားရုံးတစ်ခုမှာ စစ်ဆေးနေတဲ့ပုံ။ တရားသူကြီးက တရားခံဝါဟာစ်ကို မေးမြန်းနေတဲ့ မေးခွန်းကတော့ 'မောင်မင်း အလယ်တန်းထိုင်ခုံကို ကြိုက်သလား၊ ပြတင်းပေါက်နားက ထိုင်ခုံကို ကြိုက်သလား၊ ဆေးလိပ်သောက်လို့ရတဲ့ နေရာကို ကြိုက်သလား၊ ဆေးလိပ်မသောက်တဲ့ နေရာလား' လို့ မေးနေတဲ့ပုံပါပဲ။ တရားသူကြီးက အပြစ်ရှိတဲ့တရားခံကို ဘာမှမစစ်တော့ဘဲ လေယာဉ်ပျံနဲ့ ပြန်ပို့ဖို့မေးနေတဲ့ အကြောင်းကို ရေးထားတာပါ။ တရားသူကြီးက စိတ်ဆိုးပြီး သူ့ကိုတရားစွဲဖို့ လုပ်သေးသတဲ့။

အင်္ဂလန်မှာ နာမည်ကြီးလာတဲ့ ကာတွန်းဆရာနှစ်ဦးကတော့ ရုပ်မြင်သံကြား ကာတွန်းဆရာ နှစ်ဦးဖြစ်တဲ့ ပီတာဖလက်နဲ့ ရိုဂျာလောတို့ ဖြစ်ပါတယ်။ သူတို့နှစ်ယောက်ဟာ ကယ်ရီကေးချား ရုပ်ပြောင်နဲ့ ပန်းပုရုပ်ကြွတို့ ပေါင်းစပ်ပြီး ရုပ်ပြောင်ရေးတဲ့နေရာမှာ ထင်ရှားပါတယ်။ ချားလ်မင်းသား၊ မီထရောင်း၊ ရေဂင်၊ ဟဲလမွတ်ရှမစ်တို့ ပုံများဟာ နာမည်ကြီးပါတယ်။

ဗြိတိန်မှာ အဓိကသတင်းစာတိုင်းလိုလိုမှာ ကိုယ်ပိုင်ကာတွန်းဆရာတွေ ရှိကြပါတယ်။ သူတို့အထဲမှာ ထင်ရှားသူတွေကတော့ 'အီဗနင်းစတင်းဒတ်' သတင်းစာက ရေမွန်ဂျက်ဆန်၊ (သူက အထက်တန်းစားတွေကို လှောင်ပြောင် ရေးဆွဲလေ့ရှိပါတယ်)၊ 'အော့ဗဆားဗ်' သတင်းစာက ဝေါလီဖော့စ်၊ (သူက လူချမ်းသာတွေနဲ့ အာဏာရသူတွေကို လှောင်ပြောင်ရေးဆွဲလေ့ ရှိပါတယ်) 'အင်ဒီပင်းဒင့်' သတင်းစာက နီကလတ်စ်ဂါးလင်းနဲ့ 'ဆန်းဒေးတိုင်း' သတင်းစာက ဂျရယ်စကာဖီတို့ ဖြစ်ပါတယ်။ သူတို့နှစ်ယောက်ကတော့ အများအားဖြင့် နိုင်ငံရေးခေါင်းဆောင်တွေကို လှောင်ပြောင် ရေးဆွဲလေ့ရှိပါတယ်။

တိုရန်တို 'ဂလုပ်' သတင်းစာက ကာတွန်းဆရာ ဘရိုင်ယန်ဂေဘယ်ကတော့ ရွေးကောက်ပွဲဆိုတဲ့ မြင်းပြိုင်ပွဲကိုဝင်ဖို့ ကနေဒါဝန်ကြီးချုပ်ကို ဂျော်ကီသဏ္ဍာန် ဝတ်ပေးထားပါတယ်။ ပြိုင်မြင်းရဲ့နာမည်က 'လွတ်လပ်စွာ

ကုန်သွယ်မှု'လို့ ပေးထားပါတယ်။ နောက်တော့ အဲဒီမြင်းကို ကျော်ကီ မနိုင်တော့ဘဲ မြင်းပေါ်က လိမ့်ကျကျန်ရစ်ခဲ့ပြီး မြင်းက စီးသူမရှိဘဲ ကဆုန်စိုင်းနေတဲ့ပုံကို ရေးထားပါတယ်။

အရင်တုန်းက ဆိုဗီယက်ယူနီယံမှာ ကာတွန်းတွေ၊ အထူးသဖြင့် နိုင်ငံရေးကာတွန်းတွေကို တော်တော် တင်းတင်းကျပ်ကျပ် စိစစ်ခဲ့ပေမယ့် ခုတော့ တော်တော် လွတ်လွတ်လပ်လပ် ရေးနေကြပါပြီ။ အရင်တုန်းက ဆိုဗီယက်ယူနီယံမှာ ထုတ်တဲ့ 'ကရိုကိုဒိုင်း'ဆိုတဲ့ ဟာသမဂ္ဂဇင်းဆိုရင် ဘာမှဖတ်လို့မကောင်းဘဲ ပျင်းစရာကြီးပါ။ ဒါပေမဲ့ လွန်ခဲ့တဲ့နှစ်နှစ်လောက်က စပြီး အစိုးရ၊ ပါတီ၊ မူးယစ်ဆေးပြဿနာနဲ့ ပြည့်တန်ဆာပြဿနာတွေကို ရေးတဲ့ ကာတွန်းတွေ ပါလာပါပြီ။

'ဒီပြဿနာတွေကို အရင်တုန်းက ဝေဖန်ခွင့် မပြုခဲ့ဘူးလေ၊ ဒီအကြောင်းတွေကို တစ်ခါမှလည်း မဖော်ပြခဲ့ဖူးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အာဏာပိုင်တွေက ဒီပြဿနာတွေ မရှိဘူးလို့ လူတွေထင်စေချင်တော့ ဒီအကြောင်းတွေကို မထည့်ခဲ့ရဘူးပေါ့'လို့ မဂ္ဂဇင်းအယ်ဒီတာ အယ်လက်ဇီပြားနော့က ပြောတယ်။ မကြာခင်ကဖော်ပြခဲ့တဲ့ ကာတွန်းတစ်ခုထဲမှာဆိုရင် လုပ်ငန်းရှင်တစ်ယောက်က အစိုးရချေးငွေဆိုတဲ့ ဘီး လေးငါးဆယ်ဘီးပါတဲ့ ယူနီဆိုင်ကယ်ကြီး စီးနေတဲ့ပုံ၊ ပါးလွှာတဲ့ အပေါ်ရုံအင်္ကျီကြီးကို ဝတ်ထားပေမယ့် အောက်ခံအဝတ်အစားတွေကတော့ စုတ်ပြတ်နေတဲ့ အဝတ်အစားတွေကို ဝတ်ထားတဲ့အရာရှိကြီး တစ်ယောက်ရဲ့ပုံ၊ ခေါင်းဆောင်ကြီးတစ်ယောက်ရဲ့ လက်ညှိုးထိုးနေတဲ့ ကျောက်ရုပ်ကြီးပုံ၊ လက်ညှိုးထိုးရာကို ကြည့်လိုက်တော့ အနာဂတ်ဆိုတဲ့ ချောက်ကမ်းပါးကြီးဖြစ်နေတဲ့ပုံ စတဲ့ ကာတွန်းတွေကို တွေ့လာရတယ်။

ပိုလန်မှာတော့ မီလက်ဇကို ဆိုတဲ့ ကာတွန်းဆရာဟာ တော်တော်လေး နာမည်ကြီးပါတယ်။ မကြာခင်ကဆွဲတဲ့ ကာတွန်းတစ်ခုထဲမှာ ကြက်တူရွေးကလေး တစ်ကောင်က ခေါင်းငိုက်စိုက်ကျပြီးငိုင်လို့။ အနားမှာ ပါမောက္ခကြီး တစ်ယောက်က သူ့ကို စကားသင်ပေးနေတယ်။ 'ငါလွတ်လပ်ပြီ၊ ငါ သိပ်ပျော်တယ်၊ ကဲ… လိုက်ဆိုစမ်း'လို့ ကြက်တူရွေးကလေးကို သင်ပေး

နေတဲ့ပုံ။ နောက်တစ်ပုံမှာတော့ ဖွင့်ထားတဲ့ လှောင်အိမ်အပြင်ဘက်နားမှာ ငှက်ကလေးတစ်ကောင်၊ ဒါပေမဲ့ မပျံနိုင်ဘူး။ နှုတ်သီးမှာ ကြိုးကလေး တစ်ချောင်းချည်ထားပြီး အဲဒီကြိုးကလေးက ခြေထောက်ကို ပူးချည်ထား တယ်။ ငှက်ကလေးရဲ့ခေါင်းကတော့ ပိုလန်အလုပ်သမားခေါင်းဆောင် ဝါလီ ဇာရဲ့ပုံ ရေးထားတယ်။

ချက်ကိုစလိုဗေးကီးယားက နာမည်ကျော် ကာတွန်းဆရာ ဗလာဒီမာ ရင်ဆင်းကတော့ ချက်ကိုစလိုဗေးကီးယားမှာ ရေပန်းစားနေတဲ့ အကြောင်း အရာ နှစ်ခုကို လှောင်ပြောင်သရော်ပါတယ်။ အဲဒီနှစ်ခုကတော့ 'အတွေး အခေါ်သစ်'လို့ ခေါ်တဲ့ အယူအဆနဲ့ ပယ်ရီစထရိုအီကာ ပေါ်လစီတို့ ဖြစ် ပါတယ်။ သူ့ကာတွန်းဇာတ်ဆောင် နှစ်ယောက်ကတော့ ကျွန်တော့်ဆီက ကာတွန်းဆရာကြီး ဦးဘဂျမ်းရဲ့ ရသေ့ကြီး ဦးဖျောက်ဆိပ်နဲ့ မောင်မြေဇာတို့ လို လာဘိုဆက်နဲ့ ရမ်ဘိုဆက် ဆိုတဲ့ တောသားပညာရှိနှစ်ယောက် ဖြစ်ပါ တယ်။

ချက်ကိုစလိုဗေးကီးယားမှာ စီးပွားရေး ပေါ်လစီတွေ ခဏခဏ ပြောင်းနေတာကို သူက ကာတွန်းဆွဲပြီး သရော်ပါတယ်။ အဲဒီကာတွန်းမှာ မက္ကင်းနစ်တစ်ယောက်က သူတို့ရဲ့ကားအိုကြီးကို စက်ခေါင်းဖုံးဖွင့်ပြီး ပြင် နေတယ်။ တောသား သူတို့နှစ်ယောက်က အနားရောက်သွားပြီး မက္ကင်းနစ် ပခုံးပေါ်ကကျော်ပြီး စက်ခေါင်းကို လှမ်းကြည့်နေတယ်။ 'ခင်ဗျားတို့ ကားကို ပြင်ရတာ အတွေးအခေါ်ဟောင်းကိုဖြုတ်ပြီး အတွေးအခေါ်သစ်နဲ့ လဲပစ်လိုက် သလို လွယ်တဲ့ကိစ္စမဟုတ်ဘူးဗျ။ တစ်ညနေလုံး ပြင်ရမှာ'လို့ ပြောနေတဲ့ ပုံ ဖြစ်ပါတယ်။ သူ့ရဲ့နောက်ကာတွန်း တစ်ခုကတော့ ချက်ကိုစလိုဗေးကီး ယား နိုင်ငံရဲ့ စီမံကိန်းတွေကို လှောင်ထားတာပါ။ ပုံထဲမှာ ဆက်ကပ်လူပြက် လို ဝတ်စားထားတဲ့လူနှစ်ယောက် နံရံမှာချိတ်ထားတဲ့ ရှုပ်ထွေးနေတဲ့ စာရင်း ဇယားပုံကြီးကို စစ်ဆေးကြည့်ရှုပြီး 'ဘက်ပေါင်းစုံမှာ ကျွန်တော်တို့ရဲ့ဟာသ စီမံကိန်းကြီးကို ပြည့်မီအောင် အကောင်အထည် ဖော်ခဲ့ပြီးပါပြီ၊ မဆို စလောက် အခက်အခဲကတော့ ကျွန်တော်တို့ ပြက်လုံးတွေကို ဘယ်သူကမှ မရယ်တာကလေး တစ်ခုပဲရှိပါတော့တယ်'လို့ ပြောနေပုံ ဖြစ်ပါတယ်။

ချက်ကိုစလိုဗေးကီးယားမှာ သူ့ရဲ့ကာတွန်းတွေဟာ တော်တော်ရောင်းကောင်းပါတယ်။ သူ့ကာတွန်းပေါင်းချုပ်စောင်ရေ နှစ်သိန်းလောက်ဟာ တစ်ပတ်အတွင်း ရောင်းလို့ကုန်သွားပါတယ်။

အင်္ဂလိပ် ကာတွန်းဆရာများဖြစ်တဲ့ ဖေဗရီတို့၊ ဖလတ်တို့၊ ဒေးဗစ်လောတို့ဟာ နိုင်ငံရေးကို လှောင်တဲ့နေရာမှာ ဒွန်ကွီဇုတ် စစ်တိုက်သလို ထိပ်တိုက်ဝင်တိုက်လေ့ရှိပြီး ချက်ကိုစလိုဗေးကီးယားက ရင်ဆင်းတို့လို ကာတွန်းဆရာတွေကတော့ ဒွန်ကွီဇုတ်ရဲ့တပည့် ဆန်ချိုပန်ဇာတို့လို လေပျော့ကလေးနဲ့ စောင်းမြောင်း ဝေဖန်လေ့ရှိတယ်လို့ ဆိုပါတယ်။

ဖိလစ်ပိုင်က ကာတွန်းဆရာ နီနိုဗြင်းမာဆယ်လိုကတော့ မာကို့စ်ရဲ့လက်ထက်တုန်းကလည်း ကမောက်ကမဖြစ်တာတွေကို ကာတွန်းနဲ့လှောင်ပြောင် ဝေဖန်ခဲ့ပါတယ်။ နောက် အကွီနိုရဲ့လက်ထက်မှာလည်း ဒီအတိုင်းပါပဲ။ သူ့ကာတွန်းတွေမှာ ကြွက်တွေကို ဇာတ်ဆောင်ထားပြီး ဆွဲလေ့ရှိပါတယ်။ ၁၉၈၅ ခုနှစ်မှာ သူ့ကို ဗရင်ဂျီလူထု ဆက်သွယ်ရေး အတတ်ပညာဆု ပေးပါတယ်။ အမှန်က ဒီဆုဟာ မာကို့စ်လက်ထက်က အပိတ်ခံခဲ့ရပါတယ်။ သတင်းစာဆရာတွေကို ပေးတဲ့ဆုပါ။ အဲဒီနှစ်ကတော့ အဲဒီဆုကို သတင်းစာဆရာတွေကို မပေးဘဲ ကာတွန်းဆရာဖြစ်တဲ့ သူ့ကို ပေးလိုက်ပါတယ်။ ဒါပေမဲ့ မာဆယ်လိုဟာ အဲဒီဆုပေးမှုတွေကိုလည်း မညှာပါဘူး။ ဝေဖန်တဲ့ ကာတွန်းတွေကို ရေးမြဲရေးနေတာပါပဲ။ သူက နိုင်ငံရေးနယ်မှာ ဗရင်ဂျီ သာသနာပိုင်တွေ ဝင်ဝင်ပါနေတာနဲ့ပတ်သက်လို့ ကာတွန်းတစ်ခု ရေးလိုက်ပါတယ်။ အဲဒီကာတွန်းမှာ ကျေးဇူးကန်းတဲ့ ကြွက်တစ်ကောင် (အဲဒါကတော့ သူပေါ့။ သူ့ကို ဗရင်ဂျီ သာသနာရေးဘက်က ဆုပေးထားတယ် မဟုတ်လား)က သူ့မိတ်ဆွေ တခြားကြွက်တစ်ကောင်ကို ပြောတဲ့ပုံပါ။ သူပြောတဲ့စကားက 'တို့တိုင်းပြည်မှာ ခက်နေတာက သာသနာပိုင်က နိုင်ငံရေးပဲလုပ်ပြီး တခြား ဘာမှမလုပ်တာဘဲ' လို့ ရေးထားပါတယ်။

တရုတ်ပြည်က ကာတွန်းဆရာတွေကတော့ အစိုးရနှင့် ပါတီကို သွယ်ဝိုက်ဝေဖန်တတ်ကြပါတယ်။ တရုတ်ကာတွန်းဆရာတွေထဲမှာ နာမည်အကြီးဆုံးကတော့ တိန့်ချောင် ဖြစ်ပါတယ်။ သူက စစ်မဖြစ်မီကတည်းက

ကာတွန်းဆွဲလာတဲ့ ဝါရင့်ကာတွန်းဆရာကြီးပါ။ ၁၉၄၇ ခုနှစ်မှာ ချန်ကေရှိတ်က လက်နက်တွေဝယ်တော့ သူက ကာတွန်းတစ်ခု ရေးပါတယ်။ အဲဒီကာတွန်းမှာ အရိုးပေါ် အရေတင်နေတဲ့ တရုတ်လယ်သမား တစ်ယောက်။ လေးလံတဲ့ အမြောက်ပြောင်းကြီးကို အောက်က ကုန်းရုန်းထမ်းနေတဲ့ ပုံဖြစ်ပါတယ်။ တခြားကာတွန်းတစ်ခုမှာတော့ စက်ချုပ်ဆိုင်က စက်သမားက အဝတ်အစားတွေ စုတ်ပြတ်နေတဲ့ အလုပ်သမားတစ်ယောက်ကို သားမွေးအင်္ကျီကြီးတစ်ထည် ရောင်းနေပါတယ်။ သားမွေးအင်္ကျီပေါ်မှာ ဒီမိုကရေစီလို့ စာတန်းထိုး ရေးထားပါတယ်။

ဒီကာတွန်းတွေကတော့ တရုတ်ပြည်မှာ ကွန်မြူနစ်တွေ အာဏာမသိမ်းခင်ကပါ။

၁၉၄၉ ခုနှစ် တရုတ် ကွန်မြူနစ်တွေ အာဏာသိမ်းတော့လည်း ကာတွန်းဆရာကြီး တိန့်ချောင်ဟာ ကာတွန်းတွေကို ဆက်လက်ရေးဆွဲနေတုန်းပါပဲ။ 'တော်လှန်ရေးပြီးသွားပေမယ့် ကျွန်တော်တို့အဖို့ ဝေဖန်လှောင်ပြောင်စရာတွေ ရှိနေသေးတာပဲ' လို့ သူက ပြောပါတယ်။ ဒါပေမဲ့ 'ဝေဖန်တဲ့ ကာတွန်းတွေကို မဆွဲနဲ့၊ ချီးကျူးတဲ့ကာတွန်းကိုပဲ ဆွဲ ဆိုတဲ့ ပေါ်လစီရှိနေတော့ ကာတွန်းဆွဲရတာ ခက်တာပေါ့' လို့ သူက ဆက်ပြောပါတယ်။

၁၉၇၉ ခုနှစ်မှာတော့ ကာတွန်းဆရာကြီးတွေကို အစိုးရက တော်တော်များများ လျှော့ပေါ့ခွင့်ပြုလို့ ကာတွန်းတွေ ပြန်ပြီးခေတ်စားလာခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်များအတွင်းမှာ ကာတွန်းဆရာကြီး တိန့်ချောင်ရဲ့ ကာတွန်းလက်ရွေးစင်အုပ်တွဲတွေ ရှစ်တွဲလောက် ထွက်ခဲ့ပါတယ်။ သူ့ရဲ့ကာတွန်းတစ်ခုမှာ ပါတီဝင်တစ်ယောက်ရဲ့ပုံကို ဆွဲထားပြီး ခေါင်းပေါ်မှာတော့ ဆံပင်တွေ မပေါက်ဘဲ တိပ်ရီကော်ဒါတစ်လုံး တင်ထားတယ်။ အဲဒီတိပ်ရီကော်ဒါထဲက 'ငါမှန်တယ်၊ ငါမှန်တယ်' လို့ အသံမြည်နေတယ်။ နောက်ကာတွန်းတစ်ခုမှာတော့ လူနှစ်ယောက်။ တစ်ယောက်က ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးဆိုတဲ့ သူ့ကိုယ်သူ ကြက်မွေးနဲ့သုတ်နေတယ်။ တခြားလူကိုတော့ ဝေဖန်ရေးဆိုတဲ့ တင်းပုတ်ကြီးနဲ့ ရိုက်နေတယ်။ ဒီကာတွန်းဟာလည်း တော်တော်နာမည်ကြီးတဲ့ ကာတွန်းတစ်ခု ဖြစ်ပါတယ်။

မြောက်အမေရိကတိုက်မှာ နာမည်ကြီးတဲ့ ကာတွန်းဆရာများကတော့ ချီလီပြည်က ကာတွန်းဆရာကြီး ဟာနန်ဗီဒယ်နဲ့ မွန်တီနီဂရိုတို့ ဖြစ်တယ်။ ချီလီက ကာတွန်းဆရာကြီးနှစ်ဦးရဲ့ အမြင်ကတော့ နည်းနည်းထူးခြားတယ်။ သူတို့က 'နိုင်ငံရေးဟာသဆိုတာ အာဏာရှင်စနစ် အောက်မှာတော့ အထူးစပါယ်ရှယ်ပစ္စည်းတစ်ခုပဲ၊ အဲဒီလိုအခါမျိုးမှာမှ ပိုပြီးကာတွန်းရေးလို့ ကောင်းတယ်၊ ဒီမိုကရေစီရှိနေရင် ကာတွန်းရဲ့ခွန်အား သိပ်မကောင်းတော့ဘူး' လို့ သူက ပြောပါတယ်။ မွန်တီနီဂရိုကတော့ 'ဟာသဆိုတာ ဖိနှိပ်မှုတွေများတဲ့ ကာလကျမှ လူတွေက သဘောကျကြတာဗျ' လို့ ပြောပါတယ်။

အာဂျင်တီးနားက ကာတွန်းဆရာဖြစ်တဲ့ ဟာမင်နီဂီဒိုဆားဘတ်က လည်း ဒီအတိုင်းပြောသွားပါတယ်။ နိုင်ငံရေးကာတွန်းဆိုတာ ဒီမိုကရေစီတွေ သိပ်ရှိနေတုန်းမှာ ရေးလို့မကောင်းဘူးတဲ့။ ဒီမိုကရေစီဟာ နိုင်ငံရေးကာတွန်း ဆွဲလို့ကောင်းတဲ့ရာသီ မဟုတ်ဘူးလို့ ပြောပါတယ်။ ကာတွန်းဆိုတာ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ရေးနေရမှာပဲတဲ့။ ကာတွန်းဆရာဆိုတာ ကာဘရေးကပွဲမှာ စန္ဒရားတီးရတဲ့ စန္ဒရားဆရာနဲ့ အတူတူပဲတဲ့။ ဘယ်လောက်ပဲ ဆူညံနေသည်ဖြစ်စေ၊ ကိုယ့်စန္ဒရားသံကို လူတွေမကြားလို့ လုပ်ခုပ်သြဘာသံတွေ မရသည့်တိုင် စန္ဒရားသံကိုတော့ သံစဉ်မှန်အောင် တီးနေရမှာပဲလို့ သူက ပြောပါတယ်။

ဘရာဇီး ကာတွန်းဆရာကြီး ဖာနန်ဒို ဗာရီဇီမိုကတော့ နိုင်ငံရေးအကျင့်ပျက်မှုတို့ ဘာတို့ များလာရင် ကာတွန်းဆွဲလို့ အကောင်းဆုံးပဲလို့ ပြောပါတယ်။ သူ့ရဲ့ကာတွန်းတစ်ခုမှာ ဘရာဇီးဆိုတဲ့ သင်္ဘောကြီးပေါ်မှာ မြွေနှစ်ကောင်စီးလာတာကို ရေးထားတယ်။ မြွေတစ်ကောင်က 'ဘရာဇီးမှာ စားသောက်ဆိုင်တွေ၊ ကလပ်တွေ၊ အလှပြင်ဆိုင်တွေ၊ နားနေခန်းတွေတော့ ပေါပါရဲ့၊ ဒါပေမဲ့ လမ်းညွှန်အိမ်မြှောင်မပါဘူးကွ' လို့ ပြောနေတဲ့ပုံကို ရေးထားပါတယ်။

အာဖရိကတိုက်မှာတော့ လမ်းညွှန်အိမ်မြှောင်ကိုင်သူများဟာကာတွန်းဆရာများကိုယ်တိုင် ဖြစ်ပါတယ်။ ကင်ညာ ကာတွန်းဆရာကြီး ပေါကီလင်ဘာဟာ နိုင်ငံရေးခေါင်းဆောင်များ၊ အစိုးရခေါင်းဆောင်များရဲ့ အကျင့်ပျက်မှုများကို ဝေဖန်လေ့ရှိပါတယ်။ တစ်ခါမှာ ကင်ညာမှာ ကိုယ်ခံအားကျဆင်း

တဲ့ ရောဂါ သိပ်များလာတာကို အစိုးရက ခပ်ပေါ့ပေါ့လုပ်နေတဲ့အခါကျတော့ သူက ကာတွန်းတစ်ခု ဆွဲလိုက်ပါတယ်။ အဲဒီကာတွန်းက ကင်ညာကို ချားလ်မင်းသား အလည်လာတဲ့အချိန်မှာ ဆွဲတာပါ။ သူ့ကာတွန်းထဲမှာ ချားလ် မင်းသားက အရေးပေါ်နေထိုင်မကောင်းရင် သွေးသွင်းရအောင် ဗြိတိသျှသွေး တစ်ပုလင်းကိုယူပြီး လေယာဉ်ပေါ်က ဆင်းလာတဲ့ပုံ ဖြစ်ပါတယ်။

နိုက်ဂျီးရီးယားမှာလည်း သတင်းစာတွေမှာ နိုင်ငံရေးကာတွန်းတွေ တော်တော်များများ ထည့်လေ့ရှိကြတယ်။ 'ဒါပေမဲ့ သတိတော့ထားရတယ်လေ၊ ဒီအကြောင်းအရာကို မရေးပါနဲ့၊ ဟိုအကြောင်းအရာကို မရေးပါနဲ့လို့ အယ်ဒီတာတွေက တားတော့၊ ကာတွန်းရေးရတာ စိတ်ညစ်တယ်' လို့ ကာတွန်း ဆရာ အော်ဆီအော်ပိုက ညည်းပါတယ်။

ဒီလိုညည်းသံမျိုးဟာ အာဖရိကတိုက်မှာတင် မဟုတ်ပါဘူး။ ကမ္ဘာတစ်ဝန်းလုံးမှာ ရှိတဲ့ သတင်းစာတိုက်တွေ အားလုံးလောက်မှာ ဒီလိုကာတွန်းဆရာတွေရဲ့ ဒီလိုညည်းသံတွေကို ကြားရတတ်ပါတယ်။ ပရိသတ်က ကာတွန်းဆရာကို ပျော်တော်ဆက်လို့ သဘောထားပေမယ့် အဲဒီကာတွန်းရုပ်ပြောင်ရဲ့နောက်ကွယ်မှာ လေးနက်တဲ့ စာရိတ္တဆရာရဲ့အရိပ်ဟာ ရှည်ရှည်ကြီး ထိုးကျနေတတ်ပါတယ်။ ကာတွန်းဆရာရဲ့လက်နက်ဟာ ကျောင်းသားငယ်ရဲ့ လက်နက်ဖြစ်တဲ့ လှောင်ပြောင်သရော်မှုနဲ့ နံရံပေါ်မှာ လက်ကမြင်းတာတို့ ဖြစ်ပြီး သူ့ရန်သူကတော့ မတရားမှု၊ မမျှတမှု၊ ကမောက်ကမဖြစ်မှုတို့ပဲ ဖြစ်ပါတယ်။

ဒီနည်းအားဖြင့် ကာတွန်းဆရာများဟာ သမိုင်းကို ရေးနေကြသူများလို့ ပြောနိုင်ပါတယ်။

နှယ်နီ မဥ္စင်း
မေ၊ ၁၉၉၁။

# အကယ်၍သာ

**ထက်အောင်**

ပြကွက် ။ ။ (အိမ်ဖြူတော်၊ အိုဗယ်ရုံးခန်း၊ ရုပ်မြင်သံကြားရိုက်ရန် မီးလုံးများနှင့် ကင်မရာများ အသင့်ဖြစ်နေကြသည်။ အသံတစ်သံပေါ်လာသည်။ ‘ငါး၊ လေး၊ သုံး၊ နှစ်၊ တစ်)

မေး ။ ။ မင်္ဂလာညနေခင်းပါ သမ္မတကြီးခင်ဗျာ၊ ကျွန်တော်တို့နှင့်တကွ ရုပ်မြင်သံကြားကြည့် ပရိသတ်များကို ဒီနေရာကို လာရောက်ခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ဖြေ ။ ။ ဟုတ်ကဲ့၊ ကျုပ်ကလည်း ဝမ်းသာပါတယ်။

မေး ။ ။ ပထမဆုံးအနေနှင့် မေးခွန်းတစ်ခုမေးပါရစေ ခင်ဗျာ၊ အကယ်၍ သမ္မတကြီးမှာ မြေးတစ်ယောက် ရှိခဲ့တယ်ဆိုရင်…။

ဖြေ ။ ။ တစ်ယောက်မကဘူးဗျ၊ အများကြီးပဲ။

မေး ။ ။ ဟုတ်ကဲ့၊ ဒီမြေးကလေးဟာ သမ္မတကြီးဆီလာပြီး ဆိုနီဝေါ့မင်း ဗွီဒီယိုပေါ်မှာ ခိုးသွင်းလာတဲ့ မီဂါဒက် တိပ်ခွေတစ်ခွေကို နားထောင်ရင်း ဆေးခြောက်ရှူမိကြောင်း၊ ပြီးတော့ အဲဒီတိပ်ခွေကို လိင်ဖောက်ပြန်ထွေပြားပြီး ယဉ်ကျေးမှုပေါင်းစုံ လက်ခံတဲ့ မိတ်ဆွေတစ်ယောက်ဆီ ငှားလိုက်မိတဲ့အကြောင်း၊ ပြီးတော့ သူတို့အပေါင်းအသင်းတွေထဲက မော်တော်ဆိုင်ကယ်စီးသူ တစ်

ယောက်က ခေါင်းပေါ်မှာ သတ္တုခုမောက်ဆောင်းဖို့ ဥပဒေ ပြဋ္ဌာန်းတဲ့ နိုင်ငံရေးသမားတွေကို ဆဲရေးတိုင်ထွာတဲ့အကြောင်း စသည်ဖြင့် လာပြီးပြောတယ် ဆိုပါစို့၊ ဒီလိုဆိုရင်…။

ဖြေ ။ ။ အင်း…။

မေး ။ ။ ဒါတွေကို တွေ့ကြုံလာတော့ သမ္မတကြီးရဲ့မြေးက လူ့ဘဝကြီး ဟာ ဘာမှအဓိပ္ပာယ်မရှိတဲ့အကြောင်း၊ လောကကြီးတစ်ခုလုံး မှာ ရှိသမျှအရာတွေဟာ ဘာမျှအရေးမကြီးတဲ့အကြောင်း၊ ဒါ့ ကြောင့် သူ့အဖို့ အကောင်းဆုံးကတော့ အလှပြင်သင်တန်း ကျောင်းကို တက်ဖို့ပဲရှိတော့တဲ့ အကြောင်းကို ပြောတယ် ဆိုပါစို့၊ အဲဒီလိုဆိုရင် သမ္မတကြီး သူ့ကို ဘယ်လိုများ အကြံ ဉာဏ် ပေးမှာပါလဲ ခင်ဗျာ။

ဖြေ။ ။ (ရှည်လျားသော တိတ်ဆိတ်မှု) ခင်ဗျားဆိုလိုတာကို ကျုပ် သိပ်သဘောမပေါက်…။

မေး ။ ။ ကောင်းပါပြီခင်ဗျာ၊ ဒီလိုဆိုရင် တစ်မျိုးလှည့်မေးပါရစေ၊ သမ္မတကြီးမှာ တခြားမြေးတစ်ယောက် ရှိတယ်ဆိုပါတော့…။

ဖြေ။ ။ ဟင်… နောက်မြေးတစ်ယောက် ရှိရဦးမယ်လား။

မေး။ ။ နောက်မြေးတစ်ယောက်ဆိုတာ မြေးမကလေး တစ်ယောက်လို့ ပြောချင်တာပါ ခင်ဗျာ။ အဲဒီမြေးမက သမ္မတကြီးဆီလာပြီး စကြဝဠာပေါင်းစုံ ထီးဖွင့်ပွဲကြီးမှာ သူ့ခန္ဓာကိုယ်ကို တခြား ဂြိုဟ်က ဂြိုဟ်သားတစ်ဦးဖြစ်တဲ့ 'ဇောင့်'က ဆုအဖြစ် ရသွား တဲ့အကြောင်း။ 'ဇောင့်'ဟာ ကောလိပ်တုန်းက သူနဲ့ သိခဲ့ ကြောင်း၊ 'ဇောင့်'တို့ နေထိုင်တဲ့ဂြိုဟ်မှာ မိသားစုတန်ဖိုးများ ဟာ ကမ္ဘာမြေပြင်ပေါ်မှာ ကျွန်တော်တို့ နားလည်လက်ခံထား ကြတဲ့ မိသားစုတန်ဖိုးများနဲ့ မတူတဲ့အကြောင်း၊ ဥပမာအားဖြင့် 'ဇောင့်'တို့ရဲ့ ဇာတိရပ်ဌာန်ဖြစ်တဲ့ ဂြိုဟ်ပေါ်မှာ မယားအများ အပြားကို တစ်ပြိုင်တည်းယူထားခြင်းဟာ အများက လက်ခံ အသိအမှတ်ပြုထားတဲ့ ထုံးစံတစ်ခုဖြစ်ကြောင်း၊ ဒီလိုပေါင်းဖော် ဆက်ဆံမှုဟာ လူသတ္တဝါများနဲ့သာမက အပင်များနဲ့လည်း…။

ဖြေ ။ ။ (သူ့ဘေးသို့ လှည့်ကြည့်ကာ) ကင်မရာဖွင့်ထားသလား။ (ဗိတ်ကား နောက်ကွယ်မှ အသံ) ဖွင့်ထားပါတယ် ဆရာကြီး။

မေး ။ ။ ဒီတော့ အဲဒီသမ္မတကြီးမြေးက 'ဓောင့်'နဲ့အတူ သူ့ဂြိုဟ်ကို လိုက်လည်ဖို့ ခွင့်လာတောင်းတယ်ဆိုပါတော့။ မြေးမကလေးဟာ အဲဒီဂြိုဟ်ကို ရောက်သွားတဲ့အခါမှာ သူရွေးချယ်ထားတဲ့ ချစ်သူတိုင်းပြည်က နေထိုင်မှုတွေကိုလည်း ကိုယ်တိုင်ဆုံးဖြတ်ချင်လေတော့ အဲဒီချစ်သူဂြိုဟ်မှာ မိသားစုတန်ဖိုးတွေ ဘယ်လိုရှိတယ် ဆိုတာကိုလည်း ကိုယ်တိုင်ကိုယ်ကျ အတွေ့အကြုံရအောင် လေ့လာမယ်လို့ သမ္မတကြီးကို ခွင့်ပန်တယ်ဆိုပါတော့။ အဲဒီလိုဆိုရင် မြေးမကလေးကို သမ္မတကြီး ဘယ်လိုအကြံပေးမလဲခင်ဗျာ။ မြေးမဟုတ်ရင်လည်း အလားတူ အခြေအနေမျိုး ကြုံတွေ့နေတဲ့ ကလေးမလေးတစ်ဦး ဆိုပါတော့ခင်ဗျာ။

ဖြေ ။ ။ ဒါက တကယ်မဟုတ်ဘဲ မှန်းဆချက်တစ်ရပ်အနေနဲ့ မေးတယ်ဆိုပါတော့။

မေး ။ ။ သမ္မတကြီးက ဒီမေးခွန်းကို မဖြေချင်ဘူးဆိုတဲ့ သဘောလားခင်ဗျာ။

ဖြေ ။ ။ (စိတ်တိုသွားကာ) မဖြေချင်လို့ မဟုတ်ပါဘူးဗျ၊ ကျုပ်မှာ မြေးလည်း တစ်ယောက်မှမရှိဘူး။ ကျုပ်ဆီကို လာမေးတာလည်း မရှိဘူး။ 'ဝေါင့်'ဆိုတဲ့ ကောင်။

မေး ။ ။ ဓောင့်ပါ ခင်ဗျာ။

ဖြေ။ ။ ။ ဓောင့်ဖြစ်ဖြစ်၊ ဝေါင့်ဖြစ်ဖြစ်ပေါ့ဗျာ။ ကျုပ်ဆီကို တခြားဂြိုဟ်ကို အလည်လိုက်ပါရစေလို့ လာပြောတဲ့ မြေးလည်းမရှိဘူး၊ ဘယ်သူမှလည်း မရှိဘူး။ ဒီတော့ ကျုပ်က ဘာပြန်ဖြေစရာ…

မေး ။ ။ မှန်ပါတယ် သမ္မတကြီးခင်ဗျာ၊ ရုပ်မြင်သံကြားစက်ကြီးက ဆက်ရိုက်နေတယ် ထင်ပါတယ်။ ဒီလိုဆို နောက်တစ်မျိုး လှည့်မေးပါရစေ၊ သမ္မတကတော်က…။

ဖြေ ။ ။ တော်တော်၊ ခင်ဗျားတို့ ရုပ်မြင်သံကြားရိုက်တာတွေ ရပ်လိုက်ပါ၊ ခုကိစ္စမှာ ဘာဖြစ်လို့ သမ္မတကတော်ကို မဆီမဆိုင်…။

မေး ။ ။ (ဖွတ်အတင်းဆက်၍) အကယ်၍ သမ္မတကတော်ကို အက်တူကျွန်းကို ကုလသမဂ္ဂရဲ့ ကြီးကြပ်မှုနဲ့ တောင်ပိုင်းမှာရှိတဲ့ စန်တီအာဂို သင်္ဘောဆိပ်နားကို သင်္ဘောနဲ့ဆွဲပြီး ပြောင်းရွှေ့ပေးရမယ်လို့ အယ်လူစီကျွန်းသားခွဲထွက်ရေး အကြမ်းဖက်သမားတွေက တောင်းဆိုနေတယ် ဆိုပါတော့။ သူတို့က သူတို့ကျွန်းကို အဲဒီကို သင်္ဘောနဲ့ ဆွဲပြောင်းပေးလိုက်ရင် သူတို့အဖို့ ပိုပြီး ရာသီဥတုကလည်း ပူနွေးတဲ့နေရာ ရောက်လာမယ်၊ ကမ်းပေါ်ကို တက်ပြီး ရုပ်ရှင်လည်း ကြည့်လို့ရမယ်၊ မက်ဒေါ်နယ် ဟမ်ဘာဂါကလေးလည်း စားလို့ရမယ်မဟုတ်လား။ ဒါ့ကြောင့် သူတို့ကျွန်းကို တောင်ပိုင်းကိုပြောင်းရွှေ့ပေးဖို့ တောင်းဆိုနေတဲ့ အဲဒီကျွန်းသားတွေက သမ္မတကတော်ကို ဓားစာခံအဖြစ် ဖမ်းသွားတယ်ဆိုပါစို့။ ဒါတင်မကဘူး။ အဲဒီနိုင်ငံတကာ ရာဇဝတ်ကောင်တွေက သူတို့ရဲ့ရာဇသံကို သုံးရက်အတွင်း အကြောင်းမပြန်ရင် သမ္မတကြီးနဲ့ ရာသက်ပန်ပေါင်းသင်းလာခဲ့တဲ့ သမ္မတကတော်ကို ရော်ဘာလှေကလေး တစ်စင်းနဲ့ ဘယ်ရင်ရေလက်ကြားကို မျှောလိုက်တယ်ဆိုပါစို့၊ ဒီလိုမျှောလိုက်ရာမှာလည်း ရေခဲစိမ်ထားတဲ့ ငါးကြီးဆီခဲနှင့် ဂျိမ်းဖွန်ဒါ ကျန်းမာရေးလေ့ကျင့်ခန်းတွေ အသံသွင်းထားတဲ့ ကက်ဆက်တိပ်ခွေပဲ ပါတယ်ဆိုပါစို့၊ ဒီလိုအခြေအနေမျိုး ရောက်လာရင် သမ္မတကြီး ဘယ်လိုတုံ့ပြန်မလဲ၊ သမ္မတကတော်ကို လိုက်ကယ်မှာလား။

ဖြေ ။ ။ (မျက်ကလူးဆန်ပျာဖြင့်) ဒါ ရယ်စရာပြောနေတာလားဟင်။ (ပိတ်ကားနောက်ကွယ်မှအသံ) သမ္မတကြီး သတိထားပါခင်ဗျာ၊ သမ္မတကြီးရဲ့ အရေးကြီးတဲ့ မဲဆန္ဒရှင်တွေဖြစ်လာမယ့် လူသန်းပေါင်း ၃၀ ဟာ သမ္မတကြီးရဲ့အဖြေကို ကြားချင်လို့ ရုပ်မြင်သံကြားစက်ရှေ့မှာကို အပြေးအလွှား လာနေကြပါပြီ။

မေး ။ ။ မေးခွန်းကို ပြန်မေးပါ့မယ် သမ္မတကြီးခင်ဗျာ၊ ဒီလိုအခြေအနေမှာ သမ္မတကြီးဟာ သမ္မတကြီးရဲ့ဇနီးကို ကယ်မှာလားခင်ဗျာ။ ဒီလို သိပ်ပြီးပြင်းထန်တဲ့၊ သိပ်ပြီးကိုယ်ရေးကိုယ်တာ ဖြစ်တဲ့၊ သိပ်ပြီးလေးနက်တဲ့ အကျပ်အတည်းကြောင့် နိုင်ငံတကာ တရားဥပဒေစိုးမိုးမှုကို ကာကွယ်ရမယ်ဆိုတဲ့ သမ္မတကြီးရဲ့မှုကိုစွန့်ပစ်မှာလား ခင်ဗျာ။ တစ်နည်းပြောရရင် အရာအားလုံးကို ဘုရားသခင်က သူ့အလိုတော်အတိုင်း ဖန်ဆင်းခဲ့တဲ့အတွက် ကျွန်းများဟာလည်း နေရာပြောင်းရွှေ့ခြင်း မပြုဘဲ ဘုရားသခင်ရဲ့ အလိုတော်အတိုင်း တည်ရှိသင့်တယ်ဆိုတဲ့ မှုကိုစွန့်လွှတ်မှာလား ခင်ဗျာ။

ဖြေ ။ ။ (အင်္ကျီကော်လာထဲသို့ လက်နှိုက်၍ကုတ်ရင်း) အင်း… ဒါကတော့ သမ္မတကတော်ကိုလိုက်ပြီး ကယ်ရမှာပေါ့၊ တစ်ခုတော့ ရှိတယ်ပေါ့ဗျာ၊ သူက အာလာစကာကျွန်းအလွန်မှာ ရော်ဘာလှေကလေးနဲ့၊ ကျုပ်က ဒီအိမ်ဖြူတော်မှာဆိုတော့ တကယ်လက်တွေ့မှာ ဘယ်လိုကယ်ရမယ် ဆိုတာကိုတော့…။

မေး ။ ။ (လေသံတင်းလျက်) ရှင်းပါပြီခင်ဗျာ၊ ကျေးဇူးတင်ပါတယ်။

ဖြေ ။ ။ အဲ… ဒါပေမဲ့ ဘုရားသခင်နဲ့ ကျွန်းတွေကိစ္စနှင့် ပတ်သက်လို့တော့ နည်းနည်းပြောချင်တယ်ဗျ။

မေး ။ ။ ဝမ်းနည်းပါတယ် သမ္မတကြီးခင်ဗျာ၊ ကျွန်တော်တို့ အချိန်စေ့သွားပါပြီ။ ခွင့်ပြုမယ်ဆိုရင် နောက်ဆုံးမေးခွန်းကလေး တစ်ခုပဲ ကျန်ပါတော့တယ်။ အကယ်၍သာ သမ္မတကြီးဟာ ဒက်ဂလက်စ်ဂျူနီယာ တစ်ယောက်ဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာ အရှေ့မြောက်ဖျားက ကျွန်းကြီးပေါ်က တောကြီးမျက်မည်းတစ်ခုထဲမှာ ရောက်နေတယ်ဆိုပါစို့၊ ပြီးတော့ အကယ်၍သာ သမ္မတကြီး ရပ်နေတဲ့သစ်ပင်ရဲ့ အထက်ကိုင်းဖျားဟာ မျိုးနွယ်တုံးလုဆဲဖြစ်တဲ့ ခင်ပုပ်ငှက်ရဲ့ သိုက်မြုံဖြစ်တယ် ဆိုပါစို့။ တစ်နေ့မှာ သစ်ပင်တွေကို ခုတ်လှဲတဲ့ လျှပ်စစ်လွှတိုက်သံဟာလည်း အနားကို ရောက်လာတယ်ဆိုပါစို့၊ အဲဒီအခါမှာ ခင်ပုပ်ငှက်ဟာ

ကြောက်လန့်တကြားနဲ့ သမ္မတကြီးအနားမှာ အတောင်တဖျပ်ဖျပ်နဲ့ ပျံဝဲနေမယ်၊ ဒီတုန်းမှာ သစ်ခုတ်သမားတွေဟာ သမ္မတကြီးအနားကို ရောက်လာမယ်။ အဲဒီသစ်ခုတ်သမားတွေရဲ့ ထိပ်ဆုံးမှာ အဲလဗစ်က ခေါင်းဆောင်လာတယ် ဆိုပါစို့…။

ရည်ညွှန်း

**Just Suppose by Paul Gray.**

**Time, August 24, 1992.**

နှယ်နီ မဂ္ဂဇင်း

မေလ၊ ၁၉၉၃။

မြန်မာပြန်ရသစာတမ်း

# သေနတ် ယဉ်ကျေးမှုလော

**ထက်အောင်**

ကမ္ဘာ၏အမြင်တွင် အမေရိကန်ပြည်ထောင်စုသည် ရှီကာဂိုမြို့ကြီး ဖြစ်နေလေပြီ။ ကမ္ဘာတွင် ဘယ်နေရာကိုရောက်ရောက် "ဪ…ရှီကာဂိုက လား၊ အယ်ကပုန်းရဲ့မြို့ပေါ့၊ ဒိုင်း… ဒိုင်း…"ဟု ဆိုကာ လက်ကိုသေနတ် ပစ်ဟန် ပြကြသည်။ ရှီကာဂိုမြို့သား တစ်ယောက်အနေဖြင့် ကျွန်တော်သည် ထိုစကားကိုကြားတိုင်း စိတ်မချမ်းမသာ ဖြစ်ရသည်။ ယခုမူ အမေရိကန် ပြည်ထောင်စုကြီး တစ်ခုလုံးကို ထိုစိတ်ပျက်ဖွယ် စကားလုံးဖြင့် ခေါ်ဝေါ်နေ ကြလေပြီ။ အမေရိကန်ပြည်ထောင်စုကြီးသည် ရှီကာဂိုမြို့အသွင်သို့ ပြောင်း နေသည့်တိုင် ကမ္ဘာလှည့်ခရီးသည်များနှင့် အခြေတကျ ပြောင်းရွှေ့နေထိုင်သူ တို့ကိုတော့ စိတ်ဓာတ်ကျအောင် မလုပ်နိုင်သေးပါ။ သူတို့သည် အမေရိက သို့ လာချင်နေဆဲပင် ဖြစ်ပါသည်။ ဧည့်သည်များစွာတို့သည် ထိုမျှအန္တရာယ် များသော ဒေသများသို့ မရောက်အရောက် သွားခဲ့ကြပါသည်။ ကိုယ့် တိုင်းပြည်သို့ ပြန်ရောက်လျှင် ထိုဒေသသို့ ရောက်ခဲ့သည်ဟု ကြွားနိုင်ရန် ဖြစ်သည်။ သို့ရာတွင် အမေရိက၏ သေနတ်ယဉ်ကျေးမှုသည် ရှုံးသွပ်နေပြီ ဟူသော ကမ္ဘာ့လူထု၏ ထင်မြင်ချက်မှာ ပျောက်ကွယ်မသွားခဲ့ကြပါ။ ထိုသို့ထင်နေခြင်းသည် မှန်လည်း မှန်ပါသည်။ အနောက်အလယ်ပိုင်းတွင် ငြိမ်းချမ်းရေးမရှိဘဲ အရှေ့အလယ်ပိုင်း၏ ငြိမ်းချမ်းရေးသည် မည်သို့အဓိပ္ပာယ် ရှိနိုင်ပါမည်နည်း။

အမေရိကန် နိုင်ငံရေးသမားများအား ဆွေးနွေးပွဲစားပွဲသို့ လာအောင် လုပ်ရာတွင် အမြော်အမြင်ရှိသည့် နော်ဝေလူမျိုးများ (ဗြိတိသျှ၊ ဂျာမန်၊ ဂျပန်နှင့် အခြားလူမျိုးများလည်း ပါပါသည်) သည် အရေးကြီးသောအခန်းမှ ပါနိုင်ပါသည်။ ကျွန်တော့်သဘောကိုပြောရလျှင် အမေရိကသို့ ခရီးသွားလာခြင်း မပြုသင့်ဟူသော အကြံပေးချက်ဖြင့် အမေရိကန်ပြည်ထောင်စုကိုလည်း စီးပွားရေးဒဏ်ခတ်သင့်သည် ထင်ပါသည်။ ထိုစကားကို ပြောသဖြင့် ဒေါသထွက်နေသော ခရီးသွားကုမ္ပဏီ ကိုယ်စားလှယ်တစ်ဦးက ကျွန်တော့်ကို ပစ်သတ်လျှင်လည်း မတတ်နိုင်ပါ။ အမေရိကသည် တစ်နှစ်လျှင် ခရီးသွားလုပ်ငန်းမှ ဝင်ငွေဒေါ်လာ သန်း ၇၀,၀၀၀ (၇၀ ဘီလီယံ) ရလျက်ရှိရာ ထိုသို့ စီးပွားရေးဒဏ်ခတ်လိုက်လျှင် ဆဲမီးအော်တိုမက်တစ် လက်နက်များကို အလွယ်တကူ ရောင်းချခွင့်ပြုသည့် ဥပဒေများကို ရုပ်သိမ်းပေးရုံဖြင့် ဘာမျှအရာမရောက်ဟု ထင်နေကြသော လွှတ်တော်အမတ်များကို စိတ်ပြောင်းသွားအောင် လုပ်နိုင်ဖွယ်ရှိပါသည်။ ကျေးဇူးပြု၍ နိုင်ငံခြားတိုင်းပြည်များက ဖိအားပေးကြပါကုန်။

ရာဇဝတ်ကောင်နှင့်အတူ သေနတ်များကိုလည်း အပြစ်တင်သင့်ပါသလောဟု မေးဖွယ်ရှိပါသည်။ ကျွန်တော့်အထင်တွင်မူ သေနတ်များတွင်လည်း တာဝန်ရှိသည်ဟု ထင်ပါသည်။ ဖြတ်သွားသောကားတစ်စင်းပေါ်မှနေပြီး လူတစ်ယောက်ကို ဓားဖြင့်လှမ်းထိုးသွား၍ မရပါ။ ကျွန်တော်တို့တိုင်းပြည်တွင် သေနတ်ပေါင်း သန်း ၂၀၀ လောက် ရောင်းချထားပြီးဖြစ်ရာ ဘရက်ဒီဥပဒေကြမ်း (ထိုဥပဒေကြမ်းအရ သေနတ်ဝယ်လျှင် ချက်ချင်းမရောင်းဘဲ ဆိုင်းငံ့ရောင်းရန် ဖြစ်သည်)နှင့် အခြားသောသေနတ် ထိန်းချုပ်ရေး စည်းကမ်းများကို ထုတ်ပြန်ရုံမျှဖြင့် ဘာမျှထူးခြားလာမည် မဟုတ်ပါ။ ထို့ကြောင့်ပင်လျှင် အထက်လွှတ်တော် အမတ် ပက်ထရစ်မွိုင်နီဟာမ်က ကျည်ဆန်ထိန်းချုပ်ရေးကို လုပ်ရန်တိုက်တွန်းနေခြင်း ဖြစ်ပါသည်။ ယခုအချိန်တွင် လေးနှစ်စာအတွက်သာ ခဲယမ်းမီးကျောက်များ ကျန်ရှိတော့ရာ အမဲလိုက်ရန်အတွက် မဟုတ်သော ခဲယမ်းမီးကျောက်များကို ပိတ်ပင်ပစ်လိုက်မည်ဆိုလျှင် သေနတ်အကြမ်းဖက်မှုကို လျော့သွားစေနိုင်သည်။ (ယခုမူ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရန်အတွက် ကျည်ဆန်တွေ အများကြီးလိုနေသည့်

ပုံမျိုး ဖြစ်နေသည်)။ မွိုင်နီဟမ်က ကျည်ဆန်ကို အခွန်ကောက်ရာတွင် ရာနှုန်း ၁၀၀၀ တိုး၍ကောက်ရန်လည်း ဥပဒေကြမ်းတစ်ခု တင်ထားသည်။ ထိုအခွန်မှာ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုအတွက် သုံးရန် သမ္မတကလင်တန် လိုနေသောငွေများကို အထောက်အပံ့ ဖြစ်ကောင်းဖြစ်နိုင်ပါ၏။ သို့ရာတွင် သမ္မတကလည်း ထိုအခွန်ကို တိုးကောက်ရန် ဝန်လေးနေပါသည်။

အမေရိကန် သေနတ်ယဉ်ကျေးမှု၏ အမြီးအမောက်မတည့် ဖြစ်နေပုံမှာ အခြားမဟုတ်။ အမေရိကန် သေနတ်ယဉ်ကျေးမှုသည် သူ ကာကွယ်စောင့်ရှောက်ရန် ရည်မှန်းခဲ့သော တန်ဖိုးများကို သူကိုယ်တိုင်ဖျက်ဆီးနေခြင်းပင် ဖြစ်သည်။ သမ္မတ ရုစဗဲ့ သတ်မှတ်ခဲ့သည့် နာမည်ကျော်လွတ်လပ်မှု လေးမျိုးကို သတိရကြပါသေး၏လော။ ကမ္ဘာစစ်ကြီးကို အမေရိကန်တို့ ဝင်ရောက် တိုက်ခိုက်ခဲ့ခြင်းမှာ ထိုလွတ်လပ်ရေး လေးမျိုးအတွက် ဖြစ်ပါသည်။ ထိုလွတ်လပ်ရေးလေးမျိုးအနက် တစ်ခုမှာ "အကြောက်ဘေးမှ လွတ်လပ်ရေး" ဖြစ်ပါသည်။ ယခုမူ တိုက်ပွဲသည် ရှုံးခဲ့လေပြီ။ အမေရိကန်ပြည်ထောင်စုကြီးသည် နှောင်းအချိန်တွင်သာ တကယ့်လွတ်လပ်ရေးရှိသော တိုင်းပြည်တစ်ပြည် အဖြစ်သို့ရောက်နေလေပြီ။ ကျွန်တော်တို့တိုင်းပြည်သည် မကြာခင် နှစ်များအတွင်းကတည်းကပင်လျှင် အကောင်းမြင်သူများကိုယ်တိုင်က ကိုယ့်နောက်တွင် ဘယ်သူလိုက်လာသနည်းဟု မကြာခဏ ပြန်လိုက်ကြည့်ရသည့် တိုင်းပြည်တစ်ပြည် ဖြစ်လာခဲ့လေပြီ။ ကိုယ့်နောက်တွင် ကေကျီ ဘီ ပါလာသည်ကမှ တော်ဦးမည်။

ထုံးစံတစ်ခု ဖြစ်သွားသော ထိုအကြောက်ဘေးသည် အမေရိကန်ပြည်ထောင်စု၏ ဘဝအစိတ်အပိုင်း ဖြစ်သွားခဲ့ကာ လူများကိုယ်တိုင်ကပင်လျှင် နေသားကျစပြုနေလေပြီ။ ယခုဆိုလျှင် ကျွန်တော်တို့သည် လူထူထပ်သည့် မြို့နေရပ်ကွက်ကို ရှောင်ကွင်း သွားလာနေကြရပြီ။ ကျွန်တော့်အဖို့ဆိုလျှင် ဂျပန်ပြည်သို့ ရောက်သွားသည့်အခါကျမှပင် ကိုယ့်တိုင်းပြည်နေခဲ့တုန်းက ကိုယ့်တွင် လွတ်လပ်မှု ဘယ်လောက်ဆုံးရှုံးခဲ့ရကြောင်းကို ပို၍ သဘောပေါက်လာခဲ့ရပါသည်။ အမေရိကန် ပြည်ထောင်စုနှင့်စာလျှင် ဂျပန်သည် ဘက်ပေါင်းများစွာတွင်နေဖို့ မကောင်းသည့်နေရာ ဖြစ်ပါသည်။ သို့ရာတွင် ဂျပန်ပြည်သည် သန်းခေါင်လောက်ထပြီး ပန်းခြံထဲတွင် တစ်

ယောက်တည်း မကြောက်မရွံ့ လမ်းလျှောက်နိုင်သည့်နေရာ ဖြစ်ပါသည်။ (အမေရိကတွင် ၁၉၅၀ ပြည့်လွန်နှစ်များကသာ ထိုသို့ နေနိုင်ခဲ့သည်) ကျွန်တော်သည် မိမိ၏လုံခြုံမှုအတွက် စိုးရိမ်ကြောက်ရွံ့ခဲ့ရသည်မှာ အကျင့်ပါနေပြီ ဖြစ်သည့်အတွက် ထိုသို့လွတ်လပ်စွာ သွားလာနိုင်သည့်အခါတွင် အထူးအဆန်း ဖြစ်နေပါသည်။ ထိုအတိုင်း အမှန်ပင်ဖြစ်နေပါသည်။ တစ်ညလုံး အိမ်တွင် အကာအကွယ်တွေဖြင့် နေရသည်မှာ သဘာဝဖြစ်နေပါပြီ။ အမေရိကန်တို့၏ထုံးစံ အတွေ့အကြုံတစ်ခုဖြစ်သည့် တစ်ယောက်တည်း လွတ်လပ်စွာ လျှောက်လည်နေသည့် ကိစ္စမျိုးသည် မိုက်မဲသောလုပ်ရပ်တစ်ခုဖြစ်နေပါပြီ။ ၆၆ လမ်းမကြီးကဲ့သို့ လမ်းများသည် တစ်ခါတုန်းက လွတ်လပ်မှု၏သင်္ကေတ ဖြစ်ပါသည်။ ယခုမူ အန္တရာယ်ကို သင်္ကေတပြုနေပါပြီ။ မအူမလည် ကားမောင်းသမားကို လမ်းပြပေးခြင်း စသည့်အစဉ်အလာ ယဉ်ကျေးမှုတစ်ခုကို လုပ်ခြင်းသည်ပင်လျှင် အန္တရာယ်ရှိလာပါသည်။ သူက ပြန်၍အော်မသွားဘဲ ခေါင်းထဲသို့ ကျည်ဆန် ပစ်သွင်းသွားနိုင်ပါသည်။

အခြားသော တိုင်းပြည်များတွင်လည်း များစွာလုံခြုံမှု မရှိလှပါ။ ပြင်သစ်ပြည်တွင် မကြာသေးမီက ရီဗီးယားတွင် ရာဇဝတ်မှု အဖြစ်များနေကြောင်းဖြင့် ခရီးသွား အကြံပေးလမ်းညွှန်မှုများတွင် ဖော်ပြခဲ့ပါသည်။ ရီယိုဒီဂျနေရိုးနှင့် ဂျိုဟန်နစ္စဘတ် မြို့များတွင်လည်း တွေ့ရာလူက သေနတ်ဖြင့် လုမ်းပစ်သွားတတ်ကြောင်း သတင်းများကို ကြားရပါသည်။ သို့ရာတွင် 'လွတ်လပ်သောကမ္ဘာ'၏ ခေါင်းဆောင်ဖြစ်သည့် အမေရိကမှာမူ စံပြဖြစ်ပါသည်။ အကယ်၍ မြောက်ပိုင်းအိုင်ယာလန်ပြည် ဘဲလ်ဖတ်စ်တွင်ဖြစ်စေ၊ လူဦးရေ သုံးသိန်းလောက်စီရှိသော အမေရိကန် ဝီချီတာနှင့် ကင်းဆတ်စ် မြို့များတွင်ဖြစ်စေ သွားရောက်လည်ပတ်ခွင့် ရသည်ဆိုပါစို့။ ယခုနှစ်တွင် ဘဲလ်ဖတ်စ် မြို့တွင် လူ ၁၉ ဦးမျှသာ အသတ်ခံရသေးသည်။ ယင်းအရေအတွက်မှာ ပျမ်းမျှလောက်သာ ရှိသည်။ ဝီချီတာတွင်မူ ယခင် အပတ်အထိ ၄၁ ဦး အသတ်ခံရပြီးပြီ။ သို့တိုင်အောင် အမေရိကမြို့ကြီးတစ်မြို့၏ နှုန်းနှင့်နှိုင်းစာလျှင် များသည်ဟု မဆိုသာသေးပါ။ တစ်နည်း ပြောရလျှင် ဝီချီတာသည် ဘဲလ်ဖတ်စ်မြို့ထက် အန္တရာယ်နှစ်ဆ များနေသည်ဟု ဆိုနိုင်သည်။ ထို့ပြင် ဘဲလ်ဖတ်စ်တွင် တစ်ဦးကိုတစ်ဦး သတ်ဖြတ်ကြသည်မှာ ဘာသာရေး

အတွက်ကြောင့်ဖြစ်ပြီး ဝီချီတာနှင့် အမေရိကန်မြို့ကြီးများတွင် လူသေရခြင်းမှာ မူးယစ်ဆေးကြောင့်ဖြစ်စေ၊ သရော်မော်ကားလုပ်သောကြောင့်ဖြစ်စေ၊ (ယခုလစောစောပိုင်းက မော်တော်ကား မောင်းသွားသူတစ်ဦး၏ အဖြစ်မျိုးတွင်ဆိုလျှင်) တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်ကြသည့်ကြားတွင် ရောက်နေသောကြောင့်ဖြစ်စေ သေကြရခြင်းဖြစ်သည်။

၁၈၇၀ ပြည့်နှစ်များတုန်းက ဝီချီတာသို့ ဝပ်အာ့ပ်ကို ဖိတ်ခေါ်ခဲ့သည်။ တိရစ္ဆာန်အရောင်းအဝယ် လုပ်သည့် ထိုမြို့ကလေးတွင် တစ်နှစ်လျှင် လူသတ်မှု တစ်မှုလောက်ဖြစ်နေသောကြောင့် ဖြစ်သည်။ တစ်နှစ်လျှင် လူသတ်မှု တစ်မှုလောက် ဖြစ်နေသည်ကိုပင်လျှင် ထိုစဉ်က အကြီးအကျယ်တုန်လှုပ်နေသည်။ အာ့ပ်က မြို့အစွန်အဝင်တွင် လက်နက်များကို စစ်ဆေးသည်။ အချို့ကို သိမ်းထားလိုက်သည်။ ကြမ်းတမ်းသည့် အနောက်နယ်မြေများတွင်ပင်လျှင် ထိုစဉ်က တစ်နှစ် တစ်မှုဆိုသည်မှာ များလွန်းနေပြီ။

လူသတ်မှုတွေ သည်လောက်များနေခြင်းမှာ ကျွန်တော်တို့ အနောက်နယ်မြေများက 'နယ်ခြားစိတ်ဓာတ်'ကြောင့် ဖြစ်သည်ဆိုသည့် စကားသည် ယုတ္တိမရှိသည့် ယုံတမ်းစကားသာ ဖြစ်သည်။ ဩစတြေးလျနှင့် ကနေဒါတို့တွင် နယ်ပယ်ရိုင်းများကို အများကြီး အောင်မြင်ခဲ့ကြသည်။ ထိုဒေသက လူများမှာလည်း သတ်ချင် ဖြတ်ချင်စိတ်တွေ ရှိကြသည်။ သို့ရာတွင် သူတို့နှင့် ကျွန်တော်တို့ခြားနားချက်မှာ သူတို့တွင် သေနတ်ဆိုသည့် နည်းလမ်း ကိရိယာ မရှိခြင်းပင်ဖြစ်သည်။ ဥပမာအားဖြင့် ၁၉၉၀ ပြည့်နှစ်၌ ဩစတြေးလျတွင် သေနတ်ဖြင့် ပစ်သတ်ခံရသူမှာ ၁၀ ယောက်သာရှိပြီး ကနေဒါတွင် ၆၈ ယောက် ရှိသည်။ ထိုအချိန်က အမေရိကတွင် ၁၀,၅၆၇ ယောက် ရှိသည်ဟု သေနတ်ထိန်းချုပ်ရေး အဖွဲ့က ကြေညာခဲ့သည်။

သို့ရာတွင် သေနတ်ထိန်းချုပ်ရေးကိစ္စနှင့် ပတ်သက်၍ အမေရိကတွင် လူသိရှင်ကြား ဆွေးနွေးပြောဆိုခြင်း မပြုကြသည့်အချက်မှာကား တော်တော်ဆန်းသည်ဟု ဆိုရမည်ထင်သည်။ ထိုကိစ္စအတွက် မဲဆန္ဒကောက်ယူရန် တင်ပြလာကြလျှင်လည်း သတင်းစာများက အတိုချုပ်သာ ဖော်ပြကြသည်။ အမေရိကန် လူထုဆက်သွယ်ရေး ကိရိယာများသည် လူသတ်မှုများအကြောင်းကို အသေးစိတ် တစ်တစ်ခွခွဖော်ပြတတ်ကြသည်။ (အသတ်ခံရ

သူက ကမ္ဘာ့လူညှိခရီးသည်ဖြစ်လျှင်၊ လူချမ်းသာတစ်ဦးဖြစ်လျှင် သတင်းတန်ဖိုးရှိလျှင် ရှိသလောက် အကျယ်ရေးကြသည်) သို့ရာတွင် အကယ်၍ အထက်လွှတ်တော်၊ သို့မဟုတ် အောက်လွှတ်တော် အမတ်တစ်ဦးဦးက အရှုံးတစ်ယောက်သည် သူလိုချင်သည့်အချိန်တွင် သေနတ်ကို အချိန်မရွေး ဝယ်ပိုင်ခွင့်ရှိသည်ဟု ယူဆလျှင်မူ ထိုအမတ်၏အမည်ကို ဖော်ပြခြင်းမပြုကြပါ။ လူထုကို အသိမပေးကြပါ။

ကံအားလျော်စွာပင် အမေရိကန်နိုင်ငံရေး ရာသီဥတုသည် ပြောင်းလဲနေလေပြီ။ နယူးဂျာဆီပြည်နယ်မှ ဂျင်းဖလိုရီယိုနှင့် ဗာဂျီးနီးယားပြည်နယ်မှ မေရီဆွိတယ်ရီတို့သည် မိမိတို့၏ပြည်နယ် ဘုရင်ခံရွေးကောက်ပွဲ မဲဆွယ်တရားပွဲများတွင် ထိုကိစ္စကို ကောက်ကိုင်နေကြလေပြီ။ သမ္မတကလင်တန်ကိုယ်တိုင်ကလည်း အချို့သော လူသေစေလောက်သော လက်နက်များ ပိတ်ပင်ရေးနှင့် သေနတ်ရောင်းခွင့် လိုင်စင်များကို တင်းကြပ်ရန် ထောက်ခံနေသည်။ အကယ်၍သာ သမ္မတကလင်တန်သည် ထိုကိစ္စကို ထိထိရောက်ရောက် ကိုင်တွယ်ခဲ့မည်ဆိုလျှင် သူ့တွင် ခိုင်မာသည့်နောက်ခံများ ရှိသည်ကို သက်သေပြနိုင်ပေလိမ့်မည်။ မိမိတွင် အမာခံပြည်နယ်များ ရှိသည်ဆိုသည်ကို သက်သေပြနိုင်ပေလိမ့်မည်။ ဤအချက်ကို ကလင်တန်၏နိုင်ငံရေးဗျူဟာမှူး ဖြစ်သည့် ဂျိမ်းစ်ကာဗီးလ် သိကောင်းမှသိမည်။ ကလင်တန်သည် ထိုပြဿနာကို ကိုင်တွယ်နိုင်ခဲ့လျှင် ရာဇဝတ်မှုပြဿနာကိုလည်း အောင်မြင်စွာ ကိုင်တွယ်နိုင်ပေလိမ့်မည်။ သို့ရာတွင် သေနတ်အကြမ်းဖက်မှုကို အဆုံးသတ်အောင် ဖြေရှင်းနိုင်ဦးမည်မဟုတ်ပါ။ သို့တိုင်အောင် အချိန် ကြာလာသည့် အခါတွင်မူ တည်ငြိမ်သော သေနတ်ထိန်းချုပ်ရေးပေါ်လစီကြောင့် အကြောက်တရားကို တဖြည်းဖြည်း ကင်းဝေးလျော့ပါးစေမည်သာဖြစ်ပါသည်။ အမေရိကန်ပြည်ထဲက ရှည်လျား၍ သွေးထွက်သံယိုများလှသော စစ်ပွဲအတွင်း အကျအဆုံးကို လျော့ပါးအောင်လုပ်နိုင်မည် ဖြစ်ပါသည်။

**Ref: Newsweek, September 27, 1993.**

တော်ဝင်ဂျာနယ်
ဇန်နဝါရီလ၊ ၁၉၉၄။

မြန်မာပြန်ရသစာတမ်း

# အချစ်၊ အမုန်းနှင့် အမျိုးသားရေးဝါဒ

**ထက်အောင်**

'ထိုအရာသည် အမည်း ဖြစ်သည်။ သင်းတို့ နားလည်မည်မဟုတ်'

အမေရိကန် လူမည်းများ ဝတ်ဆင်လေ့ရှိသည့် တီရှပ်ပေါ်တွင် ရေးထိုးထားသည့် စာတမ်းဖြစ်သည်။ ကြီးမားသောကမ္ဘာလုံးကြီးတွင် ဗဟိုဆွဲငင်မှုသည်မြည်ဟည်းနေပြီ။ ကမ္ဘာ့ဆက်သွယ်မှုနှင့် ကုန်သွယ်မှုသည် ကျွန်တော်တို့ အားလုံးအား မျိုးတူနိုင်ငံသားများဖြစ်ရန် ပုံသွင်းနေသည်ဟု ထင်မှတ်နေရချိန်၌ အစွဲအလမ်းဟောင်းများသည် ရှေ့တန်းသို့ ရောက်လာနေကြသည်။ လူမျိုးအချင်းချင်းအကြား၌ မျိုးနွယ်ဆိုင်ရာ၊ မျိုးစုဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ ကွဲပြား ခြားနားမှုများသည် ထိုသို့ ရှေ့တန်းသို့ထွက်လာနေရင်း ယင်းတို့၏ ကိုယ်ပိုင်ရပ်တည်မှုကို ထပ်မံတောင်းဆိုနေကြသည်။ ယင်းသို့ ဖြစ်ပျက်နေသည်မှာ ဘော်လကန်ဒေသ သို့မဟုတ် အနောက်နိုင်ငံသားတို့က နောက်ဖေးချောင်ဟု ယူဆထားသည့် တတိယကမ္ဘာတွင်သာ မဟုတ်ပါ။ အမေရိကန်ပြည်ထောင်စုတွင် အရှိန်တက်လာသော လူမျိုးစုစိတ်ဓာတ်၊ ကနေဒါနိုင်ငံမှ ကွိဘက်ပြည်နယ် ခွဲထွက်ရေးတောင်းဆိုသံ၊ မြောက်ပိုင်း အိုင်ယာလန်ပြည်မှ ရှေးအစဉ်အဆက် ပေါ်ခဲ့သောပြဿနာ၊ ဘယ်လ်ဂျီယံနိုင်ငံမှ ဖလင်းမင်းလူမျိုးစုနှင့် ဝေါလွန်း လူမျိုးစုတို့ကြားက ရင်တထိတ်ထိတ် ဖြစ်နေရသော စစ်ပြေငြိမ်းရေး စသည့် ပြဿနာများတွင်လည်း ထိုအတိုင်းတွေ့နိုင်ပါသည်။ ကမ္ဘာဟောင်း၏ မဟာဥရောပတည်ထောင်ရေး တည်းဟူသော မားစထရစ်စာချုပ်ကပေါ်ထွက်လာသည့် စိတ်ကူးယဉ်အိပ်မက်မှာလည်း ပျက်ပြယ်သွားခဲ့လေပြီ။

အမျိုးသားရေးဝါဒ (စိတ်ဓာတ်)သည် အဘယ်ကြောင့် အံ့ဩဖွယ်ကောင်းသောအရှိန်ဖြင့် ပြန်ရောက်လာခဲ့ပါသနည်း။ အမျိုးသားရေးဝါဒ (စိတ်ဓာတ်)သည် အဘယ်ကြောင့် ခွန်အားကောင်းသော စိတ်အားထက်သန်မှုကို ဖြစ်ပေါ်စေပါသနည်း။ အဖြေမှာ ရှင်းပါသည်။ သွေးက စကားပြောသောကြောင့် ဖြစ်ပါသည်။ နာဆီ (မွေးဖွားခြင်း) ဟူသော လက်တင်ဘာသာစကားမှ ဆင်းသက်လာသည့် နေးရှင်း (လူမျိုး) ဆိုသည့် အဓိပ္ပာယ်မှာ တူညီသော မျိုးရိုးဆင်းသက်မှု သို့မဟုတ် ဆွေမျိုးတော်စပ်မှုကြောင့် အတူတကွ နေထိုင်လိုစိတ်ရှိသော လူအစုအဝေးတစ်ခုကို ဆိုလိုခြင်း ဖြစ်ပါသည်။

လူမျိုးတစ်မျိုး၏ သမိုင်းတွင်လည်းကောင်း၊ သူ့ရဲကောင်းအာဇာနည်များ၊ သင်္ကေတများတွင်လည်းကောင်း၊ မိမိ၏ဘာသာစကား၊ မိမိ၏ယဉ်ကျေးမှု၊ မိမိ၏ဘာသာတရားတွင် လည်းကောင်း ဂုဏ်ယူတတ်ကြသည်မှာ လူ၏ အခြေခံပကတိစိတ် ဖြစ်သည်။ ထိုပကတိစိတ်သည် အလွန်ပြင်းထန်လှသည့်အတွက် 'လက်နက်နိုင်ငံတော်ကြီးများမှ လူမျိုးသို့-အာရှနှင့်အာဖရိကလူမျိုးတို့၏ ကိုယ်ပိုင်ရပ်တည်မှု ပေါ်ထွန်းလာပုံ' ဆိုသည့်စာအုပ်တွင် ရူးပါ့အီမာဆန်က အမျိုးသားရေးဝါဒ စိတ်ဓာတ်ကို ပြင်းထန်လေးနက်သော ခံစားချက်များထဲတွင် ထည့်သွင်းကာ အချစ်၊ အမုန်း စသည်တို့နှင့် တန်းတူထားခဲ့သည်။ တစ်နည်းတစ်ဖုံအားဖြင့်ဆိုလျှင် အမျိုးသားရေးဝါဒ(စိတ်ဓာတ်) ပြန်လည်ပေါ်ထွန်းလာခြင်းမှာ ကမ္ဘာလုံးဆိုင်ရာဝါဒ၏ ယဉ်ကျေးမှုတစ်ခုသည် လူမျိုးအားလုံးနှင့် သင့်လျော်သည်ဆိုသည့် အယူအဆကြောင့် ဖြစ်လေသည်။ တစ်နည်းအားဖြင့် ပြောရဦးမည်ဆိုလျှင် ယဉ်ကျေးမှုတစ်ထပ်တည်းဖြစ်အောင်လုပ်ရေး ဆိုသည့်အယူအဆကြောင့် အမျိုးသားရေးဝါဒ(စိတ်ဓာတ်) အတွက် ရေခံ မြေခံ ပေါ်ပေါက်လာခြင်းဖြစ်သည်။ လူများသည် တစ်ဦးနှင့်တစ်ဦး ပို၍တူညီလာလေလေ တစ်ဦးနှင့်တစ်ဦး ပို၍ကွဲပြား ခြားနားလိုသော ဆန္ဒကြီးမားလာလေလေ ဖြစ်သည်။ လူတိုင်း အတူတူဖြစ်လာပြီဆိုလျှင် ဒါဘယ်သူလဲဟု ကိုယ့်ကိုယ်ကိုယ် ပြန်၍မေးလာကြစမြဲ ဖြစ်သည်။ လူများသည် မိမိကိုယ်ကို ထူးခြားလိုသောသူ တစ်ယောက်ဟု အသိအမှတ်ပြုခံချင်ကြသည်။ သူတို့၏ ပင်ကိုဇာတိရုပ် ပြနိုင်ရန်အတွက် အခြားသူများ၏ ပင်ကိုဇာတိနှင့် ကွဲအောင် ပြုလုပ်ကြသည်။ လူမျိုးစုံဝါဒသည် နီယွန်

မီးချောင်း ထွန်းထားသော အေးမြသည့်အခန်းတစ်ခန်း ဖြစ်သည်ဆိုလျှင် အမျိုးသားရေးဝါဒ (စိတ်ဓာတ်) သည် သက်သောင့်သက်သာရှိမှုနှင့် ပေါင်းသဟာ မိတ်ဆွေတို့ရှိသည့် နွေးထွေးသောထောင့်ကလေး တစ်ထောင့်ပင် ဖြစ်သည်။

သို့ဖြစ်လျှင် အမျိုးသားရေးဝါဒကို အစဉ်အလာ အလိမ်အညာစကား တစ်ခုအဖြစ် လှောင်ပြောင်သရော်သည့်သဘော အဘယ့်ကြောင့်ခေတ်စားနေပါသနည်း။ ထိုသို့ဖြစ်ရခြင်းမှာ ၂၀ ရာစုနှစ်၏ ဩဇာကြီးသော သဘောတရားနှစ်ခုဖြစ်သည့် လစ်ဘရယ်ဝါဒနှင့် ဆိုရှယ်လစ်ဝါဒတို့ကြောင့် ဖြစ်သည်ဟုပင် ပြောရတော့မည်။ ထိုသဘောတရား နှစ်ရပ်စလုံးသည် ဉာဏ်သစ် အရေးတော်ပုံခေတ်၏ သားသမီးများဖြစ်ပြီး သူသည် အဓိကအားဖြင့် စဉ်းစားတွေးခေါ်နိုင်သော သတ္တဝါဖြစ်သည်ဟု ယူဆခဲ့ကြသည်။ ကမ္ဘာကြီးတွင် ဖြစ်ပေါ်နေသော အနိဋ္ဌာရုံတို့ကို လူ၏ စဉ်းစားဆင်ခြင်မှု၊ လူ၏ယုတ္တိဗေဒဖြင့် ပျောက်ကင်းအောင် ကုသပေးနိုင်သည်ဟု ယူဆကြသည်။ လစ်ဘရယ်ဝါဒနှင့် ဆိုရှယ်လစ်ဝါဒသည် ရန်ဖြစ်ကောင်း ရန်ဖြစ်နေကြမည် ဖြစ်သည့်တိုင် သူတို့နှစ်ဦးသည် မွေးချင်းပေါက်ဖော်များ ဖြစ်ကြသည်။ သမိုင်းက ပေးသောသင်ခန်းစာကို ဆန့်ကျင်ကာ ထိုသဘောတရား နှစ်ရပ်စလုံးကပင် လူကို နှိုးဆွပေးနေသော အရာသည် စီးပွားရေးဖြစ်သည် ဆိုသည့် အချက်ကို ငြင်းပယ်ကြသည်။ ထိုသဘောတရား နှစ်ရပ်စလုံးကပင် ဆင်ခြင်တုံတရား မဟုတ်ခြင်းနှင့် ဆင်ခြင်တုံတရားကို ညီမျှခြင်း ချထားကြသည်။ ဆင်ခြင်တုံတရားဖြင့် ဖော်ပြ၍မရနိုင်သော အရာမှန်သမျှကို လက်မခံ ငြင်းဆန်ကြသည်။ သို့ရာတွင် အမျိုးသားရေးဝါဒီများသည်လည်း မတွေးတောမဆင်ခြင်သူများ မဟုတ်ပါ။ သူတို့သည် တစ်ခါက ဘစ်စမတ်က ဂျာမန်များအား ပြောခဲ့သည့် လုပ်နည်းအတိုင်း လုပ်ခဲ့ကြပါသည်။ ယင်းမှာ စဉ်းစားသောအခါ သွေးဖြင့် စဉ်းစားခြင်း ဖြစ်သည်။

ကမ္ဘာ့ပုံစံသစ်ဆိုသော စကားလုံးသည် အခေါ်မှားနေသည့် စကားလုံးဖြစ်ကြောင်းကို ကျွန်တော်တို့ တွေ့နေရပါပြီ။ စစ်အေးပြီးဆုံးသွားခြင်းသည် အသေးစား စစ်ပွဲကလေးများစွာကို ပေါ်ပေါက်ရန် လမ်းခင်းပေးခဲ့ပါသည်။ ထိုအခါတွင် ထိုစစ်ပွဲကလေးများကို ပေါ်ပေါက်စေသည့် တရားခံလူကြမ်း

လိုလာပါသည်။ ထိုအခါ၌ အမျိုးသားရေးဝါဒသည် ထိုနာမည်နှင့် အဆင်သင့် ဖြစ်သွားပါတော့သည်။ အမျိုးသားရေးဝါဒသည် မကောင်းမှုနှင့် ယေဘုယျအားဖြင့် ထပ်တူဖြစ်နေပြီး အထူးသဖြင့် လက်ယာအစွန်းရောက်ဝါဒနှင့်အတူတူ ဖြစ်နေတတ်ပါသည်။ သို့ရာတွင် ထိုနှစ်ခု ညီမျှခြင်းချ၍ ရကြောင်း သမိုင်းတွင် သက်သေရှာ၍မတွေ့ပါ။ အမျိုးသားရေးဝါဒကို မွေးဖွားပေးလိုက်သည့် နေရာ၊ ဇာတိဖြစ်သည့် အနောက်ဥရောပကိုပင် ကြည့်ပါ။ အမျိုးသားရေးဝါဒသည် ဒီမိုကရေစီလမ်းကြောင်းတွင် အတားအဆီး မဖြစ်ရုံမျှမက ဒီမိုကရေစီတည်ဆောက်ရေးတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ်ပင် ပါခဲ့ပါသေးသည်။ ဒီမိုကရေစီသည် သဘောညီမျှနေကြသော အရွယ်ရောက်ပြီးသူ လူကြီးများကြားတွင် ဟိုကတစ်ညှောက် သည်ကတစ်ညှောက် တွေ့ရာနေရာမှ အညှောက်ပေါက်လာခြင်း မဟုတ်ပါ။ အမျိုးသား နိုင်ငံများအတွင်းတွင် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပါသည်။ ဒီမိုကရေစီမရှိဘဲ ပေါ်ပေါက်ခဲ့သော အမျိုးသားရေးဝါဒများ အများအပြား ရှိခဲ့ဖူးပါသည်။ သို့ရာတွင် အမျိုးသားရေးဝါဒ မပါဘဲ ဒီမိုကရေစီပေါ်ထွန်းခဲ့သည်ဟူ၍တော့ မရှိပါ။ မကြာသေးမီက အတိတ်ကိုပင်ပြန်ကြည့်ပါ။ တတိယကမ္ဘာမှ ကိုလိုနီဆန့်ကျင်ရေး တိုက်ပွဲများစွာတို့သည် အမျိုးသားရေးဝါဒ၏ အမည်ဖြင့် တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်ပါသည်။ ၎င်းတို့လူမျိုး၏ အလံကိုလွှင့်၍ တိုက်ခိုက်နေသော ထင်ရှားသည့် အရေးတော်ပုံကြီး သုံးခုသည် တစ်ပြိုင်နက်တည်းတွင် လက်ဝဲဘက်သို့ယိမ်းပြီး အမျိုးသားရေးလက္ခဏာကိုလည်းဆောင်နေပါသည်။ ယင်းတို့မှာ ပီအယ်လ်အို (ပါလက်စတိုင်း)၊ အိုင်အာအေ (အိုင်ယာလန်)နှင့် အေအင်န်စီ (တောင်အာဖရိက)တို့ ဖြစ်ကြပါသည်။

အမှန်အားဖြင့်မူ အမျိုးသားရေးဝါဒ၏ သဏ္ဌာန်၌ လက်ဝဲဂိုဏ်းဟူ၍လည်း မရှိပါ။ လက်ယာဂိုဏ်းဟူ၍လည်း မရှိပါ။ ကောင်းသည်ဟုလည်း မပြောနိုင်ပါ။ ဆိုးသည်ဟုလည်း မပြောနိုင်ပါ။ လူမျိုးတစ်မျိုး၏ ဇာတိမာန်သည် အိမ်နီးနားချင်းလူမျိုး၏ ဝိပါက ဝဋ်ကြွေးဖြစ်စို့ မလိုပါ။ သို့ရာတွင် ပြင်းထန်သော စိတ်ခံစားမှုတို့ ဖြည်လွှတ်ပေးသည့် အခြားသောအင်အားစုကဲ့သို့ပင် အမျိုးသားရေးဝါဒသည်လည်း ဇဏာနတ်မင်းလို ရှေ့တွင်ရော

နောက်တွင်ပါ မျက်နှာနှစ်ဖက် ရှိတတ်ပါသည်။ ဘာသာတရားကဲ့သို့ပင် အကောင်းဆုံးလည်းရှိ၊ အဆိုးဆုံးလည်း ရှိပါသည်။ သီလရှင် ထရီဇာ၏ လက္ခဏာချက်လည်းရှိ၍ ကယ်တင်ခြင်းတပ် စရိုက်လည်း ရှိပါသည်။ ကရူးဆိတ်စစ်သား၏ လက္ခဏာချက်ရှိသကဲ့သို့ ဘာသာရေးအရ ညှဉ်းပန်း သတ်ဖြတ်သော အယူဝါဒနှိပ်ကွပ်ရေးသမား၏ လက္ခဏာချက်လည်း ရှိပါ သည်။

သို့ဖြစ်လျှင် အမျိုးသားရေးဝါဒကို ဘာလုပ်ရမည်နည်း။ အမျိုးသား ရေး ဝါဒကို နှိပ်ကွပ်ပစ်ခြင်းသည် ပျက်စီးဆုံးရှုံးခြင်းကို ဖိတ်ခေါ်သည်နှင့် တူကြောင်းကို ကြည်ကြည်လင်လင် သဘောပေါက်သင့်ပါသည်။ လှောင် ပြောင် နှိမ့်ချခြင်းခံရသည့် လူမျိုး၏ဒေါသကို ငရဲမင်း၏ ဒေါသပင် လိုက် မမီနိုင်ပါ။ အွမ်းမလက်ကြော် လုပ်လိုလျှင် ကြက်ဥ တည်းဟူသောလူမျိုးစု တို့ကို ခွဲရလိမ့်မည်ဆိုသည့် ထုံးနည်းကို လိုက်ခဲ့ကြသည့် ယခင် ယူဂို ဆလားဗီးယားနှင့် ယခင်ဆိုဗီယက် ယူနီယံတို့ကိုပင် ကြည့်ပါလေ။ အရှေ့ ဥရောပတိုက်မှ တော်လှန်ရေးများသည် အမျိုးသားရေးဝါဒလိုလားမှုကို ပြသည်ထက် ဆိုရှယ်လစ်ဝါဒကို ဆန့်ကျင်မှုနည်းနည်းဖြင့် လစ်ဘရယ် ဝါဒကိုလိုလားကြောင်း ပြသခဲ့ကြပြီ မဟုတ်လော။

ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ရုရှားပြည်ကြီးအား ဒူး ထောက်နေရာမှ ထလာစေရမည် ဆိုသည့် ဇီရင်နော့စကီး၏ စကားသည် ရုရှားပြည်သူလူထုများ၏ နှလုံးသားကို သွားဍ္ဍငြိစေခဲ့သည်။ တစ်ခါတစ်ရံ၌ အမှတ်လက္ခဏာ ဖြစ်ရခြင်းသည် ပစ္စည်းဥစ္စာမဲ့ ဖြစ်ရခြင်းထက် ထိခိုက် နာကျင်စေတတ်ပါသည်။ ယခုဆိုလျှင် ရုရှားပြည်သည် ရုပ်ဝတ္ထုအရ သက်သာကောင်းမွန်မှုကို လိုသည့်နည်းလို အမျိုးသားဂုဏ်သိက္ခာကိုလည်း လိုအပ်နေလေပြီ။

အနာပေါ်တွင် တက်နေသည့်အနာဖေး တစ်ခုပမာ အမျိုးသားရေးဝါဒ သည် ဆင်းရဲသား နင်းပြားများ၏ အတွေးအခေါ် သဘောတရား ဖြစ်လာ တတ်ပါသည်။ သို့ဖြစ်လျှင် ဝိတိုရိယခေတ်တုန်းက လူကြီးများက လိင်ကိစ္စ ကို ရှောင်အပ်သည့် ထုံးတမ်းဓလေ့တစ်ခု လုပ်ခဲ့သကဲ့သို့ အမျိုးသားရေး ဝါဒကိုလည်း ရှောင်အပ်သည့် ထုံးထမ်းဓလေ့ တစ်ခု မလုပ်သင့်သလော။

အမုန်အားဖြင့်မူ လိင်ကိစ္စသည် လည်းကောင်း၊ အမျိုးသားရေးဝါဒသည် လည်းကောင်း ရှောင်လွှဲ၍မရပါ။ ယင်းတို့သည် ဘဝ၏ တကယ့်ဖြစ်ရပ်များ ဖြစ်ပါသည်။ သို့ဖြစ်လျှင် ပြည့်စုံခြင်းမရှိသော လူ့သဘာဝကို အရှိ အရှိ အတိုင်း လက်ခံကာ ယင်းကို အကောင်းဆုံး အသုံးချရုံမျှသာ ရှိတော့သည် မဟုတ်လော။

လွန်ခဲ့သည့်ရာစုနှစ် နှစ်ခုလောက်တုန်းက လူများသည် လူ၏စိတ်နေသဘောထားအကြောင်းကို တစ်ချက် နှစ်ချက်လောက်သာ သိခဲ့ကြပါသည်။ ထိုစဉ်က ဒဿနဆရာ အင်မန်နျူယယ်ကန့်က

'လူသည် သစ်သားချောင်းကဲ့သို့ ကောက်ကွေ့သောအရာမှ မွေးဖွားပေါ်ပေါက်လာခဲ့ခြင်း ဖြစ်၏။ စင်းလုံးချောဖြောင့်တန်းသော အရာဟူ၍ တည်ဆောက်၍ မရနိုင်'ဟု ပြောခဲ့ပါသည်။

[21.3.1994 ထုတ် Time မဂ္ဂဇင်းမှ Gerd Behrens ၏ Love, Hate and Nationalism ကို ပြန်ဆိုသည်]

တော်ဝင်ဂျာနယ်
ဇူလိုင်လ၊ ၁၉၉၄။

# နိုင်ငံရေးအမြင် မှန်ကန်ရေး

**ထက်အောင်**

အနောက်နိုင်ငံသား တစ်ယောက်သည် ဗော်လ်တဲယား၊ ဆယ့်လေး ဆက်မြောက် လူဝီဘုရင်၊ နပိုလီယန်၊ ဆာ့တ်၊ ကာမျူး၊ ဒီဂေါလ် စသူတို့ အကြောင်းကို မသိလျှင် ပညာတတ်ဟု အခေါ်ခံနိုင်ပါမည်လော။

နိုင်ငံရေး (အမြင်) မှန်ကန်ရေး ဆိုသည့်ကိစ္စ မပေါ်ခင်တုန်းကတော့ ယင်းတို့ကို မသိလျှင်လည်း ပြဿနာမဟုတ်ပါ။ အမေရိကန်ပြည်ထောင်စု တွင် ဗဟုယဉ်ကျေးမှုဝါဒ၊ ဣတ္ထိယ ဝါဒတို့နှင့်အညီ ပညာရေး၊ ဘာသာ စကား၊ အပြုအမူနှင့် တရားဥပဒေတို့ကို ပြန်လည်ပုံသွင်းရန် အားထုတ်လျက် ရှိသည်။ ယင်းကို အမေရိကန်တို့က 'နိုင်ငံရေး မှန်ကန်ရေး' ဟု အမည်ပေးခဲ့ ကြသည်။ နိုင်ငံရေး မှန်ကန်ရေး ဆိုသည့်အယူအဆ မပေါ်ခင်တုန်းကတော့ ထိုအရာများကို မသိ၍လည်း မကြောင်းမဟုတ်ပါ။ အမေရိကန် သဘော တရားရေး ဆရာတို့က အဓိကထား၍ နိုင်ငံရေးမှန်ကန်မှုကို စမ်းသပ်ကြည့်သူ များမှာ ပြင်သစ်လူမျိုး အများစုဖြစ်နေသည်။ ပြင်သစ်များသည် ထိုကိစ္စ ကြောင့် စိတ်မချမ်းမသာ ဖြစ်နေကြသည်။

'စိတ်မရှည်မှု၊ တစ်ဖက်သတ်ကျမှုနှင့် မိုက်မဲမှုစစ်စစ် ဖြစ်သည့် လူနည်းစု ဆိုသည်မှာ အမြဲတမ်း မမှန်နိုင်' ဟု ရောင်းရတွင်ကျယ်သည့် စာရေးဆရာ ဖီးလစ် လာဘာရိုးက ပြင်းပြင်းထန်ထန် ရေးသည်။ စာရေးဆရာ ဖရန့်ဆွာဂျီရိုးက နိုင်ငံရေးအမြင် မှန်ကန်ရေးသဘောတရားကို 'အသိပညာ ဆိုင်ရာ အကြမ်းဖက်ခြိမ်းခြောက်မှု' ဟု အမည်ပေးသည်။ နိုင်ငံရေးမှန်ကန်မှု

အယူအဆက ဥရောပယဉ်ကျေးမှုကို သေးသိမ်အောင် လုပ်လိုက်ခြင်းသည် 'သမိုင်းတွင် ရှိခဲ့သမျှသော ဒဿနများနှင့် အနုပညာများအားလုံးကို ညီမျှခြင်း ချလိုက်သည်နှင့်တူပြီး အမှန်တရားသည် တစ်ကမ္ဘာလုံးနှင့် ဆိုင်သည် ဆိုသည့်သဘောကို ပျက်စီးသွားစေသည်' ဟု သမိုင်းဆရာ ဖရန်ဆွာဖူရေးက ဝေဖန်ခဲ့သည်။

ပြင်သစ် ပညာတတ်များ အသိုင်းအဝိုင်းတွင် နိုင်ငံရေးမှန်ကန်ရေး သဘောတရားနှင့် ပတ်သက်၍ အငြင်းပွားနေမှုသည် ပြင်သစ်အစိုးရက ပြင်သစ်ယဉ်ကျေးမှုနှင့် ပြင်သစ်လူမျိုး၏ ဇာတိဂုဏ်ကိုမြှင့်တင်ရန် အားသွန်ကြိုးပမ်း လုပ်ဆောင်နေသည့်ကာလနှင့် သွား၍တိုက်ဆိုင်နေသည်။ ပြင်သစ်တို့သည် မက်ဒေါ်နယ် ဟမ်ဘာဂါကို သူတို့ကိုယ်ပိုင်ပစ္စည်းအဖြစ် လက်ခံပါသည်။ ရုပ်မြင်သံကြားမှ ပြနေသော 'စည်းစိမ်ဥစ္စာ ကြမ္မာရဟတ်ဘီး' ရုပ်ရှင်ကားကိုလည်း သူတို့ကိုယ်ပိုင်အဖြစ် လက်ခံပါသည်။ သို့လက်ခံသည့်တိုင် အင်္ဂလိပ်စကားကို ပျော်ပွဲစားရုံ စားသောက်ဖွယ် စာရင်းကတ်ပြား၊ ရုပ်မြင်သံကြားနှင့် ကြော်ငြာပိုစတာများ စသည့် အများနှင့်ဆိုင်သော နေရာများ၌ ပြင်သစ်ဘာသာဖြင့် ပြန်ဆိုဖော်ပြခြင်းမရှိဘဲ အင်္ဂလိပ်ဘာသာစကားကို သုံးစွဲခြင်းမပြုရန် လွှန်ခဲ့သည့်လက ပြင်သစ်ပါလီမန်က ဥပဒေတစ်ရပ်ပြဋ္ဌာန်းခဲ့သည်။ ပြင်သစ်အစိုးရသည် နိုင်ငံခြားမှ ပြောင်းရွှေ့လာသူများကို လက်ခံကြိုဆိုသည့် သမရိုးကျသော အစဉ်အလာရှိသည့်တိုင် နိုင်ငံခြားသားများအား ပြင်သစ်နိုင်ငံသား ခံယူခွင့်ကို မကြာမီက ကန့်သတ်လိုက်ပြီးနောက် ခိုလှုံခွင့်နှင့် ပတ်သက်သည့် စည်းကမ်းချက်များကိုလည်း တင်းကြပ်လိုက်သည်။ ဥရောပမဟုတ်သော ဩဇာများကို တားဆီးကန့်သတ်သည့် အနေဖြင့် ရုပ်မြင်သံကြားတွင် ပြင်သစ် အစီအစဉ် ဦးရေတိုးလိုက်သည်။ နိုင်ငံရေးသိပ္ပံပညာရှင် မာရီဖန့်တွိုင်းနက်က 'နိုင်ငံရေး မှန်ကန်ရေးသဘောတရားကြောင့် အမေရိကန်ရဲ့ မူလဇာတိသဘောဟာလည်း ပျောက်သွားသလိုဖြစ်သွားတော့တာပေါ့၊ အမေရိကန်ကိုကြည့်ပြီး ပြင်သစ်မှာလည်း ဒီလိုဖြစ်မှာကို စိုးရိမ်နေကြတယ်' ဟု ပြောသည်။

ပြင်သစ်တို့က နိုင်ငံရေး မှန်ကန်ရေးအယူအဆကို မကြိုက်နှစ်သက်ဖြစ်နေရသည့် အခြား အကြောင်းရင်းတစ်ရပ်မှာ မိမိတိုင်းပြည်တွင်လည်း

'နိုင်ငံရေး မှန်ကန်ရေး' ပြဿနာနှင့် ရင်ဆိုင်နေရသောကြောင့် ဖြစ်သည်။ ပြင်သစ်တို့၏ 'နိုင်ငံရေး မှန်ကန်ရေး' ပြဿနာမှာ ကာလကြာမြင့်စွာ လှုပ်ရှားခဲ့သည့် ပြင်သစ်ကွန်မြူနစ်ပါတီနှင့် ဆက်စပ်နေသောကြောင့်လည်း ဖြစ်သည်။ ကွန်မြူနစ်သဘောတရားသည် ဘာလင်တံတိုင်းကြီး ပြိုလဲခြင်း မပြုမီအထိ ပြင်သစ်ပညာတတ် လူတန်းစားတို့ကြားတွင် ရေပန်းစားခဲ့သည်။ ဒဿနဆရာ ယန်းပေါဆာ့တ် စသည့် လက်ဝဲသမားများသည်လည်း အခြားသော အတွေးအမြင်များကို ငြင်းပယ်ရာတွင် နာမည်ကြီးကြသည်။ ထင်ရှားသည့် ပညာတတ်တစ်ဦးဖြစ်သော ဖိလစ်ဆိုးလားက 'ဒီကိစ္စနှင့်ပတ်သက်လို့ ကျွန်တော်တို့ဆီမှာ ဘာဖြစ်လို့ ဒီလောက်ပြင်းပြင်းထန်ထန် တုံ့ပြန်နေရတာလဲ၊ အကြောင်းကတော့ ၁၉၅၀ ပြည့်လွန်နှစ်တွေတုန်းက စတာလင်ရဲ့ ခေတ်ဆိုးကြီးလို ဖြစ်သွားမှာစိုးလို့ပေါ့' ဟု ပြောသည်။

ဒဿနဆရာ လုဖယ်ရီကလည်း ထိုသဘောအတိုင်း ထုတ်ဖော်ပြောဆိုသည်။ လွန်ခဲ့သည့် နှစ်နှစ်လောက်တုန်းက ကနေဒါ တက္ကသိုလ်တစ်ခုက သူ ရေးထားသည့် မိန့်ခွန်းခေါင်းစဉ်ကို '၁၇၈၉ ခုနှစ် လူ့အခွင့်အရေး ကြေညာစာတမ်း' ဟူသောအမည်မှ 'လူ့လောကအခွင့်အရေး ကြေညာစာတမ်း' ဟု ပြောင်းပေးရန် ပြောခဲ့သည်။ ဖယ်ရီက ခေါင်းစဉ်ပြောင်းပေးရန် ငြင်းဆိုပြီးနောက် 'ရာစုနှစ်များအတွင်း၌ မညီမမျှမှုသည် ဘာသာစကား၏ နယ်ပယ်ထဲသို့ပင် ရောက်လာခဲ့လေပြီ။ စတာလင်ဝါဒီ အစိုးရများနှင့် ဖက်ဆစ်ဝါဒီ အစိုးရများသာလျှင် သမိုင်းကိုပြန်ရေးရန် ကြိုးစားကြသည်' ဟု ရေးခဲ့သည်။ ထိန်းချုပ်ရခက်သော အာရပ်နှင့် အာဖရိကလူနည်းစုများ ရှိပြီး ယင်းတို့မှာ ဆင်းရဲသည့်ကျောင်းများ၊ သီးခြားထားသည့် ရပ်ကွက်များနှင့် အလုပ်လက်မဲ့ဘဝတို့တွင် ကျင်လည်နေကြရသည့်တိုင် လူမျိုးစုအသင်းအဖွဲ့များက ယင်းတို့ကို 'အာဖရိကန်-ပြင်သစ်များ' ဖြစ်လာစေရန်အတွက် နိုင်ငံရေး(အမြင်)မှန်ကန်မှု ရှိအောင်လုပ်ရန် သို့မဟုတ် သူတို့၏ ထုံးစံဓလေ့ကို ပြောင်းလဲပစ်ရန် တိုက်တွန်း လှုံ့ဆော်လာခြင်းမျိုး ရှိခဲ့သည်ဆိုလျှင် တော်တော်များများကပင် လက်ခံကြလိမ့်မည် မထင်ပါ။

'ဘာသာစကားကို ရဲထိန်းသလို ထိန်းနေတာ၊ စာရေးဆရာတွေ၊ ပညာတတ်တွေ၊ ကျောင်းဆရာတွေ၊ နိုင်ငံရေးသမားတွေရဲ့ ဝေါဟာရထဲက

တချို့စကားလုံးတွေကို ထုတ်ပယ်ပစ်တာမျိုးဟာ ပြင်သစ်ပြည်မှာ တော်တော် လွှန်လွန်မင်းမင်း ဖြစ်နေပြီ'ဟု အက်စ် အို အက်စ် ရေစီမေး အသင်းကို တည်ထောင်သူ ဟာလင်း ဒီဆားက ပြောသည်။ ပြင်သစ်ပြည်ရှိ လူမျိုးကွဲ လူနည်းစုများ၏ တိုးတက်ရေးအတွက်လည်း ဘာမှထိထိရောက်ရောက် လုပ်မပေးနိုင်သေး။ ပြင်သစ်ကျောင်းများတွင် အစ္စလမ်ဘာသာရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းများကို လုပ်ခွင့်မပေးဘဲ တားဆီးထားသည်။ ခေါင်းမြီး ခြုံသည့်အတွက် မူဆလင်မိန်းကလေးများစွာ ကျောင်းထုတ်ခံကြရသည်။

အမျိုးသမီးတို့အပေါ်တွင် ထားရှိသည့် နိုင်ငံရေးအမြင် မှန်ကန်ရေးနှင့် ပတ်သက်လာသည့် ကိစ္စတွင်မူ ပြင်သစ်တို့၏ သဘောထားသည် နှစ်ခွ ဖြစ်နေသည်။ ဥပမာအားဖြင့် ကြော်ငြာကိစ္စတွင် ဆိုပါစို့။ အမေရိကန် ပြည်ထောင်စုတွင် တွေးပင်မတွေးနိုင်သော ကိုယ်လုံးတီးအမျိုးသမီးပုံများကို ကြော်ငြာတွင် ထည့်၍အသုံးပြုကြသည်။ လွန်ခဲ့သည့်နှစ်က လေမွန်း သတင်း စာတွင် ဓာတုဗေဒပစ္စည်း ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ရိုနီပိုးလင့်ကုမ္ပဏီ ကြော်ငြာတစ်ခု၌ မိန်းမတစ်ယောက်၏ ခြေထောက်တစ်စုံနှင့် ဟာလာဟင်း လင်းဖြစ်နေသော တင်ပါးကို ပြသထားပြီး 'ရိုနီပိုးလင့်က မိန်းမများ ခြေထောက်ကို လှအောင်လုပ်ပေးသည့် အခါတွင် ယောက်ျားများအတွက် ကောင်းသွားသည်။ အစုရှယ်ယာဝင်များအတွက်လည်း ကောင်းသွားသည်' ဟု စာတန်းရေးထားသည်။ သို့သော်လည်း တစ်ဖက်တွင်မူ ပြင်သစ်ဥပဒေ သည် အမေရိကန်တို့ကို လှောင်ပြောင်နေသကဲ့သို့ ရှိနေပြန်သည်။ ထိုဥပဒေ မှာ လွန်ခဲ့သောနှစ်နှစ်ခန့်က ပြဋ္ဌာန်းခဲ့သည့် ကာမရာဂလွှဲဆော်မှုကို အပြစ် ပေးသည့် ဥပဒေဖြစ်သည်။

ထိုမျှသာ မကသေးပါ။ လွှတ်တော်တွင် အရွေးခံလျှင် မိမိတို့ပါတီမှ အမျိုးသားပါတီဝင် ဦးရေနှင့် အမျိုးသမီးပါတီဝင် ဦးရေတို့ကို အညီအမျှ ခွဲဝေပေးရန် ကိစ္စကိုလည်း နိုင်ငံရေးပါတီများထဲတွင် ငြင်းခုံဆွေးနွေးလျက် ရှိကြသည်။ လာမည့်ဇွန်လတွင် ကျင်းပမည့် ဥရောပ ရွေးကောက်ပွဲများ အတွက် ဝန်ကြီးချုပ် ရိုးရှ့က တင်သွင်းသည့် ဆိုရှယ်လစ်ပါတီ အမတ် လောင်း စာရင်းတွင် ထက်ဝက်မှာ အမျိုးသမီးများဖြစ်သည်။ လက်ရှိ အလယ် လက်ယာဂိုဏ်း အစိုးရအဖွဲ့မှ လူမှုရေး၊ ကျန်းမာရေးနှင့် မြို့ပြရေးရာ ဝန်ကြီးဖြစ်သူ ဆီမွန်ဗီးလ်က ရွေးကောက်ပွဲတွင် မိန်းမနှင့် ယောက်ျားများ

အညီအမျှ ဝင်ရောက် အရွေးခံပိုင်ခွင့်ပေးရန် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ထည့်ပေးဖို့ တောင်းဆိုထားသည်။ ယင်းမှာ အမေရိကန်ပြည်ထောင်စုတွင် လုပ်ခဲ့သမျှအရာတို့ထက် လွန်စွာရှေ့ရောက်နေသည်။ သို့ရာတွင် ထိုသို့သော အခြေအနေမျိုးအတွက် အားလုံး စိတ်မသက်မသာ ဖြစ်နေကြရပါသည်။ သမ္မတ မိတရောင်းက 'မာရီကလဲယား' မင်္ဂဇင်းကို ပြောကြားရာ၌ 'ဒီမိုကရေစီကို မိန်းမတွေအတွက် တစ်ကဏ္ဍ၊ ယောကျာ်းတွေအတွက် တစ်ကဏ္ဍ၊ ဆံပင်နက်သူတွေအတွက် တစ်ကဏ္ဍ၊ ဆံပင်ဝါသူတွေအတွက်တတစ်ကဏ္ဍ ဆိုပြီး ခွဲမနေကြပါနှင့်တော့ဗျာ' ဟု ပြောခဲ့သည်။

ထိုသို့ ပြင်းထန်သည့် ငြင်းခုံမှုများ ဖြစ်ပွားနေသည့်တိုင် ပြင်သစ်ပညာတတ်အချို့ကမူ အနည်းငယ် ကွဲလွဲချက်ကို တွေ့ထားကြပါသည်။ အမေရိကန်တို့၏ ဗဟုဝါဒတွင် ကောင်းကွက်တွေရှိပြီး ပြင်သစ်တို့၏ ဗဟုဝါဒတွင် အလွန်အကျွံတွေ ရှိနိုင်သည်။

ပြင်သစ် ရသစာတမ်းရေးဆရာ အာလိန်းမင့်က 'ပြင်သစ်ပြည်က ကျွန်တော်တို့၏ တစ်သားတည်းပေါင်းစည်းရေး စနစ်သည် လူပုဂ္ဂိုလ်ကိုသာ အဓိကထား၍ အသိုက်အဝန်း တည်ရှိမှုကို ဘေးဖယ်ထုတ်ထားပါသည်။ ကျွန်တော်တို့သည် ကျွန်တော်တို့ လူ့အဖွဲ့အစည်းကို အညီဖြစ်အောင် ညှိလွန်းပါသည်။ ထိုသဘောဖြင့်ကြည့်လျှင် နိုင်ငံရေး မှန်ကန်ရေးကို အမေရိကန်တို့ထက် ကျွန်တော်တို့က ပို၍လိုနေသည်ဟု ကျွန်တော်ထင်ပါသည်။ သို့ရာတွင် ရောဂါပျောက်ရုံ နည်းနည်းပါးပါးသာ သောက်ဖို့လိုပါသည်' ဟု ရေးခဲ့သည်။

ယခုအတိုင်းဆိုလျှင် နိုင်ငံရေး မှန်ကန်ရေး ဗိုင်းရပ်စ်ရောဂါပိုးသည် အမေရိကန်ပြည်ထောင်စု အပြင်တွင်လည်း အမြစ်တွယ်နိုင်သည့် အလားအလာ ရှိပါသည်။ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် မောင်နှမသဖွယ် ချစ်ခင်မှုတို့သည် ခေတ်နောက်ကျ ကျန်ရစ်ခဲ့ပြီလော။

'Politiquement Correct? by Margot Hornblower; Time; 13.6.1994

တော်ဝင်ဂျာနယ်၊
ဩဂုတ်လ၊ ၁၉၉၄။

# ကလေးများခြင်း
# ဆင်းရဲလို့လား၊ ချမ်းသာလို့လား

**ထက်အောင်**

လော့စ်အိန်ဂျလိစ် မြို့ရှိ မက္ကစီကန်လူမျိုး ပြောင်းရွှေ့လာသူများသည် မက္ကစီကိုမြို့တော်တွင် နေထိုင်သည့် ဆင်းရဲသား လယ်သမားများထက် အဘယ့်ကြောင့် ကလေး အမွေးများရပါသနည်း။

ထိုမေးခွန်းကို ဖြေနိုင်သည်ဆိုလျှင် နိုင်ငံတကာ အသိုင်းအဝိုင်းသည် လူဦးရေပေါက်ကွဲမှုကို ရပ်တန့်အောင် ကြိုးစားရာတွင် ယခုအထိ ဘာ့ကြောင့် မအောင်မြင်ရသေးသည်ကို အကြောင်းရှာရာတွင် အထောက်အပံ့ ဖြစ်ပေလိမ့်မည်။ ယခုနှစ် ကိုင်ရိုမြို့တွင် နိုင်ငံပေါင်း ၁၈၀ မှ ကိုယ်စားလှယ်များ ဘာ့ကြောင့် အောင်မြင်နိုင်ဖွယ်မရှိသည်ကို အကြောင်းရှာရာတွင် အထောက်အပံ့ ဖြစ်စေပေလိမ့်မည်။

သို့ရာတွင် နောက်ခံသမိုင်းလေးကို ရှေးဦးစွာ တင်ပြချင်ပါသေးသည်။

လွန်ခဲ့သည့်နှစ်ပေါင်း နှစ်ဆယ်က ကုလသမဂ္ဂ ကမ္ဘာ့လူဦးရေ ကွန်ဖရင့်ကို (ရုမေးနီးယား နိုင်ငံ) ဘူခါရက်စ် မြို့တွင် ကျင်းပခဲ့သည်။ ထို ကွန်ဖရင့်က လူဦးရေပြဿနာကို ဖြေရှင်းရန်အတွက် အစိုးရများလုပ်သင့်

သည့် ကိစ္စများကို စာရင်းထိုးပြခဲ့သည်။ အမျိုးသမီးများ၏ အဆင့်အတန်းကို မြှင့်တင်ရန် ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးများကို တိုးချဲ့ပေးရန်၊ ဆင်းရဲနွမ်းပါးမှုကို လျှော့နည်းစေရန် စသည်တို့ ဖြစ်သည်။ ထင်ရှားသည့် ခြွင်းချက် တစ်ခုဖြစ်သော အာဖရိကတိုက်မှအပ ကမ္ဘာကြီးသည် ထိုကိစ္စများတွင် တိုးတက်မှုကိုရရှိခဲ့ပြီး ဖြစ်သည်။ အောက်တန်းကျလှသော ဆင်းရဲနွမ်းပါးမှုတွင် နေထိုင်ရသည့် လူဦးရေ ရာနှုန်းသည် လျှော့နည်းသွားသည့်နည်းတူ ကလေးအသေအပျောက် နှုန်းသည်လည်း လျော့နည်းသွားခဲ့ပြီ။ အစိမ်းရောင်တော်လှန်ရေးသည် သန်းရာပေါင်းများစွာသော လူထုများ၏အစာအာဟာရကို တိုးတက်အောင် လုပ်ပေးခဲ့ပြီ။

သို့တိုင်အောင် ကမ္ဘာ့လူဦးရေ အခြေအနေသည် ထိုစဉ်ကထက်ပို၍ ကြောက်စရာကောင်းနေသည်။ ၁၉၇၄ ခုနှစ်က ကမ္ဘာ့လူဦးရေသည် အကြမ်းအားဖြင့် သန်း ၃၉၀၀ရှိခဲ့ပြီး တစ်နှစ်လျှင် သန်း ၈၀ တိုးနေသည်။ ထိုမှစ၍ ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၁၇၀၀ နီးပါး တိုးလာခဲ့ပြီး တစ်နှစ်လျှင် သန်း ၉၀ တိုးနေသည်။ ယနေ့အချိန်၌ အစိမ်းရောင်တော်လှန်ရေးသည် အရှိန် နှေးလာခဲ့သည်။ ဂေဟဗေဒစနစ်များသည် များစွာယိုယွင်း ပျက်စီးလာခဲ့သည်။ ရေချိုထုတ်လုပ်မှုသည် လျော့နည်းလာခဲ့သည်။ နောင် နှစ်ပေါင်း ၅၀ အတွင်း ရှိလာမည့် သန်း ၃၀၀၀ မှ ၅၀၀၀ အထိရှိသော ပါးစပ်ပေါက်တို့ကို ကျွေးမွေးနိုင်မည်လော ဆိုသည့်ကိစ္စသည် စဉ်းစားစရာ ဖြစ်လာခဲ့သည်။ အာရှတိုက်နှင့် အာဖရိကတိုက်တို့တွင် လူဦးရေဖိအားကြောင့် ပေါ်ပေါက်လာသည့် ဒုက္ခသည် ပြဿနာသည် နိုင်ငံများအား မတည်မငြိမ်ဖြစ်အောင် ခြိမ်းခြောက်လျက် ရှိလေပြီ။

မကြာမီဆိုလျှင် နိုင်ငံပေါင်း ၁၈၀ မှ ကိုယ်စားလှယ်များသည် လူဦးရေပြဿနာကို နောက်တစ်ကြိမ် ဆွေးနွေးရန် ကိုင်ရိုတွင် တွေ့ဆုံကြတော့မည်။ ထိုကွန်ဖရင့်တွင် အမျိုးသမီးပြဿနာများကို အဓိကထား၍ ဆွေးနွေးမည်ဖြစ်သည့်အတွက် ထိုကွန်ဖရင့်သည် ထွက်ပေါက်ကြီးတစ်ခု ဖြစ်သည်ဟု လိုလားသူများနှင့် သက်ဆိုင်ရာ ဗျူရိုကရက်များက ကျယ်လောင်စွာ ပြောဆိုနေကြသည်။ သို့ရာတွင် ကုလသမဂ္ဂ အသုံးအနှုန်းဖြင့်

ပြောရလျှင် ထိုအရာများကို အကောင်အထည်ဖော်ရန်အတွက် လိုအပ်ချက်များစွာကို တသီကြီး ကတ်တလောက်စာရင်း လုပ်ရလိမ့်မည်။

ယင်းတို့အထဲတွင် ဖိုမ ဆက်ဆံရေး ပုံသဏ္ဌာန်များကို ပြောင်းလဲရန် ပန်ကြားချက်များမှအစ အမျိုးသားများအနေဖြင့် အိမ်တွင်းမှု လုပ်ငန်းများတွင် ဝင်ရောက်လုပ်ရန် တိုက်တွန်းနှိုးဆော်ခြင်း စသည်တို့ အထိပါဝင်သည်။ သို့ရာတွင် ယင်းတို့မှာ လူကြားကောင်းသည့် အဆိုပြုချက် များဖြစ်သည့်တိုင် တတိယကမ္ဘာရှိ အစဉ်အလာယဉ်ကျေးမှုများတွင် လူဦးရေ ကန့်သတ်ရေးနှင့် ပတ်သက်၍ လားလားမျှ မဆိုင်သောအရာများသာ ဖြစ်ပါသည်။

အမှန်အားဖြင့်မူ ကွန်ဖရင့်သည် လွန်ခဲ့သောနှစ်ပေါင်း ၂၀ က ဘူခါရက်စ်တွင် ချမှတ်ခဲ့သည့် လုပ်ငန်းစဉ်ထက် ပို၍ထိရောက်စရာ အကြောင်း မမြင်ပါ။ အကြောင်းမှာ ဆယ်စုနှစ်ပေါင်းများစွာ လူဦးရေပေါက်ကွဲမှုကို ရပ်တန့်ရန်ကြိုးပမ်းမှုကို ဦးဆောင်သည့် အဓိက အယူအဆများသည် အလွန် စဉ်းစားစရာ ကောင်းနေသောကြောင့် ဖြစ်ပါသည်။ ထိုအယူအဆမှာ 'လူဦးရေဆိုင်ရာ ကူးပြောင်းမှု' အယူအဆဖြစ်ပါသည်။ တစ်နည်းဆိုသော် ချမ်းသာလျှင် ကလေး အမွေးနည်းလာမည် ဟူသောအယူအဆ ဖြစ်ပါသည်။ အမေရိကန် ပြည်ထောင်စုတွင် ထိုအယူအဆကို ထူးဆန်းသည့် အိပ်ဖော်အိပ်ဖက်ဖြစ်ကြသော (ရီပတ်ဘလီကင်) ရေဂင် အုပ်ချုပ်ရေးနှင့် (ဒီမိုကရက် ဒုတိယသမ္မတတစ်ဦးဖြစ်သော) အယ်လ်ဂိုးတို့ကပါလက်ခံထားကြသည်။အကြောင်းမှာ လူမျိုးတစ်မျိုးသည် စီးပွားရေးဖွံ့ဖြိုးနေချိန်တွင် မိသားစုစီမံကိန်းရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သည် ဟူသော နှစ်သိမ့်ဖွယ် အာမခံချက်ကို ယင်းအယူအဆက ပေးသောကြောင့် ဖြစ်ပါသည်။

သို့ရာတွင် ခက်သည်မှာ လူတွေ ချမ်းသာ ကြွယ်ဝလာလေလေ ကလေးတွေ များများမွေးလာလေလေ ဖြစ်နေသည့်အချက် ဖြစ်ပါသည်။ အထူးသဖြင့် စက်မှုနည်းပညာ တိုးတက်မှုနှင့် အစိုးရထောက်ပံ့မှုများကြောင့် ယောင်းနွမ်းသော ကန့်သတ်ချက်များသည် ခေတ်မမီတော့ဟု ယူဆလာသည့် အခါတွင် ထိုသို့ဖြစ်လေ့ ရှိပါသည်။ ဗန်ဒါဗစ် တက္ကသိုလ် မနုဿဗေဒပညာရှင် ဗာဂျီနီယာ အဘာနက်သီးနှင့် ထိုအယူအဆကို ဝေဖန်သူများက

ထိုအတိုင်းပင် ယူဆကြသည်။ ဥပမာအားဖြင့် ကင်ညာနိုင်ငံတွင် ဆိုလျှင် ကလေး အသေအပျောက်နှုန်း လျော့နည်းကာ ဝင်ငွေ တိုးလာသည့်တိုင် ၁၉၅၀ ပြည့်လွန်နှစ်များတွင် အမျိုးသမီးတစ်ယောက်၏ မွေးဖွားနိုင်စွမ်းအားသည် ၇ ဒသမ ၅ ရှိခဲ့ရာမှ ၁၉၇၀ နှင့် ၁၉၈၀ ပြည့်လွန်နှစ်များအကြားတွင် ၈ ဒသမ ၁၂ အထိ တိုးလာခဲ့သည်။

ပြောင်းပြန်အားဖြင့် မွေးဖွားနှုန်း ကျဆင်းသွားသည့် နိုင်ငံများတွင် ထိုသို့ ကျဆင်းသွားခြင်းမှာ လူတွေ ချမ်းသာလာကြသောကြောင့် မဟုတ်ဘဲ လူထုများတွင် သက်သာချောင်ချိမှု အမြင်နှင့်ပတ်သက်သည့် အသိပညာ လျော့နည်းသွားသောကြောင့် ဖြစ်ပုံရသည်။ ဥပမာအားဖြင့် နိုက်ဂျီးရီးယန်း လူမျိုးများကို လေ့လာကြည့်သည့်အခါ၌ မကြာမီနှစ်များက စီးပွားရေး ကျဆင်းခဲ့သဖြင့် ယိုရူဘာ မိသားစု တော်တော်များများသည် ကလေးအသေအပျောက်နှုန်းများနေသည့်တိုင် ပဋိသန္ဓေတားဆေးများကို အသုံးပြုခဲ့ကြောင်း တွေ့ခဲ့ရသည်။ ယင်းမှာ လူဦးရေးကူးပြောင်းမှုနှင့် ပတ်သက်၍ သမားရိုးကျ လက်ခံခဲ့သော အယူအဆနှင့် လုံးဝ ဆန့်ကျင်နေသည်။

ဆင်းရဲခြင်းသည် လူဦးရေကို ကန့်သတ်ထိန်းချုပ်သည့်နည်း ဖြစ်သည် ဆိုသည့်အချက်ကို အငြင်းမပွားလိုပါ။ သို့ရာတွင် သိမ်မွေ့သည့် ပြဿနာတစ်ရပ်ကို နိုင်ငံရေးအရ မှန်ကန်သောချဉ်းကပ်မှုရအောင် ကြိုးပမ်းနေသည့် ပေါ်လစီ ရေးဆွဲသူများသည် မိသားစု၏ အရွယ်ပမာဏအား မည်သည့်အရာက အဆုံးအဖြတ် ပေးနေသနည်း ဆိုသည့်အချက်ကို မကြာခဏ လျစ်လျူရှုထားကြသည် ဆိုသည်ကိုမူ ထောက်ပြလိုပါသည်။ ထိုအခါတွင် ကျွန်ုပ်တော်တို့သည် မက္ကဆီကန် မိခင်များ၏ပြဿနာသို့ ပြန်ရောက်လာကြပါတော့သည်။

မက္ကဆီကိုမြို့တော်မှ ဆင်းရဲသည့်အမျိုးသမီးများသည် ကျန်းမာရေး စောင့်ရှောက်မှုနှင့် လူနေမှုအဆင့်အတန်းတို့ ပိုမိုမြင့်မားသည့် အမေရိကန် ပြည်ထောင်စုမှ မက္ကစီကန်အမျိုးသမီးများထက် ကလေးများသင့်သည်ဟု သမားရိုးကျ အယူအဆက ယူဆပါသည်။ သို့ရာတွင် မက္ကဆီကိုမြို့တော်မှ ဆင်းရဲသူ အမျိုးသမီးများသည် ကလေးနှစ်ယောက်၊ သုံးယောက်သာရှိပြီး အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့အခြေချခဲ့သူ အမျိုးသမီးများမှာ

ပျမ်းမျှအားဖြင့် ကလေးလေးယောက်မှ ငါးယောက်အထိ ရှိနေကြပါသည်။ လူဦးရေထူထပ်သည့် မက္ကဆီကိုမြို့တော်တွင် ကလေးတစ်ယောက်၏ စရိတ်သည် မိသားစုအပေါ်တွင် အလွန်ကြီးလေးနေပြီး အမေရိကန်ပြည်ထောင်စုတွင်မူ သက်သာချောင်ချိရေး ထောက်ပံ့ငွေများနှင့် အခြားသောလူမှုဖူလုံရေးလုပ်ငန်းများကြောင့် စရိတ်အတော်အတန် သက်သာနေပါသည်။ ဤလွဲမှားသော မက်လုံးပေးမှုသည် အမေရိကန်မြို့ကြီးများရှိ ဆင်းရဲသူအမျိုးသမီးငယ်များအား ကလေးများများ လိုချင်သည့်လက္ခဏာများကို ပြသနေကြပါသည်။ သူတို့သည် အများအားဖြင့် ကလေးမွေးရန် ကိစ္စကို ရွှေ့ဆိုင်းထားရန် အကြောင်းမမြင်ကြပါ။

ကိုင်ရှိ အစည်းအဝေးသို့တက်မည့် ကိုယ်စားလှယ်များသည် ထိုလက္ခဏာများကို သတိပြုကာ ကမ္ဘာကြီးအား ပြုပြင်ပြောင်းလဲရေး ရည်မှန်းချက်ကို ချင့်ချိန် စဉ်းစားသင့်ပါသည်။ အလုပ်အကိုင်ရှာဖွေပေးခြင်း၊ အိုးအိမ်နေရာချပေးခြင်း စသည့် အစိုးရစီမံကိန်းများသည် လူထုအား မှောက်မှားသည့် အနာဂတ်မျှော်လင့်ချက်များကို ပေးခြင်းဖြင့် လူဦးရေတိုးပွားရေးကို အားပေးလျက် ရှိနေပါသည်။ သို့ရာတွင် အလုပ်လုပ်စားဖို့ အပ်ချုပ်စက် ကလေး တစ်လုံးစာ ဝယ်နိုင်လောက်သည့် ချေးငွေမျိုးသည် ဘင်္ဂလားဒေ့ရှ် အမျိုးသမီးတစ်ယောက်အား သားသမီးဦးရေကို ကန့်သတ်ရန် မက်လုံးပေးနိုင်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထိုသို့ မက်လုံးကလေးများကို ပေးခြင်းသည် လူဦးရေကန့်သတ်မှု အစည်းအဝေးများတွင် ချမှတ်လေ့ရှိသည့် သားဖွားခွင့်များ တိုးပေးရေး၊ နှေ့ကလေးထိန်းဌာနများ ဖွင့်လှစ်ပေးရေးနှင့် အခြားသော ကြီးကြီးကျယ်ကျယ် စီမံကိန်းများထက် များစွာ တာသွားပါသည်။

နောက်ဆုံးအားဖြင့် မိမိတို့၏မိသားစု အရွယ်ပမာဏကို ကန့်သတ်လိုသည့် သန်းပေါင်း ၁၂၀ မျှသော မောင်နှံစုံတို့သည် ပဋိသန္ဓေတားဆီးရေးနည်းလမ်းများ ယခုတိုင် အလွယ်တကူမရနိုင်ဘဲ ဖြစ်နေကြပါသည်။ ထိုနည်းလမ်းများကိုရအောင် ကူညီသင့်ပါသည်။ ကွန်ဒုံးအစွပ်များကို အသုံးပြုရန် ပညာပေးခြင်းအားဖြင့်လည်း အေအိုင်ဒီအက်စ် ရောဂါပြန့်ပွားမှုကို တားဆီးရာတွင် အကူအညီ ဖြစ်စေနိုင်ပါသည်။ လူဦးရေအရေအတွက်တို့

ပေါက်ကွဲနေစဉ် အစိုးရများက ဆက်လက်၍ စိတ်ကူးယဉ်နေကြလျှင်မူကား ထိုသို့ လုပ်ခြင်းသည် ငတ်မွတ်ခြင်း၊ ရောဂါထူပြောခြင်းတို့ကို သယ်ဆောင်လာသကဲ့သို့ရှိပြီး ဗရမ်းဗတာ ကပ်ကြီးကျရောက်ဖို့သာ ရှိပါသည်။

Population: The Awkward Truth by Eugene Linden; Time; 20.6.1994.

အမှတ် ၈၊ တော်ဝင်ဂျာနယ်။
စက်တင်ဘာလ၊ ၁၉၉၄။

# မဟေသီ ၁၁ နှစ်ပြည့် အမှတ်တရ

**မေး။** ။ ဒီနှစ်ပိုင်းအတွင်း မဂ္ဂဇင်းတွေမှာ ရသစာပေရဲ့ အနေအထား ဘယ်လိုပြောင်းလဲလာတယ်လို့ ဆရာ ထင်ပါသလဲ။

**ဖြေ။** ။ တစ်လကို မဂ္ဂဇင်းအစောင်ပေါင်း ၂၅ ကနေ ၃၀ လောက် အထိ ကျွန်တော် ဖတ်ဖြစ်နေတယ်။ မဂ္ဂဇင်းတစ်အုပ် တစ်အုပ်ကို အကုန်လုံး ဖတ်တာမျိုးတော့ မဟုတ်ဘူးပေါ့။ ကိုယ်စိတ်ဝင်စားတဲ့ စာမျိုး၊ ကိုယ့်အသက် မွေးဝမ်းကျောင်းအရ မဖတ်မနေ ဖတ်ရမယ့်စာမျိုးတွေကို အထူးသတိထား ဖတ်တာပေါ့။ ကျွန်တော့်အမြင်မှာတော့ ဒီနှစ်ပိုင်းအတွင်း မဂ္ဂဇင်းတွေမှာ ရသစာပေရဲ့ အနေအထားဟာ ပြောင်းလဲလာတယ်လို့ မြင်တာပဲ။ ကျွန်တော် ပြောတဲ့ အနေအထားဆိုတာ အရည်အချင်းကိုတင် ပြောတာ မဟုတ်ဘူး။ အရေအတွက်ကိုပါ ပြောတာ။ ခု မဂ္ဂဇင်းတွေမှာ ယေဘုယျအားဖြင့် ပြောရရင် ရသစာပေ အရေအတွက်ပိုများလာတယ်။ စီးပွားရေးမဂ္ဂဇင်းတွေ၊ နိုင်ငံတကာ မဂ္ဂဇင်းတွေမှာတောင် ရသစာပေဟာ ပြောက်တိပြောက်ကျား ပါနေတယ်။ ရသစာပေ လုံးဝ မပါတဲ့ မဂ္ဂဇင်းဟာ တော်တော်နည်းလိမ့် မယ်ထင်တယ်။ တချို့ ဘာသာရေးမဂ္ဂဇင်းတွေမှာ ရသစာပေ ပါနေတယ်။ ဥပမာ ဘာသာရေးနဲ့ ပတ်သက်တဲ့ ဝတ္ထု၊ ဗုဒ္ဓခေတ် နောက်ခံဝတ္ထုမျိုးတွေ။ ပေါ့ပ် မဂ္ဂဇင်းတွေမှာလည်း ရသစာပေ ပါနေတယ်။ ဥပမာ အမျိုးသမီး မဂ္ဂဇင်းမျိုး၊ အလှပြင်တဲ့ မဂ္ဂဇင်းမျိုးမှာ အမျိုးသမီး စာရေးဆရာတွေ ရေးတဲ့ ဝတ္ထုတိုကလေးတွေ ပါနေတယ်။ တစ်ခါတလေမှာ လေးနက်တဲ့ စာပေ

ဆောင်းပါးတွေတောင် ပါနေတတ်သေးတယ်။ ဒါက ဘာဖြစ်လို့လဲ ဆိုတော့ စာရေးဆရာတွေက ကိုယ်ပြောချင်တဲ့ အကြောင်းအရာကို ရသစာပေပုံသဏ္ဌာန်နဲ့ရေးရင် ပရိသတ် ပိုပြီးကျယ်ပြန့်တယ်လို့ သဘောပေါက်လာကြတဲ့ အတွက်ကြောင့် ဖြစ်တယ်။ နောက်တစ်ကြောင်းက အယ်ဒီတာတွေကိုယ်တိုင်ကလည်း ကိုယ့်မဂ္ဂဇင်းဟာ ပေါ့ပ်မဂ္ဂဇင်းဖြစ်သည့်တိုင်၊ ဘာသာရပ် တစ်ခုတည်းကို ရွေးချယ်ဖော်ပြနေသည့် မဂ္ဂဇင်းဖြစ်သည့်တိုင် အဲဒီဘာသာရပ်ကို ရသစာပေပုံသဏ္ဌာန်နဲ့ ဖော်ပြရင် ပရိသတ် ပိုသဘောကျတယ်ဆိုတာ သတိပြုမိလာတဲ့အတွက်ကြောင့် ဖြစ်တယ်။ ကိုယ့်မဂ္ဂဇင်းဟာ ဘယ်'လိုင်း'ကိုပဲ အဓိကထားသည်ဖြစ်စေ၊ ရသစာပေကလေး နည်းနည်းပါးပါး ပါရင်ပိုကောင်းတယ်၊ ပိုကျယ်ပြန့်တယ်၊ ပိုပြီးသိက္ခာရှိတယ်လို့ ယူဆလာကြသလားလို့လည်း ကျွန်တော် စဉ်းစားမိတယ်။ ဟုတ်ချင်မှတော့ ဟုတ်မယ် ပေါ့လေ။ ကျွန်တော့်ထင်မြင်ချက်ကို ပြောပါဆိုလို့ ပြောရတာ။ ဒါကြောင့် ဒီနေ့မဂ္ဂဇင်းတွေမှာ ရသစာပေရဲ့ အနေအထားဟာ အရေအတွက်အားဖြင့် ပိုများလာတယ်။

ဒါဖြင့် အရည်အချင်းကကော။ ဒီနေ့ မဂ္ဂဇင်းတွေထဲမှာ ပါနေတဲ့ ရသစာပေတွေရဲ့ အရည်အချင်းကကော။ အရည်အချင်းကလည်း ပိုပြီးကောင်းလာတယ်။ ပိုပြီး အဆင့်မြင့်လာတယ်။ ရေးသူတွေကလည်း ပိုပြီးကြိုးစားလာကြတယ်လို့ ကျွန်တော်မြင်တယ်။ ရှေ့လျှောက် အပြေးပြိုင်သူတွေက ပိုများလာဦးမှာ။ ဒီတော့ ခပ်ပေါ့ပေါ့လုပ်နေလို့ မရဘူး။ တကယ်ကြိုးစားမှ၊ တကယ်အားထုတ်မှ စည်းဝိုင်းထဲမှာ ကျန်ရစ်မှာ။ မကြိုးစားရင် စည်းဝိုင်းအပြင်ဘက်ကို လွင့်သွားမှာပဲ။ ဒါကြောင့် အရည်အချင်းအရလည်း ပိုကောင်းလာတယ်လို့ ကျွန်တော်ထင်တယ်။ ဒီတော့ ရသစာပေရဲ့ အနေအထားဟာ အရေအတွက်အရရော၊ အရည်အချင်းအရပါ မြင့်မားလာတယ်လို့ ယူဆတယ်။

**မေး။** ။ စီးပွားရေးမဂ္ဂဇင်း၊ နိုင်ငံရေးမဂ္ဂဇင်းတွေရဲ့ အရှိန်အဟုန်ကရော တိုးတက်လာတယ်လို့ ထင်သလား။ ဆုတ်ယုတ်လာတယ်လို့ ထင်သလား။ တိုးတက်လာတယ်ဆိုရင်လည်း ဘာကြောင့်တိုးတက်လာတယ်လို့ ထင်သလဲ။ ဆုတ်ယုတ်တယ်ဆိုရင်လည်း ဘာကြောင့်လို့ ထင်ပါသလဲ။

ဖြေ။ ။ အရာဝတ္ထုတစ်ခု တိုးတက်သလား၊ ဆုတ်ယုတ်သလား ဆိုတာကို ကြည့်ရာမှာ စောစောကပြောခဲ့သလို ပမာဏ (အရေအတွက်)နဲ့ အနှစ်သာရ (အရည်အချင်း)တို့နဲ့ တိုင်းထွာပြောရလိမ့်မယ်။ စီးပွားရေးနဲ့ နိုင်ငံရေးမဂ္ဂဇင်း (နိုင်ငံတကာသတင်း မဂ္ဂဇင်းပေါ့လေ)တွေရဲ့ အမျိုးအမည် ကတော့ အခြေအနေအရပ်ရပ်ကြောင့် များမလာသေးဘူး။ သည့်ထက်များ လာရင် ပိုကောင်းမယ်။ စောင်ရေ (အရေအတွက်)ကတော့ ကျွန်တော် မပြောတတ်ဘူး။ နည်းနည်းပါးပါးကျချင်လည်း ကျမှာပဲ။ ဒါကလည်း နိုင်ငံတကာမှာ ကြီးမားတဲ့ အပြောင်းအလဲကြီးတွေ မရှိတဲ့အတွက်ကြောင့် တစ်ကြောင်း၊ ကုန်ဈေးနှုန်းတွေ ကြီးတဲ့အတွက်ကြောင့် တစ်ကြောင်း (ဒါ့ ကြောင့် မဂ္ဂဇင်းတွေလည်း ဈေးနှုန်းတွေမြင့်တက်လာတယ် မဟုတ်လား) ဖြစ်လိမ့်မယ်ထင်တယ်။ ဒါပေမဲ့ အရည်အချင်းကတော့ တိုးတက်လာတယ် လို့ ကျွန်တော် ထင်တယ်။ စာဖတ်သူတွေ သိသင့်သိထိုက်တဲ့ အကြောင်း အရာတွေကို ကြိုးကြိုးစားစား ရှာဖွေ ဖော်ပြနေကြတယ်။ မဂ္ဂဇင်းတွေ သပ်သပ်ရပ်ရပ် ဖြစ်လာတယ်။ ဒီခေတ်မှာ လူထုဆက်သွယ်ရေး မီဒီယာ တွေရဲ့တာဝန်ဟာကြီးလာတယ်။ ပြည်တွင်းပြည်ပကို ခွဲခြားထားတဲ့ မျဉ်း ကြောင်းဟာ တစ်နေ့တခြား ပါးလိုက်လာတယ်။ သတင်းနဲ့ ပြန်ကြားရေး လမ်းမကြီးလို့ ခေါ်နေကြတဲ့ ဆက်သွယ်မှုတွေဟာ ကျယ်လာတယ်။ အဝေး ကြီးမှာဖြစ်နေတဲ့ ပြည်တွင်းစစ်တွေ၊ အိန္ဒိယက လူမျိုးရေးအဓိကရုဏ်းတွေ၊ ဗိုင်ယာမှာ အေအိုင်ဒီအက်စ်ရောဂါ ပြန့်ပွားနေတာတွေ၊ ဘရာဇီးက အကျင့် ပျက် လာဘ်စားမှုတွေဟာ ကျွန်တော်တို့အကျိုးစီးပွားနဲ့ တစ်နည်းမဟုတ် တစ်နည်း ပတ်သက်လာတယ်။ ဒီအကြောင်းတွေကို ကျွန်တော်တို့ သိဖို့လို တယ်။ ဒါတွေကိုမသိဘဲ ချောင်ကလေးထဲမှာ ကျန်နေခဲ့ရင် ကျွန်တော်တို့ လူမျိုး ခေတ်နောက်ကျမယ်။ ဒီနေ့ စီးပွားရေးနဲ့ နိုင်ငံတကာသတင်း မဂ္ဂဇင်း တွေဟာ သူတို့ တတ်နိုင်သလောက်တော့ ကြိုးစားနေကြတယ်။ ဒါကြောင့် အရည်အချင်းအရ တိုးတက်တယ်လို့ ကျွန်တော် မြင်တယ်။

နောက်ထပ်လည်း စီးပွားရေးနဲ့ နိုင်ငံတကာသတင်း မဂ္ဂဇင်းတွေ အများအပြားရှိသင့်သေးတယ်။ များလေ ကောင်းလေပဲ။ မိုးကုပ်စက်ဝိုင်း ဟာ အုံ့ဆိုင်းမနေဘဲ ပွင့်လင်းနေရင် ကောင်းတာပေါ့။ ကျွန်တော်ကတော့

မဂ္ဂဇင်းတွေ များများထွက်တာကို သဘောကျတယ်။ တစ်စောင် ထွက်လာတိုင်း ပန်းတစ်ပွင့် ပွင့်လာတာကို မြင်ရသလို ဝမ်းသာတယ်။ မဂ္ဂဇင်းတစ်စောင် ရပ်သွားတာကိုမြင်ရရင် ပန်းတစ်ပွင့် ညှိုးနွမ်း ကြွေကျသွားသလို စိတ်မကောင်းဖြစ်တယ်။ ပန်းတွေ ပွင့်ကြပါစေ။ ပွင့်တဲ့ပန်းတွေကို နမ်းရှိုက်ကြပါစေ။ အဆိပ်ပန်းပါလာရင်လည်း အဆိပ်ပန်းမှန်း သိသွားရင် ဘယ်သူမှ နမ်းမှာမဟုတ်ပါဘူး။

**မေး**။ ။ မဂ္ဂဇင်းတွေမှာ ရသစာပေရဲ့ အနေအထားဟာ ဘယ်လိုရှိသင့်တယ်လို့ ဆရာ ထင်ပါသလဲ။

**ဖြေ**။ ။ ရသစာပေ မဂ္ဂဇင်းတွေမှာ ပါရင်တော့ ကောင်းတာပေါ့။ စာပေမဂ္ဂဇင်း မဟုတ်ရင်တော့ ရသစာပေ ပါချင်မှ ပါမှာပေါ့လေ။ ပါရင်တော့ ကောင်းတာပေါ့။ ရသစာပေက လူမျိုးတစ်မျိုးရဲ့ စိတ်ဓာတ်တန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုးကို မြှင့်တင်ပေးနိုင်တာကိုး။

မဟေသီမဂ္ဂဇင်း
ဩဂုတ်လ၊ ၁၉၉၅။

## မျက်နှာဖုံး စာဆို၏ စကား

**မေး။** ။ ကနေ့ စာပေလောကအပေါ် ဆရာ ဘယ်လိုမြင်ပါသလဲ ခင်ဗျာ။

**ဖြေ။** ။ ဒီနေ့ စာရေးသူအရေအတွက် များလာတယ်။ စာဖတ်သူအရေအတွက်လည်း များလာတယ်။ ဒါဟာ ကောင်းတဲ့လက္ခဏာပဲ။ ဝတ္ထုရှည်ကောင်းတွေက ရှားနေသေးတယ်။ ကဗျာနဲ့ပတ်သက်လို့၊ ဝတ္ထုတိုနဲ့ပတ်သက်လို့ ပုံသဏ္ဌာန်အပေါ်မှာ ငြင်းခုံမှုတွေ ရှိနေတယ်။ ဒီလိုငြင်းခုံမှုတွေ ရှိနေတာဟာလည်း ကောင်းပါတယ်။ ဆွေးနွေး ငြင်းခုံမှုတွေထဲမှာ အဖြေတစ်ခုတော့ ထွက်လာရမှာပေါ့။ ဘယ်အချိန်မှာထွက်မယ်၊ ဘယ်လိုအဖြေမျိုး ထွက်မယ် ဆိုတာကိုတော့ မပြောနိုင်သေးဘူးပေါ့။ ပုံသဏ္ဌာန်နဲ့ပတ်သက်လို့ ငြင်းခုံကြသလို အကြောင်းအရာနဲ့ ပတ်သက်လို့လည်း အငြင်းအခုံရှိဖို့ လိုတယ်။

**မေး။** ။ ကနေ့ မဂ္ဂဇင်းလောကအပေါ် ဆရာ ဘယ်လိုသုံးသပ်ပါသလဲ ခင်ဗျာ။

**ဖြေ။** ။ ဒီနေ့ မဂ္ဂဇင်းတွေ အများကြီးထွက်နေတယ်။ ဘာသာရပ်အသီးသီးမှာ အဲဒီဘာသာရပ်အကြောင်းကို ရေးတဲ့မဂ္ဂဇင်းတွေ များလာတာ ကောင်းတယ်လို့ ထင်တယ်။ စာဖတ်သူဦးရေ များလာတယ်ဆိုတာကို ပြနေတာပဲ။ မဟုတ်ဘူးလား။ စာပေ၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ စီးပွားရေး နိုင်ငံတကာရေးရာတွေမှာ သူ့လိုင်းနဲ့သူရှိနေတော့ ဝါသနာပါရာ ပါရာကို ရွေးဖတ်နိုင်တာပေါ့။ ခေတ်မီတဲ့ စက်မှုနိုင်ငံကြီးတွေမှာ ဒီလိုပဲ ဘာသာရပ်

ဆိုင်ရာ မဂ္ဂဇင်းတွေရှိနေကြတာပဲ။ ပိုများလေ ပိုကောင်းလေပေါ့။ ဒီနေ့ခေတ် မဂ္ဂဇင်းတွေက တတ်နိုင်သလောက်ကောင်းအောင် ကြိုးစားနေကြတယ်လို့ ထင်တယ်။ ရေရှည်မှာ ကောင်းတဲ့မဂ္ဂဇင်းက ကျန်ရစ်ခဲ့ပြီး ညံ့တဲ့မဂ္ဂဇင်းက မြုပ်သွားမှာပဲ။

**မေး။** ။ စာပေဂျာနယ်ကနေပြီး ဆရာ့ကို မျက်နှာဖုံးစာဆို အဖြစ် စီစဉ်တဲ့အပေါ်မှာ ဆရာ ဘယ်လိုခံစားရပါသလဲ ခင်ဗျာ။

**ဖြေ။** ။ ကျွန်တော့်ကိစ္စ ဆိုတာထက် အားလုံးကိုခြုံငုံပြောချင်တယ်။ ကျွန်တော်ကတော့ မဂ္ဂဇင်းအဖုံးမှာ စာရေးဆရာတွေကိုတင်တာ သိပ်မကြိုက်ဘူး။ အထူးသဖြင့် ကျွန်တော်တို့အရွယ်တွေကို တင်တာ နည်းနည်းစောနေသေးတယ်လို့ ထင်တယ်။ မျက်နှာဖုံးတင်ချင်တယ် ဆိုရင်လည်း ရသစာပေကို ရေးတဲ့ အသက် ၇၀ ကျော် စာရေးဆရာကြီးတွေလောက်ကိုပဲ မျက်နှာဖုံးတင်သင့်တယ်လို့ ထင်တယ်။ သူတို့ကိုတောင် လတိုင်းမဟုတ်ဘဲ မွေးနေ့တို့ ဘာတို့နဲ့ကြုံမှ အမှတ်တရဂုဏ်ပြုတဲ့ သဘောနဲ့ လုပ်သင့်တယ်လို့ တင်ထာပဲ။

စာပေဂျာနယ်
အောက်တိုဘာလ၊ ၁၉၉၅။

# မေရဲ့ ရွှေရတုပြဇာတ်

## နောင်ရိုးနိုင် (အောင်ဝေး)

ထိုနေ့က မိုးတစိမ့်စိမ့်ရွာသော ဩဂုတ်လ၏ နံနက်ခင်းတစ်ခုပင်ဖြစ်သည်။ အားမာန်သစ်စာပေ အယ်ဒီတာစားပွဲတွင် ထိုင်နေကျသူတွေကတော့ ဆရာမြသန်းတင့်၊ ခွန်ဂျာမှိုင်း၊ အောင်ဝေးနှင့် မျှားနီတို့ ဖြစ်ကြသည်။ ကြိုတင်စီစဉ် ချိန်းဆိုထားခြင်း မဟုတ်ပါဘဲနှင့် ဆုံတွေ့ကြတာမျိုးဖြစ်သဖြင့် ထွေရာလေးပါး ပြောဆိုနေကြရာမှ ဆရာဒဂုန်တာရာ အကြောင်းသို့ ဦးတည်သွားမိကြတော့၏။

**မြသန်းတင့်။** အခု အားမန်သစ်ကထုတ်မယ့် ကိုငွေးမြိုင်ရဲ့ ကဗျာစာအုပ်က ကဗျာဘယ်နှပုဒ်လောက် ရှိသလဲ။

**အောင်ဝေး။** အခုထိ စုဆောင်းလို့ရတာကတော့ အပုဒ် ၅၀ ပါပဲဆရာ။ တချို့ ကျန်တာရှိကောင်း ရှိပါလိမ့်မယ်။

**မြသန်းတင့်။** အခု ဒီစာအုပ်မှာ အစောဆုံး ဘယ်နှခုနှစ်လောက်က ကဗျာတွေပါမှာလဲ။

**အောင်ဝေး။** အခု "မာယာ" ကဗျာစာအုပ်မှာ အစောဆုံးကဗျာက ၁၉၆၇ ကပါ။ အဲဒီကနေ ဒီကနေ့ ၁၉၉၁ အထိ၊ ဆရာ ဒဂုန်တာရာ ရေးခဲ့ပြီးသမျှ အကုန်ဆိုပါတော့ ဆရာ။

**မြသန်းတင့်။** ပထမထွက်ခဲ့တဲ့ စာအုပ်က "အလင်္ကာ နော်" အဲဒါက...

**အောင်ဝေး။** ဟုတ်တယ် ဆရာ၊ အလင်္ကာ ကဗျာပေါင်းချုပ်စာအုပ်က ဟိုး… တာရာခေတ်ကနေ ၁၉၆၃ ထိ၊ အကျုံးဝင်ပါတယ်။ ၁၉၆၃ မှာ ဆရာ ဒဂုန်တာရာ အဖမ်းခံရတယ်။ ၁၉၆၇ မှာ ထောင်က လွတ်တယ်။ အခု ''မာယာ'' ကဗျာစာအုပ်မှာ ထောင်ကလွတ်မှ ရေးခဲ့၊ ပုံနှိပ်ဖော်ပြခဲ့တဲ့ ကဗျာတွေကနေ စထားပါတယ်။

**မြသန်းတင့်။** ကောင်းပါတယ်ဗျာ။ ကိုဌေးမြိုင်ရဲ့ ကဗျာတွေကို ကျွန်တော်ကြိုက်တယ်။ သူ့ကို ကျွန်တော်ပြောဖူးတယ်။ ခင်ဗျားက ကဗျာဆရာပဲ။ ဝတ္ထုရေးဆရာ မဟုတ်ဘူးလို့။ စကားပြေသမား မဟုတ်ဘူး။ အဲဒီလိုပြောတာ။ နော့… မဟုတ်ဘူးလားဗျာ။ မူလ တကယ့်ကဗျာဆရာကြီးဗျ။

**အောင်ဝေး။** ဆရာ ဒဂုန်တာရာရဲ့ အသက် ၇၂ နှစ်ပြည့် မွေးနေ့ပွဲ၊ ၁၂.၅.၉၁ နေ့တုန်းက ဆရာ အဲဒါကိုပြောခဲ့တယ်နော်။ အဲဒီမှာ ဆရာ လင်းယုန်မောင်မောင်က ဆရာ ဒဂုန်တာရာဟာ စကားပြေသမားလည်း ဖြစ်ခဲ့ပါသေးတယ်လို့ ''ရုပ်ပုံလွှာ''စာအုပ်ကို ဆွဲထုတ်ပြခဲ့တယ်လေ။

**မြသန်းတင့်။** ဟုတ်တယ်။ ဒဂုန်တာရာရေးခဲ့တဲ့ ဝတ္ထုတွေ ''မေ'' ရှိတယ်။ ''ကြာပန်းရေစင်'' ပြီးတော့ ''တို့ခေတ်ကို ရောက်ရမည်မလွဲပါ'' အဲဒါတွေက တကယ်တော့ ကဗျာတွေဗျ။ သူ့ဝတ္ထုတွေက ကဗျာဆန်နေတယ်။ သူ့ဝတ္ထုတွေကို စကားပြေလို့ ကျွန်တော်က မသတ်မှတ်ဘူး။ စကားပြေ ဆိုတာ ရှင်းတယ်၊ ကြည်တယ်၊ ပြေတယ်ပေါ့ဗျာ။ ဆိုပါတော့ သိန်းဖေမြင့်ရဲ့ ဝတ္ထုတွေက စကားပြေအစစ်တွေ၊ ရှင်းတယ်၊ ထင်းခနဲ နားလည်တယ်။ ဆရာဒဂုန်တာရာရဲ့ စကားပြေက မပြေဘူးဗျာ၊ ကဗျာဆန်နေတယ်။ သူ့စကားပြေက ကဗျာဆန်တဲ့ စကားပြေ… poetic prose တွေလို့ ကျွန်တော်က မြင်တယ်။ ''လေနုအေးက တန့်နွဲ့နွဲ့နှော့ဆဲကို'' အဲဒါ ကဗျာပဲဗျ။ ရတုချဟန်ပေါ့၊ ကဗျာပဲပေါ့။ သိန်းဖေမြင့် ရေးလိုက်ရင် စကားပြေက ရှင်းခနဲ နားလည်သွားတယ်။ ကိုဌေးမြိုင်က သူရေးရင် ကဗျာလိုတွေးပြီး ရေးတော့ စကားပြေက ကဗျာအတွေးတွေပါ ပါသွားတယ်။ Poetic thought က ကဲတယ်ပေါ့ဗျာ။

**အောင်ဝေး**။ ဒါဆိုရင် ဆရာရယ်၊ ဆရာရေးခဲ့တဲ့ ''လိုက်ခဲ့တော့ မြနန္ဒာ''ကရော Poetic ဖြစ်မနေဘူးလား။

**မြသန်းတင့်**။ ဖြစ်တော့ဖြစ်တယ်။ ကျွန်တော်တို့က တစ်ပုဒ်တလေပဲ။ အဲဒါတောင် သူ့ဘာသာသူ စွတ်ရွတ်ပြီး ဖြစ်သွားတာ။ ကိုဌေးမြိုင်ကျတော့ အဲဒီလိုမဟုတ်ဘူး။ သူရေးလိုက်သမျှ စကားပြေတွေက ကဗျာကို ဆန်နေကြတော့တာ။ ကဲဗျာ ''ရုပ်ပုံလွှာ''ဆိုပါတော့။ အောင်ဆန်း သို့မဟုတ် အရိုင်း။ ဗဟိန်း သို့မဟုတ် ကဗျာ။ ဗဆွေ သို့မဟုတ် လျှို့ဝှက်သောအပြုံး။ ဗန်းမော် တင်အောင် သို့မဟုတ်…။ ထားပါတော့ဗျာ၊ အဲဒီရုပ်ပုံလွှာတွေဟာ ကားချပ်တစ်ချပ်ချင်းက ကဗျာတစ်ပုဒ်ဖြစ်နေတာ။ စကားပြေနဲ့ ဝါကျတွေနဲ့ ရေးထားတာဆိုပေမယ့် အဲဒါတွေအကုန်လုံးက ကဗျာဖြစ်နေတယ်။ ကျွန်တော် ခံစားရတာကို ပြောတာနော်။ ဆိုပါတော့ဗျာ။ ဒဂုန်တာရာရဲ့ ''မေ''။ ''မေ''က ဝတ္ထုအနေနဲ့ ကျွန်တော့်အပေါ် မလွှမ်းမိုးဘူး။

**အောင်ဝေး**။ ဆရာ၊ ဒီနေ့ ကျွန်တော်တို့ စာပေမျိုးဆက်အပေါ်မှာတော့ ''မေ'' ဩဇာက အတော်ညောင်းတယ် ထင်တယ်။ ကျွန်တော်တို့ခေတ်ပေါ့လေ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက စရင် ပြီးတော့ ဆရာဒဂုန်တာရာတို့၊ ဆရာတို့ခေတ်၊ နောက်ပြီးတော့ ကျွန်တော်တို့ အရင်တစ်ခေတ် ပြီးတော့မှ ကျွန်တော်တို့လူငယ်တွေက ဒီဘက်ပိုင်းမှာ စတုတ္ထမျိုးဆက်ပေါ့လေ၊ အဲဒီ မျိုးဆက်သစ်အပေါ်မှာတော့ ''မေ'' ရဲ့ Influence က ရှိတယ်မဟုတ်လား ဆရာရဲ့။

**မြသန်းတင့်**။ အဲဒါ မေရဲ့ ဝတ္ထုဩဇာ မဟုတ်ဘူးဗျ။ ''မေ''က ဝတ္ထုအနေနဲ့ဆိုရင် သာမန်တစ်ပုဒ်ပေပဲ။ ခေတ်ဆန်တဲ့ ပညာတတ် မိန်းမလှ တစ်ယောက်အကြောင်း ရေးထားတာပဲ။ ဇာတ်လမ်းက သိပ်မဆန်းဘူး။ သာမန်ပဲ။ အဲဒါမျိုး တင့်တယ်တို့လည်း ရေးခဲ့တာပေါ့ဗျာ။ တခြားလူတွေ အပေါ်မှာတော့ ကျွန်တော်မသိဘူး။ ကျွန်တော့်အပေါ်မှာတော့ ''မေ''က လွှမ်းတာကတော့ ''မေ''ကို ရေးတဲ့ ''ရေးဟန်''ပဲဗျ။ မေမှာ တင်ပြပုံ Presentation က ဩဇာပဲ။ အဲဒီရေးဟန် Writing Style က ကျွန်တော် တင် မဟုတ်ဘူး။ ခင်ဗျားတို့လူငယ်တွေကိုလည်း လွှမ်းတာပါပဲ။ ''မေ''က ဖမ်းစားတယ်ဆိုတာ ဇာတ်လမ်း story နဲ့မဟုတ်ဘူး။ ဒဂုန်တာရာရဲ့ ''မေ''

မှာ ဖွင့်ထားတဲ့၊ ပိတ်ထားတဲ့ “လေနုအေးက တချွချွ နှော့ဆဲကို”တို့ “အကောင်းကို ရှာ၏။ အကောင်းကား မရှိတော့”တို့ ဆိုတဲ့ ကဗျာဆန်တဲ့ စကားပြေ အရေးအသားနဲ့ဗျ။ “မေ”ကို ကျွန်တော် အင်္ဂလိပ်မူရင်းလည်း ဖတ်တယ်။ ဇာတ်က သာမန်ပဲ။ အဲဒါပေမဲ့ “မေ”ကို ရေးတဲ့အရေးအသား က စကားပြေက သာမန်မဟုတ်ဘူး။ သိပ်ကိုလှတယ်။ သိပ်ပြီးတော့ ကဗျာဆန်တယ်။ အဲဒီကဗျာဆန်တဲ့ စကားပြေရေးဟန်ကြောင့် “မေ” ဟာ ဒီနေ့ထိ ကျော်ကြားနေတာပေါ့ဗျာ။

**မြသန်းတင့်။** ကျွန်တော် အဲဒီမွေးနေ့မှာတုန်းက ကိုဌေးမြိုင်ဟာ Poet ပဲ။ Novelist မဟုတ်ဘူး။ အဲဒီလိုပြောတာဟာ သူ့ရဲ့ဝတ္ထုတွေကို စကားပြေတွေကို ပစ်ပယ်လိုက်တာ မဟုတ်ပါဘူး။ သူရေးလိုက်ရင် ဝတ္ထု တွေက ဝတ္ထုနဲ့မတူဘူးဗျ။ ကဗျာသိပ်ဆန်တော့ ကဗျာတစ်ပုဒ်လိုပဲ။ လှ သွားတယ်၊ လှနေတယ်။ ကျွန်တော်တို့ကို သူ့ဝတ္ထုတွေက ဆွဲဆောင်တယ် ဆိုတာ အဲဒီကဗျာဆန်တဲ့ စကားပြေရေးဟန်က ဆွဲဆောင်တာပဲလို့ ကျွန်တော် မြင်တယ်။ ကဲဗျာ၊ ဒဂုန်တာရာရဲ့ ရုပ်ရှင်တေးကဗျာထဲက “တင့်မေ မောင်” ဆိုရင် အဲဒါ ကဗျာတစ်ပုဒ်ပဲဗျာ။

**အောင်ဝေး။** ကြာပန်းရေစင်မှာတော့ သိပ်ပြီး Poetic မဖြစ်တော့ဘူး လားလို့။

**မြသန်းတင့်။** ဟာ… ဖြစ်သေးတယ်ဗျ။ “တို့ခေတ်…”မှာလည်း Poetic ဖြစ်နေတာပဲ။ ကိုင်းဗျာ၊ တက္ကသိုလ်ဘုန်းနိုင်၊ သူ့ကိုတော့ ကျွန်တော် က Novelist လို့ပဲ မြင်တယ်။ သူ့ဝတ္ထုတွေ ဆိုပါတော့၊ “သူငယ်ချင်းလို့ ပဲ ဆက်၍ခေါ်မည် ခိုင်” ခိုင်ဆိုရင် ဇာတ်လမ်းနဲ့ ဖမ်းစားတာပဲ။ story ဩဇာလွှမ်းတာပေါ့။ ဇာတ်ကောင်ဖန်တီးမှုလည်း ပါတာပေါ့လေ။ အဲဒါပေမဲ့ အခုနေ တက္ကသိုလ်ဘုန်းနိုင်ရဲ့ ဝတ္ထုတွေက စာသားတွေ ရွတ်ပြစမ်း ဆိုရင် ကျွန်တော်တို့ မရွတ်ပြနိုင်ဘူး။

**အောင်ဝေး။** နှစ်လွှာပေါင်းမှ တစ်ရွက်မည်တဲ့ စွယ်တော်ရွက်လို ဘဝမျိုးလည်း ရှိပါတယ် ခိုင်။ ခိုင်နဲ့ မောင်တို့ရဲ့ဘဝဟာ…အဲသလောက် တော့ ရပါတယ် ဆရာရဲ့။

**မြသန်းတင့်**။ တကယ်တမ်းဆိုရင် ကျွန်တော်တို့ ရွတ်မပြနိုင်ကြဘူး။ ဆရာ ဒဂုန်တာရာ ဝတ္ထုတွေထဲကဆိုရင် ကျွန်တော်တို့ ရွတ်ရွတ်နေကြတာ ပဲ။ ဟုတ်တယ်မဟုတ်လား။ လေနုအေးတို့ အကောင်းကိုရှာ၏တို့ အပြာထဲ က ပြုံးမြမြတို့ လေ။ အဲဒါ ဒဂုန်တာရာရဲ့ Poetry imagination ကြောင့် ပဲ။ ကဗျာစိတ်ကူးနဲ့ သူရေးတဲ့ စကားပြေကြောင့်ပဲပေါ့။ ဥရောပမှာဆိုရင် ဗျာ၊ အာရင်ဘတ်ဟာ ကဗျာဆရာလို့ပဲ ကျွန်တော်မြင်တယ်။ သူ့ကို ဝတ္ထု ရေးစရာလို့ ကျွန်တော်မမြင်ဘူး။ အာရင်ဘတ်ရေးတဲ့ ဝတ္ထုတွေ စကားပြေ တွေက ဆရာ ဒဂုန်တာရာလိုပဲ ကဗျာဆန်နေကြတယ်ဗျာ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဆိုရင်လည်း ကဗျာဆရာ ရာဇဝင်ဆရာပဲ။ ဝတ္ထုဆရာ မဟုတ်ဘူး။ ဥပမာ မင်းမနိုင်ကွက်သစ်ကိစ္စ၊ ဆရာကြီးက အဲဒီရာဇဝင်ကိစ္စ ကို ကဗျာစိတ်ကူးနဲ့ ခံစားတာပဲ မဟုတ်လား။ ခင်ဗျားတို့ ဖတ်ဖူးပါလိမ့် မယ်။ ကိုဌေးမြိုင် ထောင်ကလွတ်တော့ ရေးခဲ့တဲ့ "ရာဇဝင်ကို ဖြတ်သန်း ခြင်း" ဝတ္ထု။ အဲဒါ အင်မတန်လှပတဲ့ ကဗျာတစ်ပုဒ် ဖြစ်နေတယ်လေ သူ့ကို စကားပြေသမား မဟုတ်ဘူးလို့ ပြောတာ အဲဒါကြောင့်ပဲပေါ့။

**အောင်ဝေး**။ ဟုတ်ကဲ့ ဆရာ၊ ဆရာပြောတာကို နားလည်ပါတယ်။ ဆရာက ဆရာဒဂုန်တာရာကို Novelist မဟုတ်ဘူးလို့ ဆိုတာဟာ မေ… တို့၊ ရုပ်ပုံလွှာတို့ကို ဝတ္ထုရယ်လို့ စကားပြေရယ်လို့ မသတ်မှတ်ပါဘူး။ မသတ်မှတ်ဘူးလို့ ပြောတာမဟုတ်မှန်း ကျွန်တော်တို့လည်း နားလည်ပါ တယ်။

**မြသန်းတင့်**။ ကျွန်တော် ၉ နှစ်သားအရွယ်မှာ ဒဂုန်တာရာရဲ့ ဝတ္ထု တွေ စဖတ်တာပဲဗျ။ သူလည်း ခပ်ငယ်ငယ် တက္ကသိုလ်ကျောင်းသားပဲ ရှိဦးမယ်။ သူရေးတဲ့ "တရေးရေး" တို့ ဘာတို့ပေါ့။ အဲဒီကတည်းက သူ့အရေးအသားတွေကို ကြိုက်ခဲ့တာပါ။ "ညသည် မွေးမြနေလေ၏" တို့ ဘာတို့ဆိုရင် သိပ်ကိုဆန်းသစ်တာကိုး။ ကျွန်တော်ကြိုက်တာပေါ့။ အဲဒီ ကတည်းက ဒီစာရေးဆရာ (ဒဂုန်တာရာ) အောင်မြင်ဦးမယ်လို့ ပြောခဲ့ တာပေါ့။

**အောင်ဝေး**။ (ရယ်မောလျက်) ဆရာက ၉ နှစ်သားကတည်းက စာပေခံစားဝေဖန်ရေး လုပ်ခဲ့တာပေါ့နော်။

**မြသန်းတင့်**။ အဲဒါပါပဲဗျာ။ ဒဂုန်တာရာရဲ့သြဇာ ကျွန်တော့်အပေါ် လွှမ်းတယ်ဆိုတာက စကားပြေမဟုတ်ဘူး။ ကဗျာက လွှမ်းတာ။ သူ့စာတွေက ကဗျာလိုပဲ တွေးပြီး ရေးတာဗျ။ ဒါကြောင့် ကျွန်တော်ပြောတာ "မေ"ရဲ့ သြဇာဆိုတာ စကားပြေသြဇာ မဟုတ်ဘူး။ Poetic prose ရေးဟန်ကြောင့်ပဲလို့။

**အောင်ဝေး**။ ဆရာက ဒဂုန်တာရာကို Novelist မဟုတ်ဘူး။ Poet လို့ ဆရာကိုယ်တိုင် သူ့ရှေ့မှာပြောတော့ ဆရာဒဂုန်တာရာက ဘာပြန်ပြောသလဲ ဆရာ။

**မြသန်းတင့်**။ ကိုဌေးမြိုင်က ဘာမှပြန်မပြောဘူးဗျ။ ပြုံးလို့နေတာပဲ။

**အောင်ဝေး**။ ဟုတ်ကဲ့ ဆရာ၊ ဒီနေ့ ဒီအချိန် ဒီလဟာ "မေ"ဝတ္ထု ထုတ်ဝေခဲ့ခြင်းရဲ့ အနှစ်ငါးဆယ်တိတိ ပြည့်တဲ့လ၊ "မေ"ရဲ့ ရွှေရတုပါပဲ ဆရာ။

**မြသန်းတင့်**။ ဟင်... ဟုတ်လား...။. ဟုတ်တာပေါ့ "မေ"က...

**အောင်ဝေး**။ ဟုတ်တယ် ဆရာ။ "မေ"ကို ၁၉၄၁၊ ဩဂုတ်လ၊ စစ်ကြီးမဖြစ်ခင်မှာ "နဂါးနီ"က ထုတ်ခဲ့တာဆိုတော့ ဒီနေ့ ဒီနေရာမှာ ဆရာနဲ့ ကျွန်တော် မေရဲ့ ရွှေရတုပွဲကို ကျင်းပလိုက်တာပဲပေါ့ ဆရာရဲ့။ ဆရာဒဂုန်တာရာ ကိုယ်တိုင်လည်း ဒီ ၁၉၉၁ခုနှစ် ဩဂုတ်လထဲမှာ သူ့ရဲ့မေ ရွှေရတုနဲ့ပတ်သက်ပြီး ကဗျာမရေးဖြစ်ခဲ့လို့ တနုံ့နုံ့ ခံစားနေရပုံ ရပါတယ်။ ဒီဩဂုတ်လမှာလေ၊ မေ ကျွန်တော်တို့ဆီ ရောက်လာတာပေါ့။ အနှစ်ငါးဆယ် မပြယ်နိုင်တဲ့ အလွမ်းပဲဆိုပါတော့ ဆရာ။ ဩဂုတ်လတွေ ကတော့ ရှေ့မှာ အများကြီးရှိပါသေးတယ်နော် ဆရာ။ ဆရာနဲ့ ကျွန်တော် ခုလိုမမျှော်လင့်ဘဲ မေရဲ့ ရွှေရတုသဘင်ကို ကျင်းပခွင့်ရခဲ့ကြတဲ့ အကြောင်း၊ ဆရာ ဒဂုန်တာရာဆီ ရောက်တဲ့အခါ ကျွန်တော် ပြောပြပါဦးမယ်။

**မြသန်းတင့်**။ အေးဗျာ၊ ပြောပြလိုက်ပါဗျာ။ ကိုဌေးမြိုင်ကတော့ ကျွန်တော့် ဒီရက်ထရီထဲမှာ သခင်ကိုယ်တော်မှိုင်း၊ ဇော်ဂျီ၊ မင်းသုဝဏ်တို့နဲ့ အတူတူ ကဗျာဆရာကြီး တစ်ယောက်အဖြစ် ရှိနေပါတယ်ဗျာ။

**[၁၉၉၁-ဩဂုတ်လဆန်းသို့ အမှတ်တရ]**

ယန်းဝေသီ မဂ္ဂဇင်း
ဒီဇင်ဘာလ၊ ၁၉၉၃။

# စာပေသစ် သံတမန်

မြသန်း

''အကောင်းကို ရှာ၍၊ အကောင်းကား မရှိတော့…''

၁၉၄၁ ခုနှစ်၊ နဂါးနီတိုက်မှ ထုတ်ဝေသော 'မေ'ဝတ္ထု နိဂုံးတွင် ဤစကားလုံးလေးများကို တွေ့လိုက်ရ၏။ ဤဝါကျကလေးသည် ကျွန်တော်၏ ရင်ထဲတွင် ပွဲတင်ထပ်ကာ ကျန်ရစ်ခဲ့သည်။

''မေ'' ဝတ္ထုကို ကျွန်တော် စတွေ့ရသောအချိန်မှာ အင်္ဂလိပ်ပြန်တက်လာမှ ဖြစ်သည်။ ၁၉၄၁ ခုနှစ်က ထုတ်ဝေခဲ့သော်လည်း မေ ဝတ္ထုကို မတွေ့ခဲ့သေးပေ။ နဂါးနီအသင်းဝင်များထံ သွားခါမှ နဂါးနီတစ်အုပ်ကို ဖတ်ရတော့သည်။

'မေ' ဝတ္ထုကို ကျွန်တော် တွေ့သည်မှာ အင်မတန်ချောင်ကျသည့် ရွာလေးတစ်ရွာတွင် ဖြစ်၏။

ကျွန်တော်မှာ အင်္ဂလိပ် တက်လာခါကစ ကွန်မြူနစ်ပါတီတွင် ရောက်နေကာ တောမှာနေသည်သာ များ၏။ အဆက်ပြတ်သည် တစ်ကြောင်း၊ မအားမလပ်သည် တစ်ကြောင်းတို့ကြောင့် ပြည်သူ့အာဏာ ဂျာနယ်မှအပ အခြားသတင်းစာ မဂ္ဂဇင်းတို့ကို တစ်ခါတစ်ရံသာ ဖတ်ရသည်။

လူကြုံရှိလျှင် သတင်းစာ၊ မဂ္ဂဇင်းတို့ကို မှာလိုက်ရ၏။ သည်လို စာငတ်မွတ်နေသည့် အချိန်တွင် 'မေ' ဝတ္ထုကို တွေ့ရသည်။ စစ်ဘေးဒဏ်

ကြောင့် နဂါးနီ အသင်းဝင်များထံမှ စာအုပ်များလည်း ပျက်စီး ဆုံးရှုံးကုန်ကြ၍ မဖတ်လိုက်ရပေ၊ တောရောက်မှပင် ဖတ်ရတော့သည်။

'မေ' ဝတ္ထု၏ အရေးအသားဟန်သည် ကျွန်တော့်ရင်ထဲတွင် စွဲ၍ ကျန်ရစ်ခဲ့လေသည်။

အင်္ဂလိပ်တက်ပြီး သည်ဘက်ခေတ် (၁၉၄၅) ကား စာအုပ်တွေ ပလူပျံမတတ် ထုတ်သည့်ခေတ် ဖြစ်၏။ ဟာသမဂ္ဂဇင်း-ကပွလီစစ်သားနှင့် ခပ်ပျံ့ပျံ့ မိန်းမပျို့ဇာတ်လမ်း ဝတ္ထု၊ ဖက်စစ်တော်လှန်ရေး စစ်သားနှင့် ကောင်မလေးတို့ အချစ်ဝတ္ထုများ အတော်ထွက်လာ၏။ သည်ဇာတ်လမ်းများမှာ ဖက်ရှင်ဖြစ်လာ၏။ နောက် ဇဝနဂျာနယ်၊ ရွှေအ စာပြောင်၊ အရှေ့တိုင်း မဂ္ဂဇင်း၊ သွေးသောက်၊ စာပဒေသာ...။

ထွက်သမျှ စာအုပ်စာတမ်းကို လူတိုင်း ဖတ်ကြ၏။ ဂျပန်ခေတ်က လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာ တွေးတော့ခွင့်မရသလား မသိ၊ ထုတ်ဝေသူလည်း များ၊ စာဖတ်သူလည်း များလာသည်ကို တွေ့ပေသည်။

သည်ခေတ်တွင် 'တာရာ မဂ္ဂဇင်း'သည် ပေါ်ထွက်လာ၏။

(၂)

'တာရာမဂ္ဂဇင်း' ဟူသော စာလုံးဖြင့် အဖုံး အပြာရောင်ပေါ်တွင် အပျိုမလေးက ပွင့်လုဆဲ ပန်းပင်လေးကို မြေတောင်မြှောက်ပေးနေသည့် အရုပ်ကို တွေ့ရ၏။

ကျွန်တော်မှာ ထိုအချိန်က မန္တလေးသို့ နိုင်ငံလုံးတာဝန်နှင့် ရောက်နေ၏။ ကျွန်တော်နှင့်အတူ ကိုအောင်သူလည်း ပါ၏။ ရက်အားဖြစ်၍ ကျွန်တော်တို့ နှစ်ယာက်မှာ မြို့လယ်ရုံတွင်ပြနေသော 'ဇင်ဒါမြို့က အကျဉ်းသမား' ဇာတ်ကားကို လက်မှတ် အလကားရ၍ ကြည့်ပြီး ထွက်လာ၏။

ရုပ်ရှင်ရုံရှေ့ ကွမ်းယာဆိုင်လေး တစ်ဆိုင်တွင် စစ်ပြီးခေတ်၏ အပေါစား ဝတ္ထုစာအုပ်များနှင့်အတူ ချိတ်ဆွဲထားသည့် တာရာမဂ္ဂဇင်းကို တွေ့ရပေသည်။

ကျွန်တော်သည် သောင်းပြောင်းရောထွေးထားသည့် စာအုပ်တွေကို တစ်အုပ်ပြီးတစ်အုပ် လှန်ကြည့်မိ၏။ ဝတ္ထုစာအုပ်များမှာ ဖြစ်ကတတ်ဆန်း

ရေးကာ ဖြစ်ကတတ်ဆန်း ထုတ်ဝေကြဟန်တူ၏။ ထိုခေတ်က ဇဝန ဂျာနယ် ကား လက်ရှိခေတ်၏ စီးပွားရေးသဘော နိုင်ငံရေးလှုပ်ရှားမှုကို ပြောင်း လျောင်ထား၍ ရယ်မောရ၏။ ထို့နောက် တာရာမဂ္ဂဇင်းကို ကောက်ကြည့် မိသည်။

အဖုံးမှာ တစ်ကြောင်းဆွဲ ခပ်ဆန်းဆန်း ဦးဗကြည် ရေးဆွဲသည့် မျက်နှာဖုံး ဖြစ်၏။ စိတ်ထဲမှာ ဇဝန ဂျာနယ်လို စာပြောင်လားဟု ထင်မှတ်မိ သေးသည်။ နောက်မှ 'အကောင်းကိုရှာ၏၊ အကောင်းကား မရှိတော့'ဆို သော စကားလုံးလေးကို သွားအမှတ်ရ၏။ 'မေ' ဝတ္ထုတွင် ဖြီးခဲ့ရသည့် ဒဂုန်တာရာ၏ အရေးအသားဟန် ဆန်းသည့်စကားလုံးတို့ကို ဖတ်ရလာ၏။

ဒဂုန်တာရာ ဦးစီးထုတ်ဝေသည်ဆိုလျှင် အနည်းဆုံးအတွေးအခေါ် ဝတ္ထုကဗျာ ဘာသာပြန်တို့ဖြင့် တစ်မျိုးဆန်းသစ်မည်ဟု ယုံကြည်ထား၏။ စာပေမဂ္ဂဇင်းပင် ဖြစ်မည်ဟု တွေးလိုက်၏။

အဖုံးကို လှန်လျှင်လှန်ခြင်း 'ပြန်လည်ဆန်းသစ်ရေး' ဟူသော ခေါင်း စဉ်ဖြင့် အမှောင်ခေတ်မှ ပြန်လည်ဆန်းသစ်ရေးခေတ်သို့ ထွန်းကားလာသည့် လူ့သမိုင်းအစဉ်၏ အတ္ထုပ္ပတ္တိ အကျဉ်းကိုပြကာ ဖက်ဆစ်ခေတ်မှ အရင်းရှင် ဒီမိုကရေစီခေတ်သို့ ကူးပြောင်းလာသည့် မြန်မာပြည်ဝယ် စာပေနှင့်အနုပညာ ၏ ပြန်လည်ဆန်းသစ်ရေးကို ရဲဝံ့စွာကြွေးကြော်ထားသည်။ အမျိုးသား ယဉ်ကျေးမှုကို ပြန်လည်ဆန်းသစ်စေရမည်ဟု ရည်ရွယ်ထားသည်ကို တွေ့ရ လေသည်။ တာရာမဂ္ဂဇင်းတွင် ထာဝစဉ် ငြိမ်းချမ်းရေးကို ဆိုထားသည်။

ဆန်းသစ်လာမည့် 'စာပေသစ်'ကို သည်လောက်များပြားလှသည့် အပေါ်စား ဝတ္ထုစာအုပ်တွေကြားမှ တာရာသည် ရဲဝံ့စွာထွက်ပြူလာသည်ကို အံ့သြစွာ တွေ့ရှိရလေသည်။

စစ်ပြီးခေတ် မြန်မာစာပေကား အုတ်အရောရော၊ ကျောက်အရော ရော ဖြစ်၏။ သည်ကြားထဲမှ တာရာသည် ဖုထစ်ချိုင့်ဝှမ်းတို့ကို ခုန်လွှား ရင်း ချုံနွယ်ပိတ်ပေါင်းကို ဖယ်ရှားရင်း ထွက်လာရသည်ကို တွေ့ရသောအခါ အားတက်မိ၏။

'လူကို လေ့လာခြင်း' ဆောင်းပါးတွင် 'အောင်ဆန်း သို့မဟုတ် အရိုင်း'ဟူသော ခေါင်းစဉ်ဖြင့် အမျိုးသားခေါင်းဆောင် ဦးအောင်ဆန်း၏

ဘဝကို လူအနေဖြင့် လေ့လာကြည့်ရှုချက်ကို တွေ့ရှိရ၏။ နောက် ပြည်သူ့စာပေမှ ဂေါ်ကီ၏ ဘာသာပြန် 'ပြည်သူ့သဘင်' စသည်ဖြင့် ယဉ်ကျေးမှုအထွေထွေကို ဆန်းစစ်ဝေဖန်ထား၏။

တော်လှန်ရေးမှ ပေါက်ဖွားလာသည့် ဖက်ရှင်ဝတ္ထုတို့ ခေတ်စားနေချိန်တွင် အင်မတန်တိုးတက်စွာ ယဉ်ကျေးမှု စာပေ သဘင် ဂီတတို့ကို ဝေဖန်ဆန်းစစ်ထားသည်ကို တွေ့ရ၏။

ကျွန်တော်မှာ တာရာမဂ္ဂဇင်းကို အတော်ဖတ်ချင်နေ၏။ စာရွက်တွေလျှောက်လှန်ပြီးမှ ပို၍ဖတ်ချင်လာ၏။ လက်ထဲတွင်လည်း ပိုက်ဆံတစ်ပြားမှမရှိ၊ သုံးပိုင်ခွင့်မရှိသည့် ပြည်သူ့အာဏာ ဂျာနယ်ဖိုး ငွေတွေသာပါ၏။

'အိုင်းဆေး ကိုအောင်သူ၊ ကျွန်တော် ဝယ်ချင်တယ်ဗျာ'

'ပိုက်ဆံပါရဲ့လား'

'ဒီမယ်လေ' ဟု ကျွန်တော်က ပြန်သူ့အာဏာဖိုး ငွေတွေကို ထုတ်ပြ၏။

'ဟာ… မလုပ်ပါနဲ့ဗျာ' ဟု သူက တားမြစ်၏။

ကိုအောင်သူကား စည်းကမ်းကြီး၏။ တာဝန်ကို ရိုသေသူဖြစ်၏။ လူ့ကျင့်ဝတ်ကို အင်မတန်စောင့်ထိန်းသူ ဖြစ်၏။ ကျွန်တော်ကလည်း ဖတ်ချင်သူကလည်း ဂျာနယ်ဖိုးငွေတွေထဲမှ မဝယ်စေချင်နှင့် အငြင်းအခုံ ဖြစ်နေကြ၏။

သို့ငြင်းကြရင်းကပင် ကျွန်တော်က အတင်းဝယ်တော့မှ ကိုအောင်သူလက်လျှော့လေတော့သည်။

## (၃)

'တာရာမဂ္ဂဇင်း' အမှတ် '၁'ကို အစအဆုံး တစ်အုပ်လုံးဖတ်ပစ်လိုက်သည်။ ဂျပန်ခေတ်ကလည်း စာပေက မဖတ်ရ၊ စစ်ပြီးခေတ် စာအုပ်ဈေးမှလည်း စာပေကိုရှာ၍ မတွေ့ဖြစ်နေသည့်ကြားက တာရာကိုတွေ့ရသောအခါ အားရပါးရ ဖတ်ပစ်လိုက်၏။

'စာပေ ဆိုသည်မှာ လူတို့၏စိတ်ကို ကြည်နူးစေရန်သာမက တက်ကြွစေရန်ဖြစ်သည်' ဟု ဂေါ်ကီက ဆိုဖူးသည်။ ပထမ စာပေ အနုပညာသည်

လူတို့၏စိတ်ကို ခံစားတတ်မှု၊ ကြည်နူးမှုကို ပေးအပ်၏။ ထိုမှတစ်ဆင့် တက်၍ စာပေနှင့် အနုပညာသည် ကြည်နူးနှစ်သိမ့်မှု၏ အဆင့်ပြီးဆုံးသည့် နောက်တွင် တက်ကြွသည့် ခံစားမှုတစ်ရပ်ကို ပေးရမည်ထင်၏။

တာရာ အမှတ် ၁ ကား စာပေ၏ ပထမအဆင့်တွင် ပြည့်စုံစွာ ကြည်နူးနှစ်သိမ့်မှုကို ပေး၏။ ဆန်းသစ်သည့်အတွေးအခေါ်ဖြင့် ပြည့်လျှမ်း၏။ စစ်ပြီးခေတ် စာအုပ်စျေးထဲမှ တိုးထွက်ကာ စာပေစိတ်ဖြင့် ယဉ်ကျေးမှုကို မျှော်မှန်း ကြည်နူးချက်တို့ ပါ၏။

'အောင်ဆန်း သို့မဟုတ် အရိုင်း' ကား လူတွေ သိချင်နေသည့် ဦးအောင်ဆန်း၏ ဘဝအပိုင်းအစ ရုပ်ပုံလွှာကို တစ်ဝက်တစ်ပျက် ထောင်ပြထား၏။ ဦးအောင်ဆန်းကို မြင်ရသည့် ပကတိအမြင်ဖြင့် ရေးခြယ်ပြထား၏။

'အေးဖေနှင့် အေးမေ' ကား စစ်ပြီးခေတ် ရန်ကုန်မြို့ အိုးအိမ်ပြဿနာကို တင်ပြထား၏။

'ငွေလေ့ပေါ်မှ အနမ်း' ဆိုသည့် ကဗျာကား စိတ်ကူးယဉ်မှုဖြင့် ကြွယ်ဝ၏။ စကားလုံးများဖြင့် လှပ၏။ ကာရံအချိတ်အဆက်ဖြင့် ရွတ်ဖတ်၍ ကောင်း၏ 'ရသ'ရှိ၏။

နောက် အမှတ် ၂-၃ စသည်ဖြင့် ထွက်လာ၏။ အမှတ် ၂ တွင် ကိုဘဟိန်း၏ လူအဖြစ်ကို လေ့လာကြည့်ရှုထား၏။ ဖက်ဆစ်ဂျာမန်တို့ကို တွန်းလှန်ခဲ့စဉ်က ဆိုဗီယက်သူရဲကောင်း အမျိုးသမီးလေး တန်ယကို ဖတ်ရ၏။ စိတ်တက်ကြွစရာ ကောင်းလှသည်။

တာရာမဂ္ဂဇင်း အမှတ် ၅ တွင် ဝတ္ထုကဗျာဆောင်းပါးတို့ ဘေးမှ ခေါင်းစဉ်ငယ်တွေ ပါလာ၏။ ခေါင်းစဉ်ငယ်လေးတွေ ပါလာခြင်းကား စာဖတ်သူတို့ကို လွယ်ကူစေ၏။ ဝတ္ထုတစ်ပုဒ်၊ ကဗျာတစ်ပုဒ်၏ အယူအဆကို ချုံ၍ပေးထားရသည့် နာမည်ဖြစ်၍ တော်တော်အပေးရခက်၏။ မြန်မာပြည်တွင် တစ်ခါဖူးမျှ မပေါ်ခဲ့သေး၍ မြန်မာမဂ္ဂဇင်းဖတ် ပရိသတ်အဖို့ ဆန်းသစ်နေ၏။

တာရာ မဂ္ဂဇင်း၏မွေးဖွားစ အပိုင်းကား စာပေသစ်ကို မျှော်မှန်းချက်တို့ ပါ၏။ စာပေစိတ်ဖြင့် ရှေ့တိုးတက်လာမည့် စာပေသစ်တစ်ရပ်ဆီသို့ ချီတက်နေသည်ကို တွေ့ရပေသည်။

(၄)

တာရာအတွဲ ၂ ကား ပြည်သူ့စာပေကို မျှော်မှန်းချက်တို့ ပါလာ၏။ တာရာ ပထမအပိုင်းသည် စာပေသစ်ကို မျှော်ခေါ်ကာ ချီတက်လျက် ရှိသည်ကို တွေ့ရ၏။ ဒုတိယအပိုင်းကား ပြည်သူ့စာပေကို ရဲဝံ့စွာကြိုဆိုလျက် ရှိသည်ကို တွေ့ရ၏။

လက်တင်အမေရိကမှ (Pablo Neruda)နီရူဒါ၏ ပြည်သူ့ကဗျာများ မော်စီတုံး၏ စာပေစကားများ၊ ဇက်ပြည်မှ ကွန်မြူနစ်ခေါင်းဆောင် (Julius Fuchik) ဖူးချစ်၏ မှတ်တမ်းများ၊ တိုးတက်သော ဂျာမန်ကဗျာဆရာကြီး (Freiligrath) ၏ ကဗျာများ၊ ကိန်းဘရစ်တက္ကသိုလ်မှ ပါမောက္ခ သွန်မဆင် တို့၏တိုးတက်စာပေများ၊ ရုရှား ရှေးဟောင်းစာပေမှ တာဂ်နိဖ်တို့၏ တိုးတက် စာပေများ၊ ဆိုဗီယက်စာပေမှ ဂေါ်ကီ-မာယာကော့စကီး၊ အာရင်ဘတ်တို့၏ စာပေများကို တွေ့ရှိရ၏။

အမှန်အားဖြင့် တာရာ၏ ဒုတိယအပိုင်းသည် ပြည်သူ့စာပေကို လိုလားကာ ပြည်သူ့စာပေသို့ စိုက်စိုက်မတ်မတ် ချီတက်သည်ကို တွေ့ရှိ ရပေသည်။

တာရာမဂ္ဂဇင်း၏ ဒုတိယပိုင်းသည် ပြည်သူ့စာပေကို ကြိုဆို၏။ ပြည်သူတို့နှင့် ပတ်သက်သည့် အကြောင်းအရာတို့ ပါလာ၏။ မတ်လ တော်လှန်ရေး အဓိကရုဏ်း 'လန်ချားသမား'၊ နောက် 'မော်တင်ဂရက် တိုက်ပွဲ' 'အသွင်' 'မထင်မရှား' မော်ကွန်းသစ် 'နန်မီဂူမှာ' စသော ဝတ္ထုတိုလေးများကို တွေ့ရှိလာရ၏။

ဤဝတ္ထုများထဲတွင် အများစုတို့၏ ပြဿနာကို တင်ပြထား၏။ အများစု၏ တိုက်ပွဲကို သစ္စာရှိစွာ ရေးခြယ်ပြသည်ကို တွေ့ရ၏။

အနောက်မှ ဝေဖန်ရေးဆရာ ဒန်တန်က တီထွင်ဆန်းသစ်မှု မပါဘဲ ကူးချကြသည့် ဝတ္ထုရေးတမ်း ကစားသည့် အပေါစားစာရေးဆရာတွေကို (Pedestrian Novelist) လမ်းလျှောက်စာရေးဆရာဟု ဝေဖန်ထားသည်ကို ဖတ်ရ၏။

မြန်မာပြည်တွင် ဤလို ဝတ္ထုစာရေးဆရာတွေ မှိုလိုပေါက်နေသည့် ခေတ်တွင် တာရာမဂ္ဂဇင်းသည် ဆန်းသစ်သည့်အတွေးအခေါ် အရေးအသား

ဟန်နှင့် တီထွင်ဆန်းသစ်သည့် ရှေ့ပြေးအဖြစ် ပေါ်ထွက်လာသည်ကို တွေ့ရ၏။

ကုန်သည်အကြိုက်ကို ရှောင်ကာ စာပေစိတ်သက်သက်ဖြင့် ကြည့်ကာ ရှေ့သို့ဦးတည်လျက် ရှိသည်ကို တွေ့ရပေသည်။

စာဖတ်ပရိသတ်ကို စာပေခံစားမှု ရှိလာအောင် လှုံ့ဆော်ချက်တွေ တွေ့ရှိရ၏။

နောက် ခေတ်၏ သရုပ်ဖော်ဝတ္ထုတိုများ၊ အများစုနှင့်ပတ်သက်သည့် အကြောင်းအရာများကို တင်ပြသည့် ဝတ္ထုတိုများကို တွေ့ရှိရ၏။ ဤအစအန များသည် ရှေ့ပြည်သူ့စာပေကို ရှေးရှုသည့်လမ်းစများပင် ဖြစ်သည်။

ပြည်သူ့စာပေသည် ဖွံ့ဖြိုးထွားကျိုင်းသော အနုပညာရပ် မပါဘဲ တန်ဖိုးရှိသည့် စာပေဖြစ်မလာ။ ။ စာပေသည် လူအများစုကို တိုက်ရိုက် အကျိုးသက်ရောက်စေသည့် အကြောင်းအရာမပါဘဲ ပြည်သူ့စာပေ ဖြစ်မလာပေ။ ပြည်သူ့စာပေသည် ရိုးသားမှန်ကန်မှု (အကြောင်းအရာ)နှင့် အလှအပ (အနုပညာ)တို့ ၂ ခုစလုံး အကျုံးဝင်မှ ပြည်သူ့စာပေမြောက်ပေလိမ့်မည်။

တာရာမဂ္ဂဇင်းမှ စာပေကား စာပေသစ်မှတစ်ဆင့် ပြည်သူ့စာပေသို့ ရှေးရှုနေသည့်စာပေ ဖြစ်သည်ဟု ယုံကြည်ရပေ၏။

(၅)

သည်ကတည်းက တာရာမဂ္ဂဇင်းမှ စာပေအရသာကို ကျွန်တော် ခံစားလာရ၏။ စာပေသမားတို့သည် စာဆိုတို့ကို အမြဲရှာဖွေနေကြသည်။ သူတို့အဖို့ စာပေသည် ငြီးငွေ့စရာမဟုတ်ဘဲ လေးနက်သည့် လျော်မွေ့စရာ ဖြစ်နေသည်။ ချိုမြသည့်ဝိုင်အရက်ဖြင့် ထိုင်းမှိုင်းနေသော သွေးကြောတို့ကို လှုပ်ရှားစေသကဲ့သို့ စာပေဖြင့် နောက်ကျိသည့်စိတ်တို့ကို ဖယ်ရှားကာ တက်ကြွစေသည်ဟု အာနိုးဘင်းနက်က ပြောဖူး၏။

အညာဒေသကား ပူပြင်း၏၊ ခြောက်သွေ့၏။ ရှုခင်းတို့မှာ စိမ်းစိုသာယာခြင်းမရှိ။ ခပ်သွေ့သွေ့ မှုန်မှိုင်းမှိုင်းနှင့် ငြီးငွေ့စရာဖြစ်၏။ သည်အထဲတွင် နေပူကာ စိတ်ပျက်စရာတွေ တစ်ခါတစ်ရံ တွေ့တတ်၏။ နိုင်ငံရေး စိတ်ရှုပ်စရာတွေကို တွေ့ရ၏။

ကျွန်တော်မှာ ဖျား၍ စိတ်အေးလက်အေးနေရခိုက် ''တာရာ''ကို ဖတ်ရ၏။ အညာ၏ပူပြင်းသောနေ၊ ခြောက်သွေ့သော ရှုခင်းတို့ကို မေ့ကာ ''တာရာ''ထဲမှာသာ ရောက်နေတတ်သည်။ အားနိုးဘင်းနက် ပြောသကဲ့သို့ ကျွန်တော်မှာ စာဆိုတို့ကို အမြဲရှာဖွေနေရ၏။ ''တာရာ''ကိုဖတ်ရင်း ကြည်နူးမှု၊ တက်ကြွမှုတွေကို ထိတွေ့ရ၏။

ထွက်သမျှ စာအုပ်တို့ကို သိမ်းကျုံးဖတ်သည့် မြေတိုင်း အင်စပက်တော် တစ်ယောက်ကမူ ''ဝေ့လယ် ဝေ့လယ်နဲ့ဗျာ၊ ကျုပ်တို့ကတော့ တွေးမနေချင်ဘူး၊ ဝတ္ထုအဆုံးမှာ တိတိကျကျ ပြီးသွားစေချင်တယ်''ဟု တာရာမဂ္ဂဇင်းမှ စာပေကို မှတ်ချက်ချ၏။

တက္ကသိုလ်မှ ကထိကတစ်ယောက်ကမူ 'ခေတ်ပေါ် မြန်မာစာပေက ဝတ္ထုကဗျာတွေဟာ ဘာမှအတွေးအခေါ်မပါဘူး၊ တစ်ယောက်နဲ့တစ်ယောက် ကူးချ၊ ဆင်တူဇာတ်လမ်းတွေရေးနဲ့ အနှစ်မရှိဘူး၊ တာရာမဂ္ဂဇင်း တစ်စောင်ပဲ ခပ်ရေးရေးရှိရဲ့'ဟု ဝေဖန်၏။

ဆံပင်ညှပ်သမားတစ်ဦးက ''တာရာက ဝတ္ထုရှည်မပါဘူးဗျ၊ တိုတိုလေးတွေဆိုတော့ ဖတ်လို့မကောင်းဘူး၊ ပြီးတော့ အချစ်ဝတ္ထု သိပ်နည်းတယ်'ဟု ထင်မြင်ချက်ပေးသည်။

ကွန်မြူနစ် တစ်ယောက်ကမူ 'တာရာဟာ အတိုးတက်ဆုံးမဂ္ဂဇင်းပဲဗျ၊ ဘယ်သူ့ဘက်မှမလိုက်တဲ့ အမြင်မျိုးရှိတယ်၊ တာရာမဂ္ဂဇင်းဟာ အများကျိုးကို ရှေးရှုတဲ့အချက်အလက်တွေ ပါတယ်၊ စိတ်ကူးယဉ်တာလေးတွေ ပါတယ်။ စိတ်ကူးယဉ်တာတစ်ခု လျှော့သွားမယ်ဆိုရင် ရှေ့ဗမာပြည်သူ့ စာပေအတွက် မျှော်လင့်ရတယ်'ဟု အားတက်သရော ပြော၏။

စာပေကို ချစ်သူ၊ ပညာတတ်တစ်ယောက်ကမူ 'ကျုပ်တော့ တာရာမဂ္ဂဇင်းမှပဲ ဖတ်လို့ရတော့တယ်၊ ဒီ့ပြင် မဂ္ဂဇင်းတွေဖတ်မရဘူး၊ တာရာမဂ္ဂဇင်းများ ပြုတ်ရင်တော့ ကျုပ်တို့မှာ အကုန်ဆုံးရှုံးတာပဲ'ဟု ညည်းတွားသည်။

တိုးတက်သည့် ပညာတတ်အတန်းအစားကမူ 'တာရာ စာပေကကောင်းပါတယ်၊ ဒါပေမဲ့ တစ်ခါတစ်ရံ လူတွေ လိုက်လို့မမီသေးဘူးဗျ၊ အထူးသဖြင့် ဒဂုန်တာရာရဲ့ စာပေတွေက လူတွေမလိုက်နိုင်ဘူး၊ ဥပမာ-

ဝေါ့ဒစ္စနေ အပြာတို့ ဘာတို့က လူတွေ နားမလည်ဘူး၊ စာပေဂုဏ်တော့ မြောက်ပါတယ်၊ ဒီထက်ကျယ်ပြန့်လာအောင် ကြိုးစား၊ လူတွေ နားလည်အောင်လည်း ကိုယ်လိုချင်တဲ့ စာပေအဆင့်အတန်းရဲ့ ကန့်သတ်ချက်ကို မဖျက်တောင်မှ အလျှော့ဆုံးထားရမယ်၊ ဒီလိုဆိုရင် အကောင်းဆုံးမဂ္ဂဇင်း တစ်စောင်အဖြစ် ခြွင်းချက်မရှိ လက်ခံကြမှာပဲ'ဟု စိတ်ထက်သန်စွာ ပြောသည်။

တာရာကို ဖတ်ဖူးသူများမှာ စာပေကိုမြတ်နိုးသူများ၊ ပညာတတ်များ၊ စာပေလိုက်စားသည့် ကျောင်းသားများသာ ဖြစ်ကြလေသည်။

စာပေသမားများ ဈေးသည်လို ရောင်းကုန် မြန်မြန်ကုန်အောင် ထုတ်ဖို့ သက်သက် မဟုတ်ပေ။ လက်ရှိစာပေလောကကား စာပေကို လမ်းလျှောက်ရောင်းသည့် ခေါင်းရွက်ဈေးသည်လို ရောင်းကုန် မြန်မြန်ကုန်အောင် ထုတ်ကာ အမြတ်ကို တွက်သည့်နည်း တွင်ကျယ်သည့်ခေတ်၊ ဝတ္ထုရေးဆရာကလည်း လမ်းလျှောက်ဈေးသည် စာရေးဆရာတွေလို ရောင်းကုန်စွံဖို့၊ ပိုက်ဆံရဖို့သာ အဓိကအရေးကြီးဆုံး ဖြစ်နေသည့်ခေတ်တွင် တာရာမဂ္ဂဇင်းမှာ စာပေဆန်နေ၏။

လက်ရှိ မြန်မာစာပေလောကကား အင်မတန်ကျဉ်းမြောင်းနေသေး၏။ စာပေ၏အခန်း၊ အမျိုးသားယဉ်ကျေးမှု၏ အခန်းကို ဘေးသို့ဖယ်ထားကြ၏။ အများအားဖြင့် လက်ရှိစာပေလောကမှာ ဖုံးပေါ်လအော ဖြစ်နေ၏။

လက်ရှိ လူ့ဆက်ဆံရေးစနစ်ကား အရင်းရှင်ဒီမိုကရေစီမှ အများစု ဒီမိုကရေစီသစ်သို့ ပြောင်းလဲအံ့ဆဲ ပြောင်းလဲရေးကာလ စပ်ကူးမပ်ကူးအချိန် ဖြစ်၏။ ပုပ်သိုးဆွေးမြည့်သည့် လူမှုဆက်ဆံရေးအဟောင်းကို အသစ်က လွှမ်းမိုးမည့်ကာလ၊ ယဉ်ကျေးမှုဟောင်းမှ ယဉ်ကျေးမှုသစ်သို့ ကူးပြောင်းရေး ကာလဖြစ်၏။

ယဉ်ကျေးမှုအသစ်ကို ပြောင်းလဲရာဝယ် စာပေအနုပညာတို့သည် ယာဉ်သာဖြစ်၏။ စာပေဟောင်းမှ စာပေသစ်သို့ အယူအဆဟောင်းမှ အတွေးသစ်သို့ ပို့ဆောင်ရာတွင် စာပေမဂ္ဂဇင်းသည် အရေးအကြီးဆုံးဖြစ်၏။

မြန်မာစာပေလောကမှ စာနယ်ဇင်းတို့ကား ယဉ်ကျေးမှုသစ်ကို ရှေးရှုဖို့ မဆိုထားနှင့်၊ ယဉ်ကျေးမှုအဟောင်းကိုလည်း မသိ၊ အသစ်ကိုလည်း

မမီဘဲ အောက်ခြေလွတ်နေစဉ် တာရာမဂ္ဂဇင်းတစ်စောင်သာ စာပေအနုပညာကို ရည်ရွယ်ထုတ်ဝေသည်ကို တွေ့ရပေသည်။

တာရာမဂ္ဂဇင်းကား မြန်မာစာပေအခန်းဝယ် အင်မတန်အရေးကြီးသည့် အပိုင်းမှပါဝင်နေ၏။

စာပေအခန်းတွင် အဟောင်းမှ အသစ်သို့ကူးပြောင်းရေး အချိန်အခါ၌ တာရာမဂ္ဂဇင်းသည် အဓိကယာဉ်သာတစ်ခု ဖြစ်ပေသည်။

တာရာမဂ္ဂဇင်း၏ ပထမအခန်းကား စာပေသစ် ကြွေးကြော်သံဖြင့် အတွေးအခေါ်ပါသည့် ဆောင်းပါး၊ ဝတ္ထု၊ ကဗျာတို့ဖြင့် စာပေတာဝန်ကို ပြီးမြောက်စေခဲ့၏။ တာရာမဂ္ဂဇင်းမှ ''မူ''သည် တစ်မျိုးတစ်ဖုံ ထူးခြားဆန်းသစ်နေ၏။ အရေးအသားဟန်မှာ တီထွင်မှုပါ၏။

တာရာမဂ္ဂဇင်းမှ ဟန်မျိုးကိုလိုက်ရေးကြ၏။ လူကို လေ့လာခြင်းဆောင်းပါးနှင့်အလားတူ ဆောင်းပါးမျိုးတွေ လိုက်ရေးလာကြ၏။ တာရာမဂ္ဂဇင်းက တဂိုး ကဗျာတွေ ဘာသာပြန်လျှင် တဂိုး ပြန်သူတွေ တစ်ပြုံကြီးပေါ်လာကြ၏။ တာရာမှနေ၍ မိုပါဆွန်း၏ဝတ္ထုကို ပြန်လျှင် မိုပါဆွန်း၏ဘာသာပြန်ဝတ္ထုတွေ ပလူပျံသလို ထွက်လာ၏။ တာရာမဂ္ဂဇင်းမှ ကဗျာမျိုး 'နှုတ်ခမ်းအပေါ်မှ မော့အပြုံး'ဆိုလျှင် အခြား ဤပုဒအချမျိုးဖြင့် ဘာအပြုံး ညာအပြုံးနှင့် ဒုနဲ့ ဒေး ဖြစ်လာ၏။

ဤသည်ကိုကြည့်၍ တာရာမဂ္ဂဇင်းသည် လက်ရှိစာပေအခန်းဝယ် (ရှေ့ဆောင်သည့်အပိုင်း)မှ ပါဝင်နေပေသည်။ တိမ်မြုပ်သည်ဟု ထင်စရာရှိသော အရာဝတ္ထုတို့သည် နောက်တစ်နေ့တွင် ဖွံ့ဖြိုး ထွန်းကားလာကြ၍ ဖွံ့ဖြိုးသည်ဟုထင်ရသော အရာတို့သည် နောက်တွင် တိမ်ကောသွားကြရ၏။

ရှေ့တွင် ဆန်းသစ်လာမည့်ခေတ်ကို တာရာမဂ္ဂဇင်းသည် ကြိုဆိုလျက်ရှိသည်ကို တွေ့ရ၏။

အနောက်မှ (New Writing) ကဲ့သို့ စာပေသက်သက်ဖြင့်လည်း မဟုတ်ဘဲ လက်ရှိ လူမှုစနစ် စီးပွားရေးစနစ်ကို ရှုတ်ချကာ ရှေ့ခေတ်ကို မျှော်မှန်း ထားချက်ကလေးတွေပါ၏။

ရှေးခေတ်ဦး၏ ဆန်းသစ်စာပေကို ဦးကြိုပြုရုံသာမက ကွယ်လုနီးအမျိုးသားယဉ်ကျေးမှုကို ပြန်လည်ဖော်ထုတ်လျက် ရှိသည်ကိုတွေ့ရ၏။

နောက်မျိုးဆက် တစ်ဆက်တွင် တာရာမဂ္ဂဇင်းသည် အမျိုးသား ယဉ်ကျေးမှု၏မဏ္ဍိုင် တစ်ရပ်အဖြစ် တိုးတက်စာပေသစ်သို့ ပို့ဆောင်ရာ ယာဉ်သာတစ်ခုအနေဖြင့် အဓွန့်ရှည်စွာ တည်တံ့နေလိမ့်မည်ဟု ယုံကြည်ထား ၏။ တာရာမဂ္ဂဇင်းသည် လက်ရှိစာပေအခန်းတွင် အကြီးဆုံးအပိုင်း စာပေ ဟောင်းမှ စာပေသစ်ကို ကူးပြောင်းရာတွင် အလှုပ်ရှားဆုံး၊ အတက်ကြွဆုံး အပိုင်းမှ ပါဝင်လျက်ရှိပေသည်။

အချုပ်ကိုဆိုလျှင် တာရာမဂ္ဂဇင်းသည် ပွင့်လင်းလာအံ့သော စာပေ သစ်၏ ရှေ့ပြေးတမန်ပင် ဖြစ်ချေသည်တကား။

**တာရာမဂ္ဂဇင်း၊ အတွဲ (၃)၊ အမှတ် (၂၃) ဒီဇင်ဘာ၊ ၁၉၄၉။**

တက္ကသိုလ် အမှတ်တရ

# ရှိုစ်မာရီမှသည် ဦးချစ်ဆိုင်ထိ

**မြသန်းတင့်**

ဒေါက်တာ လှဲ့ဝင်းရည်သည် ရှိုစ်မာရီဆိုင်ကလေး နေရာကိုလှမ်းကြည့်သည်။ ကျောက်ပြားစကြံပေါ်တွင် ရပ်ရင်း ရှိုစ်မာရီကို လွမ်းနေသည်။

သည်ဆိုင်ကလေးကို ရှိုစ်မာရီဟု ဘာ့ကြောင့်ခေါ်မှန်း ယခုအထိ သူမသိ။ စစ်မဖြစ်ခင်ကတည်းက ရှိခဲ့သည်ဟုသာ သူသိသည်။ စစ်မဖြစ်မီက တက္ကသိုလ်တွင် ''အို… ရှိုစ်မာရီ'' သီချင်း ခေတ်စားခဲ့သည်။ ထိုသီချင်းကို အမှီပြု၍ ကျောင်းသားတွေက ရှိုစ်မာရီဟု အမည်ပေးခဲ့ခြင်း ဖြစ်သည်ဟု သူ့ဦးလေးတစ်ယောက်က ပြောဖူးသည်။

အင်းလျားကန်ပေါင်မှ ဆင်းပြီး အင်းလျားလမ်းကိုဖြတ်၍ ပြည်လမ်းပေါ်သို့ လျှောက်လာခဲ့သည်။

မိုးရိပ်တို့ လွင့်ပြယ်၍ နှင်းမှုန်တို့ကျစပြုပြီ။ သည်အချိန်သည် ရန်ကုန်တွင် လမ်းလျှောက်၍ အကောင်းဆုံးအချိန်။ မိုးတွင်းမှာလို ရွှံ့ဗွက်တွေကို မရှောင်ရ။ ညက နှင်းတွေကျထားသဖြင့် မြေနီလမ်းကလေးများသည် ဖုန်သိပ်နေကြ၏။ ထိကရုံးပင်ကလေးများတွင် ရက်ကန်းရှယ်နေကြသည့် ပင့်ကူအိမ်များပေါ်၌ စိန်ပွင့်ကလေးတွေက တဖျပ်ဖျပ်။ နေရောင်နုနုက သစ်တိုပင်၊ မရန်းပင်ကိုင်းကြားတွေထဲမှ လျှောဆင်းလာကာ မြေကြီးပေါ်တွင် ဓာပန်းဓာမြိတ်တွေ ရက်နေသည်။ လေတိုက်လိုက်သည့်အခါတွင် မြေပြင်မှ ဓာပန်းကွက်များသည် တွန့်သွားကြ၏။

ဒေါက်တာ လှဲ့ဝင်းရည်သည် လမ်းဘေးရှိ ကျောက်ပြားစကြံပေါ်သို့ တက်သည်။ ပြည်လမ်းပေါ်တွင် ကားကြီး ကားငယ်တွေ တဝေါဝေါပြေးနေကြ၏။ နံ့သာရောင် ကားလေးပေါ်မှ အသီအရာရှိကြီးကတော် တစ်ယောက်က လက်ပြ နှုတ်ဆက်သွားသဖြင့် ဒေါက်တာ လှဲ့ဝင်းရည် သူ့ကို ပြန်၍ လက်ပြသည်။ သူ့ဘေးတွင် ဆံပင်ဖားလျား၊ စပို့ရှပ်အင်္ကျီ ဝတ်ထားသည့် ကောင်မလေးက မောင်းသွား၏။ သူ့သမီးဖြစ်မည် ထင်သည်။ အရာရှိကြီး ကတော်က ကျောင်းတုန်းက သူနှင့် အတန်းတူ၊ အဆောင်တူ။

ဝဲဘက်သို့ သူ စောင်းငဲ့ကြည့်သည်။ သူ ကျောင်းရောက်စတုန်းက စစ်ပြီးသည်မှာ ဘာမျှမကြာသေး။ သည်တုန်းက စီးပွားရေးတက္ကသိုလ် အဆောက်အအုံကြီး နေရာတွင် ကွက်လပ်ကြီး။ ပြီး ကွင်းလယ်တွင် သစ်ခြောက်ပင်ကြီး တစ်ပင်နှင့်။ ကိုခင်မောင်ထွေးနှင့် သူ သစ်ခြောက်ပင်ကြီး အောက်မှာ ချိန်း၍စကားပြောခဲ့ကြသည်ကို မြင်ယောင်သည်။ ယခုတော့ သစ်ခြောက်ပင်ကြီးလည်း မရှိတော့။ ကိုခင်မောင်ထွေး တစ်ယောက်လည်း နိုင်ငံခြားသို့ အပြီးအပိုင် ထွက်သွားလေပြီ။

ဘင်တန်ဆောင် နောက်ဖေးမှာ မရန်းတောကြီး။ သည်တုန်းက မာလာဆောင် မဆောက်သေး။ စာမေးပွဲနားနီး တပို့တွဲ တပေါင်းဆိုလျှင် မရန်းသီးတွေကို စိမ်းစားငါးပိနှင့် တို့စားရင်း သည်မရန်းပင်ကြီးတွေအောက်မှာ စာကျက်ခဲ့ကြသည်။ မရန်းသီးဆွတ်သည့် ကန်ထရိုက်တာကြီးက သူတို့တောင်းလျှင် မရန်းသီးတွေ ခွဲတောင်းကြီးနှင့်အပြည့် သွန်ပေးသွားတတ်သည်။

ဘင်တန်ဆောင်ပင်လျှင် သီရိဆောင် မဖြစ်သေး။ သည်တုန်းက ဘင်တန်ဆောင်တွင် ကပြားမကလေးတွေ၊ ကရင်မကလေးတွေ အနေများကြသည်။ သူတို့အဖို့ ယုဒသန် ဘုရားရှိခိုးကျောင်းနှင့် နီးသဖြင့် တနင်္ဂနွေ နေ့ ဘုရားရှိခိုးကျောင်း တက်ရလွယ်သည်။ အင်းလျားတွင် နေရာမရသဖြင့် သူတို့တစ်သိုက် နေရာကအစ နောက်ပိုင်းတွင် ဘင်တန်ကျောင်းသူ မြန်မာ ကျောင်းသူတွေ များလာခဲ့ခြင်းဖြစ်၏။ လက်ယာဘက်တွင် နိုင်ငံခြားသံရုံး များမှ အရာရှိများနေသည့် အိမ်ကြီးအိမ်ကောင်းတွေက အစီအရီ။ ဆေးရောင်

ဝါလဲ့လဲ့။ ပြတင်းဘောင်ဖြူဖြူ။ လျှုဖာတံခါးမှ မှန်ရိပ်တွင် မြရောင်၊ ပတ္တမြားရောင်၊ စိန်ရောင်တို့ တဖျပ်ဖျပ်။ ထိုမှလွန်လျှင် ကျောင်းသားရိပ်သာ။

သူတို့တုန်းက သည်အိမ်တွေ၊ ကျောင်းသားရိပ်သာတွေ မရှိသေး။ ခြံကြီးတွေ၊ ခြံကြီးထဲတွင် စစ်ပြီးစ ဖြစ်ကတတ်ဆန်း ပြန်ဆောက်ထားသည့် အိမ်ကုပ်ကလေးတွေနှင့်။ အိမ်ကုပ်ကလေးတွေ သည်ဘက်တွင်မူ စံရိပ်ငြိမ်သို့ ကူးပြီး မြေနီလမ်းနီနီလေးတွင် ဝါးပင်၊ ပုဏ္ဏရိက်ပင်တို့ ဝေဆိုင်းလျက်။ သြော်... သည်လမ်းကလေးတော့ ခုတိုင် ရှိပေသေးသားပဲ။

မြေလမ်းနီနီ၏ သည်ဘက်ကပ်လျက်တွင်မူ ရိုဲ့စ်မာရီ။

နာမည်ကလေးက ချစ်စရာ။ ကြီးကြီးကျယ်ကျယ် ဆိုင်ကြီးကနား ကြီးမဟုတ်။ အာလူး၊ ကြက်သွန်၊ ငရုတ်သီး၊ ပဲ စသည်တို့နှင့် လက်ဖက်ရည် ဘယာကြော် ရောင်းသည့် ကာကာလက်ဖက်ရည်ဆိုင်ကလေး တစ်ဆိုင်။

ကာကာ ကုလားက ပိန်ပိန်ရှည်ရှည်၊ အသားမည်းမည်း၊ စွပ်ကျယ် အင်္ကျီနှင့် ဆိုင်းဝိုင်းတံဆိပ်၊ ပလေကပ်လုံချည်ကွက်ကျဲကို အမြဲဝတ်ထားပြီး ခေါင်းတွင် မျက်နှာသုတ်ပဝါဖြူဖြူတစ်ထည်ကို ပေါင်းထားတတ်သည်။ သူတို့တစ်တွေ ဘိုင်ကျလျှင် ရိုဲ့စ်မာရီသို့ သွားထိုင်မြဲ။ ရိုဲ့စ်မာရီကလည်း သူတို့ကို အကြွေးစာရင်းစာအုပ် တစ်အုပ်ဖြင့် အမြဲကြိုဆိုနေတတ်သည်။ ရိုဲ့စ်မာရီသည် သူတို့ထဲကလည်း အကြွေးတောင်းလေ့ မရှိ။ လက်ဖက်ရည် နှင့် ဘယာကြော်ကို ကြက်သွန်နီဥ အဆစ်တောင်း၍ ကိုက်စားပြီး ကာကာ လက်ဖက်ရည်ဖျော်သည့် ခုံပေါ်တွင်တင်ထားသည့် အကြွေးစာရင်းစာအုပ် ရှည်ရှည်ကလေးထဲတွင် ကိုယ်ကိုယ်တိုင် အကြွေးစာရင်း မှတ်ပစ်ခဲ့ရုံသာ။ သူတို့ အကြွေးစာရင်းကို ဆိုင်က မမှတ်။ သူတို့ဘာသာသူတို့ မှတ်သည်။ ပေးလျှင်လည်း သူတို့ဘာသာတွက်ပြီး ပေးသည်။ ရိုဲ့စ်မာရီကမူ အကြွေး တောင်းသည် မရှိ။ ပေးလျှင် ယူထားလိုက်သည်။ မပေးဘဲနေလျှင်လည်း မယူ။ တချို့များ ကျောင်းထွက်သည်အထိ ရိုဲ့စ်မာရီ၏အကြွေးတွေ ပါသွား သည်။

သို့ရာတွင် ရိုဲ့စ်မာရီသည် အကြွေးစာရင်းစာအုပ်ကို ပိတ်မပစ်။ ရိုဲ့စ် မာရီတွင် လက်ဖက်ရည်မှ အမြတ်မရသည့်တိုင် အရှုံးမပေါ်။ ကုန်ခြောက် တွေက သူ့တွင် အမြတ်ထွက်ပြီးသား။ ထို့ကြောင့် ရိုဲ့စ်မာရီသည် ဘယ်တော့

မှု အကြွေးမတောင်း။ ပြောချင်သာ ပြောရသည်။ သူတို့ကလည်း မနေပါ။ အိမ်ကငွေရောက်သည်နှင့် ရိုစ်မာရီသို့ သွား၍စာရင်းရှင်းကြသည်။ နှစ်ကုန်၍ ပါသွားလျှင်လည်း နောက်နှစ် ကျောင်းအဖွင့်တွင်လာ၍ ရှင်းကြသည်။ တချို့များ ကျောင်းထွက်၍ အလုပ်အကိုင်တွေ ဘာတွေရတော့မှ လမ်းကြုံ ရင်း သတိရသဖြင့် ရယ်ရယ်မောမောဖြင့် မှတ်မှတ်ရရ ဝင်ဆပ်သွားကြသည်။

သည်ဆိုင်ကလေးကို ရိုစ်မာရီဟု ဘာ့ကြောင့်ခေါ်မှန်း ယခုအထိ သူ မသိ။ စစ်မဖြစ်ခင်ကတည်းက ရှိခဲ့သည်ဟုသာ သူသိသည်။ စစ်မဖြစ်မီ က တက္ကသိုလ်တွင် "အို... ရိုစ်မာရီ" သီချင်း ခေတ်စားခဲ့သည်။ ထို သီချင်းကို အမှီပြု၍ ကျောင်းသားတွေက ရိုစ်မာရီဟု အမည်ပေးခဲ့ခြင်း ဖြစ်သည်ဟု သူဦးလေးတစ်ယောက်က ပြောဖူးသည်။ ဟုတ်သည်။ အို... ရိုစ်မာရီ။ ချစ်သူတွေ ချိန်းတွေ့နေကျ ရိုစ်မာရီ။

ရိုစ်မာရီ ဆိုင်နေရာနား ရောက်လျှင် ဒေါက်တာ လှဲ့ဝင်းရှည် ရပ် သည်။ ထိုစဉ်ကမူ ဘင်တန်ဆောင်ရှေ့က လမ်းနှစ်လမ်းသည် အကျယ်ကြီး။ ထိုလမ်းနှစ်လမ်းကြားက မြက်ခင်းပြင်သည်လည်း အကျယ်ကြီး။ ယုဒသန် ဘုရားရှိခိုးကျောင်း မျှော်စင်ကြီးကလည်း အမြင့်ကြီး။ ယခုမူ ထိုအရာများ သည် ဒေါက်တာလှဲ့ဝင်းရှည်၏စိတ်ထဲတွင် သေးငယ်သွားသည်ဟု ထင်မိ၏။

သည်မြက်ခင်းပြင် ညစာစားပွဲကို သူမမေ့။ သည်တုန်းက သူနှင့် ကိုယ်ခင်မောင်ထွေးတို့က ချစ်စ၊ ခင်မ။ ကိုခင်မောင်ထွေးသည် သူ့အချစ်ဦး။ ဆံပင်ညိုလှဲ့လှဲ့၊ မျက်ခုံးမွေးစိမ်းစိမ်း၊ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ပြုံး၍ စကားပြောလျှင် သူ့နှုတ်ခမ်းတွေက ချစ်စရာ၊ စွဲမက်စရာ။ တက္ကသိုလ်မှာ ကိုခင်မောင်ထွေးလို ချစ်သူတစ်ယောက်နှင့် လမ်းလျှောက်လျှင် လူတွေ ကြည့်၍မဆုံး။

ထိုနှစ်က ဘင်တန်ကျောင်းဆောင် နှစ်လယ်ညစာစားပွဲကို မြက်ခင်း ပြင်မှာ ကျင်းပသည်။ မြက်ခင်းကြီးပတ်ပတ်လည်တွင် မီးရောင်စုံတွေ ကြိုးသွယ်တန်းထားပြီး အလယ်တွင် စားပွဲတွေချထားသည်။ ပြည်လမ်းကို ကျောပေး၍ အငြိမ့်စင်ကြီးထိုးထား၏။ သည်တုန်းက သူနှင့် သူ့သူငယ်ချင်း ဝင်နီက တစ်စားပွဲယူသည်။ သူက သူ့ချစ်သူ ကိုခင်မောင်ထွေးနှင့် အဖော် တစ်ယောက်ကို ဖိတ်သည်။ ဝင်နီက ထိုစဉ်က သူ့တတိယမြောက်ရည်းစားကို

ဖိတ်သည်။ ဝင်နီနှင့် ကိုခင်မောင်ထွေးတို့ ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင် စကားပြောဖူးကြခြင်း ဖြစ်၏။

သူက မိတ်ဆက်ပေးသည့်အခါတွင် ခေတ်ဆန်၍ နှုတ်သွက် လျှာသွက် ဖြစ်သည့် ဝင်နီက သူ့လက်ကို ကမ်းပေးရင်း ကိုခင်မောင်ထွေးကို လက်ဆွဲနှုတ်ဆက်၏။

ထမင်းစားကြသည့်အခါ အငြိမ့်ကြည့်ကြသည့် အခါတွင်လည်း ဝင်နီသည် သူ့အဆက်နှင့်လည်း စကားတွေ အမျှင်မပြတ်ပြော၏။ သူ့ကို ကျော်၍ ကိုခင်မောင်ထွေးနှင့်လည်း စကားတွေ လှမ်းပြောလိုက်သေးသည်။ သူကမူ အနားတွင် လူတွေဝိုင်းဝိုင်းလည်နေသဖြင့် ကိုခင်မောင်ထွေးကို စကားပင် ဟာဟာမပြောရဲ။ အင်း၊ ဟင့်အင်း လောက်နှင့်သာ ကိစ္စပြီးရသည်။ ဝင်နီက သူ့အဆက်ပခုံးတွင် ခေါင်းမှီ၍ အငြိမ့်ကြည့်နေရာက သူနှင့် မျက်နှာချင်း အဆုံတွင် မျက်စိတစ်ဖက်မှိတ်၍ လျှာထုတ်ပြလိုက်သည်။ သူ့လိုနေဟု ဆိုလိုသည့်အဓိပ္ပာယ်။ သို့ရာတွင် သူ မနေရဲ။ ကွယ်ရာနှစ်ယောက်ချင်း တွေ့လျှင် သည်လိုနေရဲကောင်း နေရဲမည်။ နွဲ့ကောင်းနွဲ့မိမည်။ သို့ရာတွင် အငြိမ့်စင်ရှေ့ လူတွေကြားထဲတွင်မူ သူ မလုပ်ရဲ။

ကိုခင်မောင်ထွေးကလည်း ဣန္ဒြေရသည်။ ဝင်နီတို့အတွဲကို လှမ်းကြည့်ပြီး သူ့ကိုပြုံးပြကာ အငြိမ့်ကို ဆက်ကြည့်နေသည်။ နောက်ထပ် သူတို့ဘက်သို့ မလှည့်တော့။

အငြိမ့်ပြီးလျှင် ထိုစဉ်က ခေတ်စားသော "ကုလားထိုင်လုပွဲ" လုပ်သည်။ ကုလားထိုင်တွေ စီချထားပြီး ရှိသမျှဦးရေထက် တစ်လုံးလျှော့ထားသည်။ ဝင်နီလုရသည့် အလှည့်တွင် ကိုခင်မောင်ထွေးနှင့် ယှဉ်အလု ကိုခင်မောင်ထွေးက အရင်ထိုင်သည်။ ဝင်နီကလည်း ဇွတ်ဝင်ထိုင်သည်။ ကိုခင်မောင်ထွေး ပေါင်ပေါ်တွင် ဝင်နီ ထိုင်လျက်သား။

အငြိမ့်ပြီး၍ အခန်းသို့ ပြန်ရောက်သည့်အခါတွင် ဝင်နီက အပေါ်က ဝတ်လာသည့် ထဘီကို ချွတ်ချလိုက်ကာ ခြေထောက်ဖြင့် ခုတင်ပေါ်သို့ ကန်တင်လိုက်ရင်း-

"ယူ့ငနဲက ချောသား၊ ကိုယ်တောင် စိတ်ပါလာပြီ၊ ဟဲဟဲ"ဟု ဆိုကာ လျှာထုတ်ပြ၏။ သူက စိတ်ဆိုးဆိုးဖြင့် ဝင်နီကျောကို လိုက်ထုသည်။

ဝင်နီက အောက်မှ ပိတ်စကတ်လုံချည်ကလေးဖြင့် အပြင်ထွက်ပြေးပြီး ''ဟောဒီမှာဗျို့၊ သူ့ရည်းစားကို လုလို့တဲ့၊ လှဲဝင်းရည်တစ်ယောက် ဝင်နီကို လိုက်လုပ်နေတယ်၊ လာကြပါဦး''ဟု အော်သည်။ အခန်းနားနီးချင်း တစ်ယောက်က ကိုခင်မောင်ထွေးဂိုက် ဖမ်းပြကာ ''ဝင်နီရယ်'' ဟု ဆို၍ ဖက်နမ်းသည်။ ဝင်နီက ''ကိုထွေး''ဟု ဆိုကာ သူ့ကို ပြန်နမ်း၏။ ဩော်··· ငယ်ငယ်ကတော့ ပျော်လိုက်ကြသည့် ဖြစ်ခြင်း။

နောက်တစ်နှစ်တွင် ဖေဖေဆုံး၍ သူ ကျောင်းမှ တစ်နှစ်နားရသည်။ နားသည်ဆိုသည်မှာ ကျောင်းသို့မလာတော့ဘဲ အပြင်မှဖြေခြင်း ဖြစ်၏။ ဖေဖေ ဆုံးသည့်အခါတွင် သူ့အောက်က မောင်လေး၊ ညီမလေးတွေအတွက် ကျောင်းစရိတ်၊ ဝတ်စရိတ်၊ စားစရိတ်တို့သည် သူ့ပခုံးပေါ်သို့ ရောက်လာ၏။ သည်တွင် သူသည် သူတို့မြို့ကကျောင်းမှာ အထက်တန်းပြဆရာ တစ်နှစ် ဝင်လုပ်ရသည်။ ထိုစဉ်ကမူ ဥပစာတန်းအောင်လျှင် အထက်တန်းပြဆရာ လုပ်နိုင်သည်ကိုး။ အထက်တန်းပြဆရာလုပ်စဉ် ကိုခင်မောင်ထွေးနှင့် စာ အဆက်အသွယ် အမြဲရှိသော်လည်း နောက်ပိုင်းတွင် ကိုခင်မောင်ထွေးထံက စာ အလာကျဲသွားသည်။ သူက သုံးလေးစောင်ရေးမှ တစ်စောင်လောက် ပြန်တော့သည်။ စာတွေများလို့ အဆောင်သဟာယအသင်း အလုပ်တွေများ လို့ ဗုဒ္ဓဘာသာအသင်းအလုပ်တွေများလို့ဟု သူ့စာထဲတွင် အကြောင်းပြချက် တွေပါလာသည်။ နှစ်ကုန်ခါနီးတွင် ''လှဲဝင်းရေ၊ တစ်နှစ်လုံး စာတွေပစ် ထားခဲ့တာ ခုမှ ကုန်းကျက်နေရတယ်။ ဆိုက်ကိုက ပရက်တီကယ်တွေလည်း လုပ်နေရတယ်။ စာမေးပွဲပြီးမှပဲ ရေးတော့မယ်''ဟူသည့်စာကို နောက်ဆုံးရ သည်။ ထိုနောက်တွင် ကိုခင်မောင်ထွေးထံမှ ပြန်စာတစ်စောင်မျှ မရတော့။

ထိုနှစ်က လှဲဝင်းရည် စာမေးပွဲကျသည်။ ကိုခင်မောင်ထွေးနှင့် ဝင်နီတို့ကမူ အောင်သွားကြ၏။ မေမေက ''ငါ့သမီးကြီး ကျောင်းစာတွေ သိပ်မကျက်နိုင်လို့ ကျရတာ၊ လာမယ့်နှစ်တော့ ကျောင်းပြန်တက်၊ အလုပ်က ထွက်လိုက်တော့ မေမေတို့က ဖြစ်သလိုနေတတ်ပါတယ်။ သမီးအကြီးဆုံးမို့ ပညာရေး အပျက်မခံနိုင်ဘူး''ဟု ဆိုကာ ကျောင်းသို့ ပြန်ပို့သည်။ သူ့အောက် မောင်ငယ်ကလည်း မမ ကျောင်းပြန်နေ၊ ကျွန်တော် စီးပွားရေးလုပ်မယ်၊

ဈေးထဲက ကိုမောင်တင်တို့က စီးပွားရေးလုပ်ချင်ရင် လာခဲ့တဲ့ဟု ဆိုသဖြင့် နောက်တစ်နှစ်တွင် သူ ကျောင်းပြန်တက်ဖြစ်သည်။

နေရာရသဖြင့် အင်းလျားဆောင်တွင် နေဖြစ်၏။ ဝင်နီနှင့်လည်း သိပ်မတွေ့တော့။ သူက နေ့ကျောင်းသူ ဖြစ်သွားသည်။ ကိုခင်မောင်ထွေး ကလည်း နဂိုက နေ့ကျောင်းသား။ သူတို့နှစ်ယောက်သည် ဘာလိုလိုနှင့် အနေဝေးကာ အေးစက်သွားကြသည်။ သူကလည်း သူ့အပူနှင့်သူ။ အိမ် သံယောဇဉ်ကြောင့် စာကိုသာ ဖိကြိုးစားသည်။

"ဟေ့… လှဲ့ဝင်း၊ မင့်အဆက် ကိုခင်မောင်ထွေးက ဝင်နီနဲ့ တွဲလို့ ပါလားကွ၊ ဂလုပ်ရုံဒီစီမှာ တွေ့ခဲ့တယ်၊ အံမယ် အကြည်ဆိုက်လို့ဆရာ"

သူငယ်ချင်းတွေက ပြောကြသည်။

"မိလှဲ့ အခန်းထဲချည်း ဒီလောက်အောင်းမနေနဲ့နော်၊ တော်တော်ကြာ ရင် ကျန်ရစ်ဖြစ်နေဦးမယ်" ဟု ဆိုသူက ဆိုကြသည်။

အစတွင် သူတို့စကားကို သူ အမှတ်မထား။ သို့ရာတွင် ပြောဖန်များ လာသည့်အခါတွင် သူ သံသယဖြစ်လာသည်။ သည်ကိစ္စကို ကိုခင်မောင် ထွေးနှင့် တွေ့ပြီးရှင်းရမည်။ သူက လမ်းခွဲသည်ဆိုလျှင်လည်း ဘာမျှမတတ် နိုင်တော့။

ဝင်နီကိုမူ သူ စိတ်ဆိုးသည်။ စင်စစ် သူနှင့်ပတ်သက်ပြီး ဝင်နီသည် ကိုခင်မောင်ထွေးနှင့် ရင်းနှီးသွားခြင်း ဖြစ်သည်။ သူ့မျက်နှာကိုတော့ ထောက် ဖို့ ကောင်းသည်။ ဝင်နီသည် ရည်းစားကို တစ်နှစ်တစ်ယောက် မှန်မှန် ထားလေသလော မသိ။ ကိုခင်မောင်ထွေးကို စိတ်ဆိုးသည်ထက် ဝင်နီကို သူ ပို၍စိတ်ဆိုးသည်။ အစတုန်းကမူ အပြောင်အပြက် ပြောသည်ဟု ထင်မိ သည်။ သို့ရာတွင် သူမရှိသည့် တစ်နှစ်အတွင်း၌ ဝင်နီနှင့် ကိုခင်မောင်ထွေး တို့၏ ဆက်ဆံရေးသည် ပြောင်းလဲသွားခဲ့ပြီ။

ကိုခင်မောင်ထွေးနှင့်တွေ့၍ မေးသော်လည်း သူ့အဖြေက မရေမရာ။ ဝင်နီအကြောင်းကို လှဲ့ဝင်းလည်း သိသားပဲ။ သူက ဒီလိုပဲ ယောကျ်ားလေး တွေနဲ့ ရင်းရင်းနှီးနှီးနေတတ်တာဟု ကိုခင်မောင်ထွေးက မတင်မကျ ဖြေ သည်။ သူ့စကားက ဘာအဖြေမှ မထွက်။

မှတ်မှတ်ရရ ထိုနေ့က ရန်ကုန်မှာ မိုးစရွာသောနေ့။ ပြည်လမ်းမပေါ်

စိန်ပန်းတွေ၊ ပျဉ်းမတွေ ပွင့်ကြပြီ။ ကတ္တရာလမ်းပေါ်တွင် စိန်ပန်းကြွေတို့ ရဲလျက်။ တစ်ခါတစ်ရံတွင် စိန်ပန်းပွင့်ဖတ်ကလေးများသည် မိုးရေထဲတွင် မျောပါသွားကြသည်။

ရိုစ်မာရီသို့ သူ ဝင်သည်။ မြို့ထဲမှအပြန် စံရိပ်ငြိမ်မှဖြတ်ပြီး အဆောင်သို့ အလာတွင် မိုးမိသဖြင့် ရိုစ်မာရီသို့ ဝင်ခြင်းဖြစ်၏။ မိုးအုံ့နေသဖြင့် ဆိုင်ထဲက စားပွဲ သုံးလေးလုံးတွင် အတွဲနှစ်တွဲ သုံးတွဲ ထိုင်နေသည်ကို ခပ်ဝါးဝါး မြင်လိုက်ရ၏။ ဘယ်သူတွေမှန်း မသိ။ ဆာသဖြင့် လက်ဖက်ရည်နှင့် ဘယာကြော် မှာသည်။ ရိုစ်မာရီကို မရောက်သည်မှာ ကြာပြီ။ ထိုစဉ် မိုးရေထဲတွင် ထီးတစ်စင်းတည်း ဆောင်းလာသည့်အတွဲ တစ်တွဲကို သူ မြင်ရသည်။ ကိုခင်မောင်ထွေးနှင့် ဝင်နီ။ ကိုခင်မောင်ထွေးက ဝင်နီပခုံးကို ဖက်လျက်။ ဝင်နီက ကိုခင် မောင်ထွေး ခါးကိုဖက်လျက်။ သူ့ခေါင်းက ကိုခင်မောင်ထွေးပခုံးကို တစ်ချက်တစ်ချက် မှီလိုက်သေးသည်။ နှစ်ယောက်သား ရယ်မောလျက်။ ပြီလျက်၊ တီလျက်။

သူတို့နှစ်ယောက်ကို ကြည့်ပြီး သူ မျက်နှာတွေ နီရဲလာသည်။ ရင်တွေ ခုန်လာသည်။ အသက်ရှူမြန်လာသည်။

ကိုခင်မောင်ထွေးနှင့် ဝင်နီတို့က ဆိုင်နားရောက်ခါနီးမှ ပခုံးသိုင်းထားသည့်လက်၊ ခါးကို ဖက်ထားသည့် လက်တို့ကိုဖြုတ်လိုက်ကာ ဣန္ဒြေဆည်၍ ဝင်လာကြသည်။ ထီးပိတ်ပြီး ဆိုင်ထဲအဝင် ဆိုင်ဝတွင် ဖြန့်းခနဲမတ်တတ် ရပ်လိုက်သော သူ့ကို မြင်သည့်အခါတွင် ဝင်နီက ''ဟင်''ဟု အာမေဋိတ်သံ ပြုသည်။ ကိုခင်မောင်ထွေးက ''လှဲ့ဝင်းပါလား''ဟု အေးစက်စက်ဖြင့် ပြောသည်။

သူ ဘာမှမပြောနိုင်။

''နင် တော်တော်သစ္စာမဲ့တယ်''

သူ့လက်ဝါးနုနုသည် ဝင်နီ၏ပါးနုနုပေါ်သို့ ရောက်သွား၏။ ဝင်နီ၏ ဖြူဖွေးသော ပါးပေါ်တွင် လက်ချောင်းရာ ရဲရဲထင်နေသည်။ ဝင်နီသည် မျက်နှာကိုအုပ်၍ ငိုလိုက်၏။ ကိုခင်မောင်ထွေး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ သည်နောက် သူ ဘာမျှမမှတ်မိတော့။

ထီးမပါ ဘာမပါနှင့် မိုးရေထဲသို့ ထွက်လာခဲ့သည်။ သူ့တစ်ကိုယ်လုံး မိုးရေတွေ ရွှဲနေပြီ။ မိုးက သဲသဲမဲမဲရွာလျက်။ မြေကြီးပေါ်တွင် ကြွေကျနေ

သော စိန်ပန်းပွင့်ကလေးများကို စိတ်ဆိုးဆိုးဖြင့် နင်းချေပစ်ခဲ့သည်။ ဘယ်လို က ဘယ်လို အဆောင်သို့ ပြန်ရောက်လာသည်ကိုပင် သူ မမှတ်မိတော့။

* * *

ဒေါက်တာ လှဲ့ဝင်းရည်သည် ရိုစ်မာရီ ဆိုင်ကလေးနေရာကို လှမ်းကြည့်သည်။ ကျောက်ပြားစကြံပေါ်တွင် ရပ်ရင်း ရိုစ်မာရီကို လွမ်းနေသည်။

''ဆရာမ မှတ်တိုင်က ဟိုဘက်မှာ''ဟု ကျောင်းသားတချို့က လှမ်းပြောသွားသည်။ သူ ရောယောင်၍ ခေါင်းညိတ်ပြ၏။

''မမ ဘယ်သွားမလို့လဲ၊ လမ်းလျှောက်လား''ဟု ကျောင်းသူလား၊ ကျူတာပေါက်စလား မသိသောကောင်မလေး တစ်သိုက်က နှုတ်ဆက်သွား၏။ သူတို့ကိုလည်း ရောယောင်၍ သူ ခေါင်းညိတ်ပြသည်။

မမတဲ့။ နားဝင်ချိုသလိုလို။ ကျေနပ်သလိုလို။

သို့ရာတွင် သူသည် သူတို့တစ်တွေက မမခေါ်ရမည့်အရွယ် မဟုတ်တော့ပြီ။ တကယ်ဆိုလျှင် အန်တီဟု အခေါ်ခံရမည့်အရွယ်။ ကလေးငယ်များကဆိုလျှင် ဘွားဘွားဟုပင် ခေါ်ရမည့်အရွယ်။ သူနှင့်ရွယ်တူများတွင် မြေးတွေပင် ရနေကြပြီ မဟုတ်လော။

သူ့အသက်သည် ငါးဆယ် သီသီစွန်းလေပြီ။ သူနှင့် ကိုခင်မောင်ထွေးတို့ ဝင်နီတို့နှင့် ရိုစ်မာရီတွင် နောက်ဆုံးလမ်းခွဲခဲ့သည့် ကာလပင်လျှင် ၃၅ နှစ်တင်းတင်း ပြည့်ခဲ့ပါပကော။

ကိုခင်မောင်ထွေးနှင့် ဝင်နီတို့တွင်ပင်လျှင် မြေးတွေရကုန်ပြီ။ အချိန်ရယ် ပျံနိုင်ရန်ကော။

သူကကော။

သူလည်း ဆံပင်တို့တွင် ငွေရောင်စွန်းစပြုပြီ။ ငွေရောင်လှသည့် ဆံပင်ကို မနည်းဖုံးရ၏။ စကားဝါပန်းကိုင်းလို ညွတ်ပျောင်းဝင်းဝါသော လက်မောင်းသားတို့သည် တွဲကျစပြုပြီ။ သွယ်ဝန်းသော ပန်းသီးပုံ မေးဖျားအောက်တွင် အရေတို့တွဲကျကာ အစ်စပြုပြီ။ ယုဒသန်မျှော်စင်လို ကြော့ရှင်းသော လည်တိုင်သည် တုတ်တိုစပြုပြီ။ ကနုတ်ပန်းတိမ်တစ်လိပ်လို သွယ်နွဲ့

သော ခါးသည် တုတ်ခိုင်စပြုပြီ။ ဆင်စွယ်နုနုလို လုံးဝန်းနုမွတ်သည့် ပေါင်တံများသည် အိတွဲစပြုပြီ။

သူ့မျက်နှာပေါ်တွင် ဥယျာဉ်တစ်ခုရှိသည်ဟု ကိုခင်မောင်ထွေးက အင်္ဂလိပ်ကဗျာကလေး တစ်ပုဒ်ကို ကိုးကားကာ တင်စားခဲ့ဖူး၏။ နှုတ်ခမ်းမှာ နှင်းဆီ၊ ပါးမှာ ချယ်ရီ၊ နှာတံက ပေါ်ပီ၊ မျက်လုံးက ဒေဇီ။

ယခု ထိုဥယျာဉ်မရှိတော့။ ပေါင်းမြက်ခြောက် သဃောင်းတို့ ဖုံးစပြုပြီ။

လွန်ခဲ့သော သုံးဆယ့်ငါးနှစ်ကျော်က ကိုခင်မောင်ထွေး၊ ဝင်နီတို့နှင့် သူ လမ်းခွဲခဲ့သည်။ သည်တုန်းက စိတ်ဆိုးဆိုးဖြင့် ဝင်နီ ပါးပေါ်သို့ သူ့လက်ဝါး ပစ်တင်ခဲ့သည်။ မှားသလား၊ မှန်သလားမသိ။ ရည်းစားပူကိုး။ သည်ရည်းစားပူကြောင့် သူ အပျိုကြီးလုပ်ခဲ့သည်။ ရည်းစားပူသည် သူ့ဘဝလမ်းကြောင်းကို ပြောင်းသွားစေခဲ့၏။

ထို့နောက်တွင် သူသည် အနောက်နိုင်ငံ တက္ကသိုလ်တစ်ခုမှ ဘာသာရပ်တစ်ခုတွင် ပါရဂူဘွဲ့ယူကာ တစ်ကိုယ်တည်း နေသည်။ ချန်မာရီတွင် သူနှင့်ရွယ်တူ၊ သူ့ထက်ငယ်သူ၊ ဆရာမလေးများနှင့် နေဝင်ဆည်းဆာကို စောင့်သည်။ မနက်ခင်းတုန်းက ကိုခင်မောင်ထွေးနှင့် ဓာတ်လမ်းလည်း မှုန်ဝါးစပြုပြီ။ သူတို့နှင့်လည်း တစ်ခါမျှမတွေ့တော့။

"မမ၊ ဘာစောင့်နေတာလဲ"

ဆရာမလေးတစ်သိုက်က မေးတော့မှ သူ သတိရလာသည်။ ရိုစ်မာရီ အိပ်မက်၊ ရိုစ်မာရီ ခံစားချက်သည် ပြယ်သွားပြီ။ အို… ရိုစ်မာရီ။

* * *

ရှေ့သို့ သူ ဆက်လျှောက်သည်။

ပြည်လမ်းပေါ်တွင် ကားလေးများက တရှောရှောပြေးလျက်။ ကားကြီးများက တဝေါဝေါမြည်လျက်။ ရှေ့လမ်းခေါ် လမ်းတိုကလေးကို ကျော်လာခဲ့သည်။ စိန်ပန်းပင်ကြီးတွေက အရွက်တွေစိမ်းဆဲ၊ ဗာဒံပင်တချို့ကမူ အရွက်လဲကြသည်။ နီရွှေရွှေဗာဒံရွက်တို့က လမ်းပေါ်တွင် ပြေးလွှားလျက်။

"ရည်းစားလေးကိုခေါ်ပြီး ဦးချစ်ဆိုင်ကို သွားကြမယ်"

ကိုင်ဇာ သီချင်းသံကို ကြားရသည်။ ဩော်… ဟုတ်ပေသားပဲ။ သည်နေ့မနက် သူ ဘာမှမစားရသေး။ ချန်မာရီမှာဆိုလျှင် သူနှင့် အခန်းနား နီးချင်း နေသည့် ကျူတာမလေးနှင့်အတူ ကော်ဖီဖျော်သောက်ကြသည်။ ပုလဲမုန့်ကြွပ်ကို စိန်တံဆိပ်ထောပတ် ပါးပါးသုတ်၍ စားကြသည်။ တစ်ခါ တလေတွင်လည်း "ခေမာရတ်"မှာ ရှမ်းခေါက်ဆွဲ သွားစားသည်။ သို့ မဟုတ်လျှင်လည်း ဘုတ်ကလပ်ထဲက ဘူးသီးကြော်ဝယ်စားသည်။ သည်နေ့ မနက် ဘာမှမစားရသေး။

ရိုစ်မာရီ ခံစားမှုပျောက်သွားကာ ဦးချစ်ဆိုင် ခံစားချက်ဝင်လာ၏။

အနောက်ဘက်ပေါက်မှ နေ၍ ဦးချစ်ဆိုင်သို့ ဝင်ခဲ့၏။ သစ်တိုပင်၊ မရန်းပင်၊ တောင်ပိန္နဲပင်နှင့် အခြား သူ အမျိုးအမည်မသိသော အပင်များ အောက်တွင် ဦးချစ်ဆိုင်သည် လှုပ်ရှားစည်ကားမြဲ။

လက်ဖက်ရည် ပို့သည့်ကောင်လေးများ၏ အသံက ပျော်စရာ။ ဝမ်း ကော်၊ တူးတီး၊ ဗယ်ဝမ်း၊ ညာတူး၊ တူးတီး ဝမ်းချိုဆိမ့်။ ဝမ်းချိုပေါ့ကျ။

ကောင်တာတွင် ထိုင်နေသည့် ဦးချစ်ကြီးကလည်း အော်လျက်။ ဒီဘက်ကို ပဲပလာတာနှစ်ပွဲချပေ့။

ဟိုတုန်းက ဦးချစ်ကြီးက အသားဖြူဖြူ၊ ပိန်ပိန်ပါးပါး၊ အရပ်ပုပု၊ ခု ဦးချစ်က ဝဝဖိုင့်ဖိုင့်၊ ဆံပင်တွေဖွေးလျက်။ ဦးချစ်ဆိုင် ဖွင့်စတုန်းက ရှော့လမ်းထိပ်မှာ။ ကော်ဖီကောင်းသဖြင့် ကော်ဖီသောက်ချင်လျှင် အင်းလျား တို့၊ ဘင်တန်တို့မှလာပြီး ကော်ဖီသောက်ခဲ့ကြရသည်။

သစ်ရိပ်အောက် စားပွဲဝိုင်းများတွင် ကျောင်းသားတွေ ဝိုင်းဖွဲ့လျက်။ လွယ်အိတ်ကို စလွယ်သိုင်းသူ၊ ဆံပင်ရှည်ထား၊ မရှည်တရှည်ထားသူ။

ခြံထောင့် သစ်ရိပ်ခပ်ကွယ်ကွယ်တွင် အတွဲနှစ်တွဲ ထိုင်လျက်။ တစ်နေရာတွင်ရှိ စားပွဲတစ်လုံးတွင်မူ ကောင်မလေးနှစ်ယောက် ထိုင်နေ သည်။ နှစ်ယောက်စလုံး ကိုယ်ဝန်ဆောင်တွေဝတ်သည့် အင်္ကျီရှည်မျိုးကို ဝတ်လျက်။ ဘာတဲ့၊ တချို့ကတော့ ဘာအင်္ကျီဆိုလည်း ကိုယ့်စီမံကိန်းနှင့် ကိုယ် ကြံတင်ဝတ်ထားသည့် အင်္ကျီတဲ့လေ။ ဒေါက်တာ လဲ့ဝင်းရည် ကြက်သီးထသွား၏။

သူတို့နှစ်ယောက်အနီးတွင် စားပွဲလွတ်တစ်လုံးတွေ့သဖြင့် ဒေါက်တာ လဲ့ဝင်းရည် ဝင်ထိုင်သည်။

"အန်တီကြီး၊ ဘာသုံးဆောင်မလဲ ခင်ဗျာ"

ဒေါက်တာ လှဲ့ဝင်းရည် မျက်နှာတစ်ချက် တင်းသွားသည်။ အန်တီဆို တော်ရှော့ပေါ့။ ကြီးက ထည့်လိုက်ရသေးတယ်ဟု စိတ်ထဲမှ အပြစ်တင်သည်။ ခါတိုင်း ဆရာမတို့၊ မမတို့ ခေါ်သံတွေကိုချည်း ကြားခဲ့ရသဖြင့် သူ့ခေါ်သံသည် နားထဲတွင် ခါးနေသည်။

လက်ဖက်ရည်နှင့် မုန့် မှာလိုက်၏။ ခဏကြာမှ ကိုယ့်အသက်ကို သတိရသဖြင့် ပြုံးရသည်။ သူ ပြုံးနေစဉ် အနားတွင်ရှိသည့် ကောင်မလေး နှစ်ယောက်၏ စကားကြောင့် ဒေါက်တာ လှဲ့ဝင်းရည်၏ မျက်နှာသည် တည်သွား၏။ သူ မသိမသာ နားစွင့်သည်။

"တို့အမျိုးသားက နင့်ကို ကြိုက်တယ်လို့ ပြောနေတယ်၊ ဘယ့်နှယ်လဲ"

ကောင်မလေးတစ်ယောက်၏ အသံ။

"တကယ်လား"

"တကယ်ပြောတာပေါ့၊ နင်ကကော ဘယ်လိုလဲ"

"တို့လည်း အဲဒီအမျိုးသားကို စိတ်ဝင်စားနေတာ၊ ကိုယ့်အမျိုးသားကတော့ ပုံမလာဘူး"

"တကယ်ပြောတာနော်၊ လွှဲပေးလိုက်မယ်"

"စိန်လိုက်"

သူတို့နှစ်ယောက်သည် ရယ်သံလွင်လွင့်ဖြင့် ရယ်လိုက်ကြ၏။ အပြောင်လော၊ အပြက်လော ဆိုသည်ကို ဒေါက်တာ လှဲ့ဝင်းရည် မသိ။

ရိုစ်မာရီတွင် လမ်းခွဲခဲ့ကြတုန်းက ဝင်နီ၏ပါးပြင်နုနုပေါ်သို့ သူ လက်ဝါးတင်ခဲ့သည်မှာ မှားသလော၊ မှန်သလော။ သူတို့သည် သဘောထားကြီးသူလော၊ မိမိသည်ပင် သေးနုပ်သူလော ဆိုသည်ကို သူ မဝေခွဲနိုင်။

"ရည်းစားလေးကိုခေါ်ပြီး ဦးချစ်ဆိုင်ကို သွားကြမယ်" တေးသံပေါ်လာ၏။

ချလာသော လက်ဖက်ရည်နှင့် မုန့်ကို ခပ်မြန်မြန်စားသောက်၍ ခပ်မြန်မြန် ငွေချေပြီးနောက် သူ ထိုင်ရာမှ ထသည်။

စန္ဒာ ရုပ်စုံမဂ္ဂဇင်း
ဒီဇင်ဘာလ၊ ၁၉၈၅။

# မိဂျက်စီ

**မြသန်း**

မိဂျက်စီသည် ဆံပင် ပိုနီတေးနှင့် ခြေသလုံးကလေး အဖွေးသား ပေါ်အောင် ထဘီတိုတိုကိုဝတ်ထားသော ကောင်မကလေးချောချော၏အမည် မဟုတ်ပါ။ အဖြူရောင်နှင့် အနက်ကွက်ကိုယ်လုံး၊ နားရွက်ကုပ်ကုပ်နှင့် လှပသောခွေးမကလေး တစ်ကောင်၏ အမည်မျှသာ ဖြစ်ပါ၏။

ကျွန်တော်တို့ ကိုကိုးကျွန်းမှ ပြန်ရောက်ပြီး အင်းစိန်ထောင်ကြီးတိုက် အတွင်းမှာ မိဂျက်စီကို တွေ့ရခြင်းဖြစ်၏။ ကျွန်တော်တို့ကို ကိုကိုးကျွန်း မပို့မီတုန်းက သည်ကြိုးတိုက်တွင်းမှာပင် နေခဲ့ကြရ၏။ သည်တုန်းက မိဂျက်စီ မရှိသေးပေ။ ကိုကိုးကျွန်းတွင် ရှစ်လကျော် ကိုးလခန့် နေပြီးမှ ပြန်ရောက်လာသည့် အခါတွင်မူကား မိဂျက်စီသည် အပျိုကြီးဖားဖား ဖြစ်နေ လေပြီ။ ကျွန်တော်က ပြန်ရောက်စတွင် မိဂျက်စီကို မျက်မုန်းကျိုးနေလေ သည်။ မိဂျက်စီသည် နံနက် ကော်ဖီသောက်ချိန် ရောက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်တို့ ကြိုးတိုက်ထဲသို့ ရောက်လာတတ်၏။ ကျွန်တော်တို့က ပေါင်မုန့် ကို ထောင်ကပေးသော အာဖရိကယိုနှင့် သုတ်စားနေစဉ် မိဂျက်စီသည် အမြီးလေးနှံ့ကာ ခေါင်းလည်တမော့မော့ဖြင့် ပေါင်မုန့်ကို မျှော်ကြည့်နေတတ် ၏။ ကျွန်တော်က သူ့ကို ဂရုမစိုက်သလို ခပ်တည်တည်နေ၍ တစ်ချက် လောက် ငေါက်လွှတ်လိုက်လျှင် လစ်ခနဲထပြေးကာ တခြားလူတစ်ယောက်

အနားသို့ကပ်၍ မျှော်တတ်ပြန်၏။ ကျွန်တော်က သည်လို နန့်တန့်တန့်ခွေး များကို အင်မတန်မုန်းလေသည်။ မိဂျက်စီသည် ကျွန်တော်တို့ စားသောက် နေတုန်းသာ မဟုတ်၊ ဝိုင်းဖွဲ့၍ စကားစမြည်ပြောနေကြလျှင်လည်း လူကြား ထဲသို့ တိုးဝှေ့ ဝင်လာတတ်၏။ စာဖတ်နေစဉ်တွင်လည်း အနားတွင်လာ၍ ရစ်သီရစ်သီ လုပ်နေတတ်လေသည်။ ကြာသော် ကျွန်တော် သည်းမခံနိုင် တော့ဘဲ "တယ် ဒီကောင်မဟာ နန့်တန့်တန့်နဲ့..."ဟု ဆို၍ ဘေးကို တစ်ချက်လောက် ပိတ်ကန်ပြီး လွှတ်လိုက်ပါသည်။

မိဂျက်စီသည် 'ဂိန်... ဂိန်...'ဟုအော်ကာ ကျွန်တော့်ကြိုးတိုက်ခန်းမှ ထွက်သွားလေသည်။ မိဂျက်စီအော်သံ ကြားလျှင် နေမထိထိုင်မထိ ဖြစ်သူ ကား ဖိုးသာဘေးတည်း။ ဖိုးသာဘေးသည် လူလေး ငယ်ငယ်ရွယ်ရွယ်နှင့် အပျိုကြီးများ ခွေးကလေး ကြောင်ကလေးများကို ချစ်တတ်သလို မိဂျက်စီကို တယုတယ ချစ်လေသည်။ ဂိန်ခနဲ မိဂျက်စီ၏အော်သံကို ကြားသည်နှင့် ဖိုးသာဘေးသည် ရောက်ရာအရပ်မှ ပြေးလာပြီး...

"ကျွန်တော့် ဂျက်စီကို မလုပ်ပါနဲ့ဗျ၊ ခင်ဗျားတို့ကို ဘာလုပ်လို့ လဲ..."ဟု ရန်ထောင်တတ်သည်။

"မောင်ရင့်ကောင်မက နန့်တန့်တန့်။ အစားလည်း ကောင်းကောင်း မစားရ။ စာလည်း ကောင်းကောင်းမဖတ်ရ။ စကားလည်း ကောင်းကောင်း မပြောရ။ ဝင်ရှုပ်နေတာကိုး။ နောက် ဒီလို အကန်မခံစေချင်ရင် သေသေ ချာချာခေါ်ပြီး မောင်ရင့်အိပ်ရာဘေးမှာ ခေါ်ပြီးသိပ်ထား။ ကိုယ်ကတော့ ကိုယ့်အနားလာရှုပ်နေရင် ကန်လွှတ်လိုက်မှာပဲ"

ဖိုးသာဘေးသည် ဘာမျှမပြောတော့ဘဲ မိဂျက်စီကိုပွေ့ကာ ကျော သပ် ရင်သပ်လုပ်၍ ပါးစပ်က တွတ်တီးတွတ်တာပြောကာ ချော့နေပါသည်။

မိဂျက်စီ ငြိမ်ငြိမ်နေပါလို့ ငါပြောထားတယ်မဟုတ်လား။ ညည်းကို က ကောင်းကောင်း နားမထောင်ဘဲကိုး။ ဒီလူကြီးတွေအနား မသွားနဲ့လို့ ငါပြောထားတယ် မဟုတ်လား။ နောက် ဒီလူကြီးတွေအနား မသွားနဲ့နော်။ ဒီလူကြီးတွေက အိမ်ကမိန်းမနဲ့ ခွဲနေရတာနဲ့ကို အလိုလိုစိတ်တိုနေတာအေ့။ စိတ်တိုတို့ရှိတိုင်း ညည်းကိုမဲပြီး ရိုက်မောင်း ပုတ်မောင်း လုပ်နေကြတာ သိလား။ မသွားနဲ့နော်။ ဆာရင် ငါ့ဆီလာခဲ့၊ ပျင်းရင်လည်း ငါ့ဆီ လာခဲ့နော်၊

ဟုတ်လား။ ငါပြောတာ နားထောင်မလား ပြောစမ်း။ ငါပြောတာ နားထောင်မယ်ဆိုရင် လက်နှစ်ဖက် မြှောက်၊ မြှောက်။ နိုး နိုး၊ တစ်ဖက်တည်းမဟုတ်ဘူး။ နှစ်ဖက်စလုံးမြှောက်၊ နှစ်ဖက်စလုံး မြှောက်စမ်း မိဂျက်စီ။

မိဂျက်စီက ဖင်ထိုင်ချ၍ ကိုယ်ကိုမတ်လိုက်ပြီး လက်နှစ်ဖက်ကို မြှောက်ထားပါသည်။ ခေါင်းကလေးမော့၍ နားရွက်ကလေးပေကာ မျက်လုံးကလယ် ကလယ်ဖြင့် ဖိုးသာဘေးကို ကြည့်နေပါသည်။

"ကြည့်စမ်း ကြည့်စမ်း၊ သာဘေးတို့က သူ့ကောင်မနဲ့ အကြည်ဆိုက်နေလိုက်တာ၊ ဒီကောင် ကျွန့်ရစ်ဖြစ်တိုင်း မိဂျက်စီကို ချော့နေဟန်တူတယ်"

"ဒါပေါ့ဗျ၊ ဟုတ်လား မိဂျက်စီ၊ ထောင်ထဲမှာ အလွမ်းဖြေစရာဆိုလို့ ညည်းပဲရှိတယ်၊ နော် ဟုတ်လား၊ မနက်လင်းလာလျှင် ငါ့ဆီလာခဲ့နော်၊ ညည်းဖို့ ပေါင်မုန့်လည်း ချန်ထားမယ်၊ ပြီးတော့ ကြက်ရိုးနဲ့လည်း ထမင်းကျွေးမယ်၊ ဒီလူကြီးတွေက ညည်းကို ဘာမှကျွေးတာမဟုတ်ဘူး၊ နောက်သူတို့ကို အရောမဝင်နဲ့ သိလား၊ လာ လာ ဂျက်စီ"

ဖိုးသာဘေးက ဂျက်စီ ဆိုသောအမည်ကို ဂျီစီဟု အမေရိကန်ဆန်ဆန် ကောင်မကလေးများ ခေါ်သလို အသံထွက်၍ခေါ်ပြီး ကြိုးတိုက်အပြင်ဘက် ပျဉ်ခင်း နေပူစာသို့ ထွက်သွား၏။ မိဂျက်စီသည် ဆောင့်ကြောင့်ထိုင်၍ လက်နှစ်ဖက်မြှောက် ထိုင်နေရာက ဖိုးသာဘေးနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားလေသည်။

ကျွန်တော်က သူတို့ထွက်သွား၍ စိတ်အေးလက်အေး စာကိုဆက်ဖတ်နေသည်။ သို့ရာတွင် ကျွန်တော့်အာရုံမှာ စာဆီသို့မရောက်ပါ။ ဖိုးသာဘေးနှင့် မိဂျက်စီတို့ ပလူးနေကြသည့်အသံကို ကြားနေရပါသည်။ ဖိုးသာဘေးနှင့် မိဂျက်စီသည် ညားခါစ လူပျိုပေါက်ကလေးနှင့် အပျိုပေါက်ကလေးလို မြက်ခင်းနေပူစာတွင် ပြေးတမ်း လိုက်တမ်း ကစားနေကြ၏။ သူတို့အသံများမှာ ဆူညံနေလေသည်။

မိဂျက်စီ၏အလုပ်မှာ နံနက်လင်းသည်နှင့် ကျွန်တော်တို့ရှိရာ ကြိုးတိုက် နံပါတ် ၂ သို့ ရောက်လာတတ်၏။ ကျွန်တော်တို့ထံတွင် ပေါင်မုန့်ယိုသုတ်ကို စား၏။ စားပြီးလျှင် ဖိုးသာဘေးနှင့် မြက်ခင်းပြင်တွင် ဆော့လေသည်။ တစ်နာရီလောက် ဖိုးသာဘေးနှင့် ဆော့၍ မောသည့်အခါကျမှ

ကျွန်တော်တို့ ကြိုးတိုက်ရှေ့က သရက်ပင်ခြေရင်းတွင် အိပ်တတ်သည်။ အိပ်ရာကနိုးလျှင် ကျွန်တော်တို့နှင့် နံရံတစ်ချပ်သာခြားသော နံပါတ် ၂ ကြိုးတိုက်မြောက်ဘက်ရှိ တိုက်ပိတ်ခံရသော အကျဉ်းသမားများထံ သွားလည်တတ်၏။ တိုက်ပိတ်ခံရသူများမှာ ထောင်ထဲတွင် ဆေးခြောက်ရှူသူ၊ ခိုးဝှက်သူ၊ ရန်ဖြစ်သူ၊ အလုပ်လုပ်ရန်ငြင်းဆန်သူ၊ ထောက်ဖောက်၍ ထွက်ပြေးရန် ကြံစည်သူ၊ သရက်သီးခူးသူ၊ သက်ဆိုင်ရာကို ခွင့်မတိုင်ဘဲ တစ်ဆောင်နှင့် တစ်ဆောင် ကူးသူ စသည့် ထောင်တွင်း ပြစ်မှုများဖြစ်၏။ မိဂျက်စီသည် သူတို့ထံသွား၍ လည်၏။ သူတို့ထံမရောက်လျှင် နံပါတ် ၃ ကြိုးတိုက်သို့ ပြန်လေသည်။ နံပါတ် ၃ ကြိုးတိုက်မှာ တစ်ခါတလေ မိဂျက်စီ ညအိပ်သောနေရာ ဖြစ်လေသည်။ နံပါတ် ၃ ကြိုးတိုက်တွင် ဓားပြမှု၊ လက်နက်မှုတို့ဖြင့် တစ်သက်တစ်ကျွန်းကျသူ နှစ်ကြီးသမားများ ဖော့ဦးထုပ်၊ အင်္ကျီပြာ၊ ဘောင်းဘီဖြူနှင့် ကင်းပတ်ဖိနပ်နှင့်တကွ တစ်လငါးကျပ် စားရသောအလုပ်၊ ဦးစီးချုပ်ခေါ် ကြိုးရိုက်တန်တော၊ အထူးတန်းအတွက် ထမင်းချက်သူများ နေကြ၏။ အထူးတန်းအတွက် ထမင်းချက်သော အကျဉ်းသားများ နေသောကြောင့်လည်း နံပါတ် ၃ ကြိုးတိုက်မှာ အစားအသောက် ပေါလေသည်။ ထို့ကြောင့် မိဂျက်စီသည် နံပါတ် ၃ ကြိုးတိုက်တွင် ပျော်ပိုက်ဟန် ရှိလေသည်။ နံပါတ် ၃ ကြိုးတိုက်တွင် ပုဒ်မ ၅ နှင့် ဖမ်းထားသော နာဂ သုံးယောက်လည်း ပါလေသည်။ နာဂများမှာ ၁၉၅၄ ခု လောက်က ဖမ်းထားသည်ထင်၏။ နေရှူးအစိုးရကို တော်လှန်ရာတွင် ပြည်ထောင်စုအစိုးရ၏ အကူအညီကိုတောင်းရန် နာဂတော်လှန်ရေးအဖွဲ့က စေလွှတ်လိုက်သူများ ဖြစ်၏။ ရန်ကုန်ရောက်တော့ သူတို့ကိုဖမ်း၍ ထောင်ထဲမှာ ထည့်ထားလိုက်ခြင်း ဖြစ်ပေသည်။ တစ်ယောက်ကား နာဂတော်လှန်ရေး အစိုးရတွင် ပြန်ကြားရေးအရာရှိ၊ တစ်ယောက်က ကျောင်းဆရာဟု ဆိုလေသည်။ နာဂသုံးယောက်ကား အားအားရှိလျှင် ခဲတံ နီပြာတစ်ချောင်းကို ကိုင်၍ စတိတ်စမင်းနှင့် နေရှင်းသတင်းစာကို ကျကျနနဖတ်လေသည်။ နေရှူးကိုကား ခါးခါးသီးသီး မုန်းသူများတည်း။ နေရှူးအား တိုက်ခိုက်ပုတ်ခတ်သည့် သတင်း၊ ဆောင်းပါး စသည်တို့ပါလာလျှင် သတင်းစာကို လက်မလွှတ်တော့ပေ။

သူတို့သုံးယောက်စလုံး ယခင်က ဦးစောနေသည့်အခန်းတွင် နေလေသည်။ သူတို့ အထူးတန်းရသည်မို့ သူတို့ထံတွင်လည်း အစားအသောက်ပေါလေသည်။ မိဂျက်စီသည် သူတို့ထံသို့လည်း အလည်သွားတတ်လေသည်။ တစ်ခါတစ်ရံတွင် သူတို့ထံမှာပင် နေ့လယ်နေ့ခင်း တရေးတမောအိပ်လေသည်။ သူတို့ထံမသွားလျှင် နံပါတ် ၄ ကြိုးတိုက်သို့ သွားလေသည်။ နံပါတ် ၄ ကြိုးတိုက်တွင် အသက်အရွယ်မပြည့်၍ အခြားအကျဉ်းသမားများနှင့်သတ်သတ်ခွဲထားသည့် သူငယ်များ ရှိ၏။ သူတို့အထဲတွင်လည်း ပြန်ပေးလက်ထောက်ချသူ၊ ဖောက်ထွင်း သူ၊ မီးရထား ခိုးစီးသူများ ရှိလေသည်။ မိန်းမလျာများကိုလည်း နံပါတ် ၄ ကြိုးတိုက်ထဲမှာ ထားလေသည်။ သူတို့ကိုတခြား အကျဉ်းသမားများနှင့် ရောနှောမထားရဲဘဲ သတ်သတ်ခွဲထားရလေသည်။ ဖော်ကောင်များကိုလည်း သည်မှာပင်ထား၏။ သူတို့နှင့် အမှုတွဲများကိုရောထားလျှင် ဝိုင်းရိုက်ကြမည့် ရန်ကြောင့် ဖော်ကောင်ကို သတ်သတ်ထားခြင်း ဖြစ်လေသည်။ မိဂျက်စီသည် နံပါတ် ၄ ကြိုးတိုက်တွင်လည်း နေတတ်လေသည်။ နံပါတ် ၄ ကြိုးတိုက်မှာ မိဂျက်စီ၏ အိုးအိမ်ဖြစ်၏။ မိဂျက်စီသည် အစာစားချိန်ကတော့သာ အစားအသောက်ပေါသည့် ကျွန်တော်တို့ နံပါတ် ၂ ကြိုးတိုက် နှင့် နံပါတ် ၃ ကြိုးတိုက်တွင်လာ၍ ညအိပ်သည့်အခါတွင်ကား နံပါတ် ၄ ကြိုးတိုက်မှာ သွား၍အိပ်သည်ချည်း ဖြစ်လေသည်။ တစ်ခါတစ်ရံတွင်လည်း မိဂျက်စီသည် နံပါတ် ၅ ကြိုးတိုက်ဘက်သို့ ကူးသွားတတ်သေး၏။ နံပါတ် ၅ ကြိုးတိုက်တွင်ကား ကြိုးမိန့်ကျပြီးသူများကို ထားလေသည်။ ကျွန်တော်တို့ရောက်စဉ်က နံပါတ် ၅ ကြိုးတိုက်တွင် ကြိုးမိန့်ကျပြီးသူ ၁၃ ယောက်ရှိ၏။ သူတို့မှာ ကျွန်တော်တို့လို မလွတ်လပ်ပေ။ ကြိုးတိုက်ထဲတွင် တစ်နေကုန်နေရပြီး တစ်နေ့ကို နာရီဝက်သာ လမ်းလျှောက်ခွင့် ပေးလေသည်။ ဘယ်သူနှင့်မျှလည်း မတွေ့ရပေ။ ထောင်ဝင်စာတွေ့လျှင်လည်း ဘူးဝသို့ ထွက်မတွေ့ရ။ ထောင်ဝင်စာလာသူကသူတို့နေရာ ကြိုးတိုက် အခန်းဝသို့ လာတွေ့ရလေသည်။ ကျဉ်းမြောင်းကျပ်တည်း၍ မည်းမှောင်နေသော ကြိုးတိုက်ခန်းကလေးထဲမှ သေမည့်ရက်ကို စောင့်မျှော်နေရသူများတည်း။ သူတို့ကြိုးတိုက်၏ နောက်ကျောဘက်အုတ်နံရံတစ်ခု ခြားထားသော ကွက်လပ်တွင် ကြိုးစင်ရှိလေသည်။ သူတို့မှာ

သေရမည့်သူများဖြစ်၍ ကျွန်တော်တို့လိုပင် အထူးတန်းရလေသည်။ အထူးတန်းရ၍ အစားအသောက်လည်း ပေါလေသည်။ အထူးတန်းတွင် (အမဲသတ်ခွင့် ရတုန်းကဆိုလျှင်) အမဲသား၊ ဝက်၊ ကြက်၊ ဆိတ်၊ ဘဲ၊ ငါးတို့ကို သူ့နေ့နှင့်သူ ရ၏။ အသားမှာ တစ်ယောက်ကို ရှစ်အောင်စစီ ရလေသည်။ ငါးဆိုလျှင် အရိုးကြောင့် ၁၀ အောင်စ ရလေသည်။ ဟင်းသီးဟင်းရွက်ကလည်း ထောင်ထဲစိုက်သည့် တောင်ယာမှ ဟင်းနုနွယ်၊ ရေကန်စွန်း၊ ဂေါ်ဖီထုပ်၊ ရုံးပတီ၊ ခန့်သလွန်၊ ဘူးသီး၊ အာလူး စသည်တို့ အစုံရလေသည်။ ကော်ဖီမှုန့်၊ ယို၊ ပေါင်မုန့်၊ သကြားတို့လည်း ရလိုက်သေးသည်။ အသုံးစရိတ်အတွက်လည်း တစ်နေ့ကို တစ်မတ်ရလေသည်။ အသုံးစရိတ် တစ်နေ့တစ်မတ်ရသည့် ပိုက်ဆံကို ၁၀ ရက် တစ်ခါ၊ ၁၅ ရက် တစ်ခါထုတ်ယူပြီး အပြင်သို့ လိုသည့်ပစ္စည်းကို မှာနိုင်သေးသည်။ ကျွန်တော်တို့ကား ကိုကိုးကျွန်း အကျဉ်းစခန်းနှင့်စာလျှင် အင်းစိန်ထောင်မှာ ကိုယ့်အိုးကိုယ့်အိမ်နှင့် နေရသလိုရှိလေသည်။ မိဂျက်စီသည် သည်လို အထူးတန်းရထားသောကြိုးမိန့်ကျပြီး အကျဉ်းသားများနေသည့် နံပါတ် ၅ ကြိုးတိုက်သို့လည်း ရောက်သွားတတ်သေး၏။

ညကျတော့မှ မိဂျက်စီသည် နံပါတ် ၃ ကြိုးတိုက်တွင် ပြန်၍အိပ်လေသည်။

* * *

မနေ့ညက ညဉ့်နက်မှ အိပ်ပျော်သွားသဖြင့် နံနက်နေမြင့်မှ နိုးလာလေသည်။ တန်းမပိတ်မီ ညနေ လေးနာရီခွဲကတည်းက ထမင်း စောစောစီးစီး စားထားရသဖြင့်လည်း အိပ်ရာဝင်ချိန်ရောက်တော့ ဗိုက်ထဲတွင် ဟာနေလေသည်။ တစ်ဖက်က ဗိုလ်တထောင် ကိုအုန်းမြင့်တို့အခန်းတွင် ရေနွေးအဆင်သင့်ရှိ၍ ကော်ဖီ အဖျော်ခိုင်းရသည်။ ကော်ဖီရှိသည်ကား မှန်၏။ သို့ရာတွင် သူသည် ကော်ဖီခွက်ကို သူ့အခန်းမှ ကျွန်တော့်အခန်းသို့ ရောက်အောင် ဘယ်လိုပို့ရမည်ဆိုသည့် ကိစ္စမှာ ပြဿနာကြီး ဖြစ်နေလေသည်။

ကျွန်တော့်အခန်းနှင့် ကိုအုန်းမြင့်အခန်းမှာ မျက်စောင်းထိုး ဖြစ်၏။ မျက်စောင်းထိုး ဆိုသော်လည်း တစ်ယောက်နှင့် တစ်ယောက် မမြင်ရပေ။

တံခါးပေါက်ကို တည့်တည့်မဖောက်ဘဲ လွှဲဖောက်ထားသဖြင့် လူချင်း မမြင်နိုင်။ ငါးမူးလုံးသံတိုင် တံခါးကြီးတွေကို အပြင်ဘက်က သော့ခတ် ထား၍လည်း ထွက်ယူလို့မဖြစ်။

"ကိုအုန်းမြင့် ကော်ဖီ ဘယ်လိုလုပ်ပေးမလဲဗျ"

"နေပါလေ၊ ကြံကြည့်သေးတာပေါ့၊ ခင်ဗျားမှာ ကြိုးရှိသလား"

"ရှိတယ်"

"ဒါဖြင့် အဲဒီကြိုးစတစ်ဖက်ကို ကျွန်တော့်ဆီ ပစ်လိုက်။ ကျွန်တော် နို့ဆီဗူးကို ခိုင်ခိုင်ချည်ပြီး နို့ဆီဗူးထဲ ထည့်ပေးလိုက်မယ်။ ခင်ဗျားက တစ်ဖက်ကနေပြီး ဖြည်းဖြည်းဆွဲ"

ကျွန်တော်က ကြိုးစကို ပစ်လိုက်၏။ ကိုအုန်းမြင့်က သူ့တံခါးသံတိုင် ကို ပတ်၍ ကြိုးကိုထုံးလိုက်သော် ကြိုးမှာ ကွင်းကြီးဖြစ်သွားလေသည်။ သည်ကြိုးကွင်း တစ်နေရာတွင် နို့ဆီဗူးကို ခါးလယ်မှဖြတ်၍ ချည်လိုက်ပြီး-

"ဟော့လူ၊ ဆွဲတော့ရပြီ၊ ဖြည်းဖြည်းဆွဲနော်"

ကျွန်တော်က တစ်ဖက်ကြိုးစကို ဆွဲယူရသည်။ ကိုအုန်းမြင့်ဘက်က ကြိုးစကို ကျွန်တော်က တဖြည်းဖြည်းသိမ်းယူရန် ကျွန်တော့်ဘက်က ကြိုးစ သည် ကိုအုန်းမြင့်ဘက်သို့ တဖြည်းဖြည်းရောက်သွားသည်။

"ဘယ့်နှယ်လဲ၊ ဖိတ်သေးသလား"

ကျွန်တော်က ကြိုးစကိုဆွဲသာနေရသော်လည်း နို့ဆီဘူးမှာ ကျွန်တော့် မြင်ကွင်းထဲသို့ ဝင်မလာသေး။ ကိုအုန်းမြင့် မြင်ကွင်းထဲမှာ ရှိသေး၏။ နို့ဆီဘူးဖင်နှင့် သမံတလင်း တိုက်ခတ်သံမှာ တိတ်ဆိတ်သော ညဥ့်အချိန် တွင် ဆူညံနေသည်ဟု ထင်ရ၏။

"မဖိတ်ဘူး မဖိတ်ဘူး ဆွဲ"

ကျွန်တော်က ကိုအုန်းမြင့်ဘက်က ကြိုးစကို ကျွန်တော့်ဘက်ရောက် လာအောင် တဖြည်းဖြည်းဆွဲနေရသည်။ ခဏကြာတော့မှ နို့ဆီခွက်သည် အုတ်နံရံအကွယ်မှ တဖြည်းဖြည်းထွက်လာကာ ကျွန်တော့်မြင်ကွင်းထဲသို့ ရောက် လာလေသည်။

"ကော်ဖီလေးတစ်ခွက် သောက်ရပါမယ့်အကြောင်း လုပ်လိုက်ရတာ ဗျာ"

ကျွန်တော်က ခပ်မြန်မြန်ဆွဲလိုက်သည်။

"ဟေ့လူ ဖြည်းဖြည်းဆွဲဗျ၊ ဘောင်ဘင်ခတ်ပြီး ဖိတ်ကုန်ဦးမယ်"

ကျွန်တော်က ခပ်သုတ်သုတ်ဆွဲလိုက်သဖြင့် နို့ဆီခွက်ထဲက ကော်ဖီများ ဖိတ်ကုန်ပါသည်။ ထို့ကြောင့် မျှင်း၍ ဆွဲရပြန်သည်။ အနားရောက်လာတော့မှ နို့ဆီခွက်ကိုလှမ်း၍ ယူလိုက်ရသည်။ ခဲခဲယဉ်းယဉ်းသောက်ရသည့် ကော်ဖီမို့လို့လား မသိ၊ အရသာ ရှိလိုက်သည့်ဖြစ်ခြင်း။

ကော်ဖီသောက်ပြီးလျှင် ခံတွင်းချဉ်လာပြန်သည်။ စီးကရက်နှင့် မိုန်းမည်ဟု စီးကရက်ဘူးထဲမှ တစ်လိပ်ကို ဆွဲထုတ်ကာ မီးခြစ်လိုက်ရှာသည်။ မီခြစ်ဘူးအလွတ်တွေသာ တွေ့၏။ မီးခြစ်တစ်ဆန့်မျှ မရှိတော့ပေ။ ပြဿနာ တက်ပြန်လေပြီ။

"ဟေး… ကိုအုန်းမြင့်၊ ကိုအုန်းမြင့်"

"ဗျိုး"

"မီးခြစ်ရှိသေးရင် လုပ်ပါဦးဗျ၊ ကော်ဖီသောက်ပြီး စီးကရက်ခဲမယ်လုပ်တုန်း မီးခြစ်မရှိပြန်ဘူး"

"ဖြစ်ရမယ်၊ ခင်ဗျားကတော့ ဒီလိုချည်းပဲ၊ ရော့… ရော့…၊ ဓာတ်မီးခြစ် ပစ်လိုက်မယ်"

ကိုအုန်းမြင့်က ဓာတ်မီးခြစ်ကို လှမ်းပစ်လိုက်၏။ ဓာတ်မီးခြစ်သည် ကျွန်တော့်တံခါးရှေ့တွင် ကျလာလေသည်။ ကျွန်တော်က စီးကရက်ကို မီးငြိ၍ ဖွာရှိုက်ပြီး-

"ကိုအုန်းမြင့် ပြန်ပစ်လိုက်မယ်ဗျို့ ရော့… ရော့"

"ခင်ဗျား လက်တည့်ရဲ့လား၊ ကျွန်တော့်တံခါးပေါက်ရှေ့ တည့်တည့်ရောက်အောင် ပစ်နိုင်ပါ့မလား"

"ရောက် မရောက်တော့ မသိဘူး၊ ပစ်တော့ပစ်မှာပဲ"

"ဟာ… ဟေ့လူ၊ မသေချာဘဲနဲ့တော့ မလုပ်နဲ့ဗျာ။ လမ်းတစ်ဝက်နဲ့ ဖြစ်နေရင် ကျုပ် တစ်ညလုံး ဆေးလိပ်မသောက်ရဘဲ နေလိမ့်မယ်။ ပြီးတော့ ဘေးချော်ပစ်လိုက်ရင်လည်း အပြင်ဘက်နံရံနားမှာများ ကပ်ကျရင် အထဲက လှမ်းယူလို့လည်း မရ။ ကြိုးကွင်းပစ်ဆွဲလို့လည်း မမှီ။ နေ နေ၊ ခုနကလို ကြိုးမှာချည်ပြီး ကြိုးနဲ့ဆွဲမယ်"

မီးခြစ်ကိုလည်း နို့ဆီခွက်လို ကြိုးကွင်းနှင့်ချည်ပြီး ဆွဲယူရပါသည်။ သည်တော့မှ ချောချောမောမော ရောက်လာသည်။ ကျွန်တော်တို့ကြိုးတိုက်မှာ အလယ်ကောင်တွင် လမ်းသွားရန် ရှစ်ပေခန့်ကျယ်သော အုကြောင်းလမ်းရှိပြီး ဘေးတစ်ဖက်တစ်ချက်တွင် အခန်းတွေဖွဲ့ထားသော ရင်ခွဲတိုက်ဖြစ်၏။ ညနေ ၅ နာရီ ထိုးသည်နှင့် တစ်ပြိုင်နက် ကိုယ့်အခန်း ကိုယ်ဝင်ရပြီး အပြင်က သော့ခတ်ထားလိုက်၏။ အုကြောင်းလမ်းထိပ်ဝရှိ တံခါးကြီးကိုလည်းသော့ခလောက်ကြီးဖြင့် ခတ်ထားလိုက်ပြန်သဖြင့် ညဆိုလျှင် ကျွန်တော်တို့ ကြိုးတိုက်ထဲသို့ ဝါဒါပင် မဝင်နိုင်တော့ပေ။ လူချင်းလည်း အသံသာကြားရ၍ မြင်လည်းမမြင်ရ၊ တွေ့လည်း မတွေ့နိုင်တော့ပေ။ သည်အခါတွင် ဆေးလိပ်၊ မီးခြစ်၊ သတင်းစာ၊ စာအုပ် စသည်တို့ကို ကြိုးဖြင့်လှမ်းပေးရသည်။ ဟိုဘက်ထိပ်ခန်းနှင့် သည်ဘက်ထိပ်ခန်း သတင်းစာလှမ်းပေးလျှင် လက်ဆင့်ကမ်းရ၏။ ကျွန်တော်က မျက်နှာချင်းဆိုင်အခန်းကို လှမ်းပစ်ရ၏။ မျက်နှာချင်းဆိုင်အခန်းက သူနှင့် မျက်နှာချင်းဆိုင်အခန်းကို လှမ်းပေးရ၏။ သူက တစ်ဖန် တစ်ဆင့် တစ်ဆင့် စသည်ဖြင့် ပို့မှ လိုရာသို့ ရောက်လေတော့သည်။

ကျွန်တော်က စီးကရက်မှိန်းပြီး စာဖတ်ချင်၏။ သို့ရာတွင် ကျွန်တော်တို့ ကြိုးတိုက်မှာ အခန်းထဲတွင် မီးပွင့်မရှိ၊ မှောင်နှင့် မည်းမည်းသာဖြစ်၏။ အပြင်ဘက်အုကြောင်းလမ်း စင်္ကြံအမိုးတွင် ထွန်းထားသည့် မီးပွင့်သာရှိ၏။ ထို့ကြောင့် သံတိုင်တံခါးပေါက်နားသို့ ကပ်၍ သံတိုင်ကြားက ကျလာသော မှုန်မွှားမွှားမီးရောင်နှင့် စာဖတ်ရလေသည်။

ခဏကြာလျှင် အပြင်ဘက်က မိဂျက်စီ၏ဟောင်သံကို ကြားရ၏။ အကျဉ်းသားတွေအားလုံး သော့ပိတ်၍ ကြိုးတိုက်ခန်းတွေထဲ ရောက်နေချိန်တွင် မိဂျက်စီသည် တစ်ကောင်တည်း အပြင်ထွက်ဆော့နေဟန် တူ၏။ ကျွန်တော်ကား မှိုင်းမြသောညာ၏ လရောင်ကို မမြင်ရသည်မှာ ကြာပေပြီ။

ငွေကြယ်ပွင့်တို့ဖြင့် ဝင်းပသောကောင်းကင်ကြီးကို မမြင်ရသည်မှာ ကြာလေပြီ။ လရောင်ဖြင့် ရွှန်းမြစွာသောည၊ ငွေကြယ်တို့ ဝင်းပသောညတွင် ကျွန်တော် ကောင်းကင်ကြီးကို ကြည့်ချင်၏။ ထောင်ထဲရောက်ကတည်းက

ညနေ လေးနာရီမှ နံနက်ခြောက်နာရီအထိ ဘယ်ကိုမျှမထွက်ရဘဲ အိပ်ထောင်ထဲတွင် တကုပ်ကုပ်နေရသည့် ဘဝကို ငြီးငွေ့လှပြီဖြစ်၏။ ကျွန်တော်နှင့် စာလျှင် မိဂျက်စီကမှ လွတ်လပ်သေး၏။ ကျွန်တော်သည် မိဂျက်စီ၏အသံကို နားထောင်ရင်း အိပ်ပျော်သွားလေသည်။

နံနက်လင်းလာသည်နှင့် ဖိုးသာဘေးနှင့် မိဂျက်စီအသံကို ကြားရပြန်သည်။

"ဂျက်စီ၊ ဂျက်စီ"

ဖိုးသာဘေးက မိဂျက်စီကို အမေရိကန်ဆန်ဆန် ကောင်မလေးများ ခေါ်သည့်အသံဖြင့် ခေါ်နေ၏။ ဖိုးသာဘေး၏ တရှပ်ရှပ်ဖိနပ်သံကို ကြားရ၏။ စင်္ကြံပေါ်တွင် မိဂျက်စီနှင့် ပြေးတမ်းလိုက်တမ်း ကစားနေဟန် တူလေသည်။ ကျွန်တော်က သူတို့ အပြင်ထွက်၍ မြက်ခင်းနေပူစာတွင် ကစားလိမ့်မည်ထင်ကာ ဆက်၍ အိပ်မြဲ အိပ်နေ၏။ သို့ရာတွင် ဖိုးသာဘေးနှင့် မိဂျက်စီသည် အပြင်သို့မထွက်။ အထဲက စင်္ကြံပေါ်တွင် ခေါက်တုံ့ခေါက်ပြန် ပြေးတမ်းလိုက်တမ်း ကစားနေကြလေသည်။ ကျွန်တော်ကား အိပ်ရေးပျက်နေသည်မို့ ကျွဲမြီးတိုလာလေသည်။

"ဟာ… သာဘေး၊ အပြင်ထွက်ကစားစမ်းကွာ၊ ဒါမှမဟုတ်လည်း မောင်ရင့်ကောင်မကို မောင်းလွှတ်လိုက်စမ်း"

ကျွန်တော်က ခေါင်းမြီးခြုံကိုဖွင့်၍ အော်လိုက်သည်။ ဖိုးသာဘေးသည် ကျွန်တော့်အခန်းဝတွင် လာရပ်လေသည်။ သူ့မျက်လုံးမှာ ကြောင်ကလေး မျက်လုံးလို ပြူးကြောင်ကြောင်။ သူ့နှုတ်ခမ်းများက ပြုံးစိစိ။ နှုတ်ခမ်းများမှာ စု၍ချွန်ထားသဖြင့် ကြောင်စီစီ ဖြစ်နေလေသည်။

"ဘာလဲဗျ၊ ဒါ အိပ်ချိန်မဟုတ်ဘူး၊ ထပါတော့လား၊ ဂျက်စီ… ဂျက်စီ"

ဖိုးသာဘေးက သူ့ကောင်မကို ခေါ်၏။ မိဂျက်စီသည် အမြီးနှံ့၍ အခန်းထဲသို့ ပြေးလာလေသည်။ ကျွန်တော်က အိပ်ရာမှထကာ ဖိုးသာဘေးကို စိတ်ပေါက်ပေါက်နှင့် မိဂျက်စီကို ကန်လွှတ်လိုက်သည်။ မိဂျက်စီသည် ကိန်ခနဲအော်၍ ထွက်ပြေး၏။ ဖိုးသာဘေးသည် သူ့ကောင်မနောက်သို့ ပြေးလိုက်သွားရင်း–

"ကြည့်စမ်း၊ ကြည့်စမ်း။ အတော်ဆိုးတဲ့လူ၊ ငါ့ခွေး ကန်တယ်။ ခွေးကို ရန်မူရိုက်သောသူ၊ ရိုက်သူလည်း ခွေး၊ ခွေးလည်းခွေး။ ဂျက်စီ ဂျက်စီ လာ လာ။ သူတို့အနား မသွားနဲ့၊ ဘယ်နာသွားလဲ ဟင်၊ ပြစမ်း ပြစမ်း။ ကြည့်ပါဦးဟယ် မိဂျက်စီ သနားပါတယ်နော် နော်။ နောက် သူတို့အနား မသွားနဲ့နော် နော် မိဂျက်စီ။ ဒီလူကြီးတွေက မိန်းမနဲ့ခွဲနေရလို့ စိတ်တိုနေတာ မကောင်းဘူးနော်"

ထိုစဉ်က ကျွန်တော်တို့မှာ ရဲဘော် သာခ၏ 'ကကြီးရေ က' ကို မကြည့်ရသေးပါ။ နာမည်ကို ကြားဖူးရုံသာ ရှိပါ၏။ ကျွန်တော်က တံခါး ပေါက်ဝမှ ရပ်ရင်း ဖိုးသာဘေးနှင့် မိဂျက်စီကို လှမ်းကြည့်နေသည်။ ပြန် အိပ်၍လည်း မရတော့ပါ။

ဖိုးသာဘေးသည် မိဂျက်စီခေါင်းကို သူ့ဒူးနှစ်လုံးကြားတွင် ညှပ်ကာ ပွတ်သီးပွတ်သပ် လုပ်နေပါသည်။ လက်က ကျောကို ရှောတိုက်၍ ပွတ်နေ ပြီး ပါးဖြင့် မိဂျက်စီခေါင်းကို ပွတ်နေပါသည်။ မိဂျက်စီကို သူ့ရည်းစားများ အောက်မေ့နေသလား မပြောတတ်ပါ။ မိဂျက်စီကလည်း အမြီးကိုဆန့်၍ စင်းထားပြီး မျက်လုံးကလေးကိုမှိတ်၍ ဇိမ်တွေ့နေဟန် ရှိလေသည်။ ဖိုးသာ ဘေးသည် ပါးစပ်ကလည်း တွတ်တီးတွတ်တာ ပြောနေပါသည်။

"ဆာပလား မိဂျက်စီ၊ တော်တော်ကြာရင် ပေါင်မုန့်ကျွေးမယ်နော်၊ နော်။ သြော်… ညည်းက ငါပြောတာမှ နားမထောင်ဘဲကိုး မိဂျက်စီရဲ့။ နောက် ဘယ်သူ့ကိုမှ အရောမဝင်နဲ့နော် သိလား။ နောက် သူတို့နဲ့ အရော ဝင်နေတာတွေ့ရင် ညည်းကိုရိုက်မယ် ဟုတ်လား၊ ပေါင်မုန့်စားပြီးရင် ရေချိုး ရမယ်နော်၊ လတ်(က)စ် ဆပ်ပြာနဲ့ ရေချိုးပေးမယ်နော်။ ရေချိုးပြီးရင် ကြက်သားဟင်းနဲ့ ထမင်းစားမယ် နော် နော်"

"ဟော့.. ဖိုးသာဘေး၊ ဆူတယ်ကွာ၊ သွားစမ်း၊ အပြင်သွားစမ်း"

ခင်မောင်အုန်း၏ ခေါင်းရင်းအပေါက်ဝတွင် ထိုင်၍ တွတ်တီးတွတ် တာ လုပ်နေသဖြင့် ခင်မောင်အုန်းက အိပ်နေရာမှထ၍ မောင်းထုတ်လိုက် ပြန်သည်။ ခင်မောင်အုန်း၏ မျက်လုံးကြီးများမှာ နီရဲနေလေ၏။

"ကဲ… လာ၊ မိဂျက်စီ။ ညည်းနဲ့ ငါ့ကို ဘယ်သူကမှ လက်မခံဘူး။ အပြင်ထွက်နေကြဦးစို့နော် နော်။ ကော်ဖီသောက်ချိန်ကျတော့ လာရအောင် လာ လာ၊ ဂျက်… စီ"

ဖိုးသာဘေးနှင့် မိဂျက်စီသည် အပြင်သို့ထွက်သွားကြသည်။ သည်တော့မှ ကျွန်တော်တို့ ကြိုးတိုက်ထဲတွင် အေးအေးဆေးဆေး နေရလေတော့သည်။

* * *

ကျွန်တော်တို့အလုပ်မှာ ထုံးစံအတိုင်း အိပ်ရာမှနိုး၍ မျက်နှာသစ်ပြီးလျှင် ကြိုးတိုက်နောက်ဖေး သရက်ပင်၊ ပိန္နဲပင်များအောက်တွင် အခေါက်ငါးဆယ်လောက် လမ်းလျှောက်၏။ လမ်းလျှောက်ပြီးချိန်နှင့် ကော်ဖီသောက်ချိန်မှာ အတော်ပင်ဖြစ်လေသည်။ ယနေ့မနက်မှာမူ လမ်းလျှောက်ချိန်မရတော့ဘဲ အိပ်ရာမှနိုးသည်နှင့် ကော်ဖီသောက်ပြီး ကြိုးတိုက်ရှေ့ မြက်ခင်းပြင်နေပူစာသို့ ထွက်လာသည်။

ဖိုးသာဘေးနှင့် မိဂျက်စီကိုကား ရှောင်၍မလွတ်ပေ။ ကြိုးတိုက်ကျဉ်းကျဉ်းကလေးထဲမှာ သူတို့နှင့် မတွေ့အောင်ရှောင်သော်လည်း မရ။ တွေ့၍သာ နေရ၏။ ကျွန်တော် မြက်ခင်းပြင်နေပူစာသို့ ထွက်လာသော် သူတို့နှစ်ယောက် ပလူးနေသည်နှင့် ကြုံရပြန်၏။

"ဂျက်စီ၊ ဂျက်စီ လာခဲ့ လာခဲ့"

မိဂျက်စီက သရက်ပင်ခြေကို နှာခေါင်းဖြင့် တရှုံ့ရှုံ့နမ်းပြီး လက်နှင့်ယက်နေစဉ် ဖိုးသာဘေးက လှမ်းအော်ခြင်းဖြစ်၏။ သည်တစ်ခါတော့ မိဂျက်စီသည် ဖိုးသာဘေးစကားကို နားမထောင်ဘဲ ရေပုံး၊ ဖိနိုင်ပုံးတို့ကို ဆွဲလာသော ကောင်ကလေးတစ်သိုက်နောက်က လိုက်သွား၏။ ကောင်လေး နှစ်ယောက်မှာ ကွင်းတပ်စည်ပိုင်းပြတ်ကို ရေအပြည့်ထည့်လာပြီး ဝါးလုံးလျှို၍ထမ်းလာကာ ကြိုးတိုက်ရှေ့တလင်းပြင်ကို ဖုန်သိပ်အောင် ရေဖျန်းနေ၏။

"ဘာလဲကွ၊ ဒီနေ့ ထောင်ပိုင်ဝင်မလား"

"ဟုတ်တယ် ဆရာ"

သူတို့အထဲက မျက်လုံးပြူးပြူး ဘဲမြီးဘိုကေနှင့် ကောင်ကလေးက ဖြေ၏။ ရှစ်မှတ်ရသော တိုက်တန်းစီး ခင်မောင်ကြီးက သူတို့ကိုကြည့်၍ ခိုင်းရလေသည်။ ရှစ်မှတ်သားများမှာ ကတုံးရက်လေးရက်၊ ရှစ်မှတ်ရက်နှစ်ရက်ပေါင်း၍ တစ်လလျှင် လျှော့ရက်ပေါင်း ခြောက်ရက် ရလေသည်။

"ဩော်... ဟုတ်သားပဲ၊ ဒီနေ့ တနင်္လာနေ့ပါလား"

သည်တော့မှ ကျွန်တော် အမှတ်ရလေသည်။ ထောင်ထဲတွင် ထောင်ပိုင်သည် တနင်္လာနေ့တိုင်း ကြိုးတိုက်၊ ဆေးရုံနှင့်အချုပ်ကို လှည့်လေသည်။ ထောင်ပိုင် တစ်ခါဝင်သည်ဆိုလျှင် သက်ဆိုင်ရာအဆောင်များမှ ထောင်မှူးများမှာ ရေဖျန်း၊ ဖိနိုင်လောင်း၊ အမှိုက်လှဲ၊ ရေနံသုတ် စသည့် သန့်ရှင်းရေးတွေကို ကြိုတင်လုပ်ထားရ၏။ ထောင်ပိုင်ကလည်း ဒုတိယထောင်ပိုင်၊ ဆရာဝန်၊ ထောင်မှူးကြီး၊ သက်ဆိုင်ရာထောင်မှူး၊ ကြေးတိုက်ထောင်မှူး၊ ထောင်ကြပ်၊ ထောင်ဝါဒါ၊ တံတော၊ ဆယ့်နှစ်မှတ်၊ ရှစ်မှတ် စသည့်ခြွေရံသင်းပင်းနှင့် တခမ်းတနားလာကာ အကျဉ်းသားများ၏ စားရေးသောက်ရေးကို စုံစမ်း၏။ ကျန်းမာရေးကို မေးမြန်း၏။ သည်အခါတွင် အကျဉ်းသားများက နံပါတ်ကြီးပြကာ ဆိုင်ရာကို တိုင်တန်းနိုင်လေသည်။

"ဂျက်စီ ဂျက်စီ၊ လာလို့ဆိုနေ၊ မလားဘူးလား"

ခါတိုင်း ဖိုးသာဘေး ခေါ်လိုက်လျှင် ရောက်ရာအရပ်က အမြီးတန့်န့်ပြေးလာတတ်သော မိဂျက်စီသည် သည်တစ်ခါတော့ တုပ်တုပ်မျှမလှုပ်ဘဲ စည်ပိုင်းပြတ်ထဲက ရေကို ခွက်ဖြင့်ခပ်၍ ဖျန်းနေသော ဘဲမြီးဆံတောက်နှင့် မျက်လုံးပြူးပြူး ကောင်လေးအနားတွင် ရပ်နေ၏။

"ဂျက်စီ၊ ဟဲ့... မိဂျက်စီ၊ ကောင်မ ခေါ်တာမရဘူးလား၊ နာချင်ပြီ ထင်တယ် လာ"

ဖိုးသာဘေးက ငေါက်ဆတ်ဆတ်ဖြင့် လှမ်းခေါ်လိုက်၏။ မိဂျက်စီက မဖြုံ၊ တစ်ဖက်သို့ပင် လှည့်နေလိုက်သေးသည်။

"အေး... ညည်းတော့ သိရောပေါ့အေ၊ စားချင်တော့မှ ငါ့ဆီလာခဲ့စမ်း၊ ခပ်စပ်စပ်ကလေး ရိုက်လွှတ်မယ်၊ သိလား မိဂျက်စီ"

"ဒီကောင်မက ဒီလိုပဲ၊ သူ့သခင်အနား ရောက်လာပြီဆိုရင် ဘယ်သူခေါ်ခေါ် မရတော့ဘူး၊ ဖိုးသာဘေးဆီ ဘယ်လာတော့မလဲဗျ၊ ဟိုကောင်သူ့သခင် အုန်းငွေ ရှိနေတာကိုး"

အနားတွင်ရပ်နေသော ရှစ်မှတ်ခင်မောင်ကြီးက ရေဖျန်းနေသည့် ဘဲမြီး ဘိုကေနှင့် ကောင်လေးကိုမေးငေါ့၍ ပြောလိုက်သည်။

"ဩော်... ဟုတ်လား၊ ဘယ်သူ"

ဖိုးသာဘောက လှမ်းမေးလိုက်သည်။ မိဂျက်စီကား မျက်လုံးလေး ကြောင်စီစီဖြင့် သူ့သခင်ကို မော့ကြည့်နေလေသည်။

"အုန်းငွေ တဲ့၊ မော်ဘီ-တိုက်ကြီးဘက်ကလေ"

"ဘာမှုနဲ့လဲ"

"ပြန်ပေး"

"ဟင်…"

ကျွန်တော်ရော ဖိုးသာဘောပါ ပြိုင်တူ အာမေဍိတ်လိုက်ကြသည်။ အုန်းငွေမှာ အသက် ၁၈ နှစ်လောက်သာ ရှိဦးမည်ထင်ရ၏။ ရုပ်ကလေး သနားကမားနှင့်ဖြစ်၍ ပြန်ပေးအလုပ်နှင့် သူ့ရုပ်မှာ တခြားစီဖြစ်နေလေသည်။

"ခု ဘယ်လောက်ကျသလဲ"

"မကျသေးဘူး ဆရာ၊ စစ်တုန်းပဲ၊ သုံးလေးနှစ်တော့ ကျမှာပါပဲ"

ရေဖျန်းနေသော အုန်းငွေက ဝင်ပြော၏။ ရေစက်ကလေးများသည် မြက်ပင်များတွင် သီးနေကြပြီးနောက် လျှောကျသွားကြလေသည်။

"နေပါဦး၊ ဒီခွေးက မင့်ခွေးလား"

"ဟုတ်တယ်၊ ဆရာ"

"ဘာလဲ၊ မင့်အိမ်က ပါလာကတည်းက ယူလာတာလား"

ခင်မောင်ကြီးက ရယ်၍-

"ဘယ်ဟုတ်မလဲ ဆရာ၊ ဒီကောင်က ခွေးမွေးချင်လှချေရဲ့ ဆိုပြီး ဝါဒါတစ်ယောက်ဆီက ပေါက်စနကလေးကတည်းက မှာထားတာ၊ ဝါဒါက ခွေးပေါက်စကလေးကို မိုးကာအင်္ကျီထဲဝှက်ပြီး ယူလာတာ"

"ဘာနဲ့မွေးသလဲ"

"နို့ဆီနဲ့ မွေးရတာပေါ့ ဆရာ၊ အစတုန်းက နှစ်ကောင်မွေးတာ၊ တစ်ကောင် သေသွားလို့"

အုန်းငွေက ဖုန်ထနေသော ကွက်လပ်ကို ရေဖျန်းရင်းပြော၏။ ဖိုးသာဘောက မိဂျက်စီကို ကြည့်ကာ-

"တော်တော် လိမ္မာသားနော်၊ လက်မြှောက်ဆိုရင် လက်ကလေး နှစ်ဖက်မြှောက်လို့ သနားစရာ"

"ဟာ… လိမ္မာတာတော့ မပြောနဲ့၊ လက်မြှောက်တာ ဘာဟုတ်သေးသလဲ၊ ကျွန်တော်တို့က ဒီပြင် အကျဉ်းသားတွေဝှက်ထားတဲ့ ဆေးခြောက်ထုပ်တို့၊ ဘာတို့ အရှာခိုင်းရင် သူ့ကို အရှာခိုင်းတာပဲ၊ အကျဉ်းသားတွေက ရွက်လှချုံတွေအောက်မှာ ဆေးခြောက်ထုပ်တို့ ဘာတို့ မြှုပ်ထားတတ်တယ် ဆရာ။ အဲဒါ 'မိဂျက်စီ၊ ရွက်လှပင်တွေအောက် ဆေးခြောက်သွား ရှာချည်စမ်း' ဆိုရင် အဲဒါ ရွက်လှချုံ တစ်ချုံပြီး တစ်ချုံ ယက်ပြီးလိုက်ရှာတော့တာပဲ။ ခွေးက ပွေလီစပ်ဆရာ့"

"တော်တော် အသုံးကျသားပဲဗျ"

"ညဆိုရင် သာပြီးအသုံးကျသေး၊ တန်းပိတ်လို့ ကျွန်တော်တို့အခန်းထဲ ရောက်ပြီး မီးခြစ်၊ ဆေးလိပ်တို့ကို အခြားအခန်းက အယူခိုင်းချင်ရင် သူ့ အယူခိုင်းရတာပဲ၊ ပေးမယ့် အခန်းကနေပြီး သူ့ခေါ်လိုက်၊ ခေါ်ပြီး မီးခြစ်တို့၊ ဆေးလိပ်တို့ပေးလိုက်၊ သူက ပါးစပ်နဲ့ ကိုက်လာတာပဲ၊ ယူမယ့်အခန်းက သူ့ကို လှမ်းခေါ်လိုက်ရင် ပါးစပ်ထဲ ဆေးလိပ်တွေ၊ မီးခြစ်တွေ ကိုက်ပြီး ယူလာတာပဲ"

ကျွန်တော်ကား မိဂျက်စီကို တော်တော်စိတ်ဝင်စား၍ သွားပါသည်။ မနေ့ညက ကျွန်တော့်မှာ မီးခြစ်မရှိ၍ ကိုအုန်းမြင့်အခန်းမှ ကြိုးဖြင့်လှမ်းဆွဲခဲ့ရသည် မဟုတ်လား။ မိဂျက်စီသာရှိလျှင် များစွာ အသုံးဝင်ပေလိမ့်မည်။

"ဒီလိုမှန်း အစက မသိဘဲကိုးဗျာ၊ ကျွန်တော်တို့တိုက်ထဲမှာ ညည သတင်းစာ လဲရတာက တစ်ဒုက္ခပဲ၊ သတင်းစာ ခြောက်စောင်လောက်ကို တစ်ခန်းနဲ့ တစ်ခန်း တစ်လှည့်စီ လဲဖတ်နေရတာ သိပ်ဒုက္ခရောက်တာပဲ"

ကျွန်တော်က အုန်းငွေအနားတွင် ဆောင့်ကြောင့်ထိုင်နေသော မိဂျက်စီကို ကြည့်ရင်းပြောလိုက်၏။

"ဟာ… မိဂျက်စီရှိရင် ဟန်ကျတာပေါ့၊ ကြိုးကျတဲ့လူတွေဆီမှာ သတင်းစာ တစ်စောင်ရှိတယ်၊ ညဖတ်ချင်ရင် သူ့ကို အယူခိုင်းရတာပဲ၊ လက်ဖက်ရည်ကြမ်းတို့ ဘာတို့ သောက်ချင်ရင်လည်း နို့ဆီခွက်ထဲ ထည့်ပေးလိုက်၊ သူက နို့ဆီဘူးအဖုံးက တန်းလန်းဖြစ်နေတဲ့ သံပြားလေးကိုကိုက်ပြီး ယူလာတာပဲ ကျွန်တော်တို့တော့ ညဆိုရင် သူ့ကိုပဲ အားကိုးရတာပဲ"

''ညတော့ ဘယ်မှာအိပ်သလဲ''

နံပါတ် ၃ တိုက် အုန်းငွေ အခန်းဝမှာ သွားအိပ်တယ်၊ ည ဘယ်လောက်ပဲလည်လည် ဒီအခန်းဝတော့ ရောက်အောင်ပြန်လာတာပဲ''

ကျွန်တော်ကား စောစောက မိဂျက်စီကို နန့်တန့်တန့် ပျံတန်တန်ရယ်လို့ မှန်းမိသော်လည်း သူ့နေရာနှင့်သူ အသုံးကျပုံကို တွေ့ရသောအခါ သနားလာပါသည်။ မိဂျက်စီကို ညဘက်တွင် ကျွန်တော်တို့ ကြိုးတိုက်ထဲခေါ်ထားရ ကောင်းလေမလားဟုလည်း တွေးမိလေသည်။

''ကိုက်တော့ မကိုက်တတ်ဘူးနော်''

''ဟင့်အင်း၊ မကိုက်ပါဘူး၊ ဒါပေမဲ့ ဒီမီဂျက်စီက မိန်းမမြင်ရင်တော့ သိပ်ဟောင်တယ် ဆရာရဲ့၊ ကြိုးကျတဲ့လူတွေကို ထောင်ဝင်စာလာတွေ့တဲ့ မိန်းမတွေ ဘာတွေလာရင် ထိုးဟောင်တာပဲ၊ ထောင်ထဲမှာကြီးလာတာဆိုတော့ မိန်းမ ဘယ်မြင်ဖူးမလဲ ဆရာ့၊ စိမ်းနေတာပေ့ါ၊ အဲမိန်းမသာ မြင်လို့ကတော့ လိုက်ဟောင်နေတာပဲ''

ကျွန်တော်မှာ မိဂျက်စီကို သနားနေလေသည်။ မိဂျက်စီသည် မွေးခါစကတည်းက ထောင်ထဲရောက်လာသည်မှာ ယခု အပျိုကြီးဖားဖား ဖြစ်နေလေပြီ။ ထောင်ထဲမှာ ယောကျ်ားတွေချည်းဖြစ်၍ ယောကျ်ားကိုသာ မြင်ဖူးပြီး မိန်းမကို မမြင်ဘူးဘဲ စိမ်းနေသည်ဆိုသည်မှာလည်း ဟုတ်ဟန်တူလေသည်။

''ခွေးထီးလည်း မတွေ့ဖူးဘူးလား''

''ဘယ်တွေ့ဖူးမလဲ ဆရာ့၊ ထောင်ထဲမှာ သူ့အဖော်ဆိုလို့ ကျွန်တော်တို့ရယ်၊ ကျွန်တော်တို့တိုက်က လှစို မွေးထားတဲ့ကြောင်လေးရယ်၊ ဒါပဲရှိမယ်၊ ကျွန်တော်တို့နဲ့ ကစားလို့ပျင်းရင် လှစိုးရဲ့ကြောင်နဲ့ သွားကစားတာပဲ၊ ဟော့... အုန်းငွေ မိဂျက်စီကို ဝှက်ထားဦးနော်၊ ထောင်ပိုင်ဝင်လာလို့ တွေ့သွားရင် ဆူနေဦးမယ်''

''ဘာဖြစ်လို့လဲ၊ မမွေးရဘူးလား''

''ဘယ်မွေးခွင့်ပေးမလဲ ဆရာ၊ ထောင်ပိုင်ဝင်တဲ့ နေ့ဆိုရင် မိဂျက်စီကို ဝှက်ဝှက်ထားရတယ်''

''ဒီလိုဆို ကျုပ်တို့လည်း ဖိုးသာဘေးကို ဝှက်ထားဦးမှပါ''

ဖိုးသာဘေးက ထုံးစံအတိုင်း နှုတ်ခမ်းကြီးစူ၍ မျက်စောင်းထိုးကာ ကျွန်တော့်ကို ခဲဖြင့် ပေါက်ပါသည်။ ကျွန်တော်တို့မှာ ထောင်ထဲတွင် ပျင်းပျင်းရှိလျှင် ဖိုးသာဘေးကို ဝိုင်း၍ စကြပါသည်။ ဖိုးသာဘေးမှာ ကျွန်တော်တို့အထဲတွင် အငယ်ဆုံးဖြစ်၍လည်း သူ့ကိုသာ နောက်ပြောင်ရလေသည်။

''ဟေ့... ဖိုးသာဘေး၊ မောင်ရင့်မိဂျက်စီအကြောင်း ဝတ္ထုရေးရမယ်ကွ'' ထောင်ထဲက လူဆိုးလေးတစ်ယောက်နဲ့ ခွေးလိမ္မာလေးအကြောင်း ပေါ့ကွာ''

''ဘာလဲ၊ ခင်ဗျားကြီး ခွေးဝတ္ထု ရေးမလို့လား၊ ခင်ဗျားတို့ စာရေးဆရာတွေကလည်း ရေးစရာမရှိရင် ကိုယ်နဲ့သိတဲ့ လူတွေရဲ့အတွင်းရေး၊ အပြင်ရေးတွေကို အကုန်လျှောက်ရေးတာပဲ၊ ငါ ကလောင်လေးတစ်ချောင်းပိုင်တယ်၊ ဘယ်သူ့ကို ဘယ်နေရာကျရင် အုပ်ထည့်လိုက်မယ်ဆိုပြီး အတွင်းလိုက်စားနေကြတာပဲ၊ ခုလူတွေအကြောင်း ရေးစရာမရှိတော့ ခွေးအကြောင်းလိုက်ရေးပြန်ပြီ၊ တော်တော်လည်း ကြောက်ဖို့ကောင်းတဲ့ လူတွေ''

ဖိုးသာဘေးက ပြောင်သလိုလို အတည်ပြောသလိုလိုဖြင့် ကျွန်တော့်ကို ဆော်ပါသည်။

''မဟုတ်ပါဘူးကွာ၊ ဒီလိုသဘောလည်း မဟုတ်ပါဘူး၊ ကိုယ်တို့မှာ ဒီလိုအာဃာတတွေ မရှိပါဘူး၊ ရေးသင့်လောက်အောင် စိတ်ဝင်စားစရာကောင်းတော့မှ ရေးတာပါ၊ ခုဟာကလည်း လူတွေအကြောင်း ရေးစရာမရှိလို့ မိဂျက်စီအကြောင်းကို ရေးတာ မဟုတ်ပါဘူး၊ လူတွေအကြောင်းကတော့ ရေးရင် ဘယ်တော့မှ ကုန်မှာမဟုတ်ဘူး၊ ဒါပေမဲ့ မိဂျက်စီရဲ့အကြောင်းက သနားစရာလည်းကောင်း၊ စိတ်ဝင်စားစရာလည်း ကောင်းလို့''

''ဖြစ်ရပြန်ပြီ၊ အရင်တုန်းကတော့ ခင်ဗျားတို့ မိဂျက်စီကို ပုံတန်တန်တဲ့ နန့်တန့်တန့်တဲ့၊ ခုတော့ သနားစရာ ကောင်းရပြန်ပြီ''

''ဟုတ်တယ်ကွ၊ ခုလိုညမှာ အကျဉ်းသားတွေခိုင်းသမျှ လုပ်ပေးရတယ်ဆိုတော့ သနားစရာပဲ၊ ညကျတော့ သူက ကိုယ်တို့ထက် လွတ်လပ်နေတာကိုး၊ အားလုံး သော့ခတ်ပြီး အခန်းထဲဝင်ရတဲ့အချိန်မှာ သူတစ်ကောင်ပဲ အပြင်မှာ ကျန်ရစ်ခဲ့တာကွ''

ညတန်းပိတ်သည်နှင့် ကျွန်တော်သည် ဖယောင်းတိုင်ကိုထွန်းကာ မိဂျက်စီအကြောင်းကို ရေးမည်ဟု စိတ်ကူးနေမိသည်။ အမှန်မှာ ကျွန်တော် သည် ထောင်ထဲတွင် စာရေးခွင့်မရပေ။ ကိုကိုးကျွန်းမှာ ရှိစဉ်ကတည်းကပင် ကျွန်တော့်အနေဖြင့် စာရေးခွင့်လုမ်းတောင်း၏။ ကျွန်တော့်ဇနီးကလည်း ရဲအထူးစုံစမ်း ထောက်လှမ်းရေးဌာနသို့ စာရေးခွင့်လျှောက်လွှာတင်၏။ ကျွန်တော့်လျှောက်လွှာကို ပယ်ချလိုက်လေသည်။ ကျွန်တော်တို့အထဲမှ စာရေးဆရာ တင်စိုးသာလျှင် စာရေးခွင့်ရရှိလေသည်။ ထို့ကြောင့် ကျွန်တော် သည် စာရေးဆရာတင်စိုးထံမှ စက္ကူနှင့် ဖောင်တိန်တောင်း၍ ရေးရလေ သည်။ စာရေးမည်ဟုသာ အားတင်းရသော်လည်း ဘယ်ကစ၍ ရေးရမည် မသိပါ။ သိပ္ပံမောင်ဝရေးသော 'အာမိတ်နှင့်လွေဇော' ဆိုသည့် ချင်းခွေး ကလေး နှစ်ကောင်အကြောင်း ဖတ်ဖူး၏။ သော်တာဆွေရေးသော ခွေးဝတ္ထု၊ မင်းဆွေရေးသော ခွေးဝတ္ထုများကိုလည်း ဖတ်ဖူးပါ၏။ သို့ရာတွင် သူတို့ခွေး များမှာ လွတ်လပ်သောခွေးများဖြစ်၍ ကျွန်တော့်မိဂျက်စီမှာ ထောင်နံရံ တံတိုင်းအတွင်းကခွေးသာ ဖြစ်၏။ မိဂျက်စီ၏လောကသည် သူတို့ဝတ္ထုများ ထဲက ခွေးလောကလို ကျယ်ကျယ်ပြန့်ပြန့် မရှိ။

သည်အထဲတွင် ဖယောင်းတိုင်မီးက မှုန်ဖွားမွားသာလင်း၍ ခြင်တွေ က သဲနှင့်ဆုပ်ပက်လိုက်သလို ပေါလှသည်။ ကျွန်တော်သည် စိတ်ပျက် လက်ပျက်နှင့် စာရေးရန်အကြံကို လက်လျှော့လိုက်ရလေသည်။

နံနက်လင်းသော် ကျွန်တော်သည် ထုံးစံအတိုင်း မျက်နှာသစ်ကာ ကြိုးတိုက်နောက်ဘေး သရက်ပင်၊ ပိန္နဲပင်များအောက်တွင်လည်း လမ်း လျှောက်လေသည်။

ကျွန်တော် လမ်းလျှောက်၍ အခေါက်ရေပြည့်ခါနီးတွင် ခင်မောင်ကြီး ပေါက်လာကာ-

"ဆရာရေ၊ မိဂျက်စီလေး မနေ့ညက သေရှာပြီ" ဟု ဆို၏။ ကျွန်တော်က အံ့အားသင့်စွာဖြင့်-

"ဟာ... ဘာဖြစ်လို့လဲ၊ မနေ့ညကအထိ အကောင်းကြီးရှိသေးတာ ပဲ၊ တန်းပိတ်ခါနီးတောင် ဖိုးသာဘေးနဲ့ ဆော့နေကြတာပဲ"

"ဟုတ်တယ်၊ မနေ့ညကထိ အကောင်းကြီးပဲ၊ ကျွန်တော်တို့တောင် ပဲ့ဘက်ခန်းနဲ့ ဒီဘက်ခန်း မီးခြစ်အယူခိုင်းနေသေးတယ်၊ ည ၉ နာရီ လောက်ကျတော့ ကြိုးကျတွေထားတဲ့ နံပါတ် ၅ ကြိုးတိုက်ကို သတင်းစာ ယူခိုင်းလိုက်တာ မပေါ်လာတော့ဘူး၊ ဒါနဲ့ ကျွန်တော်တို့လည်း မိဂျက်စီ ဘာဖြစ်လို့ ပြန်မလာပါလိမ့်မလဲနဲ့ အော် အော်ပြီး ခေါ်တယ်၊ မလာဘူး၊ ခါတိုင်းအော်ခေါ်လိုက်ရင် ရောက်ရာအရပ်က ပြေးလာတာ၊ ဒီလိုနေတုန်း ဝါဒါ ရဲဘော်ပြေးလာပြီး "မိဂျက်စီ ချာချာလည်ပြီး နံပါတ် ၅ ကြိုးတိုက် ဘေးက မြက်ခင်းပေါ်မှာလဲလို့၊ ပါးစပ်ကလည်း အမြှုပ်တစီစီထွက်လို့၊ ဆန့်ငင်ဆန့်ငင် ဖြစ်နေတယ်၊ သူတော့ ကြိုးတိုက်ထဲက တစ်ယောက်ယောက် က အဆိပ်ကျွေးသတ်တယ်လို့ ထင်တာပဲ" လို့ လာပြောတယ်၊ ကျွန်တော်တို့ ကလည်း ဆရာဝန် အခေါ်ခိုင်းရတာပေါ့၊ ဆရာဝန်ဟာ အဲဒီညက အိမ်မှာ မတွေ့ခဲ့ဖူးတဲ့ ဆရာ၊ ဒါနဲ့ ဒီအတိုင်းကြည့်နေရတာပဲ၊ ခဏကြာတော့ အသက်ထွက်သွားတာပဲ"

"ဟာ... စိတ်မကောင်းလိုက်တာ ဗျာ၊ ကျွန်တော်က မိဂျက်စီ အကြောင်း ဝတ္ထုရေးမလို့ စိတ်ကူးနေတာ၊ နေစမ်းပါဦး၊ ဘာဖြစ်လို့ အဆိပ် ကျွေးသတ်တာတဲ့လဲ"

"မပြောတတ်ဘူး ဆရာ၊ ဒီအမှုက သေးသေးအမှု မဟုတ်ဘူး၊ မဟုတ်ကာမှလွဲရော ကျွန်တော်တော့ ကြိုးမိန့်ကျပြီးတဲ့ အကျဉ်းသားတစ် ယောက်ယောက်ရဲ့ လက်ထဲမှာ အဆိပ်ရှိတယ်ထင်တယ်၊ ကြိုးမပေးခင် အဆိပ်သောက်မလို့ အကြံအစည်ရှိတယ် ထင်တာပဲ၊ အဲဒီအဆိပ်က သေ မသေ သိရအောင် မိဂျက်စီကို ကျွေးကြည့်တာ ထင်တယ်၊ မိဂျက်စီ ဒီအဆိပ်စားပြီး သေတယ်ဆိုတာ သိရတော့မှ သူကိုယ်တိုင် ဒီအဆိပ်ကိုစားပြီး သတ်သေမယ်လို့ ကြံစည်ဟန်တူတယ်"

"ဗျာ၊ သေချင်ရင်လည်း ကိုယ့်ဘာသာကိုယ် တစ်ခါတည်းစားပစ် လိုက်ပါလား၊ ခုတော့ ကြားထဲက မိဂျက်စီကို စမ်းကျွေးရတယ်လို့ပဲ"

ကျွန်တော်က စိတ်တိုတိုဖြင့် ပြောလိုက်ပါသည်။ သည်ပြဿနာမှာ တကယ်ပင် သေးသေးကွေးကွေး ပြဿနာမဟုတ်ပါ။ ကြိုးမိန့် ကျပြီး အကျဉ်းသားဆိုသည်မှာ ထောင်အာဏာပိုင်က အသေအချာ ဂရုစိုက်ထားရ

၏။ သူတို့ကို အပြင်လူနှင့် တွေ့ခွင့်မပေးဘဲ အစားအသောက်ကိုလည်း အထူးတန်းပေးထားရ၏။ အနီးအနားတွင် သေစေလောက်သော ပစ္စည်းဆို၍လည်း ဘာမျှမထားရ။ သူတို့ကျန်းမာရေးကိုလည်း အပတ်စဉ် ထောင်ဆရာဝန်က ဂရုတစိုက်စစ်ဆေးရ၏။ ရောဂါရှိလျှင် ကြိုးမိန့်ကို ဆိုင်းထားပြီး ရောဂါပျောက်အောင် အရင်ကုရ၏။ ရောဂါပျောက်တော့မှ ကြိုးပေးရလေသည်။ ယခု ကြိုးကျအကျဉ်းသား လက်ထဲတွင် အဆိပ်ရှိနေသည်ဆိုလျှင် သည်ပြဿနာသည် သေးသေးပြဿနာ မဟုတ်ပေ။ အကယ်၍ ကြိုးကျတရားခံ အဆိပ်သောက် သေလိုက်သည်ဆိုလျှင် ထောင်အာဏာပိုင်တို့အပေါ်တွင် တာဝန်ကျလာမည် ဖြစ်၏။

သည်အတွင်းမှာ ကြိုးတိုက်ထောင်မှူး စောစောစီးစီး ပေါက်လာလေသည်။ သူ့နောက်ကလည်း ထောင်ဝါဒါလေးယောက် ပါလာ၏။

"ဟော… ခု ကြိုးသမားတွေနေတဲ့ ကြိုးတိုက်ထဲကို တလာစီပြီး ပြန်လာတာထင်တယ်၊ ဘယ့်နှယ်လဲ ဆရာ၊ ဘာတွေ့ခဲ့သလဲ"

ခင်မောင်ကြီးက ကြိုးတိုက်ထောင်မှူးကို လှမ်းမေးလိုက်၏။ ကြိုးတိုက်ထောင်မှူးက ခါတိုင်းလိုပင် ပြုံး၍-

"ဘာမှတော့ မတွေ့ဘူးကွ၊ ငါလည်း စိတ်ထဲမသိုးမသန့် ဖြစ်တာနဲ့ ကြိုးသမားတွေကို အကုန် နေရာပြောင်းပစ်လိုက်တယ်ကွာ၊ ဂျက်စီလေး သနားပါတယ်၊ မင်းတို့လည်း ညကျရင် ဆေးပေးမီးယူ လုပ်ပေးမယ့်သူ မရှိတော့ဘူးပေါ့"

"ဒါပေါ့ ဆရာ၊ ခုပဲ ဒီအကြောင်းကို ဆရာပြောနေသေးတယ်"

ခင်မောင်ကြီးက ကျွန်တော့်ဘက်သို့ လှည့်၍ကြည့်ရင်း ပြောလိုက်သည်။ ကျွန်တော်က-

"ဟုတ်တယ်ဗျာ၊ ညကျရင် ကျွန်တော်တို့တိုက်ထဲမှာ သတင်းစာလဲရတာ ခက်လွန်းလို့ မိဂျက်စီကို ညည ခေါ်သွင်းထားမယ် စိတ်ကူးနေတာ"

"ဟော့… ခင်မောင်ကြီး၊ ဆရာဝန်တွေ ဘာတွေ ခေါ်ပြီးပြမနေပါနဲ့တော့ကွာ၊ တော်တော်ကြာ ထောင်ပိုင်သိသွားရင် ဆူနေဦးမယ်၊ ကြိုးတိုက်ထဲမှာလည်း ဘာမှမတွေ့တဲ့အတူတူ မိဂျက်စီကို ဒီအတိုင်းမြှုပ်ပစ်လိုက်ပါ"

ကြိုးတိုက်ထောင်မှူးက ခင်မောင်ကြီးကိုပြော၍ ထွက်သွားလေသည်။ ခင်မောင်ကြီးတို့ လူသိုက်ကမူ မကျေနပ်ဘဲ မိဂျက်စီ၏ဗိုက်ကို ခွဲ၍ ကြည့်ကြသည်။ သူတို့က မိဂျက်စီဝမ်းဗိုက်ထဲတွင် စိန်တွေ့သည်ဟု ဆိုလေသည်။ မိဂျက်စီအလောင်းကို ခွဲစိတ်ကြည့်ပြီးမှ မြှုပ်နှံလိုက်ကြသည်။

ကျွန်တော်ကား ကြားထဲက အဆိပ်ခတ်ခံရသည့် မိဂျက်စီအတွက် စိတ်မကောင်းမိပေ။ ခါတိုင်းက နန့်တန့်တန့် ပျံတန်တန်ဟု ထင်ခဲ့သော မိဂျက်စီသည် ကျွန်တော်တို့အကျဉ်းသားတွေအတွက် ဆေးပေးမီးယူ လုပ်ဖော်ရသည်ကို တွေ့ရသောအခါ သနားမိ၏။ အပြစ်မရှိဘဲ အပြင်လောကနှင့် အဆက်ပြတ်၍ ထောင်ထဲတွင် ကြီးပြင်း၍ ထောင်ထမင်း၊ ထောင်ဟင်းကို စားကာ ထောင်သားတွေခိုင်းသမျှ လုပ်ခဲ့ရှာသော မိဂျက်စီကို လွမ်းသလိုလို ဖြစ်မိ၏။

လက်ဖက်ရည်ဝိုင်းတွင် ကျွန်တော်က မိဂျက်စီသတင်းကို ဖောက်သည် ချလိုက်သောအခါ အားလုံးက စိတ်မကောင်းကြပေ။ ခွေးလီမွှာလေးတစ်ကောင် ကျွန်တော်တို့ပတ်ဝန်းကျင်မှ ပျောက်သွားရှာပြီဟု သနားကြ၏။ ဖိုးသာဘေးကား အဆိပ်ကျွေးသူကို စိတ်ဆိုး၍မဆုံးတော့ပေ။ သူ့မျက်နှာမှာ ရှုံ့မဲ့၍နေလေသည်။ ဖိုးသာဘေးသည် ကျွန်တော်တို့အနားတွင် ကြာကြာမနေတော့ဘဲ အပြင်ဘက်သို့ ထွက်သွားလေသည်။ ကျွန်တော်တို့ကမူ 'ဖိုးသာ ဘေး တစ်ယောက် ဘုန်းမောင့်တစ်ယောက်တည်း ဘဝရောက်နေပြီ' ဟု မှတ်ချက်ချကြ၏။

လက်ဖက်ရည်သောက်ပြီး၍ ကြိုးတိုက်ရှေ့သို့ ကျွန်တော်ထွက်လာသောအခါတွင်မူကား မြက်ခင်းနေပူစာ ဒန့်သလွန်ပင်ခြေရင်းတွင် ဖိုးသာဘေး တစ်ယောက်တည်း ငေါင်းစင်းစင်း ထိုင်နေသည်ကို တွေ့ရပေသတည်း။

ငွေတာရီ မဂ္ဂဇင်း
ဩဂုတ်လ၊ ၁၉၆၀။

ရသစာတမ်း

# အမျိုးသမီးအိုတစ်ဦးနှင့် အမျိုးသမီးပျိုတစ်ဦး

**ထက်အောင်**

နေရာမှာ အဓိကရပုဂ္ဂိုလ်နှစ်ဦး လာရောက်တွေ့ဆုံနိုင်ဖွယ် မရှိသော နေရာဖြစ်သည်။ ယခုနှစ် ဇွန်လထဲတုန်းက ဒိုင်ယာနာမင်းသမီးသည် နယူးယောက်မြို့၊ ဆောက်ဘရွန့်ရှိ မာသာထရီဇာထံသို့ သွားခဲ့သည်။ ကုသိုလ်ဖြစ်သာသနာပြုအဖွဲ့ (Missionaries Charity) တည်ထောင်ခဲ့သူ မာသာထရီဇာသည် ၎င်း၏အဖွဲ့ပိုင်ကျောင်း တစ်ကျောင်းတွင် နာလန်ထ အနားယူလျက်ရှိသည်။ ကမ္ဘာတွင် မှတ်မိနိုင်စရာအကောင်းဆုံး အမျိုးသမီးနှစ်ဦး၏ ပတ်လည်တွင် ယခုထက်တိုင် ပြန်လည်တည်ဆောက်ခြင်း မပြုသေးသည့် နေရာတစ်ခုမှာ ဖုန်မှုန့်တို့ပေကျံနေသည့် အဆောက်အအုံများနှင့် မီးလောင်ကျွမ်းထားသည့် မော်တော်ကားများ ပြန့်ကျဲလျက် ရှိသည်။ သူဆင်းရဲတို့၏သူတော်စင်သည် ထိုနေရာများတွင် အထာကျကာ ပျော်မွေ့လျက်ရှိသည်။ မကြာမီတွင် ဒိုင်ယာနာ မင်းသမီးကိုယ်တိုင်သည်လည်း ထိုသို့သောနေရာမျိုးတွင် အထာကျကာ နေတတ်ထိုင်တတ် ရှိသွားခဲ့ပါသည်။ ထို့ကြောင့်ပင်လျှင် ဒိုင်ယာနာမင်းသမီးသည် သီလရှင်ဆရာကြီးအား တွေ့ဆုံရန်၊ ဆင်းရဲသားတို့နှင့် သေအံ့ဆဲဆဲ လူမမာတို့အား ပြုစုစောင့်ရှောက်လျက်ရှိသည့် အမျိုးသမီးကြီးကို ဂါရဝပြုရန် ရောက်လာခဲ့ခြင်းဖြစ်သည်။ သူမကိုယ်တိုင်သည်လည်း ထိုလုပ်ငန်းတွင် စူးစိုက်နစ်မြုပ်လျက် ရှိပါသည်။

သို့ဖြင့် သူတို့နှစ်ဦးသည် သူတို့နှစ်သက်သည့်လုပ်ငန်း အကြောင်းကို တစ်နာရီခန့် ဆွေးနွေးခဲ့ကြသည်။ ဒိုင်ယာနာမင်းသမီးက မာသာထရီဇာအား ဘီးတပ်ကုလားထိုင်မှ ထူပေးသည်။ ထို့နောက် သူတို့နှစ်ဦးသည် တိုင်ပင် ဆွေးနွေးရာမှ လက်ချင်းတွဲ၍ ထွက်လာခဲ့ကြသည်။ ကလေးများက သူတို့ကို အသံစီစီကလေးများဖြင့် ဆီးကြိုကြသည်။ နို့နှစ်ရောင်ဝတ်စုံကို ဝတ်ထား သည့် ဒိုင်ယာနာက ဆာရီဝတ်ထားသည့် အဖော်ကို မှီး၍ ရပ်နေသည်။ 'အော့ဖ်က မော်ဆရာ' ဇာတ်ကားတွင် ဘီလီဘာ့က်က မန့်ချ်ကင်းကို မှီးထား သည်နှင့်တူသည်။ သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး ချစ်ခင်ယုယကြသည်။ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းအပ်ကြသည်။ မာသာထရီဇာက လက်နှစ်ဖက် ကို ယှက်ကာ အိန္ဒိယလူမျိုးတို့၏ နာမာစတေးဟန်ဖြင့် အဝင်အထွက် နှုတ်ဆက်သည်။ မင်းသမီးက ငွေရောင်မော်တော်ကားကြီးပေါ်သို့ တက်သွား သည်။ ထိုမျှသာ ဖြစ်သည်။

ယခုတော့ သူတို့နှစ်ဦးစလုံး တစ်ပတ်အတွင်းတွင် ကွယ်လွန်သွားခဲ့ ကြလေပြီ။ ကျန်ရစ်သူတို့မှာ ဆုံးရှုံးမှုကို မည်သို့လက်ခံရမည်ဟုပင် နား မလည်နိုင်အောင် ဖြစ်ကြရသည်။ မည်သို့ဖြစ်စေ သူတို့ ကွယ်လွန်ခြင်းသည် ဇာတ်လမ်းနှစ်ပုဒ် အဆုံးသတ်ခြင်းပင် ဖြစ်သည်။ ဒိုင်ယာနာမင်းသမီး ကွယ် လွန်ခြင်းမှာ ထူးခြားအရေးပါမှု များစွာမရှိလှသည့်တိုင် ပို၍စိတ်ထိခိုက်စရာ ကောင်းပါသည်။ တကယ့်အမှန်ဝေဒနာများကို ခံစားသွားရသည့် တကယ့် အမှန်ပုဂ္ဂိုလ်များက ပြသွားသည့် တော်ဝင်ဇာတ်လမ်းတစ်ခု ဖြစ်ပါသည်။ သူမ ကွယ်လွန်သွားသည့်အခါ၌ သူမ၏အဖြစ်အပျက်ကို ခပ်တိုတိုသာ ဖော်ပြပြီး နောက်ပိုင်းတွင်လိုက်လာသည့် တိတ်ဆိတ်မှုကလည်း ကြီးမားလွန်း ပါသည်။ ကမ္ဘာတစ်ဝန်းမှ လူထုများ မဆုံးနိုင်အောင် တန်းစီ၍ ရပ်နေသည့် အကြောင်းတစ်ခုမှာ သူတို့ကြားလိုသော ဇာတ်လမ်းတစ်ပုဒ် ပြီးဆုံးသွားပြီ ကို သိသောကြောင့် ဖြစ်ပါသည်။ (အတွေးထဲတွင်တော့ ရှိဦးမည်သာ ဖြစ်ပါသည်)။

မာသာထရီဇာ၏ ဇာတ်လမ်းမှာမူ ရှေ့တွင် ဆက်လက်ဖြစ်ထွန်းမည့် သဘောဆောင်နေပြီး ပရိသတ်တို့ အလွယ်တကူ ထပ်တူထပ်မျှ ခံစားနိုင် သော အကြောင်းအရာ များများမရှိလှပါ။ သူမ၏တစ်သက်တာမှ နှစ်ကာလ

တော်တော်များများတွင် ကာလကတ္တားက ညစ်ပတ်သောလမ်းများပေါ်မှ သေအံ့ဆဲဆဲလူနာကို ကောက်ယူပွေ့ချီသည့် အခါမှာဖြစ်စေ ဆင်းရဲသူ၊ မျှော်လင့်ချက်မဲ့သူ၊ စွန့်ပစ်ခံရသူ၊ အထီးကျန်ဖြစ်သူတို့၏ ဒဏ်ရာ ဟောင်းလောင်းကြီးများကို ပြုစုကုသပေးရာမှာ ဖြစ်စေ သူမနောက်သို့ မည်သည့် ကင်မရာကမှ လိုက်ရိုက်ခဲ့ခြင်းမရှိသောကြောင့် ဖြစ်ပါသည်။ နိုဘယ်ဆု ရွေးချယ်ရေးကော်တီက သူမကို ကျော်ကြားမှုဖြင့် ဖောက်ခွဲလိုက်သည့်အခါ၌ သူမသည် သူမ၏ ဘဝထုပ္ပတ် တော်တော်များများကို ရေးပြီးလေပြီ။ သူမ၏ဇာတ်လမ်းတွင် ဇာတ်လမ်းဇာတ်ကွက်များများလည်း မရှိပါ။ ဦးတည်ချက် ပြောင်းလဲခြင်း မရှိသော အဓိကဇာတ်ဆောင်တစ်ယောက်၊ သို့တိုင် ကြီးမြတ်သောရည်ရွယ်ချက်ရှိသည့် ဇာတ်ဆောင် တစ်ယောက်သာ ပါဝင်ပါသည်။ မာသာထရီဇာ၏ ဇာတ်လမ်း ပြီးဆုံးခြင်းသည် သူမ၏ကုသိုလ်ဖြစ်သာသနာပြုအဖွဲ့၏ လုပ်ငန်းပြီးဆုံးခြင်း မဟုတ်ပါ။ သူမ ကွယ်လွန်သည့်အခါ၌ ဝမ်းနည်းထိတ်လန့် သံဝေဂ မဖြစ်ခြင်းမှာ ထိုအကြောင်းလည်း အကြောင်းတစ်ခု ဖြစ်ပါသည်။ (အသက်ကြီးသည့် အကြောင်းလည်းပါပါသည်)။

အမျိုးသမီးနှစ်ဦးတို့သည် ကုသိုလ်ဒါနနှင့်ပတ်သက်သော စေတနာတွင် ပေါင်းဆုံမိကြပါသည်။ ကုသိုလ်ဒါန ဆိုသည်မှာ တော်တော်စိတ်ထားတတ်မှ မြတ်သည့်အလုပ်မျိုး ဖြစ်ပါသည်။ ဘရွတ်ကလင်းတွင် ကျွန်တော်သိခဲ့ပြီး သူ့ဘဝတစ်လျှောက်လုံးတွင် ဆင်းရဲသားများအတွက် အလုပ်လုပ်ခဲ့သည့် သီလရှင် မေရီက 'ပရဟိတလုပ်ငန်းတွေကို ဆောင်ရွက်နေတဲ့လူတွေဟာ တော်တော်တော့ ထူးဆန်းတယ်၊ သူတို့ဘဝမှာ တစ်ခုခုတော့ လိုနေတယ်လို့ ခံစားရလိမ့်မယ်ထင်တယ်၊ သူတို့မှာလည်း အတ္တရှိနိုင်သေးတယ်၊ သူတစ်ပါးအတွက် ဖြည့်စွမ်းပေးရတာတွေ ရှိသေးတယ်၊ လူတိုင်းဟာ ကိုယ့်ကိုယ်ကိုယ်တော့ စိတ်ကောင်းရှိပြီး ပေးကမ်းစွန့်ကြဲတဲ့သူ ဖြစ်ချင်တာချည်းပဲ၊ ဒါလည်း ဘာမှမမှားပါဘူး၊ ဒါပေမဲ့ ဒီရည်မှန်းချက်လောက်ကလေးနဲ့ ပြီးမသွားသင့်ဘူး၊ အဆုံးစွန်ရည်မှန်းချက်ကတော့ လှူသူနဲ့ အလှူခံသူတို့ နေထိုင်ကြတဲ့ စနစ်ထဲမှာ အပြောင်းအလဲလုပ်ရေး ဖြစ်တယ်' ဟု ပြောဖူးပါသည်။

ဆရာလေး မေရီက ဒါနဆိုသော စကားလုံး (ပေးကမ်းစွန့်ကြဲခြင်း) ဆိုသည့် စကားလုံးထဲတွင် မေတ္တာ၏အနက်သဘော ပါနေသည်ဟု ယူဆပါသည်။

'မေတ္တာဆိုတာ လူတွေကို ကောင်းတယ်၊ ဆိုးတယ်၊ ယုတ်တယ်၊ မြတ်တယ်လို့ ခွဲခြားကြည့်နေတာ မဟုတ်ဘူး၊ မေတ္တာ ဆိုတဲ့သဘောဟာ ပုဂ္ဂိုလ်ရဲ့ လျှို့ဝှက်ဆန်းကြယ် နက်နဲမှုမှာ အခြေခံတယ်၊ အဲဒီပုဂ္ဂိုလ်ဟာလည်း တိုင်းထွာ ချိန်ဆလို့မရနိုင်ဘဲ ကျွန်မတို့မသိတဲ့ တစ်နေရာကို သွားနေတယ်' ဟု ပြောပါသည်။

သဘောမှာ ဘဝသည် ခရီးကြမ်းတစ်ခုဖြစ်ပြီး ထိုခရီးကြီးတွင် တစ်ယောက်နှင့်တစ်ယောက် ဆုံလိုက် ကွဲလိုက်ကြရခြင်းသာ ဖြစ်သည် ဆိုသည့်သဘော ဖြစ်ပါသည်။ မာသာထရီဇာသည် ထိုသဘောကို ခံစားမိပုံ ရပါသည်။ သူမ၏လုပ်ငန်းနှင့် ပတ်သက်၍ ဝိဝါဒကွဲလွဲစရာ ဖြစ်ပေါ်လာတိုင်း သူ၏ အဓိကရအပြုအမူမှာ ဒုက္ခရောက်သူတို့ဘက်သို့ ရိုင်းပင်းကာ ၎င်းတို့အား ဘုရားသခင်၏ဘုံသို့ ပို့ဆောင်ပေးခြင်း ဖြစ်ပါသည်။ သူမ ကူညီစောင့်ရှောက်သူများမှာ ကြွက်တို့ ကိုက်ဝါးခြင်း ခံရပြီး အသားထဲတွင် လောက်တွယ်နေသူများ ဖြစ်ပါသည်။ သူတို့အတွက် သူမအလိုရှိသောအရာမှာ လူသား၏ဂုဏ်သိက္ခာ ဖြစ်ပါသည်။

မေတ္တာသည် ပုဂ္ဂိုလ်၏ နက်နဲဆန်းကြယ်မှုတွင် အခြေခံသည်ဆိုလျှင် ဘုရားသခင်၏ အခွင့်အာဏာတော်ကိုမူ ပူဇော်မည့်သဘော ပါနေပါသည်။ အခြားသူများအား စီရင်ဆုံးဖြတ်ခြင်းသည် မသင့်လျော်ပါ။ ထိုသဘောသည် မာသာထရီဇာနှင့် ဒိုင်ယာနာမင်းသမီးတို့တွင် ကိန်းအောင်းနေသည်ဟု ယူဆပါသည်။ ဒုက္ခရောက်သူအား ကူညီရန်အားထုတ်ခြင်း၊ စာနာခြင်းတို့သည် အကဲဖြတ်လိုသည့်ဆန္ဒထက် ကြီးမြတ်ပါသည်။ ထို့ကြောင့်ပင်လျှင် သူတို့ နှစ်ဦးသည် ဆောက်ဘရွန့်တွင် တွေ့ဆုံခြင်းဖြစ်ဟန် တူပါသည်။ သူတစ်ပါးအား ယုတ်မြတ်မရွေး စာနာထောက်ထားတတ်သောကြောင့် သူတို့ကို လူအများက ချစ်ခင်မြတ်နိုးကြခြင်း ဖြစ်ပါသည်။

ဒိုင်ယာနာအတွက် ပြည်သူက ဝိုင်းဝန်းပူဆွေးကြပုံသည် အဖြစ်အပျက်ထက်ပင် ကြီးကျယ်ထင်ရှားသွားခဲ့ကာ မည်သည့်အရေးကိစ္စနှင့်မျှ

ဆက်စပ်ခြင်းမရှိသော နိုင်ငံတကာ ပူဆွေးကြေကွဲမှုကြီး၏ အသွင်ကိုဆောင်ခဲ့ပါသည်။ ကမ္ဘာကြီးသည် ဝမ်းနည်းပူဆွေးဖို့၊ ကိုယ့်ကိုယ်ကိုယ် စာနာသနားဖို့ လိုအပ်နေ၍လားတော့ မပြောတတ်ပါ။ ထိုစာနာသနားမှုသည် ယာယီမျှပင်ဖြစ်စေကာမူ ယေဘုယျ ဆေးကြောသန့်စင်မှုကို ယူဆောင်လာမည်မှာ အမှန်ဖြစ်ပါသည်။ ယင်းမှာ ရုပ်မြင်သံကြားစက်က သွေးထိုးလှုံ့ဆော်ပေးသည့် ခံစားချက်အတုအယောင်မျှသာ ဖြစ်ချင်လည်း ဖြစ်ပါလိမ့်မည်။ သို့ရာတွင် ဈာပနတွင် ပို့ဆောင်သူနည်းသည့်တိုင် သမိုင်းတွင်မူ မာသာထရီဇာအတွက် ခံစားမှုမှာ ထိုသို့မဟုတ်နိုင်ပါ။

မင်းသမီး ဒီကို ဝတ်ကြောင်ဝတ် သူတော်စင်အဖြစ် သဘောထားကြပါလိမ့်မည်။ သို့ရာတွင် မာသာထရီဇာမှာကား သူတော်စင်အစစ်အဖြစ် အသိအမှတ်ပြု ခံရမည်သာဖြစ်သည်။ ထိုအချက်ကိုပြောရခြင်းမှာ သူတို့နှစ်ဦးအား မစာမနာ၊ မညှာမတာ နှိုင်းယှဉ်ပြနေခြင်း မဟုတ်ပါ။ သူတို့နှစ်ဦးစလုံးကလည်း အချင်းချင်းနှိုင်းယှဉ်သင့်သည်ဟု သဘောထားကြမည် မထင်ပါ။ ထို့နေ့က သူတို့နှစ်ဦး တစ်ဦးကိုတစ်ဦး သံယောဇဉ် တွယ်ငင်ကြခြင်းမှာ ပုဂ္ဂိုလ်၏ လျှို့ဝှက်ဆန်းကြယ်မှုကို ပကတိဉာဏ်ဖြင့် ချစ်ခင်တွယ်တာခဲ့ကြသောကြောင့်သာ ဖြစ်ပါသည်။ ကျွန်တော်တို့သည်လည်း ခရီးကို သွားနေကြသော သူတို့အား အလားတူ ချစ်ခင်ကြင်နာမှုမျိုးဖြင့် ကျန်ရစ်ခဲ့ကြပါသည်။

**An Old Lady and a Young Lady**
**by Roger Rosenblatt.**
**Time, September 15, 1997.**

**နွယ်နီ မဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၁၉၉၇။**

# ဂါစီယာ–လော်ကာ (စပိန်)

(၁၈၉၈–၁၉၃၆)

**မောင်သစ်တည်**

ဂါစီယာ လော်ကာကို ၁၈၉၈ ခု၊ ဇွန်လ ၅ ရက်နေ့တွင် စပိန်ပြည်၊ ဂရာနဒါနယ်၌ မွေးသည်။ သူ့အဖေက ချမ်းသာသော လယ်သမားတစ်ဦး ဖြစ်သည်။ မြင်းစီးကောင်းသည်။ အမေက မျိုးကြီးဆွေကြီးမှ ဆင်းသက်လာသူ ဖြစ်သည်ဟု လော်ကာက ပြောဖူးသည်။ ညီအစ်ကိုနှစ်ယောက်နှင့် ညီအစ်မနှစ်ယောက် ပေါင်း မွေးချင်းလေးယောက်အနက် လော်ကာက သားကြီး ဩရသ ဖြစ်သည်။ မွေးပြီးမကြာမီ အကြီးအကျယ်မမာသဖြင့် လေးနှစ်သားအထိ လမ်းမလျှောက်နိုင်။ ထိုဒဏ်ကြောင့် ကြီးပြင်းလာသည် အထိ ခြေတစ်ဖက်မသန်ဘဲ ဖြစ်နေသည်။ ထိုသို့မသန်မစွမ်း ဖြစ်နေသဖြင့် တခြားကလေးများနှင့် မကစားနိုင်။ အပေါင်းအသင်းမရှိ။ ထို့ကြောင့် သူ့စိတ်ဓာတ်သည် တစ်မျိုးပြောင်းလာသည်။ စိတ်ကူးဉာဏ် ပိုထက်သန်လာသည်။ အသိအမြင် ထက်သန်လာသည်။ အရုပ်ကလေးများ၊ ရုပ်သေးရုပ်ကလေးများနှင့် အချိန်ကုန်သည်။ အိမ်က အစေခံများနှင့် ညီ ညီမများကို အဝတ်အစားဆင်ကာ ပြဇာတ်တိုများကသည်။ ပြဇာတ်များကို သူ ကိုယ်တိုင် ရေးသည်။ ထိုစဉ်ကစ၍ လော်ကာသည် ပြဇာတ်တွင် ဝါသနာ ထုံလာခဲ့ခြင်း ဖြစ်သည်။

သူ ငယ်ငယ်က ကျောင်းစာတွင် ထက်ထက်မြက်မြက် မရှိလှ။ ကျောင်းဆရာမ လုပ်ခဲ့ဖူးသည့် သူ့အမေက ကကြီး ကခွေး သင်ပေးသည်။

သင်ခန်းစာများ သင်ပေးသည်။ လော်ကာကလေးသည် ယာတောတွင် အချိန်ကုန်ရသည်။ ခြေလက်မသန်စွမ်းသဖြင့် ဝေးဝေးလံလံ မသွားနိုင်။ ယာတောက ဘဝသည် သူ့ဘဝဖြစ်သည်။ ကျေးလက်ရှုခင်းများနှင့် ရင်းနှီးလာသည်။ အင်ဒါလူစီယန်း အစဉ်အလာတို့ ကြွယ်ဝသော ကျေးလက်ဘဝကို ကောင်းကောင်း နားလည်ခွင့် ရခဲ့သည်။ စကားမပြောတတ်မီကတည်းက အင်ဒါလူစီယန်း တေးသွားများကို ညည်းတတ်နေပြီ။ အစေခံများထံမှ ကျေးလက်ပုံပြင်များ၊ ဇာတ်လမ်းကဗျာ (ဘောလက်)များကို ကြားရသည်။ ကျေးလက်၏ဘဝသည် သူ့အသွေးအသားထဲတွင် စိမ့်ဝင်နေခဲ့သည်။ နောင်ကြီးပြင်းလာသည့်အခါတွင် ထိုအရာများသည် သူ့ကဗျာ၏အသွေးအသား၊ ကျောရိုးမဏ္ဍိုင်များ ဖြစ်လာခဲ့သည်။

လော်ကာ ကျောင်းထားချိန်သို့ ရောက်သော် သူ့မိဘများလည်း ဂရာနဒါမြို့သို့ ပြောင်းခဲ့ကြသည်။ ဂရာနဒါတက္ကသိုလ်သို့ ဝင်ရောက်ခဲ့သည်။ သို့ရာတွင် ဘွဲ့မရခဲ့။ မက်ဒရစ်တက္ကသိုလ်သို့ သွား၍တက်သော်လည်း သင်တန်းများ မပြီးခဲ့။ လော်ကာသည် ကျောင်းစာတွင် စိတ်ဝင်စားသူ မဟုတ်။ သူက တက္ကသိုလ်ပရဝဏ်တွင် မပျော်။ ကဖီးများတွင် သူငယ်ချင်းများနှင့် ထိုင်၍ စကားပြောရခြင်းကို ပျော်ပိုက်သည်။ ကျေးလက်အနှံ့ လျှောက်သွားရသည်ကို သဘောကျသည်။ ဂရာနဒါမြို့က ပန်းခြံတွေထဲမှာ လျှောက်လည်ရသည်ကို ခုံမင်သည်။ ရှေးဟောင်း အင်ဒါလူစီယန်း ယဉ်ကျေးမှုများ၊ ထုံးစံဓလေ့များ လိုက်ရှာရခြင်းကို နှစ်ခြိုက်သည်။ သူ့ကဗျာစိတ်ကို နှိုးဆွပေးသူများဖြစ်သည့် ဂျစ်ပစီများ၏ဘဝကို စိတ်ဝင်စားသည်။

လော်ကာက ကဗျာနှင့် ပြဇာတ်ကိုသာမက ဂီတကိုလည်း ဝါသနာပါသည်။ တက္ကသိုလ်ကျောင်းသားဘဝတွင် စန္ဒရားအတီးသင်သည်။ ဂစ်တာလည်း သင်သည်။ သူ့ဂီတဆရာက နာမည်ကျော် စပိန်ဂီတဆရာ မာနျူယယ် ဒေဖာလာ ဖြစ်သည်။ ကျေးလက်သီချင်းများကို စုဆောင်း၍ အသံသွင်းရာတွင် သူကပင် လော်ကာကို ရှေ့ဆောင်ခဲ့သည်။

လော်ကာက ကျောင်းစာကို မဖတ်။ အပြင်စာတွေကိုချည်း ဖတ်သည်။ ဂရိပြဇာတ်ကြီးများ၊ စပိန် ဂန္ထဝင်စာပေများ၊ ရှိတ်စပီးယားနှင့် အိဗ်ဆန်တို့၏ ပြဇာတ်များကို ဖတ်သည်။ ခေတ်ပြိုင် စပိန်ကဗျာများကိုလည်း

ဖတ်သည်။ ဂရာနဒါတွင် သူ့အပေါင်းအသင်းများမှာ ပန်းချီဆရာ၊ ပန်းပုဆရာ၊ ဂီတဆရာနှင့် ကဗျာဆရာများ ဖြစ်ကြသည်။ သူ့ဂီတဆရာ ဒေဖာလာနှင့်တွဲ၍ စပိန်တောင်ပိုင်းက အစဉ်အလာဖြစ်သော တေးသံပွဲတော် ကျင်းပသည်။ ဤတွင် ဂျစ်ပစီကချေသည်များ၊ ဂျစ်ပစီအဆိုတော်များနှင့် ပို၍နီးစပ်လာသည်။

နောက်တစ်နှစ်တွင် လော်ကာ မက်ဒရစ်သို့ သွား၍ပညာသင်သည်။ သို့ရာတွင် မက်ဒရစ်တွင်လည်း လော်ကာ စာမသင်ဖြစ်။ မက်ဒရစ်တွင် လစ်ဘရယ် အစဉ်အလာရှိသော လေ့လာရေးအသင်းတစ်သင်းသို့ လော်ကာ ဝင်သည်။ ထိုအသင်းတွင် နာမည်ကျော် စပိန်ကဗျာဆရာများ ဖြစ်သော မာရှားဒိုး၊ ဇင်မီနေ့ဇ်၊ ဗီလာ၊ ဆာလီနာ့စ်၊ အယ်လ်ဘာတီ၊ ဂွီလင် စသူတို့လည်း ပါကြသည်။ ထိုကဗျာဆရာတစ်သိုက်နှင့် လော်ကာ အပေါင်းအသင်းဖြစ်သွားသည်။ မက်ဒရစ်တွင်နေစဉ် ပြဇာတ်များရေးသည်။ စန္ဒရားဖြင့် အသံသွင်းသည်။ ပန်းချီဆွဲသည်။ ကျေးလက်ကဗျာများကို စုဆောင်း၍ အသံသွင်းသည်။ သူရေးသည့် ကဗျာများကိုလည်း ရွတ်သည်။ မက်ဒရစ်တွင် ကဗျာဆရာများနှင့်သာမက စပိန်ပညာတတ်များ၊ ကမ္ဘာကျော်ပုဂ္ဂိုလ်များနှင့်လည်း သိကျွမ်း ရင်းနှီးခွင့်ရခဲ့သည်။ ပြင်သစ်ကဗျာဆရာ ဗာလေရီ၊ အာရဂွန်၊ အင်္ဂလိပ်စာရေးဆရာ ချက်စတာတန်၊ အမေရိကန် ဘောဂဗေဒပါရဂူ ကိန်းစ်၊ အင်္ဂလိပ်စာရေးဆရာ အိပ်-ဂျီ-ဝဲလ်စ် စသည်…။

ထိုအချိန်က ကမ္ဘာတွင် ခေတ်စားနေသော စာပေဝါဒများလည်း မက်ဒရစ်က စာပေအနုပညာရှင်များကိုလာ၍ ရိုက်ခတ်ကြသည်။ အနာဂတ်ဝါဒ၊ အမှန်လွန်ဝါဒ၊ ဒါဒါဝါဒ စသည်တို့ဖြစ်သည်။ အစသော် ထိုစာပေဝါဒများကို လော်ကာ စိတ်မဝင်စား။ ဘယ်ဂိုဏ်းတွင်မှ မပါဘဲ ခပ်ကင်းကင်း နေသည်။ အမှန်လွန်ဝါဒ ဂိုဏ်းခေါင်းဆောင် ပန်းချီဆရာ ဒါလီနှင့် တွေ့တော့မှ စာပေရေစီးကြောင်းများကို လော်ကာ စိတ်ဝင်စားလာသည်။ သူတို့ဟန်တွေကို ယူသည်။ သို့ရာတွင် လော်ကာယူပုံက သူ့နည်းသူ့ဟန်ဖြင့် ယူခြင်းဖြစ်သည်။ သူတို့ကဗျာဝါဒကို သူ့စိတ်ကူးဖြင့်ပေါင်းကာ ကိုယ်ပိုင်ဟန်ဖြစ်အောင် လုပ်ယူသည်။ ခေတ်ပေါ်ကဗျာဝါဒကို သူ့အသွေးအသားထဲတွင် စိမ့်ဝင်နေသော ကျေးလက်သီချင်းများ၊ ဂျစ်ပစီတေးများနှင့် ပေါင်းစပ်

ရောမွေ့ကာ ကိုယ်ပိုင်ဟန်ဖြစ်အောင် လုပ်သည်။ တမင်လုပ်ယူရခြင်းမျိုး မဟုတ်။ အလိုအလျောက် ရောစပ်သွားခြင်းဖြစ်သည်။ အင်ဒါလူစီယန်း ကျေးလက်သီချင်းများကို လော်ကာက သူ့ကိုယ်ပိုင်ကဗျာ ဖြစ်အောင် ပြန်၍ ဖန်တီးပုံနှင့်ပတ်သက်၍ ဂွီလာမို ဒေတိုရေက 'လော်ကာဟာ ကျေးလက် သီချင်းတွေကို ဆိုတယ်၊ ကျေးလက်သီချင်းတွေအကြောင်းကို တွေးတယ်၊ နောက်တစ်ခါ ပြန်ပြီးရှာတွေ့တယ်။ တစ်လုံးတည်းပြောရရင် ကျေးလက် သီချင်းတွေကို ကဗျာအဖြစ် ပြောင်းပစ်တယ်' ဟု ပြောဖူးသည်။

တစ်ခါက ဆီယာရာနီဗာဒါးနယ်သို့ ခရီးထွက်စဉ် လားဝန်တင်မောင်း သမားများ ဆိုသည့် တေးတစ်ပုဒ်ကို လော်ကာကြားခဲ့သည်။ နောင်တွင် ထိုသီချင်း အစပိုဒ်တစ်ပိုဒ်သည် လော်ကာ၏ကဗျာ တစ်ပုဒ်တွင် ပါလာ သည်။ သို့ရာတွင် လော်ကာကိုယ်တိုင် ဤသီချင်းကို သတိရ၍ထည့်စပ်ခြင်း မဟုတ်။ ထိုသီချင်းကို အမှတ်လည်းမရတော့။ သူ့အလိုအလျောက် ပေါ်လာ ကာ ကဗျာထဲတွင် ပါသွားခြင်းဖြစ်သည်။

လော်ကာ၏ ကဗျာစာအုပ်ကို ၁၉၂၁ ခုနှစ်တွင် ပထမဆုံး ထုတ် သည်။ လူသိမများလှ။ သူကိုယ်တိုင်ကလည်း ပုံနှိပ်ထုတ်ဝေလိုစိတ် မရှိ။ အပေါင်းအသင်းများက အတင်းရေးခိုင်းပြီး အတင်းထုတ်ပေးကြသဖြင့် စာအုပ်ဖြစ်လာခြင်း ဖြစ်သည်။ ၁၉၂၇ ခုနှစ်တွင် ဒုတိယ ကဗျာစာအုပ် ထုတ်သည်။ လော်ကာက ကဗျာကို ရွတ်ဆိုချင်သည်။ ဖတ်ရုံဖြင့် အရသာ မပေါ်။ ကဗျာဟူသည် သက်ရှိလူတစ်ယောက်က အဓိပ္ပာယ်ဖွင့်ပြဖို့ (ရွတ်ပြ ဖို့) လိုသည်ဟု လော်ကာက ယူဆသည်။ အသံမှတစ်ဆင့် (အကြားမှ တစ်ဆင့်) အဓိပ္ပာယ်ရှာမှသာလျှင် စကားလုံး၏အဓိပ္ပာယ်သည် အပြည့်အဝ ပေါ်လာနိုင်သည်ဟု လော်ကာက ယူဆသည်။ ဝေလနယ်သား ကဗျာဆရာ ဒီလန် တောမတ်စ်၏ အယူအဆနှင့် တူသည်။ သူတို့နှစ်ယောက်စလုံး ဂီတာအစဉ်အလာ၊ အသံအစဉ်အလာလွှမ်းမိုးရာ လူမျိုးများအကြားတွင် မွေး ဖွား ကြီးပြင်းလာသူများ ဖြစ်ကြသည်။

လော်ကာက ကဗျာပြဇာတ်များလည်း ရေးသေးသည်။ 'လိပ်ပြာ၏ မကောင်းဆိုးဝါးမန္တန်' ဆိုသည့် ပြဇာတ်မှာ လော်ကာ၏ ပထမဆုံးပြဇာတ်

ဖြစ်သည်။ ၁၉၂၇ ခုနှစ်တွင် မက်ဒရစ်မြို့၌ ကဗျာပြဇာတ်တစ်ပုဒ် ရုံတင်ရာ လူကြိုက်များသွားသည်။ ၁၉၂၈ ခုနှစ်တွင် ဂျစ်ပစီများ၏ အကြောင်းကို ဘောလက်များရေးသည်။ သူ့ဘောလက်များကို စပိန်ပြည်တွင်သာမက စပိန်ပြော လက်တင်အမေရိကန် တိုင်းပြည်များကလည်း နှစ်ခြိုက်ကြသည်။ သူ့ဇာတ်လမ်း ကဗျာများ (ဘောလက်)များတွင် လော်ကာ၏ ကဗျာအရည်အသွေးကို တွေ့နိုင်သည်။ လော်ကာက အာရုံခံစားနိုင်စွမ်း ထက်မြက်သည်။ စိတ်ထိခိုက်လွယ်သည်။ ဂျစ်ပစီ ဒဏ္ဍာရီပုံပြင်များကို နိုင်နင်းသည်။ အနိစ္စတရားကို ဆင်ခြင်နိုင်စွမ်းရှိသည်။ သူ့ရူပကအလင်္ကာများ၊ ဥပမာအလင်္ကာများက ဂုဏ်မြောက်သည်။ ဤသည်တို့ကြောင့် သူ့ကဗျာများကို လူကြိုက်များလာခြင်း ဖြစ်သည်။ သူ့ကဗျာများက အနုပညာအဆင့်အတန်းလည်း မြင့်သည်။ အဆင့်အတန်းမြင့်သော်လည်း နားလည်လွယ်သည်။ ရှေးရိုးအစဉ်အလာကို ထိန်းသိမ်းသည်။ အစဉ်အလာထိန်းသိမ်းသော်လည်း ခေတ်မီသည်။ ဤသို့ဖြင့် သူ့ကဗျာများတွင် အတိုက်အခံဖြစ်နေသော အရည်အချင်းနှစ်ခု ပေါင်းစည်းနေကြသည်။ ပဋိပက္ခများ ပြွမ်းနေကြသည်။ စကားလုံးများနှင့် အသံများက သူ့ကဗျာရုပ်လုံးများကို ကြွတက်လာစေသည်။

၁၉၂၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ လော်ကာ ခရီးထွက်သည်။ ကိုလံဘီယာတက္ကသိုလ်တွင် အင်္ဂလိပ်စာသင်တန်း တက်သည်။ သို့ရာတွင် စိတ်ပျက်ကာ တစ်ပတ်အကြာတွင် သင်တန်းမှ ထွက်ပစ်လိုက်သည်။ အပြန်တွင် နယူးယောက်မြို့အကြောင်းကို ကဗျာဖွဲ့သည်။

''စေးပျစ်တဲ့သွေးကို ကြည့်ဖို့
ကျုပ်လာခဲ့တယ်
စက်ယန္တရားများကို
မျက်လုံးက တိမ်သလ္လာဆီ ပို့ပေးတဲ့
သွေးကိုကြည့်ဖို့
ကျုပ်တို့ ဝိညာဉ်ကို
မြေအောက်ရဲ့လျှာဆီ ပို့ပေးမယ့်
သွေးကိုကြည့်ဖို့
ကျုပ်လာခဲ့တယ်''ဟု လော်ကာက ရေးသည်။

"နယူးယောက်မြို့ဟာ လူလွန်ဗိသုကာမှု၊ ဒေါသထွက်နေတဲ့ နရီ၊ ဂဲသြ မေထရီနဲ့ စိတ်ပျက်ညစ်ညူးခြင်းတို့ရဲ့မြို့"ဟု သူက ရေးသည်။ နယူးယောက်မြို့၏ လူနေမှုစနစ်က ရှုပ်ထွေးပွေလီသည်။ ဆန်းပြားသည်။ ဆန်းပြားသော အကြောင်းအရာကို ဆန်းပြားသည့် အမှန်လွန်နိမိတ်ပုံများဖြင့် ကဗျာဖွဲ့သည်။

၁၉၃၀ ပြည့်နှစ်တွင် ကျူးဘားသို့သွားကာ ဟာဗားနားတွင် စာပေဟောပြောပွဲများ လုပ်သည်။ ကျူးဘားနိုင်ငံကို 'တောက်လောင်တဲ့ နေမင်းရဲ့ ကျွန်းလှတစ်ကျွန်း'ဟု လော်ကာက ခေါ်သည်။ ကျူးဘားမှ စပိန်ပြည်သို့ ပြန်ရောက်လာသောအခါ ဂရာနဒါ၌ သူ့အဖေအိမ်တွင် နေကာ ကဗျာပြဇာတ်များ ရေးသည်။ (ဖိနပ်ချုပ်သမား၏ အံ့ဖွယ်မယား၊ သွေးမင်္ဂလာဆောင်၊ ယာမ၊ ဘာနာဒါ အယ်လ်ဘာ၏ဂေဟာ၊ ပန်းပွင့်တို့၏ ဘာသာစကား စသည်...)

လော်ကာသည် ကဗျာဆရာ၊ ပြဇာတ်ရေးဆရာအဖြစ် များစွာ အောင်မြင်နေသည်။ ထိုစဉ် စပိန်ပြည်တွင်းစစ် ဖြစ်လာသည်။ ပြည်တွင်းစစ်တွင် ဘုရင့်ဂိုဏ်းကိုဆန့်ကျင်ကာ သမ္မတဂိုဏ်းသားများကို ထောက်ခံသည်။ ၁၉၃၆ ခု၊ ဇူလိုင်လတွင် အမည်မသိ နိုင်ငံရေးလူဆိုးများ၏ ချောင်းမြောင်း သတ်ဖြတ်ခြင်း ခံရသည်။

## အစိမ်းရောင် အချစ်

အစိမ်းငှဲ့ အစိမ်းရောင် အချစ်ငှဲ့
အစိမ်းရောင် လေရယ် အစိမ်းရောင် သစ်ကိုင်းများရယ်
ပင်လယ်ပြင်က သင်္ဘောရယ် တောင်ပေါ်က မြင်းရယ်
ခါးပေါ်မှာ အရိပ်တစ်ခုဆင်ပြီး
အစိမ်းရောင်အသား အစိမ်းရောင်ဆံပင်
အေးစက်တဲ့ ငွေရောင်မျက်လုံးတွေနဲ့
လသာဆောင်ပေါ်မှာ အိပ်မက်မက်နေရှာလေရဲ့
အစိမ်းငှဲ့ အစိမ်းရောင်အချစ်ငှဲ့
ဂျစ်ပစီ လမင်းရဲ့အောက်မှာ

အရာဝတ္ထုအပေါင်းက သူငယ်မကို ကြည့်နေကြလေရဲ့
ဒါပေမဲ့ သူတို့ရဲ့အကြည့်တွေကို သူငယ်မ မတုံ့ပြန်နိုင်ရှာတော့ပြီ
အစိမ်းငွဲ့ အစိမ်းရောင် အချစ်ငွဲ့
နှင်းမှုန်းကြယ်တာရာတွေက
အရဏ်လမ်းကို ဖောက်ပေးမယ့်
အရိပ်ငါးတွေနဲ့အတူ ပေါ်လာကြပေါ့
သဖန်းပင်ဟာ လေကို
သူ့သစ်ရွက်ကော်ပတ်တွေနဲ့ တိုက်စားနေလေရဲ့
ခိုးဝှက်တဲ့ကြောင် (လို) တောင်တန်းက
သူ့ရဲ့ချွန်စူးစူး ရှားစောင်းပြာသာဒ်ပင်တွေကို ထိုးထောင်စေလို့
ဒါပေမဲ့ ဘယ်သူများလာမှာလေလဲ ဘယ်လမ်းက လေလဲ
လသာဆောင်ပေါ်မှာ
အစိမ်းရောင်အသား အစိမ်းရောင်ဆံပင်နဲ့ သူငယ်မဟာ
ခါးအန်တဲ့ ပင်လယ်ကြီးအကြောင်းကို တွေးနေတယ်

'အို... မိတ်ဆွေ ခင်ဗျား အိမ်နဲ့ ကျွန်တော့်မြင်းကို လဲပါ့
ခင်ဗျားမှန်နဲ့ ကျွန်တော့်ကုန်းနှီးကို လဲပါ့
ခင်ဗျားဓောင်နဲ့ ကျွန်တော့်ဓားမြှောင်ကို လဲပါ့
ကျွန်တော့်ကိုယ်မှာ သွေးသံတွေ ယိုစီးလို့
ကျွန်တော်ဟာ ကက်ဗာရာတောင်ကြားလမ်းကို
ဖြတ်လာခဲ့ရသူပါ'တဲ့

'အို... လူရွယ် ငါတတ်နိုင်ရင်
လဲချင်ပါရဲ့
ဒါပေမဲ့ ငါ့ကိုယ်ဟာ ငါမဟုတ်တော့
ငါ့အိမ်ဟာ ငါ့အိမ်မဟုတ်တော့'

'အို... မိတ်ဆွေ
အိပ်ရာထက်မှာ
ကျွန်တော် ကောင်းကောင်းမွန်မွန် သေပါရစေ

ဖြစ်နိုင်ရင် သံခုတင်ကလေးပေါ်မှာ
စောင်တစ်ထည်ခြုံပြီး
ကျွန်တော် သေပါရစေ
ရင်အုံကနေ လည်ပင်းထိရောက်တဲ့
ကျွန်တော့်ဒဏ်ရာကို ကြည့်ပါ'

'ဖြူဖွေးတဲ့ သင့်ရှပ်အင်္ကျီရှေ့မှာ
နီညိုရောင် နှင်းဆီပွင့် သုံးရာရှိလေရဲ့
သင့်စလွယ်တစ်ဝိုက်မှာ
သွေးစိမ်တို့ ညှီဟောက် ယိုစီးနေလေရဲ့
ဒါပေမဲ့ ငါ့ကိုယ်ဟာ ငါမဟုတ်တော့
ငါ့အိမ်ဟာ ငါ့အိမ်မဟုတ်တော့'

'ဆင်ဝင်အမြင့်တွေဆီ ရောက်အောင်
ကျွန်တော် တက်ပါရစေ
အစိမ်းရောင် ဆင်ဝင်တွေရောက်အောင်
ကျွန်တော် သွားပါရစေ
ရေလှိုင်းသံတွေ ပွဲတင်ခတ်တဲ့
လမင်းရဲ့ ဝရန်တာတွေဆီ ရောက်အောင်လေ'

ဆင်ဝင်အမြင့်တွေဆီကို
လူနှစ်ယောက် တက်သွားကြလေရဲ့
သွေးလမ်းကြောင်းနဲ့
မျက်ရည်လမ်းကြောင်းတွေ ဖြစ်ကျန်ရစ်ခဲ့ကြသတဲ့
ခေါင်မိုးပေါ်မှာ
သံဖြူမီးအိမ်ကလေးတွေ လင်းလို့
ဖန်စီပုံပြား တစ်ထောင်က
အရုဏ်ဦးကို ဒဏ်ရာအနာတရဖြစ်အောင်
လုပ်နေကြတယ်။

အစိမ်းငဲ့ အစိမ်းရောင် အချစ်ငဲ့
အစိမ်းရောင်လေရယ် အစိမ်းရောင်သစ်ကိုင်းများရယ်
လှူနှစ်ယောက်ရယ် (ဆင်ဝင်ကို) တက်လာကြတယ်
အမိုးပေါ်မှာတော့
လေဟာ
ပါးစပ်ထဲမှာ စိမ်းရွှေရွှေ ပိုးစိမ်းကောင်နဲ့ရယ်
ပူဒီနံနဲ့ရယ် ပင်စိမ်းနံ့ရယ်တို့ကို
ထားခဲ့ပြီး ထွက်သွားလေရဲ့

'မိတ်ဆွေ သူ ဘယ်မှာလဲ ပြောပြပါ
ခင်ဗျားရဲ့ ခါးသီးတဲ့ သမီးငယ် ဘယ်မှာလဲ'
'မင်းကို သူ စောင့်ခဲ့တယ်
မင်းကို သူ ကြိုခဲ့တယ်
ဟောဒီ အစိမ်းရောင် ဝရန်တာပေါ်မှာ
ဖြူဝင်းတဲ့ အသားအရေ နက်မှောင်တဲ့ဆံပင်နဲ့
မင်းကို စောင့်ခဲ့ပါတယ်'

ကန်ရေပြင်မှာ
ဂျစ်ပစီမိန်းမငယ်ဟာ မျောလို့နေတယ်
အစိမ်းရောင်အသား အစိမ်းရောင်ဆံပင်
အေးစက်တဲ့ ငွေရောင်မျက်လုံးတွေနဲ့
လ ရေခဲတုံးက သူ့ကို ရေပေါ်မှာ
ပေါ်လောမျောအောင် မထားတယ်
ပန်းခြံငယ်လေးတစ်ခုကို ရင်းနှီးသလို
ညကို (သူ) ရင်းနှီးလာတယ်
အရက်မူးနေတဲ့ ရဲသားတွေက
တံခါးကို ထုရိုက်နေကြပြီ
အစိမ်းငဲ့ အစိမ်းရောင် အချစ်ငဲ့

အစိမ်းရောင်လေရယ် အစိမ်းရောင် သစ်ကိုင်းတွေရယ်
ပင်လယ်ပြင်ပေါ်က သင်္ဘောရယ်
ပြီးတော့ တောင်ပေါ်က မြင်းရယ်။ ။

(Garcia Lorca ၏ Somnambular Ballad.)

## လမင်းရဲ့ တစ်ကိုယ်တော် စကားပြောခန်း

ငါဟာ မြစ်ပြင်ရဲ့ဝိုင်းစက်တဲ့ ငွေနမ်း
ဘုရားရှိခိုးကျောင်းတွေရဲ့ မျက်လုံး
သစ်ရွက်တွေပေါ်က အရဏ်အတု
(ငါ့ထံက) ဘယ်သူလွတ်အောင် ထွက်ပြေးနိုင်သလဲ
ဘယ်သူရှောင်ပုန်းနိုင်သလဲ
တောင်ကြားက ချုံတွေထဲမှာ
ဘယ်သူရှိုက်ငိုသလဲ
လေပြည်ထဲမှာ
လမင်းက ဓားမြှောင်တစ်ချောင်းကို စွန့်ပစ်ခဲ့တယ်
(လေဟာ) ခဲသားရဲ့ ချုံခိုတိုက်မှုဖြစ်လို့
(လရောင်ခမျာ) သွေးငိုချင်းချချင်တယ်
ငါဝင်လာပါရစေတော့
နံရံတွေ ပြတင်းမှန်တွေ တစ်လျှောက်မှာ
ငါလျှောဆင်းခဲ့ရတာ
သွေးခဲမတတ် အေးလှပြီ
ငါ နွေးနွေးထွေးထွေးနေနိုင်အောင်
အိမ်မိုးတွေကို ဖွင့်ပေးပါတော့
ရင်အုံတွေကို ဖွင့်ပေးပါတော့
ငါ ချမ်းလှပြီ
ငါရဲ့အိပ်ပျော်နေတဲ့ သတ္တုပြာမှုန်တွေဟာ
တောင်ကုန်းတွေ၊ လမ်းမတွေပေါ်မှာ

မီးလျှံညွန့်ကို လိုက်ရှာနေကြတယ်
ဒါပေမဲ့ နှင်းပွင့်တွေက ငါ့ကို
သူတို့ရဲ့ မဟူရာ ပခုံးထက်မှာ ထမ်းထားကြတယ်
ရေကန်တွေထဲက ရေတွေက
ငါ့ကို ဆွဲနှစ်ကြတယ်
ဒီနေ့ညကျရင်
ငါ့ပါးပြင်တွေပေါ်နဲ့
လေရဲ့ကျယ်ပြန့်တဲ့ ခြေထောက်ကြီးတွေအောက်
ပြွတ်သိပ်နေတဲ့ ကျူပင်တွေပေါ်မှာ
သွေးနီတွေ စီးကျတော့မယ်
အရိပ်မရှိပါစေနဲ့
အမိုးအကာ မရှိပါစေနဲ့
သူတို့လည်း ပြေးမလွတ်စေရဘူး
ရင်အုံ တစ်အုံထဲကိုဝင်ပြီး
ငါ့ကိုယ်ငါ နွေးထွေးချင်တယ်
ပူနွေးတဲ့ နှလုံးသားတစ်ခု
ငါ့ရင်အုံ တောင်ထွတ်တွေပေါ်ကို
ဖြန့်မိုးပေးမယ့် နှလုံးသားတစ်ခု
ငါလိုချင်ပါဘိ
ငါနားပရစေ ငါနိုပရစေ
(သစ်ကိုင်းများဘက်သို့ လှည့်၍)
ဘယ်အရိပ်ကိုမှ ငါမလိုချင်
ငါ့ရောင်ခြည်တွေဟာ
နေရာအနှံ့ ထိုးဖောက်သွားစေရမယ်
မည်းနက်တဲ့ ညှာတံတွေပေါ်မှာ
ကြီးကျယ်ခမ်းနားခြင်းရဲ့ ညည်းတွားသံတွေ ပေါ်စေရမယ်
ညကျရင်
ငါ့ပါးပြင်များပေါ်နဲ့

လေရဲ့ ကျယ်ပြန့်တဲ့ ခြေထောက်တွေအောက်
ပြွတ်သိပ်နေတဲ့ ကျူပင်များပေါ်မှာ
ချိုမြိန်တဲ့ သွေးတွေ စီးကျတော့မယ်
ဘယ်သူလွတ်အောင် ပုန်းနိုင်ကြမလဲ။
ထွက်ခဲ့ကြတော့
မြင်းကို စိန်ရောင်တလျှပ်လျှပ်ထအောင်
ငါလုပ်ပြလိုက်မယ်။ ။

**(Garcia Lorca ၏ Monologue of the Moon.)**

## တေးသစ်များ

'အရိပ်တစ်ခု တော်တယ်'လို့
ညနေခင်းက ပြောတယ်
'ရှန်းလက်တဲ့ကြယ်တွေ တော်တယ်'လို့
လမင်းက ပြောတယ်
ကျောက်သလင်းလိုကြည်တဲ့ ရေပန်းတွေက
နှုတ်ခမ်းတွေကို တောင့်တပြီး
လေပြည်က သက်ပြင်းချသံကို
လိုချင်ပါသတဲ့
ငါကတော့
မွှေးမြထုံရီတဲ့ ရနံ့နဲ့ ရယ်မောသံကိုတော်တယ်
လမင်းတွေနဲ့ ကြာပန်းတွေမပါတဲ့
တေးသစ်တွေကို တော်တယ်
နွမ်းကြေတဲ့ အချစ်ခန်းမပါတဲ့
တေးသစ်တွေကို တော်တယ်
ငြိမ်သက်တဲ့
အနာဂတ်ရေပြင်တွေကို
လှုပ်ရှားစေမယ့် တေးသစ်တစ်ပုဒ်
အနာဂတ်ရေပြင်ရဲ့ လှိုင်းတွန့်များနဲ့ နှံ့နှစ်များကို

မျှော်လင့်ချက်နဲ့ အားဖြည့်ပေးမယ့်
မနက်ဖြန်ခါရဲ့ တေးသစ်တစ်ပုဒ်ကို ငါငတ်တယ်
အတွေးလဲကြွယ်
နောင်တနဲ့ သံဝေလည်းမပါ
ဆန်းကြယ်တဲ့ အိပ်မက်တွေလည်း မပါတဲ့
တောက်ပရွှန်းလက်ပြီး သံမဏိသားကျတဲ့
တေးသစ်တစ်ပုဒ်ကို ငါငတ်တယ်
တိတ်ဆိတ်ခြင်းကို ရယ်သံတွေဖြည့်ပေးမယ့်
ကဗျာ အသွေးအသားတွေမပါတဲ့
တေးတစ်ပုဒ်ကို ငါငတ်တယ်
(မသိနိုင်တဲ့ အရာဆီကို လွင့်သွားတဲ့
မျက်ကန်းခိုတွေရဲ့ ပျံသန်းမှုလို)
အရာဝတ္ထုတွေရဲ့ ဝိညာဉ်
လေတွေရဲ့ ဝိညာဉ်ဆီကို ရောက်တဲ့တေးတစ်ပုဒ်
ထာဝရနှလုံးသားရဲ့ ရွှင်လန်းကြည်နူးမှုမှာ
နောက်ဆုံးပိတ် နားခိုနေမယ့်
တေးတစ်ပုဒ်ကို ငါငတ်တယ်။ ။

**(Garcia Lorca ၏ New Songs.)**

## ခြောက်သယောင်းနေတဲ့ လိမ္မော်ပင်

သစ်ခုတ်သမားငဲ့
ငါ့အရိပ်ကို ခုတ်ဖြတ်ပစ်ပါတော့
အသီးကင်းစွာ နေရခြင်းဆင်းရဲမှ
ငါ့ကို လွတ်မြောက်စေပါတော့
ဘာ့ကြောင့်များ မှန်တွေပတ်လည်ရံပြီး
ငါမွေးဖွားလာရပါလိမ့်
နေ့က ငါ့ကို လှည့်ပတ်သွားနေတယ်
ညက သူ့ရဲ့ကြယ်ပွင့်တွေထဲမှာ

ငါ့ကို အသစ်ပြန်ဖြစ်အောင် ထုတ်လုပ်နေတယ်
ငါ့ကိုယ်ငါ ပြန်မမြင်ရဘဲ
အသက်ရှင်နေချင်စမ်းပါဘိ
ပုရွက်ဆိတ်များနဲ့ သိမ်းငှက်များဟာ
ငါ့အရွက်များနဲ့ ငါ့ငှက်များ ဖြစ်စမ်းပါဘိ
သစ်ခုတ်သမားငဲ့
ငါ့အရိပ်ကို ခုတ်ဖြတ်ပစ်ပါတော့
အသီးကင်းစွာ နေရခြင်း ဆင်းရဲမှ
ငါ့ကို လွတ်မြောက်စေပါတော့။ ။

**(Garcia Lorca ၏ Song of The Withered Orange tree.)**

ဂါစီယာ လော်ကာ၏ မူရင်းကဗျာအမည်မှာ 'အိပ်ပျော်ရင်း လမ်းလျှောက်သူ၏ တေးချင်း'ဖြစ်သည်။ 'အစိမ်းရောင်အချစ်'မှာ မြန်မာပြန်သူက ပေးထားသည့်ခေါင်းစဉ် ဖြစ်သည်။ ကဗျာမှာ ဘောလက်ဟုခေါ်သော ဇာတ်လမ်းကဗျာ ဖြစ်သည်။ အဖြစ်အပျက်ကလေးတစ်ခုကို ကဗျာဖြင့် ဖော်ပြထားခြင်း ဖြစ်သည်။

ကဗျာဆရာ ရာဖီယဲ အယ်လ်ဘာတီက ဤကဗျာသည် ခေတ်သစ်စပိန်စာပေတွင် အကောင်းဆုံးဘောလက် တစ်ပုဒ်ဖြစ်သည်ဟု ပြောဖူးသည်။ ကဗျာထဲတွင် လျှို့ဝှက်မှုတွေ၊ သည်းထိတ်ရင်ဖိုစရာတွေ၊ သွေးထွက်သံယိုမှုတွေပါသည်။ တစ်ခါတွင် ကဗျာဆရာလော်ကာကိုယ်တိုင် ထိုကဗျာကို ရွတ်ပြသည်။ ထိုကဗျာရွတ်ပွဲသို့ စပိန်ပန်းချီဆရာ ဆာလ်ဗေဒို ဒါလီလည်း တက်သည်။ ဒါလီက ထိုကဗျာကို လက်ဖျား တခါခါဖြင့် ချီးကျူးသည်။ ''ဒီ ကဗျာမှာ ဇာတ်လမ်းပါတယ်လို့ ထင်ရပေမယ့် တကယ်က ဘာမှ ဇာတ်လမ်း ရှိတာမဟုတ်ဘူး''ဟု ပြောဖူးသည်။

ဤကဗျာကိုဖတ်လျှင် ကဗျာထဲကဇာတ်လမ်းကို မျက်စိထဲတွင် မြင်ယောင်လာသည်။ အိပ်မက်ထဲတွင် မြင်ရသလိုလို စိုးတိုးဝါးတား မှုန်းဝါးဝါး။ ထို့ကြောင့် လော်ကာက သူ့ကဗျာကို 'အိပ်ပျော်ရင်း လမ်းလျှောက်သူ၏ တေးချင်းတစ်ပုဒ်'ဟု အမည်ပေးခြင်း ဖြစ်ဟန်တူသည်။

ဇာတ်လမ်းက ရိုးရိုးလေးဖြစ်သည်။ သေနတ်ဒဏ်ရာ ရလာသည့် ဂျစ်ပစီ မှောင်ခိုသမားကလေးတစ်ယောက် တစ်ညတွင် သူ့ရည်းစားအိမ်သို့ ပြေးလာသည်။ နောက်က ရဲတွေက ထက်ကြပ်လိုက်လာကြသည်။ အိမ်ဝတွင် သူ့ရည်းစားအဖေနှင့် တွေ့၍ အကူအညီတောင်းသည်။ သူ့ရည်းစား၏ အဖေ တစ်စုံတစ်ရာကြောင့် ထိတ်လန့်တုန်လှုပ်နေသည်။ သူတို့နှစ်ယောက် တိုက် ခေါင်မိုးပေါ်သို့ တက်လာကြသည်။ တိုက်ခေါင်မိုးဝရန်တာတွင် လရောင်ဖြာကျနေသည်။ ရည်းစားသည် ဂျစ်ပစီမိန်းမငယ်သည် အဝေးမှ သစ်တောစိမ်းစိမ်းနှင့် ပင်လယ်စိမ်းစိမ်းတို့ကို ငေးကြည့်ကာ သူ့ရည်းစား သည် မှောင်ခိုသမားကို စောင့်ခဲ့သည်။ ယခု သူ့ရည်းစားသည် ဂျစ်ပစီ မှောင်ခိုသမား ရောက်လာပြီ။ သို့ရာတွင် ဂျစ်ပစီမိန်းမငယ် အသက်မရှိတော့။ တိုက်ခေါင်မိုးပေါ်က လရောင်ဖြာကျနေသော ရေကန်ထဲတွင် ပေါလောမျော နေပြီ။ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လိုက်ခြင်း ဖြစ်ပုံရသည်။ ဩကာသ လောကကြီးတစ်ခုလုံး ဆိတ်ငြိမ်နေသည်။ မိန်းမငယ်၏ အလောင်းကိုကြည့် ၍ သူ့အဖေ နှင့် မောင်ခိုသမား ရည်းစားသည်တို့လည်း ကြက်သေ သေနေ ကြသည်။ ဤအထိ ကဗျာသည် တိတ်ဆိတ်နေသည်။ ဖတ်ရသူ နာရသူ၏ ရင်ထဲတွင် လှိုက်ခြင်း၊ နက်နဲခြင်း၊ ဆန်းကြယ်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း စသည့် ဝေဒနာများကို ပေါ်ပေါက်စေသည်။ အရက်မူးနေသည့် ရဲများရောက် လာကာ တံခါးကို တဒုန်းဒုန်း ထုကြသည်။ ဤတွင် ကဗျာသည် ဆိတ်ငြိမ် နေရာမှ ဆူညံလာသည်။ အထွတ်အထိပ်သို့ ရောက်လာသည်။ မှောင်ခို သမားကို ဖမ်းမိသလော။ မှောင်ခိုသမားသည် သေနတ်ဒဏ်ရာဖြင့် သေဆုံး သွား သလော။ ရည်းစားသည်နည်းတူ ကန်ထဲသို့ ခုန်ဆင်း၍ အဆုံးစီရင် သလော။ ဤသည်ကို ကဗျာဆရာက ပြောမပြတော့။ အထွတ်အထိပ်ပိုင်း သို့ရောက် အောင် ပို့ပြီးသည့်နောက်တွင် ကဗျာဖတ်သူက ကြိုက်သလို အဓိပ္ပာယ် ကောက်နိုင်သည်။

စပိန်နှင့် စကော့ ဇာတ်လမ်းကဗျာများတွင် တွေ့ရတတ်သည့် ဇာတ် လမ်းမျိုး ဖြစ်သည်။ ဤကဗျာတွင် လော်ကာက ဇာတ်လမ်းထက် ဇာတ် ဆောင်များ၏ စိတ်ကူးစိတ်သန်းများ၊ ခံစားချက်များ၊ ရှုခွက်များကို အသား

ပေး ဖော်ပြသွားသည်။ အစိမ်းရောင်ကို လှို့ဝှက်နက်နဲသည့်အရောင်၊ နိမိတ်မကောင်းသည့် အရောင်အဖြစ် တင်စားသွားသည်။ လရောင်က အစိမ်းရောင်၊ ကန်ရေပြင်က အစိမ်းရောင်၊ ရေကန်ထဲတွင် ပေါလောမျောနေသည့် ဂျစ်ပစီမိန်းမငယ်၏ အသားက အစိမ်းရောင်၊ သူ့ဆံပင်က အစိမ်းရောင်၊ တောတန်းက အစိမ်းရောင်၊ ပင်လယ်က အစိမ်းရောင်၊ အားလုံးကို အစိမ်းရောင်က လွှမ်းနေသည်။

လရောင် စိမ်းစိမ်းအောက်တွင် လှုပ်ရှားနေသည့် ဇာတ်ဆောင်များအားလုံးသည် အိပ်ပျော်ရင်း ယောင်ယမ်း၍ လမ်းလျှောက်သူများကဲ့သို့ဖြစ်နေသည်။ သေနတ်ဒဏ်ရာရလာသော မှောင်ခိုသမားက သွေးတွေယိုစီးကာ ကယောင်ကတမ်း ဖြစ်နေသည်။ သမီး သေ၍ သောကရောက်နေသည့်အဖေကလည်း ကယောင်ကတမ်းဖြစ်နေသည်။ ဂျစ်ပစီ မိန်းမပျိုသည်လည်းအစိမ်းရောင်ပင်လယ်ကြီးကို ငေးကြည့်ရင်း ကယောင်ကတမ်းဖြင့် အဆုံးစီရင်သွားသည်။ အရက်မူးလာကြသော ရဲများကလည်း ကယောင်ကတမ်းဖြင့် တံခါးကို တဒုန်းဒုန်း ထုရိုက်ကြသည်။

စပိန်ဘာသာဖြင့် ရွတ်လျှင် ဤကဗျာသည် အလွန်သဒ္ဒါလင်္ကာရမြောက်သည်ဟု ဝေဖန်ရေးဆရာတစ်ဦးက ရေးဖူးသည်။ ကဗျာ စလျှင်စချင်းအစိမ်းရောင်ကို ဖွဲ့သည်။ သစ်ကိုင်းတွေကလည်း စိမ်းသည်။ သစ်ကိုင်းတွေကြားက ဖြတ်သန်းတိုက်လာသည့် လေကိုလည်း အစိမ်းရောင်ဟု တင်စားလိုက်သည်။ ထို့နောက် ပင်လယ်ပြင်က သင်္ဘောတစ်စင်း၊ တောင်ပေါ်ကမြင်းတစ်ကောင်တို့၏ ရုပ်ပုံကိုရေးပြသည်။ ဤရုပ်ပုံများမှာ တကယ်မြင်ရသော ရုပ်ပုံများမဟုတ်။ ဂျစ်ပစီမိန်းမငယ်၏ မျက်စိထဲတွင် မြင်ယောင်နေသော ရုပ်ပုံများသာ ဖြစ်သည်။ သူ့ရည်းစား မှောင်ခိုသမားသည် ပင်လယ်ပြင်မှ သင်္ဘောဖြင့်လာမည်လော၊ တောင်ပေါ်မှ မြင်းစီး၍လာမည်လောဟု ဂျစ်ပစီမိန်းမငယ်၏ မျက်စိထဲတွင် မြင်ယောင်လာသော ရုပ်ပုံများကို ဖော်ပြသည်။ ကိုယ်အထက်ပိုင်းက အရိပ်သည် ခါးပေါ်တွင် ထိုးကျနေသည်။ (ခါးပေါ်မှာ အရိပ်တစ်ခုဆင်ပြီး)ဟု ကဗျာဆရာက သုံးသည်။

လော်ကာ ကြီးပြင်းရာ စပိန်ပြည်က အင်ဒါလူစီယနီးနယ်တွင် တိုက်ခေါင်မိုးများပေါ်၌ လသာဆောင်များရှိသည်။ လသာဆောင်အလယ်တွင်

ရေကန်များ ရှိသည်။ လရောင်စိမ်းလဲ့လဲ့ကြောင့် ကန်ရေပြင်က ရေကလည်း စိမ်းလဲ့လဲ့အရောင် ထွက်နေသည်။ ဂျစ်ပစီမိန်းမငယ်၏ အသားရောင်က လည်း စိမ်းနေသည်။ မျက်လုံးကလည်း စိမ်းနေသည်။ အစိမ်းရောင်ရေများ၊ သွေးကွက်များဖြင့်။ (ဖြူဖွေးတဲ့ သင့်ရုပ်အင်္ကျီရှေ့မှာ နီညိုရောင်နှင်းဆီပွင့် သုံးရာရှိလေရဲ့)ဟု သွေးကွက်များကို ဖွဲ့သည်။ သူတို့နှစ်ယောက် တိုက် ခေါင်မိုးပေါ်သို့ တက်ခဲ့ကြသည်။ (သွေးလမ်းကြောင်းနဲ့ မျက်ရည်လမ်း ကြောင်းတွေ ဖြစ်ကျန်ရစ်ခဲ့ကြလေရဲ့) ဆိုသည့်အပိုဒ်က သွေးယိုစီးနေသော မှောင်ခိုသမားနှင့် သမီးအတွက် သောကရောက်နေသော ဖခင်တို့၏ရုပ်ပုံကို ဖော်ပြသည်။

အမိုးပေါ်တွင် လေတဟူးဟူး တိုက်နေသည်။ လေထဲတွင် ပူဒီနံရွက် အနံ့၊ ပင်စိမ်းရွက်အနံ့၊ ပိုးစိမ်းကောင်နံ့တို့ဖြင့် မွှေးထုံနေသည်။ (အစိမ်းရောင် ပစ္စည်းများချည်း ဖြစ်သည်ကို သတိပြုသင့်သည်။ အနံ့ရော အမြင်ပါ စူး ရှ စိမ်းဆတ်နေသည်ကိုလည်း သတိပြုသင့်သည်)

ရေကန်ထဲတွင် ဂျစ်ပစီမိန်းမငယ်၏အလောင်းက ပေါလောမျောနေ သည်။ လဝန်းက ကန်ရေပြင်တွင် အရိပ်ထင်နေသည်။ မိန်းမငယ်၏ အလောင်း ကန်ရေတွင်မျောနေသည်ကို (လမင်းရေခဲတုံးက သူ့အလောင်းကို ရေပြင်ပေါ် မ တင်ထားတယ်)ဟု ရေးပြသည်။

စပိန်ပြည်တွင် ပလာဇာခေါ် ပန်းခြံငယ်များရှိသည်။ သစ်ပင်ကလေး တစ်ပင်စ နှစ်ပင်စ၊ ခုံရှည်ကလေး တစ်လုံးစ နှစ်လုံးစဖြင့် မျက်စိထဲတွင် ချက်ချင်းမှတ်မိသွားသည်။ ဤနိမိတ်ပုံယူ၍ (ပန်းခြံငယ်ကလေး တစ်ခုကို ရင်းနှီးကျွမ်းဝင်သလို ညကို သူရင်းနှီးလာတယ်)ဟု ဖွဲ့လိုက်သည်။ ဂျစ်ပစီ မှောင်ခိုသမား၏ စိတ်သည် ရေကန်ထဲက ရည်းစားသည်၏ အလောင်းပေါ် တွင် စူးစိုက်ကျရောက်နေပုံကို လေးနက်သွားစေသည်။ ထိုစဉ် ရဲများ ရောက်လာကြသည်။

(အစိမ်းရောင်လေရယ်၊ အစိမ်းရောင် သစ်ကိုင်းများရယ်၊ ပင်လယ် ပြင်က သင်္ဘောရယ်၊ တောင်ပေါ်က မြင်းရယ်)ဟူသော အဖွင့်အပိုဒ်များဖြင့် ကဗျာကို နိဂုံးချုပ်သည်။

ကဗျာဆရာပြောလိုသော အစိမ်းရောင်သည် သစ်ပင်၊ လေ၊ သစ်ကိုင်း၊ ပင်လယ်၊ တောင်တန်း စသည့် ဩကာသလောကကြောင့်လော၊ ရေစိမ်းရောင်ကြောင့် ဆံပင်တွေ၊ အသားတွေ စိမ်းနေသလော။ အသက်ကင်းမဲ့နေသောကြောင့် အစိမ်းရောင်သို့ ပြောင်းသွားသလော။ ရေကန်ထဲက ပေါင်းပင် မြက်ပင်များ ဖုံးလွှမ်းသွားသောကြောင့် အစိမ်းရောင်ပြောင်းသွားသလော၊ မည်သည့်အကြောင်းကြောင့်ဟု ဖော်ပြခြင်းမပြု။

အရုဏ်ပျို့တော့မည်။ မိုးမသောက်ခင် အမှောင်ဆုံးအချိန်ကလေးဖြစ်သည်။ ထိုအချိန်ကလေးကို ကဗျာဆရာက (နှင်းမှုန် ကြယ်တာရာတို့က အရုဏ်လမ်းကို ဖောက်ပေးမယ့် အရိပ်ငါးတွေနဲ့အတူ ပေါ်လာကြပေါ့)ဟု ဖွဲ့သည်။ အရုဏ်မလာမီ အမှောင်ရိပ်ထိုးလာပုံကို ရေထဲတွင် ငါးကြီးတစ်ကောင် တက်လာပုံနှင့် နှိုင်းပြသည်။ တောင်ပေါ်က ရှားစောင်းပြာသာဒ်တွေက ထိုးထိုးထောင်ထောင်နှင့် ကောင်းကင်ကိုတက်၍ ခြစ်ကုတ်တော့မည် ထင်ရသည်။ တောင်တန်းကြီးက ခုတ်တော့မည်ဟု ချောင်းနေသော ကြောင်တစ်ကောင်နှင့် တူသည်။ သဖန်းရွက်များကြားတွင် လေတိုးသဖြင့် တရှဲရှဲမြည်နေသည်ကို (သဖန်းပင်က လေကို သူ့သစ်ရွက်ကော်ပတ်တွေနဲ့ တိုက်စားနေလေရဲ့)ဟု ကဗျာဆရာက ဖွဲ့သည်။

ဤရုပ်ပုံများ အားလုံးသည် နိမိတ်ပုံများဖြစ်သည်။ စိမ်းလဲ့လဲ့ညပေါ်လောမျောနေသော မိန်းမငယ်၏အလောင်း၊ ငါးတစ်ကောင် ရေထဲတွင်ပေါ်လာသလို အရုဏ်တက်တွင် ထိုးတက်လာသည့်အရိပ်၊ သစ်ရွက်တို့မြည်သံ၊ ခုတ်တော့မည့် ကြောင်တစ်ကောင်နှယ်ရှိသော တောင်တန်း၊ ကောင်းကင်ကို ကုတ်ခြစ်မည့်နှယ်ရှိသော တောင်ပေါ်က ရှားစောင်းပြာသာဒ်ပင်များ ထိုအရာအားလုံးသည် နိမိတ်ပုံများဖြစ်သည်။ ရှေ့တွင် ကြောက်မက်ဖွယ်၊ တုန်လှုပ်ဖွယ် တစ်ခုခုဖြစ်တော့မည်ကို နိမိတ်ပြနေကြသည်။

ကဗျာဆရာက နိမိတ်ပုံများကို စီပြလိုက်ပြီးနောက် လှုပ်ရှားမှုများကို ရုတ်တရက် ပြသည်။ မည်သူလာမည်နည်း။ မည်သည့်လမ်းမှ လာမည်နည်း။

ဂျစ်ပစီ မှောင်ခိုသမားတစ်ယောက်။ ရင်ဘတ်တွင် သေနတ်ဒဏ်ရာတွေနှင့်။ ဒိဋ္ဌမမွှလောက၊ အမြင်လောက၊ ရုပ်လောကမှ အစိမ်းရောင်မျှ

မကတော့။ စိမ်းလဲ့လဲ့လရောင်အောက်မှ အချစ်နှင့် သေခြင်းတရားတို့ ဒွန်တွဲတည်ရှိရာ သင်္ချိုင်းလောက၏ စိမ်းကားသော သဘောကိုလည်း ပြလိုပုံရသည်။

'လမင်းရဲ့ တစ်ကိုယ်တော် စကားပြောခန်း' တွင် လမင်းက သူ့ကိုယ်သူ မြစ်ပြင်ပေါ်က ငွေငန်းတစ်ကောင်ဟု တင်စားသည်။ လမင်း၏အရိပ်သည် မြစ်ပြင်တွင် ငန်းတစ်ကောင်ကူးနေသည့်နှယ် မြင်လာစေသည်။ ဘုရားရှိခိုးကျောင်း ထိပ်ဖျားမျှော်စင်တွင် မှန်ပြတင်းတွေရှိသည်။ မှန်ပြတင်းများတွင် လရိပ်ထင်နေသည်။ လမင်းသည် ဘုရားရှိခိုးကျောင်းများ၏ မျက်လုံးများသဖွယ် ဖြစ်နေသည်။ သစ်ရွက်များပေါ်တွင် လရောင်ရွှန်းပြက်နေပုံကို (သစ်ရွက်တွေပေါ်က အရဏ်အတု)ဟု ဖွဲ့သည်။ လှပသောရုပ်ပုံများဖြင့် ကဗျာကို ဖွင့်သည်။

လရောင်အောက်က မည်သူထွက်ပြေး၍ ရသနည်း။ မည်သူရှောင်ပုန်း၍ ရသနည်း။ လရောင် မမြင်အောင် မည်သူငုံ့ရှိုက်နိုင်သနည်း။ မည်သူမျှ လရောင်က ပြေးမလွတ်ဟု လမင်းက ကြုံးဝါးလိုက်သည်။

နောက်အပိုဒ်များမှာ လမင်း၏ အားငယ်ဟန်ကို ဖွဲ့ထားသည်။ လရောင်သည် စွန့်ပစ်ခံခဲ့သည့် ဓားမြှောင်တစ်ချောင်းနှင့် တူသည်။ လေက ခဲသားလို အေးစက်သည်။ လေက တစ်ချက်ငှေ့ယမ်းလိုက်သည့်အခါ (လေဟာ ခဲသားရဲ့ချုံခို တိုက်ခိုက်မှု) လရောင်ခမျာ ဒဏ်ရာရ၍ သွေးယိုစီးရသည်ဟု ဆိုသည်။ လရောင်ခမျာ ဒဏ်ရာလည်းရခဲ့ပြီ။ ခိုက်ခိုက်တုန်အောင်လည်း ချမ်းလှပြီ။ နံရံတွေ၊ ပြတင်းမှန်တွေတစ်လျှောက် လျှောဆင်းလာရသည့်အတွက်လည်း မောလှပြီ။ ထို့ကြောင့် နွေးနွေးထွေးထွေး နေပရစေတော့။ အိမ်ခေါင်မိုးတွေ၊ ရင်အုံတွေကို ဖွင့်ပေးပါတော့ လရောင်ရေ (သတ္တုပြာမှုန့်တွေ)က ချမ်းလွန်းသဖြင့် မီးဖိုကိုလိုက်ရှာသည်။ သို့ရာတွင် ရှာမတွေ့။ နှင်းပွင့်များက (မဟူရာပခုံးထက်တွင် ထမ်းထားကြတယ်)။ သူ့ကို မီးလျှံနှင့် မတွေ့အောင် တားထားကြသည်။ လရိပ်ကို ရေက ကန့်ထဲ ဆွဲနှစ်သည်။

ဤအရိပ်များအားလုံးက လမင်းချမ်းပုံကို ဖွဲ့ထားသည်။ ဒဏ်ရာရသည့်လမင်း၊ နှင်းပွင့်များ၏ ထွေးပိုက်မှုခံရသည့် လမင်း၊ ရေထဲဆွဲနှစ်ခံရသည့် လမင်း၊ လေအေးထဲတွင် ခိုက်ခိုက်တုန်နေသည့် လမင်းဟု လမင်း

ချမ်းပုံကို အမျိုးမျိုးဖွဲ့သည်။ လမင်း၏အားငယ်သံ၊ တောင်းပန်တိုးလျှိုးသံ၊ ညည်းညူသံတို့ကို ကြားယောင်လာစေသည်။

သို့ရာတွင် လမင်းက အားတင်းသည်။ သူ့ရောင်ခြည်တွေ နေရာအနှံ့ ရောက်ရမည်။ သူ့ညည်းသံသည် ကြီးကျယ်ခမ်းနားရမည်။ သူ့သွေးသည် ချိုမြိန်ရမည်။ သူ့ကို မည်သူမျှလွတ်အောင် မပုန်းနိုင်။ လွတ်အောင်ပုန်းမည်ဟု စိတ်မကူးကြနှင့်။ မြင်းကျောပေါ်ကို လရောင်ထိုးလျှင် စိန်ရောင်တလျှပ်လျှပ် တောက်အောင် လုပ်လိုက်မည်ဟု ကြုံးဝါးသည်။

ပထမအပိုဒ်များသည် ကြုံးဝါးသံများ ဖြစ်သည်။ အလယ်ပိုဒ်များသည် တောင်းပန်တိုးလျှိုးသံ၊ အားငယ်သံ၊ ညည်းတွားသံများ ဖြစ်သည်။ နောက်ဆုံး အပိုဒ်များသည် ကြုံးဝါးသံများ ဖြစ်သည်။

လူတစ်ယောက် ဒုက္ခကြုံတွေ့လာသည့်အခါတွင် အားငယ်တတ်သည်။ သို့ရာတွင် သူ့အားငယ်မှုကို သူ့ဘာသာ လက်မခံ။ ပြန်၍အားတင်းသည်။ မာနတံခွန်ထူသည်။ စိတ်ပျက်အားငယ်ခြင်းနှင့် မာန၊ အလျှော့ပေးခြင်းနှင့် အားတင်းခြင်း စသည်တို့သည် လူတစ်ယောက်၏ရင်ထဲတွင် ပေါ်ပေါက်တတ်သည်။ စိတ်ဓာတ်အားပြိုင်မှုများ ဖြစ်သည်။ ပဋိပက္ခဖြစ်နေသော ခံစားချက်များ ဖြစ်သည်။ ဤသို့သော စိတ်ဓာတ်အားပြိုင်မှု၊ စိတ်ဓာတ်ဆိုင်ရာ ပဋိပက္ခတို့ကို ပြောလိုပုံရသည်။

အချစ်သီချင်းတွေ၊ အလွမ်းအဆွေး သီချင်းတွေကို ငြီးငွေ့လှပြီ။ အားမာန်ရှိသည့် သီချင်းများကို ကြားချင်စမ်းပါဘိဟု 'တေးသစ်များ' ကဗျာတွင် ကဗျာဆရာက တမ်းတထားသည်။ နေပူလွန်းသည့်အတွက် အရိပ်တစ်ခုကို လိုချင်စမ်းပါဘိဟု ညနေခင်းက တမ်းတသည်။ သူ့ဘေးတွင် အခြံအရံမရှိသဖြင့် ကြယ်ပွင့်တွေ လက်စေချင်စမ်းပါဘိဟု လမင်းက တမ်းတသည်။ ရေပန်းတွေက ရေတွေဖြာထွက်သော်လည်း ရေသောက်မည့်သူ မရှိ။ ရေသောက်မည့်နှုတ်ခမ်းများ ရှိစေချင်ပါဘိဟု ရေပန်းတို့က တမ်းတသည်။ လေပြည်က သူတစ်ဦးတည်း လေတိုက်ရသည်ကို ပျင်းသဖြင့် ချစ်သူတို့၏ သက်ပြင်းချသံကို အဖော်လိုချင်သည်။

ကဗျာဆရာက ဘာကိုတမ်းတပါသနည်း။ မွေးရနံ့နှင့် ရယ်သံလွင်လွင်တို့ကို တမ်းတသည်။ လမင်းနှင့် ကြာပွင့်တွေ မပါသည့် တေးသီချင်း

များကို ကြားချင်သည်။ တရိရိနွမ်းနေသော အချစ်အကြောင်းမပါသည့် တေးသစ်ကို နားထောင်ချင်သည်။ သူတမ်းတသည့်တေးသစ်သည် အနာဂတ်ကို လှုပ်ရှားစေရမည်။ နွံထဲတွင် နစ်မွန်းနေရသည့် ဘဝကို မျှော်လင့်ချက်သစ်များ ပေးနိုင်ရမည်။ အတွေးအခေါ်ကြွယ်ဝရမည်။ ညည်းညူသံတွေ၊ သံဝေဂသံတွေ ကင်းစင်ရမည်။ စိတ်ကူးယဉ်အိပ်မက်တွေ မပါဘဲ တိတ်ဆိတ်ငြိမ်သက်နေသည့် လောကကြီးကို ရယ်သံတို့ဖြင့် လှုံ့သွားစေရမည်။

၁၉၂၁ ခုနှစ်တွင် စပ်သည့်ကဗျာတစ်ပုဒ် ဖြစ်သည်။ ထိုစဉ်က စပိန် ဂီတလောက၊ စပိန်ကဗျာလောကကို အားမရသဖြင့် စပ်ဆိုလိုက်ဟန်တူသည်။ 'ခြောက်သယောင်းနေတဲ့ လိမ္မော်ပင်'မှာ (၁၉၂၁-၂၄) ခုကြားတွင် စပ်သည့်ကဗျာတစ်ပုဒ် ဖြစ်သည်။

ကဗျာဆရာက သူ့ကိုယ်သူ ခြောက်သယောင်းသွားသည့် လိမ္မော်ပင်တစ်ပင်ဖြင့် နှိုင်းသည်။ အသီးမသီးတော့။ သူ့အရိပ်ကို သစ်ခုတ်သမားက ခုတ်ဖြတ် လှဲပစ်စေချင်လှပြီ။ အသီးအရွက် ကင်းနေရသည့်ဘဝမှ လွတ်မြောက်အောင် လုပ်ပေးပါတော့ဟု သစ်ခုတ်သမားကို ပြောပြသည်။ လိမ္မော်ပင်က သူ့ကိုယ်သူ အလင်းရောင်ထဲတွင် ပြန်ကြည့်သည်။ နေက သူ့ကို လှည့်ပတ်သွားနေသည်။ ညကျတော့လည်း ကြယ်ပွင့်တွေက အလင်းရောင်ပေးသည်။ ထို့ကြောင့် သူ့ရုပ်ပုံကိုမမြင်ချင်ဘဲ မြင်နေရသည်။ သူဖြစ်စေချင်သည်က ဤအဖြစ်မျိုးမဟုတ်။ သူ့အရွက်များသည် ပုရွက်ဆိတ်များ ဖြစ်ရမည်။ သူ့အရွက်များသည် ကိုက်ခဲနိုင်သော သတ္တိရှိရမည်။ သူ့အသီးများသည် သိမ်းငှက်များ ဖြစ်ရမည်။ သူ့အသီးများသည် ထိုးသုတ်နိုင်သော အရည်အချင်းရှိရမည်။ ယခု သူ့တွင် ထိုအရည်အချင်းများ မရှိတော့။ ထို့ကြောင့် ဤဘဝကို သူ အစတုံးစေချင်လှပြီ။ သူ့အရိပ်ကို သစ်ခုတ်သမားက ဖြတ်တောက် ခုတ်လှဲစေချင်လှပြီဟု ကဗျာဆရာက ဆိုသည်။

ကိုယ့်ကိုယ်ကိုယ် အားမရမှု၊ မကျေနပ်မှုမှ ပေါက်ဖွားလာသည့် ကဗျာတစ်ပုဒ် ဖြစ်သည်။

ရှမဝ မဂ္ဂဇင်း၊ ၁၉၇၅။

# ဘယ်မြေဟာ စေတီပေါမလဲ

မြသန်းတင့်

အနော်ရထာမင်းကြီးနောက်တွင် ဘုန်းလက်ရုံးနှင့် ပြည့်စုံသောမင်းမှာ ကျန်စစ်သား (၁၀၈၄-၁၁၁၃) ဖြစ်သည်။ ထိုမင်းလက်ထက်တွင် ပုဂံအနုပညာသည်တို့သည် နိဒါနကထာနှင့် ဗုဒ္ဓဝံသ ဟုဆိုအပ်သော ဗုဒ္ဓ၏ ရှေးဖြစ်တော်စဉ်နှင့် ရွှေဉာဏ်တော်ကိုမရမီ နောက်ဆုံးဘဝဖြစ်သော သိဒ္ဓတ္ထ မင်းသား၏ ဘဝဖြစ်တော်စဉ်တို့နှင့် ပတ်သက်သော အသေးစိတ်အကြောင်း အရာတို့ကို သိရှိနေကြပြီ ဖြစ်သည်။ ထိုအကြောင်းအရာများသည် ရုပ်ပုံများဖြင့် ဖော်ပြရန်အတွက် အကောင်းဆုံး၊ လူ အနားလည်လွယ်ဆုံးသော အကြောင်းအရာများသဖွယ် ဖြစ်နေသည်။ ထို့ပြင်မကာ ပုဂံ ပန်းချီ ပန်းပုဆရာများ၏ အတတ်ပညာသည်လည်း များစွာတိုးတက်လာခဲ့ပြီ ဖြစ်သည်။ ဥပမာ အားဖြင့် ကျောက်ဂူ ဥမင်အင်္ဂတေများမှ ပန်းပုရုပ်များနှင့် နဂါးရုံဘုရားမှ ပန်းပုရုပ်များကို နှိုင်းယှဉ်ကြည့်လျှင် ပန်းပုအတတ်ပညာ မည်မျှတိုးတက်လာသည်ကို သိနိုင်သည်။ ကျောက်ဂူ ဥမင်အတွင်းရှိ ကျဉ်းကျပ်လှသောအဆင့် သုံးဆင့် အမိုးမှ ပန်းချီဆရာ၏စုတ်ချက်သည် ကျောက်ဂူဥမင်ရှိ ကျဉ်းကျပ်လှသော အမိုးအဆင့်သုံးဆင့်ရှိ အမိုးခုံးမှ လွတ်မြောက်လာခဲ့ကာ ပုထိုးသားများ စေတီရှိ နံရံနှဖူးစည်းကဲ့သို့သော နေရာများပေါ်တွင် ဇာတ်နိပါတ်တော် အစဉ်တို့ကို ရေးသားနိုင်ခဲ့သည်ကို နှိုင်းယှဉ်ကြည့်လျှင်လည်း သိနိုင်သည်။

အနော်ရထာအုပ်စိုးမှု ကုန်ခါနီးတွင် ဇာတကများကို ရေတွက်သည့်စနစ်သည် မွန်ပိဋကတ်ကျမ်းများအတိုင်း မဟုတ်ဘဲ သီဟိုဠ် ပိဋကတ်ကျမ်းအတိုင်း ဖြစ်လာခဲ့သည်။ ကျန်စစ်သား၏လက်ထက်တွင် ပန်းချီဆရာများသည် သီဟိုဠ် ဗုဒ္ဓဝင်လာအကြောင်းတရားများကို ရွေးချယ်လာခဲ့ကြသည်။ ဆယ့်တစ်ရာစုနှစ်မှ ဆယ်နှစ်ရာစုနှစ်သို့ အကူးတွင် ရာဇကုမာရမင်းသားသည် စေတီပုထိုးများကို တည်ဆောက်လျက် ရှိချိန်ဖြစ်ပြီး ၁၁၁၅ ခုနှစ်တွင် မြင်းကပါ ဂူပြောက်ကြီးဘုရားကို တည်နေချိန်ဖြစ်သည်။ ထိုအချိန်တွင် ဗုဒ္ဓဝင်ထဲမှ အကြောင်းအရာများစွာတို့ကို ပုဂံ ပန်းချီဆရာတို့က ပန်းချီရေးဆွဲလာခဲ့ကြပြီ ဖြစ်သည်။ ယင်းတို့ကိုထောက်လျှင် ပုဂံတွင် ထိုအချိန်က စာပေ ပရိယတ္တိ မည်မျှထွန်းကား တိုးတက်နေကြောင်းကို သိနိုင်ပါသည်။ ပါဠိစာပေ ထွန်းကားလာခြင်းမှာ သီဟိုဠ်နှင့် အဆက်အသွယ်များသောကြောင့် ဖြစ်ဖွယ်ရှိသည်။ သီဟိုဠ်တွင် တောင်ပိုင်း အိန္ဒိယ တိုင်းသားတို့၏ဖိအားကြောင့် ဗုဒ္ဓသာသနာ မှေးမှိန်ညှိုးနွမ်းလာသည့် အချိန်၌ အနော်ရထာသည် သီဟိုဠ်သို့ ဘိက္ခုများကို စေပို့၍ သာသနာပွားစည်းရေးကို ကူညီခဲ့သည့်နည်းတူ သီဟိုဠ်သားတို့သည်လည်း ပုဂံတွင် စစ်မှန်သော သာသနာပြန့်ပွားရေးအတွက် အထောက်အကူ ပေးခဲ့ကြလေသည်။

ပုဂံ၏သာသနာနှင့် အနုပညာ စည်ပင်ဖွံ့ဖြိုး တိုးတက်လာခြင်းမှာ သီဟိုဠ်ကြောင့်ချည်း မဟုတ်ပါ။ မြောက်ပိုင်းအိန္ဒိယသည်လည်း ထိုစဉ်က နုနယ်သော ပုဂံ လက်နက်နိုင်ငံတော်နှင့် အဆက်အသွယ်ရနေပြီ ဖြစ်ပါသည်။ ကျန်စစ်သား၏ မိဖုရားတစ်ဦးဖြစ်သူ အပယ်ရတနာသည် ဘင်္ဂါလီမင်းသမီးတစ်ဦးဖြစ်ပြီး မဟာယာနအယူသို့ တိမ်းညွတ်သူတစ်ဦးဟု အဆိုရှိပါသည်။ အပယ်ရတနာ လိုဏ်ဂူဘုရားရှိ နံရံဆေးရေးပန်းချီများသည် ထိုအဆိုကို ထောက်ခံနေသကဲ့သို့ ရှိပါသည်။ တောင်ပိုင်းအိန္ဒိယနှင့် မြောက်ပိုင်း အိန္ဒိယအနုပညာ၊ ထေရဝါဒ၊ မဟာယာနနှင့် ဗြဟ္မဏအယူ ပေါင်းဆုံခဲ့ကြသည်မှာလည်း ပုဂံမှာပင် ဖြစ်ပါသည်။ မြန်မာ့အနုပညာသည် ထိုကွဲပြားခြားနားသော ရင်းမြစ်များထဲမှ ထိုးထွက် ပေါ်ပေါက်လာခဲ့ကာ ကိုယ်ပိုင်ဟန်ကို ဆောင်လာခဲ့ခြင်း ဖြစ်သည်။ မြန်မာတို့၏ အနုပညာဟန်နှင့် ပုံသဏ္ဌာန်

သည် မည်သည့်တိုင်းခြား ဩဇာကိုမှုမခံရသည့် ကိုယ်ပိုင်အနုပညာဟန် ဖြစ်သည်။

ပုဂံတွင် မဟာယာနအယူကို သက်ဝင်ယုံကြည်ခွင့်ပြုသည် မှန်ပါ၏။ ပုဂံအနုပညာနှင့် ဗိသုကာတို့တွင်လည်း မဟာယာနအငွေ့အသက် အများအပြား တွေ့ရသည်မှန်ပါ၏။ သို့ရာတွင် ကိုးကွယ်သည့် အဓိကရဘာသာမှာ ထေရဝါဒ ဖြစ်ပါသည်။ ထိုအချက်ကို ခေတ်ပြိုင်ပုဂံစာပေ အရေးအသားထဲတွင် ထင်ရှားစွာ တွေ့နိုင်ပါသည်။ ပုဂံ၏ ထေရဝါဒအနုပညာသည် မြောက်ပိုင်း အိန္ဒိယရှိ မဟာယာနအနုပညာမှလည်း နှစ်သက်သည်တို့ကို ယူပါသည်။ ပျူတို့၏မဟာယာန အနုပညာအကြွင်းအကျန်တို့ကိုလည်း ယူပါသည်။ ဟိန္ဒူအနုပညာ တစ်ပိုင်းတစ်စကိုလည်း ယူပါသည်။ (စင်စစ် ဟိန္ဒူအနုပညာသည်လည်း ဗုဒ္ဓဘာသာ အနုပညာဖွံ့ဖြိုးသည့် ကာလတွင် ပါဝင်ရောနှောခဲ့ပြီး ဖြစ်ပါသည်) ပုဂံအနုပညာသည် ထိုသို့သော မတူကွဲပြားခြားနားသည့် အနုပညာသဘောတို့ကိုပေါင်းစည်းကာ ထေရဝါဒ၏ သဘောသဘာဝနှင့် ကိုက်ညီအောင် ဖန်တီးယူခဲ့သည့်အရာ ဖြစ်ပါသည်။ ဤသို့ဖြင့် အနုပညာစက်ဝိုင်း တစ်ပတ်လည်ပြန်ပါသည်။ သန့်စင်သော ထေရဝါဒ၏ အနှစ်သာရတို့ကို ထင်ရှားအောင် နှိုင်းယှဉ်ပြဆိုရန် မဟာယာန လိုဏ်ဂူပုံသဏ္ဌာန်များ၊ ဒီဇိုင်းများနှင့် ကျင့်စဉ်များကိုပင် အသုံးပြုလာခဲ့ကြပြန်ပါသည်။ ယခင်က ပညာရှင်များသည် ပုဂံခေတ်ဘာသာရေးဘဝတွင် မဟာယာနအယူ သက်ဝင်နေပုံကို အကျယ်ချဲ့၍ ပြောခဲ့ကြပါသည်။ စေတီပုထိုးများအကြောင်းကို ဖော်ပြသည့်အခါတွင် မဟာယာနပုံစံသည် ရုပ်ပွားဆင်းတုအနေအထားအရ ထေရဝါဒ ဗုဒ္ဓဘာသာကိုထောက်ခံသော သဘောဖြင့်သာမည့်မျှသာ ဖော်ပြထားကြောင်းကို တွေ့နိုင်ပါသည်။ ထို့ပြင် ထိုမဟာယာန၏ သဘောသက်ဝင်သည့် ရုပ်တုများထည့်ထားခြင်းသည် အမွှမ်းအမံအဆင်အယင်သဘောမျှသာ ဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။

တည်ငြိမ်၍ ကောင်းစွာအုပ်ချုပ်ထားသော လက်နက်နိုင်ငံတော်တစ်ခုသည် ကုန်သွယ်မှုကို အားပေးပါသည်။ ထို့ကြောင့် ထိုနိုင်ငံသည် စည်ပင်ဝပြောပါသည်။ တိုင်းခြားလာရောက် နေထိုင်သူ အိန္ဒိယလူမျိုးများသည် ပုဂံသို့ရောက်လာကြသော နန်းတော်တွင် ဘိသိက်ဆရာ၊ ဗေဒင်ဟူးရား

ပညာရှင်၊ အနုပညာသည်၊ လက်မှုပညာသည် စသဖြင့် အမှုတော်ထမ်းကြပါသည်။ ထေရဝါဒသည် သည်းခံခြင်းတရားနှင့် ပြည့်စုံသည့်အယူ ဖြစ်သည့်အလျောက် အခြားသော ဘာသာကိုးကွယ်မှု အသီးသီးတို့ကိုလည်း အတားအဆီး မရှိ၊ လွတ်လပ်စွာ ကိုးကွယ်ဆည်းကပ်ခွင့် ပြုခဲ့ပါသည်။ နန်းတော်အသိုက်အဝန်း အပြင်ပတွင်လည်း အသည်မျိုး၊ ဆင်းရဲသားမျိုး စသည့်အိန္ဒိယလူမျိုးများ ရှိနေကြပါသည်။ သူတို့သည် လမ်းအသွယ်သွယ်မှ ပုဂံသို့ရောက်လာခဲ့ကြပြီး ကူးသန်း သွားလာနေကြပါသည်။

ပုဂံ နန်းတော်ကျောက်စာတွင် နန်းတော်ဆောက်လုပ်ရန် အခမ်းအနားများကို လုပ်ဆောင်ရာတွင် ဗြဟ္မဏ ပုဏ္ဏားတို့ ပါဝင်လုပ်ဆောင်ရပုံကို တစ်လျှောက်လုံး ဖော်ပြထားပါသည်။ ပုဂံတွင်တွေ့ရသည့် အစောဆုံးသော လိုဏ်ဂူမှာ နတ်လှောင်ကျောင်းဖြစ်ပြီး ယင်းကို ဟိန္ဒူနတ်တစ်ပါး ဖြစ်သော ဗိဿနိုးနတ်ကို ရည်စူး၍ တည်ဆောက်ထားခြင်း ဖြစ်သည်။ အနှစ်သာရအားဖြင့် တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေသော ဘာသာတရားနှစ်ခုတို့ ထိုသို့အတူယှဉ်တွဲ တည်ရှိနေသော်လည်း ဒွေတအယူ (အယူနှစ်ခု) မရှိခဲ့ပါ။ ဘာသာအယူတို့ ပေါင်းဆုံရောယှက်နေသော နေရာလည်း မဟုတ်ပါ။ ဗုဒ္ဓဘာသာသည် ဟိန္ဒူဝါဒ၏ သဘောအချို့ကို မိမိ၏ဘာသာတရား အတွင်းသို့သွတ်သွင်းယူခဲ့ပါသည်။ ထိုသို့သွတ်သွင်းယူခြင်းမှာ ဟိန္ဒူဝါဒကို ယှဉ်ပြိုင်ရန်မဟုတ်ဘဲ မိမိကို အထောက်အကူဖြစ်ရန်သာ ဖြစ်ပါသည်။ နတ်လှောင်ကျောင်းတွင် သီတင်းသုံးသည့် ဟိန္ဒူဘုန်းတော်ကြီးများသည် ဘုရင်၏အခါတော်ပေး ဗြဟ္မဏပုဏ္ဏားများ ဖြစ်ဟန်ရှိပါသည်။ သူတို့သည် ဘုရင်၏ဗုဒ္ဓသာသနာ ပြန့်ပွားရေးလုပ်ငန်းကို ထောက်ခံကြသူများလည်း ဖြစ်ဟန်ရှိပါသည်။ ခေတ်ပြိုင်ပန်းချီ အနုပညာတွင် ဗုဒ္ဓဘုရားရှင် တာဝတိံသာမှ ဆင်းသက်လာသည့်အခါ၌ သိကြားနှင့် ဗြဟ္မာ (ဣန္ဒရာနှင့် ဗြဟ္မာ)တို့က ဘုရားရှင်အား ကာယကံမြောက်အားဖြင့် ထောက်ပင့်ထားကြသည့် ဥပမာကို ကြည့်လျှင် ထိုအချက်ကို သိနိုင်ပါသည်။

အိန္ဒိယနွယ်ဖွား စသည့် ဗြဟ္မဏများသည် နန်းတော်တွင်းရှိ ထုံးထမ်းစဉ်လာ အဆောင်အယောင်တို့ကို ကြီးကြပ်လုပ်ကိုင်ရာတွင် သူတို့သာ လက်ဝါးကြီးအုပ်ထားကြသည်။ ဘုရင်တို့၏လုပ်ဆောင်ဖွယ် ကိစ္စကို သူတို့

ကသာလျှင် အခါပေးကြသည်။ ဤသို့ဖြင့် ဘုရင်များသည် ဗုဒ္ဓသာသနာ တော်ကြီးကို စောင့်ရှောက်နေကြသည့် ဟိန္ဒူနတ်မင်းတို့၏ ကိုယ်စားများ ဖြစ်နေကြသည်။ ကျန်စစ်သား ကိုယ်တိုင်သည်ပင်လျှင် မိမိ၏ဘုန်းတန်ခိုးကို ကြေညာရာတွင် ထိုသဘောမျိုးကိုဆောင်ခဲ့လေသည်။ ကျန်စစ်သားကိုယ်တိုင် ရေးထိုးသည့် ကျောက်စာထဲတွင် မိမိသည် ဓမ္မကိုပြန့်ပွားအောင် လုပ်ရန် အတွက် ဘုရင်အဖြစ် လူဝင်စားဖြစ်လာသော ဗိဿနိုးနတ်မင်းကြီး၏ ကိုယ် စား ဖြစ်သည်ဟု ဖော်ပြခဲ့သည်။ ပုဂံဘုရင်တစ်ပါးသည် သာသနာတော် အကျိုးကိုသယ်ပိုးရန် တာဝန်ရှိရာ ထိုတာဝန်ကိုထမ်းဆောင်သည့် အနေဖြင့် စေတီပုထိုးများ တည်ဆောက်ခဲ့ကြသည်။ အချို့နေရာများတွင်လည်း ဘုရား ရှင်၏ ဓာတ်တော် အမွေအနှစ်တို့ကို ဌာပနာ၍ ကိုးကွယ်ခဲ့ကြသည်။ စေတီ ပုထိုးများ ဆောက်လုပ်တည်ထားခြင်း၊ ရဟန်းတော်များကို ဆွမ်းခဲဖွယ်တို့ လှူဒါန်းခြင်း၊ နန်းတော်တွင်းတွင် အလှူအတန်းလုပ်ခြင်း၊ ကောင်းမှုကုသိုလ် များ ပြုလုပ်ခြင်း စသည့်လုပ်ငန်းများသည် ပုဂံ မင်းကောင်းမင်းမြတ်တို့ လုပ်လေ့လုပ်ထရှိသော လုပ်ငန်းများဖြစ်ကြသည်။ ပုဂံတွင် စေတီပုထိုးများ ပေါများရခြင်း၊ ကြီးကျယ်ခမ်းနားရခြင်းမှာ ထိုအကြောင်းတို့ကြောင့်လည်း ဖြစ်သည်။

ဘုရင်များသည် စစ်မှန်သော သဒ္ဓါတရားကြောင့် လည်းကောင်း၊ အုပ်ချုပ်ရေးလုပ်ငန်း၊ နောင်းလူတို့ ဂုဏ်ယူပူဇော်ကြ၍ ကုသိုလ်ရရန်အတွက် လည်းကောင်း စေတီပုထိုးများကို တည်ဆောက်ခဲ့ကြခြင်း ဖြစ်သည်။ စေတီ ပုထိုးများကို တည်ဆောက်သည့် မူလရည်ရွယ်ချက်မှာ ရုပ်ပွားဆင်းတုတော် ကို ဖြစ်စေ၊ ဘုရားရှင်၏ ဓာတ်တော် မွေတော်ကိုဖြစ်စေ ဌာပနာ၍ ကိုးကွယ် ရန်မျှသာမကပါ သာသနာတော်အကျိုးကိုဆောင်ရန်၊ သာသနာတော်ကို ပြန့်ပွားစေရန် အတွက်လည်း ဖြစ်ပါသည်။ တစ်ပြိုင်နက်တည်းတွင် ဤသို့ ကုသိုလ်ကောင်းမှု ပြုခြင်းအားဖြင့် နိဗ္ဗာန်ရောက်ရာရောက်ကြောင်းကို ရှာဖွေ ရာတွင် လွန်စွာအကျိုးကျေးဇူးများကို ရနိုင်သည်ဟုလည်းကောင်း၊ သံသရာ ဝဋ်ဆင်းရဲမှ လွန်မြောက်ရေးတွင် အကျိုးကျေးဇူးများကို ရနိုင်သည်ဟုလည်း ကောင်း ယူဆသောကြောင့်လည်း ဖြစ်ပါသည်။ သို့ရာတွင် ပုဂံခေတ်နှောင်း

ပိုင်းတွင်မူ ထိုသို့သော စိတ်ဓာတ်များကို နိုင်ငံရေးတွင် အသုံးပြုလာကြဟန် တူပါသည်။ သို့တိုင်အောင် ထိုအပြင်ပန်းအားဖြင့် ထိုမျှ ကြီးကျယ်ခမ်းနားကာ ဂုဏ်ကျက်သရေနှင့် ပြည့်စုံပြီး စိတ်ဓာတ်အားဖြင့်လည်း ခွန်အားကောင်းသည့် မြို့နိုင်ငံကြီးတစ်နိုင်ငံ ပေါ်ပေါက်လာခဲ့ခြင်းမှာ နိုင်ငံရေးအကြောင်းများကြောင့်ဟု ဆိုလျှင်မူ လွန်စွာသေးသိမ်အောင် လုပ်ရာရောက်ပါလိမ့်မည်။

ဘုရင်မင်းတို့က စေတီပုထိုးတို့ တည်ဆောက်လှူဒါန်းသဖြင့်ရရှိသော ကုသိုလ်သည် အမျိုးသား အကျိုးစီးပွား၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ပါသည်။ စေတီပုထိုး တည်ဆောက်လှူဒါန်းခြင်းသည် တိုင်းသူပြည်သားများနှင့်တကွ ဘုရင်ကိုယ်တိုင်၏သံသရာမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်းအတွက် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ ထိုကုသိုလ်ကောင်းမှုတို့ကို အမျှပေးဝေသော ရည်ရွယ်ချက်သည် ကျောက်စာတိုင်းတွင်လိုလို အလေးအနက်ပါရှိတတ်ပါသည်။ ကျောက်စာတိုင်းမှာလိုလိုပင် ဘုရင်သည် သတ္တဝါအများကို ကယ်တင်ရန် လူ့ပြည်သို့ရောက်လာသည့် ဘုရားအလောင်းအလျာ၊ ဗောဓိသတ္တအဖြစ် ရည်ညွှန်းလေ့ရှိကြပါသည်။ အထွတ်အမြတ်ထားရာ စေတီပုထိုးတို့ကို လည်းကောင်း၊ ရဟန်းတော်တို့ကို ခေါ်သည့်နည်းတူ ဘုရင်ကိုလည်း ဘုရားဟူသောအာလုပ်ဖြင့် ခေါ်ဝေါ်ကြသည်။ ဘုရင်အားယင်းသို့ 'ဗောဓိသတ္တဘုရားလောင်း'ဟု ယူဆသောအယူသည် ပထမဦးအစောဆုံးသော ဗုဒ္ဓဘာသာဝင် ဘုရင်ဧကရာဇ်ဖြစ်သည့် အသောကမင်းကြီးက အစပြုသော အိန္ဒိယတိုင်းသားတို့၏ ပုံစံတွင် အခြေပြုလာခဲ့ခြင်း ဖြစ်သည်။ အသောကမင်းတရားကြီးကဲ့သို့ပင် ခေတ်ဦး ပုဂံမင်းများသည် (စကြဝတေးမင်း)ဟု ယူဆကြသည်။ ပုဂံမင်းတို့သည် သာသနာကို ထောက်ပံ့အားပေးလျက်ရှိပြီး တစ်ပြိုင်နက်တည်းမှာပင် သာသနာတော်ကလည်း ယင်းတို့အား ထောက်ပံ့အားပေးလျက် ရှိလေသည်။ ပုဂံမင်းတို့၏ အခြားခံယူချက်တစ်ခုမှာ သူတို့သည် တရားကိုစောင့်သောမင်းဟုလည်းကောင်း၊ ကမ္မရာဇာ၊ သို့မဟုတ် ရှေးအတိတ်ဘဝက ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုတို့ကြောင့် ယခုဘဝတွင် ချမ်းသာသောစည်းစိမ်ကို ရသောမင်းဟုလည်း သူတို့ကိုယ်သူတို့ ယူဆကြသည်။ အချို့ မဟာရာဇဝင်ကြီးများတွင်လည်း ပုဂံမင်းများကို

သံဃရာဇာ၊ လောကီနှင့် လောကုတ္တရာတန်ခိုးတို့ကို ပိုင်ဆိုင်သည့် ရဟန်းမင်းဟူ၍လည်း ခေါ်ဆိုကြပြန်သည်။ မင်းနှင့်ပတ်သက်သော ထိုအယူအဆများသည် ခေတ်ပြိုင်နိုင်ငံ အုပ်ချုပ်မှုအတတ်ပညာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ထိုအရည်အချင်းများနှင့် ထိုက်တန်ကြောင်းကို သက်သေပြရန်အတွက် ပုဂံမင်းတို့သည် စေတီပုထိုးများကို တည်ဆောက်လှူဒါန်းကြဟန်ရှိပါသည်။ ပုဂံလွင်ပြင်တစ်ဝိုက်တွင် ထိုမျှစေတီပုထိုးတို့ ထိုမျှ ကြီးကျယ်၍ ထိုမျှပေါများနေခြင်းမှာ ထိုအကြောင်းကြောင့်ပင် ဖြစ်သည်ဟု ယူဆရတော့မည်သာ ဖြစ်ပါသည်။ ဤတွင် မင်း၏နမူနာကိုလိုက်၍ အခြားသောမှူးမတ်များ၊ ကုန်သည်များ၊ သူဌေးများကလည်း အလားတူ စေတီပုထိုးများကို ဆောက်တည် လှူဒါန်းခဲ့ကြသည်။ သို့လှူဒါန်း တည်ဆောက်ရာတွင် ယခုဘဝတွင် စည်းစိမ်းဥစ္စာတိုးတက်စေရန် မျှသာမက နောင်တမလွန်တွင်လည်း ကောင်းရာသုဂတိသို့ ရောက်ရန်၊ အရိမေတ္တယျာဘုရားသခင် ပွင့်တော်မူသည့်အခါတွင်လည်း လူ့ဘဝသို့ပြန်ရောက်ကာ ဘုရားရှင်၏နှုတ်ခပတ်တော်မှ တရားဓမ္မကို နားနှင့်ဆတ်ဆတ် ကြားနာနိုင်ရန်ရည်ရွယ်၍ စေတီပုထိုးများကို တည်ဆောက်ခဲ့ကြခြင်း ဖြစ်သည်။

**ရည်ညွှန်း**

**Paul Strachan: Pagan.**

မွေရှပ်စုံ ဘာသာရေးနှင့် အတွေးအခေါ်မဂ္ဂဇင်း
အောက်တိုဘာလ၊ ၁၉၉၂။

ဝတ္ထုတို

# လက်ကောက်

မြသန်း

(၁)

ညဘက် ဘယ်လောက်ပင် အိပ်ရေးပျက်စေကာမူ နံနက် ငါးနာရီ ထိုးသည်နှင့် အိပ်ရာက နိုးလာရစမြဲ ဖြစ်ပါသည်။ ပထမတွင် တဂေါက် ဂေါက် မြည်လာသော စစ်ဖိနပ်အစုံ ငါးစုံလောက်၏ အသံကို ကြားရပါ သည်။ နောက် သော့ခလောက်ကြီးထဲသို့ သော့တံ ထိုးသွင်းသံကို ကြား လိုက်ရပြီး ဂျိုင်းခနဲ မြည်သံကြီးနှင့်အတူ တံခါး ပွင့်လာပြီး တာဝန်ကျ ထောင်မှူးနှင့် ထောင်ဝါဒါများ ဝင်လာကြကာ ပါးစပ်နှင့် နံပါတ်စဉ်ကို တတွတ်တွတ် တွတ်၍ လက်ညှိုးတငေါက်ငေါက်ထိုးရင်း လူရေကြပါသည်။ သည်အခါတွင် ကျွန်တော့်မှာ ဘယ်လောက်ပင် အိပ်ရေးပျက်ပျက်၊ ပြန်အိပ် ၍ မရတော့ပါ။ သူတို့ လူရေသည့်အခါတွင် ကျွန်တော်တို့က ခြင်ထောင် ကိုလှပ်၍ ခေါင်းပြူပြရပါသည်။ သို့မဟုတ်လျှင်လည်း ခြင်ထောင်အပြင် ဘက်သို့ လက်တစ်ဖက်ကို ထုတ်ပြရပါသည်။ အကျဉ်းသမားအားလုံး အပျောက်အဆုံး မရှိ၊ ပြည့်ပြည့်စုံစုံရှိပါသည်ဆိုသည့် သဘောပင်ဖြစ်ပါ သည်။

သူတို့တစ်တွေ လူရေပြီး တံခါးမကြီးကို စေ့၍ ပြန်ထွက်သွားကြပါ သည်။ သည်အခါတွင်မူ သော့မခတ်တော့ပါ။ သို့သော် ကျွန်တော်တို့ အကျဉ်းသမားများမှာလည်း အပြင်သို့ ထွက်ခွင့်မရသေးပါ။ တစ်ထောင်လုံး ရှူရေတွက်ပြီးအောင် စောင့်ရပါသည်။ တစ်ထောင်လုံး လူပေါင်းရတော့မှ

ဗူးဝက ထောင်ဖွင့်သံချောင်း ခေါက်လိုက်ပါသည်။ သည်တော့မှ အပြင်သို့ ထွက်နိုင်ပါတော့သည်။

ထောင်ဖွင့်သံချောင်း ခေါက်လိုက်သည်နှင့် ကျွန်တော်တို့ အဆောင် အောက်ထပ်မှ တဝုန်းဝုန်းပြေးသံများ၊ တကြော်ကြော်ခေါ်သံများ၊ တဟားဟားရယ်မောသံများ၊ တဈစ်ဈစ် ဆဲရေးတိုင်းထွာသံများကို ကြားရစမြဲ ဖြစ်ပါသည်။ သည်အခါတွင် ဘယ်လိုပင် အိပ်ရေးပျက်စေတော့ ပြန်အိပ်၍ မရ တော့ပါ။

သကြိန်မကျမီကလေးတွင်ပင် ကျွန်တော်တို့ကို ကြိုးတိုက်ထဲမှ နံပါတ်တစ်အဆောင်သို့ ပြောင်းလိုက်ပါသည်။ ကျွန်တော့်အဖို့ကား ကြိုးတိုက်ထဲမှ အဆောင်မဘက်သို့ ပြောင်းရွှေ့ရခြင်းမှာ ထောင်မှ ''တစ်ဝက်လွတ်'' ခြင်း မည်ပါသည်။ ကြိုးတိုက်မှာ ကျဉ်းမြောင်းမည်းမှောင်၍ မစင်နံ့၊ ဆေးနံ့တို့ဖြင့် အသက်ရှူရကျပ်လှပါသည်။ ပူနွေးဝါဝင်းသော နေရောင်ခြည် ကိုလည်း မမြင်ရပါ။ အေးမြကြည်လင်သော လရောင်ဝါကိုလည်း မတွေ့ရပါ။ မည်းမှောင်၍ အညှီအဟောက်တို့ဖြင့် နံစော်လျက်ရှိသော သေမင်း၏ ခံတွင်းဝနှင့် တူပါသည်။

အဆောင်မကြီးဘက်မှာမူ မြေသင်းနံ့၊ သစ်ရွက်နံ့၊ ပန်းနံ့တို့ဖြင့်သင်းသော ပြင်ပလေကို ရှူရှိုက်ရပါသည်။ ပူနွေးဝါဝင်းသော နံနက်ခင်းနေခြည်နု ကို တွေ့ထိရပါသည်။ နေရောင်တွင် မြူမှုန်များသည် ရွှေမှုန်များလို လွင့်ပါး နေကြပါသည်။ သရက်ပင်များပေါ်မှ ဘုတ်အီသံ၊ ရှဉ့်အော်သံများကိုလည်း ကြားရတတ်ပါသည်။ သရက်ကိုင်းများပေါ်တွင် သရက်သီးများကို ဆိတ်ဖွဲ့ ခြွေချနေသော ကျီးများကိုလည်း မြင်ရပါသည်။

အဆောင်ရှေ့ အုတ်ကန်ဘောင်တွင် ကော်ဇောခင်းသလို စိုက်ထားသော ယိုးဒယား နှင်းဆီပန်းခင်းများ ရဲရဲနီအောင် ဖူးပွင့်နေကြပါသည်။ ဗုဒ္ဓသရဏ ပန်းများ၊ ဇော်မွှားပန်းများ၊ ဘော်လုံးပန်းများ၊ စက္ကူပန်းများသည်လည်း နေရောင်ခြည်နှင့်ဝတ်လွှာကို အသာလှပ်ကာ ငုံအာဖူးပွင့်လာကြပါသည်။ အဆောင်အနောက်ဘက်သို့ ကျော်ကြည့်လျှင် ထောင်မှ စိုက်ပျိုးထားသည့် တောင်ယာကို တွေ့မြင်ရပါသည်။ တောင်ယာထဲတွင် ဂေါ်ဖီပန်းပင်များ၊ မုံလာပင်၊ ဆလပ်ပင်၊ ဟင်းနုနွယ်ပင်၊ ခရမ်းချဉ်ပင်တို့ဖြင့် စိမ်းကာ နီမောင်း

မောင်း မြေကြီးရောင်နှင့်တွဲလျက် ကြည့်ရသည်မှာ ကော်ဇောကြီး ခင်းထားသည်နှင့်ပင် တူပါသည်။ တောင်ယာ အလယ်တည့်တည့်တွင် ကြိုးစင်ရှိ၍ ကြိုးစင်ဘေးတွင် စေတီဖြူဖြူကလေးကို မြင်ရပါသည်။ အဆောင်အုတ်လှေကားမှ မျှော်ကြည့်လျှင် ကြိုးစင်မှာ ဝါးနှစ်ရိုက်လောက်တွင် ကပ်လျက်သား ရှိပါသည်။ ကြိုးစင်မှာ အုတ်ခုံကြီး ခံထား၍ အပေါ်တွင် တံခါးမကြီးအလယ်က ဟ,သွားသော သံပြားရွက်ကြီးနှစ်ရွက်ကို ဘေးတွင် ပတ္တာစွဲထားပြီး အောက်တွင် လိုဏ်ကြီး ရှိပါသည်။ အပေါ်တိုင်နှစ်တိုင်တွင် တန်းထားသော သံတန်းကြီးတွင် ကြိုးကွင်းနှစ်ကွင်း ရှိပါသည်။ လူနှစ်ယောက်ကို တစ်ပြိုင်နက် ကြိုးပေးနိုင်ပါသည်။ ကြိုးပေးခံရမည့် ရာဇဝတ်ကောင်သည် အုတ်ခုံကြီးကို ဖုံးထားသည့် သံပြားပေါ်တွင် ရပ်နေပြီးမှ ကြိုးကွင်းစွပ်ခံရပါသည်။ ဒေါက်ဖြုတ်လိုက်သည်နှင့်တစ်ပြိုင်နက် ရာဇဝတ်ကောင် ရပ်နေသည့် သံပြားကြီးသည် ဂျိုင်းခနဲ့ အောက်သို့ ပြုတ်ကျသွားပြီး ရာဇဝတ်ကောင်သည် လေထဲတွင် တွဲလောင်းကြီးဖြစ်ပြီး ကြိုးကို ဖြတ်လိုက်သည်နှင့် ကျင်းထဲသို့ ကျသွားပါသည်။ ကြိုးပေးခံရသည့် ရာဇဝတ်ကောင်မှာ ကျင်းထဲတွင် သုတ်သွေးရည်တွေ ထွက်လျက် ဇီဝိန်ချုပ်နေပါပြီ။ သည်ကျင်းကြီးမှာ သုတ်သွေးနံ့တို့ဖြင့် ညှီလျက် ရှိပါသည်။

စကားစပ်မိ၍ ပြောရပါဦးမည်။ ကျွန်တော် အဖမ်းခံရသည့် နောက်တစ်နေ့တွင် လူတစ်ယောက်ကို ကြိုးပေးပါသည်။ တရားခံမှာ ဖျာပုံနယ်မှ လူသတ်မှုဖြင့် အပြစ်ပေးခံရသူ ဘကြူးဆိုသူ ဖြစ်ပါသည်။ ကျွန်တော်မှာ ထောင်ထဲတွင် ပထမဆုံး အိပ်ရသည့်ညမို့ ကောင်းကောင်းအိပ်မပျော်ပါ။ စိတ်တွေ လှုပ်ရှားလျက် ရှိပါသည်။ ထို့ကြောင့် နံနက် သုံးနာရီလောက်မှ အိပ်ပျော်သွားပါသည်။ အိပ်ပျော်သွား၍ မကြာမီပင် ဂျိုင်းခနဲ အသံကြီးနှင့် အတူ ကျီးများ ပြိုသံကို ကြားလိုက်ရသဖြင့် လန့်နိုးလာသည်။ ကျွန်တော်မှာ ထိုစဉ်က ဘာသံကြီးလဲဟု မစဉ်းစားခဲ့မိပါ။ နောက်နေ့ ညကျတော့မှ ကျွန်တော်တို့ ကြိုးတိုက်ကို အစောင့်ကျသည့် ဝါဒါဖိုးကဲကို မေးကြည့်မိသည်။ ဖိုးကဲမှာ ညဘက်တွင် ကြိုးမိန့်ပေးပြီး တရားခံများထားသည့် ကြိုးတိုက်တွင် အစောင့်ကျ၍ နေ့ဘက်တွင် ကျွန်တော့်ကြိုးတိုက်ကို အစောင့်ကျလေသည်။

''ဟော့… ဖိုးကဲ၊ ဒီနေ့မနက်အစောကြီး ထောင်အနောက်ဘက် ထောင့်က မြည်သံကြီးက ဘာသံကြီးလဲကွ''

''ကြိုးပေးတာ ဆရာ့''

ဖိုးကဲ ထမင်းစားရေသောက် ဖြေသလို ခပ်ပေါ့ပေါ့ ဖြေရင်း ဆေးပြင်းလိပ်ကို ဖွာရှိုက်နေ၏။

''ဘယ်သူလဲ''

''ဖျာပုံနယ်က လူသတ်မှုနဲ့ကျတဲ့ ကိုဘကြူးဆိုတာ''

''ဟုတ်လား၊ တောက်… အဲဒီလူနဲ့ မတွေ့လိုက်ရတာ နာသကွာ။ ကြိုးပေးခါနီး သူ ဘယ်လိုနေသလဲလို့ ကြည့်ချင်လိုက်တာ။ ကြိုးပေးခံရခါနီးမှာ သူ့မျက်လုံးတွေ၊ စကားသံတွေ၊ မျက်နှာတွေ အမူအရာတွေကို မြင်ချင်လိုက်တာ''

''အမလေး… မပြောစမ်းပါနဲ့ ဆရာရယ်၊ ကြက်သီးထလွန်းလို့ပါ။ ကျွန်တော် မနေ့ညက သူ့အခန်းမှာ အစောင့်ကျတာ၊ ခုထိ မျက်စိထဲက မထွက်ဘူး''

ဖိုးကဲ၏မျက်နှာကြီးသည် မဲ့နေလေသည်။ သူက ဆေးပြင်းလိပ်တိုကို ပါးစပ်မှ ချွတ်လိုက်သည်။

''တစ်ညလုံး အစောင့်ကျသလား''

''ဒါပေါ့ဆရာ့၊ အဲဒါကြီးကို မျက်စိထဲ မြင်မြင်နေတယ်။ ပြောလိုက်တဲ့ စကားကလည်း တသွင်သွင်ပဲ။ တစ်ညလုံး မနားတော့ဘူး''

''ဟုတ်လား… ဘာတွေ ပြောသလဲ''

''ဟာ… အကောင်းချည်းပဲ။ ဘုရားကြောင်း တရားကြောင်းတွေ ချည်းပဲ။ သူ့မှာ မယားနဲ့ သားတစ်ယောက်၊ သမီးနှစ်ယောက် ကျန်ရစ်ခဲ့ကြောင်း၊ သားသမီးတွေအတွက် အရင်တုန်းက စိတ်ပူပေမယ့် ကြိုးပေးခံရမယ်ဆိုတာလည်းသိရော စိတ်မပူတော့ဘဲ စိတ်အေးအေးထားတဲ့အကြောင်း၊ ကျွန်တော့်ကိုလည်း မမိုက်ကြဖို့၊ ငါးပါးသီလလဲမြဲကြဖို့အကြောင်း ပြောလိုက်တာ စုံနေတာပဲ။ လူက စာလေး ဘာလေးနဲ့ တတ်ဟန်တူပါရဲ့ ဆရာ။ ပါဋ္ဌာတိပါတာကံရော၊ ဥပစ္ဆေဒကကံရော စုံလို့ပဲ။ ဥပစ္ဆေဒကကံဆိုတာ ဖြင့် ကျွန်တော်တောင် မသိဘူး''

"ဥပစ္ဆေဒက ကံဆိုတာက ရုတ်တရက် ကပ်ပြီး ဖြစ်တတ်တဲ့ကံပေါ့ကွ"

"သိပါဘူး··· အဲဒါတွေ ပြောလိုက်တာ စုံလို့ပဲ။ ကျွန်တော်ကတော့ တအင်းအင်း နားထောင်ရတာပေါ့"

"အသံတွေ ဘာတွေကော မှန်မှန်ပဲလား"

"ခပ်မှန်မှန်ပဲ၊ လေအေးကလေးနဲ့ပဲ"

"မျက်လုံးတွေ၊ မျက်နှာ အမူအရာတွေကကော"

ဖိုးကဲက ဟက်ခနဲ တစ်ချက် ရယ်လိုက်ပြီး-

"ဟာ··· မျက်နှာတွေ ဘာတွေတော့ မမြင်ရဘူး။ သူက သံတိုင်တံခါးနောက်ဘက်မှာ ကျွန်တော့်ကို ကျောပေးပြီး ထိုင်နေတာပဲ။ ကျွန်တော်ကလည်း ကြိုးတိုက်တံခါးဝက အုတ်ခုံပေါ်မှာ သူ့ဖက်ကို ကျောပေးပြီး ထိုင်နေရတာပဲ။ သူ့မျက်နှာလည်း ကျွန်တော် မမြင်ရဘူး။ ကျွန်တော် မျက်နှာလည်း သူက မီးခြစ်တောင်းလို့ ပေးရင်လည်း ကျွန်တော်က နောက်ပြန်ပေးတာပဲ။ သူကလည်း မျက်နှာမလှည့်ဘဲ နောက်ပြန်ယူတာပဲ။ မျက်စိထဲ မြင်နေတယ် ဆရာရယ်···"

ဖိုးကဲသည် ထမင်းစားချိန် လူလဲ၍ ကျွန်တော့်ကို နှုတ်ဆက်ကာ အပြင်သို့ ထွက်သွားပေသည်။ ကျွန်တော်သည် ဖိုးကဲ၏စကားများကို အမှတ်ရကာ ကြိုးစင်ကြီးကို မျှော်ကြည့်နေမိပေသည်။ သည်ကြိုးစင်ကြီးပေါ်တွင် ရာဇဝတ်ကောင် ဘယ်လောက် ကြိုးပေးခံခဲ့ရပြီနည်း။ တိုင်းတစ်ပါး အုပ်စိုးမှုကို တော်လှန်တိုက်ခိုက်ခဲ့သော မျိုးချစ်ဘယ်နှယောက် ကြိုးပေးခံခဲ့ရပြီနည်း။ တကယ်တော့ သည်ကြိုးစင်သည် တရားဥပဒေကို ချိုးဖောက်သော ရာဇဝတ်ကောင်များအတွက်သာ ဖြစ်သင့်ပေသည်။

## (၂)

ကျွန်တော်တို့ အဆောင်အောက်ထပ်တွင် "လက်ကောက်" များ ထားပါသည်။ လက်ကောက်မှာ မကြာခဏ အမှုအမျိုးမျိုးဖြင့် ထောင်ထဲဝင်လာသူများ ဖြစ်ပါသည်။ ပြုပြင်၍ မရတော့ဟု အာဏာပိုင်များက ယူဆခြင်းခံရသူများ ဖြစ်ပါသည်။ အဆောင်အောက်ထပ်မှ တဝုန်းဝုန်း ပြေးလွှားသံများ

နှင့်အတူ ရန်ဖြစ်သံများကို ကြားလေသည်။ ကျွန်တော် အောက်ထပ်သို့ ဆင်းလာသောအခါ ပါးစပ်မှ တတွတ်တွတ်ရွတ်ရင်း ရန်ဖြစ်နေသော ကိုထွန်းရင်နှင့် လန်ဘားကို ထောင်မှူးရှေ့တွင် တွေ့ရ၏။ ကိုထွန်းရင်ကား ဖောက်ထွင်းမှု၊ ခိုးမှု၊ တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ် စသည်တို့ဖြင့် အလီလီ ကျခဲ့သူ ဖြစ်၏။ ကျွန်တော်တို့ ကိုကိုးကျွန်းသို့ရောက်ပြီး မကြာမီတွင် ကိုထွန်းရင် လွတ်ရက်စေ့၍ ထောင်မှ လွတ်သွားလေသည်။ သည်တုန်းက သူသည် မီးလ္လာဘုတ်တွင် အလုပ်ကျလေသည်။ မီးလ္လာဘုတ်မှာ အခြားအလုပ်ဘုတ်များအတွက် လျှော့ရက်ပိုရသဖြင့် လွတ်ရက်စေ့၍ လွတ်သွားပြီး တစ်လအတွင်းမှာ ကိုထွန်းရင် ပြန်ရောက်လာပြန်၏။ ကျွန်တော်က အံ့အားသင့်စွာဖြင့် –

"ဟာ… ကိုထွန်းရင်၊ ခင်ဗျား လွတ်သွားပြီဆို" ဟု မေးသည်တွင် ကိုထွန်းရင်က ရယ်ကျဲကျဲ လုပ်ရင်း –

"ဟုတ်တယ် ဆရာ၊ လွတ်ပြီးပြီ။ နောက်တစ်ခေါက် ရောက်လာတာ။ ဆိုက်ကားခိုးမှုနဲ့"

ကျွန်တော်ကား ထောင်ကို ခြင်ထောင်မှတ်၍ ဝင်လာမစဲ တသဲသဲဖြစ်သော သူတို့ဘဝကိုသာ အံ့သြရလေသည်။ သူနှင့်ရန်ဖြစ်သူ လန်ဘားလည်း ဖောက်ထွင်းမှုနှင့် ကျလာသူ ဖြစ်ပေ၏။ အမည်ရင်းကိုမူ ကျွန်တော် မသိပေ။ သူ့ကို အကျဉ်းသမားအားလုံးက လန်းဘားဟုသာ ခေါ်ကြလေသည်။ လန်ဘားကား အပြင်ဘက်တွင် ကျောင်းဒါယကာ၊ ဘုရားဒါယကာဟု ပြောကြ၏။ သူ့မွေးရပ်မြေ မုဒုံဖက်တွင် စေတီတစ်ဆူနှင့် ကျောင်းတစ်ဆောင် တည်ထားသည်ဟု ဆိုလေသည်။ သို့ရာတွင် ထောင်ထဲ ရောက်လာသောအခါ ဖောက်ထွင်းမှုဖြင့် ကျလာသူ ဖြစ်၏။ ကျွန်တော်က –

"ဗျို့… ကိုလန်ဘား၊ ထောင် ဘယ်နှနှစ်ကျသလဲ"ဟု ကျွန်တော်က မေးသောအခါ ကိုလန်ဘားသည် သိပ်ပြောချင်ပုံမရဘဲ ခပ်လေးလေးပင် ဖြေလေသည်။

"တစ်ရာ့နှစ်ဆယ်"

"ဗျာ… ဘယ်လောက်"

''အမှုတွေက အများကြီးပဲ။ အဲဒါတွေ စုပေါင်းပြီး ထောက်ဒဏ် ချလိုက်တာ ဆရာရဲ့။ ခု တစ်ရှုနှစ်ဆယ် ကျတယ်''

ကျွန်တော်သည် သက်ပြင်းကို ချလိုက်မိသည်။ လျှော့ရက်တွေ ဘယ်လောက်ပင် ရစေတော့၊ လန်ဘားသည် ထောင်ထဲမှာပင် အသက်ထက် ဆုံးနေရလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။

သို့ရာတွင် လန်ဘားသည် လေးလေးနက်နက် ဘာမျှ တွေးပုံ မတူပေ။ တနင်္ဂနွေနေ့များတွင် နံနက်မိုးလင်းမှသည် ညနေ ထောင်ပိတ် ချိန်ထိ ကျွန်တော်တို့ ဆင်ထားသော ဘော်လီဘောကွင်းထဲတွင် ဘောလီ ဘောပုတ်ရင်းဖြင့်သာ အချိန်ကုန်လေသည်။

သူတို့နှစ်ယောက်စလုံးကို ထောင်မှူးက ဆုံးမပြီး ပြန်လွှတ်လိုက် တော့မှ ကျွန်တော်က ထောင်မှူးဖက်သို့ လှည့်၍-

''ဘာဖြစ်လို့တဲ့လဲဗျ''

''ဒီနေ့မနက် အိပ်ထောင်ဖွင့်တော့ ဂန်ဖလား သယ်မဲ့လူ မရှိလို့ ရန်ဖြစ်တာလေ။ အိပ်ထောင်ထဲကို ဂန်ဖလား သွင်းပေးထားတယ် မဟုတ် လား။ အဲဒါ နောက်ဆုံး အိပ်သာတက်တဲ့သူက ဂန်ဖလားကို သိမ်းရတယ်။ ညတစ်ညလုံး ဘယ်သူပဲ အိမ်သာတက်တက်၊ မနက် အိပ်ထောင်ဖွင့်ခါနီး နောက်ဆုံး အိမ်သာတက်တဲ့သူက သိမ်းရတယ်။ ကိုထွန်းရင်က လန်ဘား တက်တယ်လို့ စွပ်စွဲတယ်။ လန်ဘားက သူ မတက်ဘူးလို့ ငြင်းတယ်။ လက်သယ်ရှာမတွေ့တော့ မိလ္လာဘုတ်ကျတဲ့ ကိုထွန်းရင်ကြီးပဲ သိမ်းရတာ ပေါ့ဗျ။ အဲဒါကြောင့် ရန်ဖြစ်ကြတာ''

ထောင်မှူးက ထောင်၏ ထုံးတမ်းစဉ်လာကို ရှင်းပြပါသည်။ ကျွန် တော်တို့မှာ အထူးတန်းရသူများဖြစ်၍ သည်လောက်အသေးစိတ် ကလေး တွေကို မတွေ့ရပါ။ မိလ္လာဘုတ်ကျသူကသာ သိမ်းရသည်ဟု ထင်မိပါ သည်။ သို့ရာတွင် သာမန်ထောင်ကျသူများအဖို့ကား မိလ္လာသိမ်းသူက သေအိုးကိုသာ သွန်ပေး၍ ဂန်ဖလားကိုမူ ထောင်ဖွင့်ခါနီး နောက်ဆုံး အိမ်သာတက်သူက သွန်ရပါသည်။

ကျွန်တော်သည် ထောင်မှူးနှင့် ခွဲကာ ကျွန်တော်တို့ စားဖိုခန်းဖက် သို့ ဆင်းခဲ့ပါသည်။ ကျွန်တော်တို့ အထူးတန်း အကျဉ်းသားများ၏ စားဖို

မှာ သက်သက်ဖြစ်၍ ကျွန်တော်တို့ကိုယ်တိုင် အလှည့်ကျဆင်း၍ စီမံကွပ်ကဲရပါသည်။

ကျွန်တော်တို့ စားဖိုနားတွင် လက်ကောက်တွေ ဝိုင်းဝိုင်းလည်နေသည်။ အချို့က ကျွန်တော်တို့ကို အကူအညီပေးကာ အကြွင်းအကျန်များကို ယူရန်ဖြစ်၍ အချို့က လစ်လျှင် လစ်သလို ဆွဲရန် ဖြစ်ပါသည်။ တစ်ခါတလေလည်း ဆေးလိပ်၊ နို့ဆီဗူး စသည်တို့ကို တောင်းတတ်ပါသည်။ နံနက်လင်းလျှင် ကျွန်တော်တို့ဖိုနားတွင် သူတို့တစ်တွေ ဝိုင်းအုံနေကြပါသည်။ ထောင်အာဏာပိုင်များက မလာရဆိုသော်လည်း လစ်လျှင် အနားသို့ ရောက်လာကြပါသည်။ ကျွန်တော်တို့ကလည်း မပြောသာ၍ သည်အတိုင်းပင် နေရပါသည်။

ခဏကြာလျှင် ကျော်အုန်းနှင့် မြင့်သိန်းတို့ ရန်ဖြစ်သံကို ကြားရပြန်သည်။ ဆေးလိပ်ပျောက်သော ကိစ္စပေတည်း။

ကျော်အုန်းကား ဖောက်ထွင်းမှုအလီလီဖြင့် ထောင်ကျလာသူ ဖြစ်၏။ မြင့်သိန်းကား အသက်နှစ်ဆယ်ဝန်းကျင်လောက်တွင် ရှိဦးမည်ဟု ထင်ရလေသည်။ အပြင်တွင် ခါးပိုက်နှိုက်သည့်အခါ နှိုက်၏။ ဆွဲကြိုးဖြတ်သည့်အခါလည်း ဖြတ်လေသည်။ ကျွန်တော်တို့ ကိုကိုးကျွန်းမှ ရောက်ပြီး လေးလလောက်အကြာတွင် လွတ်သွား၏။ ဆယ့်ငါးရက်လောက်ကြာလျှင် မီးရထား ခိုးစီးမှုဖြင့် ရောက်လာပြန်လေသည်။ မြင့်သိန်းသည် အလုပ်လုပ်ရန် ရန်ကုန် အင်းစိန်လော်ကယ်ကို အစုန်အဆန် စီးနေရာမှ ပုလိပ်က တွေ့၍ ဆွဲလာခြင်း ဖြစ်၏။ သူတို့ဘဝမှာ ပြုပြင်၍ရတော့မည်မဟုတ်ဟု ကျွန်တော်က ထင်လေသည်။

"ဟေ့... မြင့်သိန်း၊ ဒီတစ်ခါ အပြင်ရောက်ရင် ကောင်းကောင်းနေနော်။ ဟိုဟာ ဒီဟာ မကြားပါရစေနဲ့။ လောကမှာ ဒီအပြင် အလုပ်တွေ တစ်ပုံကြီး ရှိပါတယ်ကွာ။ အခိုက်အတန့် မသင့်လို့ ဝင်ငွေမကောင်းတာတို့ ဘာတို့တော့ ရှိမှာပေါ့။ ဒါပေမဲ့ ကြိတ်မှိတ်ပြီး လူကောင်းဖြစ်အောင် ကြိုးစားလိုက်စမ်းပါ"

မြင့်သိန်း ထောင်က မလွတ်မီ ကျွန်တော်တို့က သဘောပေါက်အောင်

ရှင်းပြကြ၏။ အားပေးကြ၏။ သို့ရာတွင် ကျွန်တော်တို့စကားမှာ သဲထဲရေ သွန်သာတည်း။

"မထူးပါဘူး ဆရာရယ်၊ အပြင် ရောက်တော့လည်း ဒီပြင် အလုပ်ကို ကောင်းကောင်း မလုပ်ချင်တော့ဘူး။ အလွယ်လမ်း လိုက်တာပဲ ကောင်းပါတယ်။ ပုလိပ်နဲ့ ကျွန်တော်တို့က ဘတစ်ပြန် ကျားတစ်ပြန်ပါပဲ။ သူလစ်ရင် ကိုယ်က ဆော်၊ ကိုယ်လစ်ရင် သူက ဆော်ပေါ့"

သည်နောက်တော့ ကျွန်တော်တို့ကလည်း ပြော၍ရမှာ မဟုတ်သည့် အတူတူ ဘာမျှ မပြောတော့ပါ။ သည်တစ်ခါ ထောင်ထဲပြန်ဝင်လာသည့် ကိစ္စကိုလည်း မအံ့သြတော့ပါ။

မြင့်သိန်းနှင့် ကျော်အုန်း ဆေးလိပ်ပျောက်သည့်ကိစ္စနှင့် ရန်ဖြစ်ပြီး မကြာမီ ကျွန်တော့်အနားသို့ ဟာမိုးလုံး ရောက်လာ၏။ ဟာမိုးလုံးမှာ ဘာနာမည်မှန်း ကျွန်တော် မသိပါ။ လက်ကောက်တွေ အားလုံးက သူ့ကို ဟာမိုးလုံးခေါ်၍ ကျွန်တော်တို့ကလည်း သည်အတိုင်းပင် ခေါ်ကြခြင်း ဖြစ်ပါသည်။ သူ့အဖေနှင့်အမေမှာ ဘိတ်တရုတ်ဟု ဆိုလေသည်။ သူ ထောင်ကျလာခြင်းမှာ ဒေါ်လာ ခိုးသွင်းမှုဟု ဆိုပါသည်။ သူသည် ပင်လယ်ကူး သင်္ဘောတစ်စင်းတွင် "အင်ဂျင်နီယာ"ဟု ဆိုပါသည်။ လန်ဒန်သို့လည်း ရောက်ဖူးသည်ဟု ပြောပါသည်။ ဟောင်ကောင်သို့လည်း ရောက်ဖူးသည်ဟု ပြောပါသည်။ အင်္ဂလိပ်စကားလည်း တစ်လုံးစ နှစ်လုံးစ ပြောတတ်ပါသည်။

ကျွန်တော်ကမူ ဘာမျှမပြောဘဲ သူ့အဖြစ်အပျက်ကို ခေါင်းညိတ်၍ နားထောင်နေလိုက်ပါသည်။ သူ့စကားအဆုံးတွင် ကျွန်တော့်ထံမှ ဆေးလိပ်တောင်းပါသည်။ ကျွန်တော်လည်း ထုတ်ပေးလိုက်ပါသည်။ သူ့စိတ်ထဲတွင် သူ့စကား သူ့အဖြစ်အပျက်တွေကို အယုံကြီး ယုံ၍သာ သူ တောင်းသော ဆေးလိပ်ကို အလွယ်တကူ ပေးလိုက်သည်ဟု ထင်သလား မပြောတတ်ပါ။

"ဆရာနော်… ဒီကောင်တွေက လက်ကောက်တွေ၊ သတိထား။ ဝတ္ထု ဇာတ်လမ်းရအောင် ပြောမယ်ဆိုပြီး ညာ… ညာယူနေတာ"

ကိုသိန်းက ကျွန်တော့်ကို ပြောပြပါသည်။ ကိုသိန်းမှာ အသက်လေးဆယ်ကျော်ရှာပါပြီ။ ၁၉၄၈ ခုနှစ်က လက်နက်မှုဖြင့် ထောင်အနှစ်ငါးဆယ် ကျခဲ့ရှာသူ ဖြစ်ပါသည်။ သည်တုန်းက လက်နက်မှု ဥပဒေကြမ်းမှာ ပါလီမန်တွင် တင်သွင်းဆဲ ဖြစ်ပါသည်။ လက်ကြံခေတ်ကြီးဖြစ်၍ မှတ်လောက်သားလောက်အောင် အနှစ်ငါးဆယ်ထိ ပြစ်ဒဏ်ပေးလိုက်ခြင်း ဖြစ်ဟန်တူပါသည်။ သည့်နောက် လက်နက်မှုနှင့် ကျသူများမှာ သူ့လောက် ပြစ်ဒဏ် မများတော့ပါ။ လူအနေနှင့်ကား အင်မတန်ရိုးသား၍ အင်မတန် အေးသူ ဖြစ်ပါသည်။ ကျွန်တော်တို့က သူ့ကို အသနားခံစာ တင်ဖို့ တိုက်တွန်းသောအခါ ကိုသိန်းက "ရမှာ မဟုတ်တော့ပါဘူး ထင်ပါတယ်" ဟု စိတ်ပျက်လက်ပျက်ဖြင့် ညည်းညူရှာပါသည်။ ကိုသိန်းလို ရိုးသားသူများ ထောင်ထဲရောက်မှ အကျင့်စာရိတ္တ ပျက်ပြားသွားမယ်ဆိုရင် များစွာ ဝမ်းနည်းစရာ ကောင်းလှပါသည်။

"ပြောပါစေဗျာ... ပြောပါစေ။ သူတို့ပြောတိုင်း ဘယ်သူက ယုံမလဲ။ ဟုတ်တယ် မဟုတ်ဘူးဆိုတာ စဉ်းစားချင့်ချိန်လို့ ရပါတယ်။ သူတို့လိုချင်တာက ဆေးလိပ်တို့ နို့ဆီဗူးတို့ မဟုတ်လား။ ကျွန်တော်တို့မှာ ဘာမှ မဖြစ်လောက်ပါဘူး။ ရှိရင်ပေးလိုက်ရုံပေါ့။ မရှိရင်လည်း မပေးလိုက်ရုံပေါ့။ သူတို့ပြောတာတွေ နားထောင်ရတော့ အပျင်းလည်း ပြေပါတယ်။ စိတ်ဝင်စားစရာလည်းကောင်းတယ်။ ယူတတ်ရင် ဗဟုသုတလေး ဘာလေးလည်း ရတာပေါ့။ တချို့ကတော့လည်း တကယ်ကို စေတနာနဲ့ သူတို့အကြောင်း တိုင်းပြည်ကို တင်ပြစေချင်တယ်။ တချို့ကျတော့လည်း ကျွန်တော်တို့ကို ဇာတ်လမ်းလေး ပြောပြီးတော့ ခင်ဗျား ပြောသလို ဆေးလိပ်ကလေးအစ နို့ဆီဗူးကလေးအစ လိုချင်ဟန်တူပါရဲ့။ တောင်းလို့ကောင်းအောင်ပေါ့ဗျာ။ ကျွန်တော်တို့ကလည်း သူတို့ပြောတိုင်း လျှောက်ရေးနေပါ့မလား။ တိုင်းပြည်အတွက် အသုံးဝင်တယ်။ အဖိုးတန်တယ်၊ ရေးသင့်တယ်လို့ ထင်မှ ရေးမှာပေါ့"

ကိုသိန်းသည် ဘာမျှ မပြောတော့ဘဲ မော်လမြိုင်ဆေးပေါ့လိပ်ကို ဖွာနေလေသည်။ ထမင်းအိုး ဟင်းအိုးများ ကျက်၍ ကျွန်တော် ထမင်းစားခါနီးတော့ လက်ကောက်များ အနားသို့ ဝိုင်းအုံလာကြပြန်သည်။ အချို့

က ထမင်းအိုး ဟင်းအိုး သယ်ပေးကြသည်။ ကျွန်တော်တို့ကလည်း မနေ သာတော့ဘဲ ထမင်းဖြူနှင့် အသားဟင်းများကို များလျှင် များသလို ကြည့်ရှု၍ ပေးရပါသည်။ ကျွန်တော်တို့ အထူးတန်းသမားများရှိလျှင် လက်ကောက်များအဖို့ အနေအထိုင်လည်း ချောင်၍ အစားအသောက်လည်း ပေါပါသည်။

(၃)

အင်းစိန်ထောင်တွင် အဆောင်နံပါတ်တစ်ကို လက်ကောင်ထောင်ဟု ဟူ၍ သီးခြားထားပါသည်။ ပြစ်မှုတစ်ကြိမ်တစ်ခါ ကျူးလွန်မိသူများကို မူ အခြားအဆောင်များတွင်ထား၍ "လက်ကောက်" များကိုမူ တစ်ထောင်ထဲ သက်သက်ခွဲထားပါသည်။ သူတို့မှာ အကျင့်စာရိတ္တပျက်ပြား၍ ပြုပြင်၍ မရတော့ဟု ယူဆခြင်း ခံရသူများဖြစ်၍ သက်သက်ထားခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ကိုလည်း လက်ကောင်ထောင်သို့ ပို့လိုက်ပါသည်။ ကျွန်တော်တို့ကား လက်ကောက်ထောင်သို့ ရောက်စတွင် လွတ်လပ်၍ ပျော်သလို ရှိသော်လည်း ကြာသော် စိတ်ညစ်လာပေသည်။ နံနက်လင်းလျှင် ရန်ဖြစ်သံများကို အမြဲကြားရ၏။ တဝုန်းဝုန်း ပြေးလွှားသံများ၊ ညစ်ညမ်းစွာ ဆဲရေးတိုင်းထွာသံများကိုလည်း ကြားရတတ်၏။ တစ်ခါတစ်ရံတွင် ကျွန်တော်တို့ အသုံးအဆောင် ပစ္စည်းကလေးများကိုလည်း "လစ်" သွားကြလေသည်။

တစ်ခါတွင် ရေချိုးမည်ဟု ကျွန်တော် အုတ်ကန်သို့ ဆင်းလာခဲ့သည်။ ရေမချိုးမီ ဖိုဖက်သို့ ထွက်၍ သွားတိုက်ရင်း ဖိုမှ ထောင်ကျသူများနှင့် စကားကောင်းနေ၏။ ရေချိုးရန် အုတ်ကန်ဖက် ပြန်လာတော့ ကျွန်တော့် ဆပ်ပြာခွက် မရှိတော့ပေ။

"ဟော့လူ… ခင်ဗျား ဆပ်ပြာခွက် မရှိတော့ဘူး မဟုတ်လား"

ဗိုလ်တထောင် ကိုအုန်းမြင့်က အဆောင်ပေါ်က လှမ်း၍မေး၏။ ကျွန်တော်က သူ့ကို မော့ကြည့်လိုက်ရင်း–

"မရှိတော့ဘူးလေ၊ သွားပြီ"

"ဖြစ်ရမယ်၊ ခင်ဗျားကတော့၊ ပျောက်တော့ မပျောက်ပါဘူးဗျာ။ ရှာရင် တွေ့ပါတယ်။ ဟို ဘောကြီးဆိုတဲ့ကောင်လေး ရှိတယ် မဟုတ်လား၊

ခင်ဗျား ဆပ်ပြာခွက်ယူပြီး ကျကျနန ချေးတွန်းနေတယ်။ အံ့မယ်… ဆပ်ပြာမွှေးကို နမ်းတောင် နေလိုက်သေးတယ်။ ချေးတွန်းပြီးတော့ သူ့ ခါးပုံစထဲ ထည့်ပြီး ယူသွားလေရဲ့။ ကျွန်တော်ကလည်း ဒီကောင်က ယူတော့မယ်ဆိုပြီး အစအဆုံး ကြည့်နေတာ။ ဒီကောင်တွေကို ဒီလိုတော့ သွားများ မစမ်းနဲ့နော်။ အကုန်ပြောင်သွားမယ် သိလား။ ဒါကြောင့်မို့ ထောင်ပိုင်က သူတို့ကို အပေါ်ထပ်ကို မတက်ရလို့ အမိန့်ထုတ်ထုတ်ထားတာ''

ကျွန်တော်က တန်းစီး ကိုဗွမ်ကြည်ကို ခေါ်၍ တိုင်ရ၏။ ကိုဗွမ်ကြည်က ကြိမ်းမောင်းတော့မှ ဘောကြီးက ကျွန်တော့်ဆပ်ပြာခွက်ကို ထုတ်ပေးလေသည်။ သူ့ကို ဆပ်ပြာခွက်ခိုးမှုနှင့် တိုက်ပိတ်မည် တကဲကဲ ဖြစ်နေသောကြောင့် ကျွန်တော်ကပင် အပြစ်မပေးရန် ကိုဗွမ်ကြည်ကို လိုက်၍ တောင်းပန်လိုက်ရလေသည်။

လက်ကောက်များကား တစ်ယောက်ကိုတစ်ယောက် မိုက်ကြေးခွဲနေကြသည်။ ကျွန်တော်တို့ ပစ္စည်းများကိုလည်း လစ်လျှင်လစ်သလို ချမ်းသာမပေးဘဲ ''ဆွဲ''သွားကြလေသည်။ ဆပ်ပြာခွက်သာမက ဘီး၊ မှန်၊ စွပ်ကျယ်၊ အင်္ကျီ၊ သံပန်းကန်ပြား စသည်တို့ပင်တည်း။ ကျွန်တော်တို့ အထူးတန်းသမားများအတွက် ကြွေရည်သုတ် သံပန်းကန်ပြား ၂၈-ချပ် ထုတ်ပေးထားရာ နောက်ဆုံး ကျွန်တော်တို့ လွတ်လာ၍ ထောင်သို့ ပြန်အပ်သောအခါ သုံးချပ်သာ ကျန်တော့သည်။ ကျွန်တော်တို့ကပင် စိုက်၍ လျော်ခဲ့ရပေသည်။

သူတို့အထဲတွင် အနိုင်ကျင့်ခံရသူကား ကုလား ဖြစ်၏။ ကုလားသည် အသက် ၂၀ လောက်ရှိ၍ တရုတ်ဘိန်းစားနှင့် တူလေသည်။ ထောင်လေးခါလောက် ကျဖူးပြီ ဖြစ်၏။ သို့ရာတွင် ကုလားမှာ ဘာပစ္စည်းမျှ ဖြစ်ဖြစ်မြောက်မြောက် ခိုးတတ်ဟန်မတူပါ။ ခိုးတတ်သော အရည်အချင်းလည်း ရှိဟန်မတူပါ။ သူ့အပြောအရ ဖာခွယ်မှုဖြင့် ထောင်ကျလာခြင်း ဖြစ်၏။ သူသည် ကျွန်တော်တို့အား ပြည့်တန်ဆာမများ၏ဘဝကို ပြောပြတတ်ပေသည်။

''အရင်တုန်းက ဆူးလေဘုရားလမ်းပေါ်မှာ ပွဲမိန့်ပေးတယ် မဟုတ်

လား အစ်ကိုရ၊ အဲဒီ ဆူးလေဘုရားတို့ ဘယ်တို့မှာ ပွဲမိန့်ပေးရင် (×××) လက်ဖက်ရည်ဆိုင်ဆိုတာ ရှိတယ်။ ကောင်မလေးတွေ ရောင်းတယ်လေ''

''အေး… အေး… ငါ သိပြီ'' ဟု ကျွန်တော်တို့အထဲက တစ်ယောက်က ဝင်၍ ထောက်လိုက်ပါသည်။

''အဲဒါ အော်ဒါလိုက်တဲ့ဟာမတွေ အစ်ကိုရ။ ကျွန်တော်က ညှော်သည် ရှာပေးရတယ်။ ပြီးတော့ သူတို့က ခိုင်းတဲ့ ဗာဟီရတွေ လုပ်ပေးရတယ်။ တစ်ခါတလေလည်း လောဂျင်းပါ ရှာပေးရတယ်''

''ဒါဖြင့် မင်းက ကော်မရှင်ရတာပေါ့ ဟုတ်လား''

''ကော်မရှင်ရယ်လို့တော့ မဟုတ်ပါဘူး။ တစ်ယောက်က နှစ်ကျပ်ပေး၊ တစ်ယောက်က တစ်ကျပ်ပေးနဲ့ တစ်ည တစ်ဆယ်၊ ဆယ့်ငါးကျပ်လောက်တော့ ရတာပေါ့''

''ဟာ… နေ့တွက်စီလှချည်လားကွ။ ဒီလိုဆို တို့များတောင် လုပ်ချင်သေး''

ကျွန်တော်တို့ အထဲက စာရေးတစ်ယောက်က နောက်ပါသည်။ သူ့လခမှာ တစ်လမှ တစ်ရာ့နှစ်ဆယ်ခြောက်ကျပ်မျှသာ ဖြစ်ပါသည်။

''အစ်ကိုတို့ဆိုရင် သိပ်ဟန်ကျတာပေါ့''

ကုလားသည် ဘေးမှ နောက်ပြောင်ပြောသည်ကိုလည်း နောက်မှန်းပြောင်မှန်း သိဟန်မတူပါ။ အတည်ပြောသည်ဟု အောက်မေ့ဟန်တူပါသည်။ စနေ-တနင်္ဂနွေနေ့ သူ အလုပ်အားသည့်နေ့ဆိုလျှင် သူ့ရန်ကို ကြောက်ရပါသည်။ သူ့ရန်မှာ တခြားမဟုတ်။ တွေ့သမျှလူကို အတင်းအနှိပ်ခံခိုင်းခြင်း ဖြစ်ပါသည်။ အကြောနည်းနည်းပါးပါး နားလည်၍ တကယ်လည်း နှိပ်တတ်ပါသည်။

''အစ်ကို ဒီနေ့ အနှိပ်ခံဦးမလား''

ကျွန်တော် စာဖတ်နေတုန်း ကုလား ရောက်လာ၍ မေးပါသည်။ ကျွန်တော်က စာဖတ်နေရာမှ သူ့ကို လှည့်မကြည့်ဘဲ-

''တော်ပြီကွ'' ဟု ပြောလိုက်သည်။

ကုလားသည် ဘာမျှ မပြော။ ကျွန်တော့်ခြေရင်းတွင် ဝင်ထိုင်ပြီး နှိပ်ပေးပါသည်။

''ဟော့ကောင်… ကုလား၊ ငါ အနှိပ်မခံချင်ဘူးလို့ ပြောနေ''

''ကောင်းတယ် ဆရာ့၊ အညောင်းပြေတယ်''

''ဟာ… တော်ပြီကွ၊ မင်း ဆေးလိပ် လိုချင်လို့လား။ ရော့… ရော့…''

ကျွန်တော်က ဆေးပေါ့လိပ်နှစ်လိပ်ကို ထုတ်ပေးလိုက်မှ ထသွားပါသည်။ ဆေးလိပ် မပေးမချင်း စိတ်ရှည်လက်ရှည် နှိပ်ပေးနေတတ်ပါသည်။ ကျွန်တော် ပြီးရင် နောက်တစ်ယောက်ဆီ သွား၍ နှိပ်ပြန်ပါသည်။ သည်လိုဖြင့် စနေ-တနင်္ဂနွေနေ့ဆိုလျှင် ကုလားသည် ထောင်မှူးတွေ၊ ဝါဒါတွေ မသိအောင် ကျွန်တော်တို့ အဆောင်ပေါ်သို့ တိတ်တဆိတ် တက်လာကာ လူကုန် နှိပ်နင်းပေးပါသည်။ ကျွန်တော်တို့ကား သူ့ကို စိတ်မဆိုးရက်ပါ။ သနား ကရုဏာသက်ကာ ဆေးလိပ်၊ နို့ဆီဘူးတို့ကို ထောက်ပံ့နေရပါသည်။

တစ်လကုန်ခါနီးတွင် နောက်ဆုံးကျန်ခဲ့သော ဖျာပုံအမတ်ကိုလှသောင်း၊ ဝတ်လုံကိုထွန်းတင်နှင့် ကျွန်တော်တို့ လွှတ်လာပါသည်။ ကျွန်တော်တို့ လွှတ်လာသောအခါ လက်ကောက်အားလုံး ပစ္စည်းတွေ ဝိုင်းသယ်၍ ထောင်ဗူးဝအထိ လိုက်ပို့ကြပါသည်။ ကျွန်တော့်တွင် ရှိသမျှ ရှပ်အင်္ကျီများ၊ စွပ်ကျယ်အင်္ကျီများနှင့် လုံချည်များကိုလည်း ခွဲဝေပေးခဲ့ပါသည်။ ကုလားကမူ ရှပ်အင်္ကျီနှင့် ခေါင်းလိမ်းဆီ တောင်းပါသည်။ ကျွန်တော်က ခပ်တည်တည်ဖြင့်-

''ဟင့်အင်း… မင်းကို မပေးနိုင်ဘူး၊ ခေါင်းလိမ်းဆီက ဘာလုပ်ဖို့လဲ''

''ကျွန်တော် လွှတ်တော့မှာ အစ်ကိုရ၊ နောက်နှစ်ရက်ဆိုရင် လွှတ်ပြီ'' ဟု ပြောပါသည်။

''လွှတ်တာ ဘာဖြစ်လို့လဲကွ၊ ခေါင်းလိမ်းဆီနဲ့ ဘာဆိုင်သလဲ''

''ဟာ… အစ်ကိုကလည်း အပြင်ထွက်ရင် ရှိုးလေး ဘာလေးနဲ့ ထွက်ရတာပေါ့။ လုပ်ပါ အစ်ကိုရ ရှိခိုးပါရဲ့''

ကျွန်တော့်နောက်က ကပ်လိုက်၍ တောင်းနေသဖြင့် ပေးခဲ့ရသည်။ ကုလားသည် ပစ္စည်းတွေမှန်သမျှ သူချည်း အကုန်သယ်၍ လိုက်ပို့လေသည်။ ကျွန်တော်တို့ ထွက်လာသောအခါ ကုလားသည် မျက်ရည်စမ်းစမ်းဖြင့်-

''အစ်ကိုတို့ လွတ်တာတော့ ဝမ်းသာပါတယ်ဗျာ။ ဒါပေမဲ့ ကျွန်တော်တို့တော့ အနေအထိုင်ကြပ်၊ အစားအသောက်လည်း ဝတ်တော့မှာပဲ''ဟု ပြော၍ ငိုလေသည်။

ဗူးဝထဲသို့ ကျွန်တော်တို့ ရောက်သောအခါ ထောင်ပိုင်ကြီးက ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်လေသည်။ ထောင်မှူးကလေးကလည်း ဝမ်းသာ အယ်လဲဖြင့် နှုတ်ဆက်ကြလေသည်။

''ဘယ့်နှယ်၊ ခင်ဗျားတော့ စာရေးစရာတွေ တော်တော်ရသွားပေါ့ ဟုတ်လား၊ တစ်ဖက်က အမြတ်ထွက်သွားတာပေါ့လေ ဟုတ်လား''

ထောင်ပိုင်က ကျွန်တော်တို့ကို မေး၍ရယ်နေလေသည်။

''ဟာ… ရေးစရာတွေတော့ အများကြီးပဲ အန်ကယ်၊ ဒီပြင် ဟာတွေထက် လက်ကောက်တွေ အကြောင်းက ပိုပြီးစိတ်ဝင်စားစရာ ကောင်းတယ်။ အန်ကယ်က ကျွန်တော်တို့ကို လက်ကောက်တွေထဲ သွားထား တာကိုး''

''အမလေး… ကျုပ်မှာလည်း အဲဒါကတစ်ဒုက္ခဗျ။ ခင်ဗျားတို့က မသိလို့၊ ခင်ဗျားတို့ကို ထောင်ထဲထည့်ထားရတာ ကျုပ်အဖို့ ဖြဟ္မာမင်း ဦးခေါင်းရွက်ရသလိုပဲ၊ ထားစရာကို မရှိဘူး။ သာမန်အကျဉ်းသားတွေနဲ့ နေရင် ခင်ဗျားတို့ ဟောတာ ပြောတာတွေ ဆွေးနွေးတာတွေကို ကြားရပြီး အခွင့်အရေးတွေ တောင်းလား ဘာလားနဲ့ ထောင်ဆူမှာ စိုးရသေးတယ်။ သာမန်အကျဉ်းသားဆိုတာ တစ်ခါတလေ ပြစ်မှုကျူးလွန်လို့ ကျလာတဲ့ လူတွေ မဟုတ်လား။ ဒီတော့ သူတို့ကို သက်သက်ထားရတယ်။ ခင်ဗျားတို့နှင့်လည်း မထားရဲဘူး။ လက်ကောက်တွေနဲ့လည်း မထားရဲဘူး။ ခင်ဗျားတို့နှင့်ထားရင် ခုနက ပြောသလို ဆူဆူပူပူ ဖြစ်မလာဘူး မပြောနိုင်ဘူး။ လက်ကောက်တွေနဲ့ထားရင်လည်း အကျင့်စာရိတ္တ ပျက်သွားမှာ စိုးရသေးတယ်။ ဒီတော့ ထောင်ထဲမှာ ခင်ဗျားတို့နဲ့ လက်ကောက်တွေဟာ အတူထားဖို့ ကြောက်စရာအကောင်းဆုံးပဲ။ ရောဂါပြန့်ပွားသွားမှာ စိုးရတယ်။ ဟော… ခုလို ခင်ဗျားတို့ကို လက်ကောက်တွေနဲ့ အတူထားလိုက်တော့ ဘာအန္တရာယ်မှ မရှိတော့ဘူး။ ခင်ဗျားတို့လည်း လက်ကောက်တွေနဲ့အတူ နေရလို့ အကျင့်စာရိတ္တပျက်မှာ မစိုးရိမ်ရဘူး။ လက်ကောက်တွေလည်း ခင်ဗျားတို့နှင့် အတူတူနေရလို့ နိုင်ငံရေး အသိပညာလေး ဘားလေး တိုးလာ

ပြီး ထောင်ဆူမှာ မစိုးရိမ်ရတော့ဘူး။ တတ်နိုင်လို့ ခင်ဗျားတို့ လျှောထွက် အောင်တရားဟော ဒီကောင်တွေ ဘာမှ နားလည်မှာ မဟုတ်ဘူး။ ပြုပြင် လို့လည်း ရတော့မှာ မဟုတ်ဘူး။ ဒီလိုနဲ့ သေသွားတော့မှာပဲ"

ကျွန်တော်တို့သည် ထောင်ပိုင်ကြီးနှင့် အမှုထမ်းများကို နှုတ်ဆက် ကာ ထောင်ပြင်ဘက်သို့ ထွက်ခဲ့ကြသည်။ တစ်ဆယ့်လေးလကျော်ကျော်မှာ အုတ်နံရံတံတိုင်းထဲမှာ နေခဲ့ရ၍ အပြင်လောကကြီးသည် ကျွန်တော်တို့ မျက်စိထဲတွင် အသစ်အဆန်း ဖြစ်နေပေသည်။ ထောင်ဆိုသည်မှာကား ဝင်မိလျှင် ထွက်၍ မလွယ်သောနေရာ ဖြစ်၏။ လက်ကောက်များကမူ သည်နေရာကို အိမ်ဦးကြမ်းပြင်ပမာ လူးလာခပ်နေကြပေသည်။

ကားသည် တရိပ်ရိပ် ပြေးနေ၏။ မိုးသားများသည် ညို့လာကြပေ သည်။ မေးခွန်းများသည် ကျွန်တော့်ခေါင်းထဲတွင် အစီအရီ ပေါ်လာကြ ၏။ သည်လက်ကောက်တွေကို လူကောင်းဘဝရောက်အောင် ဘယ်လိုပြုပြင် ကြမလဲ။ ပြုပြင်၍မရတော့ဘူးလား။ သူတို့လက်ကောက်ဘဝသို့ ရောက် လာကြခြင်းသည် ပတ်ဝန်းကျင်ကိုချည်း အပြစ်ဖို့ရလေမလား။ ညာဉ်လို့ပဲ ဆိုရလေမလား။

ဘယ်တော့မှ လက်ကောက်များသည် ဖြောင့်တန်းလာကြပါမည် နည်း။

ငွေတာရီ မဂ္ဂဇင်း
အောက်တိုဘာလ၊ ၁၉၆၀။

# မချိုနှင့် မျောက်သုံးကောင်

မြသန်းတင့်

ဗိုလ်တဲကုန်းကို ကွေ့တက်လိုက်စဉ် တောင်ခြေလှိုကြားထဲမှ ကျားဟိန်းသံသဲ့သဲ့ကို ကြားလိုက်ရသည်။ ကျားဟိန်းသံက အဝေးကြီး။ သည်မျှလောက်ဝေးသော ကျားဟိန်းသံကို မချို မကြောက်။ သူတို့စခန်းတွင် ကျားဟိန်းသံကို မကြာခဏ ကြားရစမြဲ။

ဗိုလ်တဲက တောင်ကုန်းထိပ်မှာရှိသည်။ အောက်တွင် စခန်းရှိသည်။ ပန်းတောင်းနှင့် တောင်ကုတ်သို့သွားသော ကုန်တင်ကားကြီးများသည် မိုးချုပ်လျှင် သူတို့စခန်းတွင် အိပ်တတ်ကြ၏။ တစ်ခါတစ်ရံတွင် တစ်စီးတစ်လေသာ ရှိတတ်သော်လည်း အများအားဖြင့်မူ သူတို့စခန်းတွင် လေးငါးစီးလောက်တော့ အမြဲရှိတတ်သည်။ စခန်းတွင် ဟင်းလျာမျိုးစုံသည့် ထမင်းဆိုင်ကလေးတွေလည်း ရှိသည်။ ဂျီသား၊ ဆတ်သား၊ တောဝက်သား၊ မျောက်သား၊ တောကြောင်သား၊ တစ်ခါတစ်ရံတွင် ကျားသား။

သည်စခန်းသို့ မချို ရောက်သည်မှာကြာလှပြီ။ ဆယ်နှစ်သမီးလောက်ကတည်းက ဖြစ်၏။ ထိုစဉ်က အဖေက လမ်းအလုပ်သမား။ ပန်းတောင်း-တောင်ကုတ်လမ်းကို ဖောက်သည့်အခါတွင် သူ့အဖေသည် အုတ်သျှစ်ပင်မှ လိုက်လာခဲ့သည်။ အဖေသွားတုန်းကတော့ တစ်ယောက်တည်းပင်။ နောက်စခန်း နေသားတကျ ရှိသည့်အခါ၌ အဖေသည် သားမယားတွေကိုပါ

ခေါ်လာခဲ့သည်။ အဖေ၊ အမေ၊ သမီးကြီး မကြည်လေးနှင့် သမီးငယ် မချို။ မချိုတစ်ယောက်မှအပ တစ်အိမ်သားလုံး အလုပ်လုပ်ကြသည်။ အဖေက ပေါက်တူးကိုင်သည်။ နောက်တွင် မြေညှိစက်တက်မောင်းသည်။ အမေက မြေသယ်၊ အစ်မ မကြည်လေးကလည်း မြေသယ်။ မချိုက အိမ်မှာ ထမင်းချက်၊ ဟင်းရွက်ခူး၊ ရေခပ်၊ ထင်းခွေ။

စခန်းသို့ သူတို့ရောက်စတုန်းက အနီးအနားတွင် သားရဲတိရစ္ဆာန်တွေ ပေါလွန်းသဖြင့် အလုပ်သမားတွေ အပျောက်အရှရှိသည်။ ဆင်အုပ်နှင့်တိုး၍ ဆင်နင်းခံရသည့် အလုပ်သမား၊ ကျားနှင့်တွေ့၍ ကျားကိုက်ခံရသည့် အလုပ်သမားတွေ ရှိခဲ့သည်။ ညတွင် သံဆူးကြိုးတွေကာထားသည့် သူတို့စခန်းထဲမှာ နေကြရသည်။ နေ့ ဟင်းရွက်ခူးထွက်လျှင် ပေ နှစ်ထောင်ကျော် သုံးထောင်နီးပါးနက်သည့် လျှိုထဲအထိ မဆင်းရဲကြ။ ကိုက်တစ်ရာလောက်သာ ရှိသည့် မြောင်စပ်အထိသာ ဆင်းရဲကြသည်။ သို့တိုင် တစ်ယောက်တည်း မဆင်းဝံ့။ အုပ်နှင့်ဆင်းကြရ၏။ ကျားတို့၊ တောဆင်တို့ မတွေ့လျှင်တောင် အနည်းဆုံး ဝံကြီးထိုးနှင့် တွေ့နိုင်သည်။ ဝံကြီးထိုးကိုမူ ကျားထက်ပင် ကြောက်ရသေးသည်။ ကျားက လူနံ့ရလျှင် ပြေးချင်ပြေးတတ်သေးသည်။ ဝံကြီးထိုးကမူ လူနံ့ရသည်နှင့် လက်သည်းရှည်ရှည်ကြီးတွေကို ထုတ်ကာ ရန်မူတတ်သည်။ အထူးသဖြင့် တပေါင်း တန်ခူး သားပေါက်ချိန်ဆိုလျှင် ဝံကြီးထိုးသည် မည်းမည်းမြင်သမျှကိုလိုက်၍ ရန်မူတတ်သဖြင့် သူ့ကို အမြဲသတိထားရသည်။ ဝံကြီးထိုးကိုမတွေ့လျှင် မျောက်အုပ်နှင့် တွေ့နိုင်သည်။ သို့မဟုတ်လျှင်လည်း ခွေးအ အုပ်နှင့် တွေ့နိုင်သည်။ ထို့ကြောင့် ဟင်းရွက်ခူး၊ မှျစ်ချိုးသွားလျှင် လူအုပ်နှင့်ထွက်ရ၏။

ယခုမူ သူတို့စခန်းတစ်ဝိုက်သည် ရွာသစ်ကလေး ဖြစ်နေပြီ။ အိမ်ခြေကတော့ မများလှ။ ကားလမ်းတစ်ဖက်တစ်ချက်တွင် ကပ်ဆောက်ထားသည့် အိမ်ခြေအစိတ် သုံးဆယ်လောက်သာရှိသည့် အသိုက်ကလေး ဖြစ်၏။ လမ်းက တောင်ကမ်းပါးယံမှာ ကပ်ဖောက်ထားသည့်အတွက် အိမ်တစ်တန်းက တောင်နံရံရင်ခွင်ကို တိုးဝှေ့ဆောက်ထားပြီး ကျန်အိမ်တစ်တန်းက တောင်ကမ်းပါးစောက်ကြီးပေါ်တွင် မေးတင်၍ ဆောက်ထားကြသည်။ အိမ်ရှေ့မျက်နှာစာက ကားလမ်းကိုမေးတင်ပြီး အိမ်နောက်ဖေးက ချောက်ဘက်ကို

မျက်နှာမူနေသည်။ အိမ်တွေအားလုံး ဝါးပိုးတိုင်၊ ထရံကာ၊ သက်ကယ်မိုး ဖြစ်ကြသည်။

သို့ရာတွင် အိမ်ခြေ ဘယ်လောက်ပင်နည်းနည်း အိမ်ကလေးတွေက မည်မျှပင်ကုပ်ကုပ် သူတို့စခန်းသည် စခန်းမဟုတ်တော့။ ရွာတစ်ရွာဖြစ်နေပြီ။ ရွာအဝင် ကုန်းထိပ်တွင် ရဲဋ္ဌာနနှင့်။ ကျွန်းပင်တွေ၊ ထောက်ရာပင်တွေ၊ ကသစ်ပင်တွေကြားထဲမှာ ခေါင်မိုးနီနီကလေးနှင့် သစ်သားအဆောက်အအုံ ကလေး။ သူတို့ ညောင်ကျိုးရွာကလေးကို ဝင်လျှင် ရဲကင်းကို တွေ့ရမည်။ ထို့နောက် ကားလမ်းဘေး တစ်ဖက်တစ်ချက် ဆိုင်တန်းကလေးတွေ၊ ဆိုင် တန်းကလေးတွေဆုံးလျှင် ကုန်းထိပ်အလယ်လောက်က လူဝင်မှုကြီးကြပ်ရေး စခန်း၊ ထိုမှလွန်၍ လမ်းခွဲအတိုင်း ကွေ့လိုက်လျှင် ညောင်ကျိုးဗိုလ်တဲ။

ကိုယ့်နေရာမို့ ကိုယ်ပြောသည် မဟုတ်၊ သူတို့စခန်းက ဗိုလ်တဲကို မချို သဘောကျသည်။ ဗိုလ်တဲက တောင်ကုန်းထိပ်မှာ ရှိသည်။ ပျဉ်ထောင်၊ ရှာထိုးကြမ်းခင်း၊ သွပ်မိုး၊ ရှေ့တွင် လသာဆောင်နှင့် အပေါ်တွင် ခေတ်မီ ရေဆွဲအိမ်သာတပ်သည့် အိပ်ခန်းနှစ်ခန်း၊ သို့ရာတွင် ထားပါတော့၊ သည် ဗိုလ်တဲက မချိုအတွက် သည်လောက်အရေးမကြီး။ သည်ဗိုလ်တဲသည် အစိုးရဗိုလ်တဲ၊ သူနှင့် ဘာမျှမဆိုင်၊ အကြောင်းကိစ္စမရှိလျှင် သည်ဗိုလ်တဲ ပေါ်သို့ တစ်နှစ်နေလို့ တစ်ခေါက်ပင် မရောက်ချင်။ ထိုဗိုလ်တဲနှင့် မလှမ်း မကမ်းတွင် ရေကူးကန်ကြီးတစ်ခု ရှိသည်။ အင်္ဂတေတို့ဖြင့် သေသေချာချာ ဆောက်လုပ်ထားသည့် ရေကူးကန် ဖြစ်၏။ တောင်ပေါ်စမ်းမှ ကျသည့်ရေ များကို ပိုက်လုံးကြီးများဖြင့် သွယ်ပြီး ကန်ထဲသို့ ရေသွင်းထားသည်။ တစ်ဖက်တွင် ရေလွှတ်သည့်ပြွန်လည်း ဖောက်ထားသည်။ ထို့ကြောင့် ထို ရေကူးကန်မှာ ရေဆိုးရေညစ်တွေ မအောင်း၊ အမြဲတမ်း သွင်းနေပြီး အမြဲ တမ်း ထွက်နေသည့် ရေကူးကန် ဖြစ်သည်။

ထိုရေကူးကန်သည်လည်း မချိုအဖို့ သည်လောက်လွမ်းစရာ မရှိ။ သို့ရာတွင် ရေကူးကန်ဘေးနားက သွပ်မိုးပျဉ်ကာ၊ ရှာထိုးခင်းထားသည့် သစ်သားတန်းလျား အိမ်ကလေးကိုမူ မချို လွမ်းသည်။

မလွမ်းဘဲ ရှိပါမည်လော၊ မချို၏ ပထမ ဆယ်နှစ်အရွယ်သည်

အုတ်သျှစ်ပင်မှာ ကျန်ခဲ့ပြီ။ အုတ်သျှစ်ပင်က ထိုပထမ ဆယ်နှစ်ကို မချို ကောင်းကောင်း သတိမရတော့။ အုတ်သျှစ်ပင်တွင် မူလတန်းကျောင်းမှ လေးတန်းအောင်ခဲ့သည်ကို သူ မှတ်မိသည်။ သည်တုန်းက အမေက ကား လမ်းဘေးတွင် ကွမ်းယာဆိုင်၊ ဆေးလိပ်ဆိုင်ကလေး ဖွင့်သည်။ တစ်ခါ တလေတွင် အမေသည် ပန်းတောင်းသို့သွား၍ ဈေးဝယ်တတ်သည်။ လူတွေ ပြည့်ကျပ်နေသည့် လော်ရီကားကြီးထဲတွင် အမေနှင့်အတူ ပန်းတောင်းဈေးသို့ လိုက် တတ်သည်ကို မချို မှတ်မိသည်။ တစ်ခါတစ်ရံ အဖေက ဆင်တဲဘက်၊ ပြည်ဘက်သို့ အဖေ သွားတတ်သည်ကို မချို သတိရသည်။ ထိုတစ်ပိုင်း တစ်စ မပီဝိုးဝါး ရုပ်ပုံလွှာကလေးတွေမှလွဲလျှင် အုတ်သျှစ်ပင်က ပထမ ဆယ်နှစ်အကြောင်းကို မချို မမှတ်မိချင်တော့။

* * *

မချိုတို့ ရောက်ပြီးမကြာခင် ညောင်ကျိုးဗိုလ်တဲ ဆောက်ပြီးသွား သည်။ သည်တုန်းက မချိုတို့တစ်တွေ ဗိုလ်တဲကုန်းသို့ မရောက်သေး။ အောက်ဘက်ကစခန်းတွင် တဲကလေးတစ်လုံးနှင့် နေရသည်။ ဗိုလ်တဲကုန်း နောက်ကျောက တောင်ရိုးသို့တက်၍ ဟင်းရွက်ခူးရင်း၊ ထင်းခွေရင်း ဗိုလ်တဲ သို့ ရောက်ဖူးသည်။ ဗိုလ်တဲပေါ်သို့မူ မရောက်ဖူးသေး။ အဖေပင်လျှင် ဗိုလ်တဲစောင့် မဖြစ်သေး၊ အောက်ဘက်စခန်းတွင် လမ်းအလုပ်သမားသာ ရှိသေးသည်။ သူ့အစ်မ မကြည်လေးပင်လျှင် လမ်းအလုပ်သမား ကိုသိန်း အောင်နှင့် မညားကြသေး။

ဗိုလ်တဲကုန်းနောက်ဘက်ရှိ တောင်ရိုးမှ မျှစ်ချိုးအပြန်၊ ထင်းခွေ အပြန်၊ ဟင်းရွက်ခူးအပြန်တွင် မောမောဖြင့် သည်ရေကူးကန်ကြီးထဲတွင် သူတို့ ရေဆင်းကူးနေကျ။ သည်တုန်းက ဗိုလ်တဲစောင့် ဦးကျောက်တိုင်၏ သမီး ဝင်းကြည်နှင့် မချိုက ရွယ်တူ။ ဗိုလ်တဲဆောက်ထားရာ တောင်ခါး ပန်းကြီးသည် နံရံကြီးတစ်ခု ဖြစ်နေပြီး ကျန်သုံးဘက်သုံးတန်တွင် တောင် စဉ် အထပ်ထပ်ကို မြင်ရသည်။ တောင်စဉ်တွေတန်းနေပုံက လွမ်းစရာ၊ မြူတို့ ဝန်းရစ်ပတ်ခွေလျက်၊ တောင်ကြီးတွေက အုံ့မှိုင်းရီ။

သည်တောင်နံရံကြီးတွေ ပတ်ပတ်လည်ဝိုင်းထားသည့် အောက်တွင်မူ

စိမ်းညို့နေသည့် လှိုဏ်မြောင်ကြီး၊ အဖေတို့စိုက်ခဲ့သည့် လမ်းဘက်ဌာနက ဆိုင်းဘုတ်ထဲတွင် ပေ ၃၀၆၅ ပေဟု ရေးထားသည်ကို မချို မြင်ခဲ့ဖူးသည်။ လှိုဏ်မြောင်ကြီးထဲတွင် သစ်ပင်တို့က စိမ်းညို့ မည်းမှောင်နေသည်။ ညဆိုလျှင် ထိုချိုင့်ဝှမ်း လှိုဏ်မြောင်ကြီးထဲမှ ကျားအော်သံ၊ ဆင်အော်သံ၊ ခွေးအ အုပ်များ အော်သံ၊ မျောက်အော်သံများကို ကြားရတတ်သည်။

ရောက်စတုန်းကတော့ ကျားဟိန်းသံတွေ၊ ဆင်အော်သံတွေကို ကြောက်သည်။ ယခုမကြောက်တော့၊ ကျားဟိန်းသံသည် ကိုယ့်ကိုယ်ကိုယ် ကာကွယ်တတ်အောင်၊ သတ္တိကောင်းလာအောင် တစ်ဖက်ကသင်ပေးနေ သည့် သင်ခန်းစာ လေ့ကျင့်ခန်းတစ်ခုနှင့် တူနေသည်။

သည့်နောက် အဖေ ဗိုလ်တဲစောင့်အလုပ် ရသည်။

မှတ်မှတ်ရရ မချို ဆယ့်ခြောက်နှစ်ထဲသို့ ရောက်သည့်နှစ်၊ မိုးကုန် လျှင် တောင်ကုတ်ဘက်မှ နွားကုန်သည်တွေ ပန်းတောင်းဘက်သို့ ဆင်းလာ တတ်သည်။ သို့မဟုတ်လျှင်လည်း ပြည်အထိဆင်း၍ နွားဝယ်တတ်ကြ သည်။ နွားဝယ်ပြီးလျှင် နွားအကောင် သုံးလေးရာဖြင့် သည်းလမ်းအတိုင်း တက်လာကြပြီး ညောင်ကျိုးတွင် စခန်းချကြသည်။ ဗိုလ်တဲစောင့်ဟောင်း သည် ထိုနွားကုန်သည်များကို ဗိုလ်တဲတွင် အခကြေးငွေဖြင့် တိတ်တိတ် လက်ခံသည်။ ထို့ကြောင့် သူ အလုပ်ပြုတ်သည့်အခါတွင် အဖေ ဗိုလ်တဲ စောင့် အလုပ်ရခြင်းဖြစ်၏။

ဗိုလ်တဲကုန်းသို့ ရောက်သည်တွင် အဖေသည် အအားမနေ။ ပန်းစိုက် သည်။ လိမ္မော်စိုက်သည်။ ကွဲကောစိုက်သည်။ ရသမျှကို မချိုက အောက် ချိုင့်စခန်းသို့ ဆင်း၍ရောင်းရသည်။ အဖေက တစ်ခါတလေ ပျားဖွပ်သည်။ မချိုက ပျားရည်ရောင်းသည်။ ထို့နောက် သူ့အစ်မ မကြည်လေး၏ယောကျ်ား ကိုသိန်းအောင်က တောလိုက်သည်။ ညှပ်ထောင်သည်။ တစ်ခါတစ်ရံတွင် တောဝက်ရသည်။ တစ်ခါတစ်ရံတွင်ဆတ်ရသည်။ တစ်ခါတစ်ရံတွင် ချေ ရသည်။

မော်တော်ကား အသွားအလာများလျှင် ထိုရသည့်တောဝက်၊ ချေ၊ ဆတ်တို့ကို စခန်းက ထမင်းဆိုင်များသို့ တစ်ခါတည်း အပြတ်ရောင်းပစ် လိုက်သည်။ ထမင်းဆိုင်တွေကလည်း အလုအယက် ဝယ်ကြသည်။ ကား

အသွားအလာကြဲသည့် မိုးတွင်း ဆိုလျှင်တော့ သည်လောက်ရောင်း၍ မကောင်း။ ထိုအခါတွင် အိမ်မှာပင်ကြပ်တင်၍ အခြောက်လှန်းရသည်။ ချေသားခြောက်၊ ဆတ်သားခြောက်တို့ကမူ ဈေးကောင်းသည်။ ကိစ္စမရှိ၊ ကြိုက်ဈေးရမှ ရောင်းရုံသာ။ သည်လိုမြိုးမြိုးမြက်မြက် ရပြီဆိုလျှင် မချိုတို့ ပါတိတ်ဝမ်းဆက် တစ်စုံလောက်တော့ ဝယ်နိုင်ပြီ။

တစ်ခါတစ်ရံတွင်မူ တောဝက်လည်း မရ၊ ချေလည်းမရ၊ ဆတ်လည်း မရ။

အစ်မ မကြည်လေးယောက်ျား ကိုသိန်းအောင်တစ်ယောက် စခန်း အောက်က လျှိုမြောင်ကြီးထဲတွင် ညှပ်သွားထောင်သည်။ လျှိုမြောင်ထဲတွင် စမ်းပေါက်တွေ ရှိသည်။ စမ်းပေါက်သို့ ရေသောက်ဆင်းသည့် လမ်းက ဖုန်နေသည်။ ကိုသိန်းအောင်သည် ထိုနေရာတစ်ဝိုက်တွင် ညှပ်ထောင်နေကျ၊ တစ်ခါက တောဝက်တစ်ကောင် မိဖူးသည်။ ဆတ်တစ်ကောင်မိဖူးသည်။ ဘာမျှမလုပ်ရ၊ ညှပ်ကိုထောင်ပစ်ခဲ့ပြီး သုံးရက်တစ်ခေါက်လောက် သွား ကြည့်ရုံမျှသာ၊ သုံးရက်လောက်ရှိ၍ သွားကြည့်လိုက်လျှင် တောဝက်တစ် ကောင်၊ ဆတ်တစ်ကောင်လောက်တော့ မိမြဲ။ တောဝက် သို့မဟုတ် ဆတ် သည် ဘာမျှမတတ်နိုင်။ ရှေ့ခြေတစ်ဖက် ညှပ်ထဲတွင်မိကာ ဘယ်ကိုမျှ သွား၍ မရတော့။ ရုန်းသည်၊ အပြင်းအထန်ရုန်းသည်၊ နောက်ဆုံး မောလွန်း သည့်အခါတွင် မရုန်းနိုင်တော့။ တောကောင်သည် အစာလည်းငတ်ပြီ၊ ရေလည်းငတ်ပြီ၊ ရုန်းရဖန်များသဖြင့် မောလည်းမောလှပြီ။ ထိုအခါမျိုးတွင် အနားသို့ကပ်၍ လှံနှင့်ထိုး၊ တောကောင်ကိုဖျက်ပြီး ယူလာရုံသာရှိသည်။

တစ်ခါတွင်မူ-

အစ်မ မကြည်လေး၏ယောက်ျား ကိုသိန်းအောင် မြောင်ထဲတွင် ညှပ်ထောင်သည်။ ခါတိုင်း ထောင်နေကျနေရာ၊ စမ်းပေါက်အဆင်းနားက တောကောင်တွေ သွားတတ်သည့်လမ်းဖုန်ဖုန်ကလေးနားမှာ ထောင်ခြင်း ဖြစ်၏။ သုံးရက်တစ်ကြိမ် သွားနေကျဖြစ်သော်လည်း ငှက်ဖျားတက်နေ သဖြင့် ဆယ်ရက်လောက် မသွားဖြစ်။ သူ့မိန်းမ မကြည်လေးနှင့် မချိုတို့က သူတို့ သွားကြည့်မည်ဟု ပြောသည်။ သို့ရာတွင် သူတို့ကို စိတ်မချ။

မကြည်လေးက သန်သန်မာမာ တောင့်တောင့်တင်းတင်း ဖြစ်သည့်

တိုင် မချိုက နုနုနယ်နယ်၊ ကျွန်းမာတောင့်တင်းသည့်တိုင် သွယ်သွယ်နွဲ့နွဲ့။

"ကိုသိန်းအောင်ရယ်၊ ကျွန်မလည်း မုဆိုးရဲ့မယား လုပ်လာတာ ကြာပါပြီ။ ဒီလောက်တော့ သွားရဲပါတယ်။ ဟင်းကောင်နဲ့ တွေ့လည်း မကြောက်ပါဘူး။ တောမှာ ဟင်းကောင်ကလည်း သူ့စည်းနဲ့သူ၊ ကျွန်မတို့ကလည်း ကျွန်မတို့စည်းနဲ့ ကျွန်မတို့နေတာ ဘာကြောက်စရာရှိသလဲ။ သူရှာထားတဲ့ အမဲကို ကျွန်မတို့ ဘယ်မှာအကုန်ယူဖူးလို့လဲ။ သူဖို့လည်း ချန်ပစ်ခဲ့တာပဲ။ ကျွန်မတို့ကို ဘာမှ အန္တရာယ်ပေးမှာ ဟုတ်ပါဘူး" ဟု မကြည်လေးက ပြောသည်။

ကိစ္စမရှိ၊ သူတို့နှစ်ယောက်ကိုမူ မလွှတ်နိုင်၊ စိတ်မချ။

သို့ဖြင့် ညှပ်ထောင်သည်မှာ ဆယ်ရက်လောက် ကြာသွားသည်။ ကိုသိန်းအောင်လည်း နေပြန်ကောင်းပြီ။

ကိုသိန်းအောင်သည် လှံတစ်ချောင်း၊ ကြိုးတစ်ခွေ၊ ဓားရှည်တစ်လက်ဖြင့် မနက် ဝေလီဝေလင်းတွင် ထွက်လာခဲ့သည်။ ကားလမ်းအောက် ပေတစ်ထောင်ကျော်ကျော်လောက် ဆင်းမိလျှင် လျှိုမြောင်ကြီးထဲက စမ်းပေါက်သို့ ရောက်သည်။ တောကောင်ခြေရာ တချို့ကိုတွေ့ရ၏။ သို့ရာတွင် မသဲမကွဲ။ မနေ့ညအထိ မိုးရွာထားသဖြင့် ခြေရာတွေက ပိုးတိုးဝါးတား၊ ဆတ်ကြီးကြီး တစ်ကောင်၏ခြေရာနှင့် ဆင်သည်။

စမ်းပေါက်နားသို့ မရောက်ခင် ကုန်းအတက်တစ်ခုက ကြွံစာချုံကြီးများနှင့် ဆိတ်နံချုံကြီးများကို အကွေ့လိုက်တွင် တဝေါင်းဝေါင်းမြည်သော ကျားဟိန်းသံကြီးကို ကြားလိုက်ရသဖြင့် ခေါင်းနားပန်းတွေ ကြီးသွားသည်။ သည်ဟင်းကောင်သည် ညှပ်တွင်မိနေသည့် ဟင်းကောင်းဖြစ်ရမည်။ ညှပ်မှာ မိလို့ သည်ဟင်းကောင် သည်နားမှာနေတာပေါ့။ ညှပ်မှာမမိလျှင် သည်လောက် လူနံ့ရသည်နှင့် ဟင်းကောင်သည် မြေကြီးတုန်ခါနေအောင် ပြေးတော့မည်။ ဟင်းကောင်တို့မည်သည် ဝေါ်ပြတ်မှ သို့မဟုတ် ရှောင်၍မရမှ လူကို ရန်မူတတ်သည်။ သို့မဟုတ်လျှင် လူနံ့ရသည်နှင့် မြေတုန်အောင် ထွက်ပြေးစမြဲ။

ကိုသိန်းအောင် မြေတွင်ဝပ်၍ အရိပ်အခြည်ကြည့်သည်။ ကျား

ဟိန်းသံသည် ထိုနေရာမှာပင် ရှိနေသည်။ အဝေးသို့မသွား၊ အနီးသို့လည်း မလာ၊ သူ ညှပ်ထောင်ထားခဲ့သည့် နေရာ။

သေချာပြီ။

ချုံကြားထဲမှ တိုးထွက်ကြည့်လိုက်သည်။ ကိုးတောင်ကျားကြီး၊ နည်းသည့် ဟင်းကောင်ကြီးမဟုတ်။ ရှေ့ခြေတစ်ဖက်က ညှပ်ထဲမှာမိထားသည်။ ကျန်သုံးဖက်က လွတ်နေသည်။ ရုန်းထားသည့်နှယ် အနီးတစ်ဝိုက်တွင် မြေစာတွေပွနေသည်။ သစ်ကိုင်းတွေ ကျိုးနေသည်။ မြက်တွေ၊ သစ်ရွက်တွေ ကြေနေသည်။ ဟင်းကောင်သည် တော်တော်ကလေး မောနေဟန်တူသည်။ အချိန်မစောင့်နိုင်၊ သူမောတုန်း ကိုယ်က အခွင့်ကောင်းယူရမည်။

ကိုသိန်းအောင်သည် သတိကြီးစွာထား၍ ဘေးပတ်ပတ်လည်ကို ကပ်ကြည့်သည်။ လှံကို လက်ထဲတွင် မြဲမြဲဆုပ်ထား၏။ ရင်ညွန့်၊ နံကြား၊ ဝမ်းဗိုက်၊ အာခေါင်၊ ချက်ကောင်းကို အမိထိုးနိုင်ရန် အကွက်စောင့် နေခြင်းဖြစ်သည်။ ဟင်းကောင်သည် ရှေ့ခြေတစ်ဖက် ညှပ်ထဲမိနေရင်းက ကျန်ခြေတစ်ဖက်ဖြင့် လှမ်းပုတ်ရန်ကြိုးစား၏။

ကိုသိန်းအောင် အနားမကပ်။ ရှေ့ကဝင်လိုက်၊ နောက်က ချောင်းလိုက်ဖြင့် ကပ်သည်။ သို့ရာတွင် ဟင်းကောင်က အလစ်မပေး၊ ရန်သူကို ကျောဘက်မှလာခွင့်မပြု။ အမြဲတမ်း မျက်နှာပေးထားသည်။ ကိုသိန်းအောင်က နောက်သို့ကပ်လျှင် သူက နောက်ဘက်သို့လိုက်လှည့်သည်။ ကိုသိန်းအောင်နှင့် ဟင်းကောင် တစ်ဦးကိုတစ်ဦး အလစ်မပေး။

တစ်ချီတွင် ကိုသိန်းအောင်သည် မိလောက်ပြီအထင်ဖြင့် ဟင်းကောင်၏ နံကြားကိုချိန်ကာ လက်မှလှံကို လွှတ်လိုက်သည်။ ထင်သည့်အတိုင်း ဟင်းကောင်၏နံကြားသို့ လှံဖျားအဆုံး အထိ ဝင်သွားသည်။ ဟင်းကောင်က တစ်ချက်မျှ ကြောက်စဖွယ်ဟိန်းကာ ဖင်ကို ယမ်းလိုက်သည်တွင် လှံသည် သူ့နံကြားတွင် စိုက်လျက်ပါသွား၏။

သူ့လက်ထဲတွင် ဓားရှည်တစ်လက်သာ ရှိတော့သည်။

သည်လှံကို ပြန်နုတ်မှ ဖြစ်မည်။ သည်လှံကို နုတ်၍မရလျှင် ဟင်းကောင်ကို သူ ဘာမျှလုပ်နိုင်မည် မဟုတ်။ လှံကို ကြိုးကွင်းစွပ်ပြီး ဆွဲနုတ်ရန် ကြိုးစား ကြည့်သေးသည်။ သို့ရာတွင် မိုးရေတွေစိုရွှဲနေသဖြင့် ကြိုးကွင်းသည်

ချော် ချော် ထွက်သွားသည်။

ကိစ္စမရှိ။ ဟင်းကောင်သည် ဆယ်ရက်လောက် အစာငတ် ရေငတ် ဖြစ်နေသည့် အတွက်ကြောင့်လည်းကောင်း၊ လုံချက်ကြောင့်လည်းကောင်း၊ ရုန်းကန်ထားရသည့် အတွက်ကြောင့်လည်းကောင်း အတော်မောပန်းနေပြီ။

ဟင်းကောင်က ပါးစပ်ဟ၍ အဟိန်းလိုက်တွင် ကိုသိန်းအောင်သည် လက်က ဓားရှည်ဖြင့် ဟင်းကောင်၏နှာရောင်ကို တအားခုတ်ချလိုက်သည်။

ဟင်းကောင်ကို ခုတ်မိသလား၊ မခုတ်မိသလား မသိ။ ဓားရှည်သည် လက်က လွတ်ကျသွား၏။ ပူနွေးသောသွေးတို့သည် သူ့မျက်နှာပေါ်မှ စီးကျလာ၏။ ပခုံးတွင်လည်း သွေးတို့ချင်းချင်းနီလျက်၊ ဟင်းကောင်သည် သူ့ကို မိုးကာ ကုန်းကုန်းကြီးဖြစ်နေသည်။ သူမတွေ့ဖူးသော အမဲမျိုးဖြစ်သည့် အတွက် အထူးအဆန်း ဖြစ်နေသည်လော မဆိုနိုင်။

ဟင်းကောင်က သူ့ကို စိမ်းစိမ်းကြီး ကြည့်သည်။

ကိုသိန်းအောင် နာလှ ကြောက်လှပြီ။ သို့ရာတွင် မလှုပ်ရဲ၊ မအော်ရဲ၊ မျက်နှာကို မရှုံ့ရဲ၊ မျက်နှာမညိုးရဲ၊ ပါးစပ်ကို တင်းတင်းကြီးစေ့ကာ ဟင်းကောင်ကို မျက်လုံးကြီးပြူးပြီး ပြန်ကြည့်နေသည်။ ဟင်းကောင်နှင့် မျက်လုံးချင်း ဆုံမိလျှင် မျက်နှာမညိုးရ၊ ထိတ်လန့်ဟန်မပြရ၊ ပြန်ပြီး ရဲရဲစိုက်ကြည့်နေရမည်ဟု မုဆိုးကြီးတွေပြောသံကို ကိုသိန်းအောင် ကြားဖူးသည်။ စင်စစ် ကြားဖူး၍ သည်လိုလုပ်ခြင်း မဟုတ်။ မျက်လုံးက အလိုလိုပြူးသွားပြီး နှုတ်ခမ်းက အလိုလိုစေ့သွားခြင်းဖြစ်သည်။

ဟင်းကောင်သည် သူ့ကို လက်သည်းကြီးများဖြင့် ကုပ်၍ဆုပ်ထားသည်။ ဟင်းကောင်၏ ပါးစပ်က ပုတ်ဟောင်နံစော်လျက်၊ ပခုံးမှစီးကျနေသည့် သွေးကို ယက်နေသည်။ လျှာကြီးကလည်း ကြမ်းရှလျက်။

ကိုသိန်းအောင် မလှုပ်ရဲ၊ မျက်နှာမညိုးရဲ၊ ချက်ကောင်းကို စောင့်သည်။ ပခုံးက နာလှပြီ။ မျက်နှာက နာလှပြီ။ ဟင်းကောင်သည် ခဏကြာလျှင် သူ့ကို စားတော့မည်။ အလစ်တွင် ကိုသိန်းအောင်သည် ကြွင်းကျန်သမျှ ခွန်အားတွေကို ဖြစ်ညှစ်စုစည်းကာ ချောက်အတိုင်း စမ်းပေါက်ထဲသို့ လိမ့်ချမည်ဟု စိတ်ကူးသည်။ ချောက်အတိုင်း အောက်ထိအောင်လိမ့်ချနိုင်

လျှင် ပေသုံးဆယ်လောက် ရှိမည်။ ပေသုံးဆယ်လောက် ရောက်အောင် လိမ့်ချနိုင်လျှင် ဟင်းကောင် သူ့ကိုမမီတော့၊ လွတ်နိုင်သည်။. ဆယ်ပေလောက်ရောက်ရုံ လိမ့်နိုင်သည်ဆိုလျှင်မူ ကိုးတောင်ကျား ပါးစပ်က ပြေးလွတ်မည်မဟုတ်။ သို့ရာတွင် ခက်သည်က ပခုံးတစ်ဖက်က သူ့လက်သည်းကြားထဲတွင် ရောက်နေခြင်းဖြစ်သည်။ သည်ပခုံးတစ်ဖက်ကို ထားရစ်ခဲ့ရတော့မည်လော။

မတတ်နိုင်။ ရှိသမျှခွန်အားတို့ကို ဖြစ်ညှစ်ကာ ချောက်ထဲသို့ လိမ့်ချလိုက်သည်။ ညာဘက်ပခုံးသည် ထက်လှစွာသောဓားစက် အစင်းပေါင်းမြားစွာဖြင့် ခုတ်ဖြတ်လိုက်သကဲ့သို့ မခံမရပ်နိုင်အောင် နာကျင်သွားသည်ကို သူ သိလိုက်သည်။ ဟင်းကောင်အော်သံနှင့် လူအော်သံသည် တောင်စဉ်အထပ်ထပ်တွင် ပဲ့တင်ရိုက်ခတ်သွားသည်ကို သူ သိလိုက်သည်။

ထို့နောက် ဘာမျှမသိတော့။

* * *

''ချောက်ထဲက ကျားဟိန်းသံနဲ့ လူအော်သံကြားတော့ ကျွန်မတို့ရော၊ စခန်းက အလုပ်သမားတွေရော၊ ရဲတွေရော ချောက်ထဲကို ဆင်းလိုက်သွားကြတာပေါ့။ ကိုသိန်းအောင်က စမ်းပေါက်ဘေးမှာ မှောက်လျက်ကြီး။ သတိလစ်လို့။ ပခုံးတစ်ဖက် မရှိတော့ဘူး၊ ကျားလက်ထဲကျန်ရစ်ခဲ့ပြီ၊ ကျားကြီးကိုတော့ သေနတ်နဲ့ ဝိုင်းပစ်ရတာပေါ့။ ကိုသိန်းအောင် ခြောက်လလောက် အိပ်ရာထဲက မထနိုင်ဘူး။ မနည်းကုယူရတယ်၊ အဲဒီကတည်းက သူ့ကို ကျားသိန်းအောင်လို့ ခေါ်ကြတာပဲ''ဟု အစ်မ မကြည်လေးက မိုလ်တဲသို့ ရောက်လာသည့် ဧည့်သည်များအား ပြောနေသံကို မချိုကြားရသည်။

ဟုတ်သည်။ အစ်မ မကြည်လေးသည် သူ့ယောက်ျား ကျားသိန်းအောင်၏ သတ္တိကို မကြာခဏပြောတတ်သည်။ ကိုသိန်းအောင်ကလည်း တကယ်သတ္တိကောင်းသည်။ ကျားကုတ်ခံရ၍ မှဆိုးအလုပ်ကို စွန့်မည်ထင်သလော၊ မစွန့်။ ယခုဆိုလျှင် ညောင်ကျိုးမှာပင် မနေတော့၊ ညောင်ကျိုးနှင့် မိုင် နှစ်ဆယ် အစိတ်ကွာသည့် တောင်ကုတ်တောင်ကြားနားက ကျွဲလေး

စခန်းမှာ သွားနေသည်။ သူ့အစ်မ မကြည်လေးနှင့် ကလေးတွေလည်း ထိုစခန်းမှာပင် လိုက်နေကြသည်။ ကျွဲလေးစခန်းတွင် မည်သူမျှမရှိ။ သူတို့ တဲတစ်လုံးတည်း။

သူတို့စခန်းကို မချို တစ်ခေါက်ရောက်ဖူးသည်။ အစ်မ မကြည်လေး နေမကောင်းဖြစ်နေသဖြင့် တောဝက်သားတွေ လာမပို့နိုင်သောကြောင့် သွားယူရခြင်းဖြစ်သည်။ လမ်းသရဲ သီချင်းဆိုသံလို မျောက်အော်သံများသည် တောင်ကမ်းပါးယံတွင် ပဲ့တင်ရိုက်နေသည်။

* * *

ထင်းစည်းကို ရှေ့နောက်ထမ်းလာခဲ့ရသဖြင့် မချိုတစ်ကိုယ်လုံး ချွေးတွေ စိုရွှဲနေသည်။

သည်နွေဦး သူတို့ ဗိုလ်တဲသို့ ရန်ကုန်ကဧည့်သည်တွေ ရောက်သည်။ သဘော်သား ကားတစ်စီးအပြည့်၊ အသက်လေးဆယ်ကျော် ငါးဆယ်ခန့် အဘိုးကြီးနှင့် အဘွားကြီး၊ မချိုတို့လို ရွယ်တူသမီးပျို နှစ်ယောက်၊ ရှစ်နှစ်မှ ဆယ့်ငါးနှစ်ကြားရှိ မောင်လေးသုံးယောက်၊ ကားဆရာတစ်ယောက်။

ဗိုလ်တဲသို့ ဧည့်သည့်စောင်သည် ရောက်လျှင် မချို သွားကူညီလုပ်ပေးနေကျ။ အဖေနှင့် အမေတို့ကလည်း သွား၍ကူညီအလုပ်ခိုင်းသည်။ ဗိုလ်တဲပေါ်သို့မူ မတက်နှင့်ဟု မှာ၏။ အခြားကြောင့်မဟုတ်၊ ပစ္စည်းပစ္စယ အပျောက်အရှရိလျှင် မကောင်းသောကြောင့် တားခြင်းဖြစ်သည်။

သူတို့တစ်သိုက် ညစာကို မီးဖိုးထဲသို့ ဆင်းချက်ကြသည်။ ဆန်၊ ဆီ၊ ဆား၊ အသားဘူး၊ ငါးပိကြော်၊ သရက်သီးသနပ်ဘူး၊ လိမ္မော်ရည်ပုလင်း၊ ပေါင်မုန့်၊ ထောပတ်၊ နက်စ်ကဖီး၊ သကြား၊ နို့ဆီ၊ စားဖွယ်သောက်ဖွယ် အစုံအလင်။

အဘိုးကြီး၊ အဘွားကြီးနှင့် သမီးနှစ်ယောက်က မီးဖိုးထဲသို့ ဆင်းသည်။ ကားဆရာက ကားကိုနိုက်သည်။ မောင်ကလေး သုံးယောက်ကတော့ ရေကန်ထဲကို ဒိုင်ဗင်ထိုးလိုက်၊ ရေကူးလိုက်၊ ကက်ဆက်ဖွင့်လိုက်။

သမီးပျိုနှစ်ယောက်သည် မချိုကိုကြည့်၍ တီးတိုးပြောနေကြသည်။ မချိုက သူတို့နှင့်ရွယ်တူ။ သူတို့လောက် အသားမဖြူသည့်တိုင် ညိုညိုလှဲလှဲ၊

စိမ်းစိမ်းစိုစို၊ မျက်နှာကြည်ကြည်၊ မျက်လုံးရီရီ၊ နှုတ်ခမ်းက နီနီ၊ ကိုယ်လုံးကိုယ်ပေါက် သွယ်သွယ်နွဲ့နွဲ့၊ သူတို့လိုအဝတ်အစားတွေ ဝတ်လိုက်လျှင် ကောလိပ်ကျောင်းသူတွေနှင့် ခွဲ၍ရမည်မဟုတ်။

ညီအစ်မနှစ်ယောက်သည် မချိုကိုကြည့်၍ သနားနေကြလေ၏။

ထမင်းချက်မည်လုပ်တော့ ထင်း မရှိ။ သည်တော့ မချိုကို ခိုင်းရသည်။ မချိုသည် သွက်လက်ပေါ့ပါးစွာဖြင့် အောက်ချိုင့်စခန်းသို့ ဆင်းသွားပြီး ထင်းနှစ်စည်းကို ဆိုင်းထမ်းဖြင့် ရှေ့နောက်ထမ်းကာ ဗိုလ်တဲကုန်းသို့ တက်လာခဲ့သည်။

"ဗိုလ်တဲကုန်းပေါ်သို့ မချို ရောက်တော့ ည ၇ နာရီထိုးပြီ။ ရဲစခန်းမှ သံချောင်းခေါက်သံကို ကြားရ၏။ အောက်ချိုင့်ထဲမှ ကက်ဆက်သံ၊ စကားပြောသံ၊ ကုန်တင်ကားကြီးများ စက်စမ်းသံတို့ တိတ်ဆိတ်သွားကြပြီ။ ညောင်ကျိုးတွင် နေဝင်ပြီဆိုလျှင် ဆိုင်တံခါးတွေကို ပိတ်ထားကြစမြဲ။ အသံ ဗလံတို့ တိတ်ဆိတ်သွားစမြဲ။

ကုန်းအတက်အရောက်တွင် မချို စီးလာသည့် ဂျပန်ဖိနပ်အပေါစားကလေး သဲကြိုးပြတ်သွားသည်။ ဖိနပ်ပြတ်ကလေးကို ထင်းစီးပေါ်တွင် တင်ပြီး မီးဖိုချောင်ဆီသို့ လာခဲ့၏။

ထင်းစည်းပေါ်က ဖိနပ်ကို မြင်သည့်အခါတွင် အကြီးမက-

"ဟင်… ဘာဖြစ်လို့လဲ၊ ဖိနပ်ပြတ်သွားလို့လား"ဟု မေးသည်။

"ဟုတ်တယ် အစ်မ၊ ကုန်းအတက်မှာ ပြတ်သွားတာ"

"မချိုမှာ စီးစရာရှိသေးရဲ့လား"

"ရပါတယ်"

မချိုက ရယ်သည်။ မချိုသည် သူ့အခြေအနေကို ပြောပြရမည်ကို ရှက်ဟန်တူသည်။

"ရပါတယ် လုပ်မနေနဲ့၊ တို့ခိုင်းလို့သွားရင်း ပြတ်သွားတာ၊ ဖိနပ်တစ်ရံ ဝယ်ပေးလိုက်"ဟု အဘိုးကြီးက ပြောသည်။

အကြီးမက အစိတ်တန်တစ်ရွက် ထုတ်ပေး၏။

"ရပါတယ်၊ မချို ဖိနပ်မစီးဘဲလည်း နေတတ်ပါတယ်၊ ဒီမှာ

ဒီလိုပဲ နေနေကျပါ''

ငါးနှစ်ရွယ် ယောက်ျားကလေး တစ်ယောက်သည် နှစ်ခါလည်သာသာ ကလေးလေးတစ်ယောက်ကို ခါးထစ်ခွင်ချီပြီး မလှမ်းမကမ်းမှနေ၍ 'မေမေမေမေ' နှင့် အော်နေသည်။

''ဘယ်က ကလေးတွေလဲ၊ ဘယ်သူ့ကို ခေါ်နေတာလဲ''

''မချိုကလေးတွေပါ၊ မချိုကို လာခေါ်ကြတာ''

''ဟောတော့်''

ညီအစ်မနှစ်ယောက် ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ သူတို့လို သက်တူရွယ်တူ ပျိုပျိုရွယ်ရွယ် မိန်းကလေးတစ်ယောက်တွင် သားနှစ်ယောက် ရှိမည်မထင်။

မချိုသည် ထင်းစည်းကိုဖြည်ကာ မီးမွှေးပေးသည်။ ထို့နောက် ဆန်ဆေးပြီး ထမင်းအိုးတည်သည်။ ထို့နောက် ခွင်တစ်ခွင်တည် ဖိုကာတည်ကာ ငါးသေတ္တာဘူးဖောက်၊ ဆီသတ်၊ ငါးသေတ္တာကြော်။ ထိုအရာများကို မချိုသည် ဖယ်စက်သလို တစ်ခုပြီး တစ်ခု ဆက်တိုက်လုပ်သွားသည်။ သူ့မှာ ဘာမျှပင်ပန်းဟန်မရှိ။

''ဟောတော့်...၊ ညည်းက ယောက်ျားနဲ့လား''

မေမေကလည်း တအံ့တသြမေးသည်။ သူ့သမီးနှစ်ယောက်လို နုနုထွတ်ထွတ်၊ ပျိုပျိုရွယ်ရွယ် မိန်းကလေးတစ်ယောက် ကလေးနှစ်ယောက်အမေဖြစ်သည် ဆိုခြင်းကို မယုံနိုင်။

မချိုက ငါးသေတ္တာကြော်ကို အောက်သို့ချ၍ ရေနွေးအိုး တည်လိုက်ရင်း-

''ဟုတ်ပါတယ် ကြီးကြီး''

''ခု ယောက်ျားကကော''

''မရှိတော့ဘူးရှင့်''

''ဘာဖြစ်လို့လဲ၊ ကွဲသွားတာလား''

''မဟုတ်ဘူးရှင့်၊ ဆုံးသွားပြီ''

ဩော်... ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်ရသည့် ကလေးမကလေး

တစ်ယောက်။ သူ့ကိုကြည့်တော့ နှစ်ဆယ်ကျော်ရုံကလေးမျှသာ ရှိဦးမည်။ ရုပ်ကလေးက ချောချော၊ သွက်သွက်လက်လက်၊ ချက်ချက်ချာချာ။

''ဘာဖြစ်လို့ ဆုံးတာလဲဟင်၊ သူက မချိုရဲ့ခဲအိုလို မုဆိုးလား၊ ကျားကိုက်လို့လား''

စောစောက ကျားသိန်းအောင်အဖြစ်အပျက်ကို ကြားပြီးသည့်အငယ်မ က သိချင်စိတ်အားကြီးဖြင့် မေးသည်။ မချိုက ရယ်လိုက်၏။

''မဟုတ်ပါဘူး၊ ကိုအောင်က အီးပီစီက လျှပ်စစ်အလုပ်သမားပါ၊ ရန်ကုန်မှာ ဓာတ်လိုက်ပြီး ဆုံးသွားတာပါ''

''ဒါဖြင့် မချိုလည်း ရန်ကုန်မှာ နေဖူးတာပေါ့''

''အစတုန်းက သူက ပန်းတောင်းမှာပါ၊ ဗိုလ်တဲကို သူ့ဆရာ အမဲ ပစ်လာရင် သူ အမြဲပါလာတတ်တယ်၊ မကြာခဏ လာရာကနေပြီး မချိုနဲ့ ရင်းနှီးသွားကြတာပါ၊ အိမ်ထောင်ကျပြီးတော့ ရန်ကုန်ပြောင်းရလို့ မချိုလည်း လိုက်နေပါတယ်၊ သူတို့နှစ်ယောက်စလုံး ရန်ကုန်မှာမွေးတာပါ၊ ကိုအောင် ဆုံးတော့ မချိုလည်း ညောင်ကျိုး ပြန်လာပါတယ်''

မချိုသည် ပါးစပ်ကလည်း သူတို့မေးသမျှကိုဖြေရင်း လက်က လုပ်စရာ ရှိသည်တို့ကို တောက်လျှောက်လုပ်သွားသည်။

''ထမင်း မကျက်သေးဘူးလားဗျို့၊ ဆာလှပြီ''

အပေါ်ထပ်မှ မောင်ငယ်သုံးယောက် ဆင်းလာသည်။ တစ်ယောက် က အသားမည်းမည်း၊ လက်ပြင်ကုန်းကုန်း၊ နောက်တစ်ယောက်က အရပ် ပုပု၊ မျက်နှာလေးထောင့်နှင့် နောက်တစ်ယောက်က အငယ်ဆုံးဖြစ်ဟန် တူသည်။ ခါးချည့်ချည့်၊ ပါးခွက်ခွက်၊ သည်မျှလှပချောမောသော သမီးပျို နှစ်ယောက်ကို မွေးထုတ်ခဲ့သည့် အဖေ အမေမှ သည်မျှပုံပန်းမကျသော သားသုံးယောက်ကို ဘယ်လိုမွေးထုတ်ခဲ့လေသည် မသိ။

သုံးယောက်စလုံး အငြိမ်မနေကြ။ ရောက်ကတည်းက မျောက်ရှုံး အောင် ဆော့ကြသည်။ ကျွဲလေးစခန်းက တောထဲသို့ မချို ဟင်းရွက်ခူး ထွက်လျှင် နောက်က အမြဲလိုက်၍ ဂူးဂူးဝါးဝါး အော်လေ့ရှိသော မျောက် သုံးကောင်ကမှ ငြိမ်ချင်သေးသည်။ သူတို့သုံးယောက်က မငြိမ်။

မလှမ်းမကမ်းမှ ကလေးနှစ်ယောက်က 'မေမေရေ၊ မေမေ'ဟု အော်

နေကြသည်။ မချို ကလေးနှစ်ယောက်ကို အော်ငေါက်ပစ်လိုက်၏။ ကလေးနှစ်ယောက်သည် ခပ်လှမ်းလှမ်းတွင် ရပ်စောင့်နေကြသည်။

ည ၇ နာရီထိုးတော့ စားသောက်ပြီးကြပြီ။ မောင်သုံးယောက်သည် ထမင်းကိုပြောင်အောင် စားပစ်လိုက်ကြ၏။

မချိုက ပန်းကန်တွေကို ကူဆေးပေးသည်။ အမေကြီးက ထမင်းတွေ၊ ဟင်းတွေကျန်ရင် ယူသွားဟု မချိုကို ပြော၏။ သို့ရာတွင် ထမင်းတစ်စေ့မျှမကျန်၊ ဟင်းတစ်ဖတ်မျှ မရှိ။

''ရပါတယ်''

မချိုက သူ့ထုံးစံအတိုင်း ဖြေသည်။

သူတို့ကိစ္စတွေ ပြီးသည့်အခါတွင် ညရှစ်နာရီ ထိုးခါနီးနေပြီ။ မချိုသည် ဖိနပ်ဖိုးပေးလိုက်သည့် ငွေအစိတ်ကိုယူကာ အောက်ချိုင့်ထဲသို့ ဆင်းသွားသည်။

''မေမေ မချိုရယ်၊ အချိန်မတော်မှ ဘာဖြစ်လို့လဲမသိဘူး၊ အောက်စခန်းဘက်ကို သုတ်သုတ်သုတ်သုတ်နဲ့ ဆင်းသွားတယ်''ဟု ဗိုလ်တဲပေါ်မှ လှမ်းမြင်လိုက်ရသည့် အကြီးမက ပြော၏။

ခဏကြာတော့ မချို ဗိုလ်တဲကုန်းပေါ်သို့ ပြန်တက်လာသည်။ စင်စစ်သည်အချိန်တွင် အောက်သို့သွားစရာ ဘာမျှအကြောင်းမရှိ။ ယခုလောက်ဆိုရင် အောက်ချိုင့်ကွင် ဆိုင်တွေ ပိတ်ကုန်လောက်ပြီ။

သားအမိတစ်တွေ တစ်ယောက်တစ်ပေါက် ထင်မြင်ချက် ပေးကြသည်။

''အိုအေ… ကောင်မကလေးက ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်တော့ ကားသမားတို့ ဘာတို့နဲ့ ရည်းစားဖြစ်ပြီး ရည်းစားနဲ့ချိန်းတွေ့တာဖြစ်မှာပေါ့''ဟု အမေကြီးက ပြောသည်။

အဖေကြီးက

''မဖြစ်နိုင်ဘူးကွ၊ ဒီအချိန်ကြီးမှာ ရည်းစားနဲ့ ချိန်းတွေ့ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး၊ မတော် ကျားနဲ့တွေ့ရင် ဘယ့်နှယ်လုပ်မလဲ၊ ညကြီးမင်းကြီးမှာ ဘယ်သူမှ အပြင်ထွက်ကြတာ မဟုတ်ဘူး၊ ဆိုင်တွေတောင် တံခါးပိတ်ထားကြတာ၊ ကောင်မလေးကို ဖိနပ်ဝယ်ဖို့ဆိုပြီး ငွေအစိတ်

ပေးလိုက်တယ် မဟုတ်လား''

''ဟုတ်တယ်၊ သမီးလည်း ထင်တယ်၊ ဖိနပ်သွားဝယ်တာလားမှ မသိတာ''

အငယ်မက ပြောသည်။

''မဖြစ်နိုင်ပါဘူး၊ ဒီအချိန်ကြီးမှာ ဘာဖြစ်လို့ ဖိနပ်ကို အရေးတကြီး သွားဝယ်ပါ့မလဲ၊ မနက်မှဝယ်ရင်လည်း ဖြစ်တဲ့ဥစ္စာပဲ၊ ပြီးတော့ ဖိနပ်မစီးဘဲ လည်း နေတတ်ပါတယ်လို့ ပြောထား မင့်ဟာ၊ ဒီလောက်အရေးတကြီး သွားတာ ဖိနပ်ဝယ်တာတော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး''

ကျွဲလေးစခန်းမှ မျောက်သုံးကောင် ရှူးအောင်ဆော့သည့် မောင် သုံးယောက်မှာ မောမောနှင့် အိပ်ပျော်သွားကြပြီ။

* * *

နောက်တစ်ရက်တွင် သူတို့ပြန်ကြတော့မည်။ မပြန်ခင် တောင်ကုတ် တောင်ကြားကို သွားကြည့်ကြသည်။ တောင်ကုတ်တောင်ကြားက လွမ်း စရာ၊ တစ်ဖက်တွင် လျှိုမြောင်ကြီး၊ ဟိုအဝေးတွင် မိုးထိတောင်။

သူတို့ အဖော်ခေါ်သဖြင့် မချိုလည်း လိုက်သွားရသည်။ တောင်ကြား ရောက်ခါနီးတော့ ကျွဲလေးစခန်းကို ရောက်သည်။ ကျွဲလေးစခန်းမှာ မချို အစ်မ မကြည်လေးနှင့် သူ့ယောက်ျား ကျားသိန်းအောင်အပြင် ကလေး သုံးယောက်ကိုလည်း တွေ့ရသည်။ မနေ့က တောဝက်တစ်ကောင် ရထား သဖြင့် ညောင်ကျိုးသို့ သွားရောင်းမည်ကြံတုန်း ကားကြုံသဖြင့် အတော် ဖြစ်သွားသည်။

ကျားသိန်းအောင်ကား မချို ပြောပြသည့်အတိုင်း ပခုံးတစ်ဖက်မရှိ၊ တစ်ဖက်က ကျုံ့ဝင်နေသည်။ မျက်နှာမှာ အမာရွတ်တွေနှင့်။ လက်တစ်ဖက် ကလည်း အသားပွဲပါသွားသဖြင့် သိမ်နေလေပြီ။ သို့ရာတွင် တောလိုက်တုန်း၊ မုဆိုးလုပ်တုန်း။

ချောက်ထဲတွင် မျောက်တွေက အော်နေသည်။ မျောက်တို့၏ကြုံးခွေ သံသည် ကမ်းပါးယံတွင် ပဲ့တင်ထပ်လျက် ရှိ၏။

''ဒီတောမှာအရင်တုန်းက မျောက်အုပ်ရှိတယ်၊ ခုတော့ သုံးကောင်ပဲ

ကျန်တော့တယ်၊ မချို လာနေတုန်းက မချို ဟင်းရွက်ခူးထွက်ရင် အဲဒီ သုံးကောင်က နောက်က လိုက်အော်နေတာပဲ''ဟု မချိုက ပြောသည်။

မောင်သုံးယောက်သည် မျောက်ကြီးခွေသံ အော်သလို လိုက်အော်နေကြသည်။ သူတို့၏အသံနှင့် မျောက်တို့၏အသံကြောင့် တောအလုံးသည် ဆူညံလျက်ရှိ၏။ သို့ရာတွင် သူတို့အသံက မျောက်အော်သံလို သဘာဝမကျ။ မျောက်တို့၏ ကြိုးခွေသံကမူ မြိုင်စောင်းတွင် လွမ်းစရာကောင်းနေသည်။

အပြန်ကျတော့ အစ်မ မကြည်လေးက ညောင်ကျိုးတွင်ရောင်းရန် တောဝက်သားတွဲများကို တောင်းကြီးတစ်တောင်းနှင့် ထည့်ယူလာသည်။ ရန်ကုန်ကလာသည့် ဧည့်သည်များအတွက်မူ သစ်ခွတွေ ခြင်းတောင်းကြီးတွေဖြင့် ထည့်ပေးလိုက်၏။

ညောင်ကျိုး ဗိုလ်တဲရောက်တော့ ပစ္စည်းတွေအားလုံးတင်ပြီး ရန်ကုန်က ဧည့်သည်တွေ ပြန်ရန်ပြင်ကြသည်။ မချိုသည် သူတို့ညီအစ်မကို ငေးကြည့်ရင်း မျက်ရည်တွေဝဲနေသည်။ သားအငယ်ကလေးကို ခါးထစ်တွင် တင်ချီပြီး သားအကြီးကို လက်တွင် ဆွဲထား၏။

ညီအစ်မနှစ်ယောက်က ချောချောလှလှ၊ ချစ်စရာကလေးတွေ၊ ခရီးသွားစဉ်ဝတ်သည့် အင်္ကျီပုံဆန်းလှလှကလေးတွေကို ဝတ်လျက် ဖိနပ်ကလေးတွေက သူတို့ ခြေထောက်ဖြူဖြူကလေးတွေနှင့် လိုက်သည့် ဖိနပ်ဖြူဖြူကလေးတွေ။

မချို သူ့ခြေထောက်ကိုသူ ငုံ့ကြည့်သည်။ သူ့ခြေထောက်တွင် ဖိနပ်မရှိ။ မနေ့ညက ထင်းသွားဝယ်စဉ် ဖိနပ်သဲကြိုးပြတ်သွားသည်။ မချို ခြေထောက်တွင် ဖိနပ်စီးမထားသည်ကို အကြီးမက သတိထားလိုက်မိဟန် တူသည်။

''ဟင်… မချို၊ ဖိနပ်ဝယ်မစီးသေးဘူးလား၊ ဝယ်စီးတော့လေ''

''ရပါတယ်''

မချိုက သူ့ထုံးစံအတိုင်း ပြုံး၍ပြောသည်။

''ရပါတယ်လုပ်မနေနဲ့၊ တို့က ဖိနပ်ဝယ်ရအောင်လို့ ပိုက်ဆံပေးလိုက်တာ၊ ပိုက်ဆံရှိသေးတယ် မဟုတ်လား''

''မရှိတော့ဘူး အစ်မ''

"ဟောတော့… ဘာသုံးလိုက်လို့လဲ"

"မနွေ့ညက အစ်မတို့ စားသောက်ပြီးတော့မှ အောက်ချိုင့်စခန်းကို ဆန်ဆင်းဝယ်ရတယ်၊ တစ်အိမ်လုံး ထမင်းမစားရသေးဘူး၊ အဲဒီပိုက်ဆံနဲ့ ဆန်ဝယ်ပြီးမှ ချက်ရတာ"

မချိုက ရယ်ရယ်မောမောဖြင့် ပြောသည်။ သူ့မှာ ရှိုးနေသည့်နှယ်။

"ဖြစ်မှဖြစ်ရလေကွယ်၊ ခုမနက်ကော ဆန်ရှိသေးလား"

မချိုက ပြုံး၍ ခေါင်းယမ်းပြလိုက်ရင်း

"မရှိသေးပါဘူးရှင့်၊ ဒါပေမဲ့ ရပါတယ်"

အဖေကြီးနှင့် အမေကြီးတို့ မနေနိုင်တော့။

"ဟဲ့… သမီးတို့ သားတို့၊ တို့မှာ ဆန်တွေကျန်သေးတယ် မဟုတ်လား၊ ထုတ်စမ်း၊ အသားဘူးတွေကော အကုန်ထုတ်၊ မချိုတို့ကို ပေးပစ်ခဲ့၊ ဘီစကစ်ထုပ်တွေရော ကလေးတွေကို ပေးခဲ့"

"ရပါတယ်၊ နေပါစေ"

"ဘယ့်နှယ်နေရမလဲ၊ ရော့ ယူလိုက်၊ တို့မှာ ပိုနေတာပဲ"

မချိုအစ်မ မကြည်လေးက

"ဒီလိုဆိုရင် ကျွန်မတို့က တောဝက်သားကလေး နှစ်ပိဿာ သုံးပိဿာတော့ ပေးပါရစေရှင်"

"ဟင့်အင်း၊ တောဝက်သားတော့ လိုချင်ပါရဲ့၊ ဒါပေမဲ့ ညည်းတို့ဟာကို တို့ အလကားမလိုချင်ဘူး၊ ပိုက်ဆံပေးခဲ့မယ်"

"မပေးပါနဲ့၊ ကျွန်မတို့မှာ အသားဘူးရရင် ကျေနပ်ပါပြီ၊ အသားစိုတွေကို စားနေရတာ ငြီးငွေ့လွန်းလို့ပါ"

"အမယ်လေး… တို့ရန်ကုန်ကျတော့လည်း အသားတွေ လတ်လတ်ဆတ်ဆတ်မရလို့ စိတ်ညစ်နေတာ၊ အသားဘူးကတော့ ခရီးသွားမှ မလွဲသာလို့ စားရတာ"

"ကျွန်မတို့ဆီမှာတော့ အသားဘူးကို တော်တော့်လူမစားနိုင်ဘူးရှင့်၊ စားနိုင်တဲ့လူက လူမော်"

အသားဘူး လေးငါးဘူးကို မချိုတို့သားအမိသုံးယောက်၊ အဖေတို့

အမေတို့နှစ်ယောက်နှင့် မကြည်လေးတို့ မိသားစု ဝေစုခွဲနေကြသည်။

"ငါ့ကို တစ်ဘူးပိုပေးအေ၊ ငါက တောထဲမှာနေရတာ၊ အသားဘူးကို တစ်နှစ်နေလို့ တစ်ခါမမြင်ရဘူး၊ ညည်းတို့ကမှ ဩောင်ကျိုးဗိုလ်တဲဆိုတော့ တစ်ခါတလေမြင်ရသေးတယ်"ဟု မကြည်လေးက အဆစ်တောင်းသည်။

"အသားဘူးနဲ့ တောဝက်သားနဲ့ လဲတာပေါ့"

အဖေက ပြောသည်။

"တောဝက်သားနဲ့ အသားဘူးနဲ့လဲရင် ကျွန်တော်တို့မြို့က မျောက်သုံးကောင်နဲ့ ကျွဲလေး တောထဲက မျောက်သုံးကောင်နဲ့ရော မလဲဘူးလားဗျို့"

အလတ်ကောင် ပိန်ပိန်မည်းမည်းက အော်သည်။

မချိုတို့ သူတို့ကို ပြုံးကြည့်၏။

မြို့က သည်မျောက်သုံးကောင်ကိုတော့ မလိုချင်။ ကျွဲလေးစခန်း တောထဲက မျောက်သုံးကောင်က သူ ဟင်းရွက်ခူးသွားလျှင် လိုက်ဖော်ရသည်။ ဘေးရန်မြင်လျှင် အော်ဟစ် အချက်ပေးဖော်ရသည်။

မြို့က သည်မျောက်သုံးကောင်ကမူ ဘာမျှအသုံးကျဖွယ် မမြင်။ ပန်းခင်းထဲကို သူတို့ ဝင်ဆော့ထားသဖြင့် ပန်းပွင့်တွေ ကြွေကုန်ပြီ။ တချို့ ပန်းပင်တွေ ကျိုးကျနေသည်။ ရှောက်ချိုသီးတွေလည်း သူတို့ ဆွတ်စားသဖြင့် တစ်လုံးမျှမကျန်တော့။

ဗိုလ်တဲပေါ်တွင်လည်း သူတို့ရှုပ်ထားသည့် အမှိုက်တွေက တစ်ပုံတစ်ပင်၊ စက္ကူစုတ်တွေ၊ ပုလင်းခွံတွေ၊ ပုလင်းဖုံးတွေ၊ အသားဘူးခွံတွေ၊ နို့ဆီခွက်တွေ၊ ထင်းတိုထင်းစတွေ၊ စက္ကူဘူးခွံတွေ။

သဘော်သား ကားကလေးသည် ဗိုလ်တဲကုန်းကို ကွေ့ဆင်းလိုက်၏။ မြို့က မျောက်သုံးကောင်သည် ကျွဲလေးစခန်းမှ မျောက်သုံးကောင်ကို တုကာ ကြိုးခွေသံ ပေးသွား၏။ မြို့ပေါက မျောက်သုံးကောင်၏ ကားပေါ်မှ လွှင့်ကျကျန်ရစ်ခဲ့သော ကြိုးခွေသံသည် ဩောင်ကျိုးဗိုလ်တဲတစ်ဝိုက် မြိုင်စောင်းတွင် ပဲ့တင်ထပ်နေသည်။

ကျန်ရစ်သူများသည် သူတို့ကို လက်ပြနှုတ်ဆက်ရင်း ဗိုလ်တဲကုန်း

အောက်လမ်းပေါ်တွင် ကြွက်ကလေးတစ်ကောင်လို ပြေးသွားနေသော ကားကလေးကို ငုံ့ကြည့်နေကြသည်။

မချိုသည် သူတို့ကိုကြည့်၍ သူ့ဘဝကို သူ ခဏမေ့သွား၏။ သူတို့ဘဝကလေးက ပျော်စရာ၊ ချစ်စရာ၊ လှလှပပ၊ နုနုနယ်နယ်၊ လုံလုံခြုံခြုံ။ ကျားကိုမကြောက်ရ၊ ဆင်အုပ်ကို မကြောက်ရ၊ ဝံကြီးထိုးကို မကြောက်ရ၊ ခွေးအအုပ်ကို မကြောက်ရ၊ ယုတ်စွအဆုံး မျောက်ကိုပင် မကြောက်ရ။

ကုန်းအကွေ့တွင် ကားဖြူဖြူကလေး ပျောက်သွားသည့်အခါကျမှ သူ့ဘဝကိုသူ မချို ပြန်၍သတိရသည်။ အိပ်မက်လှလှကလေးတစ်ခု ပြယ်သွားပြီ။ ခါးထစ်တွင်ချိထားသည့် သားငယ်ကို အောက်သို့ချ၏။ ညီလေးနှင့် ကစားရန် အကြီးကောင်ကို ပြောရသည်။

ဗိုလ်တဲပေါ်တွင် မြို့က မျောက်သုံးကောင်ရှုပ်ခဲ့သည့် အမှိုက်တွေကို မချို ရှင်းရဦးမည်။

စန္ဒာရုပ်စုံ မဂ္ဂဇင်း
ဇူလိုင်လ၊ ၁၉၈၂။

⁂

ဝတ္ထုတို

# နောက်ဆုံးတော့ ကိုယ်လည်း သူလို ငါလိုပါပဲ

**မြသန်းတင့်**

ကျုပ် အသက် ၆၀ ကျော်ပြီ။

ကျုပ်ဘဝကို ကျုပ်ပြန်စဉ်းစားကြည့်လိုက်တော့ ခုအချိန်ထိ ကျုပ်အသက်မွေးဝမ်းကျောင်းအတွက် ပရိယေသနအလုပ်ဆိုလို့ တစ်ခုမှ မလုပ်ခဲ့သေးဘူးဆိုတာ ပြန်တွေ့ရတယ်။ ငယ်ငယ်တုန်းက မိဘလုပ်စာကို ထိုင်စားခဲ့တယ်။ အိမ်ထောင်ကျတော့ မိန်းမလုပ်စာကို ထိုင်စားခဲ့တယ်။ မိန်းမဆုံးတော့ သားသမီးလုပ်စာ ထိုင်စားခဲ့တယ်။ ခုထိလည်း သားသမီးက ကျွေးမွေးနေတုန်းပဲ။

ပရိယေသနအလုပ်ကို ဘာကြောင့်မလုပ်သလဲလို့ မေးရင် မလုပ်တတ်လို့ပဲလို့ ဖြေရမှာပဲ။ ဟုတ်တယ်။ ကျုပ်က ဘာမှလုပ်တတ်တဲ့ကောင် မဟုတ်ဘူး။ ပညာဆိုရင်လည်း ကောလိပ်ကျောင်းကို ရောက်ခဲ့ပေမယ့် ဘွဲ့မရခဲ့ဘူး။ ကျုပ်တို့ခေတ်စကားနဲ့ပြောရင် အင်တာနဲ့ ကျောင်းထွက်ခဲ့ရတယ်။ ဘာမှ မအောင်ခဲ့ဘူး။ လက်မှုပညာ ဆိုလို့လည်း ကျုပ် ဘာမှမလုပ်တတ်ဘူး။ ဝါသနာလည်း မပါဘူး။ တတ်တဲ့ပညာကလေးနဲ့ စာရေးစာချီတို့ ဘာတို့ ဝင်လုပ်ရင်လည်း ဘာစားလောက်မှာလဲ။

ဒီတော့ ကျုပ်တစ်သက်မှာ ပရိယေသနအတွက် ဘာမှမလုပ်ခဲ့ဘူးပေါ့။

ပြီးတော့ ခက်တာက ကျုပ်ကလည်း ဒီလို ကိုယ့်ဝမ်းစာအတွက် ခဲခဲကတ်ကတ်ရှာဖွေ စားသောက်ရတာမျိုး မလုပ်ချင်ဘူး။ လောကကြီးမှာ

ကိုယ်ဝါသနာ ပါတာကလေးတွေကို လုပ်ချင်တယ်။ မချမ်းသာချင်လည်း နေပါစေ။ ကိုယ်စိတ်ပါတာကိုပဲ လုပ်ချင်တယ်။

ဒီတော့ ကျုပ် ဘာဝါသနာပါသလဲ။ ဂီတဝါသနာပါတယ်။ ဟုတ်တယ်၊ ငယ်ငယ်ကတည်းက ဂီတကို ဝါသနာပါခဲ့တယ်။ ကျုပ်ငယ်ငယ်တုန်းက ကျုပ်တို့အိမ်မှာ ဓာတ်စက်ရှိတယ်။ ဓာတ်ပြားအစုံရှိတယ်။ ခွေးတံဆိပ်ဓာတ်ပြားလို့ ခေါ်တဲ့ ကိုလံဘီယာဓာတ်ပြားတွေ ရှိတယ်။ အဲဒီကုမ္ပဏီက မကြည်အောင်တို့၊ လေဘာတီမမြင်ရင်တို့၊ ဩဘာသောင်းကို၊ စိန်ဘာတီ မအေးမိတို့၊ မောနင်းတင်တင်တို့ စတဲ့ အဆိုတော်တွေဆိုတဲ့ သီချင်းတွေကို ဓာတ်ပြားထုတ်တယ်။

နောက်တစ်ခုက တွင်းလို့ခေါ်တဲ့ အမြှာညီနောင်ရုပ်ကလေး နှစ်ရုပ်ပါတဲ့ ဓာတ်ပြားကုမ္ပဏီက စိန်ဂွန်း ခင်မေတို့၊ သထုံ ဘသိန်းတို့ စတဲ့ အဆိုတော်တွေဆိုတဲ့ သီချင်းတွေကို ဓာတ်ပြားထုတ်တယ်။

နောက် ကုမ္ပဏီတစ်ခုက ဗြိတိသျှဘားမားက ရုပ်ရှင်ကုမ္ပဏီ။ ဓာတ်ပြားတံဆိပ်က ရုပ်ရှင်ကင်မရာကလေးနဲ့ ရုပ်ရှင်ရိုက်နေတဲ့ပုံ။ အဆိုတော်တွေက ဗြိတိသျှဘားမား ကုမ္ပဏီက ရုပ်ရှင်မင်းသား၊ မင်းသမီးတွေဖြစ်တဲ့ ခင်မောင်ရင်တို့၊ ခင်ခင်ရီ၊ မေမေဝင်းတို့ စတဲ့ အဆိုတော်တွေ ဖြစ်တယ်။

သီချင်းတွေကလည်း ခေတ်ဆန်တယ်။ တချို့က အနောက်တိုင်းတေးသွားကို မှီးထားတဲ့သီချင်းတွေ။ တူရိယာတွေကလည်း ခေတ်ဆန်တယ်။ ဒါကြောင့် အေဝမ်းက သူ့ဓာတ်ပြားတွေကို သံစုံသွင်းလို့ခေါ်ခဲ့တယ်။ ထားပါလေ။ မြန်မာပြည် ဓာတ်ပြားကုမ္ပဏီတွေရဲ့သမိုင်းကို ကျုပ်ပြောနေတာ မဟုတ်ပါဘူး။ ကျုပ် ဂီတကို ဘယ်လိုဝါသနာပါလာသလဲ ဆိုတာပြောချင်တာပါ။ ကျုပ်တို့အိမ်မှာ ကျုပ်ဦးလေးနဲ့ အဒေါ်တွေရှိတယ်။ အပျို၊ လူပျိုတွေ၊ သီချင်းဝါသနာပါကြတယ်။ သူတို့ပတ်ဝန်းကျင်မှာ ကြီးပြင်းလာခဲ့ရတော့ အဲဒီသီချင်းတွေကို အလွတ်ရနေတယ်။ အဲဒီတုန်းက ဓာတ်ပြားထွက်ရင် သီချင်းစာအုပ်ကလေးတွေ လက်ဆောင်ရတော့ သီချင်းကျက်ရတာလည်း လွယ်တယ်။

ငယ်ငယ်ကလေးကတည်းက သီချင်းတွေနားထောင်ပြီး ကြီးပြင်းလာလို့လား မသိဘူး။ သုံးလေးတန်းလောက် ရောက်တော့ ကျုပ် သီချင်းရူး

ရှူး ဂီတရူး ရူးနေပြီ။ ဂီတရူး ရူးနေလို့ စာမေးပွဲကျတယ်။ အဲဒီတော့ ကျုပ် အသက် ဘာရှိဦးမှာလဲ။ ရှစ်နှစ်၊ ကိုးနှစ်သားပဲ ရှိဦးမှာပေါ့။

အိမ်မှာ ကျုပ်ဦးလေးကလည်း ဂီတဝါသနာပါတော့ ဟွန်းတယော ထိုးလေ့ ရှိတယ်။ သူ ဟွန်းတယောထိုးရင် ကျုပ်က လိုက်ဆိုလေ့ရှိတယ်။ ကျုပ်အသံကလည်း သိပ်မဆိုးဘူးလို့ ပြောတာပဲ။ အဆိုတို့ ဘာတို့လည်း မဆိုးဘူးတဲ့။ အသံရောက်အောင် ဆိုနိုင်တယ်တဲ့။ အဲ... တစ်ခုတော့ရှိတယ်။ အဲဒီတုန်းက ကျုပ် စည်းဝါးကို နားမလည်ဘူး။ ဒီလိုနဲ့ ကျုပ် ဂီတကို ဝါသနာပါလာခဲ့တာပဲ။

စာမေးပွဲကျတော့ ဒီကောင် ဒီလောက်ဝါသနာပါလှတယ် ဆိုပြီး ကျုပ်အဖေက ဝါးပတ္တလားတစ်လုံး ဝယ်ပေးပြီး ပတ္တလားဆရာနဲ့ သင်ပေးတယ်။ ကြိုးဆယ့်သုံးပုဒ်ကုန်တယ်။ ကြိုးပြီးတော့ ပတ်ပျိုး၊ ယိုးဒယား စသဖြင့် သင်ရိုးအတိုင်း သင်ပေးတယ်။ ဂျပန်ခေတ် အသက်ဆယ့်လေးနှစ် လောက်မှာ ကျုပ် သီချင်းကြီးတွေ တော်တော်ရနေပြီ။ ရဆို အပုဒ် လေးငါးဆယ်ထက် မနည်းဘူး။

ပတ္တလားတတ်လာတော့ ကျုပ် မင်ဒိုလင်ကို ကူးတယ်။ မင်ဒိုလင်ကတော့ ဘာခက်သလဲ။ ကျုပ်တို့ခေတ်တုန်းက မင်ဒိုလင်ကို ကြိုးငါးချောင်း တပ်တယ်။ အတွဲအဖက်တို့ ဘာတို့သင်တယ်။ ကျုပ်တို့မြို့က ဆရာ တစ်ယောက်ဆီမှာပဲ သင်တယ်။ သီချင်းကြီးတွေက ရပြီးသား။ ဂီတသဘောကို ခေါက်မိပြီးသားဆိုတော့ မင်ဒိုလင်သင်ရတာလည်း သိပ်မကြာလိုက်ပါဘူး။ ကျုပ် ကောင်းကောင်းတတ်သွားတယ်။ နောက်ကျတော့ မင်ဒိုလင်ကို ဓာတ်ပြားတွေထဲက မင်ဒိုလင် အတွဲအဖက်တွေအတိုင်း တီးနိုင်တယ်။ ဥပမာဆိုပါတော့ မေရှင်ဆိုတဲ့ ချစ်ရေစင် ဓာတ်ပြား။ ဒုတိယဘက်မှာ အဲဒီတုန်းက ခေတ်စားတဲ့ မင်ဒိုလင် ယုကြိုင်ရဲ့လက်သံနဲ့ လိုက်တီးထားတဲ့ အပိုဒ်တစ်ပိုဒ် ပါတယ်။ အဲဒီလက်သံ အဲဒီအတွဲအဖက်တွေကို ရအောင် ကျုပ် လေ့ကျင့်တယ်။ ဘယ်လောက်များကျင့်သလဲဆိုရင် လူသာမမြင်နဲ့ မင်ဒိုလင် ယုကြိုင်ရဲ့လက်သံနဲ့ ခွဲမရစေရဘူး။ အဲဒီလောက် ကျုပ် ကျင့်တယ်။

ဒီတုန်းမှာ ကျုပ် ကံကောင်းချင်တော့ ကျုပ်တို့နေတဲ့ မြို့လေးကို မြန်မာညွန့် ဦးချစ်မောင်နဲ့ ဒေါ်အောင်ကြည်တို့ စစ်ပြေးရောက်လာကြတယ်။ ဦးချစ်မောင်ကို ဘဘကြီးလို့ ခေါ်တယ်။ ဒေါ်အောင်ကြည်ကိုတော့ မေမေကြီးလို့ ခေါ်ကြတယ်။ ကျုပ်အဖေက မြန်မာညွန့် ဦးချစ်မောင်နဲ့ မိတ်ဆွေဖြစ်လေတော့ ကျုပ်ကို ဦးချစ်မောင်ဆီမှာ အပ်တယ်။

မြန်မာညွန့် ဦးချစ်မောင်အကြောင်းကိုတော့ ခင်ဗျားတို့လည်း ကြားဖူးသားပဲ။ ဂီတမှာ ဘုရင်တစ်ဆူပေါ့။ စိန်ဗေဒါကြီးနဲ့ ရှစ်နှစ်၊ ကိုးနှစ်လောက်တွဲပြီး နှဲမှုတ်တဲ့ပုဂ္ဂိုလ်။

ဒေါ်အောင်ကြည် ဆိုတာကလည်း သူ့ခေတ်နဲ့သူ အဆိုမှာ ပြောစရာမရှိဘူး။

ဘဘကြီးဦးချစ်မောင် ရောက်လာလို့ ကျုပ်အဖေက သူ့ဆီကို အပ်တော့ ဘဘကြီး ကျုပ် ပတ္တလားလက်ကို နားထောင်တယ်။ ဂျပန်ခေတ်မှာ ကျုပ်တို့မြို့မှာချက်တဲ့ ကျားတံဆိပ်အရက်ကလေးကို တမြုံ့မြုံ့သောက်ရင်း ကျုပ်လက်သံကို အကဲခတ်တယ်။

"ဒီမှာ ကိုထွန်းဖေ၊ ခင်ဗျားနဲ့ ကျုပ်ဆိုတာ ငယ်ပေါင်းကြီးဖော်တွေ၊ ခင်ဗျား ဂီတဝါသနာပါလို့ ကျုပ်ဝမ်းသာတယ်၊ ဒါပေမဲ့ ခင်ဗျားသားကို ဘာ့ကြောင့် ဂီတကို သင်ပေးတာလဲ"

ဘဘကြီးက ကျုပ်အဖေကို တစ်ခွန်းကောက်မေးလိုက်တယ်။

အဖေဟာ ရုတ်တရက်ဆိုတော့ ကြောင်သွားဟန်တူတယ်။ ဘာကို ဖြေရမှန်းမသိတဲ့ ပုံပဲ။

"ဟိုဒင်း… ဘာရယ်လို့တော့ မဟုတ်ပါဘူး၊ နည်းနည်းပါးပါး"

ဘဘကြီးက သူ့စကားကိုမဆုံးခင် လက်ကာပြပြီး…

"ဘာရယ်လို့မဟုတ်ရင် မသင်နဲ့။ ဂီတကို အပျော်တမ်းမသင်ပါနဲ့။ ဂီတဟာ ကလေးကစားစရာ မဟုတ်ဘူး။ ဂီတကို ဖက်ရှင်ထုတ်ဖို့ မသင်ပါနဲ့။ ဂီတကို ရှိုးထုတ်ဖို့မသင်ပါနဲ့။ ဧည့်ခန်းမှာ စန္ဒရားကလေးထားပြီး ဧည့်သည်လာရင် သားသမီးကို တီးပြခိုင်းချင်လို့ မသင်ပါနဲ့။ ဝါသနာပါလို့ သင်ချင်ရင် သင်ပါ။ ဂီတကိုမြတ်နိုးရင် သင်ပါ။ အပျင်းပြေသင်ချင်တယ်

ဆိုရင်တော့ ခင်ဗျားသားက နောက်ထပ်သင်စရာ မလိုတော့ဘူး။ ဒီလောက်ဆို အပျင်းပြေတီးတတ်ရုံတော့ တတ်နေပြီ။ ပိုတောင်ပိုနေပြီ''

ဘဘကြီးစကားက ပြတ်တယ်။ ဖက်ရှင်လုပ်ချင်လို့ ဂီတမသင်နဲ့။ ဧည့်ခန်းထဲမှာ စန္ဒရားထားပြီး ဧည့်သည်လာရင်တီးခိုင်းပြီး ရှိုးထုတ်ချင်လို့ မသင်နဲ့။ တကယ်ဝါသနာပါမှ တကယ် ဂီတကိုမြတ်နိုးမှ သင်တဲ့။

အဖေဟာ ရုတ်တရက် ဘာပြောရမှန်းမသိဘူး။ နောက်တော့မှ ပြုံးလိုက်ပြီး…

''ကျွန်တော်ဆိုလိုတာက ဒီကောင်က ဂီတကို တော်တော်ဝါသနာပါတယ်၊ ဖြစ်သင့်သလောက်လည်းဖြစ်တယ်၊ အဲ…ဖြစ်တယ်လို့ ကျွန်တော်ထင်တယ်လေ၊ ဖြစ်၊ မဖြစ်ကတော့ ခင်ဗျားပိုသိမှာပေါ့၊ ဒီတော့… ဒီတော့… ဒီကောင်ကို ဂီတမှာ ထွန်းထွန်းပေါက်ပေါက် ဖြစ်စေချင်တယ်''

''ဖြစ်ပါတယ်၊ ကျုပ် သူ့လက်သံ နားထောင်ကြည့်လိုက်ရင် သိတာပေါ့၊ သိပ်ဖြစ်၊ ဒါပေမဲ့ အပျော်တွေကတော့ မလုပ်နဲ့ဗျ၊ အပျော်ဆိုရင် ဒီလောက်ဆို တော်လောက်ပြီ၊ ရှေ့ဆက်လုပ်ရင် အပျော်တမ်းဘဝက ကျော်သွားပြီ၊ ဒီလောက်တတ်ရင် တော်ရောပေါ့''

''ဒီထက်တတ်ရင်ကော မကောင်းဘူးလား''

''ကျုပ်ကို ဒီလိုမမေးနဲ့လေ၊ ဒီထက်တတ်ရင် ကောင်းတာပေါ့၊ ဒါပေမဲ့ ဒီထက်တတ်ရင် ဒီကောင်ဟာ ဂီတထဲမှာ သိပ်ပျော်သွားလိမ့်မယ်၊ ဂီတတို့ အနုပညာတို့ ဆိုတာက အပျော်လုပ်ရင် အပျော်ဘဝမှာပဲ ရပ်ဖို့ကောင်းတယ်၊ ဂီတကို တကယ် လိုက်စားတယ်၊ ဘဝကို ပေးရတာ၊ အဲဒီထဲမှာ ဘဝကို မြှုပ်ပစ်လိုက်ရတာ၊ ကျန်တဲ့ဘဝတွေ၊ တက်လမ်းတွေကို စွန့်လိုက်ရတာ၊ ဒါမှ ဂီတသမားစစ်စစ် ဖြစ်တာ''

အဖေဟာ အတန်ကြာငိုင်နေတယ်၊

''ကိစ္စမရှိဘူးလေ၊ ခုခေတ်က ဘယ်လိုနေပြီး ဘယ်လိုထိုင်ရမယ် မသိသေးဘူး၊ ကျောင်းတွေကရော ဘယ်တော့မှပြန်ဖွင့်ပြီး ဘယ်တော့မှ စစ်ကြီးပြီးမယ်ဆိုတာ မသိဘူး၊ သူ ဝါသနာပါတယ်ဆိုရင်လည်း ဂီတလောကမှာ နေပေါ့''

''ကြိုက်ပြီဗျာ၊ ကျုပ်က အဲဒီလိုသတ္တိမျိုးကို လိုချင်တာ၊ သတ္တိမပြောပါနဲ့ဗျာ၊ အဲဒီလိုမိုက်ရဲတဲ့ လူမျိုးကို လိုချင်နေတာ၊ စိတ်ချ၊ ခင်ဗျားသား တက်စေမယ်၊ သူ့မှာလည်း နဂိုအခံရှိတယ်၊ ခင်ဗျားကလည်း ပံ့အပ်ပြီဆိုရင် ကျုပ်က ဘာဖြစ်လို့သင်မပေးရမှာလဲ''

ဘဘကြီးနဲ့ အဖေဟာ နှစ်ယောက်သား အရက်သောက်နေကြတယ်။

ဒီလိုနဲ့ ဂျပန်ခေတ်တစ်လျှောက်လုံးမှာ ကျုပ် ဂီတကို လေ့လာခဲ့တယ်။ သီချင်းကြီးဆိုရင်လည်း မဟာဂီတသီချင်းကြီးတွေ ကုန်သလောက်ပါပဲ။ လူတွေအရနည်းတဲ့ ဥညသံအေးတို့လို၊ လွမ်းအောင်ခု တို့လို။ ကြိုကြိုကြားကြား သီချင်းတွေကအစ ကျုပ်အကုန်ရတယ်။ ပတ္တလားဆိုရင်လည်း ဘဘကြီးရဲ့လက်သံ၊ ဘဘကြီးရဲ့ အတွဲအဖက်မျိုး မမီတောင် မနီးရိုးစွဲ လုပ်နိုင်တယ်။

မင်းဒိုလင်ဆိုရင် တစ်ပြည်လုံးမှာ ဘယ်သူ့ လက်သံကိုမှ ကျုပ်မကြောက်ဘူး။ တယောလက်ဆိုရင်လည်း ထိပ်တန်းထဲမှာ နေရာယူနိုင်တယ်။ ဒီအထဲမှာ ဒုံမင်းတို့၊ ဂီတာတို့၊ စန္ဒရားတို့လည်း အဖြစ်လောက်၊ လူရာဝင်ရုံလောက်တော့ ရတယ်။

ကြေးကြိုးသားရေ၊ လေ၊ လက်ခုပ်ဆိုတဲ့ တူရိယာငါးပါးမှာ ကြိုးတပ်တူရိယာမှန်သမျှကို ကျုပ် ကောင်းကောင်း နိုင်နင်းတယ်။

ကျုပ်အဖေကလည်း အားပေးတယ်။ ကျုပ် ဂီတအရာဝင်လာတဲ့အခါကျတော့ ဘဘကြီးအပါအဝင် မြို့မှာရှိတဲ့ ဂီတပညာနဲ့ အသက်မွေးသူတွေ၊ ပညာသည်တွေကိုခေါ်ပြီး ကျုပ်တို့အိမ်မှာ တစ်လတစ်ခါလောက် ဂီတ ဝိုင်းဖွဲ့ကြတယ်။

ဂီတဆည်းဆာ ဆိုပါစို့၊ အဲ… ဝိုင်းမှာ ကျုပ် ပတ္တလားဖြစ်ဖြစ်၊ တယောဖြစ်ဖြစ်၊ ဂီတာဖြစ်ဖြစ်၊ ဒုံမင်းဖြစ်ဖြစ် တစ်ခုခုတော့ ဝင်တီးတာချည်းပဲ။

ဒီလိုနဲ့ ဂျပန်ခေတ်တစ်လျှောက်လုံး ဂီတနဲ့နေလာခဲ့တယ်။ စဉ်းစားကြည့်လေ။ ရှစ်နှစ်၊ ကိုးနှစ်သားလောက်ကတည်းက ဂီတနဲ့ နေလာခဲ့တဲ့ကောင်။ ပတ္တလားလက်ခတ် ကိုင်လာတဲ့ကောင်။ တယောတို့၊ မင်းဒိုလင်တို့၊ ဂီတာတို့ကို အလှည့်သင့်သလို တီးလာခဲ့တဲ့ကောင်။ ကြိုးတပ်တူရိယာမှာ

တော့ တော်တော်ပိုင်နိုင်ပြီလို့ ဆိုနိုင်တယ်။ ဘယ်မှာမပိုင်ဘဲ ရှိပါ့မလဲ။ ဆရာကောင်းနဲ့ တွေ့တာကိုး။

စစ်ပြီးတော့ မက်ထရစ်ဖြေတယ်။ အောင်တော့ ရန်ကုန်တက္ကသိုလ်ကို လာခဲ့တယ်။

စစ်ပြီးစ တက္ကသိုလ်မှာ ကျုပ်တို့တစ်တွေ တက္ကသိုလ်တူရိယာအဖွဲ့ကို ထောင်ကြတယ်။ အဲဒီမှာ ကျုပ် ခေါင်းဆောင်ပဲ။

ခေါင်းဆောင်ဖြစ်မှာပေါ့၊ ကျန်တဲ့ကျောင်းသားက အဖြစ်လောက်ပဲ တီးတတ်တာကိုး။ ဂီတာတော်တဲ့ ဂီတာလက် တစ်လက် နှစ်လက်လောက်၊ တယောလက် ကောင်းကောင်းတစ်လက် နှစ်လက်လောက်၊ ပတ္တလားလက်တစ် လက်နှစ်လက်တော့ တွေ့ပါရဲ့။ ဒါပေမဲ့ သူတို့က ကျုပ်ကိုမမီကြဘူး။ ကျုပ်လောက်လည်း သီချင်းမရကြဘူး။

တစ်ခါတလေမှာ ကျုပ်တို့အဖွဲ့ အသံလွှင့်တတ်တယ်။ ကျောင်းကပွဲတွေမှာ တီးတယ်။ အဲဒီတုန်းက တက္ကသိုလ် အနုပညာအသင်းတို့ ဘာတို့ မရှိသေးဘူး။

အဲဒီမှာ မေနဲ့ တွေ့တယ်။ မေက ကျုပ်တို့အဖွဲ့မှာ အဆိုတော်တစ်ယောက်။ သူကလည်း သီချင်းတို့၊ ဂီတတို့ ဝါသနာပါတယ်။ သူ ဝါသနာပါတာကတော့ အပျော်တမ်းပါ။ တစ်နည်းပြောရရင် ဖက်ရှင်သဘောပဲ။

သူ့အဖေက အရာရှိကြီးတစ်ဦး။ ခြံနဲ့ ဝင်းနဲ့။ အိမ်ဧည့်ခန်းမှာ စန္ဒရားကြီးနဲ့။ အဆိုကတော့ သိပ်မဆိုးပါဘူး။ အပျော်တမ်း အဆိုလောက်တော့ ဖြစ်ပါတယ်။

သူ့ကို ကျုပ်တို့ တက္ကသိုလ်တူရိယာ အဖွဲ့ထဲမှာထည့်တယ်။ တစ်ခါတလေ သီချင်းတိုက်ရင်လည်း သူတို့အိမ်မှာပဲ သီချင်းတိုက်တယ်။ အဖေနဲ့အမေကလည်း သူတို့သမီး ဒီလို ပွဲလယ်တင့်တာကို သဘောကျတယ်။

တိုတိုပြောရရင် တစ်နှစ်လောက်အတွင်းမှာ သူနဲ့ ကျုပ် ချစ်သွားကြတယ်။ အဲဒီတုန်းက ကျုပ်ကလည်း ကျောင်းမှာ ပေါ်ပြူလာဖြစ်တာကိုး။

မင်းဒိုလင် အတီးပြိုင်ပွဲတို့ ဘာတို့ဆိုရင် ကျုပ် အမြဲဆုရတယ်။ တယောတို့ ဘာတို့မှာလဲ ဒီအတိုင်းပဲ။ အမြဲလိုလို ဆုရတယ်။ ပတ္တလား

ပြိုင်ပွဲတို့မှာလည်း အမြဲလိုလို ဆုရတယ်။ ဒါက တက္ကသိုလ်ပြိုင်ပွဲ မဟုတ်ဘူးနော်။ ရန်ကုန်တစ်မြို့လုံးပြိုင်တဲ့ ပြိုင်ပွဲကြီးတွေမှာ ရတာ။

ကျုပ်လည်း အင်တာနှစ်နှစ်အတွင်းမှာ ဂီတနဲ့ပဲ အချိန်ကုန်တာပဲ။ ဒီအတွင်းမှာ အပြင်က ဂီတပညာရှင်တွေနဲ့လည်း ကျုပ်တို့ တော်တော်ရင်းနှီးပြီ။ အပြင်က ဂီတပညာရှင်ဆိုတာ ဂီတကို ပရိယေသနအနေနဲ့ တီးကြဆိုကြတဲ့ ပညာရှင်တွေကို ပြောတာ။

ကျုပ်တို့နှစ်တွေတုန်းက ဂျူနီယာအင်တာလို့ခေါ်တဲ့ အင်တာပထမနှစ်မှာ စာမေးပွဲမဖြေချင်ရင် ရတယ်။ ဒုတိယနှစ်ကျမှ နှစ်နှစ်စာပေါင်းဖြေလို့ရတယ်။

ဒုတိယနှစ်မှာ ကျုပ် နှစ်နှစ်စာပေါင်းဖြေတယ်။ မအောင်ဘူး။ ဘယ်အောင်ပါ့မလဲ။ နှစ်နှစ်လုံးလုံး ဂီတနဲ့ပဲ အချိန်ကုန်နေတာ။ စာမေးပွဲနားနီးမှ စာအုပ်မှာကပ်နေတဲ့ ပင့်ကူမြွေးတွေ၊ ဖုန်တွေခါပြီး ကောက်ကြည့်ရတာ။ တချို့မှာ မှတ်စုမရှိလို့ လိုက်ငှားရသေးတယ်။ ဒီတော့ မအောင်ဘူးပေါ့။

နောက်တစ်နှစ်မှာလည်း ကျုပ် စာမေးပွဲပြန်ဖြေတယ်။ ဒီနှစ်လည်း မအောင်ပြန်ဘူး။

ကျုပ်ကလည်း အပြင်က ပညာရှင်တွေနဲ့ပေါင်းပြီး သူတို့ဝိုင်းတွေထဲမှာ လိုက်တီးနေတာကိုး။ ဒါပေမဲ့ ကျုပ်တီးတာက အပျော်သဘောပါ။

သူတို့ရတဲ့ အနုပညာကြေးထဲက ကျုပ်မယူဘူး။ ကြေးစားတူရိယာသမားလို့ အပြောမခံနိုင်ဘူး။

ဒီလိုပြောတော့ နည်းနည်းရှိုင်းတယ်လို့ ထင်ကောင်းထင်ကြမယ်။ အင်္ဂလိပ်လိုပြောရရင် ပရော်ဖက်ရှင်နယ်ပေါ့။ ပရိယေသနအတွက် လုပ်နေတယ်လို့ ကျုပ် အထင်မခံနိုင်ဘူး။ ဒါဟာ ကြေးနဲ့လိုက်တီးနေတဲ့ ပညာရှင်တွေကို အထင်သေးလို့ပြောတာ မဟုတ်ဘူး။ သူတို့ပညာကို ကျုပ် လေးစားတယ်။ ဒါပေမဲ့ ကျုပ်ကိုယ်ကျုပ်တော့ ဒီလို အထင်မခံနိုင်ဘူး။ ဂီတကို ကျုပ်လိုက်စားတာဟာ လုပ်ကိုင်စားဖို့ မဟုတ်ဘူး။ တကယ့်ကို မြတ်နိုးလို့ဆိုတာ ပေါ်စေချင်တယ်။

ဟုတ်တယ်လေ၊ တကယ်ကျတော့လည်း ကျုပ်မှာ ပိုက်ဆံ ဘာလို သလဲ။ ကျုပ်က ကျောင်းသားပဲရှိသေးတယ်။ ကျုပ်မှာ ငွေမလိုဘူး။ အိမ်က

လစဉ်ပို့တယ်။ အသံလွှင့်တဲ့အခါမှာဆိုရင် ကျုပ်အိတ်ထဲကတောင် စိုက်လိုက်ရသေးတယ်။ တီးလုံးကိုက်တဲ့စရိတ်တို့၊ သွားစရိတ်၊ လာစရိတ်တို့ဆိုတာ ကျုပ်အိတ်ထဲက ကုန်ရတာပဲ။

ဒါမှမဟုတ်ရင်လည်း အပျော်တမ်းဆိုတဲ့ ကျုပ်တို့အဖွဲ့ထဲက အဆိုတော်တွေဆီက ကျုပ်ကောက်တယ်။ ဝေပုံကျခံကြရတယ်။

ဥပမာ ကျုပ်ဝိုင်းမှာ ခြောက်လုံးပတ်တီးတယ်ဆိုရင် ကျုပ်က မောင်နုကိုမှ သဘောကျတယ်။ ခုတော့ မရှိရှာတော့ပါဘူး။ ခုခေတ်မှာ ခြောက်လုံးပတ်ဝိုင်းဆိုလျှင် ကြာဆံအုန်းမောင်တို့မှ သဘောကျသလို၊ ကျုပ်တို့ခေတ်တုန်းကလည်း မောင်နုမှ သဘောကျတယ်။

ရွှေပြည်အေးတို့၊ အေဝမ်းခင်မောင်တို့ကအစ ခြောက်လုံးပတ်တီးရင် မောင်နုကိုမှ ခေါ်တယ်။ ကျုပ်အဖွဲ့မှာလည်း ကျုပ် ပတ္တလားတီးပြီဆိုရင် မောင်နု ခြောက်လုံးပတ်တီးမှ ကျုပ် သဘောကျတယ်။ ဒါကြောင့် မောင်နုကို ခေါ်တယ်။

မောင်နုဆိုတဲ့ကောင်က သိပ်ဆင်းရဲတဲ့ကောင်။ ဒီတော့ ရတဲ့အသံလွှင့်ကြေးကို မောင်နုတို့လို ကောင်တွေကို ပေးပစ်လိုက်တယ်။

နှဲ ကိုထွန်းညွန့်ကတော့ ကိစ္စမရှိဘူး။ ကျုပ်ဝိုင်းမှာ လိုက်မှုတ်ပေးဆိုရင် မှုတ်ပေးတာပဲ။ ပိုက်ဆံပေးစရာ မလိုဘူး။ သူမရှိခင်တုန်းကဆိုရင် သူ့ဆရာ ကိုမောင်မောင်ကိုခေါ်ပြီး နှဲမှုတ်ခိုင်းရတယ်။ သူ့ကိုလည်း ကျုပ်ပိုက်ဆံပေးစရာ မလိုဘူး။ ဘဘကြီးနဲ့ တပည့်ရင်းတွေ။ သူတို့အဖို့ကလည်း ဒီတစ်ဝိုင်းစာလောက်ကလေးက ဘာမှဖြစ်လောက်တာ မဟုတ်ဘူး။ သူတို့မှာ ဝိုင်းကြီးတွေ အများကြီး။

ဒီလိုနဲ့ တက္ကသိုလ်မှာ ကျုပ် လေးနှစ်နေခဲ့တယ်။ တစ်တန်းမှ မအောင်ခဲ့ဘူး။ လေးနှစ်ကျော်တော့ ကျောင်းမှာဆက်နေလို့ မကောင်းတော့ဘူး။ ဒီတော့ ကျုပ်သူငယ်ချင်းတွေနဲ့ သွားနေတယ်။

ဒီကောင်တွေက မြို့ထဲမှာ အခန်းတစ်ခန်းငှားနေကြတယ်။ အားလုံးလူပျိုလူလွတ်တွေချည်းပဲ။ သူတို့ကလည်း ဂီတဝါသနာပါကြတယ်။ ဒါပေမဲ့ ဘာမှတော့ မတီးတတ်ကြဘူး။

အဲဒီခေတ်မှာ မြန်မာခေတ်ပြားကုမ္ပဏီတွေ တော်တော်ပေါ်လာပြီ။ ပဒေသာတို့၊ လွတ်လပ်ရေးတို့၊ စိန်တို့ဆိုတဲ့ ခေတ်ပြားကုမ္ပဏီတွေ။ ကျုပ်က သီချင်းလည်း ရေးတယ်။ ကိုယ်တိုင်လည်း တီးတယ်။ ပြီးတော့ အသိုင်းအဝိုင်းလည်း ကောင်းတယ်ဆိုတဲ့ ကျုပ်ဆီ သီချင်းတွေလာအပ်ကြတယ်။

ကျုပ်လည်း သူတို့အပ်တဲ့သီချင်းတွေ လက်ခံတယ်။ ရတဲ့ပိုက်ဆံကို ကျုပ်မယူဘူး။ ဂီတနဲ့အသက်မွေးတဲ့ ပညာသည်တွေကိုပဲ ခွဲဝေပေးလိုက်တယ်။

ကျုပ် ဂီတပညာကို လိုက်စားလာတာ ဂီတကိုချစ်လို့ လိုက်စားတာ။ ပိုက်ဆံရှာဖို့၊ ဒီပညာနဲ့အသက်မွေးဖို့ လိုက်စားတာမဟုတ်ဘူး။ ဒီလိုလည်း အထင်မခံနိုင်ဘူး။

ခင်ဗျားတို့ စဉ်းစားကြည့်လေ။ အရာရှိသားဗျာ၊ ကျုပ်မှာ စားရေးသောက်ရေး ဘာမှမပူပင်ရဘူး။ ဘွဲ့မရပေမယ့် ကောလိပ်ကျောင်းမှာ လေးနှစ် နေလာတာဗျာ။ ဒီတော့ ကျုပ်မှာ ငွေမလိုဘူးဗျာ။ ဒီတော့ ဘာဖြစ်လို့ ဒီပညာနဲ့ အသက်မွေးရမှာလဲ။

နောက်တစ်ချက်က ကျုပ်နဲ့ မေရဲ့ကိစ္စ။ သူတို့မိဘတွေကလည်း သူတို့သမီးကို ဂီတကိုတော့ သင်စေချင်တယ်။ ဒါပေမဲ့ ဂီတမှာ သိပ်စိတ်ပါသွားပြီး ပညာသည်ဖြစ်မှာကို စိုးရိမ်ကြတယ်။

သူတို့က ဂီတကို အပျော်တမ်းလောက်၊ ရှိုးပြဖို့လောက်ပဲ သဘောထားကြတယ်။ မေရဲ့သဘောထားကလည်း ဒီအတိုင်းပဲ။ ဒီတော့ မေကလည်း သူတို့ ကျုပ်လိုကြေးစားဂီတသမား မဖြစ်စေချင်ဘူး။ သူတို့အမြင်နဲ့ ပြောရရင် ကြေးစားပညာသည်ကို အထင်သေးတယ်ပေါ့ဗျာ။

ဒီတော့ ကျုပ်ကလည်း သူတို့အထင်သေးတာ မခံနိုင်ဘူး။ ကျုပ် ဂီတကိုလိုက်စားတာဟာ တကယ်မြတ်နိုးလို့ လိုက်စားတာဆိုတာ ပေါ်စေချင်တယ်။

ကြေးစားဂီတပညာရှင် ဖြစ်သွားရင် သူတို့သမီးနဲ့ သဘောတူမှာ မဟုတ်ဘူး။ မေကလည်း လက်ခံနိုင်မှာ မဟုတ်ဘူး။

ဒါကြောင့် ကျုပ် ကြေးစားဂီတပညာသည် မလုပ်ဘူး။

နောက်တော့ မေနဲ့ ကျုပ် အိမ်ထောင်ကျတယ်။ မေက ဌာနတစ်ခုမှာ အရာရှိဖြစ်သွားတယ်။ ကျုပ်ကတော့ ဘာအလုပ်မှမလုပ်ဘူး။ အိမ်မှာ မိတ်ဆွေတွေနဲ့ ဂီတဝိုင်းဖွဲ့တယ်။ ယမကာဝိုင်းကလေးလည်း ပါတာပေါ့လေ။

အဲဒီတော့ ကျုပ်ကလည်း အရက်စွဲနေပြီ။ မေကလည်း ဘာမှမပြောပါဘူး။ ကျုပ်ကိုချစ်တယ်။ ကျုပ်ချစ်တဲ့ဂီတပညာကို သူလည်း သဘောကျတယ်။ ကျုပ်တို့မှာ စားရေးသောက်ရေးလည်း မပူပင်ရဘူး။ မိဘနဲ့ကျန်ခဲ့တာဆိုလို့ သူတစ်ယောက်တည်းပဲရှိတော့ ကျုပ်တို့အတွက် ဘာမှမပူရဘူး။

ပြီးတော့ ကျုပ်မှာ ငွေရေးကြေးရေး၊ နေရေးထိုင်ရေးနဲ့ ပတ်သက်လို့ ဘာမှမပူရဘူး။

ဒီလိုနဲ့ ကျုပ်တစ်သက်လုံး မိဘလုပ်စာထိုင်စားခဲ့တယ်။ နောက်တော့ မိန်းမလုပ်စာ ထိုင်စားခဲ့တယ်။ ကျုပ်နဲ့ မေနဲ့လက်ထပ်တာ ၁၉၅၄ ခုနှစ်က လက်ထပ်ခဲ့တာ။ ကျုပ်နဲ့ မေနဲ့ အနှစ် ၃၀ ပေါင်းလိုက်ရတယ်။ ဒီအနှစ် ၃၀ အတွင်းမှာလည်း ကျုပ်ဝမ်းရေးအတွက် ဘာမှမလုပ်ခဲ့ရဘူး။ ဂီတကိုပဲ ကျုပ်လိုက်စားခဲ့တာပဲ။

လက်ထပ်ပြီးတော့ ကျုပ် စောင်းသင်တယ်။ ဆရာဦးဘသန်းဆီမှာ သင်တယ်။ ဆရာဦးဘသန်းကို အိမ်ဦးခန်းတင်ပြီး ဌာန်ကုန်အောင်သင်ခဲ့တယ်။ လက်သံကတော့ ဦးဘသန်းလက်သံကို ဘယ်မီမလဲဗျာ။ အသက်ကြီးမှ သင်ရတာကိုး။ လက်တွေက သိပ်မပျော့ပျောင်းတော့ဘူး။ နည်းနည်းတောင့်နေပြီ။ ဒီတော့ ကျုပ်စောင်းလက်သံဟာ ဦးဘသန်းလက်သံလောက်တော့ မြေကျမသာဘူးရပါ့။ ကျုပ်က ကြီးမှသင်ရတာကိုး။

ထားပါလေ၊ ဒါတွေကို ကျုပ်ပြောနေရတာက ကျုပ်ဟာ ဂီတကို ကြေးစားပညာရှင်တွေနဲ့ တန်းတူကျွမ်းကျင်ခဲ့တယ်။ ကြေးစားပညာရှင် လုပ်ရင် ထိပ်တန်းမှာပါနိုင်တယ်။ ဒါပေမဲ့ ကျုပ် မလုပ်ခဲ့ဘူးဆိုတာကို ပြောချင်တာပါ။

မလုပ်တဲ့အကြောင်းကတော့ ကျုပ်မှာ မပူမပင်လည်း နေနိုင်တယ်။ ပြီးတော့ ကျုပ်မိန်းမရဲ့ ဆွေမျိုးတွေကလည်း ဆရာဝန်တို့၊ အရာရှိကြီးတို့၊ တက္ကသိုလ်က ကထိကကြီးတို့ ဘာတို့ဆိုတာ ဒီပညာနဲ့အသက်မွေးတာကို အထင်သေးကြတယ်။

ဒါကတော့ သူတို့ အစဉ်အလာအမြင်ကိုး။ ဒီတော့ ကျုပ်ကလည်း သူတို့ဘက်က အထင်သေးတာကို မခံနိုင်ဘူးပေါ့။

ကျုပ်တို့မှာ သားသမီးသုံးယောက် မွေးတယ်။ သူတို့ကိုလည်း ကျုပ် ဂီတသင်ပေးတယ်။ ဒါပေမဲ့ ဝါသနာပါတဲ့ကောင်ဆိုလို့ တစ်ယောက်ပဲ ရှိတယ်။ ဒါပေမဲ့ ဒီကောင်ကလည်း ထွန်းထွန်းပေါက်ပေါက် ဖြစ်မလာပါဘူး။ သားသမီးသုံးယောက်စလုံး ဘွဲ့ရတယ်။ သမီးတစ်ယောက်က အထက်တန်းပြ ဆရာမ၊ သားနှစ်ယောက်က လေးရှာငါးဆယ်စား။

ကျုပ်မိန်းမဆုံးတော့ ကျုပ်တို့နေတဲ့ အိမ်နဲ့ ခြံကို အမွေ ခွဲကြတယ်။ သူတို့မောင်နှမကလည်း အများသားမဟုတ်လား။ ညီအစ်ကိုမောင်နှမ ခုနစ်ယောက်တောင် ရှိတယ်။ ဒီအထဲမှာ ပါရဂူဆရာဝန်ကြီးဖြစ်တဲ့ ကျုပ်မိန်းမရဲ့ အစ်ကိုအကြီးဆုံးက ခြံနဲ့ တိုက်ကိုပြန်အမ်းပြီး ယူလိုက်တယ်။ ခွဲလိုက်တော့ တစ်ယောက်ကို တစ်သိန်းကျော်ကျော်စီလောက် ရတယ်။

သူဆုံးတော့ ကျုပ်လည်း အိမ်ထောင်ကျနေတဲ့ သမီးနဲ့လိုက်နေတယ်။ မြို့စွန်ရပ်ကွက်ကလေးမှာ နေရတာ။ ဒါပေမဲ့ ကျုပ်နေတတ်ပါတယ်။ ကျုပ် မက်တာက ကျုပ်ရဲ့ပတ္တလားရယ်၊ တယောရယ်၊ ဒါပဲ မက်တာပဲ။ ဒါတွေ ရှိရင် ကျုပ်နေလို့ရတယ်။ စန္ဒရားကြီးကိုတော့ ရောင်းပစ်ခဲ့တယ်လေ။

သမီးနဲ့နေတော့လည်း သမီးက ကျုပ်ကို တတ်နိုင်သမျှပြုစုပါတယ်။ လိုလေသေးမရှိပါဘူး။

အဲ… တစ်ခုတော့ရှိတာပေါ့လေ။ ယခင်ကလို ကျုပ်အိမ်မှာ ပညာသည်တွေကို ခေါ်ပြီး တီးမှုတ်တာမျိုး၊ သူတို့ကိုခေါ်ပြီး ကျွေးတာ မွေးတာ မျိုးတော့ မလုပ်နိုင်တော့ဘူး။ အခြေကပျက်သွားပြီကိုး။ သမီးအိမ်ဆိုတာက လည်း သုံးပင်နှစ်ခန်းအိမ်ကလေး။ သူ့ယောကျ်ားကလည်း အထက်တန်းပြဆရာ။ သူကလည်း အထက်တန်းပြဆရာဆိုတော့ သူတို့မှာ ချောင်ချောင် လည်လည် ရှိတာမဟုတ်ဘူး။ ဒီတော့ သူတို့စရိတ်နဲ့ ဧည့်သည်တွေကို ဘယ်မှာခေါ်ပြီး ကျွေးနိုင်မွေးနိုင်ပါ့မလဲ။ ပြီးတော့ လုပ်ပေးကိုင်ပေးဖို့ လူလည်းမရှိတော့ဘူး။ ကျုပ်မိန်းမရှိတုန်းကတော့ သူက အလုပ်လုပ်တဲ့အပြင် စိန်ပွဲစား၊ ရွှေပွဲစားတို့ ဘာတို့လည်းလုပ်တော့ ကျုပ် ကောင်းကောင်းမွန်မွန်

နေနိုင်တယ်။ ခုတော့ ဒါတွေ မလုပ်နိုင်တော့ဘူးပေါ့။ ဖြစ်သမျှကလေးနဲ့ ကျုပ်သမီးက လုပ်ပေးချင်ဦး၊ သမက်ကို အားနာရသေးတယ်။

ကျုပ်က အရက်ကလေးကလည်း မှန်မှန်သောက်ရမှ နေတတ်တဲ့ ကောင်။ ညနေတိုင်းဆိုရင် အရက်ကလေးမှန်မှန်သောက်ပြီး တယောကလေး နဲ့ မှိန်းနေချင်တယ်။ ဒီတော့ သမီးနဲ့ သမက်က အဖေဖို့ အရက်ဖိုးရှာပေးကြ ပါတယ်။ ဒါပေမဲ့ ကျုပ်အားနာတယ်လေ။ ဒီတော့ နည်းနည်းလျှော့သောက်ရ တယ်။

ဒါပေမဲ့ ကျုပ်နဲ့ကျောင်းနေဖက် သူငယ်ချင်းတွေရှိတယ်။ ဒီကောင် တွေက အရာရှိကြီးတွေ၊ ဆရာဝန်ကြီးတွေ ဖြစ်နေကြပြီ။ ဒီကောင်တွေက ကျုပ်ကို ကားလွှတ်ပြီး ဂီတဝိုင်းကလေး ဘာလေး အဖွဲ့ခိုင်းတယ်။ ကျုပ်က လည်း ကျုပ်ရဲ့ တပည့်ဟောင်းတွေကိုခေါ်ပြီး သူတို့ဆီကို သွားတီးမှုတ်ပေး တယ်။ အဆိုတော်ထဲက တစ်ယောက်၊ နှစ်ယောက်လောက်။ ကျုပ်က ပတ္တလားတီးရင်လည်း တယောသမား တစ်ယောက်လောက်၊ ကျုပ်က တယောထိုးရင်လည်း ပတ္တလားသမား တစ်ယောက်နဲ့ သွားတီးပေးလေ့ ရှိတယ်။

အပျော်သဘောပါပဲ။ သူတို့ကလည်း ဟိုတုန်းက ကျုပ်နဲ့တစ်ဆောင် တည်း နေခဲ့တဲ့ကောင်တွေ။ အပြင်ရောက်တော့လည်း ကျုပ်နဲ့တစ်အိမ်တည်း တစ်ခန်းတည်းငှားနေခဲ့တဲ့ ကောင်တွေ။ ဒီကောင်တွေကလည်း အလုပ်တို့ ဘာတို့ ပင်ပန်းတော့ စနေနေ့ညနေတို့ ဘာတို့ဆိုရင် သူတို့အိမ်တွေမှာ တစ်လှည့်စီခေါ်ပြီး တီးခိုင်း မှုတ်ခိုင်းကြတယ်။ သူတို့သားသမီးတွေကိုလည်း မြန်မာဂီတ၊ မြန်မာ့အသံကိုယဉ်ပါးအောင် ဆိုတဲ့သဘောလည်း ပါတယ်။

စနေနေ့တွေဆိုရင် ဂီတဆည်းဆာဝိုင်းကလေးကို ဒီကောင်တွေက အလှည့်ကျလုပ်တယ်။ ဒီစနေနေ့မှာ ပါမောက္ခအိမ်၊ နောက်စနေကျရင် အထူးကုပါရဂူရဲ့အိမ်၊ နောက်စနေဆိုရင် ဗိုလ်မှူးကြီးရဲ့အိမ်၊ နောက်စနေ ဆိုရင် ကုန်သည်ကြီးရဲ့အိမ် စသဖြင့် သူ့အလှည့်နဲ့သူ လုပ်ပေးသွားတယ်။ စနေနေ့ညဆိုရင် ကျုပ်အိမ်ရှေ့ကို မှန်ကားကြီးတစ်စင်း ရောက်လာပြီး လာတာနဲ့ ကျုပ်လည်း တယောကလေးကို ပိုက်ပြီး လိုက်သွားတာပဲ။

ဟိုရောက်တော့ တီးကြတယ်၊ ဆိုကြတယ်။ သူတို့က အကောင်းစား အရက်တွေနဲ့ ဧည့်ခံတယ်။ အရက်ကတော့ ကောင်းသလားမမေးနဲ့။ စကော့ အနီပတ်တောင် မပါဘူး။ အနည်းဆုံး ဘလက်လေဗယ်ရှိတယ်။ အများအား ဖြင့် ရှီဗားစ်တို့၊ ဆမ်းသင်းစပယ်ရှယ်တို့၊ ကော့ညက်ဆိုရင်လည်း နပိုလီယန် တို့၊ ရယ်မီမာတင်တို့လောက်ပဲ ပါတယ်။

ဒီလိုနဲ့ စနေနေ့ညနေတိုင်း ကျုပ် အရာရှိကြီးတွေအိမ်မှာ ကျုပ် တီးပြရတယ်။ ကျုပ်လည်းပျော်တယ်။ သူငယ်ချင်းတွေနဲ့ အရက်ကောင်း ကောင်း သောက်ပြီး ရှေးဟောင်းနှောင်းဖြစ်တွေကို ပြော၊ ကျုပ်တို့ငယ်ငယ် ကခေတ်စားခဲ့တဲ့ ကာလပေါ်သီချင်းတွေကို ပြန်တီးပြီး ငယ်ငယ်ကအကြောင်း တွေ ပြန်ပြောရတော့ အများကြီးနုပျိုသွားတယ်လို့ ထင်မိတယ်။ တစ်ခါ တလေ သူတို့တစ်တွေ အလုပ်များလို့ စနေဂီတဆည်းဆာ မလုပ်ဖြစ်ရင် ကျုပ်မှာ နေမထိထိုင်မသာ ဖြစ်နေတယ်။ ဒါပေမဲ့ အများအားဖြင့် လုပ်ဖြစ် တာများပါတယ်။ ပျက်ရင် တစ်နှစ်မှာ တစ်ခါ နှစ်ခါထက် မပိုပါဘူး။

လွန်ခဲ့တဲ့သုံးလ သင်္ကြန်ရက်ကတော့ သူငယ်ချင်း ဆရာဝန်ကြီးအိမ် မှာရယ်၊ ပါမောက္ခကြီးရဲ့ အိမ်မှာရယ်၊ ဗိုလ်မှူးကြီးရဲ့ အိမ်မှာရယ် ဂီတ ဆည်းဆာပွဲကလေးကို သုံးရက်ဆက်လုပ်ဖြစ်တယ်။ သင်္ကြန်ရက်ဆိုတော့ သူတို့လည်း အားနေတော့ သုံးရက်လုံးလုံး ဆက်တိုက်လုပ်တယ်။

နောက်ဆုံးည ဆရာဝန်ကြီးရဲ့အိမ်မှာ လုပ်တဲ့ပွဲမှာ ကျုပ် အရက် တော်တော်များသွားတယ်။ များဆို အရက်ကလည်း ဆမ်းသင်းစပယ်ရှယ် ကိုး။ သိပ်ကောင်းတာကိုး။ ဒီတော့ ကျုပ် တော်တော်များသွားတယ်။ သောက်တာလည်း တော်တော်များနေတယ်။ အဲဒီညကလည်း တော်တော် များတယ်။ ဒါပေမဲ့ ကျုပ်တယောထိုးတာ တစ်ချက် မမှားဘူး။ စည်းဝါး တစ်ချက်မလွတ်ဘူး။ အဆိုတော် ကောင်မလေးဆိုတာကို အားမရလို့ ကျုပ် ကိုယ်တိုင်တောင် တစ်ပုဒ်ဝင်ဆိုလိုက်သေးတယ်။

အဲဒီညက ပူလည်းပူတော့ အပြန်အိမ်ရောက်တော့ အင်္ကျီချွတ်ပြီး အိပ်လိုက်မိတယ်။ မနက်လည်းလင်းရော ကျုပ် ထလို့မရတော့ဘူး။ ကိုယ် တစ်ပိုင်း သေသွားတယ် သူငယ်ချင်းဆရာဝန်ကြီးက ကြပ်မတ်ပြုစုကုသလို့

အသက်ဘေးတော့ မစိုးရိမ်ရသေးပါဘူး။ ဒါပေမဲ့ ကိုယ်တစ်ခြမ်းကတော့ မလှုပ်နိုင်တော့ဘူးပေါ့။

ခုထိ သုံးလလုံးလုံး အိပ်ရာပေါ်မှာ ပက်လက်ပဲ။ ခုလိုနေမကောင်းမှ ကျုပ်ဘဝကို ပြန်စဉ်းစားကြည့်တယ်။

ကျုပ်အသက် ၆၀ ကျော်လာပြီ။ ကျုပ်ကိုယ်တိုင် ကိုယ့်ဝမ်းကိုယ်ကျောင်းတဲ့ အချိန်ရယ်လို့ တစ်ချိန်မှမရှိသေးဘူး။ ငယ်ငယ်တုန်းက မိဘလုပ်စာကို စားခဲ့တယ်။ အိမ်ထောင်ကျတော့ မိန်းမလုပ်စာကို စားခဲ့တယ်။ ခု ကြီးလာတော့ သားသမီးလုပ်စာကို စားခဲ့တယ်။

ကျုပ်ကိုယ်ကျုပ် ဂီတကို ချစ်မြတ်နိုးသူကြီးရယ်လို့ ထင်ခဲ့တယ်။ ထမင်းစားဖို့ ဂီတကို လိုက်စားတာမဟုတ်ဘဲ ဂီတကိုလိုက်စားဖို့ ထမင်းစားနေတာလို့ ကြွေးကြော်ခဲ့တယ်။ အသက်ရှင်ဖို့ ဂီတကိုလိုက်စားတာမဟုတ်ဘဲ ဂီတကိုလိုက်စားဖို့ အသက်ရှင်နေတာလို့ ထင်ခဲ့တယ်။ ထိပ်တန်းကြေးစားပညာသည် တစ်ယောက်ဖြစ်နိုင်ပါလျက်နဲ့ ကျုပ်မိန်းမအသိုင်းအဝိုင်းက အထင်သေးမှာစိုးလို့ ဂီတနဲ့အသက်မမွေးခဲ့ဘူး။ အမှန်ကတော့ ကိုယ်ကိုယ်တိုင်ကလည်း ဒီလိုထင်နေလို့ ဂီတနဲ့ အသက်မမွေးခဲ့တာ ဖြစ်မှာပေါ့လေ။

ခု ပြန်စဉ်းစားလိုက်တော့ ကျုပ်အတွေးအခေါ်ဟာ တော်တော်မှားတဲ့ အတွေးအခေါ်ပါကလားဆိုတာ ကျုပ်ပြန်စဉ်းစားမိလာတယ်။ ကိုယ့်ကိုယ်ကိုယ် မိဘမြတ်နိုးသူလို့ထင်ပြီး မာနကြီးခဲ့တယ်။ ကိုယ်တတ်တဲ့ဂီတပညာနဲ့ အသက်မွေးရမှာကို မှားယွင်းစွာ ရှက်ခဲ့မိတယ်။ မယားအပေါ်မှာ တာဝန်ဝတ္တရားပျက်ခဲ့လို့ လင်ကောင်းတစ်ယောက်လည်း မဖြစ်ခဲ့ဘူး။ သားသမီးအပေါ်မှာ တာဝန်ပျက်ခဲ့လို့ အဖေကောင်းတစ်ယောက်လည်း မဖြစ်ခဲ့ဘူး။

ကိုယ့်ဂီတပညာနဲ့ ရိုးသားစွာအသက်မွေးခဲ့တဲ့ သူတွေကို အထင်သေးခဲ့ပြီး ကိုယ့်ကျတော့ ဂီတနဲ့ထမင်းစားသူ မဟုတ်ဘူးကွလို့ မှားယွင်းစွာ ဂုဏ်ယူခဲ့မိတယ်။ မာနကြီးခဲ့မိတယ်။

တကယ်ကျတော့ ကျုပ်က သူတို့လိုဂီတပညာနဲ့ ရိုးသားစွာ အသက်မမွေးတဲ့အပြင် ကိုယ့်ကိုယ်ကိုယ်လိမ်ပြီး ဂီတကို အရက်တစ်ခွက်နဲ့ လဲသောက်ခဲ့ပါပကောလား။ သူငယ်ချင်းတွေရဲ့အိမ်မှာ သူတို့တိုက်တဲ့ အရက်

ကလေးကို သောက်၊ သူတို့ကျွေးတဲ့အစာကလေးကို စားပြီး တယောထိုးပြရတာ၊ ပတ္တလားတီးပြရတာကတော့ အနုပညာကိုရောင်းစားတာ မဟုတ်ဘူးလား။ အနုပညာနဲ့ လဲစားတာ မဟုတ်ဘူးလား။

ရိုးသားတဲ့ ပညာရှင်က ထမင်းနဲ့ လဲစားတယ်။ ကျုပ်က ကိုယ့်ကိုယ်ကိုယ် လိမ်ပြီး အရက်တစ်ခွက်နဲ့ လဲသောက်တယ်။ သူတို့က ရိုးသားတယ်။ ကျုပ်က ကျုပ်ကိုယ်ကျုပ် လိမ်တယ်။ ပညာနဲ့အသက်မွေးရတာကို ရှက်တယ်။ သူတို့က ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်ရပ်တယ်။ ကျုပ်က သူများကိုယ်မှာ တွယ်ကပ်နေတဲ့ ကပ်ပါးပိုးမွှားနဲ့ တူနေတယ်။ သူတို့ဂီတက လူတစ်စုအတွက် ကိုယ့်ကိုယ်ကိုယ် ကြွေးစားဂီတသမား မဟုတ်ဘူးလို့ ဘဝင်မြင့်ပြီး တကယ်ကတော့ ဂီတက အရက်နဲ့မြည်းဖို့ ရောင်းစားနေရတယ်။

ဟုတ်တယ်။ ရှေ့လျှောက်ပြီး သတ္တိကောင်းကောင်းနဲ့ ကျုပ်ခြေထောက်ပေါ်မှာ ကျုပ်ရပ်မယ်။ ပညာနဲ့ အသက်မွေးမယ်။

အင်း… ဒါပေမဲ့ အချိန်နှောင်းသွားပြီ ထင်တယ်။ ကျုပ်လက်ဟာ တယောထိုးတံနဲ့ ပတ္တလားလက်ခတ်ကို မကိုင်နိုင်တော့ဘူး ထင်တယ်။

ထနောင်းရိပ် စာစောင်၊ အမှတ် ၆၊ ဒီဇင်ဘာ၊ ၂၀၁၃။
ပခုက္ကူအသင်း (ရန်ကုန်)မှ စီစဉ်ထုတ်ဝေသည်။

ကျန်းမာရေး

# ဘယ်လိုပြေးကြမလဲ

**မင်းနန္ဒာ**

၁၉၈၄ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှာ ဂျိမ်းဖူးလားဖက်စ်ဟာ သူ့နေ့စဉ်ဝတ္တရားအတိုင်း ဆယ်မိုင်ပြေးဖို့ အမေရိကန်ပြည်ထောင်စု၊ ဗားမောင့်မြို့ ဆင်ခြေဖုံးကို တစ်ယောက်တည်း ထွက်လာခဲ့တယ်။ ဖက်စ် ဆိုတဲ့လူက တခြားတော့ မဟုတ်ပါဘူး။ အမေရိကန်ပြည်ထောင်စုမှာရော၊ ကမ္ဘာမှာရော နာမည်ကြီးသွားတဲ့ 'ပြေးနည်းနိဿရည်းစုံ' ဆိုတဲ့ စာအုပ်ကိုရေးခဲ့ပြီး သူကိုယ်တိုင်ကလည်း တစ်နေ့ကို ဆယ်မိုင်လောက်ပြေးနေတဲ့ လူပါ။ သူ့စာအုပ်ဟာ အမေရိကန်တိုင်းမဂ္ဂဇင်းရဲ့ စာရင်းကောက်ယူချက်အရ ဝတ္ထုမဟုတ်တဲ့ စာအုပ်တွေထဲမှာ သတင်းပတ်ပေါင်းများစွာ အရောင်းရ အတွင်ကျယ်ဆုံး စာအုပ်တစ်အုပ် ဖြစ်ခဲ့ပါတယ်။ မနက် ၅ နာရီ ၃၀ မိနစ်မှာ မော်တော်ကားနဲ့ထွက်လာတဲ့ ခရီးသည်တစ်ဦးက လမ်းမပေါ်မှာ လဲကျသေဆုံးနေတဲ့ သူ့အလောင်းကို သွားတွေ့ပါတယ်။ သူသေတော့ ဖက်စ်ဟာ အသက်၅၂ နှစ်ရှိပါပြီ။ ဖက်စ်ရဲ့အလောင်းကို ဆိုင်ရာတို့က ခွဲစိတ် ကြည့်လိုက်တဲ့အခါမှာ အပြေးသမားတို့ရဲ့ ရန်သူဖြစ်တဲ့ အာဘာရိုစက လာရိုးစစ်လို့ ခေါ်တဲ့ နှလုံးသွေးကြောပိတ်တဲ့ ရောဂါကို သွားတွေ့ရတယ်။ ကိုလက်စထရောတွေ အများဆုံးစုနေတဲ့ အဆီပြင်တစ်ခုဟာ ဖက်စ်ရဲ့ နှလုံးသွေးကြောမကြီး နှစ်ခုကို ပိတ်ဆို့ထားပြီးနောက် နှလုံးသွေးကြောမကြီး တစ်ခုထဲမှာလည်း တစ်ဝက်လောက် သွားစုနေတာကို တွေ့ရတယ်။

အမေရိကန်ပြည်ထောင်စုမှာ သန်းပေါင်းများစွာသော လူများဟာ အချိန်မှန်မှန် အပြေးကျင့်ကြတယ်။ အမေရိကန်မှာ ကျန်းမာရေးအတွက် ဂျော့ဂင်းလို့ ခေါ်တဲ့ ခပ်နှေးနှေးပြေးတဲ့နည်း ခေတ်စားလာတာဟာ တခြားကြောင့် မဟုတ်ပါဘူး။ ဖက်စ်ရဲ့ စာအုပ်ကြောင့်ပါ။ ဖက်စ်ရဲ့သတင်းကို ကြားလိုက်ရတဲ့အခါမှာ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ ကျန်းမာရေး လိုက်စားသူများဟာ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ကြရတယ်။ အလွန်အမင်းလည်း တုန်လှုပ် ချောက်ချားသွားကြတယ်။ ဖက်စ်ဟာ ကျန်းမာရေးမှာ ဒေါင်ဒေါင်မြည်လို့ ထင်ရတဲ့လူစားမျိုး ဖြစ်တယ်။ ဒီလို ဒေါင်ဒေါင်မြည် ကျန်းမာရေးလိုက်စားသူ တစ်ယောက်ဟာ စားပွဲကုလားထိုင်နဲ့ အလုပ်လုပ်သူတွေမှာ ဖြစ်တတ်တဲ့ရောဂါမျိုးနဲ့ ဘာကြောင့်သေသွားရသလဲ ဆိုတာကို စဉ်းစားမရအောင် ဖြစ်နေကြတယ်။ တာဝေးပြေးခြင်းဟာ နှလုံးကြွက်သားတွေကို တောင့်တင်းစေတယ်လို့ ဇီဝကမ္မဗေဒပညာရှင်တွေ တစ်လျှောက်လုံး ပြောခဲ့ကြပါလျက်နဲ့ ခုတော့ ဖက်စ်ဟာ ဘာဖြစ်လို့ နှလုံးသွေးကြောပိတ်တဲ့ ရောဂါနဲ့သေသွားရသလဲ ဆိုတာကို စဉ်းစားမရအောင် ဖြစ်နေကြတယ်။ ဖစ်က်စ်ဟာ ပြေးလို့ပဲ သေသွားရသလားလို့ သို့လော သို့လောဖြစ်နေကြတယ်။

နှလုံးရောဂါ ဖြစ်နိုင်တဲ့လူတွေ၊ ကိုယ်တစ်ပိုင်းသေသွားနိုင်တဲ့ လူတွေအတွက် ကိုယ်လက်လေ့ကျင့်ခန်း လုပ်ခြင်းဟာ ကောင်းတယ်၊ မကောင်းဘူးလို့ ဇီဝကမ္မ ဗေဒပညာရှင်တွေက အငြင်းပွားခဲ့ကြတာတော့ ကြာပါပြီ။ ဟော… ခု ဖက်စ် သေသွားတဲ့အခါကျတော့ ဒီငြင်းခုံမှုဟာ အသစ်တစ်ဖန် ပေါ်လာပြန်ပြီ။ နှလုံးရောဂါရှိဖူးသူများဟာ ကိုယ်လက်လှုပ်ရှားမှုကို သိပ်မလုပ်သင့်ဘူး။ လုပ်ခဲ့ရင် သေသည်အထိမဖြစ်တောင်မှ ခန္ဓာကိုယ်ကြီးကို များစွာပင်ပန်း အားကုန်စေပြီး ကျန်းမာရေးကိုထိခိုက်နိုင်တယ်လို့ ဆရာဝန်တွေက သူတို့လူနာတွေကို မကြာခင်ကပဲ သတိပေးခဲ့ကြတယ်။ ဒီလိုသတိပေးနေတုန်းမှာပဲ ပြီးခဲ့တဲ့ လော့စ်အိန်ဂျလိ အိုလံပစ်ပွဲတော်မှာ ဆွစ်ဇာလန်အမျိုးသား မာရသွန်အပြေးသမား ဂေဗရီယယ်အင်ဒါဆင်ဟာ ပန်းတိုင်ကို ဝင်ပြီးလို့ မကြာခင်မှာပဲ လဲကျသွားတာကို တွေ့လိုက်ရပြန်တယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်အတွင်းမှာ လေ့ကျင့်ခန်းလုပ်တဲ့အတွက် ဒဏ်ရာအနာတရ

ဖြစ်မှုတွေ ပိုမိုများပြားလာတဲ့အတွက် ဆရာဝန်များ၊ အထူးသဖြင့် အရှိုးကု ဆရာဝန်များက အမေရိကန်လူမျိုး သန်း ၁၀၀ လောက်ဟာ လမ်းတွေ၊ အားကစားကွင်းတွေ၊ ရေကူးကန်တွေ၊ တင်းနစ်ကွင်းတွေပေါ်မှာ ကစားနေကြတာဟာဖြင့်ရင် လိုအပ်တာထက် ပိုနေပြီလို့ သတိပေးခဲ့ကြတယ်။

မျိုးရိုးစဉ်ဆက်မှာ နှလုံးရောဂါမရှိဖူးခဲ့တဲ့ လူများကတော့ လေ့ကျင့်ခန်း လုပ်နေတုန်းမှာ လဲကျသေဆုံးမယ့် အခွင့်အလမ်းအလွန်နည်းပါးပြီးတော့ နှလုံးရောဂါရဲ့ လက္ခဏာချက် တစ်စုံတစ်ရာမပြတဲ့ သက်လတ်ပိုင်းလူတစ်ဦး အဖို့မှာလည်း ကျန်းမာရေးလိုက်စားတဲ့အတွက် နှလုံးရောဂါဖြစ်ပြီး သေဆုံးနိုင်တဲ့ အခွင့်အလမ်းဟာ အပုံငါးသန်းပုံလျှင် တစ်ပုံမျှသာရှိတယ်လို့ တိုရွန်တို တက္ကသိုလ် ရောဂါကာကွယ်ရေး ဆေးပညာဌာနက ပါမောက္ခတစ်ဦး ဖြစ်တဲ့ ရှက်ပတ်က ပြောခဲ့တယ်။ အမျိုးသမီးတွေ အဖို့တော့ ကျန်းမာရေး လေ့ကျင့်ခန်းလုပ်တုန်း နှလုံးသွေးကြောပိတ်ပြီး လဲကျသေဆုံးနိုင်တဲ့ အခွင့်အလမ်းဟာ အပုံဆယ့်ခုနစ်သန်းပုံရင် တစ်ပုံသာရှိတယ်လို့ သူက ဆက်ပြောခဲ့တယ်။ ဗရောင်းတက္ကသိုလ်က နှလုံးရောဂါကျွမ်းကျင်သူ ပေါ်သော်မဆင်ကလဲ အပြေးလေ့ကျင့်နေတုန်း နှလုံးရောဂါကြောင့် လဲကျသေဆုံးတဲ့ အသက် ၃၀ နဲ့ ၆၆ ကြားရှိ အမျိုးသားဦးရေဟာ နှစ်တိုင်း နှစ်တိုင်း လူ ၇၆၂၁ မှာမှ တစ်ယောက်သာရှိတယ်လို့ ပြောခဲ့တယ်။ "အပြေးကျင့်နေတုန်း လဲကျ သေဆုံးသွားတဲ့ ကိစ္စမျိုးဟာ ကျွန်တော်တို့အဖို့ အလွန် ဖြစ်တောင့် ဖြစ်ခဲ ကိစ္စတစ်ရပ်သာ ဖြစ်တယ်"လို့ သူက ထပ်လောင်းပြောခဲ့တယ်။

သို့သော်လည်း သူတို့တွက်ချက်တဲ့ စာရင်းထဲမှာ နှလုံးရောဂါရှိနေတဲ့ သို့မဟုတ် ဖြစ်ဖူးတဲ့ အမေရိကန်လူမျိုး ၅ ဒသမ ၇ သန်းတော့ မပါပေဘူး။ နှလုံးရောဂါဖြစ်ဖူးသူ၊ သို့မဟုတ် နှလုံးရောဂါရဲ့ လက္ခဏာချက်များ ရှိလျက်သားနဲ့ ပြေးသူများအဖို့တော့ လေ့ကျင့်ခန်းလုပ်နေစဉ် သေနှုန်းဟာ ထိုင်လျက် သို့မဟုတ် စားပွဲကုလားထိုင်နဲ့ အလုပ်လုပ်သူများထက် ၇ ဆ ပိုများတယ်လို့ သူက ဆိုပါတယ်။ နဂိုက နှလုံးရောဂါလက္ခဏာချက်များ ရှိခဲ့ဖူးသူ၊ နှလုံးရောဂါဖြစ်ခဲ့ဖူးသူတို့ဟာ လေ့ကျင့်ခင်းလုပ်ရုံနဲ့ နှလုံးရောဂါကင်းစင်သွားအောင်၊ ပပျောက်သွားအောင် လုပ်နိုင်တဲ့အခွင့်အလမ်းဟာ သိပ်နည်းတယ်လို့ နှလုံးရောဂါပါရဂူများက ပြောလာကြပါတယ်။

လူဟာ အသက် ၂၀ ကျော်လာတာနဲ့တစ်ပြိုင်နက် အဆီပြင် အပျက်အစီးများဟာ သွေးအိတ်တွေထဲကို လာစုကြတယ်။ ဒီလိုလာစုနေတုန်းမှာ စီးကရက်သောက်ခြင်း၊ အရက်သောက်ခြင်း ကိုလက်စထရောများတဲ့ အစားအသောက်များကို စားသောက်ခြင်း စတဲ့အကြောင်းတွေကြောင့် သွေးအိတ်ထဲမှာ အဆီတွေဟာ များသည်ထက်များလာခဲ့ပါတယ်။ ကိုယ်လက်လေ့ကျင့်ခန်းကို ပြင်းထန်စွာလုပ်တဲ့အတွက် သွေးအိတ်တွေထဲမှာ ကိုလက်စထရောဓာတ် မရှိအောင် စောင့်ရှောက် လမ်းရှင်းပေးနေတဲ့ အိတ်ချ်ဒီအယ် (ဟိုင်းဒင်းစီတီလစ်ပိုပရိုတိန်း)လို့ ခေါ်တဲ့ 'အဆီကောင်း'တွေကို ထုတ်လုပ်ပေးတာမှန်တယ်။ ဒါပေမဲ့ ဒီလောက်နဲ့ မလုံလောက်သေးဘူး။ ကိုလက်စထရောမော်လီကျူးများဟာ ဟိုင်းဒင်းစတီလစ်ပို ပရိုတိန်းတွေက ရှင်းလင်းပေးလို့ မနိုင်တော့လောက်အောင် များလာပြီး နှလုံးဆီကိုသွေးပို့ပေးတဲ့ လမ်းကြောင်းတွေထဲကို သွားပိတ်လေတော့ နှလုံးကို အောက်ဆီဂျင်အရောက် နည်းလာတတ်တယ်။

သွေးကြော တစ်ခါပိတ်ဖူးပြီးတဲ့နောက် ခါတိုင်းထက်ပိုပြီး ကိုယ်လက် လှုပ်ရှားခြင်းဟာ နှလုံးကိုဝန်ပိစေတယ်။ မောင့်ဆိုင်နေ ဆေးပညာဌာနက နှလုံးရောဂါပါရဂူ ဂိုးလ်မင်းက အောက်ပါအတိုင်း ဥဒါဟရဏ်ဆောင်ပြဖူးတယ်။ "ကျွန်တော်တို့ရဲ့နှလုံးဟာ ဘာနဲ့အလားသဏ္ဍာန် တူသလဲဆိုရင် ရေပိုက်ကြီးသုံးခုနဲ့ ရေသွင်းပေးထားတဲ့ ကွင်းပြင်ကြီးတစ်ခုနဲ့ တူတယ်။ အဲဒီပိုက်တစ်လုံးထဲကို အညစ်အကြေးတွေ သွားပြီးဆို့နေရင် တခြားပိုက်နှစ်ခုနဲ့ ရေလွှတ်လို့ရသေးတယ်။ ကောက်ပဲသီးနှံတွေလည်း ဖြစ်ထွန်းနိုင်သေးတယ်။ ဒါပေမဲ့ မိုးခေါင်လာပြီဆိုရင်တော့ ကျွန်တော်တို့လည်း အဲဒီပိုက်လုံးနှစ်လုံးထဲကို ရေလွှတ်ပေးနိုင်တော့မှာ မဟုတ်ဘူး။ ကောက်ပဲသီးနှံတွေလည်း ရှင်သန်နိုင်တော့မှာ မဟုတ်ဘူး" လို့ ပြောပါတယ်။ စောစောကပြောခဲ့တဲ့ ဖက်စ်လို လူမျိုးအဖို့တော့ လေ့ကျင့်ခန်းလုပ်ခြင်းဟာ ကောင်းတာလည်း ရှိတယ်၊ ဆိုးတာလည်းရှိတယ်။ လေ့ကျင့်ခန်းလုပ်တဲ့အတွက် ကိုလက်စထရောတွေ လာစုနေတာကို လျှော့ချနိုင်မယ်။ ဒါကြောင့် သူ့အဖို့ကောင်းတယ်။ အသက်ရှည်နိုင်တယ်။ ဒါပေမဲ့ မိုးခေါင်တဲ့အတွက် တစ်နည်းပြောရရင်

နှလုံးဆီကို သွေးလုံလောက်စွာ မရောက်တဲ့အတွက် မကောင်းဘူး။ ချက်ချင်း သေသွားနိုင်တယ်။

ဖက်စ်ဟာ ပြေးရင်း နှလုံးဆီကို သွေးမရောက်တော့ဘဲ သေသွားတာ ဖြစ်တယ်လို့ ကျွမ်းကျင်သူများ အားလုံးက မှတ်ချက်ချကြတယ်။ ကျွန်တော်တို့ရဲ့ သွေးခုန်နှုန်းနဲ့ သွေးဖိအားဟာ အားကစားလေ့ကျင့်ခန်း လုပ်အပြီး သုံးမိနစ်အတွင်းမှာ ပြန်ကျသွားတတ်တယ်။ သူတို့ နှစ်ခုကျသွားတာနဲ့ (နှလုံးကိုခုန်စေတဲ့ ဟော်မုန်းဓာတ်နှစ်မျိုး ဖြစ်တဲ့) အဒရီနလင်နဲ့ နိုရီပင်နီဖရင် ဆိုတဲ့ဓာတ်နှစ်မျိုးဟာ သာမန်နားနေချိန်မှာထက် ဆယ်ဆခုန်တက်ပြီး များလာတယ်။ နဂိုကမှ နှလုံးသွေးကြောပိတ်ဖူးလို့ နှလုံးချွတ်ယွင်းနေတဲ့ လူတစ်ယောက်ရဲ့နှလုံးဟာ ဒီဓာတ်နှစ်ခုများလာတာကို မခံနိုင်တော့ဘဲ နှလုံးခုန်နှုန်း ဖောက်ပြန်လာပြီး သေစေနိုင်တယ်လို့ ခန္ဓာကိုယ်ဆိုင်ရာ ဓာတုဗေဒကို လေ့လာသူများက ဆိုကြတယ်။ အထူးသဖြင့် လေ့ကျင့်ခန်းကို ချက်ချင်းရပ်ပစ်လိုက်တာဟာ အဆိုးဆုံးလို့ ဆိုပါတယ်။ အကောင်းဆုံးကတော့ လေ့ကျင့်ခန်းကို တဖြည်းဖြည်း လျှော့ချပြီးတဲ့အခါမှာ ထိုင်လျက် သို့မဟုတ် လဲလျောင်းလျက် အနားယူတာဟာ အကောင်းဆုံးဖြစ်တယ်လို့ သူတို့က ပြောပါတယ်။

ဒီလိုအန္တရာယ်တွေ ရှိသည့်တိုင်အောင် နှလုံးရောဂါ ဖြစ်ဖူးသူများဟာ သင့်တင့်လျောက်ပတ်တဲ့ လေ့ကျင့်ခန်းများကိုတော့ လုပ်သင့်တယ်လို့ နှလုံးရောဂါပါရဂူ ဂိုးလ်မင်းက ပြောပါတယ်။ နှလုံးရောဂါဖြစ်ဖူးသည့်တိုင် သင့်တင့်တဲ့ လေ့ကျင့်ခန်းကိုပြုလုပ်ခြင်းဟာ ဘာမှမလုပ်ဘဲနေတာထက် အများကြီးကောင်းတယ်လို့ သူက ပြောပါတယ်။ နှလုံးရောဂါဖြစ်ပြီး ဘာ လေ့ကျင့်ခန်းမှမလုပ်တဲ့ လူတွေဟာ ၂ နှစ်လောက်အတွင်းမှာ နောက်တစ်ခါ နှလုံးရောဂါ တိုက်ခိုက်မှုကိုခံရပြီး သေသွားတတ်ကြတယ်။ နှလုံးသားက ဒဏ်ရာရထားတဲ့နေရာကို သွေးနဲ့ အောက်ဆီဂျင်အရောက် များလာတယ်။ ဒီနည်းအားဖြင့် နှလုံးဟာ ပြန်ကောင်းလာနိုင်တယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ ဒီလိုလေ့ကျင့်ခန်း လုပ်တဲ့အခါမှာ သက်ဆိုင်ရာဆရာဝန်ရဲ့ ကြီးကြပ်မှုနဲ့သာ လုပ်သင့်တယ်လို့ သူကပြောပါတယ်။ အမေရိကန်ပြည်ထောင်စု စိန့်လူးဝစ်မှာ ရှိတဲ့ ဆေးပညာဌာနဟာ နှလုံးရောဂါရှင်တွေကို ဆရာဝန်တွေရဲ့ကြီးကြပ်မှုနဲ့

ကျန်းမာရေး လေ့ကျင့်ခန်းတွေကို ပေးနေတယ်။ သူတို့ခြေလှမ်းတိုင်းမှာ နှလုံးခုန်နှုန်း ဘယ်လိုရှိတယ်၊ သွေးဖိအား ဘယ်လိုရှိတယ်ဆိုတာကို တိုင်းယူတယ်။ အခြေအနေကောင်းလာရင် တစ်ပတ်ကို အများဆုံး မိုင် နှစ်ဆယ်နဲ့ နှစ်ဆယ့်ငါးမိုင်အထိ ပြေးခွင့်ပြုတယ်။

ကိုယ်လက်လေ့ကျင့်ခန်း ပြင်းထန်စွာလုပ်ခြင်းဟာ ကောင်းတယ်၊ မကောင်းဘူးလို့ အငြင်းပွားနေတာ ဆယ်စုနှစ်တစ်ခုလောက် ကြာသွားပါပြီ။ နောင်မှာလည်း အငြင်းပွားစရာတွေ ရှိနေပါသေးတယ်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် အားကုန် မောပန်းသွားအောင် ကိုယ်လက်လှုပ်ရှားခြင်းဟာ ကိုယ်ခန္ဓာကို ကြံ့ခိုင်တောင့်တင်းစေတယ် ဆိုတဲ့ ရှေးကရှိခဲ့တဲ့ အယူအဆကိုတော့ သုတေသနသမားတော် တော်တော်များများက လက်မခံကြတော့ပါဘူး။ ''ကိုယ်လက် ကြံ့ခိုင်တယ်ဆိုတာဟာ အလုပ်လုပ်နိုင်ဖို့အတွက် ခန္ဓာကိုယ်ကြီးက စွမ်းဆောင်နိုင်တဲ့ အရည်အချင်းကို ခေါ်တာဖြစ်တယ်။ ဒါကြောင့်မို့ ပြင်းပြင်းထန်ထန် ကိုယ်လက်လေ့ကျင့်ခန်းလုပ်ဖို့ ဒီလောက်မလိုလှပါဘူး။ တစ်နေ့ကို ၁၅ မိနစ်လောက် ခပ်သွက်သွက်လမ်းလျှောက်တဲ့ လေ့ကျင့်ခန်းကို တစ်နှစ်လောက် ဆက်တိုက်လုပ်လိုက်ရင် ယင်းနှလုံးရဲ့အခြေအနေဟာ ပြန်ကောင်းလာမယ်။ ကြွက်သွားတွေမှာ လိုအပ်နေတဲ့အောက်စီဂျင်ကို ပို့ပေးနိုင်မယ်။ ကိုလက်စထရောဟာလည်း ငါးရာနှုန်းလောက် လျှော့ကျသွားလိမ့်မယ်။ အကောင်းဆုံးကတော့ လေ့ကျင့်ခန်းပြီးတဲ့အခါမှာ အားအင်မောပန်းကုန်ခန်းမနေဘဲ ရွှင်လန်းဖျတ်လတ်နေရမယ်''လို့ ဝါရှင်တန်တက္ကသိုလ် လင်းနော့ဟီးလ် ဆေးရုံက ဇီဝကမ္မဗေဒပညာရှင် ရောဘတ်ဂလိန်းက ပြောပါတယ်။

စန္ဒာရုပ်စုံ မဂ္ဂဇင်း
မတ်လ၊ ၁၉၈၅။

ကျန်းမာရေး

# နှစ်စဉ် ကျန်းမာရေးစစ်ဆေးခြင်း လိုအပ်သလော

**မင်းနန္ဒာ**

အမေရိကန်စာရေးဆရာ ဘင်ဂျမင်ဖရင်ကလင်က "ကျန်းမာရေးကို အလွန်အမင်း ဂရုစိုက်ခြင်းထက် ကျန်းမာရေးကို ထိခိုက်စေတဲ့အရာ မရှိ" လို့ ပြောခဲ့ဖူးတယ်။ ကျွန်တော်တို့ မြန်မာ ဗုဒ္ဓဘာသာတွေမှာလည်း "သင့်တင့်အောင် နှလုံးသွင်းခြင်း"ဆိုတဲ့ အဆုံးအမတွေ၊ "မယုတ်မလွန် ကျင့်ကြံအပ်၏"ဆိုတဲ့ အဆုံးအမတွေ ရှိပါတယ်။

တစ်ခါတုန်းကတော့ အမေရိကန်များနဲ့တကွ အနောက်တိုင်းသားများဟာ နှစ်စဉ် ကျန်းမာရေးအစစ်ဆေးခံတာကို မလုပ်မနေလုပ်ရမယ့် ဝတ္တရားကြီးအဖြစ် လက်ခံကျင့်သုံးခဲ့ကြတယ်။ တနင်္ဂနွေနေ့တိုင်း ဘုရားရှိခိုးကျောင်းကို မသွားရင် အားလပ်ရက်တွေမှာ ဆွေမျိုးသားချင်းတွေဆီကို အလည်အပတ်မရောက်ရင် တာဝန်ကြီးတစ်ခု ပျက်ကွက်တယ်၊ အပြစ်ကြီးတစ်ခု ကျူးလွန်တယ်လို့ ထင်ကြသလို တစ်နှစ်တစ်ခါလောက် ဆေးစစ်မခံရင် တာဝန်ကြီးတစ်ခု ပျက်ကွက်တယ်လို့ ထင်ခဲ့ကြတယ်။ ဆေးစစ်ခံရတယ်ဆိုတဲ့ ကိစ္စကလည်း အရှုပ်သားကလား။ အထူးကုဆရာဝန်ဆီ သွားရ၊ ဓာတ်ခွဲခန်း သွားရ၊ ဓာတ်မှန်ရိုက်တဲ့ ဌာနကိုသွားရ၊ အီးစီဂျီယူတဲ့ ဌာနကို သွားရနဲ့ တော်တော်လေးအချိန်ကုန်၊ တော်တော်လေးလူပန်း၊ အဲ... တော်တော်လေးလည်း ငွေကုန်ကြေးကျများတဲ့ ကိစ္စဖြစ်ပါတယ်။ သွားကြမှာပေါ့

လေ။ အဲဒီက ဆရာဝန်တွေ၊ အထူးကုသမားတော်ကြီးတွေက "ရောဂါမရှိ" ဆိုတဲ့ ထောက်ခံချက်လက်မှတ်ကို တွေ့လိုက်တော့ စိတ်အေးသွားကြရတာ ကိုး။ ဒီတော့ အမေရိကန်များနဲ့ ဥရောပတိုက်သားများဟာ တစ်နှစ်တစ်ခါ လောက် ဆေးစစ်ခံကြတယ်။ တချို့ကုမ္ပဏီကြီးများမှာဆိုရင် အသက်ကြီးတဲ့ အမှုထမ်းတွေ၊ လခစားတွေအတွက် နှစ်စဉ် ကုမ္ပဏီကငွေနဲ့ ကျန်းမာရေး အစစ်ဆေးခံစေတဲ့အတွက် ရသုံးငွေစာရင်းမှာ ခေါင်းစဉ်ကြီးတစ်ခု ဖွင့်ပြီး ဒေါ်လာသိန်းပေါင်း၊ သန်းပေါင်းများစွာ အကုန်ကျခံနေရတယ်။

နေထိုင်ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ကျန်းမာရေး အစစ်ဆေးခံမှ စိတ်ထဲမှာ ဘဝင်ကျသွားကြတယ်။ ခုတော့ တဖြည်းဖြည်းနဲ့ အမေရိကန်နဲ့ အနောက်တိုင်းနိုင်ငံများမှာ အဲဒီအယူအဆဟာ တိမ်ကောစ ပြုလာပြန်ပြီလို့ သိရတယ်။ "နှစ်စဉ် ကျန်းမာရေးအစစ်ဆေးခံတဲ့ နည်းဟာ ခေတ်မမီတော့ဘူး"လို့ ကယ်လီဖိုးနီးယား တက္ကသိုလ် ပြည်သူ့ကျန်းမာရေး ဌာနမှူး ဒေါက်တာလက်စတာ ဗရက်လိုးက ပြောပါတယ်။ ကြက်ခြေခတ် ပြာနဲ့ ဒိုင်းပြာကျန်းမာရေးဌာနက ရှားလော့ကရင်ဆန် ဆိုတဲ့ပုဂ္ဂိုလ်ကတော့ သူ့ထက်တောင် ပြောင်ကျကျပြောပါသေးတယ်။ နှစ်စဉ် ကျန်းမာရေးစစ်ဆေး ခံတာဟာ လိုလည်းမလိုအပ်ဘူး။ ငွေကုန်ကြေးကျလည်း များတယ်။ ဒါတင် မကဘူး။ "ကိုယ့်ကိုယ်ကိုယ် ရောဂါမရှိဘူးဆိုတဲ့ မှားယွင်းတဲ့ယုံကြည်ချက် ကြောင့် ပိုပြီးတောင် အန္တရာယ်ကြီးတယ်"လို့ ပြောပါတယ်။

ဒါကိုကြည့်ရင် အမေရိကန်ဆရာဝန် တော်တော်များများရဲ့ သဘော ထားဟာ ပြောင်းလဲသွားတာကို တွေ့နိုင်တယ်။ နှစ်စဉ် ကျန်းမာရေးစစ်ဆေး ခံတဲ့အတွက် ရောဂါကိုတွေ့ပြီး ကြိုတင်ကုသနိုင်တာမျိုးရယ်လို့ သိပ်မရှိ ဘူး။ နောက်ဆုံးကျတော့ ရောဂါလက္ခဏာချက်တွေ ထင်ထင်ရှားရှား ပေါ် လာတော့မှသာ ကုနိုင်တော့တာပဲလို့ သူတို့က ယူဆကြတယ်။ နှစ်စဉ် ကျန်းမာရေးအစစ်ခံတဲ့အတွက် ပိုက်ဆံအကုန်အကျများတယ်။ မလိုလားအပ် တဲ့ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုတွေ ပေါ်ပေါက်နိုင်တယ်လို့လည်း သူတို့က ယူဆကြတယ်။ ဥပမာအားဖြင့် ဓာတ်မှန် မကြာခဏ ရိုက်ရတဲ့ အတွက် ဥပါဒ်အန္တရာယ်တွေ ပေါ်နိုင်တယ်။ ဒါကြောင့်မို့ ရောဂါကို ရှာလို့

မတွေ့နိုင်ဘူးလို့ ယူဆရတဲ့ ကျန်းမာတဲ့လူတွေကို ကျန်းမာရေးစစ်ဆေးပေးဖို့ ဆရာဝန်များက ဝန်လေးနေကြတယ်။

မကြာမီက ပြုလုပ်ခဲ့ကြတဲ့ လေ့လာမှုတွေအရ ရောဂါကို ကြိုတင်ကာကွယ်ဖို့အတွက် လူတစ်ကိုယ်လုံးကို တစ်နှစ်တစ်ခါ အစစ်ဆေးခံခြင်းဟာ ဘာမှအကျိုးမရှိဘူး ဆိုတာကိုတွေ့ခဲ့ရတယ်။ ၁၉၈၂ ခုနှစ်အတွင်း ကိုင်ဇာပါမင်နင်တီ ဆေးဝါးကုသရေး အစီအစဉ်ဌာနက ဆယ့်နှစ်နှစ်အတွင်းမှာ နှစ်စဉ် ဆေးစစ်ခံတဲ့လူ ငါးထောင်နဲ့ ဆေးစစ်မခံတဲ့လူ ငါးထောင်ကို နှိုင်းယှဉ်လေ့လာလိုက်တဲ့ အခါမှာ သူတို့နှစ်မျိုးကြားမှာ သေနှုန်းရော နာတာရှည်ရောဂါ ဖြစ်နှုန်းမှာရော ဘာမှခြားနားတာကို မတွေ့ရဘူးလို့ ဆိုတယ်။ ၁၉၇၀ ပိုင်းအစမှာ လုပ်ခဲ့တဲ့ ကနေဒါဆေးတက္ကသိုလ်က လေ့လာချက်အရ ဆိုရင်လည်း နှစ်စဉ်ဆေးစစ်ခဲ့တဲ့အတွက် ရောဂါကိုရှာဖွေတဲ့ နေရာမှာ ရောဂါကို တားဆီးတဲ့နေရာမှာ ဘာမှထူးပြီးထိရောက်ခြင်း မရှိဘူးလို့ ထုတ်ဖော်ကြေညာလိုက်ပါတယ်။

ဒီလေ့လာချက်များကြောင့် တစ်ကြောင်း၊ ငွေကုန်ကြေးကျ သိပ်များတဲ့အတွက်ကြောင့် တစ်ကြောင်း၊ အမေရိကန် ဆေးပညာအသင်းဟာ လူတိုင်း နှစ်စဉ်ကျန်းမာရေး စစ်ဆေးခံသင့်တယ်ဆိုတဲ့ သူ့ရဲ့ထောက်ခံချက်ကို ပြင်ဆင်လိုက်ပြီး မိမိတို့မိသားစုများမှာ နာတာရှည်ရောဂါမရှိတဲ့ ကျန်းမာတဲ့ လူများဟာ အသက် ၆၀ နှစ် မကျော်မချင်း နှစ်စဉ်ဆေးစစ်ခံဖို့ မလိုဘူးလို့ ကြေညာလိုက်ပါတယ်။ ရောဂါကို ခွဲခြမ်းစိတ်ဖြာတဲ့ ဌာနများကတော့ အမေရိကန် ဆေးပညာအသင်းလောက် ပွင့်ပွင့်လင်းလင်း မကြေညာပေမယ့် အသက် ၃၀ အောက် လူများမှာ လေးနှစ်တစ်ကြိမ်၊ အသက် ၃၀ နဲ့ ၅၀ ကြားမှာ နှစ်နှစ် တစ်ကြိမ်၊ အသက် ၅၀ ကျော်ရင် တစ်နှစ် တစ်ကြိမ် ဆေးစစ်ခံသင့်တယ်လို့ ကြေညာပါတယ်။ လာဗီဆေးဌာနကတော့ ကျန်းမာတဲ့ လူကြီးများမှာ သုံးနှစ် သို့မဟုတ် ငါးနှစ်ခြားပြီး တစ်ကြိမ်၊ အသက် ၆၀ ကျော်များမှာတော့ တစ်နှစ် တစ်ကြိမ် ဆေးစစ်ခံသင့်တယ်လို့ ကြေညာပါတယ်။

တချို့ပညာရှင်များကတော့လည်း တစ်ကိုယ်လုံး နှစ်စဉ်ဆေးစစ်ခံတဲ့ စနစ်အစား အသက်တမ်းစုကိုလိုက်ပြီး ဖြစ်လေ့ရှိတဲ့ ရောဂါများလောက်ကို

ပဲ ရှာဖွေတဲ့အနေနဲ့ အချိန်မှန် ကျန်းမာရေးစမ်းသပ်တဲ့ စနစ်ကို လုပ်သင့်တယ်လို့ ဆိုကြပါတယ်။ (ဥပမာ၊ အမျိုးသမီးဆိုရင် အသက် ၅၀ ကျော်လာတာနဲ့ ရင်သားကင်ဆာတို့ ဘာတို့ ဖြစ်လေ့ရှိတော့ ရင်ကို ဓာတ်မှန်ရိုက်ရုံလောက်လုပ်တာမျိုး၊ သက်လတ် အမျိုးသားများမှာဆိုရင် ပရော့စတြိတ်ဂလင်းနဲ့ ဗရင်ဂျီနာတို့ ဘာတို့ ဖြစ်တတ်တဲ့အတွက် အဲဒီနေရာတွေလောက်ကိုပဲ စမ်းသပ်စစ်ဆေးကြည့်တာမျိုး၊ သွေးတိုးတို့ဘာတို့ ဖြစ်တတ်တဲ့အတွက် သက်ဆိုင်ရာနေရာလောက်ကိုပဲ စမ်းသပ်ကြည့်တာမျိုးတွေကို လုပ်သင့်တယ်လို့ဆိုပါတယ်။ ဒီရောဂါများဟာ သဲလွန်စ တွေ့ပြီဆိုရင်လည်း ကုလို့ အလွယ်တကူ ပျောက်ကင်းနိုင်တယ်လို့ ဆိုပါတယ်။

ပြီးတော့ လူနာများအဖို့လည်း မိမိတို့ရဲ့ဆေးမှတ်တမ်းကို သိမ်းထားနိုင်ရင် ဆရာဝန်များက လူနာနဲ့ သွေးသွေးမျိုးသားချင်းများရဲ့ ရောဂါရာဇဝင်၊ လူနာရဲ့အသက်နဲ့ အနေအထိုင်တို့ကိုပါ သိရရင် ဆရာဝန်များအဖို့ ရောဂါကို ရှာရတာ လွယ်တယ်လို့ဆိုပါတယ်။ ဥပမာအားဖြင့် မျိုးရိုးမှာ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဝက်ရူးပြန်ရောဂါရှိတဲ့ လူတွေဟာ အနည်းဆုံး တစ်နှစ်တစ်ခါ ဆေးစစ်ခံသင့်ပါသတဲ့။ ''ဒီနည်းအားဖြင့် ကျွန်တော်တို့ဟာ လူနာကို ချက်ချင်းကုသင့် မကုသင့်ဆိုတာကို ရှာဖွေတွေ့ရှိနိုင်ပါတယ်''လို့ လာဗီဆေးဌာနက ဒေါက်တာဂျယ်ရီဗလွန်းက ပြောပါတယ်။

ကိုယ်ဝန်ဆောင် အမျိုးသမီးတွေအဖို့ကတော့ ပြဿနာတစ်မျိုးပါ။ အသက်အာမခံ ကုမ္ပဏီကြီးတွေက စုပေါင်းဖွဲ့စည်းထားတဲ့ ''အာမခံ''ဆိုတဲ့ ကျန်းမာရေးအဖွဲ့ကတော့ ကိုယ်ဝန်ဆောင်အမျိုးသမီးတိုင်းဟာ ပထမကိုယ်ဝန်ဆောင် ၇ လ အတွင်းမှာ ဆရာဝန်ဆီကို လေးပတ်လျှင် တစ်ကြိမ်၊ ၉ လမှာ နှစ်ပတ်လျှင် တစ်ကြိမ်၊ ဒီနောက်မှာ တစ်ပတ်လျှင် တစ်ကြိမ်၊ ဆရာဝန်ဆီကို သွားပြသင့်တယ်လို့ ထောက်ခံထားပါတယ်။ နို့စို့ကလေးတွေနဲ့ ကလေးငယ်များ အတွက်ကိုလည်း မှန်မှန်ဆေးစစ်ဖို့ လိုပါတယ်။ မွေးစကလေးဆိုရင် နှစ်ပတ်နဲ့ လေးပတ်ခြားမှာ တစ်ကြိမ်၊ အခါလည်မတိုင်မီအတွင်းမှာဆိုရင် နောက်ထပ် လေးကြိမ်နဲ့ ငါးကြိမ်လောက် ဆရာဝန်ဆီကို သွားပြသင့်တယ်လို့ အမေရိကန် ကလေးရောဂါကုဌာနက ကြေညာပါတယ်။

ဒါပေမဲ့ ကိုယ်ဝန်ဆောင်မိန်းမ၊ အလွန်ငယ်တဲ့ကလေးများနဲ့ အလွန်ကြီးတဲ့ သက်ကြီးရွယ်အိုများမှလွဲရင် ကျန်တဲ့သူများအဖို့ အကြိမ်နည်းပြီး ဆေးစစ်ခံတာ ပိုပြီးကောင်းတယ်လို့ အမေရိကန်ဆရာဝန်များ အားလုံးက သဘောတူကြပါတယ်။

အမေရိကန်မှာ ဆရာဝန်များ၊ ကျန်းမာရေးဌာနများက ဒီလိုကြေညာလိုက်တဲ့အတွက် စမ်းသပ်စစ်ဆေးမှုတွေလည်း တော်တော်ကလေး နည်းသွားပါတယ်။ "တကယ်တော့ ဒီလိုစမ်းသပ်မှုတွေကြောင့် နာတာရှည်ရောဂါတွေဖြစ်နေတာကို ဘာမှပိုပြီးသိလာရတာ မဟုတ်ပါဘူး။ ဥပမာအားဖြင့် အီးစီဂျီယူလို့ ရင်ဘတ်ဓာတ်မှန်ရိုက်လို့ နာတာရှည်ရောဂါတွေ ရှိနေတာကို မသိနိုင်ပါဘူး။ ဥပမာ၊ နာတာရှည် နှလုံးရောဂါရှိနေတာ အဆုတ်ကင်ဆာ ဖြစ်နေတာကို ဒီလောက်စစ်ဆေးရုံနဲ့ မသိနိုင်ဘူး။ ဥပမာအားဖြင့် အမေရိကန်အမျိုးသမီးတွေဟာ ရင်သားကင်ဆာ ရှိ မရှိကို စောစောစီးစီး သိနိုင်အောင်ဆိုပြီး ပက်စမီးယားလို့ခေါ်တဲ့ ရင်သားက ဆဲလ်တွေကိုထုတ်ယူပြီး နှစ်တိုင်းအစစ် ခံနေကြတယ်။ ဒါပေမဲ့ ရင်သားကင်ဆာဟာ အရင်တုန်းက ကျွန်တော်တို့ သိခဲ့တာထက်ပိုပြီး အချိန်တော်တော်ကြာငုပ်လျှိုးနေပြီး အတော်ကြာမှပေါ်လာတတ်တယ်ဆိုတာကို တွေ့လာရတယ်။ ဒါ့ကြောင့် နှစ်တိုင်း ပက်စမီးယားလုပ်ဖို့မလိုဘူး။ သုံးကြိမ်လောက် နဂ္ဂတစ်ဖြစ်တာကို တွေ့ပြီးရင် နှစ်နှစ်မှ တစ်ကြိမ်လောက် စမ်းသပ်ကြည့်ဖို့ လိုတော့တယ်" လို့ အာမခံ ကျန်းမာရေးဌာနက ညွှန်ကြားရေးမှူး ဒေါ်နယ်လောစ်ဒန်က ပြောပါတယ်။

အမေရိကန်မှာ နှလုံးရောဂါ ရှိ မရှိကို အီးစီဂျီနဲ့ စပ်သပ်တဲ့စနစ်ဟာလည်း သိပ်ပြီးခေတ်မစားတော့ဘူးလို့ ဆိုပါတယ်။ "နှလုံးရောဂါရဲ့ တခြားလက္ခဏာချက်များ မရှိဘဲ အီးစီဂျီနဲ့စမ်းလို့ကတော့ ဘာမှထူးပြီး ပိုမသိရပါဘူး။ နှလုံးသွေးကြောပိတ်တဲ့ ရောဂါများဆိုရင် အီးစီဂျီနဲ့စမ်းလို့ ဘာမှမထူးပါဘူး။ လူနာမှာ ရင်ဘတ်ထဲက နာကျင်တာတို့၊ အောင့်တာတို့မရှိရင် အီးစီဂျီနဲ့စမ်းလို့ ဘာမှမသိရပါဘူး။ အဲ... နှလုံးမှာနာကျင်တာတို့၊ အောင့်တာတို့ ရှိပြီဆိုရင်တော့ ဆရာဝန်က အီးစီဂျီနဲ့စမ်းသင့်ပါတယ်" လို့ လောစ်ဒန်က ပြောပါတယ်။ လာဗီဆေးပညာဌာနကတော့ "နှလုံးဟာ ပုံမှန်အလုပ်လုပ်သလား၊ မလုပ်ဘူးလား ဆိုတာကိုသိရုံ အီးစီဂျီနဲ့ တစ်ခါလောက်စမ်းသပ်ရင်

တော်လောက်ပါပြီ။ ဒီနောက်မှာတော့ နှလုံးရောဂါရဲ့ လက္ခဏာချက်တွေ ပြမှသာလျှင် အီးစီဂျီနဲ့ စမ်းသင့်ပါတယ်လို့ ဆိုပါတယ်။ ပြီးတော့ ကင်ဆာတို့ ဘာတို့ကို စောစောစီးစီး သိရအောင်ဆိုပြီး ဓာတ်မှန်ရိုက်တာဟာလည်း လူနာကို ဓာတ်ရောင်ခြည် မိစေရုံမှတစ်ပါး ဘာမှမသိရပါဘူး။ ရောဂါ လက္ခဏာချက်တွေ ပေါ်လာမှသာ စမ်းသပ်ရိုက်သင့်ပါတယ်''လို့ ဆိုတဲ့ အတွက် အမေရိကန်ပြည်ထောင်စုမှာဆိုရင် ရောဂါလက္ခဏာချက်တွေ ပေါ် လာမှသာ စမ်းသပ်ရိုက်သင့်ပါတယ်'' လို့ ဆိုတဲ့အတွက် အမေရိကန် ပြည်ထောင်စုမှာဆိုရင် ရောဂါလက္ခဏာတွေမရှိဘဲနဲ့ ဓာတ်မှန်ရိုက်ကြည့်တဲ့ အလေ့အထတွေ တော်တော်နည်းသွားပြီလို့ ဆိုပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ ကျန်းမာရေးဆေးစစ်ရာမှာ မကြာခင်က ဆံမိုဒိုစကုပ်လို့ ခေါ်တဲ့ မှန်ပြောင်းနဲ့ စအိုထဲကိုသွင်းပြီး အထဲက အူမကြီး တွေ အခြေအနေကို လေ့လာကြည့်တာတွေ ပေါ်လာခဲ့တယ်။ ဒါပေမဲ့ မစင်ထဲမှာ သွေးပါ မပါကို ဓာတ်ခွဲခန်းထဲမှာ စစ်ဆေးကြည့်တာထက် ဘာမှပိုပြီး မသိရပါဘူးလို့ ဆိုပါတယ်။ အမေရိကန် ကင်ဆာအသင်းကတော့ အူမှာ ကင်ဆာဖြစ် မဖြစ် သိရအောင် ဆိုဒ်မိုစကုပ်နဲ့ ကြည့်တာကို ထောက်ခံ ထားသေးပေမယ့် ဆရာဝန်များကတော့ သာမန် ဝမ်းစစ်ပြီး ဝမ်းထဲမှာ သွေးပါ မပါ ကြည့်ရုံနဲ့လုံလောက်ပါပြီလို့ ယူဆနေကြပါတယ်။

မကြာခင်ကထုတ်ဝေတဲ့ စတင်းဖို့ ဆေးတက္ကသိုလ်ပါမောက္ခ ယူဂျင်း ရိုဒင်ရဲ့ ''နေရေးနဲ့ သေရေး'' စာအုပ်ထဲမှာ ဒေါက်တာရိုဗင်က အမေရိကန် ကျန်းမာရေးစစ်ဆေးမှု စနစ်ကို ဝေဖန်ရင်း ရေးလိုက်ရာမှာ ဆေးစစ်တဲ့အခါ လူရဲ့အရည်ကလပ်၊ အဖတ်ကလပ်တွေကို ဓာတ်ခွဲခန်းအဆင့်ဆင့်မှာ စမ်းသပ် စစ်ဆေးကြည့်တဲ့နည်းကို ဝေဖန်ရေးသားလိုက်ပါတယ်။ ''ဓာတ်ခွဲခန်းတွေထဲ စမ်းသပ်တာဟာ အစစ်ခံရသူများအဖို့ ဘယ်လောက်အကျိုးများတယ် မများ ဘူးဆိုတာတော့ မပြောနိုင်သေးဘူး။ ဒါပေမဲ့ ဆေးတိုက်ပိုင်ရှင်တွေ၊ ဓာတ်ခွဲ ခန်း ပိုင်ရှင်တွေမှာတော့ စီးပွားရေးအရ အများကြီး အကျိုးရှိပေတာပဲ'လို့ ရေးလိုက်ပါတယ်။ ဟုတ်တာပေါ့။ ကျန်းမာတဲ့လူတွေမှာ မကြာခဏ ဆေး စစ်ခံရတဲ့အတွက် အထူးသဖြင့် ဓာတ်မှန်ရိုက်တဲ့အတွက် ဓာတ်ရောင်ခြည်တွေ မိတာတော့ အမှန်ပဲလေ။ အမေရိကန်မှာဆေးစစ်ရင် အဆီများ မများ သိရ

အောင် ရေအောက်မှာဆင်းပြီး ကိုယ်အလေးချိန် ချိန်တာတို့၊ နှလုံးခုန်တာကို သိရအောင် နင်းခုံပေါ်မှာတက်ပြီး ခြေနင်းခိုင်းတာတို့၊ စိတ်ကုဆရာဆီ ပြတာတို့အပါအဝင် တစ်စုလုံး ဆေးစစ်ခံရင် ဒေါ်လာ ၅၀၀၀ လောက် ကျပေတာကိုး။

ဒါကြောင့်မို့ ရောဂါလက္ခဏာ တစ်စုံတစ်ရာမတွေ့တဲ့ ကျန်းမာတဲ့ လူတစ်ယောက်အဖို့ နှစ်စဉ်ဆေးစစ်ဖို့ မလိုဘူးဆိုတဲ့ အယူအဆကို အမေရိကန်မှာ တော်တော်လေး လူတွေကလက်ခံလာကြပါပြီ။ ဆေးစစ်ခံမယ့်အစား ဆရာဝန်များ၊ သမားတော်များရဲ့ အကြံဉာဏ်ကို လေးစားစွာလိုက်နာခြင်းက ကျန်းမာရေးအတွက် စိတ်ချရတဲ့နည်းပဲလို့ ဆိုပါတယ်။ သူတို့ပေးထားတဲ့ အကြံဉာဏ်တွေကတော့ ကျန်းမာရေးလေ့ကျင့်ခန်းကို ပိုပြီးလုပ်ပါ။ အဆီကို လျှော့ပါ။ ဆေးလိပ်မသောက်ပါနဲ့။ အစားအသောက်မှာ အသီးအရွက် စတဲ့ အဆီအအိမ့်နည်းတဲ့ အစာကြမ်းများကို များများစားပေးပါ။ စိတ်တင်းကြပ်မှုကို ဖြေဖျောက်ပါ စတဲ့အကြံဉာဏ်တွေပဲ ဖြစ်ပါတယ်။ "ကိုယ့်ကျန်းမာရေး ကောင်း မကောင်းကို အစစ်ဆေးခံဖို့အတွက် လုပ်စရာသိပ်များများ မလိုလှပါဘူး။ တချို့ကိစ္စတွေကလွဲလို့ ကျန်ကိစ္စအများစုဟာ ကျွမ်းကျင်တဲ့ သူနာပြုဆရာမတစ်ယောက် လုပ်ရင်တောင် လုပ်ပေးနိုင်တဲ့ ကိစ္စတွေပါလို့" 'နယူးအင်္ဂလန် ဆေးပညာဂျာနယ်' အယ်ဒီတာ ဒေါက်တာအားနယ်လ်နယ်လမင်က ရေးလိုက်ပါတယ်။

စန္ဒာရှပ်စုံ မဂ္ဂဇင်း
စက်တင်ဘာလ၊ ၁၉၈၅။

⁂

ကျန်းမာရေး

# သူတို့ အသောက်လျှော့ကြပြီ

မင်းနန္ဒာ

၁၉၈၅ ခု၊ မေလ ၂၀ ရက်နေ့ထုတ် တိုင်းမဂ္ဂဇင်းမှာ အမေရိကန်တွေ အရက်သောက် လျှော့လာတာနဲ့ ပတ်သက်လို့ မျက်နှာဖုံးသတင်း ဆောင်းပါးကြီး တစ်ခု တင်ပြလိုက်တယ်။ အမေရိကန်ပြည်ထောင်စုမှာ ၁၉၂၀ တစ်ဝိုက်လောက်က အရက်သောက်တာကို တားမြစ်ပိတ်ပင်တဲ့ လှုပ်ရှားမှုကြီးတစ်ခု ပေါ်ခဲ့ပါတယ်။ ဒီနောက်မှာတော့ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာတာနဲ့အတူ ဒီလှုပ်ရှားမှုကြီးဟာလည်း မှေးမှိန်သွားပြီး အမေရိကန်တွေ အရက်ကို ပြန်သောက်လာခဲ့ကြတာဟာ ဒီနေ့အထိပါပဲ။ ဒီနှစ်ထဲမှာတော့ အမေရိကန်တွေဟာ အရက်သောက်တာကို လျှော့လာကြတယ်လို့ ဆိုပါတယ်။ ဟိုတုန်းကတော့ ဆိုရှစ်ဒရင့်ကင်းလို့ခေါ်တဲ့ မိတ်ဖြစ်ဆွေဖြစ် အရက်သောက်တာတွေ၊ ညစ့်ခံပွဲတွေ ပါတီတွေမှာ သောက်တာတွေ၊ ဟိုတယ်တွေမှာ သောက်တာတွေ၊ ကြိုက်လို့ တစ်ယောက်တည်း အိမ်မှာသောက်တာတွေဟာ တော်တော်များခဲ့တယ်။ ဒါပေမဲ့ ဒီနှစ်ဆန်း လာတဲ့အခါမှာ အမေရိကန်တွေဟာ အရက် သောက်တာကို လျှော့လာကြပြီး အရက်အစား တခြားသော ယမကာများကို မှီဝဲလာကြပါတယ်။ နာနတ်ရည်တို့၊ ငှက်ပျောရည်တို့၊ စထရော်ဘယ်ရီရည်တို့ စတဲ့ အယ်လ်ကိုဟောမဟုတ်တဲ့ အဖျော်ယမကာများကိုသာ သောက်သုံးလာခဲ့ကြတယ်လို့ ဆိုပါတယ်။ ဘီယာတောင်မှပဲ အယ်လ်ကိုဟော လုံးဝမပါတဲ့ ဆွစ်ဇာလန်ဘီယာကိုပဲ သောက်ကြတော့တယ်

လို့ သိရတယ်။ နာမည်ကျော် ပျော်ပွဲစားရုံများကို ပိုင်တဲ့ ဂျူဒီးဗတ်က ''ကျွန်တော်ကတော့ စကော့နဲ့ ဆိုဒါ၊ ဘာဗွန်းနဲ့ ရေကို အမြဲသောက်တဲ့ သမားရိုးကျသမား တစ်ယောက်ပါ၊ ဒါပေမဲ့ ခုတလောမှာ လူတွေဟာ စကော့တို့ ဘာဗွန်းတို့ကို မသောက်ကြတော့ဘူး၊ ခေတ်ကြီးက တော်တော် ပြောင်းသွားတယ်လို့'' ညည်းပါသတဲ့။

ဟုတ်တယ်။ အရင်တုန်းကဆိုရင် အမေရိကန်တွေဟာ မာတီနီ လောက်ကိုတော့ အနည်းဆုံးသောက်ကြတာချည်းပဲ။ ခုတော့ မာတီနီအစား နိုင်ငံခြားကမှာတဲ့ ရေတို့၊ ရေခဲစိမ်လက်ဖက်ရည်တို့ကိုပဲ သောက်ကြတော့ တယ်လို့ ဆိုပါတယ်။ အမေရိကန်မှာ အသက် ၁၈ နှင့်အထက် အရွယ် ရောက်သူပေါင်း သန်း ၁၇၀ ရှိရာမှာ ၆၇ ရာခိုင်နှုန်းသာလျှင် အရက်သောက် ပြီး သူတို့အနက် သုံးပုံ တစ်ပုံကျော်ဟာ အရက်ကို လျှော့သောက်လိုက်ကြ တယ်။ ၆ ရာခိုင်နှုန်းသာလျှင် အရင်ကထက် ပိုပြီး သောက်ကြတယ်လို့ ဆိုတယ်။

သူတို့ အရက်လျှော့သောက်ကြတာဟာ လူမှုရေး၊ ဘာသာရေး အကြောင်းကြောင့်တင် မဟုတ်ပါဘူး။ အမေရိကန်တွေဟာ အသက်တွေ ကြီးလာကြတယ်။ ပြီးတော့ အလုပ်များလာကြတယ်။ ဒါကြောင့် အရင်က စံချိန်တွေကိုလျှော့ပြီး သောက်ကြတာပါ။ ငယ်ငယ်တုန်းကတော့ သောက်ကြ တာပေါ့ဗျာ။ ကြီးလာတော့လည်း ကလေးတွေ၊ မြေးတွေနဲ့ဖြစ်၊ လူမှုရေး တာဝန်တွေကလည်း ရလာတော့ လျှော့သောက်ရတော့တာပေါ့လို့။ အသက် ၃၅ နှစ်ရှိတဲ့ အတ္တလန်တာက စာရေးတစ်ယောက်ဖြစ်တဲ့ လီဗင်ဆိုတဲ့ လူ က ပြောပါတယ်။

အမေရိကန် အရက်ကုမ္ပဏီများဟာ တစ်နှစ်ကို ဝင်ငွေဒေါ်လာ ကုဋေပေါင်း ၆၆၀ ဒသမ ၄ ရှိပါတယ်။ ခုလို အမေရိကန်တွေ အရက် လျှော့သောက်ကြတော့ သူတို့ ဝင်ငွေတွေလည်း ထိခိုက်ကုန်တော့တာပေါ့။ ပိုးသတ်ထားတဲ့ ရေပုလင်းတွေဟာ အရောင်းရတွင်ကျယ်လာပြီး အရက်က တော့ လူတစ်ယောက်ကို တစ်နှစ်မှာ ၂ ဒသမ ၄၆ ဂါလန်သာ သောက်သုံး တော့တယ်လို့ ဆိုပါတယ်။ အရက်သမားများဟာ အရက် အရေအတွက်ကို လျှော့ပြီး အရည်အသွေးကို လိုက်လာကြတယ်။ ဆိုလိုတာက ခပ်ပေါပေါ

အရက်ကို များများမသောက်တော့ဘဲ အကောင်းစားအရက်ကို နည်းနည်းပဲ သောက်ကြတော့တယ်။ တချို့အမေရိကန်တွေကျတော့လည်း အသောက်ကို သာ လျှော့ရုံမကဘူး၊ အစားကောင်းကောင်းစားတာ၊ အပျော်အပါးလိုက်တာ တွေကို လျှော့လာကြတယ်။ အပြေးကျင့်ခြင်း၊ အစားလျှော့ခြင်း၊ အစာငတ် ခံခြင်းဖြင့် လူတွေဟာ ကိုယ့်ကိုယ်ကိုယ်သန့်ရှင်းအောင်၊ စင်ကြယ်အောင် လုပ်နေကြပုံ ရတယ်လို့ အမေရိကန်သမိုင်းဆရာ တစ်ဦးဖြစ်တဲ့ ဝီလျံလိချ် က မကြာခင်က နယူးရှော့မဂ္ဂဇင်းမှာ ဆောင်းပါးတစ်စောင် ရေးလိုက်ပါ တယ်။ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်ခြင်းဖြင့် အဆင့်အတန်းရှိတဲ့ လူ တစ်ယောက်ဖြစ်တယ် ဆိုတာကို ပြလိုပုံရတယ်လို့လည်း စိတ်ပညာပါရဂူ တစ်ဦးဖြစ်တဲ့ မိုက်ကယ်ဆက်က ပြောပါတယ်။

လူတွေရဲ့ အနေအထိုင်တွေ ပြောင်းလာတဲ့အခါကျတော့ ဟိုတယ်ကြီး တွေ၊ ပျော်ပွဲစားရုံကြီးတွေမှာလည်း အကြံတစ်မျိုး ထုတ်ကြရပြန်တယ်။ ဟိုတယ်တွေမှာ ဘားတွေ၊ နားနေခန်းတွေဟာ ခါတိုင်းကတော့ အရက် သောက်ဖို့ပဲ။ ဒါပေမဲ့ လူတွေက အရက်အသောက်နည်းလာတဲ့ အခါမှာ ဝင်ငွေကို မထိခိုက်အောင် အရက်မပါတဲ့အဖျော်ယမကာ အမျိုးမျိုးကို တင် ရောင်းကြတယ်။ အစားအသောက်တွေကိုလည်း အမျိုးမျိုးဖန်တီးပြီး ရောင်း ကြတယ်။ ကမ္ဘာမှာ နာမည်ကြီးတဲ့ အက်စတိုးရီးယား ဟိုတယ်လို ဟိုတယ် ကြီးတွေမှာ အရင်တုန်းက လက်ဖက်ရည်မရဘူး။ ခုတော့ အရက်သောက် တာ လျှော့လာကြတဲ့ အတွက် လက်ဖက်ရည်ခန်းတွေကို ပြန်ပြင်ပြီး လက်ဖက်ရည် ပြန်ရောင်းကြတယ်။

ဟိုတယ်တွေမှာ ပြောင်းသွားသလို အိမ်တွေမှာလည်း နေထိုင်ပုံ ပြောင်းသွားကြတယ်။ အရင်တုန်းက အိမ်ကို ဧည့်သည်လာတယ်ဆိုရင် ဆောင်းတွင်းမှာ ဝီစကီနဲ့ ဧည့်ခံတယ်။ နွေမှာဆိုရင် ဂျင်နဲ့ တောနစ်နဲ့ ဧည့်ခံတယ်။ ဝိုင်နဲ့ ဘီယာကတော့ တစ်နှစ်လုံးပေါ့လေ။ ခုတော့ ဒီစနစ်ဟာ လည်း တော်တော်လေးတိမ်ကောသွားပြီလို့ ဆိုပါတယ်။ အရင်တုန်းကတော့ အရက်ဟာ ပေါင်းသင်းဆက်ဆံရေး ဘီးကြီးကို ချောမွေ့စွာလည်ပတ်နိုင် အောင် လုပ်ပေးတဲ့ ဆီတစ်မျိုးပေါ့။ ခုတော့ အရက်ဟာ အဲဒီအခန်းကဏ္ဍ ကနေ လျော့ကျသွားပါပြီ။

ကျန်းမာရေး လိုက်စားသူများကလည်း အရက်မသောက်ကြတော့ဘူး။ အရက်ဟာ ဆိုဒီယမ်လို၊ ကိုလက်စထရောလို ကျန်းမာရေးကို ဘေးဥပါဒ်ဖြစ်စေတဲ့ အရာတစ်ခုရယ်လို့ ယူဆပြီး တတ်နိုင်သမျှ ရှောင်ကြတယ်။

အယ်ကိုဟောထဲမှာပါတဲ့ အရေးကြီး၊ အဓိကအကျဆုံးပစ္စည်းကတော့ အီသာနောလ်ဆိုတဲ့ ဓာတ်တစ်မျိုးပါ။ အီသာနောလ်ဟာ ထုံထိုင်းစေပြီး အီသာနဲ့ ခပ်ဆင်ဆင်တူပါတယ်။ အီသာနောလ်ဓာတ် ကိုယ်ထဲကိုဝင်သွားတာနဲ့ တစ်ပြိုင်နက် အာရုံတွေကို ထုံထိုင်းသွားစေတယ်၊ တုံ့ပြန်မှုတွေကို နှေးကွေးလာစေတယ်။ အနှစ်မဲ့ ကာဗိုဟိုက်ဒရိတ်ဓာတ်ထဲမှာ ကယ်လိုရီတွေ ပါတယ်။ အဲဒီကာဗိုဟိုက်ဒရိတ် ဓာတ်တွေဟာ ကာဗိုဟိုက်ဒရိတ်ဓာတ်ဖြစ်သည့်တိုင် အနှစ်မပါတဲ့အတွက် အာဟာရတန်ဖိုးရယ်လို့ ဘာမှမပါဘူး။ အဲဒီထဲမှာ အင်ဒိုဖင်ဓာတ်ပါတဲ့အတွက် တင်းကျပ်မှုကို လျှော့စေပြီး အာရုံကြောတွေ ငြိမ်သက်သွားအောင် လုပ်နိုင်တာတော့ မှန်ပါရဲ့။ ဒါပေမဲ့ သူက မုန့်လုံးစက္ကူကပ် ဆိုသလို အယ်ကိုဟောကို ထပ်ထပ်ပြီးတောင်းဆိုနေတတ်တဲ့အတွက် အကောင်းဆုံးကတော့ ဖြတ်လိုက်တာဟာ အကောင်းဆုံးလို့ ဆိုကြပါတယ်။

တချို့ကုမ္ပဏီတွေ ဘာတွေမှာဆိုရင် အလုပ်ချိန်အတွင်း အရက်သောက်ရင် အလုပ်ကထုတ်ပစ်တာတို့၊ အရေးယူတာတို့ကို လုပ်ကြပါတယ်။ အချို့ကလည်း ကုမ္ပဏီကထွက်တဲ့ ပျော်ပွဲစားတွေ ဘာတွေမှာ အရက်ကို ပိတ်ပင်ထားပါတယ်။ တချို့ကုမ္ပဏီတွေမှာတော့ အရင်တုန်းက ဘီယာဘရိတ်လို့ ခေါ်တဲ့ နေ့လယ်နေ့ခင်း ဘီယာသောက်ဆင်းချိန်ကလေး ပေးထားပြီး နေ့လယ်စာကိုလည်း အခမဲ့ကျွေးပါတယ်။ ခုတော့ နေ့လယ်ဘီယာချိန်ကို ပိတ်ပစ်လိုက်ပြီး အခမဲ့ အစားအသောက်အစား လကုန်ရင် အိမ်ကို လက်ဆောင်ပစ္စည်းတွေ ဘာတွေဝယ်ပေးတာတို့ကို လုပ်လာကြပါတယ်။

ဒါပေမဲ့ လူတိုင်းတော့ အရက်ကို မလျှော့ကြသေးပါဘူး။ ယန်ကီလိုဗစ်ဆိုက စားသောက်တဲ့ ကုမ္ပဏီတစ်ခု အဆိုအရဆိုရင် ၂၆ ရာနှုန်းဟာ အရင်လိုပဲ သောက်မြဲသောက်နေကြတယ်လို့ ဆိုပါတယ်။ ဘာပဲပြောပြော အမေရိကန်ဟာ အခြား အနောက်နိုင်ငံများနဲ့စာရင် အရက်သောက်တာ အတော်ကို လျှော့နည်းသွားပြီလို့ သိရပါတယ်။ ပြင်သစ်မှာဆိုရင် အစိုးရက

ကျန်းမာရေး စီမံကိန်းတွေ ချမှတ်နေတဲ့အတွက် အသောက်လျော့လာတယ်လို့ ဆိုသည့်တိုင် ၄ ရာနှုန်းလောက်ပဲ လျော့ပါသေးတယ်။ အင်္ဂလန်မှာဆိုရင် လမ်းထောင့်က အရက်ဆိုင်ဟာ ဒုတိယအိမ်ဖြစ်နေလေတော့ အရက်သောက်သူ ၉၅ ရာနှုန်းဟာ ခုတိုင် သောက်နေကြဆဲ။ အိုင်ယာလန်နဲ့ ဝေလပြည်နယ်တို့မှာလည်း ထိုနည်းလည်းကောင်းပါပဲ။ ဂျာမနီမှာတော့ ဘီယာသောက်တဲ့နှုန်းဟာ အနှစ်သုံးဆယ်အတွင်း သုံးဆတိုးလာပါတယ်။ တစ်နှစ်တစ်နှစ်ကို ဘီယာလစ်ကာပေါင်း ကုဋေ ၉၀၀ လောက် ကုန်ပါသတဲ့။ "မမူးရင် ယောက်ျားမပီသဘူးဆိုတဲ့ ဂျာမန်စကားပုံ ရှိလို့ထင်ပါရဲ့၊ ကျွန်တော်တို့လူမျိုးကတော့ ခုတိုင်သောက်ဆဲပါပဲ"လို့ ဘွန်းမြို့မှာရှိတဲ့ အနောက်ဂျာမနီအစိုးရ ကျန်းမာရေးဌာန အရာရှိတစ်ဦးက ပြောပါတယ်။

"အမေရိကန်ပြည်ထောင်စုမှာ အရက်သေစာရှောင်ကြဉ်တဲ့ အကျင့်ဟာ ပြန့်ပွားနေတယ်၊ ဒီအတိုင်းဆက်သွားရင် ၁၉၂၀ တစ်ဝိုက်ကလို အရက်သေစာပိတ်ပင်ရေး လှုပ်ရှားမှုကြီးတွေ ပေါ်လာနိုင်တယ်၊ လူဆိုတာကလည်း တစ်ခါပြန်လည်မိရင် လည်သွားတတ်တယ် မဟုတ်လား"လို့ ယေးလ် တက္ကသိုလ်ပါမောက္ခ မတ်စတိုက ပြောပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ အရက်သေစာ ပိတ်ပင်တဲ့ ဥပဒေကို ၁၉၃၃ ခုနှစ်မှာ ရုပ်သိမ်းခဲ့ရတယ်။ ရုပ်သိမ်းခဲ့ရတဲ့ အကြောင်းကတော့ ဒီဥပဒေကို တကယ်လက်တွေ့ အကောင်အထည်ဖော်လို့ မဖြစ်နိုင်ဘူးလို့ ယူဆခဲ့ကြတဲ့အတွက် ရုပ်သိမ်းခဲ့ရခြင်းပါ။ အထူးသဖြင့်တော့ အရက်သေစာ မသောက်တဲ့လူတွေက သောက်တဲ့လူတွေကို လူမှုရေးအရ ကြဉ်ခဲ့ကြတဲ့အတွက်၊ တစ်နည်းပြောရရင် မသောက်တဲ့လူတွေက အကဲဆတ်လွန်းတဲ့အတွက် နောက်ဆုံးမှာ ဒီဥပဒေပျက်ပြားသွားရခြင်း ဖြစ်တယ်လို့လည်း စာရေးဆရာ မာတင်နဲ့ လင်ဒါတို့က သူတို့ရေးတဲ့ "အမေရိကန်ပြည်ထောင်စုတွင် အရက်သေစာ သောက်စားခြင်း"ဆိုတဲ့ စာအုပ်မှာ ရေးခဲ့ကြပါတယ်။ ဘာကလေမှာရှိတဲ့ အရက်သေစာ သောက်စားမှုသုတေသနဌာန ညွှန်ကြားရေးမှူး တစ်ဦးဖြစ်တဲ့ ရော်ဗင်ရွမ်းကတော့ "လူတွေကို အရက်သေစာ သောက်စားခြင်းမပြုအောင် ဟောပြော ပညာပေးတာကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ ဥပဒေနဲ့ တားမြစ်ပိတ်ပင်တယ်ဆိုရင်တော့ ၁၉၂၀ ပြည့်

တစ်ဝက်လောက်တုန်းက ဝိတိုရိယခေတ် လူမှုပညတ်ချက်တွေကို ဆန့်ကျင်ဖောက်ဖျက် ဖီဆန်ခဲ့သလို ခုခေတ်လူငယ်တွေကလည်း ဒီဥပဒေကြီးကို ဖောက်ဖျက်ဖီဆန်ကြမှာ သေချာတယ်''လို့ ပြောလိုက်ပါတယ်။

အမေရိကန်မှာ အရက်သေစာသောက်စားမှုကို ရှောင်ကြဉ်လာတဲ့အချက်ကတော့ လူမှုရေးနယ်ပယ်မှာ ငြင်းမရတဲ့အချက်ကြီး တစ်ချက်ဖြစ်နေပါပြီ။ ဒါပေမဲ့ ဒါကိုကြိုက်တဲ့သူများ ရှိသလို မကြိုက်တဲ့သူတွေ ရှိတာကတော့ အမှန်ပဲ။ ဂျူလီယာချိုင်းလ်ဆိုတဲ့ အမျိုးသမီးတစ်ယောက်ကတော့ ''ဘယ့်နှယ်ရှင် အတင်းအဓမ္မကြီးပိတ်ပစ်လို့တော့ ဘယ်ဖြစ်ပါ့မလဲ၊ ဝိုင်ကလေး တစ်ခွက်တလေသောက်တာဟာ ယဉ်ကျေးတဲ့အလေ့အထ တစ်ခုဖြစ်နေပြီပဲ၊ ကျွန်မတို့တိုင်းပြည်ကိုက ခက်ပါတယ်၊ လုပ်ပြီဆိုရင် အလွန်အကျွံတွေချည်းပဲ၊ သောက်တော့လည်း နင်းသောက်၊ ဖြတ်တော့လည်း ဥပဒေနဲ့ လိုက်ပိတ်ဆိုတော့ ဘယ်ဖြစ်ပါ့မလဲ၊ ကျွန်မကတော့ ဘယ်အရာမဆို တန်ဆေး လွန်ဘေးဆိုတဲ့ စကားအတိုင်း မယုတ်မလွန်လုပ်တာကိုပဲ သဘောကျတယ်''လို့ ပြောပါတယ်။

စန္ဒာရုပ်စုံ မဂ္ဂဇင်း
ဖေဖော်ဝါရီလ၊ ၁၉၈၆။

ရာသီဥတု

# မိုးကြိုးကို လေ့လာခြင်း

**မင်းနန္ဒာ**

အမေရိကန်ပြည်ထောင်စု၊ နယူးမက္ကစီကိုပြည်နယ်၊ ဆိုကိုရိုမြို့အနီးက တောင်ထိပ်တစ်ခုပေါ်မှာ တိမ်ထုလေ့လာရေး သိပ္ပံပညာရှင်တစ်စုဟာ အရှေ့မြောက်ဆီက တက်လာတဲ့ တိမ်ထုတစ်ခုကို ရပ်ကြည့်နေကြတယ်။ မိုးတိမ်တွေဟာ တဖြည်းဖြည်းညိုမည်းစ ပြုလာပြီး သူတို့ရပ်နေရာ တောင်ထိပ်များကို ရောက်တာနဲ့တစ်ပြိုင်နက် မိုးချုန်းသံတွေဟာ တဖြည်းဖြည်း မြည်ဟည်းလာကြတယ်။ သိပ္ပံပညာရှင်များဟာ သူတို့ရပ်နေရာ တောင်ထိပ်ပေါ်မှာ ဓာတ်ခွဲခန်းတစ်ခုကို ဆောက်ထားကြတယ်။ ဓာတ်ခွဲခန်းကနေ တစ်ဖက် ချောက်ကမ်းပါးကြီးကို ကျော်ဖြတ်ပြီး ဗို့အား အလွန်များတဲ့ ဓာတ်ကြိုးကြီး တစ်ခုကို ဆက်ထားကြတယ်။ တဖြည်းဖြည်းနဲ့ မိုးချုန်းသံတွေဟာ နီးလာကြတယ်။ မိုးချုန်းသံတွေ နီးလာတာနဲ့အတူ သူတို့ဆက်ထားတဲ့ ဓာတ်ကြိုးကြီး အဖျားမှာ မီးပွင့်တွေဟာ ဖြာခနဲ ဖြာခနဲ လက်သွားကြတယ်။ လေပြင်းက လည်း တဖြည်းဖြည်း ပြင်းထန်စ ပြုလာပြီ။ မိကျောင်းရေလို အခေါက်တွေ အကွက်အကွက်ပေါ်နေတဲ့ ပေါ်ပလာပင်တွေဟာ လေပြင်းထဲမှာ ယိမ်းထိုးနေကြတယ်။ ဓာတ်ခွဲခန်း အကြီးအကဲဖြစ်တဲ့ စီဗီမိုးဟာ မီးပွင့်တွေ တဖျပ်ဖျပ် လက်နေတဲ့ ဓာတ်ကြိုးကြီးနားကို သွားပြီးစစ်ဆေးကြည့်တယ်။ ဒီတုန်းမှာပဲ ဓာတ်ခွဲခန်းထဲမှာရှိတဲ့ တခြားသိပ္ပံပညာရှင် တစ်ဦးဖြစ်တဲ့ ဗွန်နီဂတ်ဟာ

ဖို့အား ၁၂၅,၀၀၀ ရှိတဲ့ လျှပ်စစ် ဂျင်နရေတာကြီးကို ပြေးပြီးဖွင့်လိုက်တယ်။ လျှပ်စစ်ဓာတ်ဟာ စောစောကပြောတဲ့ ဓာတ်ကြိုးကြီးထဲကို စီးဆင်းသွားတော့တယ်။ နောက်တစ်နာရီလောက်လည်းကြာရော ပစ်လိုက်တဲ့မိုးကြိုးတွေဆိုတာ တအုန်းအုန်းနဲ့ နေတာပဲ။ ပထမ အဝေးကြီးမှာ လျှပ်စီးတွေလက်ပြီး မိုးကြိုးတွေပစ်နေတယ်။ နောက် တဖြည်းဖြည်း နီးလာတယ်။ နောက်ဆုံးကျတော့ သူတို့ဓာတ်အားပေးရုံနဲ့ ကိုက်အနည်းငယ်သာကွာတဲ့နေရာမှာ တီအင်တီတစ်တန်အား စွမ်းအားရှိတဲ့ မိုးကြိုးပစ်ချလိုက်တယ်။

မိုးနဲ့ ဗွန်နီဂတ်ခေါင်းဆောင်တဲ့ သိပ္ပံပညာရှင်များအဖို့တော့ မိုးတွေသည်းထန်စွာရွာသွန်းတဲ့ ဩဂုတ်လရာသီဟာ သူတို့ရဲ့သိပ္ပံပညာ စမ်းသပ်မှုတွေကို လုပ်လို့အကောင်းဆုံး အချိန်ပါပဲ။ မိုးသက်တွေ၊ မုန်တိုင်းတွေ၊ မိုးကြိုးတွေဟာ အန္တရာယ်များသလောက် လူတွေလေ့လာရမယ့် သဘာဝဓာတ်ကြီးတွေ ဖြစ်ပါတယ်။ မိုးလေဝသနဲ့ ဇလဗေဒပါရဂူများဟာ တော်နေဒိုးလို့ ခေါ်တဲ့ လေပွေမုန်တိုင်းကြီးတွေ အကြောင်း၊ ဖရန်ကယ်စစ္စတင်လို့ခေါ်တဲ့ မျိုးမတူတဲ့လေထု နှစ်ခုကြားက မျက်နှာပြင်အကြောင်းတွေကို လေ့လာခဲ့ကြတယ်။ ဒါပေမဲ့ မိုးကြိုးမုန်တိုင်းတွေ အကြောင်းကိုတော့ လေ့လာလို့ မရကြသေးဘူး။ မိုးကြိုးမုန်တိုင်းတွေဟာ သူတို့ရဲ့လျှို့ဝှက်ချက်တွေကို ဖုံးကွယ်ထားကြဆဲ ရှိသေးတယ်။ ''မိုးကြိုးတွေဟာ လူတွေ ပထမဆုံးတွေ့ရှိခဲ့တဲ့အရာများဖြစ်ပြီး လူတွေ နောက်ဆုံးကျမှ နားလယ်မယ့်အရာတွေဖြစ်နေတယ်''လို့ သိပ္ပံပညာရှင် ဗွန်နီဂတ်က ပြောတယ်။

မိုးကြိုးဟာ ကျွန်တော်တို့လူသားတွေ နောက်ဆုံးနားလည်မယ့် အရာဖြစ်ရုံတင်မကသေးဘူး ကြောက်စရာအကောင်းဆုံး၊ အန္တရာယ်အများဆုံးသဘာဝအင်အားစုကြီးလည်း ဖြစ်တယ်။ မိုးကြိုးကြောင့် သေဆုံးရတဲ့သူဟာ တစ်နှစ် တစ်နှစ်မှာ လေမုန်တိုင်းတို့၊ လေပွေမုန်တိုင်းတို့ကြောင့် သေကျေပျက်စီးရတဲ့ လူအရေအတွက်ထက် များတယ်။ အမေရိကန်ပြည်ထောင်စုမှာတင် မိုးကြိုးကြောင့် တောမီးတွေ၊ ချုံမီးတွေကိုလောင်တဲ့ မီးလောင်မှုပေါင်းဟာ တစ်သောင်းကျော်ကျော်လောက် ရှိပြီး ထောင်ပေါင်းများစွာသော စတုရန်းမိုင် အကျယ်အဝန်းရှိတဲ့ ဒေသတွေမှာ လျှပ်စစ်ဓာတ်အားတွေ ပျက်

ခဲ့တယ်။ မိုးကြိုးကြောင့် ပျက်စီးရတဲ့တန်ဖိုးဟာ တစ်နှစ်တစ်နှစ်ကို ဒေါ်လာ သန်း တစ်ထောင်ကျော်ဖိုးလောက် ရှိတယ်။ ဥပမာအားဖြင့် လွန်ခဲ့တဲ့ ဩဂုတ်လအတွင်းမှာပဲ အိုက်ဒါဟို၊ ဝါရှင်တန်၊ ကယ်လီဖိုးနီးယားနဲ့ အိုရီဂွန်း နယ်တို့မှာ ဧကနှစ်သိန်းကျော်လောက် တောမီးလောင်ခဲ့တယ်။ ပင်ဆယ်ဗေး နီးယား၊ မေရီလင်း၀က်စဗာဂျီးနီးယား စတဲ့ပြည်နယ်တွေမှာဆိုရင် မိုးကြိုး မုန်တိုင်းတွေကြောင့် ရေတွေကြီးပြီး မြို့ပေါင်းများစွာ ပျက်စီးခဲ့ကြရတယ်။ အဲဒီလထဲမှာပဲ ဖလော်ရီဒါပြည်နယ်၊ ဂျက်ဆန်ဗီးလ်မြို့မှာ ဂါလံ သန်း တစ်ထောင်ဆန့် ဓာတ်ဆီကန်ကြီးကို မိုးကြိုးပစ်တဲ့အတွက် မီးလောင်ပြီး နာရီနှစ်ဆယ်ကြာ ငြိမ်းယူခဲ့ရတယ်။ မိုးကြိုးနဲ့ လျှပ်စစ်မုန်တိုင်းတွေကို လေ့လာခြင်းအားဖြင့် မိုးကြိုးနဲ့ လျှပ်စစ်အကြောင်းကို ပိုပြီးနားလည်လာရုံ သာမက နောင်မှာ မိုးကြိုးမပစ်အောင် ဘယ်လိုကာကွယ်မလဲ။ အပျက်အစီး အထိအခိုက်နည်းအောင် ဘယ်လိုကာကွယ်မလဲ ဆိုတာကို မိုးလေဝသပါရဂူ များနဲ့ လေထုရူပဗေဒရှင်များ ပိုမိုသိရှိလာကြတော့မှာ ဖြစ်တယ်။ အထူး သဖြင့် နွေရာသီနဲ့ ဆောင်းအကူးမှာဆိုရင် ကမ္ဘာရဲ့မြောက်ဘက် စက်ဝိုင်းခြမ်း မှာ မိုးကြိုးမုန်တိုင်းတွေ မကြာခဏဖြစ်ပေါ်လေ့ ရှိတယ်။ ကျန်တဲ့ရာသီ များမှာဆိုရင် မိုးကြိုးတိမ်တိုက်ပေါင်း နှစ်ထောင်လောက် ကမ္ဘာမြေပြင် အထက်မှာ ဝဲနေပြီး တစ်စက္ကန့်ကို အကြိမ် ၁၀၀ နှုန်းနဲ့ မိုးကြိုးတွေပစ်နေ တယ်။ တစ်စက္ကန့်လျှင် အကြိမ်တစ်ရာခန့် မိုးကြိုးပစ်နေတဲ့အတွက် လျှပ်စစ် ဓာတ်အား ကီလိုဝပ် သန်းပေါင်းလေးထောင်ခန့်ကို ထုတ်လွှတ်နေတယ်။

ခု သိပ္ပံပညာရှင်များ စခန်းချပြီး လေ့လာနေတဲ့ နယူးမက္ကစီကို ပြည်နယ်က တောင်ထိပ်ဟာ ပေပေါင်း တစ်သောင်းတစ်ထောင်နီးပါး ရှိတဲ့ အတွက် မိုးကြိုးတိမ်တိုက်တွေကို လေ့လာဖို့ အကောင်းဆုံးနေရာ ဖြစ်တယ်။ မနက်နေရောင် ထိုးလာတာနဲ့တစ်ပြိုင်နက် တောင်စောင်းမှာရှိတဲ့ လေဟာ ပူနွေးလာပြီး အထက်ကိုတက်သွားတယ်။ လေထဲမှာ ရေငွေ့ဓာတ်ပါသွားတဲ့ အတွက် အထက်ကိုရောက်တာနဲ့တစ်ပြိုင်နက် အေးလာပြီး လေဟာ သိပ် သည်းသွားတယ်။ ဒီလေထုဟာ ကျူမျူလိုနင်းဗတ်စ်လို့ ခေါ်တဲ့ တိမ်တိုက် ကြီးတွေ ဖြစ်သွားတယ်။ မိုးကြိုးတွေဟာ အဲဒီကျူမျူလိုနင်းဗတ်စ် တိမ်တိုက်

တွေထဲက ပေါ်ထွက်လာကြတာ ဖြစ်တယ်။ သိပ္ပံပညာရှင်များဟာ ကောင်းကင်မှာ လွှတ်ထားတဲ့ ဘောလုံးများ၊ တောင်ထိပ်တွေပေါ်မှာ ဆောက်ထားတဲ့ စခန်း မြေအောက်ဘန်ကာများထဲမှ တစ်ဆင့် အဲဒီကျူမျူလိုနင်းဗတ်စ် တိမ်တိုက်တွေကြားထဲက မိုးကြိုးခတ်တွေကို လေ့လာကြပါတယ်။ တချို့အတင့်ရဲတဲ့ လေယာဉ်မောင်းသမားများကတော့ အထူးကိရိယာများတပ်ဆင်ထားတဲ့ လေယာဉ်များနဲ့ အဲဒီမိုးကြိုးမုန်တိုင်းတွေနား၊ တချို့ဆိုရင် အဲဒီမိုးကြိုးမုန်တိုင်းတွေရဲ့ ဗဟိုချက်မအထိရောက်အောင် ဝင်သွားပြီး စုံစမ်းလေ့လာကြတယ်။ တောင်ထိပ်တွေပေါ်မှာ ရေဒါတွေ၊ ရေဒီယို အဆက်အသွယ်တွေထားပြီး တောင်ထိပ်အထက်က အာကာသထဲမှာရှိတဲ့ မိုးကြိုးတိမ်တိုက်တွေကို လိုက်ရှာကြတယ်။ တွေ့ပြီဆိုတာနဲ့ အောက်မှာရှိတဲ့ သိပ္ပံပညာရှင်များက ဒုံးပျံအငယ်စားကလေးတွေကို ဓာတ်ကြိုးတွေ ချည်လွှတ်လိုက်ပြီး သူတို့ လိုချင်တဲ့နေရာက မိုးကြိုးတိမ်တိုက်တွေကို ဖောက်ခွဲခြင်းဖြင့် မိုးကြိုးပစ်အောင် စမ်းသပ်ကြည့်နေကြတယ်။

အားလုံးသိကြတဲ့အတိုင်း လျှပ်စစ်ဓာတ်ကို စွန်တစ်ခု၊ သော့ တစ်ချောင်းနဲ့ စမ်းသပ်လေ့လာ တွေ့ရှိခဲ့သူကတော့ သိပ္ပံပညာရှင် ဖရင်ကလင်ဘင်ဂျာမင် ဖြစ်ပါတယ်။ သူ့ရဲ့လေ့လာ တွေ့ရှိချက်အရ လျှပ်စစ်အဖိုဓာတ်နဲ့ အမဓာတ် ဝင်နေတဲ့အမှုန်တွေ ကွဲထွက်သွားရာကနေပြီး ပြန်စုစည်းမိတဲ့အခါမှာရော တိမ်တိုက်တွေကြားထဲမှာ သို့မဟုတ် တိမ်တိုက်နဲ့ မြေကြီးကြားမှာပေါ်လာတဲ့ ကြီးမားတဲ့အရောင် တစ်မျိုးဖြစ်ပြီး အလွန်မို့အားပြင်းတဲ့ လျှပ်စစ်ဓာတ်တွေကို ထုတ်လွှတ်တဲ့အရာဆိုတာ သိလာခဲ့ကြရတယ်။ လျှပ်စစ်မဓာတ်နဲ့ ဖိုဓာတ်ဝင်နေတဲ့ တိမ်တိုက်တွေ တစ်ခုကိုတစ်ခု ဆွဲငင်ကြတဲ့အခါမှာ လျှပ်စစ်ဓာတ်အား ကြီးမားလာပြီး လေထဲမှာရှိတဲ့ လျှပ်စစ်ဓာတ်အားတွန်းလှန်နိုင်မှုကို ကျော်လွန်သွားတယ်။ ဒီအခါမှာ တိမ်တိုက်ချင်း တိုက်မိပြီး မိုးချုန်းသံပေါ်လာတယ်။ လျှပ်စီးပေါ်လာတယ်။ လျှပ်စီးထဲမှာ အင်ပီယာသုံးသောင်းလောက် အားရှိတဲ့ လျှပ်စစ်စီးကြောင်း စီးဆင်းနေတယ်။ အိမ်သုံးလျှပ်စစ်အားထက် အဆတစ်ထောင်ပိုများတယ်။ အပူချိန်က ဖာရင်ဟိုက်ဒီဂရီငါးသောင်းအထိ ရှိတယ်။

အထူးသဖြင့် တိမ်တိုက်တွေရဲ့ အောက်ပိုင်းမှာနဲ့ အပေါ်ပိုင်းမှာ လျှပ်စစ်အမဓာတ်တွေ စုလာပြီး တိမ်တိုက်မျက်နှာပြင်တွေမှာ လျှပ်စစ်ဖိုဓာတ်တွေ စုစည်းလာပြီဆိုတာနဲ့ တစ်ပြိုင်နက် လျှပ်စီးလက်ဖို့ အခြေခံတွေ ရှိနေပြီလို့ ယူဆနိုင်တယ်။ အဲဒီတုန်းမှာ တိမ်တိုက်အောက်က မြေကြီးပေါ်မှာလည်း 'လျှပ်စစ်ခံ' လို့ ခေါ်တဲ့ လျှပ်စစ်အဖိုဓာတ်တွေ တဖြည်းဖြည်းစုလာနေတယ်။ တိမ်တိုက်တွေ အောက်ခြေမှာရှိတဲ့ လျှပ်စစ်အဖိုဓာတ်တွေဟာ မြေပြင်မှာ ရှိတဲ့ လျှပ်စစ်အမဓာတ်တွေကို မောင်းထုတ်လိုက်တဲ့အခါမှာ မြေပြင်မှာ ရှိတဲ့ လျှပ်စစ်အဖိုဓာတ်ချည်းပဲ ကျန်ရစ်ခဲ့တယ်။ ဒီမှာတင် အောက်က တက်လာတဲ့ လျှပ်စစ်အမဓာတ်များဟာ တိမ်တိုက်ပေါ်မှာ ပြာသာဒ်သဖွယ် တဖြည်းဖြည်းမြင့်တက်လာတယ်။ တချို့တိမ်ပြာသာဒ်များဆိုရင် အထက်ကို မိုင်ပေါင်းများစွာ အမြင့်ရှိတယ်လို့ ဆိုတယ်။

ဒီနောက်မှာတော့ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ဆိုတဲ့အတိုင်း အင်မတန် မြန်ဆန်တဲ့ကူးပြောင်းမှု ဖြစ်ပေါ်လာတယ်။ ရှေ့ဆုံးကဆင်းလာတဲ့ လျှပ်စစ် ဓာတ်ဟာ တစ်စက္ကန့်လျှင် မိုင်ခြောက်ဆယ်နှုန်းနဲ့ အောက်ကို ဆင်းလာတယ်။အဲဒီမှာ လျှပ်စစ်အဖိုဓာတ်ဟာ မြေကြီးအထက် ပေ သုံးရာလောက်ကနေပြီး အထက်ကို တက်လာတယ်။ အဲဒီလျှပ်စစ်ဓာတ်ကို တိမ်တံခွန်လို့ ခေါ်ကြတယ်။ ဒီလိုနဲ့ အပေါ်ကပြိုဆင်းလာတဲ့ အမဓာတ်တိမ်ပြာသာဒ်နဲ့ အောက်က အပေါ်ကိုတက်လာတဲ့ တိမ်တံခွန် လျှပ်စစ်အဖိုဓာတ်ဟာ တဖြည်းဖြည်း နီးလာကြတယ်။ သူတို့နှစ်ခုဟာ တဖြည်းဖြည်းနီးလာကြပြီး ကြားထဲမှာ အိုင်အိုနိုက်ဓာတ် ပြွမ်းနေတဲ့ အမြောင်းသေးသေးမျှင်မျှင်ကလေးပဲ ကျန်တော့တယ်။ အဲဒီအမြောင်းကြားကလေးထဲကနေပြီး လျှပ်စစ်အဖိုဓာတ်ဟာ အလင်းရောင်ရဲ့ သုံးပုံတစ်ပုံမြန်နှုန်းနဲ့ အထက်ကို တက်လာတယ်။ ဒီမှာတင် အောက်ကတက်လာတဲ့ အမဓာတ်ကလည်း ဒီလမ်းကြောင်းထဲကို ဝင်လာတယ်။ အဲဒီလျှပ်စီးကြောင်းဟာ တစ်ခါတလေမှာ ငါးမိုင်လောက်အထိ အရှည်ရှိတယ်။

လျှပ်စီးအကြောင်းကိုတော့ သိရပြီ။ ဒါပေမဲ့ မသိရသေးတဲ့ပြဿနာတွေ ကျန်နေသေးတယ်။ မိုးကြိုးတိမ်တိုက်ဆိုတာဟာ အင်မတန်ထုထည်

ကြီးတဲ့တိမ်တိုက်ကြီး ဖြစ်တယ်။ အလွန်လည်း ရှုပ်ထွေးတယ်။ အလွန်လည်း အပြောင်းအလဲမြန်တယ်။ ခတ်ခွဲခန်းတစ်ခုထဲမှာတင် စမ်းသပ်ကြည့်ဖို့ဆိုတာ အလွန်ခက်ခဲတဲ့အလုပ် ဖြစ်တယ်။

## မိုးကြိုး မုန်တိုင်းတိုက်စဉ် လိုက်နာရမည့်အချက်များ

မိုးတွင်း မိုးကြိုးများထစ်ချုန်းစဉ် လယ်ကွင်းများ၊ သစ်ပင်များ၊ အမိုးဖွင့်ထားသော ယာဉ်များနှင့် ရေစပ်အနီးတစ်ဝိုက်တွင် မိုးကြိုးပစ်လေ့ရှိသည်။ မိုးသက်မုန်တိုင်း ကျရောက်နေစဉ် အောက်ပါအချက်တို့ကို သတိပြုဖို့ လိုပါသည်။

၁။ ကွင်းပြင်တွင် အထီးတည်းဖြစ်နေသော သစ်ပင်မြင့်ကြီးအောက်သို့ မဝင်ပါနှင့်။

၂။ ကွင်းပြင်ထဲရပ်နေစဉ် ကိုယ်လက်အင်္ဂါများနှင့် ဦးခေါင်းအရေပြားပေါ်တွင် ကျဉ်လာပြီး ဆံပင်များနှင့် လက်မွေးညင်းတို့ ထောင်ထလာပါက မြေကြီးပေါ်သို့ လှဲချလိုက်ပါ။ သင့်ကိုယ်ထဲမှာ လျှပ်စစ်ခတ်ခံတွေများလာပြီး မကြာမီ မိုးကြိုးထိတော့မည့် အန္တရာယ်ရှိပါသည်။ လဲလျောင်းနေခြင်းထက် မတ်တတ်ရပ်နေခြင်းက မိုးကြိုးပစ်ခံရမည့် အန္တရာယ် ပိုပြီးနီးသည်။

၃။ ဂေါက်သီးရိုက်နေတုန်း ဖြစ်လျှင် သင့်လက်ထဲတွင် ဂေါက်ရိုက်တံကို ကိုင်မထားပါနှင့်။ ဂေါက်တံမှ သတ္တုက မိုးကြိုးခတ်ကို ဆွဲသလိုဖြစ်နေတတ်ပါသည်။

၄။ ကန်ကျယ်၊ အင်းကျယ်ကြီးနားမှာ မနေပါနှင့်။

၅။ မိုးကြိုး ထစ်ချုန်းနေစဉ် မော်တော်ဆိုင်ကယ်၊ ဂေါက်ရိုက်ကား၊ ဘိုင်စကယ်၊ လယ်ထွန်စက်နှင့် သတ္တုဖြင့်လုပ်သော လယ်ထွန်ကိရိယာများကို ကိုင်မထားပါနှင့်။

၆။ ကားမောင်းနေစဉ် ကားထဲမှာ ထိုင်နေပါ။ သတ္တုမိုးဆိုလျှင် လျှပ်စစ်စီးကြောင်းသည် အမိုးသတ္တုအတိုင်း လိုက်သွားကာ မြေကြီးထဲ-သို့ ရောက်သွားပါလိမ့်မည်။

၇။ အိမ်ထဲတွင်ဆိုလျှင် ဟင်းလင်းဖွင့်ထားသော ပြတင်းပေါက်များ၊ တံခါးများ၊ သတ္တုပိုက်များနှင့် လျှပ်စစ်ပစ္စည်းများအနီးတွင် မနေပါနှင့်။

အဲဒါတွေကတော့ ကျွမ်းကျင်သူများက ပေးထားတဲ့ လိုက်နာဖွယ် အချက်များ ဖြစ်ပါတယ်။

စန္ဒာရုပ်စုံ မဂ္ဂဇင်း
မေလ၊ ၁၉၈၅။

# မိုးနဲ့ မုန်တိုင်း

**မင်းနန္ဒာ**

အမျိုးသား ရာသီဥတုခန့်မှန်းရေး ဌာနက ၁၉၈၀ ပြည့် နိုဝင်ဘာလ ၂၁ ရက်နေ့မှာ ရာသီဥတုသာယာပြီး ကောင်းကင်ဟာ ကြည်လင်နေလိမ့်မယ်လို့ ကြေညာလိုက်တယ်။ ဒီကြေညာချက်အရ အဲဒီနေ့မှာ ပုစွန်ဖမ်းလှေတော်တော်များများဟာ မက်ဆာချူးဆက်ပြည်နယ် ဟိုင်းယားနစ် ဆိပ်ကမ်းကနေပြီး မိုင်တစ်ရာ့ငါးဆယ်ဝေးတဲ့ ပင်လယ်ပြင်ကို ပုစွန်ဖောင်မျှောဖို့ ထွက်ခဲ့ကြတယ်။ ဒါပေမဲ့ နောက်တစ်နေ့မှာ ရေပြင်လေ တစ်ရာ့ငါးဆယ်မိုင်နှုန်း တိုက်ခတ်တဲ့ လေမုန်တိုင်းကြီးကျပြီး လှိုင်းလုံးကြီးတွေဟာ ပေခြောက်ဆယ်လောက်အထိ မြင့်တဲ့အဟွက် ပင်လယ်ကိုထွက်တဲ့ ငါး ပုစွန်လှေ တော်တော်များများ ပျက်စီးဆုံးရှုံးကြတယ်။ မုန်တိုင်းစဲသွားတဲ့အခါမှာ လူလေးဦး ပျောက်ဆုံးနေတယ်။ ဒီတင် သေဆုံးသူများရဲ့ မိသားစုများက အမေရိကန်ပြည်ထောင်စု အစိုးရကို တရားစွဲဆိုကြပါတယ်။ သူတို့ရဲ့စွဲချက်ကတော့ အကယ်လို့သာ အမျိုးသားရာသီဥတု ခန့်မှန်းရေးအဖွဲ့က ဒီလိုသာ အသံလွှင့်ခြင်းမပြုရင် သူတို့မိသားစုဟာ ပင်လယ်ကိုထွက်ဖြစ်ကြမှာ မဟုတ်ဘူး။ ခုတော့ ရာသီဥတု ခန့်မှန်းရေးအဖွဲ့ရဲ့ ကြေညာချက်ကြောင့် ထွက်လို့ ဒီလိုဖြစ်ရတာဆိုပြီး စွဲချက်တင်ပါတယ်။

ရာသီဥတု ခန့်မှန်းရေးအဖွဲ့ဟာ မိုးလေဝသခန့်မှန်းချက်ကို မှားပြီး ကြေညာလိုက်မိတယ်။ မှားသွားတဲ့အကြောင်းကတော့ ဒီလိုပါ။ ရာသီဥတု

ခန့်မှန်းရေးအဖွဲ့ကနေ အဲဒီနား ပင်လယ်ပြင်တစ်ဝိုက်မှာ စိုက်ထားတဲ့ ဘော တစ်ခု ပျက်သွားပါတယ်။ ဒီဘော ပျက်သွားတာဟာ မုန်တိုင်းမတိုက်မီ နှစ်လလောက်ကပါ။ ဒါပေမဲ့ အဖွဲ့ဟာ ဒီဘောပျက်နေတာကို သိလည်း မသိခဲ့ဘူး။ ဒါ့ကြောင့် ပြင်လည်းမပြင်ခဲ့မိဘူး။ ဒီရာသီဥတုခန့်မှန်းရေးဘော ကိုသာ ပြင်ခဲ့လို့ သို့မဟုတ် အကောင်းပကတိဖြစ်ခဲ့လို့ရှိရင် အဲဒီနေ့က တိုက်တဲ့ မုန်တိုင်းကြီးရဲ့ အစအနကို ခြေရာခံမိမှာပဲလို့ အလွတ်မိုးလေဝသ ပါရဂူတစ်ဦးဖြစ်တဲ့ ဝီလျံဟာက်ဂတ်က ရုံးတော်မှာ အစစ်ခံပါတယ်။ (အလွတ် မိုးလေဝသပါရဂူ ဆိုတာ အလွတ်စုံထောက်လို သူတို့ဆီမှာ ကိုယ်ပိုင်အလုပ် ခန်း ဖွင့်ပြီး လုပ်ငန်းရှင်တွေက ငှားရမ်းတဲ့အခါမှာ မိုးလေဝသကို ခန့်မှန်း ပေးကြပါတယ်) ရုံးတော်ကလည်း ဒီပါရဂူရဲ့ သက်သေထွက်ချက်ကို ကြားနာပြီးတဲ့နောက် ရာသီဥတုခန့်မှန်းတဲ့ ဘောတွေပျက်တာဟာ အစိုးရမှာ တာဝန်ရှိတယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

ရုံးတော်ရဲ့ ဆုံးဖြတ်ချက်ကြောင့် အမေရိကန် ရာသီဥတုခန့်မှန်းရေး ဌာနများနဲ့ မိုးလေဝသ ပါရဂူတွေကြားမှာ ပြဿနာတွေ တော်တော်တက်ခဲ့ ပါတယ်။ သူတို့ရင်ဆိုင်နေရတဲ့ ပြဿနာများကတော့ ရာသီဥတုခန့်မှန်းချက် တွေ မမှန်တာ၊ လွဲတာနဲ့ပတ်သက်လို့ မိုးလေဝသ ပါရဂူတွေမှာ ဘယ် လောက် တာဝန်ရှိသလဲ၊ ဒါတွေအပြင် မိုးလေဝသခန့်မှန်းရေး သိပ္ပံပညာ ရပ်ဟာကော ဘယ်လောက်များ ခိုင်မာတိကျမှုရှိသလဲ။ လူတွေဟာကော ဒီခန့်မှန်းချက်တွေကို ဘယ်လောက်ကိုးစား ယုံကြည်သင့်သလဲ။ သူတို့ ခန့်မှန်းချက်တွေဟာကော ဘယ်လောက်များ တိကျသလဲဆိုတဲ့ ပြဿနာတွေ ပါပဲ။

ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ဒီနေ့ခေတ်မှာ မိုးလေဝသခန့်မှန်းရေး သိပ္ပံပညာရပ်ဟာ တော်တော်လေးကို တိကျလာပါပြီ။ အထူးသဖြင့် လွန်ခဲ့ တဲ့ အနှစ်နှစ်ဆယ်အတွင်းမှာ အတော်ကြီးကို တိုးတက်လာတယ်လို့ ကျွမ်း ကျင်သူများက ဆိုကြပါတယ်။ "အရင်တုန်းက ကျွန်တော်တို့မှာ နှစ်ရက်စာ အတွက်လောက်ပဲ ကြိုတင်ခန့်မှန်းနိုင်ခဲ့တယ်၊ ခုတော့ လေးရက်စာလောက် ကို တိတိကျကျ ကြိုတင်ခန့်မှန်းလို့ ရပါပြီ"လို့ အမေရိကန် အစိုးရရဲ့ မိုးလေဝသဌာန ညွှန်ကြားရေးမှူး ဘွန်းနားက ပြောပါတယ်။ နောက်တစ်နေ့

အပူရှိန်ခန့်မှန်းရာမှာလည်း၁၉၆၀ ပြည့်နှစ်လောက်ကထက် အမှားအယွင်း နည်းလာပြီး ပိုတိကျလာပါတယ်။ ခုဆိုရင် မိုးလေဝသ ပါရဂူများဟာ ခြောက်ရက် ခုနစ်ရက်လောက်မှာ ဖြစ်မယ့် မိုးလေဝသအခြေအနေကိုတောင် ခန့်မှန်းလို့ ရနေကြပါပြီ။

သူတို့ခန့်မှန်းချက်များ တိကျလာရတာကတော့ တခြားကြောင့်မဟုတ်ပါဘူး။ မိုးလေဝသခန့်မှန်းရေး သိပ္ပံပညာရပ်ဟာ တိုးတက်လာခဲ့လို့ပါ။ အထူးသဖြင့် ကမ္ဘာ့လေထုဆိုင်ရာ ပုံစံငယ်တစ်ခုကို ထုတ်လုပ်နိုင်ခဲ့ပြီး အဲဒီပုံစံငယ်ကလေးထဲမှာ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ရာသီဥတု ဖြစ်ပေါ်မှုတွေကို ကွန်ပျူတာနဲ့ထည့်ပြီး ဖမ်းထားပါတယ်။ အဲဒီလိုကမ္ဘာမှာ ဖြစ်နေတဲ့ ရာသီဥတု ခန့်မှန်းချက်တွေကိုကြည့်ပြီး ကိုယ့်ဒေသမှာ ဘယ်လိုရာသီဥတုမျိုး ဖြစ်နိုင်တယ်ဆိုတာကို ခန့်မှန်းကြပါတယ်။ ဥပမာအားဖြင့် အနီးအနားတစ်ဝိုက် ပြည်နယ်မှာဖြစ်နေတဲ့ ရာသီဥတုကို ခန့်မှန်းနိုင်ပါတယ်။ ရာသီဥတုခန့်မှန်းရေးဌာနတွေဟာ မိန်းစပရင်းမှာရှိတဲ့ မိုးလေဝသနဲ့ ရာသီဥတုခန့်မှန်းရေး ဗဟိုစခန်းနဲ့ ဆက်သွယ်ထားကြပြီး ရာသီဥတုခန့်မှန်းရေး မြေပုံကြီးတွေကို ကွန်ပျူတာနဲ့ပို့ပေးဖို့ တောင်းဆိုကြတယ်။ အဲဒီလိုတောင်းတဲ့အခါမှာ ဗဟိုစခန်းက ပို့ပေးတဲ့အတွက် ကိုယ့်ကွန်ပျူတာပိတ်ကားပေါ်မှာ ပေါ်လာတယ်။ အဲဒီလို ပေါ်လာတဲ့အခါကျမှ ကိုယ့်နယ်မှာဖြစ်နေတဲ့ ရာသီဥတု အခြေအနေပြမြေပုံကို အဲဒီပိတ်ကားက မြေပုံထဲမှာထပ်ထည့်၊ ပြီးတော့မှ အနီးအနားတစ်ဝိုက်က ရာသီဥတုအခြေအနေကို ခန့်မှန်းနိုင်ကြပါတယ်။ သုတေသနပညာရှင်များဟာ ဓာတ်ခွဲခန်းထဲမှာ ပုံစံငယ်ကလေးတွေ ထုတ်လုပ်ပြီး မိုးကြိုးမုန်တိုင်းနဲ့ အပြင်းထန်ဆုံးလေမုန်တိုင်း ဖြစ်တဲ့ ဟာရီကိန်းလေမုန်တိုင်းများအကြောင်းကို လေ့လာနေကြပါတယ်။

ရာသီဥတုဟာ သိပ္ပံပညာရပ်တွေအနက်မှာ အရှုပ်ထွေးဆုံး၊ အခက်ခဲဆုံး ပြဿနာတစ်ရပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ ကမ္ဘာမြေကြီးရဲ့အထက် ဆယ့်နှစ်မိုင်မြင့်တဲ့ နေရာကနေပြီး အိုဇုန်းအလွှာအထိ တပြန့်ကြီးတည်ရှိတဲ့ တြိုပိုစဖီးယားလို့ ခေါ်တဲ့ လေထုခြုံစောင်လွှာကြီးထဲမှာ ဖြစ်ပျက်နေတဲ့ အခြေအနေအရပ်ရပ်ကို လှမ်းပြီးခန့်မှန်းရတာဟာ တော်တော်လေးရှုပ်ထွေးပါတယ်။ ပိုပြီးဆိုးတာက တြိုပိုစဖီးယားလို့ခေါ်တဲ့ လေထုခြုံစောင်လွှာကြီးဟာ

ထုထည်အားဖြင့်လည်း ကြီး၊ အလျား အနံအားဖြင့်လည်း ကျယ်ပြန့်ရုံတင်မက အမြဲတမ်းလှုပ်ရှား ပြောင်းလဲနေတဲ့အတွက် သူ့ကိုလေ့လာရတာဟာ တော်တော်လေးကို တိကျမှုရဖို့ ခက်တယ်လို့ဆိုပါတယ်။ ပူနွေးတဲ့လေဟာ အီကွေတာကနေ တက်လာပြီး ဝင်ရိုးစွန်းတွေဆီကို ရွေ့လျားလာတယ်။ အဲဒီမှာရှိတဲ့ အေးမြတဲ့အအေးပြင်ကြီးနဲ့ သွားတိုက်မိတယ်။ ဟာရီကိန်းလေမုန်တိုင်းကြီးဟာ မိုင်လေးရာ အချင်းဝက်ရှိပြီး ဂျင်ကြီးတစ်လုံးလိုလည်လာနေတယ်။ ရှိသမျှအရာအားလုံးကို စုပ်ယူပစ်လိုက်တယ်။ စပိန်မှာမိုးတွေရွာပြီး တောင်ပိုင်း ကယ်လီဖိုးနီးယားမှာ နေသာနေတာဟာ အဲဒီအရာတွေကြောင့်ပါပဲ။

မိုးလေဝသ ခန့်မှန်းတယ်ဆိုတာ အဲဒီလိုလေထုထဲမှာ ဖြစ်နေတဲ့ဓရိယာအတိုင်းအတာကို ကြည့်ပြီး ခန့်မှန်းရတာပါ။ တစ်ခါတလေမှာ မှားတတ်ပါတယ်။ ဒီလောက်သေးငယ်တဲ့ ပုံစံကလေးထဲမှာ ပေါ်လာတဲ့ ရာသီဥတုပုံစံများဟာ သေးငယ်တဲ့အတွက် တစ်ခါတလေမှာ ကြိုတင်သတိပေးချက်တို့ ဘာတို့ မပေါ်လာဘဲ ဗြုန်းစားကြီး ပြောင်းချင် ပြောင်းသွားနိုင်ပါတယ်။ တော်နေဒိုးတစ်ခုဟာ မဆင်ဘဲနဲ့ ကြိုတင်သတိမပေးဘဲနဲ့ ဘယ်လောက် မြန်မြန်ဆန်ဆန် ရောက်လာနိုင်ကြောင်းကို လွန်ခဲ့တဲ့ပြီလထဲတုန်းက မင်နာပိုလစ်မှာ ကြုံခဲ့ရပါပြီ။ အမျိုးသားမိုးလေဝသ ခန့်မှန်းရေးအဖွဲ့က ပြင်းထန်တဲ့ မုန်တိုင်းတစ်ခု လာလိမ့်မယ်။ ဒါကြောင့်မို့ သတိထားကြပါလို့သတိပေးခဲ့ပါတယ်။ ဒါပေမဲ့ အဲ့ဒီမုန်တိုင်းကို ရုပ်မြင်သံကြားစခန်း တစ်ခုကနေပြီး ရေဒါနဲ့လိုက်ကြည့်နေတဲ့ မိုးလေဝသပါရဂူတစ်ဦးက တော်နေဒိုးလေမုန်တိုင်းကြီးတစ်ခု လာနေပြီလို့ အတိအကျ ကြိုတင်ပြီးသတိပေးလိုက်ပါတယ်။ သူ သတိပေးပြီးလို့ လေးမိနစ်ပဲ ကြာလိုက်ပါတယ်။ ကောင်းကင်ထဲက တော်နေဒိုး လေဆင်နှာမောင်းကြီး ဆင်းလာပြီး လူလေးယောက်အသက်နဲ့ ဒေါ်လာ သန်းနှစ်ဆယ်ဖိုးလောက်ကို ဖျက်ဆီးပစ်လိုက်ပါတယ်။

ဆင်နှောတစ် ခန့်မှန်းချက်လို့ ခေါ်တဲ့ အကြီးစားခန့်မှန်းချက်ကတော့ မိုင်တစ်ရာ ပတ်ဝန်းကျင်လောက်မှာရှိတဲ့ ရာသီဥတုပုံစံများကို ဖမ်းလို့ရပါတယ်။

ကျယ်ပြန့်တဲ့ ဧရိယာကြီးအတွင်းမှာ ဖြစ်ပေါ်နေတဲ့ ရာသီဥတုပုံစံများကို ခန့်မှန်းဖို့အတွက် မိုးလေဝသပါရဂူများဟာ အက်တမိုးစဖီးယားလေထုမှာ ဖြစ်ပေါ်ပြောင်းလဲနေတဲ့ အခြေအနေကို အမြဲတမ်းတိုင်းထွာနေကြရပါတယ်။ ၁၉၂၀ ပြည့်နှစ် မတိုင်မီတုန်းကတော့ ဒီအဲလို တိုင်းထွာလေ့လာလို့ မရကြသေးဘူး။ အဲဒီတုန်းကတော့ ဟယ်လီယမ် သွင်းထားတဲ့လေဘောလုံးတွေကို ကောင်းကင်ထဲကိုလွှတ်ပြီး အဲဒီဘောလုံးအမြီးမှာ ထရိုပိုစဖီးယားထဲမှာရှိတဲ့ အပူရှိန်၊ စိုထိုင်းဆ၊ လေဖိအားတွေကို လွှင့်ပေးတဲ့ ရေဒီယိုအချက်ပြစက် တစ်ခုကို တပ်ပေးလိုက်ရပါတယ်။ အဲဒီက သတင်းပို့ချက်တွေကို မူတည်ပြီး ရာသီဥတုကို ခန့်မှန်းကြရပါတယ်။

၁၉၂၂ ခုနှစ်မှာ လူးဝစ်ရစ်ချတ်ဆန် ဆိုတဲ့ ဗြိတိသျှ မိုးလေဝသပါရဂူတစ်ဦးက လူပေါင်း ခြောက်သောင်းလေးထောင်က အသင့်စောင့်နေပြီးလေထုထဲမှာရှိနေတဲ့ အခြေအနေတွေကိုတွက်ချက်နိုင်ရမယ်။ ဒါမှ ကျွန်တော်တို့ဟာ လေထုထဲမှာရှိနေတဲ့ မိုးလေဝသအခြေအနေတွေကို ချက်ချင်းတွက်ယူနိုင်မယ်လို့ ပြောခဲ့ပါတယ်။ သဘောကတော့ ကွန်ပျူတာလို ချက်ချင်းတွက်ပေးနိုင်တဲ့ ယူနစ်တွေရှိမယ်။ အဲဒီ အစိတ်အပိုင်းတွေက တွက်ပေးနိုင်မှသာ မိုးလေဝသ အခြေအနေကို ချက်ချင်းတိကျစွာ ခန့်မှန်းနိုင်မယ်ဆိုတဲ့ သဘောပါ။

ခုခေတ်သစ် မိုးလေဝသခန့်မှန်းရေး ဌာနများဟာ ရစ်ချတ်ဆန် ပြောခဲ့တဲ့အတိုင်း ချက်ချင်းတွက်ပေးနိုင်တဲ့ ကွန်ပျူတာတွေ ရှိနေကြပါပြီ။ ခုဆိုရင် အမေရိကန်၊ ဂျပန်နဲ့ ကနေဒါတို့မှာ တစ်ကမ္ဘာလုံးရဲ့ မိုးလေဝသကို ခန့်မှန်းနိုင်တဲ့ စူပါကွန်ပျူတာကြီးတွေ ရှိနေပါပြီ။

သိပ္ပံပညာတွေ ဒီလောက်ထွန်းကားနေတဲ့ အချိန်မှာ မင်နီဆိုတာ တက္ကသိုလ်က လေထုရူပဗေဒပညာရှင် တစ်ဦးဖြစ်တဲ့ ဂျေ့ဖရိုင်ယာကတော့ ''ရာသီဥတုနဲ့ ပတ်သက်လို့ ရှေးဆိုရိုးစကားတွေဟာ မမှန်ဘူးလို့ လူတွေက ထင်နေကြတယ်၊ အမှန်ကတော့ ရှေးက ဆိုရိုးစကားတွေဟာ တော်တော်မှန်တယ်''လို့ ပြောပြီး ထိုစကားတွေမှန်ကြောင်းကို သက်သေထူပြပါတယ်။

သူ့အဆိုအရ အချို့သောတိရစ္ဆာန်များနဲ့ အချို့သောအပင်များဟာ သိပ်သည်းမှု၊ အပူချိန်၊ လေဖိနှိပ်အား၊ စိုထိုင်းဆ စသည်တို့နဲ့ပတ်သက်လို့

ကြိုတင်သိနိုင်တဲ့အာရုံ ထက်မြက်တယ်လို့ ပြောပါတယ်။ ဥပမာအားဖြင့် ငှန်းများဟာ မြင့်မြင့်ပျံရင် အဲဒီနေရာဟာ လေထုသိပ်သည်းတယ် ဆိုတာကို သိနိုင်ပါသတဲ့။ ဘာဖြစ်လို့လဲဆိုတော့ လေထုပါးရင် အတောင်ပံခတ်ရတာ ဟာ သိပ်လေးတဲ့အတွက်ကြောင့် လေထုသိပ်သည်းတဲ့ နေရာကိုတက်ပြီး ပျံသန်းကြရတယ်လို့ ပြောပါတယ်။ လေထုသိပ်သည်းမှု မြင့်တဲ့နေ့များမှာ ပေ ထောင်ပေါင်းများစွာထိအောင် အထက်ကို တက်ပျံတတ်ကြပြီး လေထု သိပ်သည်းမှု နိမ့်တဲ့နေ့များမှာ မြေကြီးကို ကပ်ပျံတတ်ကြတယ်လို့ ပြော ပါတယ်။ ဒါကိုကြည့်ရင် "ဥတုသာရင် ငှန်းမြင့်မြင့်ပျံတယ်၊ ဥတုဆိုးရင် ငှန်းနိမ့်နိမ့်ပျံတယ်"ဆိုတဲ့ စကားပုံဟာ ဒီသဘောကိုပြပါတယ်လို့ ဆိုပါ တယ်။ စင်ရော်ငှက်များ၊ ပျံလွှားများ၊ သပိတ်လွယ်ငှက်များနဲ့ အချို့သော ငှက်များဟာလည်း လေထုဖိအားကို သိပ်သိကြပါတယ်။ ရာသီဥတု ကောင်း ရင် မြင့်မြင့်ပျံကြပြီး ရာသီဥတုဆိုးတာနဲ့ ခပ်နိမ့်နိမ့်ပဲ ပျံကြပါတော့တယ်။

တချို့ငှက်များကျတော့လည်း အသံကို လူတွေထက် ပိုပြီးကြားလွယ် တယ်လို့ ဆိုပါတယ်။ ဥပမာ ငှက်များဟာ မိုးကြိုးသံကို တစ်စက္ကန့်လျှင် ဆိုင်ကယ် ဆယ်ပုံတစ်ပုံအထိ ကြားနိုင်တဲ့အတွက် မိုးကြိုးမုန်တိုင်းတို့ဘာတို့ ကျမှာကို လူတွေထက် ကြိုပြီး သိလွယ်တယ်လို့ ဆိုပါတယ်။ တချို့ တိရစ္ဆာန်များဟာ အသံလှိုင်းဖရီကွင်စီတွေကို လူတွေထက် ပိုကြားနိုင်၊ ခံစားနိုင်တဲ့အတွက် မိုးကြိုးမုန်တိုင်းကျမှာ၊ ရာသီဥတုဖောက်ပြန်မှာကို လူတွေ ထက် စောပြီး သိပါတယ်။ ဥပမာ- မုန်တိုင်းကျတော့မယ်ဆိုရင် လူတွေ မသိခင်ကတည်းက မြင်းဟာ လှုပ်လှုပ်ရွရွ ဖြစ်လာတယ်။ သိုးတွေက ဟိုတိုးသည်တိုး ဖြစ်လာတယ်။ ဆိတ်တွေက တောင်ကုန်းတွေပေါ်ကနေ အောက်ကို ဆင်းကြတယ်။ တောခွေးတွေက သူတို့တွင်းဝကို မြက်တွေနဲ့ ဖုံးကြတယ်။ ပျားတွေက အုံက မခွာတော့ဘဲ အုံမှာ ဝင်နားကြတယ်။ မြည်းတွေက ဟိုရုန်းသည်ရုန်း လုပ်ကြတယ်။

ဖရိုင်ယာဟာ ဒီအယူအဆကို လက်ခံထားသူဖြစ်ပါတယ်။ သို့သော် လည်း တချို့သော မိုးလေဝသပါရဂူများကတော့ ဖရိုင်ယာရဲ့အယူအဆကို လက်မခံကြသေးပါဘူး။ မြောက်ကာရိုလိုင်းနားပြည်နယ် ရာသီဥတု အချက် အလက် စုဆောင်းရေးဌာနက မာဂျရီစကွတ်ကတော့ "ရှေးတုန်းက စကား

တွေကို လက်ခံလို့ဘယ်ဖြစ်ပါ့မလဲ၊ ဒီလိုနဲ့ ကျွန်မတို့တစ်လျှောက်လုံး မှားခဲ့ကြပြီ၊ ဒါ့ကြောင့် အပင်နဲ့ တိရစ္ဆာန်ကိုကြည့်ပြီး ရာသီဥတုကို ခန့်မှန်းတာဟာ မမှန်တော့ဘူး''လို့ ငြင်းလိုက်ပါတယ်။

စန္ဒာရုပ်စုံ မဂ္ဂဇင်း
အောက်တိုဘာလ၊ ၁၉၈၅။